

# မြစ်ကြီးနား
# တိုက်ပွဲ

## တက္ကသိုလ်နန္ဒမိတ်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

အမြွာညီနောင်စာအုပ် ( ၁၁ )

## တက္ကသိုလ်နန္ဒမိတ်

# မြစ်ကြီးနားတိုက်ပွဲ

( ဒုတိယအကြိမ် )

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် – [၅၀၁၆၄၂၀၅၁၂]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၅၀၀၄၇၈၀၆၀၅]

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်၊ 'အမြွာညီနောင်စာပေ'၊ ၂၀၀၆–ခု၊ ဇွန်လ

*

**မျက်နှာဖုံးပန်းချီ** – ဇော်မောင်

**စီစဉ်သူ** – ကြည်နိုင်

**ကွန်ပျူတာစာစီ** – **wizard**

သိန်းသိန်းအေး၊ သီသီထွေး

*

**အတွင်းဖလင်**

အောင်ဇော် 'ပုံရိပ်ရှင်'

*

**ထုတ်ဝေသူ**

ဦးသန်းဆွေ 'စစ်သည်တော်စာပေ'

အမှတ်–၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

*

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဇော်မင်း၊ "**wizard** ပုံနှိပ်တိုက်"

၁၉၇၊ ၃၃–လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

*

**စာအုပ်ချုပ်** – ကိုမြင့်

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၂၀၀၀ ကျပ်

**ဖြန့်ချိရေး** – အမြွာညီနောင်စာပေ

# ( ၁ )

## တိုက်ပွဲ၏နောက်ခံကားချပ်

ရန်သူက ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်လိုက်ကာ စမ်းရေပေါက်ကိုလည်း 'စီး'၍ ထားလိုက်သောကြောင့် အမှတ်-၂ တပ်ရင်းမှ ရဲဘော်များမှာ အဆက်အသွယ်ပြတ်၊ ရေပြတ်သည့်ဒုက္ခနှင့် ရင်ဆိုင်တိုးလာကြရ၏။

ပြတ်သွားသော ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်ဆက်ရန် မကြိုးစားမီ ရေပြဿနာကို ပထမဆုံး ဖြေရှင်းရန် တပ်ရင်းမှူးက ဆုံးဖြတ်လိုက်၏။ (ထမင်းအသက် ၇-ရက်၊ ရေအသက် တစ်မနက်)ဟု ဆိုရိုးစကား ရှိသည် မဟုတ်လား။

စမ်းရေပေါက်မှာ တပ်ရင်းအတွက် အရေးကြီးသည်ကို စောစောကပင် နားလည်ထားပါ၏။ သို့သော် ယူထားသော နေရာနှင့် စမ်းရေပေါက်မှာ အတော်ပင် ကွာလှမ်းလျက်ရှိရာ စမ်းရေပေါက်သို့အရောက် လူအင်အား ဖြန့်မထားနိုင်သောကြောင့်သာ ဤကဲ့သို့ ဖြစ်လာနိုင်မည်ကို ခန့်မှန်းနိုင်လျက် လက်ပိုက်ကြည့်နေခဲ့ရ၏။

တပ်ရင်းမှူးသည် ရဲဘော်များအား စမ်းပေါက်မှ လျှံ၍ကျလာသော ရေများ၊ မိမိတို့စက်ဝိုင်းအတွင်းသို့ စီးဆင်းလာစေရန် မြောင်းရှည်ရှည်တစ်ခု တူးခိုင်းလိုက်၏။

ရန်သူက အဆက်မပြတ် ပစ်ခတ်နေသည့်အကြားမှပင် ရဲဘော်များသည် မိမိတို့အတွက် တာဝန်ကျသောမြောင်းကို လူလဲ၍ တူးကြရ၏။

သို့သော်...စမ်းရေပေါက်မှ လျှံ၍ကျသောရေက မြောင်းငယ်ထဲသို့ စီးမလား...။

ထို့ကြောင့် ရွှံ့ရေအိုင်ထဲတွင်ပင် လက်ယက်တွင်းကလေးများ တူး၍ ရေပြည့်လာသည့် အချိန်ကို စောင့်ကာ ခပ်ယူရသည်။ ပြီးနောက်...

ရွှံ့ရေနောက်နောက်...နံနံစော်စော်ကိုပင် ရဲဘော်တစ်ယောက်လျှင် တစ်နေ့ မတ်ခွက်ထက်ဝက်စီသာ သောက်ကြရ၏။

လက်ယက်တွင်းရှိရာ ရွှံ့အိုင်အထက်ဘက် ၂၅-ပေ အကွာတွင် ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော ကျည်ဆန်ထိပ်ဖူးများ ထိမှန်ကာ သေပွဲဝင်ကြရသည့် မြင်းများ၊ လားများ၏ အကောင်ပုပ်များ ရှိနေသလို အမှတ်(၂)တပ်ရင်းက တပ်စွဲထားသော စက်ဝိုင်းအတွင်းတွင်လည်း လားသေကောင် မြင်းသေကောင်များ၏ အရေအတွက်မှာ တစ်ရက်ထက်တစ်ရက် ပို၍သာများလာခဲ့လေသည်။

ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော စက်သေနတ်၊ မော်တာနှင့် အမြောက် လက်နက်များကြောင့် ရက်အနည်းငယ်အတွင်း လားနှင့်မြင်း ၇၅-ကောင် သေဆုံးခဲ့၏။

ဤလားသေ မြင်းသေကောင်များကို မမြှုပ်နိုင်မီ နောက်ထပ်လားနှင့် မြင်း ၃၅-ကောင် သေပြန်သည်။

လားနှင့် မြင်းသေကောင်များမှ တစ်နေ့ထက်တစ်နေ့ အနံ့ဆိုးများသာ ပို၍ထွက်လာသည်။ ဤအထဲတွင်... မိမိတို့ဘက်မှ ကျဆုံးသွားရရှာသော ရဲဘော်များ၏ အလောင်းများကိုလည်း တွင်းနက်နက်တူး၍ ကောင်းစွာ သင်္ဂြိုဟ်ခြင်း မပြုနိုင်သောကြောင့် ခံတပ်စက်ဝိုင်းအတွင်းသည် လတ်တလော တူးဖော်ထားသော သုသာန်တစပြင်နှင့် တူနေတော့၏။

မိမိတို့ခံတပ်ကို လာရောက်တိုက်စစ် ပြုနေကြသော ဂျပန်အလောင်းများကလည်း ခံတပ်စက်ဝိုင်းပတ်ပတ်လည်တွင် ပြန့်ကျဲလျက်ရှိနေပြန်သည်။

တိုက်ပွဲမပြီးဆုံးမီပင် ရန်သူ ဂျပန်အလောင်း ၂၀၀ ကို ရေတွက် တွေ့ရှိရ၏။

ရန်သူက သူတို့ဘက်မှ ကျဆုံးသွားသူများ၏ အလောင်းများကို လာ၍ မကောက်နိုင်သလို မိမိတို့ကလည်း လားများ၊ မြင်းများနှင့် ရဲဘော်များ၏

အလောင်းကို တွင်းနက်နက်တူး၍ ကောင်းစွာသင်္ဂြိုဟ်နိုင်ခြင်း မရှိ။

အဘယ်ကြောင့်ဆိုသော် မိမိတို့ဘက်မှ ရဲဘော်များတွင် တွင်းနက်နက်တူးနိုင်ရန် "အား" မရှိသောကြောင့်တည်း။

နေရာယူတပ်စွဲထားသော ခံတပ်စက်ဝိုင်းမှာ ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပြည့်နက်နေသည့် တောင်ကုန်းထိပ် ဖြစ်နေရုံမျှမက ကျောက်ထူသော မြေကြီးကို ရဲဘော်တစ်ယောက်ယောက်က ပေါက်ပြားနှင့် တူးလိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူ့ လက်ဖြောင့်တပ်သား၏ လက်ချက်ဖြင့် ထိုရဲဘော်သည် အသက်ထွက်သွားရသောကြောင့်ပါတည်း။

ဤကား မြစ်ကြီးနားတိုက်ပွဲ၏ ပဏာမ ပွဲဦးထွက်မျှသာ ဖြစ်လေသေးသည်။

မြစ်ကြီးနားတိုက်ပွဲနှင့် ပတ်သက်၍ အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်ကို ဦးစီးကွပ်ကဲရသော လော့ဒ်လူဝီမောင့်ဘက်တန်က သူ၏အစီရင်ခံစာတွင် ရေးသားထားချက်များကို အနည်းငယ် ထုတ်နုတ်ဖော်ပြလိုပါသည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးစတီးဝဲ တိုက်ခိုက်သော စစ်မျက်နှာသို့ မတ်လ ၆–ရက်နေ့တွင် ဆိုက်ရောက်သွား၏။ ထိုစဉ်က သူ၏တပ်ဖွဲ့များသည် အမှတ်(၁၈) ဂျပန်တပ်မ၏အပေါ်တွင် အရေးသာစ ပြုလျက်ရှိကြ၏။ သို့ဖြင့် ကျွန်ုပ်သည် သူ၏တိုက်ခိုက်ပုံကို လေးစားခဲ့ပါသည်။ ထိုလ အစောပိုင်းတွင် ဂါလာဟက် (Galahad)တပ်ဖွဲ့သည် ကြီးမားသော ဂျပန်တပ်ဖွဲ့တစ်ခုကို ဝလောဘွန်–မိုင်ကွမ်းဒေသတွင် ခြုံတိုက်ပြီး တောင်ပံမှ ပန်း၍ ချီတက်ခြင်းဖြင့် ဝလောဘွန်ကို သိမ်းပိုက်ခဲ့၏။

x x x ဗိုလ်ချုပ်ကြီးစတီးဝဲသည် ယခုအခါ၌ မြစ်ကြီးနားမြို့သို့ တိုက်ခိုက်သိမ်းပိုက်ရန် လုပ်ငန်းစဉ် ချလျက်ရှိလေသည်။ သူသည် အမှတ်(၁၈) ဂျပန်တပ်မအား ဆက်လက်ချေမှုန်းပေးရန်နှင့် တပ်ရင်းသုံးရင်းစာမျှ အင်အားရှိသော စစ်ကြောင်းသုံးကြောင်း ပါဝင်သည့် တပ်ဖွဲ့တစ်ခုအား မြစ်ကြီးနား လေယာဉ်ကွင်းကို သိမ်းပိုက်စေရန်အတွက် နော်ရိုတောင်ကြားနှင့် ကုမုံတောင်တန်းကို တောင်ပံမှ ပန်းဝိုက်ပြီး ချီတက်ရန် စိုင်းပြင်းလျက်ရှိသည်။ ဤသို့ ချီတက်ပြီးနောက် မြစ်ကြီးနားမြို့ကို သိမ်းပိုက်ရန်အတွက် တရုတ်စစ်ကူတပ်များကို လေကြောင်းမှ ပို့ပေးရန် ဖြစ်လေသည်။

x x x ကျွန်ုပ်၏ အယူအဆအရ မြန်မာပြည် မြောက်ပိုင်းကို သိမ်းပိုက်

တိုက်ခြင်းဖြင့် တရုတ်ပြည်သွား လေယာဉ်လမ်းကို ပိုမိုလုံခြုံသောအဖြစ်သို့ ဆိုက်ရောက်အောင် ဖြစ်စေနိုင်ပေလိမ့်မည်။ သို့သော်လည်း အမေရိကန်များ အထူးသဖြင့် စိတ်ဝင်စားနေသည့် လီဒိုလမ်းမကြီး၏ အမြဲတမ်းလုံခြုံရေးကို ဆောင်ရွက်ရန်အတွက်မှာကား မြန်မာပြည် တစ်ဝှမ်းလုံးရှိ ရန်သူများအား ရှင်းလင်းတိုက်ခိုက်ပေးရေးကို ဦးစားပေး ဆောင်ရွက်နိုင်ပါမှ ဖြစ်မြောက်နိုင်ပေလိမ့်မည်။ အမေရိကန် တွဲဘက်ဦးစီးချုပ်များသည် ဗိုလ်ချုပ်ကြီးစတီးဝဲ၏ အားမြစ်ချက်များကိုလည်း လက်ခံရရှိထားပြီး ဖြစ်ပေသည်။

အမေရိကန် တွဲဘက်ဦးစီးချုပ်များသည် တရုတ်ပြည်ရှိ မိမိတို့၏ လေတပ်များကို အကောင်းဆုံး ထောက်ပံ့ရန်အတွက် မြစ်ကြီးနားတွင် လေကြောင်းအခြေခံ စခန်းများနှင့် စခန်းထောက်ဒေသ (Staging Area)ဖွင့်ကာ တရုတ်ပြည်သွား ကုန်းကြောင်းလမ်းကိုလည်း အမြန်ဆုံး ဖွင့်ပေးခြင်းဖြင့်သာ ဆောင်ရွက်နိုင်ပေလိမ့်မည်ဟု ကောက်ချက်ချကြ၏။

x x x မေလ ၁၇-ရက်နေ့တွင် ကုမ္မံတောင်တန်းကို ပင်ပန်းကြီးစွာ ဖြတ်ကျော်လာခဲ့သည့် တရုတ်ခြေလျင်တပ်နှင့် ဂါလဟက် အမှတ်(၅၃၀၇) တပ်ဖွဲ့များမှ စစ်ကြောင်းများသည် မြစ်ကြီးနားမြို့ကို တိုက်ခိုက်လုပ်ကြံလျက်ရှိကြ၏။ မိုးမစမီအချိန်ကလေးတွင်ပင် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်ခဲ့သည်။ ဤတွင် ရန်သူများအား ကချင်အပျော်တမ်းတပ်များကလည်း ကူညီတိုက်ခိုက်ခဲ့ကြ၏။

လေယာဉ်ပျံကွင်းကို မတိုက်ခိုက်မီ တစ်ရက်စနေ့ကပင် ကချင်များသည် အရှေ့ဘက် မိုင် ၃၀ အကွာရှိ ဝါရှောင်ဒေသကို သိမ်းပိုက်ကြ၏။ သို့ဖြင့် ဂျပန်များမှာ ပိုမိုအရေးကြီးသော လေယာဉ်ကွင်းဒေသကို တိုက်ခိုက်ရင်းမှ နောက်ပိုင်း ကချင်များဘက်သို့လည်း အာရုံစူးစိုက်ပေးနေကြရပေ၏။

အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်ကို ဦးစီးကွပ်ကဲရသော ဗိုလ်ချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်၏ အစီရင်ခံစာ ဖော်ပြပါရှိသော ဂါလာဟက်တပ်ဖွဲ့မှာ အမှတ် ၅၃၀၇-တပ်ဖွဲ့ပင် ဖြစ်၏။

ဤတပ်ဖွဲ့ကို ဦးစီးသူမှာ ဗိုလ်ချုပ်ကြီးမာရီး ဖြစ်၏။ မာရီးသည် အမေရိကန်နှင့် တရုတ်တပ်များကို ဦးစီးအုပ်ချုပ်ရန် ကွဲဘက်ကွန်မရှင်က တာဝန်ပေးခြင်း ခံရသော ဗိုလ်ချုပ်ကြီးစတီးဝဲ၏ အမိန့်ကို နာခံရသူဖြစ်၏။

• အမှတ် ၅၃၀၇ တပ်ဖွဲ့ကို ရုံးထုံးစံအတိုင်း ခေါ်သောအမည်။

အမှတ် ၅၃၀၇-တပ်ဖွဲ့သည် ကုမုံတောင်တန်းများကို ပင်ပန်းကြီးစွာ ဖြတ်ကျော်ကာ အိန္ဒိယပြည် အာသံနယ်မှနေ၍ မြစ်ကြီးနားသို့ အရောက်ချီတက်ခဲ့သည့် တပ်ဖွဲ့ဖြစ်၏။

ဤတပ်ဖွဲ့သည် လူအင်အား သုံးထောင်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၁-ခု၊ ဖေဖော်ဝါရီလတွင် လူအင်အား သုံးထောင်၊ ဝန်တင်တိရစ္ဆာန်တစ်ထောင်ဖြင့် မြန်မာပြည်ထဲသို့ ဝင်ရောက်ပြီးနောက် ရန်သူ့စစ်ကြောင်းနောက်ဘက်သို့ မိုင်၂၀၀ အထိ ထိုးဖောက် စစ်ဆင်ခဲ့သော ဗိုလ်ချုပ်ဝင်းဂိတ်၏ (ခရီးဝေး ဖောက်ထွင်းချီတက်ရေး)ကို အတုယူကာ ၁၉၄၄-ခုတွင် အမှတ် ၅၃၀၇ တပ်ဖွဲ့က ခရီးဝေး ဖောက်ထွင်းချီတက်ရေး စစ်ဆင်ခဲ့ခြင်းပင်တည်း။

မူလအစက အမှတ် ၅၃၀၇ တပ်ဖွဲ့ကို ဗိုလ်ချုပ်ဝင်းဂိတ်ကိုပင် ဦးစီးစေမည်ဟု သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဗိုလ်ချုပ် မာရီးလက်သို့ လွှဲခဲ့လေသည်။

ခရီးဝေးဖောက်ထွင်း ချီတက်တိုက်ခိုက်ရေး စတင်ဆင်နွှဲရန် လူအင်အား စုဆောင်းသည့်အချိန်၌ မာရီးမှာ အသက် ၃၉-နှစ် ရှိနေပေပြီ။

ဝက်စ်ပွိုင့် စစ်တက္ကသိုလ် ကျောင်းထွက်ဖြစ်ပြီး ဗိုလ်ချုပ်ဝင်းဂိတ်၏ စွန့်စားဆောင်ရွက်မှုကို အထူးစိတ်ဝင်စားသူ ဖြစ်သည်။

အသက် ၁၈-နှစ်ကပင် စစ်တပ်တွင် ရိုးရိုးစစ်သားကလေးအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ဝက်စ်ပွိုင့် စစ်တက္ကသိုလ်သို့ ဝင်ရောက်ခွင့်ရအောင် ဖြ-ကြိမ်တိုင်တိုင် စာမေးပွဲ ဖြေခဲ့သူဖြစ်၏။

စက်မှုလက်မှု သိပ္ပံကျောင်းသို့လည်း တက်ရောက်သင်ကြား၍ စက်မှုလက်မှုသိပ္ပံဘွဲ့ကို ဆွတ်ခူးရယူခဲ့သည်။

၁၉၃၈-ခုနှစ်တွင် မာရီးသည် ဂျပန်ပြည်ရှိ အမေရိကန်သံရုံး၌ စစ်သံမှူးအဖြစ် ခန့်ထားခြင်းခံရပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးသည့်အထိ ဂျပန်ပြည်တွင် အမှုထမ်းဆောင်နေခဲ့လေသည်။

ဂျပန်တွင် စစ်သံမှူးအဖြစ် အမှုထမ်းနေစဉ်အတွင်း ဂျပန်စကားကို သင်ယူတတ်မြောက်ခဲ့သောကြောင့်လည်းကောင်း၊ ဂျပန်စစ်တပ်များနှင့် နီးနီးကပ်ကပ်နေပြီး စစ်လေ့ကျင့်မှုများကို လေ့လာခဲ့သောကြောင့်လည်းကောင်း ဗိုလ်ချုပ်မာရီးသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသောအချိန်၌ ဂျပန်တို့၏ထိုးစစ်ကို ကောင်းစွာ ခုခံနိုင်ခဲ့သည်သာမက ဂျပန်တို့အပေါ်တွင် ပြန်လှန်ထိုးစစ်ကိုလည်း ဆင်နွှဲနိုင်ခဲ့

လေသည်။

ဝင်ရိုးတန်း နိုင်ငံတစ်ခုဖြစ်သော ဂျပန်က ပုလဲဆိပ်ကမ်းကို စစ်မကြေညာဘဲ ဗုံးကြဲတိုက်ခိုက်နေချိန်တွင် ထိုစဉ်အခါက ဗိုလ်မှူးအဆင့်ရှိနေသော မာရီးသည် ဂျပန်မှ ရန်ကုန်သို့ ရောက်နေချိန်နှင့် ကြုံကြိုက်နေလေသည်။

ဗိုလ်မှူးမာရီးသည် မြန်မာပြည်တွင်ပင် သောင်တင်၍နေစဉ် စစ်ဆင်ရေးတာဝန်အရ မြန်မာပြည်သို့ ရောက်ရှိလာသော ဗိုလ်ချုပ်ကြီး စတီးဝဲနှင့် ဆုံမိကြပြီး စတီးဝဲ၏တပ်တွင် ဝင်ရောက် အမှုထမ်းခဲ့၏။

၂-လမျှကြာသောအချိန်၌ကား ဗိုလ်မှူးမာရီးသည် ချင်းတွင်းမြစ်ကို ဖြတ်ကာ မဏိပူရတောင်တန်းကို ကျော်လျှက် စတီးဝဲနှင့်အတူ အိန္ဒိယသို့ ဆုတ်ခွာရာတွင် လိုက်ပါလာခဲ့ရလေသည်။

၂-နှစ်မျှကြာသောအခါ မာရီးသည် ဗိုလ်မှူးအဆင့်မှ ဗိုလ်ချုပ်ကလေး ရာထူးသို့ တိုးမြှင့်ခံရကာ မြန်မာပြည် စစ်မြေပြင်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ စီစဉ်ရေးနှင့် စစ်ဆင်ရေးဌာနဆိုင်ရာ အမှုဆောင်အရာရှိတစ်ဦး ဖြစ်လာခဲ့၏။

မာရီးသည် ပေါင်းသင်းဆက်ဆံရေး ကောင်းသလောက် နိုင်ငံတကာရေးရာတွင် လိမ္မာသူဖြစ်၏။ တပ်တွင်းရှိ ရဲဘော်အားလုံးကို တစ်ဦးချင်း တစ်ယောက်ချင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်သလို အထက်မှ ပုဂ္ဂိုလ်ကြီးများအား လေးလေးစားစား ရှိသူဖြစ်သည်။

သို့ရာတွင် လက်အောက်ရဲဘော်ကလေးများ၏ အရေးကိစ္စနှင့် ပတ်သက်လာလျှင် သူသာရှေ့ဆုံးမှ အနာခံတတ်သူ ဖြစ်လေသည်။

ထို့ကြောင့်လည်း ရဲဘော်တိုင်းက သူ့အား ချစ်ခင်သလို အထက်လူကြီးတိုင်းကလည်း သူ့အား လေးစားကြသည်။

တိုက်ပွဲများတွင် စွန့်စားရန် ဝန်မလေးသလို ရဲဘော်များအတွက် ရသင့်ရထိုက်သော အခွင့်အရေးကို အတင်းတိုက်၍ ယူလေ့ရှိသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲက အမှတ် ၅၃၀၇ တပ်ခွဲအား ဖောက်လုပ်ဆဲ လီဒိုလမ်းအတိုင်း တောများ တောင်များကို ဖြတ်ကျော်ချီတက်လာပြီးနောက် မြန်မာပြည်မြောက်ပိုင်း စစ်မျက်နှာတွင် ပါဝင်ဆင်နွှဲရန် အမိန့်ပေးလိုက်သည့် အချိန်မှာ ၁၉၄၄-ခု၊ ဖေဖော်ဝါရီလ ၇-ရက်နေ့ ဖြစ်၏။

ထိုအချိန်က ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသော တပ်ခွဲဝင်များမှာ ဝန်တင်တိရစ္ဆာန်ဟူ၍ မယ်မယ်ရရ မရှိသေး။ မိမိတို့ ကျောပြင်နှင့် ခါးကို

ဝေါ အသွင် အသုံးပြုနေရသောအချိန် ဖြစ်၏။

ထိုစဉ်အခါက ရှေ့တန်းစစ်မျက်နှာ ဆိုသည်မှာ တောကြီးမျက်မည်း ဖြစ်နေသော လီဒိုလမ်းပင်တည်း။

တပ်ဖွဲ့ဝင် ရဲဘော်များထံသို့ ဝန်တင်လားနှင့် မြင်းများ ရောက်စပြုသည့် အချိန်တွင် ဗိုလ်ချုပ်ကလေး မာရီးက လီဒိုရှေ့တန်းစစ်မျက်နှာသို့ ရောက်လာခဲ့ လေသည်။

ဝန်တင်တိရစ္ဆာန်များကို မည်ကဲ့သို့ ထိန်းသိမ်း ကြီးကိုင်ရမှန်းမသိသော ရဲဘော်များကို ကြည့်ကာ ဗိုလ်ချုပ်မာရီးက သက်ဆိုင်ရာ လေ့ကျင့်ရေးမှူးများကို မကျေမနပ် ဖြစ်နေလေသည်။

သို့သော် ဗိုလ်ချုပ်ကြီးစတီးဝဲက 'ချီတက်ခဲ့ကြတော့'ဟု အမိန့်ပေးထားပြီ ဖြစ်၍ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် လေ့ကျင့်သင်ယူမှု မပြည့်ဝသေးဘဲ တောကြီး မျက်မည်း တောင်ကမ်းပါးစောက်အဖြစ်နှင့်သာ ရှိနေသော လီဒိုလမ်းမှ တရွေ့ရွေ့ ချီတက်ခဲ့ကြရတော့၏။

လားများ၊ မြင်းများပေါ်တွင် တင်ထားသော ဝန်ထုပ်ဝန်ပိုးများက တစ် တောင်ကျော်တိုင်း တစ်တောင်ဆင်းတိုင်း တဖြုတ်ဖြုတ် ပြုတ်ကျနေ၏။

ပြုတ်ကျသော ဝန်ထုပ်ဝန်ပိုးများကို ဝန်တင်တိရစ္ဆာန်များပေါ်တွင် အစီ အစဉ်ကျအောင် ပြန်၍တင်နေရသည်နှင့်ပင် ခရီးမတွင်။

ထွက်လာစဉ်က နှစ်စခန်းကို တစ်စခန်းနှင့်အရောက် ချီမည်ဟု အားခဲထား ကြသော်လည်း လက်တွေ့တွင်မူ ခရီးက ကြာညောင်းဖင့်နှေးလှချေသည်။

တပ်သားအားလုံးမှာ မော်တော်ယာဉ်တပ်များဖြင့်သာ ချီတက်သည့်ထုံးစံ ရှိနေကြရာ ယခုကဲ့သို့ လားများ၊ မြင်းများပေါ်တွင် ဝန်ထုပ်ဝန်ပိုးတင်၍ ခြေကျင် ချီတက်ရပုံကို အထူးပင် စိတ်ပျက်လာကြ၏။

သို့သော် တပ်မှူး၊ ဗိုလ်မှူးနှင့် တပ်မှူးငယ်များမှာ ဗိုလ်ချုပ်ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းချီတက်ရေးကို အရှုံးမပေးဟု ဓွဲခတ်ထားရကား တပ်ဖွဲ့သည် သွားလိုက် နားလိုက်ဖြင့် ချီတက်လာခဲ့လေသည်။

ဝန်ထုပ်ဝန်ပိုးများကို သယ်ဆောင်လေ့မရှိသော လားများ, မြင်းများမှာ ကျောပေါ်တွင် အနာများ, အဖုများ, အပေါက်များ ပေါက်လာကြ၏။ ဤကဲ့သို့ သော အဖု–အနာ–အဆာများကို မည်ကဲ့သို့ ကုသရမည်ဟု သင်ကြားလေ့ကျင့် ထားခြင်း မရှိပြန်သောကြောင့် မြေပုံရာတွင် ကင်းမှောင့်သလို ဖြစ်လာပြန်သည်။

နောက်ဆုံးအသုတ် ရောက်လာသော ဝန်တင်တိရစ္ဆာန်များနှင့်ဆိုလျှင် တပ်ဖွဲ့တွင် လားနှင့်မြင်း အကောင် ၇၀၀ ခန့် ရှိနေ၏။ သို့ရာတွင် ၆-လ ခန့်ကြာအောင် လေ့ကျင့်ခြင်းမရှိဘဲ သည်အတိုင်း လွှတ်ထားခဲ့ကြသဖြင့် စစ်မြေရာတွင် ဝန်တင်တိရစ္ဆာန် အများအပြား သေဆုံးခဲ့ကြရလေသည်။

ဇန်နဝါရီလ စောစောပိုင်းတွင် စခန်းချလေ့ကျင့်နေသော ဒိုဂရာမြို့သို့ အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်မှ စစ်သေနာပတိကြီး လော့ဒ်လူဝီ မောင့်ဘက်တန်ကိုယ်တိုင် တပ်များကို လာရောက်စစ်ဆေးကာ အကြံဉာဏ်များ ပေးဖော်ရသဖြင့် တပ်ဖွဲ့ဝင်များမှာ စိတ်ဓာတ်တက်ကြွလာခဲ့၏။

သို့သော် တပ်ဖွဲ့ တပ်ရင်း(၁)သည် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်မှ လီဒိုသို့ ပထမဆုံး ချီတက်နိုင်ခဲ့ပြီး ဇန်နဝါရီလကုန်သည့်အချိန်ကျမှ တပ်ဖွဲ့ အားလုံး ဒိုဂရာမြို့မှ ထွက်ခွာဖြစ်တော့သည်။

သို့ဖြစ်၍လည်း တပ်ဖွဲ့ကို တရုတ်-အမေရိကန် တပ်ပေါင်းစု ဗိုလ်ချုပ်ကြီး အဖြစ် ကြီးကိုင် ညွှန်ကြားရမည့်တာဝန်ကို ယူထားရသော စတီးဝဲက သူ၏ နေ့စဉ်မှတ်တမ်းတွင်

"ခရီးဝေးဖောက်ထွင်းတိုက်ခိုက်ရေးတပ် ဇန်နဝါရီလ ၂၀-ရက်နေ့ လီဒိုသို့ ရောက်လာရန်ရှိသည်။ သို့သော် ဖေဖော်ဝါရီလ ၁၅-ရက်နေ့လောက်တွင် ရောက်လာလျှင်ပင် ကျေးဇူးတင်ရပေတော့မည်"ဟု အမှတ် ၅၃၀၇ တပ်ဖွဲ့၏ စစ်ထွက်နှေးကွေးပုံကို သရော်ပြောင်လှောင်၍ ရေးသားခဲ့လေသည်။

စစ်ထွက်နှေးကွေးရသည်မှာလည်း မမျှော်လင့်သော အရေးအခင်းများ ရုတ်တရက် ပေါ်ပေါက်လာသောကြောင့် ဖြစ်၏။

အရေးအခင်းဆို၍ ရောမ ကြီးကြီးကျယ်ကျယ် ကိစ္စဝိစ္စများ ဖြစ်လေရော့ သလားဟု ထင်ကြပေမည်။ ကြီးကျယ်သောကိစ္စဟု ဆိုလျှင်လည်း ဖြစ်၏။ သေးငယ်သောကိစ္စဟု ဆိုလျှင်လည်း ဆိုနိုင်သည်။

စစ်ထွက်တော့မည့်ည ၁၁-နာရီခွဲတွင် အင်္ဂလိပ်စစ်ထောက်လှမ်းရေးမှ အရာရှိအချို့ တပ်ဖွဲ့ဌာနချုပ်သို့ ရောက်ရှိလာ၏။ သူတို့က တပ်ဖွဲ့စခန်းနှင့် မလှမ်းမကမ်းတွင် နေထိုင်လျက်ရှိသော အိန္ဒိယအမျိုးသား ဒိုဘီကုလားသုံး ယောက်မှာ တပ်ဖွဲ့မှ တပ်သားအချို့၏ လက်ချက်ကြောင့် သေနတ်ဒဏ်ရာများ ရရှိသွားခဲ့ကြသည်။ မျက်မြင်သက်သေဖြစ်သော အိန္ဒိယအမျိုးသား စစ်သားများ မှာလည်း ရှိနေသည်ဟု အရေးဆိုလာသည်။

ထို့ကြောင့် နက်ဖြန် တပ်ထွက်ရန် အစီအစဉ်ကို ရွှေ့ဆိုင်းထားလိုက်ရလေ သည်။

နောက်တစ်နေ့နံနက် တပ်ဖွဲ့တွင်ရှိသမျှ တပ်သားအားလုံး တန်းစီ၍ ပြသောအခါ မျက်မြင်သက်သေ အိန္ဒိယအမျိုးသား စစ်သားများက အမှတ်(၃) တပ်ရင်းမှ ရိုးရိုးတပ်သားနှစ်ယောက်ကို လွှန်ခဲ့သည့်ညက ဒိုဘီကုလားသုံး ယောက်အား သေနတ်ဖြင့် ပစ်ခဲ့သူများဟု ခွဲ၍ပြလေသည်။

ဒိုဘီကုလားသုံးယောက် သေနတ်ပစ်ခံရသော အရေးကိစ္စမှာ လူမျိုးရေး အနေနှင့်ကြည့်လျှင် များစွာကြီးကျယ်သော ပြဿနာ ဖြစ်နေသလောက် စစ်ရေး အရကြည့်လျှင် အရေးမမှု ဂရုမပြုလောက်သောကိစ္စ ဖြစ်နေ၏။

အိန္ဒိယအမျိုးသားများနှင့် သွေးစည်းညီညွတ်ရမည့်အချိန်တွင် မျက်မြင် သက်သေဖြစ်သော အိန္ဒိယအမျိုးသား စစ်သားများလည်း ရှိနေပါလျက် ဒိုဘီ ကုလားသုံးယောက် သေနတ်ပစ်ခံရသည့်အမှုကို လျစ်လျူရှု၍ထားလိုက်ပါလျှင် လူမျိုးရေး ခွဲခြားမှု ဖြစ်ပေါ်လာအောင် တပ်ဖွဲ့က ဖန်တီးပေးလိုက်သကဲ့သို့ ရှိနေပေတော့မည်။

ထို့ကြောင့်လည်း စစ်ထွက်တော့မည့်ဆဲဆဲ တပ်ဖွဲ့ကို ရပ်၍ထားလိုက်ပြီး လက်သည်တရားခံများကို ဖော်ထုတ်ကာ ထုံးစံအတိုင်း စစ်ဆေးနေရပြန်သည်။

လက်သည်တရားခံ ရဲဘော်နှစ်ယောက်က မိမိတို့အား ဒိုဘီတဲအတွင်းရှိ ကုလားများက အရက်မရောင်းဟု ဆိုသည့်အတွက် ဒေါသအလျောက် မူးမူးနှင့် ပစ်မိပါသည်ဟု ထွက်ဆို ဝန်ခံသောအခါမှ တရားခံနှစ်ဦးအား အာဂရမြို့ရှိ စစ်ခုံရုံးသို့ ဆက်လက်စစ်ဆေးရန် လွှဲပြောင်းပေးလိုက်ပြီး စစ်ထွက်ရန် အစီ အစဉ်ကို ပြန်၍ စရတော့သည်။

သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီး စတီးဝဲက သူ၏ နေ့စဉ်မှတ်တမ်းတွင် ရေးခဲ့သလို အမှတ် ၅၃၀၇ တပ်ဖွဲ့သည် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်မှ အမှတ်(၁) တပ်ရင်းကို ဒိုဂရာမှ လီဒိုသို့ စတင်ချီတက်ရန် အမိန့်ပေးခဲ့ရလေ သည်။

ဒိုဂရာမှ ရှေ့တန်းစစ်မျက်နှာသို့ စစ်ထွက်တော့မည့် သတင်းကို အနံ့ခံမိ သော နိုင်ငံရပ်ခြား သတင်းထောက်အများအပြားပင် ဒိုဂရာသို့ ရောက်ရှိလာ ကြ၏။

'တိုင်း'နှင့် 'လိုက်ဖ်' မဂ္ဂဇင်းမှ သတင်းထောက် 'ရှပ်ပလေ'က မြစ်ကူး

လှေကျင့်ခန်းတစ်ခုကို လှေကျင့်နေသော တပ်ဖွဲ့ဝင်အချို့ကို ဗိုလ်ချုပ်မာရီး နှင့်အတူ ဂျစ်ကားတစ်စီးဖြင့် လိုက်လံကြည့်ရှုရင်း...

အမှတ် ၅၃၀၇ တပ်ဖွဲ့ ဆိုတဲ့ အသုံးအနှုန်းက သတင်းစာတွေ၊ မဂ္ဂဇင်း တွေအတွက် သိပ်ပြီး အံမဝင် ခွင်မကျလှဘူး။ ကျွန်တော်တော့ 'မာရီးရဲ့ လူကြမ်းတပ်ဖွဲ့'လို့ နာမည်ပေးလိုက်ချင်တယ်"ဟု ပြောခဲ့လေသည်။

ဤအချိန်မှစ၍ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် 'လူကြမ်းတပ်ဖွဲ့'ဟု အမည် တွင်ခဲ့ရတော့သည်။

◆

# ( ၂ )

## ထီဒိုလာင်းဝေါ်သို့

စခန်းချ လေ့ကျင့်ရာ ဒိုဂရာမှ မီးရထားဖြင့် ချီတက်လာခဲ့သော တပ်ဖွဲ့သည် ၁၀-ရက်ကြာသောအခါ 'မာဂရိုစီးတား'မြို့ငယ်ကလေးသို့ ဆိုက်ရောက်လာခဲ့လေသည်။

ဤမြို့မှတစ်ဆင့် ရထားကိုပင်စီးကာ ဆက်လက်ချီတက်လာခဲ့သောအခါ အိန္ဒိယပြည်တွင် အမြင့်ဆုံးသော ဂင်္ဂါမြစ်ကြီးကို တွေ့ရ၏။

ဂင်္ဂါမြစ်ကြီးပေါ်တွင် ဟိန်းနေအောင် တည်ဆောက်ထားသော တံတားကြီးတစ်ခု ရှိနေလေသည်။

ရထားသည် တံတားပေါ်မှ ဂင်္ဂါမြစ်ကြီးကို ဖြတ်၍လာခဲ့၏။ ဂင်္ဂါမြစ်ကြီးမှ လွန်သော် အိန္ဒိယပြည်တွင် ဒုတိယအမြင့်ဆုံးဟုထားသော ဗြဟ္မပုတ္တရမြစ်ဆီသို့ တပ်ဖွဲ့သည် ရထားဖြင့်ပင် ရှေ့ရှုချီတက်ခဲ့ရပြန်သည်။

ဂင်္ဂါနှင့် ဗြဟ္မပုတ္တရမြစ်ကြီးနှစ်သွယ်မှာ အိန္ဒိယပြည်သူပြည်သားများက အမြင့်မြတ်ဆုံး မြစ်ကြီးနှစ်သွယ်ဟု သတ်မှတ်ထားကြောင်း ရဲဘော်အသီးသီးသို့ ဖြန့်ဝေထားသော 'အိန္ဒိယလမ်းညွှန်'အရ သိရှိရသော်လည်း ရဲဘော်များကိုယ်တွေ့တွင်မူ အညစ်ပတ်ဆုံး သန့်ရှင်းမှုအကင်းမဲ့ဆုံး မြစ်နှစ်သွယ် ဖြစ်နေလေသည်။

ဗြဟ္မပုတ္တရမြစ်အနီးသို့ ရောက်သောအခါ တစ်ဖက်ကမ်းသို့ ကူးရန် တံတားမရှိတော့သဖြင့် တပ်ဖွဲ့ဝင်များသည် ရထားမှနေ၍ မြစ်ကူးသင်္ဘောများ ပေါ်သို့ ပြောင်းရွှေ့ကြရ၏။

သင်္ဘောများမှာ နောက်ဘက်တွင် ရဟတ်ဘီးကြီးများ တပ်ဆင်ထားသည့် ရေတိမ်သွားအမျိုးအစား ဖြစ်လေသည်။

သင်္ဘောများပေါ်တွင် ရေးထိုးထားသော ထုတ်လုပ်သည့် နေ့စွဲများကို ကြည့်ရခြင်းအားဖြင့် သက်တမ်း ၈၀-ခန့် ရှိပြီကို တွေ့ရ၏။

နှစ်ပေါင်း ၈၀ ကြာအောင် အသုံးတော်ခံခဲ့သော ရဟတ်ဘီးတပ် သင်္ဘောများကို ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသည့်အချိန်၌ စီးရခြင်းမှာ ရှေးဟောင်း အိပ်မက်နိုင်ငံတစ်ခုသို့ ခရီးနှင်နေရသည်နှင့် တူတော့၏။

ဗြဟ္မပုတ္တရသည် ဂင်္ဂါထက် အပြောကျယ်သော်လည်း ရေနည်းချိန် ဖြစ်သည့်အလျောက် သဲသောင်များ ပေါ်ထွန်းနေသောကြောင့် တပ်ဖွဲ့သားများသည် နှစ်နေ့နှင့် နှစ်ညတိုင်တိုင် မြစ်အတိုင်းဆန်၍ တက်လာခဲ့ကြရပြီးနောက် 'ပန်ဒူ' မြို့သို့ ဆိုက်ရောက်လာခဲ့ကြရလေသည်။

ပန်ဒူမြို့ကလေးမှာ အင်္ဂလိပ်စစ်သား၊ တရုတ်စစ်သား၊ အမေရိကန်စစ်သား များဖြင့် ကျိတ်ကျိတ်တိုးလျက် ရှိနေလေသည်။

ပန်ဒူမြို့ကလေးကား ရှေ့တန်းစစ်မျက်နှာသို့ ချီတက်မည့် တပ်များအတွက် အခြေစိုက်စခန်းကလေးတစ်ခု ဖြစ်လေသည်။

မီးရထားလမ်း ဆောက်လုပ်ရေးတပ်မှ အမေရိကန် တပ်သား အများ အပြားကို ပန်ဒူမြို့အစွန် တစ်နေရာတွင် တွေ့ရ၏။ တပ်ရင်းတစ်ရင်းစာအထိ လူအင်အားပါရှိသော တပ်ပင်တည်း။

ဤတပ်ရင်းသည် ဘင်္ဂလားနှင့် အာသံ ရထားလမ်းများတွင် လက်နက်နှင့် ရိက္ခာများ ပိုမိုသယ်ယူနိုင်ရန်အတွက် ရထားလမ်းကို အသွားတစ်လမ်း အပြန် တစ်လမ်း တိုးချဲ့ဆောက်လုပ်နေခြင်း ဖြစ်၏။ ဘင်္ဂလားနှင့် အာသံ အသွားအလာ မြန်မှ လီဒိုသို့ စစ်ရိက္ခာနှင့် စစ်လက်နက်များ မြန်မြန်ပို့နိုင်မည် မဟုတ်ပါလား။

ပန်ဒူနှင့် 'ဂေါဟတ္တီ'မှာ များစွာကွာလှမ်းခြင်း မရှိတော့။ ဂေါဟတ္တီသည် အာသံပြည်နယ်အတွင်း တည်ရှိနေလျက် အနောက်ဘက်သို့သွားသော မီးရထား လမ်းဆုံးရာဒေသ ဖြစ်၏။

ဂေါဟတ္တီမှလွန်သော်...လီဒို။

တပ်ဖွဲ့ဝင် ရဲဘော်များသည် ညစ်ပတ်သော၊ ကျဉ်းမြောင်းသော ရထားတွဲများတွင် စီးနင်းလိုက်ပါရလျက် ရှေ့သို့ ခရီးထွက်ခဲ့ကြပြန်သည်။

ဖေဖော်ဝါရီလ ၆–ရက်နေ့ နံနက်စောစောအချိန်တွင် တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ရထားသည် ချောင်းတဟွတ်ဟွတ်ဆိုးနေသော လူတစ်ယောက်ကဲ့သို့ ဘူတာရုံတစ်ခုတွင် ထိုး၍ရပ်လိုက်၏။

မိုးက အလယ်ပိုင်းအိန္ဒိယနှင့် မတူတော့ သဲသဲမဲမဲ ရွာ၍လာသောကြောင့် ပါရှိလာသမျှသော ဝန်စည်စလယ် အားလုံး ရွှဲရွှဲစိုရလေသည်။

တပ်ဖွဲ့ဝင်များသည် ရထားမှ ဆင်းကြရပြီးနောက် ရွှဲရွှဲစိုအောင် ရွာနေသော မိုးထဲတွင်ပင် စခန်းချမည့် တဲများဆီသို့ ချီတက်ကြရ၏။

အခင်းမှာ ပျဉ်ဖြစ်သော်လည်း တိုင်များနှင့် အမိုးအကာများကို ဝါးများ၊ ဓနိများဖြင့် မိုးကာခင်းကျင်းထားသော တဲများတွင် ညအိပ်စခန်းချကြ၏။

နာရီလေးဆယ်လောက် ဆက်လက်စခန်းချနေမိကြသောအခါ မြန်မာပြည်မြောက်ပိုင်းတွင် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်နေခဲ့ဖူးသော ခရစ်ယာန်ဘုန်းတော်ကြီး 'ဟရီးယန်း'ဆိုသူကို တွေ့ရှိကြရ၏။

အနေအထိုင်ကျဉ်းကျပ်သောကြောင့်လည်းကောင်း၊ မိုးကြောင့်လည်းကောင်း စိတ်ပျက်နေကြသော တပ်ဖွဲ့ဝင်များသည် ခရစ်ယာန်ဘုန်းတော်ကြီးယန်း၏ ပြောဆိုစောင့်ရှောက်မှုကြောင့် စိတ်သက်သာရာ ရခဲ့ကြ၏။

ငှက်ပျောပင်မှလည်းကောင်း၊ ဝါးပင်များမှလည်းကောင်း ရေများ ရရှိနိုင်ပုံကို လက်တွေ့ပြသသည်ကို ကြည့်ရှုနေရခြင်းကပင်လျှင် တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ကို ဆွဲငင်ထားနိုင်စွမ်း ရှိနေတော့သည်။

နောက်ရထားတစ်စင်းဖြင့် ရောက်ရှိလာသော ဝန်တင်တိရစ္ဆာန်များနှင့် ရိက္ခာပစ္စည်းများကို သင့်လျော်သည့်နေရာတွင် နေသားတကျ ထားရှိပြီးနောက် ရိက္ခာများကို ဝေငှစားသုံးကြ၏။

တပ်ဖွဲ့သည် ဖေဖော်ဝါရီလ ၇–ရက်နေ့ည ၈–နာရီအချိန်တွင် လီဒိုသို့ ဆက်လက်ချီတက်ရန် ရှိသော်လည်း ဝန်တင်တိရစ္ဆာန်များအပေါ်တွင် ဝန်ထုပ်ဝန်ပိုးများ နေသားတကျဖြစ်အောင် စီစဉ်၍ တင်နေရခြင်းကပင်လျှင် မှန်းထားသည့်အချိန်ထက် များစွာ ပို၍နေခဲ့လေသည်။

ထို့ကြောင့် ညသန်းခေါင်ယံ အချိန်ကျမှ အမှတ်၁–တပ်ရင်းက စ၍ ချီတက်နိုင်တော့သည်။ ဤအချိန်ကျတော့မှပင် တပ်ဖွဲ့ဝင်အားလုံးတို့၏ စိတ်၌

ရှေ့တန်းစစ်မျက်နှာသို့ ချီတက်နေရခြင်းပါတကား။ တွေးမြင်လာကာ စည်းကမ်းများ စေးသပ်၍လာကြတော့သည်။

ဖောက်လုပ်ခဲ့ဖြစ်သော လီဒိုလမ်းပေါ်သို့ ရောက်အောင် ချီတက်ကြရာ၌ နေ့နှင့်ညမှာ တပ်ဖွဲ့ဝင်များအတွက် အကွာကြီး ကွာခဲ့၏။ နေ့အချိန်တွင် ချီတက်နေရခြင်းမှာ မိမိတို့ တိုင်းနိုင်ငံတွင် ရောက်ရှိနေသကဲ့သို့ ဖြစ်စေပြီး ညဘက်တွင် ချီတက်ရာ၌မူ မြို့ကြီးပြကြီးထဲမှ တောကြီးတောင်ကြီးထဲသို့ လတ်တလောချင်း ရောက်လာရသလို ထင်မှတ်နေရ၏။

နေ့ဘက်တွင် အမေရိကန် သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်မှ ယာဉ်များ ဥဒဟို သွားလာနေသည်ကိုလည်းကောင်း၊ လမ်းဘေး တစ်ဖက်တစ်ချက်တွင် အလုပ်သမား စခန်းများကိုလည်းကောင်း တွေ့မြင်နေရသောကြောင့် စိတ်တက်ကြွလာသလို ညဘက်တွင် တိတ်ဆိတ် မှောင်မည်းနေသော တောကြီးတောင်ကြီးများကိုသာ အဖော်ပြုနေရသောကြောင့် စိတ်အားငယ်၍ လာမိ၏။

ဖေဖော်ဝါရီလ ၇ ရက်နေ့ညက တပ်ဖွဲ့ဝင်များသည် ဆယ့်လေးမိုင်တီတီ တောများ၊ တောင်များကို ဖြတ်၍ ချီတက်ရ၏။ ဒီဇင်ဘာနှစ်ပတ်ကြာမျှ မိုးရထား များ၊ မိုးသဆော်များဖြင့် ချီတက်လာခဲ့ပြီးနောက် ဆယ့်လေးမိုင်ခရီးကို ညဘက် အချိန်အတွင်း ချီတက်ရသောအခါ တပ်ဖွဲ့ဝင် ရဲဘော်များမှာ မသက်မသာ ဖြစ်လာကြရလေသည်။

ဝန်တင်တိရစ္ဆာန်များဖြစ်သော မြင်းနှင့်လားများကို ကိုင်တွယ်ထိန်းသိမ်း ရာတွင် အတွေ့အကြုံမရှိသူ များပြားနေသောကြောင့်လည်း ဆယ့်လေးမိုင်ခရီးမှာ အပန်းတကြီး သွားလာရသော ကန္တာရတစ်ခု [illegible] ရချေသည်။

အသစ်ထုတ်ပေးသော ဖိနပ်ကိုမှ စီးလာခဲ့သော ကျွန်တော့်မှာ ဤဆယ့် လေးမိုင်ခရီးတွင် ဒုက္ခအများကြီး တွေ့ခဲ့ရ၏။

ဖေဖော်ဝါရီလ ၈–ရက်နေ့ နံနက် ၈–နာရီခန့် အရောက်တွင် ကျွန်တော် ၏ ရောင်းရင်းဖြစ်သူတစ်ဦးက…

"ရန်သူကို ချေမှုန်းဖို့ထက် ဒီခရီးကို ချီတက်ရတာက ပိုပြီးဒုက္ခများသေး တယ်" ဟု ညည်းတွားလိုက်လေသည်။

ဝန်တင်တိရစ္ဆာန်များပေါ်မှ ဝန်ထုပ်ဝန်ပိုးများကို ချရ၊ သင့်တော်လျောက်ပတ်မည့် နေရာတွင် သိုထားရ၊ မြင်းနှင့်လားများကို အစာကျွေးရနှင့် တပ်ဖွဲ့ဝင်

များသည် ဖေဖော်ဝါရီလ ၈–ရက်နေ့ နေ့လယ်နေ့ခင်းတွင် နားနေအိပ်စက်ရသည်ဟူ၍ပင် မရှိ။

ကျွန်တော့်လိုပင် အသစ်ထုတ်ပေးသော စစ်ဖိနပ်ကြီးကို စီးလာမိသည့် ရောင်းရင်းရဲဘော်အချို့မှာ ခြေထောက်များ ဖူးဖူးရောင်ကာ မည်ကဲ့သို့ ချီတက်ရမည်ကိုပင် မတွေးမထင်တတ်အောင် ရှိနေကြရ၏။ စစ်ဖိနပ်များကိုသာ အမြဲလေ့ကျင့် စီးနင်းဖူးသူများက ကျွန်တော့်အား စီးမြဲစစ်ဖိနပ်ကိုပင် ဆက်၍ စီးရန် တိုက်တွန်းကြ၏။ လေ့ကျင့်သားရသွားလျှင် ပေါ့ပါးသည်ဟု ထင်ရသော ရာဘာတောစီးဖိနပ်ထက် ပို၍ အစီးရကောင်းရုံမက ပို၍လည်း ခရီးတွင်ကြောင်း ပြောပြကြသည်။ စစ်ဆင်ရေးတစ်လျှောက်လုံး၌ ကျွန်တော်သည် စစ်ဖိနပ်ကိုပင် အမြဲစီးခဲ့ရာ နောင်အခါများ၌ ဖိနပ်မပါဘဲ သွားရသကဲ့သို့ ပေါ့ပါးသည်နှင့် အမျှ ရာဘာဖိနပ်ကို စီးရသည်ထက် လျင်မြန်ကြောင်း တွေ့ရှိခဲ့ရလေသည်။

ညနေစာ စားပြီးသည်နှင့် တစ်ပြိုင်နက် တပ်ဖွဲ့ဝင်များသည် ဆက်လက်ချီတက်ကြရပြန်သည်။ သက်ဆိုင်ရာ အရာရှိများက တပ်ဖွဲ့ဝင်များအား အမှောင်ရိပ်ခိုကာ ချီတက်စေခြင်းမှာ ရန်သူ့ကင်းထောက်လေယာဉ်များက တွေ့ရှိသွားခြင်း မရှိစေရန်ဟု အကြောင်းပြခဲ့၏။

သို့သော် နေ့လယ်အချိန် စခန်းချနေစဉ် 'ဆေးဂုံ'မြို့ရှိ ဂျပန်ရေဒီယိုက အမေရိကန်တပ်ဖွဲ့ တစ်ဖွဲ့သည် လီဒိုလမ်းပေါ်သို့ ချီတက်လျက် ရှိကြောင်းကို အထောက်တော်များထံမှ တစ်ဆင့် တိတိကျကျ သိရှိနေပြီဖြစ်ကြောင်း၊ အချိန်မရွေး လာရောက်စုံကြံ တိုက်နိုက်ရန် အသင့်ရှိကြောင်း ကြေညာချက်ကို ကြားသိရသော ကျွန်တော်တို့မှာ ညကြီးမင်းကြီးတွင် အပန်းတကြီး ချီတက်ခဲ့ရသည်ကို မကျေမချမ်း ဖြစ်မိကြလေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ တပ်ဖွဲ့သည် ညအချိန်များ၌သာလျှင် ဆက်လက်ချီတက်ခဲ့သည်သာ ဖြစ်၏။ ညအချိန်တွင် ချီတက်ရခြင်းမှာ လူနှင့် ဝန်တင်တိရစ္ဆာန်များကိုပါ သက်သာစေသည်သာမက နေ့လယ်ဘက်တွင် အသွားအလာများပြားလှသော ရိက္ခာနှင့် ပစ္စည်းကိရိယာများ၊ ပို့ဆောင်ရေးယာဉ်များကို လမ်းရှင်းပေးရာလည်း မည်ပေသည်။

လီဒိုလမ်းပေါ်သို့ ကျွန်တော်တို့ ရောက်ရှိလာကြသောအခါ ကျွန်တော်၏ ရောင်းရင်းရဲဘော်ကြီးတစ်ဦးက ရဲဘော်များ အမောပြေစေရန် အပြောင်အပြက် စကားတစ်ခုကို ဆိုလေသည်။

"လီဒိုလမ်း ဆိုတာဟာ ရိုးရိုးလူနဲ့ တန်ဖိုးရှိတဲ့လူကို ခွဲခြားဖို့ ပေါ်လာတဲ့ လမ်းပဲဗျ"

ထိုရောင်းရင်းရဲဘော် ပြောသည့်အတိုင်းပင် လီဒိုလမ်းသည် အင်္ဂလိပ်စစ်တပ်၏ လမ်းဖောက်လုပ်ရေး ရာဇဝင်၌လည်းကောင်း၊ အမေရိကန်စစ်တပ်၏ လမ်းတည်ဆောက်ရေး ရာဇဝင်၌လည်းကောင်း မကြုံဖူးအောင် ကြမ်းတမ်းခက်ခဲတရော်သော လမ်းကြီးတစ်ခု ဖြစ်ခဲ့လေသည်။

၁၉၄၂-ခု၊ ဖေဖော်ဝါရီလတွင် အာသံပြည် လီဒိုမှ မြန်မာပြည်မြောက်ဘက်များတွင်ရှိသော ဖို့ဒ်ဟတ်(ဇ်)ခေါ် ပူတာအိုမြို့သို့အရောက် မော်တော်ကားသွားနိုင်သော လမ်းကြီးတစ်လမ်း ဖောက်လုပ်ရန် စီစဉ်စိုင်းပြင်းခဲ့ကြ၏။ ပူတာအိုမှတစ်ဆင့် တောင်ဘက်တွင်ရှိသော မြစ်ကြီးနားသို့အရောက် ဆက်လက်ဖောက်လုပ်ရန်လည်း ရည်ရွယ်ထားသည်။

သို့သော် အင်္ဂလိပ်တို့သည် လမ်းဖောက်လုပ်ရေး အစီအစဉ်ကို မကြာမြင့်မီပင် စွန့်ပစ်ခဲ့ကြ၏။ ထိုနှစ် နိဝင်ဘာလတွင် အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်က လီဒိုမှ မြစ်ကြီးနားသို့ အရောက် မော်တော်ကားလမ်းတစ်လမ်း ဖောက်လုပ်ရန် အမေရိကန် စစ်အာဏာပိုင်များအား အထူးတလည် တိုက်တွန်းခဲ့၏။

အမေရိကန် ဖောက်လုပ်ရေး အင်ဂျင်နီယာများသည် အင်္ဂလိပ်အင်ဂျင်နီယာများက ဖောက်လုပ်၍မရနိုင်ဟု စွန့်ပစ်ခဲ့သော နေရာမှ စတင်ကာ 'ရှင်ဗွေယန်'မြို့ကလေးကို ဖြတ်လျက် မြစ်ကြီးနားအထိ လမ်းအူကြောင်း ထွင်ခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်နီးပါး နိမ့်သော ကုန်းမြေမှ ပေလေးထောင်အထိ အမြင့်ရှိသော တောင်များကိုဖြတ်ကာ တောင်ကြားလမ်းများကို ဆက်ကာ ဖောက်လုပ်ရမည့်ခရီး ဖြစ်လေသည်။

နယ်မြေအနေအထား အနိမ့်အမြင့်ကို ညွှန်းပြသော မြေပုံဟူ၍ တိတိကျကျ မရှိခဲ့သဖြင့် 'လီဒိုမှ ရှင်ဗွေယန်'အထိ လေးဆယ့်နှစ်မိုင်သာ ကွာမည်ဟု ခန့်မှန်းခဲ့သောခရီးမှာ လက်တွေ့တွင် တစ်ရာတစ်ဆယ့်နှစ်မိုင်အထိ ရှည်လျားနေတော့သည်။

၁၉၄၃-ခု၊ ဖေဖော်ဝါရီလတွင် လီဒိုလမ်းမကြီးသည် လမ်းအူကြောင်းအဖြစ် မြန်မာပြည်နယ်စပ်ရှိ 'ပန်ဆော'တောင်ကြားလမ်းအထိ ရောက်ရှိနေခဲ့၏။

သို့ရာတွင် ဧပြီလမှ စက်တင်ဘာလတိုင်အောင် မိုးများသည်းထန်စွာ

ရွာသွန်းနေသောကြောင့် အူကြောင်းအဖြစ် တည်ရှိနေသောလမ်းကို ဆက်လက်တိုးချဲ့မပြုပြင်နိုင်ဘဲ ပစ်ထားခဲ့ရလေသည်။

၁၉၄၃-ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်စစ်တပ်မှ ရေတိုက်စားခြင်းအန္တရာယ်ကို ကာကွယ်ရာ၌ အင်ဂျင်နီယာကျော်ဖြစ်သော ဗိုလ်မှူးကြီး လူဝီက လီဒိုလမ်းကြီးကို တာဝန်ယူကာ ဆက်လက်ဖောက်လုပ်ခဲ့လေသည်။

မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ တောင်ကျရေများ လျှံနေသည်ဖြစ်စေ ဗိုလ်မှူးကြီး လူဝီသည် အလုပ်ကို ရပ်နားထားသည်ဟူ၍ မရှိဘဲ နာရီမလပ်တိုးချဲ့ဖောက်လုပ်နေခဲ့၏။

'ဒိဂရာ'မြို့ လေ့ကျင့်ရေးတပ်စခန်းမှ ကျွန်တော်တို့တပ်ဖွဲ့ ချီတက်မလာမီ တစ်လလောက်က လီဒိုမှ ဖောက်လုပ်လာခဲ့သော မော်တော်ကားလမ်းမကြီးသည် တောများ တောင်များအလယ်ရှိ ရှင်ဗွေယန်မြို့ကလေးဆီသို့ လမ်းပေါက်လျက် ရှိနေပေသည်။

ရှင်ဗွေယန်အထိ လီဒိုလမ်းမကြီး ခရီးပေါက်သောနေ့ကား ၁၉၄၃-ခု၊ ဒီဇင်ဘာလ ၂၇-ရက်နေ့ပင် ဖြစ်လေသည်။

လီဒိုလမ်းပေါ်သို့ ရောက်ရှိလာသော တပ်ဖွဲ့ဝင်များသည် ကြီးသောကျယ်သော လမ်းမကြီးကို ကြည့်၍ ဂုဏ်ယူမိသည်နှင့်အမျှ တောင်ဆင်းတောင်တက် များပြားကာ အကွေ့အကောက် ပေါလှသော လမ်းမကြီး တည်နေပုံကို အံ့ဩနေကြလေသည်။

မိုးမရွာသည့်တိုင် တဖြောက်ဖြောက်ကျနေသော နှင်းများ မိုးရေပေါက်လောက် ပြင်းထန်နေ၏။ ဆီးနှင်းပေါက်လည်း မိုးလောက်ပြန်းထန်၊ သွန်းချပြန်သော်ဟု ဆိုရမည်ကဲ့သို့ ရှိနေလေသည်။

လီဒိုမှ ရှင်ဗွေယန်သို့ မော်တော်ကားများအတွက် လမ်းဖွင့်၍ပေးလိုက်သည့်တိုင် ဖောက်လုပ်ရေးအင်ဂျင်နီယာများက လမ်းများကို ဖောက်လုပ်ဆဲ၊ ပြင်ဆင်ဆဲ၊ တိုးချဲ့ဆဲ။

ရိုးရိုးတောင်ပေါ်လမ်းတစ်ခုကိုပင် မိုးရာသီ ကုန်ပြီးနောက် နှစ်စဉ်နှစ်တိုင်း ပြန်လည်ပြုပြင်ရသေးလျှင် စစ်ကူတပ်များ၊ စစ်လက်နက်များ၊ စစ်ရိက္ခာများကို တရစပ် သယ်ဆောင်ပို့ပေးနေရသော လီဒိုလမ်းမကြီးကို အချိန်မလပ်၊ နာရီမလပ် အင်ဂျင်နီယာတပ်များဖြင့် တရစပ် ပြုပြင်ပေးနေရခြင်းမှာ အဘယ်မှာလျှင် ထူးဆန်းပါတော့မည်နည်း။

မည်သူမှ ရောက်ပေါက်ခြင်း မရှိသေးသော ငရဲပြည်၏ ထောင့်စွန်းကလေး တစ်ခုနှင့်တူသည့် အာသံ မြန်မာနယ်စပ်တွင် ဝိသကြုံနတ်မင်း ဖန်ဆင်းလိုက်သလို လမ်းမကြီးတစ်လမ်း ပေါ်ပေါက်လာလျက် ထိုလမ်းပေါ်တွင် 'မြွေနဂါး' မျက်စိ၊ 'အချိုကြိုက်တဲ့တို့အမေ' စသော အမည်များကို ပေးထားသည့် ထရပ်ကားများ ဂီယာအမျိုးမျိုးပြောင်း၍ မောင်းနှင်သွားလာနေသည်မှာ ထူးဆန်းနေသလို ထိုထရပ်ကားများကို မောင်းနေသူများမှာလည်း တောင်အာဖရိက တိုက်မှ နီဂရိုးများနှင့် ကျိုင်းတုံနှင့် ယူနန်မှ တရုတ်များ ဖြစ်နေခြင်းမှာလည်း ပို၍အံ့ဩစရာ ကောင်းနေလေသည်။

လမ်းတစ်လျှောက်လုံးတွင် မော်တော်ကား စက်ပြင်ရုံ၊ စစ်မြေပြင် သူနာပြုဆေးရုံ အင်ဂျင်နီယာအလုပ်စခန်း၊ အချက်ပြ ဆက်သွယ်ရုံ စသည်တို့ဖြင့် ရှိနေတတ်၏။

တစ်နေ့တာအဖို့ ချီတက်ပြီးနောက် ညဘက်တွင် ဖောက်လုပ်ရေး အင်ဂျင်နီယာ အဖွဲ့ကလေးတစ်ဖွဲ့က ကျွန်တော်တို့ တပ်ရင်းမှ ရဲဘော်များအား ရုပ်ရှင်ပြစက်ကလေးတစ်ခုဖြင့် ရုပ်ရှင်ပြကာ အမောပြေဆေး တိုက်ကျွေးသည်ကိုလည်း ယခုတိုင် အမှတ်တရ ဖြစ်နေမိ၏။

ဤကဲ့သို့ ဆိုလိုက်ခြင်းဖြင့် လီဒိုလမ်းတစ်လျှောက် ချီတက်လာခဲ့ရခြင်းမှာ ဘုရားပွဲတော်ကြီး လှည့်သည်နှင့် တူသည်ဟု မဆိုလိုပါ။ မော်တော်ကားဘီးရာများနှင့် ဝန်တင်တိရစ္ဆာန်များ၏ ခြေရာများကြောင့် ဗွက်ထနေသောလမ်းများ၊ လမ်းတစ်ဖက်တစ်ချက်ရှိ သစ်ပင်ကြီးများပေါ်မှ တဖြုတ်ဖြုတ် ကြွေကျကာ လူ့အသွေးအသားကို စုပ်ယူတတ်သော ကျွတ်များ၊ ဗွက်ထနေသလောက် အသက်ရှူရကျပ်အောင် ဖုံးနေသော ဖုန်များ စသည်တို့မှာ လီဒိုလမ်းမကြီး၏ အနိဋ္ဌာရုံများပင် ဖြစ်လေသည်။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ဝင်များမှာ လီဒိုလမ်းတစ်လျှောက်တွင် စစ်ဖိနပ်ကြီးများကို အဖော်ပြုကာ ချီတက်လာခဲ့ကြရသော်လည်း စိတ်ဓာတ်အခြေအနေအရ နိမ့်ကျခြင်းမရှိ။ နေ့လယ်စာအဖြစ် ချော့ကလက်ပြားတစ်ပြားကိုသာ စားရသော်လည်း နံနက်စာနှင့် ညစာကိုမူ ထရပ်ကားများဖြင့် အချိန်မီ သယ်ယူလာသော ကြက်ဥ၊ ဝက်အူချောင်း စသည်တို့ ပါလာလေ့ရှိသဖြင့် တပ်ဖွဲ့သားတိုင်း 'ကျေနပ်နေကြ၏။ ညစာအတွက် ကြက်သားများပင် မကြာခဏ ရတတ်သောကြောင့်လည်း ကျွန်တော်တို့၏ ခရီးဆောင် အစားအစာ

သဲဘူးထဲတွင် စားစရာများ ပုံ၍ ပုံ၍ နေတတ်သည်သာဖြစ်၏။

ညအချိန်များ၌ မြေကြီးပေါ်တွင် အိပ်ရစေကာမူ အပေါ်မှ သစ်ရွက်သစ်ခက်များ မိုးကာလျက်ရှိသောကြောင့် သက်သောင့်သက်သာ ရှိလှ၏။

သို့ရာတွင် ချီတက်ရပုံနှင့် ချီတက်ရသည့် ခရီးကား ကြမ်းတမ်းလှချေသည်။

သတင်းစာများက ကျွန်တော်တို့ တပ်ဖွဲ့ဝင်များ၏ အကြမ်းပတမ်း ချီတက်နိုင်ပုံကို ဂုဏ်ပြု၍ ရေးသားထားပုံကို ဖတ်ရှုခဲ့ရသောအခါ မောခဲ့ ပန်းခဲ့ရသမျှကို မေ့ပျောက်ခဲ့ရပြန်သည်။

ရှေ့မှမြင်နေရသော တောင်ကို ကျော်လိုက်လျှင် မြေပြန့်လွင်ပြင် တစ်ခုခုသို့ ရောက်တော့မည်ဟု ထင်ရ၏။ သို့သော် မြင်နေရသည့် တောင်ကို ကျော်လိုက်သည်နှင့် တစ်ပြိုင်နက် အခြားတောင်တစ်လုံးက ရှေ့မှနေ၍ ကန့်လန့်စင်းနေပြန်လေသည်။

လီဒိုလမ်းအတိုင်း ခြေလျင်ချီတက်လာပြီးနောက် ငါးရက်မြောက်သည့်နေ့တွင် အမြင့်ဆုံးသော နေရာသို့ ကျွန်တော်တို့တပ်ဖွဲ့ ရောက်ရှိခဲ့လေသည်။

ပန်ဆောတောင်ကြားလမ်းပင်တည်း။

မည်သည့်အရပ်သို့ပင်ကြည့်ကြည့် ကောင်းကင်ပြင်ကြီးသည် ဟာလာဟင်းလင်း ပွင့်လျက် ရှိသည်ဟု ထင်ရ၏။ တစိမ့်စိမ့်အေးသော လေများကလည်း အရပ်ရှစ်မျက်နှာမှ တစ်ပြိုင်တည်း တိုက်ခတ်နေသည်ဟု ထင်ရသည်။

တောင်ကြားထိပ်မှနေ၍ လီဒိုလမ်းအတိုင်း အနောက်ဘက်သို့ မျှော်လိုက်လျှင် လက်နက်များကိုလွယ်လျက် ဝန်တင်တိရစ္ဆာန်များကို ဆွဲလျက် တကုန်းကုန်း တကွကွ တက်လာနေကြသော တပ်ဖွဲ့ဝင်များကို မြင်ရ၏။

မြောက်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ မှန်ရောင်ကဲ့သို့ တပြောင်ပြောင်ထနေသော ဟိမဝန္တာတောင်တန်း တောင်ထွတ်များကို တွေ့နေရ၏။ တရုတ်ပြည်နယ်စပ်ပင်တည်း။

အရှေ့တောင်ဘက်သို့ လှမ်းမျှော်လိုက်သောအခါ ကွေ့၍ ကောက်၍၊ နိမ့်၍ မြင့်၍သွားသော လီဒိုလမ်းမကြီးသည် မြန်မာပြည် တောများတောင်များ အတွင်းသို့ ငုံ့၍လျှိုး၍ ဝင်သွားသည်ကို တွေ့ရလေသည်။

ရှင်ဗွေယန်နှင့် နီးလာသည်နှင့်အမျှ လမ်းသည် ပို၍ကျဉ်းလာသည်။ ပို၍ကောက်လာသည်။ ပို၍စောက်လာသည်။

ရှင်ဗွေယန်သို့ရောက်ရန် ခုနစ်မိုင်မျှ အလိုတွင်ကား ကျွန်တော်တို့သည် နံရံကဲ့သို့ မတ်စောက်သော တောင်များကို ဆင်းချီတက်ချီ လာခဲ့ကြရတော့သည်။

အတက်ခရီးတွင် လွယ်ထားသော ကျောပိုးအိတ်ကို အလေးညီစေရန် အတွက် လက်နှစ်ဖက်ကို ဒူးပေါ်တွင်မှေးကာ ကုန်း၍တက်ရသလို အဆင်းတွင် လည်း ဒူးနှစ်ဖက်ကိုပင် အိမ်တိုင်နှစ်ခုသဖွယ် တောင့်၍ထားရင်း ဆင်းရပြန် သည်။

သို့သော် လွင်ပြင်တွင် တည်ရှိသော ရှင်ဗွေယန်မြို့ကလေးဆီသို့ တစ်သုတ် ပြီးတစ်သုတ် ပျံဝဲရောက်ရှိနေကြသော ဒါကိုတာလေယာဉ်များ၏ အသံကြောင့် ကျွန်တော်တို့နှင့်တကွ ရဲဘော်အားလုံးမှာ အားတက်လျက် ရှိနေကြလေသည်။

နံရံကဲ့သို့ မတ်စောက်သော တောင်ဆင်း တောင်တက်များကို ကျော်နိုင်ပြီ ဆိုလျှင် ဒါကိုတာလေယာဉ်များ ကျရောက်ကျက်စားရာ ရှင်ဗွေယန်သို့ ရောက် လာတော့မည် မဟုတ်ပါလား။

ဖေဖော်ဝါရီလ ၁၆-ရက်နေ့။

ဤနေ့ကို ကျွန်တော် ထာဝစဉ် မှတ်မိနေသည်။ ဒါကိုတာလေယာဉ်များ စခန်းချရပ်နားရာ ရှင်ဗွေယန်သို့ ရောက်လာရခြင်း ငရဲပြည်တောင့်ခွန်းတစ်နေရာ မှနေ၍ နိဗ္ဗာန်၏ တံခါးဝကို စ၍တွေ့လိုက်ရသောနေ့နှင့် တူလှပေသည်။

လေယာဉ်များတက်ရန် ဆင်းရန် လေယာဉ်ပြေးလမ်းကြောင်းနှင့်တကွ မျှော်စင်များ ရှိနေသည်နှင့်အတူ စစ်မြေပြင် သူနာပြုဆေးရုံတစ်ခုကလည်း ကီရိယာအစုံဖြင့် အသင့်။ ရိက္ခာဆိုသည်မှာလည်း ရှေ့တန်းစစ်မျက်နှာသို့ ချီတက် မည့် တပ်ဖွဲ့များအတွက် အသင့်။

ရှင်ဗွေယန်ကား လူသူမရောက်မပေါက်ဖူးသော ဟူးကောင်းတောင်ကြား၏ အဝတွင် နတ်လာ၍ ဖန်ဆင်းထားသော မြို့နှင့် တူနေလေသည်။

ကျွန်တော်တို့ စုံစမ်းသိရှိရသမျှ ရှင်ဗွေယန်မှ ကျော်လျှင် လမ်းခရီး အသွားအလာမှာ ကျွန်တော်တို့ လာခဲ့ရသော ခရီးထက် သက်သောင့်သက်သာ ရှိသည်ဟု ဆို၏။ မြန်မာပြည်တောင်ဘက်မှ မော်တော်ကားတစ်စီးဖြင့် တက်လာ သူတစ်ယောက်သည် ရှင်ဗွေယန်သို့ အခက်အခဲများစွာမရှိလှဘဲ ခရီးရောက်နိုင် အောင် လမ်းအခြေအနေ ကောင်းလှသည်ဟု ထင်သည်။ ရှင်ဗွေယန်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လွန်ခဲ့သောနှစ်နှစ်က စစ်ပြေးခရီးသည်များနှင့် ပစ်ထားခဲ့သော မော်တော်ကားများတွင် အင်ဂျင်စက်ဟူ၍ မရှိတော့ဘဲ ကား

ကိုယ်ထည်များသာ သချိုင်းသဖွယ် စုပုံနေခြင်းကို တောက်၍ ဤအဆိုမှာ ယုတ္တိတန်လှသည်။

ရှင်ဗွေယန်မှ ဟူးကောင်းမြစ်ဝှမ်းအတိုင်း တောင်ဘက်သို့ စုန်ဆင်းခဲ့သည် ရှိသော် မိုင်းကွမ်ကိုလည်းကောင်း၊ ဝါလောဘွမ်ကိုလည်းကောင်း၊ ဂျမ်ဘူးဗန် တောင်တန်းကိုလည်းကောင်း တွေ့ရပြီးနောက် ပို၍တောင်ဘက်ကျသောနေရာ၌ ရှာဒုဇွတ်ကိုလည်းကောင်း၊ အင်ကနက်ဂတွန်ကိုလည်းကောင်း၊ ကားမိုင်းကိုလည်း ကောင်း၊ မိုးကောင်းကိုလည်းကောင်း ဆက်လက်တွေ့ရှိရပြီးမှ မြစ်ကြီးနားမြို့သို့ ရောက်ရှိပေလိမ့်မည်။

ဤအချိန် ဤအခါ၌ အထက်တွင် ဖော်ပြခဲ့သော မြို့ရွာများ၊ ဒေသများမှာ ကျွန်တော်တို့ တပ်ဖွဲ့ဝင်များအဖို့ မည်သို့မျှ အမိပ္ပာယ်လေးနက်ခြင်း မရှိစေကာမူ မြစ်ကြီးနားတိုက်ပွဲကို ဆင်နွှဲရသည့်အချိန်၌ ဤမြို့ ဤရွာ ဤဒေသများသည် ကျွန်တော်တို့ တပ်ဖွဲ့ဝင်များအဖို့ အသက်တမျှ အရေးကြီးသော နေရာများဖြစ် ကြောင်း တွေ့ရှိလာရတော့သည်။

ဂျပန်တို့သည် ဟူးကောင်းနှင့် မိုးကောင်းမြစ်ဝှမ်းများကို ဖြတ်၍ ကာမိုင်း လမ်းအတိုင်း ချီတက်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းအချိန်များတွင် ရတ်တရက် တပ်များ၏ တိုက်ခိုက်မှုကို ဤလမ်းတစ်လျှောက်တွင် အပြင်း အထန် ခံခဲ့ကြလေသည်။

ရှင်ဗွေယန်အောက်ဘက် ဆယ့်ငါးမိုင်အကွာရှိ ‘နင်ဂမ်’စခန်းတွင် ဗိုလ်မှူး ချုပ် စတီးဝဲလ်က ဌာနချုပ်ဖွင့်လှစ်ထားကြောင်း သတင်းရရှိ၏။

လီဒိုလမ်းပေါ်တွင် ရပ်ပျက်ဆင်းပျက်ဖြင့် ဆယ်ရက်မျှ ခြေလျင်ချီတက်ခဲ့ ရပြီးနောက် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဌာနချုပ်ဖွင့်လှစ်ထားရာ နင်ဂမ်စခန်းကို ဖြတ်၍ ဆက်လက်ချီတက်ရမည်ဟု သိရသောအခါ တပ်မှူးများက တပ်ဖွဲ့ဝင် များအား သံခမောက်များ ဆောင်း၍ ချီတက်ရမည်ဟု ညွှန်ကြားချက် ထုတ် လိုက်လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ် စခန်းချရာ ဌာနရှေ့မှ ဖြတ်၍ ချီတက်ရာတွင် တပ်ဖွဲ့ဝင်များအဖို့ စံမတ်ကျကျနှင့် ချီတက်၍ပြရန် လိုသည်ဟု တပ်မှူးများက အဆိုပြုကြသောကြောင့်ပင်တည်း။

မိုင်ခေါင်းတစ်ရာလေးဆယ်အထိ ချီတက်လာခဲ့ပြီးကြသော တပ်ဖွဲ့ဝင်များ သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ရှေ့၌ စစ်သားပီပီဟန်ချီချီ အနေအထားဖြင့် ချီတက်

လိုကြမည်မှာ မမွတာပင်ဖြစ်၏။

သို့သော် ကျွန်တော်တို့တပ်ဖွဲ့ဝင်များ စစ်သားပီပီ ဟန်ချီချီ ချီတက်လာပုံကို ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ထွက်၍ကြည့်ဖော်ပင်မရသောကြောင့် ရဲဘော်များမှာ ခဲလေသမျှ သဲရေကျ ဖြစ်ရလေသည်။

နှင်ဂမ်စခန်းကို ကျော်၍လာသောအခါ ကျွန်တော်တို့သည် အရှေ့ဘက် လမ်းအတိုင်း ချီတက်လာကြပြီးနောက် ဤအရပ် ဤဒေသတွင် 'တနိုင်း'ဟု ခေါ်ဆိုကြသော ချင်းတွင်းမြစ်၏ လက်တက်တစ်ခုပေါ်တွင်ရှိသော ရွာကလေး တစ်ရွာတွင် စခန်းချရပ်နားလိုက်ကြ၏။

ဤရွာမှနေ၍ ကျွန်တော်တို့သည် နောက်ထပ် ရောက်ရှိတပ်ရင်းနှစ်ရင်းကို စောင့်ကြိုနေရမည် ဖြစ်လေသည်။

ဤရွာ၏ အမည်ကို တပ်ဖွဲ့ဝင်များက 'နှင်ဗွေယန်'ဟု ခေါ်ဆိုကြ၏။ ဤရွာတွင် စိတ်အေးလက်အေး စခန်းချရပ်နားလိုက်တော့မှပင် မိုင်တစ်ရာလေး ဆယ်ခရီးကို ချီတက်လာခဲ့ရသော ပင်ပန်းနွမ်းနယ်မှုကို စ၍တွေ့ရတော့၏။ ကိုယ်လွတ် လက်လွတ် တစ်ယောက်တည်း လမ်းလျှောက်ရပုံနှင့် စစ်စည်းကမ်း အတိုင်း အဖွဲ့လိုက် အသင်းလိုက် ချီတက်လမ်းလျှောက်ရပုံမှာ ကွာခြားလှချေ သည်။ သို့ဖြစ်၍လည်း မိမိနားလိုသည့်အချိန်တွင်နား၊ စားလိုသည့်အချိန်တွင် စားရန် အခွင့်မရဘဲ တပ်မှူးဖြစ်သူ၏ အမိန့်ကို နာခံကာသာ သွားရ၊ လာရ၊ စားရ၊ နားခဲ့ရသည် မဟုတ်ပါလား။

နှင်ဗွေယန်ရွာသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် စစ်၏အနိဋ္ဌာရုံများကို စ၍တွေ့လာရ၏။

အမြောက်ခွံများ၊ သံချေးတက်နေသော သံမောက်များ၊ စိမ်းဝါရောင်သမ်း နေသော ကျည်ကတ်များကို ဟိုတစ်စု သည်တစ်စု တွေ့နေရသည့်နည်းတူ ခပ်လှမ်းလှမ်းမှ ပေါ်ထွက်လာသော အမြောက်သံနှင့် ဗုံးကြဲသံများကိုလည်း မကြာခဏ ကြားနေရလေသည်။

နေရောင်ပျောက်ကွယ်သွားသည့်တိုင်အောင် စခန်းချ ရပ်နားမည့် တဲများ ဆီသို့ မရောက်သေးသောကြောင့် ကျွန်တော်တို့ တပ်ရင်းတွင် ပါရှိလာကြသော ရဲဘော်အများအပြားပင် စိတ်ပျက်စပြုလာသည်။

ဤအချိန်တွင် ဗိုလ်ချုပ်ကြီး 'မာရီး'နှင့် ဗိုလ်မှူးကြီး'ဟန်တာ'တို့ ဂျစ်ကား တစ်စီးဖြင့် ကျွန်တော်တို့ ရှိရာသို့ ရောက်လာပြီး အားပေးစကားများ ပြောကြား

ကြ၏။

ရဲဘော်များသည် အားတက်၍လာကြလေသည်။

ကျွန်တော်တို့သည် စခန်းချရပ်နားရမည့် နေရာသို့ ညမှောင်ကြီးမည်းမည်းတွင် ရောက်ရှိလာကြ၏။ တဲများ အသင့်အတင့်ရှိသော်လည်း ကျွန်တော်တို့တပ်ရင်းအတွက် လုံလောက်အောင်မရှိ၊ ဝန်တင်တိရစ္ဆာန်များအတွက်မှု ဖြစ်သလိုသာ နေရာချထားရတော့သည်။

ခါတိုင်းရောက်လာနေကျ ညစာထရပ်ကားများကလည်း ကျွန်တော်တို့စခန်းသို့ လာရောက်ခြင်း မရှိသောကြောင့် ညစာငတ်ရတော့မလို ဖြစ်နေဆဲတွင် ရန်သူ့လေယာဉ်ပျံတစ်စင်း ကင်းထောက်ပျံဝဲလာသံကို ကြားရသောကြောင့် အမောပြေ သောက်နေသော စီးကရက်များကို မီးငြိမ်း၍ပစ်လိုက်ကြရလေသည်။

ထိုညအဖို့ ကျွန်တော်တို့သည် ဝမ်းဟောင်းလောင်းနှင့်ပင် အိပ်ရာဝင်ခဲ့ကြရပါသတည်း။

◆

# ( ၃ )

## ပထမတိုက်ပွဲ

ဝမ်းဟောင်းနှင့် အိမ်ရာဝင်ခဲ့ကြသော ကျွန်တော်တို့သည် နောက်တစ်နေ့ နံနက် နေထွက်လာသည်နှင့် တစ်ပြိုင်နက် ညက စခန်းချ ရပ်နားခဲ့သော ချောင်းကမ်းဘေးမှ ပေါင်ရင်းအထိနက်သော ရေကို ကူးဖြတ်ကာ ပြန့်ပြန့်ပြူးပြူးနှင့် သာသာယာယာရှိနေသည့် ကျွန်းကလေးပေါ်သို့ ရွှေ့ပြောင်းစခန်းချလိုက်ကြ၏။

နေ့လယ်ဘက်တွင် လေကြောင်းမှ ဂိုဏ္ဍာများ လာရောက်ချပေးသဖြင့် လွန်ခဲ့သောညက ဝေခဲ့သမျှ အတိုးချ၍ စားသောက်ကြရလေသည်။

အစာလည်းဝ၊ မိုန်းလည်းမိုန်းရသဖြင့် ရဲဘော်တိုင်း စိတ်လက်ရွှင်မြူးနေစဉ် ပေါင်ရင်းအထိနက်သောရေကို ဖြတ်ကူးကာ ကျွန်တော်တို့အဖွဲ့ စခန်းချနေသည့် နေရာသို့ ဗိုလ်ချုပ်ကြီး စတီးဝဲကိုယ်တိုင် နှုတ်ဆက်အားပေးစကား ပြောကြားရန် ရောက်ရှိလာသောကြောင့် ရဲဘော်များ၏ စိတ်ဓာတ်မှာ အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား မြင့်တက်၍သွားတော့၏။

ဗိုလ်ချုပ်ကြီးစတီးဝဲရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့အဖွဲ့သားများ စခန်းချ ရပ်နားနေခဲ့သည့် ကျွန်းကလေးမှာ တပ်မှူးပေါင်းစုံညီသည့် ညီလာခံကျင်းပရာဌာန ဖြစ်လာလေသည်။

ဟူးကောင်းမြစ်ဝှမ်းနှင့် မြစ်ကြီးနားသို့ ရောက်ရှိနိုင်သော လမ်းကြောင်းကို ကာကွယ်ရန်အတွက် ဂျပန်က တပ်ရင်း ၅ ရင်းခန့်ကို ဖြန့်၍ တပ်စွဲထားသည်ဟု သတင်းရထားသည်။ ထိုတပ်ရင်း ၅ ရင်းတွင် တပ်ဆွယ်များလည်း နောက်ထပ် ရှိနေသောကြောင့် ရန်သူတပ်သား စုစုပေါင်း ၇၀၀၀ (ခုနစ်ထောင်)ခန့် ရှိမည်။ မိမိတို့ဘက်တွင် တရုတ် ၂၂ နှင့် ၃၈ တပ်မမှ ရယ်ဂျီမင့်တပ်ဖွဲ့ ၄ ဖွဲ့ ရှိနေပြီး အမေရိကန်တပ် တပ်မှူး ဗိုလ်မှူးကြီးဘရောင်း ဦးစီးသော အမှတ်(၁) တင့်ကားအုပ်စုလည်း ပါဝင်မည်ဖြစ်သောကြောင့် မိမိတို့ဘက်မှ အင်အားမှာ ရန်သူနှင့်နှိုင်းစာလျှင် အဆမတန် များပြားလျက်ရှိသည်။ သို့ရာတွင် နယ်မြေအနေအထားက ရန်သူ့အတွက် ပို၍ကောင်းနေပြန်သည်။ ဟူးကောင်းမြစ်ဝှမ်း တစ်ခုလုံးတွင် ယာဉ်ရထားကို အသုံးပြု၍ ချီတက်နိုင်သောနေရာမှာ ကစမိုင်းလမ်းတစ်ခုသာ ရှိနေသည်။

ထို့ကြောင့် တပ်စုတစ်စုမျှသာ အင်အားရှိသော ရန်သူက အကွက်အကွင်းကောင်းသောနေရာမှ နေရာယူထားပြီး တိုက်ခိုက်ခဲ့လျှင် မိမိတို့ဘက်မှ တပ်ရင်းတစ်ရင်းပင် ပြုတ်ထွက်သွားနိုင်အောင် နယ်မြေအနေအထား ရန်သူ့အတွက် အခွင့်အရေးပေးနေသည်။ ရှေ့ဦးချီတပ်များနှင့် နောက်တွင်ကျန်ရစ်ခဲ့သော အခြေစိုက်စခန်းများအကြားတွင် တောများတောင်များက ကန့်လန့်ခံလျက်ရှိသောကြောင့် ရှေ့ဦးချီတပ်များထံ ရိက္ခာနှင့် လက်နက်များပေးပို့ရန် အခက်အခဲကလည်း ရှိနေသည်။ ရန်သူ့ဘက်တွင်မူ ရထားလမ်းအဆက်အသွယ်များနှင့်တကွ တိုးချဲ့ပြုပြင်ထားသော ကုန်းလမ်း ရေလမ်း သယ်ယူပို့ဆောင်ရေးများ အသင့်ရှိနေလေသည်။

မိမိတို့နှင့် ရင်ဆိုင်ရမည့် ရန်သူ့တပ်များကို ကွပ်ကဲညွှန်ကြားနေသူမှာ အမှတ်(၁၈)တပ်မကို အုပ်ချုပ်နေသော ဂျပန်ဗိုလ်ချုပ်ကြီး "တနခါ"ဖြစ်သည်။ ဤတပ်မမှာ မလေးနှင့် စင်ကာပူကို တိုက်ခိုက်သိမ်းပိုက်ခဲ့သော တပ်ဖြစ်၍ ယခုတိုက်ပွဲတွင်လည်း မချအနိုင်ရရှိလိမ့်မည်ဟု စိတ်ဓာတ်တက်ကြွနေသော တပ်ဖြစ်သည်။

စိတ်ဓာတ်အရလည်းကောင်း၊ နယ်မြေအနေအထားအရလည်းကောင်း၊ ဆက်သွယ်ရေးအနေအထားအရလည်းကောင်း သုံးဘက်သုံးတန်မှ အရေးသာနေသော ရန်သူသည် မိမိတို့ဘက်က လူအင်အားသာလွန်မှု တစ်ခုတည်းကို မချပြီးမြောက် တွန်းလှန်နိုင်မည့် အခြေအနေတွင် ရှိသည်ဟု ဗိုလ်ချုပ်ကြီး စတီးဝဲက

ရှင်းလင်းပြောပြ၏။

ရန်သူနှင့် မျက်နှာချင်းဆိုင် တိုက်ပွဲဆင်နွှဲခဲ့လျှင် မိမိတို့ဘက်မှ တပ်လုံး ပြုတ်နိုင်သည့် အခြေအနေတွင် ရှိသည်မှာ မှန်၏။ သို့သော် မိမိတို့ဘက်မှ တပ်တစ်တပ်ကို ရန်သူ့အမှတ်(၁၈)တပ်မအား ဝိုင်းမိအောင် တောင်ပံများမှ ပန်း၍တက်သွားနိုင်ခဲ့လျှင် ရန်သူ့ဘက်မှ အရေးသာနေသော အချက်သုံးချက်ကို မိမိတို့က ဖြိုဖျက်လိုက်နိုင်ရုံမက မြစ်ကြီးနားမြို့ကိုပါ မိမိတို့တပ်များ ထိုးဖောက် နိုင်သည်အထိ အောင်ပန်းရနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး စတီးဝဲက ဆက် လက် ရှင်းပြလိုက်၏။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှာ ခရီးဝေး ဖောက်ထွင်း တိုက် ခိုက်ရေးတပ်ဖွဲ့ဖြစ်ရာ ရန်သူ့စစ်ကြောင်းကို နောက်မှနေ၍ ထိုးဖောက်တိုက်ခိုက် ရမည့် တာဝန်ရှိနေသည်။ ကျွန်တော်တို့ထံသို့ ရောက်ရှိလာသော ချီကာဂိုနေ့စဉ် သတင်းစာမှ စစ်သတင်းထောက် စတီးလ်က ဗိုလ်ချုပ်ကြီးစတီးဝဲ၏ စစ်ဆင်ရေး အစီအစဉ် အောင်မြင်မှုမှာ ကျွန်တော်တို့ ခရီးဝေး ဖောက်ထွင်းတိုက်ခိုက်ရေး တပ်ဖွဲ့ပေါ်တွင် လုံးဝတည်နေကြောင်း ပြောဆိုလာသည်။

ဟူးကောင်းမြစ်ဝှမ်းတစ်လျှောက်တွင် ရန်သူဂျပန်တို့အား ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်နိုင်အောင် ဗိုလ်ချုပ်ကြီး စတီးဝဲက စစ်ဆင်ခဲ့ရာ နှစ်ကြိမ်စလုံးပင် အထမမြောက်ခဲ့ကြောင်း၊ ယခု တတိယအကြိမ် ဝိုင်းဝန်းပိတ်ဆို့ စစ်ဆင်ရေး တွင်မူ ကျွန်တော်တို့၏ ခရီးဝေး ဖောက်ထွင်းတိုက်ခိုက်မှု အဖွဲ့ကြောင့် အောင်ပွဲ ခံနိုင်ရန် မျှော်လင့်ရကြောင်း စသည်ဖြင့် ချီကာဂိုနေ့စဉ်သတင်းစာမှ စစ်သတင်း ထောက် စတီးလ်က ကျွန်တော်တို့အား ပြောပြသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အရေးပေါ်ညီလာခံကလေးမှ စခန်းရှိရာသို့ ပြန် လည်ရောက်ရှိလာသော ကျွန်တော့်အား တပ်ကြပ်ကြီးတစ်ယောက်က ရင်ဆိုင် ရတော့မည့် ရန်သူ့အခြေအနေကို မေးမြန်းလိုက်၏။

ကျွန်တော်က ဗိုလ်ချုပ်ကြီးထံမှ ကြားခဲ့သမျှစကားကို ပြန်၍ ဖောက်သည် ချလိုက်၏။

"ကြားရတာကတော့ စွန့်စားခန်းဝတ္ထု တယ်ဆန်ပါကလား…"

တပ်ကြပ်ကြီးက မှတ်ချက်ချလိုက်လေသည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ည မှောင်ကြီးမည်းမည်းထဲတွင် ကျွန်တော်တို့ ဆက်၍ ချီတက်ခဲ့ကြ၏။ မကြာခဏ လေကြောင်းကင်းထောက် ရောက်ရှိလာ

တတ်သော ဂျပန်များကို လှည့်စားရန်အတွက် တပ်စိတ်တစ်စိတ်ခန့်ကို တပ်ခွဲ စခန်းချသည့် နေရာအနှံ့အပြားတွင် ဖြန့်၍ချန်ထားခဲ့ပြီး တပ်ဖွဲ့တစ်ခုလုံး ဆက်လက် စခန်းချနေသည်ဟု ထင်ရလောက်အောင် မီးများဖိုထားခြင်း၊ အမှိုက်သရိုက်များနှင့် စီးကရက်ဘူးအခွံလွတ်များ၊ အသားဘူး၊ သစ်သီးဘူးအခွံလွတ်များကို တမင်တကာ လိုက်လံစုဆောင်း၍ တစ်နေရာရာတွင် စုပုံထားစေသည်။ ကျွန်တော်တို့တပ်မှ ချီတက်သွားကြောင်း ရန်သူ့လေကြောင်း ကင်းထောက်နှင့် မြေပြင်ကင်းထောက်များက မရိပ်မိစေရန်တည်း။

ရန်သူဂျပန်တို့၏ အမှတ်(၁၈)တပ်မကို နောက်ပိုင်းမှနေ၍ ဝင်ရောက်ထိုးဖောက်ရန်နှင့် ကာမိုင်းလမ်းကို ဖြတ်တောက်ရန်မှာ ကျွန်တော်တို့၏ ပထမ ရည်ရွယ်ချက်ဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့သည် ရန်သူ့လက်ယာတောင်ပံနှင့် ဝေးကွာသော နေရာမှနေ၍ ရန်သူ့ နောက်ပိုင်းသို့ရောက်အောင် ပန်း၍ ချီတက်သွားရမည်ဖြစ်၏။

ခန့်မှန်းချက်အရ ရန်သူနှင့် ဆုံတွေ့ တိုက်ပွဲမဖြစ်ရအောင် ပန်းဝိုက်ချီတက်ရမည့်ခရီးမှာ ၈ ရက်ခန့်ကြာမည်ဟု တွက်ချက်ရပေ၏။ သို့သော် လက်ယာဘက်တောင်ပံတွင် ဖြန့်ထားသော ရန်သူ့တပ်များကို မည်မျှအထိ အရှေ့ဘက်စူးစူးသို့ ချီတက်ရမည်ကို မည်သူမှ မခန့်မှန်းနိုင်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီးမာစီးက တပ်ရင်းတစ်ခုစီမှ ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတပ်စုတစ်စုစီ ရွေးချယ်ကာ ရန်သူ့အခြေအနေကို ထောက်လှမ်းရန် စေလွှတ်လိုက်သည်။ ဤထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတပ်စုများကို အမှတ်(၁)တပ်ရင်းမှ ဆမ်ဝီလ်ဆင်အုပ်ချုပ်သော တပ်စုက ရှေ့ဆောင်ချီတက်ရမည်ဖြစ်၏။

ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတပ်စုများသည် အရှေ့ဘက်စူးစူးသို့ ၁၈ မိုင်အထိ ချီတက်သွားပြီးနောက် အမှတ်(၃)တပ်ရင်းမှ ဝက်စတန် ခေါင်းဆောင်သော တပ်စုကို တောင်ဘက်စူးစူးသို့ စေလွှတ်ကာ ဂျပန်များဖြန့်ထားသော လက်ယာတောင်ပံနှင့် မည်မျှအလှမ်းကွာရာသို့ ရောက်လာပြီကို ထောက်လှမ်းနိုင်းလိုက်၏။

အမှတ်(---)တပ်ရင်းမှ ဗိုလ်ဂရီဆွမ် ဦးစီးသော တပ်စုကိုလည်း ပထမ တပ်စု ထွက်ခွာသွားပြီးနောက် ၂ နာရီခန့်အကြာတွင် ပထမတပ်စုထက်

ပို၍ တောင်ဘက်ကျသောနေရာသို့ ထောက်လှမ်းရန် ထပ်မံစေလွှတ်လိုက်ပြန်သည်။

အမှတ်(၁)တပ်ရင်းမှ ဆမ်ဝီလ်ဆင်ဦးစီးသော တပ်စုသည် အရှေ့ဘက်ဈေးစုးသို့ ဆက်လက်ချီတက်သွားပြီးနောက် တောင်ဘက်သို့ဦးတည်ကာ တန်ဂျာဂါးရွာအထိ ချီတက်သွားမည်ဖြစ်၏။

အကယ်၍ ကြိုတင်သတင်းရထားသည့်အတိုင်း တန်ဂျာဂါးတွင် ဂျပန်များတပ်စွဲထားခြင်းမရှိလျှင် ဆမ်ဝီလ်ဆင်ဦးစီးသော တပ်စုသည် တဝန်မြစ်အထိချီတက်သွားပြီးနောက် မြစ်ကူးရာတွင် လွယ်မည့် ကူးတို့ဆိပ်ကို တင်ကြိုရှာဖွေထားရန် ဖြစ်သည်။ ဝက်စတန်နှင့် ဂရီဆွမ်တို့ ဦးစီးသော တပ်စုများကရန်သူ ဝိုင်းဝန်းပိတ်ဆို့ထားခြင်းကိုခံနေရလျှင် တဝန်မြစ်မှနေ၍ ဖောက်ထွက်နိုင်ရန် အသင့်စီစဉ်ထားခြင်းပေတည်း။

ဆမ်ဝီလ်ဆင်သည် မိုင်ပေါင်း ၃၀ အထိ ချီတက်သွားခဲ့ကြသည်။ သို့သော်ခရီးမတွင်လှ၊ မိမိတို့မရောက်မီ ရန်သူ့ကင်းထောက်အဖွဲ့များ ရောက်ရှိလာကာချုံခိုတိုက်ခိုက်လေမည်လားဟူသော စိုးရိမ်စိတ်ကြောင့် ခြေလှမ်းတိုင်းလှမ်းတိုင်းမျက်စိကိုဖွင့် နားကိုစွင့်၍ လှမ်းနေရသည်မှာ ခရီးကို ဖင့်နွှဲအောင် ပြုလုပ်နေသကဲ့သို့ ရှိချေ၏။

သို့ရာတွင် ဤကဲ့သို့ ဂရုတစိုက် မကြည့်ရှု မစစ်ဆေးဘဲလည်း ချီတက်၍မဖြစ်။ ခြေတစ်လှမ်းမှားလိုက်သည်နှင့် တစ်ပြိုင်နက် တပ်စုတစ်စုလုံးတွင်ပါဝင်သော ရဲဘော်များများ၏ အသက်မှာ ရန်သူဂျပန်များ၏ လက်ထဲသို့ရောက်ပြီးသား ဖြစ်နေပေတော့မည်။

ဆမ်ဝီလ်ဆင်သည် ပထမနေ့အဖို့ ၁၇ နာရီတိုင်တိုင် အသံမကြားအောင်လှုပ်ရှားသွားလာခဲ့ပြီးနောက် မိမိ၏တပ်စုအား ရပ်နားအောင် အမိန့်ပေးလိုက်၏။ လမ်းတစ်ဖက်တစ်ချက်တွင် ကင်းများကိုလည်း အလှည့်ကျ အစောင့်ချထားသည်။

တောလမ်းတောင်လမ်းများမှာ ရုတ်တရက်ကြည့်လျှင် မိမိတို့အဖို့ လုံခြုံစိတ်ချရသည်ဟု ထင်သော်လည်း မိမိတို့နည်းတူပင် ရန်သူကလည်း တောလမ်းတောင်လမ်းများကိုပင် အသုံးပြုကာ ချီတက်လာသောကြောင့် အမှန်စင်စစ်အားဖြင့် ဘေးအန္တရာယ် များလှပေသည်။

အရှေ့ဘက်ဈေးစုးအတိုင်း ရန်သူ့စစ်ကြောင်းများနှင့် မျဉ်းပြိုင်ပြေးကာ

ချီတက်လာခဲ့သော ဆမ်ဝီလ်ဆင်၏တပ်စုသည် မှောင်ကြီးမည်းမည်း၌ တဝင်းဝင်း လက်နေသော မော်တော်ကား ရှေ့မီးများ၊ မော်တော်ကားစက်သံများကို ကြား လာရခြင်းအားဖြင့် ရန်သူ့စစ်ကြောင်းနှင့် နီးလာပြီဖြစ်ကြောင်း သတိပြုမိ၏။

ဒုတိယမြောက်နေ့ တစ်နာရီခွဲအချိန်ခန့်တွင် တိတ်ဆိတ်စွာချီတက်နေသော အဖွဲ့သည် ရုတ်တရက် ပေါ်ထွက်လာသော ရန်သူ့ စက်သေနတ်သံကြောင့် ရောက်သည့်နေရာတွင်ပင် နေရာယူလိုက်ပြီး ရန်သူ့အခြေအနေကို စောင့်၍ နေလိုက်၏။

"နောက်ဘက်ကနေပြီး အတွဲလိုက် ဆွဲနေတဲ့အသံပဲ"

အနားတွင်ကပ်နေသော တပ်ကြပ်ကြီးတစ်ဦးက ထင်မြင်ချက်ပေးလိုက်၏။

ဆမ်ဝီလဆင်က ခေါင်းညိတ်၍ပြလိုက်၏။

ရန်သူ့အဖွဲ့ငယ်ကလေးတစ်ဖွဲ့သည် မိမိတို့ ထောက်လှမ်းရေးတပ်စု ရောက်လာမှန်း မသိဘဲ အထင်နှင့် ရမ်း၍ဆွဲလိုက်သော စက်သေနတ်သံများ ဖြစ်ကြောင်း ဆွမ်က ကောင်းစွာသိလိုက်၏။

ထို့ကြောင့် တပ်စုအား ဆက်လက်ချီတက်ရန် အချက်ပြ၍ အမိန့်ပေးလိုက် လေသည်။

တပ်စုသည် ခေါင်းဆောင်ဖြစ်သူ ဆမ်ဝီလ်ဆင်၏ အမိန့်အရ ဆက်လက် ချီတက်လာခဲ့ရသော်လည်း ရန်သူ့လှုပ်ရှားမှုကို စိုးရိမ်တကြီးနှင့် စောင့်၍ ကြည့်လာကြတော့၏။

ထောက်လှမ်းရေးထွက်လာသော တပ်စုမှာ ရန်သူ့အခြေအနေကို မထောက် လှမ်းနိုင်ဘဲ ရန်သူက မိမိတို့အား မည်သည့်အချိန်တွင် ချုံခိုတိုက်ခိုက်ပါမည်လဲဟု ကြောက်လန့်လာရတော့၏။

မိမိတို့မှာ အဆက်အသွယ်ပြတ်နေပြီ၊ လာရောက်ကယ်မည့်သူလည်းမရှိ တော့ဟူသော အတွေးက ရဲဘော်များအား မိမိတို့အောက်တွင်ရှိနေသော မြေကြီး ပြိုကျသွားလေသည်ဟု ထင်မှတ်ရအောင် ကြောက်အားပိုနေစေသည်။

နောက်ဘက်မှကြားရသော စက်သေနတ်ဆွဲသံမှာ အချိန်များစွာ မကြာ လိုက်။ သို့သော် နောက်ထပ်နှစ်နာရီခန့် ဆက်လက်ချီတက်လာသောအချိန်၌ ပထမအချိန်ကကဲ့သို့သော စက်သေနတ်သံကို ဒုတိယမို ကြားလိုက်ရသောအခါ ရဲဘော်တိုင်းပင် မျက်စိ ဝိုင်းဝိုင်းလည်လာအောင် ကြောက်လာကြလေသည်။

ဆမ်ဝီလ်ဆင်က တပ်စုရဲဘော်များ၏ စိတ်ဓာတ်ကို ထိန်းသိမ်းထား

လိုသော သဘောဖြင့် အနားတွင်ကပ်လျက်ရှိသော တပ်စုတပ်ကြပ်ကြီးအား တီးတိုး သတင်းပေးလိုက်၏။

"ဝက်စတန်ရဲ့ ဂရီဆွမ်တို့ တပ်စုနှစ်စုက ဂျပန်တွေနဲ့ ဝင်ပြီးတိုးနေမိပြီ ထင်တယ်"

တပ်စုတပ်ကြပ်ကြီးက တပ်မှူးဖြစ်သူထံမှ ကြားရသော သတင်းကို တပ်စု တစ်ခုလုံးသို့ လက်ဆင့်ကမ်း၍ ဖြန့်လိုက်၏။ ဝီလ်ဆင် သတင်းဖြန့်လိုက်သည့် အတိုင်း ဖြစ်ပုံပျက်ပုံက မှန်နေလေသည်။

ဝက်စတန်ခေါင်းဆောင်သော တပ်စုသည် အခြားတပ်စုနှစ်စု၏ ခရီးစဉ် အတိုင်း တောင်ဘက်စူးစူးသို့ ဦးလှည့်၍ ဆင်းလာသောအခါ "အင်ဇန်ဂါး" ဟု မြေပုံပေါ်တွင် အမည်ပေးထားသော ရွာကလေးတစ်ရွာကို ခပ်လှမ်းလှမ်းတွင် တွေ့ရ၏။

ရှေ့ဆုံးမှချီတက်နှင့်သော ကင်းထောက်ရဲဘော်က တပ်စုတစ်ခုလုံးကို ရောက်သည့်နေရာတွင် ရပ်တန့်နေရန် လက်ဖြင့် အချက်ပြလိုက်ပြီးနောက် ရွာထဲတွင် ရန်သူရှိ၊မရှိ ရပ်တန့်၍ အကဲခတ် နားစွင့်နေလိုက်၏။

ရွာတွင်းသို့ ရှေးရှုနေသောလမ်းမှာ ခြေသွားလမ်းကလေးမျှသာဖြစ်ပြီး တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ ရှိနေလေသည်။

နောက်ဘက်တွင်ရှိနေသော ဝက်စတန်သည် အသံမကြားအောင် ရှေ့သို့ တက်လာခဲ့၏။ ဒုတိယမြောက် ကင်းထောက်ရဲဘော်ကိုကျော်ကာ ရှေ့ဆုံးမှ ကင်းထောက် တပ်ကြပ်ကလေးထံ ရောက်လာခဲ့သည်။

ကင်းထောက် တပ်ကြပ်ကလေးက တပ်မှူးကလေး ဝက်စတန်အား ရှေ့မှ အသံဗလံများ ကြားရကြောင်း သတင်းပို့လိုက်သည်။

"ဆရာလေး...အရမ်းတော့ ပစ်မထည့်လိုက်နဲ့၊ တရုတ်တပ်တွေ ဖြစ်နေရင် ဒုက္ခများနေမယ်။ ဂျပန်တပ်မှန်း သေသေချာချာသိမှပစ်..."ဟု ညွှန်ကြားချက် ပေးလိုက်၏။

ထောက်လှမ်းရေးတပ်ကြပ်ကလေးက ရန်သူဟုတ်၊မဟုတ် ဆက်လက် စုံစမ်းရန် ချီတက်သွားသည်နှင့် တစ်ပြိုင်နက် တပ်မှူးကလေး ဝန်စတန်နှင့် အဖွဲ့သားများက အရေးကြုံလျှင် ကာပစ်၊ပစ်ပေးနိုင်ရန် အသင့်နေရာယူထား ကြသည်။

ရှေ့မှအသံမကြားအောင် တက်သွားကာ ထောက်လှမ်းရေး တပ်ကြပ်

ကလေးသည် ဆယ်ကိုက်မျှ ချီတက်သွားပြီးနောက် ရပ်တန့်၍နေလိုက်၏။ ဝန်စတန်နှင့် ဒုတိယကင်းထောက် ခေါင်းဆောင်တို့က ပထမကင်းထောက် တပ်ကြပ်ကလေး ရပ်နေရာသို့ တိတ်ဆိတ်စွာ ချီတက်သွားပြီး ကာပစ်ပစ်ပေး ရန် နေရာယူလိုက်ကြ၏။

ထောက်လှမ်းရေးတပ်ကြပ်ကလေးသည် တောလမ်းကွေ့ကလေးရှိသည့် နေရာအထိ လေးငါးလှမ်းမျှ တက်၍သွားလိုက်ပြီးနောက် နောက်သို့လှည့်၍ ဂါတင်းပို့လိုက်၏။

"တရုတ်စစ်သားတွေပဲ ဗိုလ်လေး၊ ကျွန်တော်တို့ကို လက်ယပ်ပြီး ခေါ်နေ တယ်"

ထောက်လှမ်းရေးတပ်ကြပ်ကလေးက စိတ်ချလက်ချ အမူအရာဖြင့် ခပ် ကျယ်ကျယ် သတင်းပို့လိုက်၏။

ထောက်လှမ်းရေးတပ်ကြပ်ကလေး မြင်နေရသော စစ်သားများမှာ ခြေ လှမ်း သုံးဆယ်ခန့်အကွာတွင်ရှိနေပြီး အရှေ့အာရှတိုက်သား ဥပမိရုပ်ကို ဆောင် လျက်ရှိသူများဖြစ်၏။ ပြုံးပြုံးရယ်ရယ်နှင့် လက်ယပ်၍ခေါ်နေသည်ကို တွေ့ မြင်နေရသောကြောင့်လည်း မဟာမိတ်တရုတ်တပ်သားများပင် ဖြစ်သည်ဟု ယုံကြည်နေရသည်။

ထောက်လှမ်းရေးတပ်ကြပ်ကလေးက ရှေ့သို့ တစ်လှမ်း နှစ်လှမ်းမျှ တက်သွားသည့်အချိန်တွင် ခြေလှမ်းသုံးဆယ်အကွာလောက်မှနေ၍ လက်ပြ ခေါ်ငင်နေသောသူများအနက်မှ တစ်ယောက်က လက်ပြရန်အတွက် အပေါ်သို့ မြှောက်၍ထားသောလက်ကို အောက်သို့ချလိုက်သည်နှင့် တစ်ပြိုင်နက် စက် သေနတ်သံများ ရုတ်ခြည်းထွက်ပေါ်လာသည်။

ထောက်လှမ်းရေးတပ်ကြပ်ကလေးသည် ရပ်နေသည့်နေရာပေါ်တွင် လဲကျ သွားသော်လည်း လက်ထဲတွင်ရှိသော သေနတ်ကိုမူ ပစ်ဖြစ်အောင်ပစ်လိုက်သည်။ နောက်မှ ကာပစ်ပစ်ရန် နေရာယူထားကြသော ဝန်စတန်နှင့် ဒုတိယ ကင်း ထောက် ခေါင်းဆောင်တို့ကလည်း အသံလာရာဆီသို့ ပြန်လှန်ပစ်လိုက်ကြ၏။

ထောက်လှမ်းရေးတပ်ကြပ်ကလေးသာ 'မလျှင်'ခဲ့လျှင် ဤနေရာတွင်ပင် အသက်ပျောက်ရပေတော့မည်။ ရန်သူ့ဘက်မှ လှုပ်ရှားသံပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် ရပ်နေသည့်နေရာပေါ်တွင် လှဲချလိုက်သော ထောက်လှမ်းရေး တပ်ကြပ်ကလေးသည် အသက်ဘေးမှ လွတ်ကင်းသွားခဲ့ရ၏။

သို့သော် အခြေအနေ မည်ကဲ့သို့ဖြစ်ပေါ်နေသည်ကို ပက်လက်ကလေး လှန်နေရာမှ ခေါင်းကို အနည်းငယ်ထောင်၍ ကြည့်လိုက်သောအခါ ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော ကျည်ဆန်ထိပ်ဖူးတစ်ခုက ထောက်လှမ်းရေးတပ်ကြပ်ကလေး၏ နှာခေါင်းရိုးကို ရုပ်၍ထိမှန်သွားခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ မိမိအား သေတွင်းနှုတ်ခမ်းဝသို့ ပို့ဆောင်ခဲ့သော ဂျပန်တပ်သားမှာမူ မိမိလက်ချက်ဖြင့် အသက်ထွက်နေပြီဖြစ်ကြောင်းကိုကား ထောက်လှမ်းရေး တပ်ကြပ်ကလေးက တွေ့မြင်လိုက်ရလေသည်။

ဝန်စတန်၏ တပ်စုမှပစ်မှတ်ကို သေသေချာချာ ထိမှန်အောင် ပစ်ခဲ့နိုင်ရုံမက မြန်မြန်ဆန်ဆန်လည်း တိုက်ခိုက်နိုင်သောကြောင့် ဂျပန်တိုက်ကင်းအဖွဲ့သည် ဆုတ်ခွာထွက်ပြေးသွားခဲ့လေသည်။

မိမိ၏တာဝန်မှာ ဖြန့်၍ချထားသော ရန်သူ့တောင်ပံ မည်သည့်နေရာအထိ ရောက်ရှိနေသည်ကို စုံစမ်းရန်ဖြစ်သည့်အလျောက် ဝန်စတန်သည် မိမိ၏ တပ်စုကို ပြန်၍ တပ်ခေါက်လာလေသည်။

ဤသို့ တပ်ခေါက်လာခဲ့ရင်း တောရိပ်တောင်ရိပ်ကို အမှီပြုကာ ထွက်ပြေးသွားကြသော ဂျပန်တို့၏ ခြေသံများကို ကြားနေရလေသည်။

တပ်ဖွဲ့နှင့် ရေဒီယိုအဆက်အသွယ် ပြုလုပ်နိုင်သော ဝန်စတန်က ဖြစ်ပေါ်နေသော အခြေအနေကို သတင်းပို့လိုက်၏။ တပ်ဖွဲ့ဌာနချုပ်က နောက်သို့ပြန်လည်တပ်ခေါက်ပြန်ကာ အမိန့်ပေးနေလေသည်။

ဝန်စတန်စီးသောတပ်စုက ရင်ဆိုင်လာရသော ရန်သူများအပေါ်တွင် အနိုင်ရလိုက်စေကာမူ ကင်းထောက်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြားတပ်စုများမှာ အခြေအနေက အခွင့်မပေးသဖြင့် လေးလံဖင့်နွှဲ၍နေခဲ့ကြရလေသည်။

ဂရီဆွမ်ဦးစီးသော တပ်စုက လာနမ်ဂါးရွာအနီးသို့ ရောက်ရှိလာသော အချိန်မှာ နေကျဲကျဲတောက်ပူနေသော မွန်းတည့်ချိန်ဖြစ်၏။

ခပ်လှမ်းလှမ်းမှနေ၍ ကြည့်လိုက်သောအခါ ရွာထဲတွင် လူသူဟူ၍ မတွေ့ရ။ သို့သော် ရွာရှိရာသို့ ချဉ်းကပ်လာသောအခါ၌ကား အတွဲလိုက် ပေါ်ထွက်လာသော စက်သေနတ်သံများကို ကြားလိုက်ရလေသည်။

ဆမ်ဝီလ်ဆင်ခေါင်းဆောင်သော တပ်စုက ဒုတိယအကြိမ်မြောက် ပေါ်ထွက်လာသော စက်သေနတ်သံများကို ကင်းလှည့်နေရင်း ကြားလိုက်ရခြင်းမှာ ဂရီဆွမ်ခေါင်းဆောင်သည့် တပ်စုကို လာနမ်ဂါးရွာအတွင်းမှ ရန်သူဂျပန်များက

တိုက်ခိုက်လိုက်သောအသံပင် ဖြစ်လေသည်။

ရှောင်တခင်တိုက်ပွဲတွင် ရှေ့ဆုံးမှ ကင်းထောက်ချီတက်နေသော ကင်းထောက် ရဲဘော်တစ်ဦး ကျဆုံးခဲ့ရ၏။ ရွာအတွင်းတွင် ခြေကုပ်ယူထားသော ရန်သူများက တောင်ကုန်းမြင့်မြင့်ပေါ်မှနေ၍ စတင်တိုက်ခိုက်နေခြင်း ဖြစ်လေသည်။ ဤတိုက်ပွဲကလေးတွင် ဗိုလ်ချုပ်ကြီးမာရီး၏ လူကြမ်းတပ်ဖွဲ့မှ တပ်သားတစ်ဦး ကျဆုံးခဲ့ရလေသည်။

ရန်သူများ၏ ဗိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်မှုကို ခံခဲ့ရသော တပ်စုနှစ်ခုသည် တဝန်မြစ်ကူးစခန်းသို့ ကောင်းစွာရောက်ရှိလာပြီးနောက် ဆမ်ဗီလ်ဆင် ခေါင်းဆောင်သော တပ်စုနှင့် ပူးပေါင်းမိကြလေသည်။ ဤသို့ ပူးပေါင်းမိကြခြင်းကပင်လျှင် လက်ယာတောင်ပံ၌ ဖြန့်ထားသော ဂျပန်တပ်များကို ပန်းဗိုက်၍ ချီတက်လာနိုင်သည့် လက်တွေ့စမ်းသပ်ချက် ဖြစ်နေလေသည်။

ထောက်လှမ်းတိုက်ခိုက်ရေး တပ်စုများသည် "စေ"တစ်လုံး ပခုံးတွင် ထမ်း၍လာခဲ့ရသည့်အတိုင်း မိမိတို့တာဝန်ကို ကျေပွန်ခဲ့ကြပြီဖြစ်၏။

သို့ဖြစ်၍ ခရီးဖောက်တွင်း တိုက်ခိုက်ရေးတပ်ဖွဲ့ကြီး တစ်ခုလုံး မည်သို့ မည်ပုံ ချီတက်တိုက်ခိုက်ရမည်ကို ဗိုလ်ချုပ်ကြီး မာရီးရှိရာ ဌာနချုပ်သို့ ညွှန်ကြားချက် တောင်းယူလိုက်၏။

ထောက်လှမ်းတိုက်ခိုက်ရေး တပ်စုများက ပေးပို့လိုက်သော သတင်းများကို စေ့စေ့ငုငု လေ့လာလျက်ရှိသော ဗိုလ်ချုပ်ကြီးမာရီးသည် ရုတ်တရက် ညွှန်ကြားချက် မပေးသေးဘဲ အချိန်ကိုဆွဲ၍ ထားနေလေသည်။

မိမိ၏ ထောက်လှမ်းတွေ့ရှိချက်များကို ကိုယ်တိုင်ကိုယ်ကျ သတင်းပို့လိုက်သော ဆမ်ဗီလ်ဆင်သည် ပင်ပန်းနွမ်းနယ်နေလင့်ကစား၊ အပြေးသန်သော မြင်းနက်တစ်စီးကိုယူ၍ ညဆယ်နာရီအချိန်တွင် ဗိုလ်ချုပ်ကြီးမာရီးရှိရာ ဌာနချုပ်သို့ မြင်းစိုင်း၍ ထွက်လာခဲ့လေသည်။

တောထဲတောင်ထဲ၌ ညဆယ်နာရီဆိုသည်မှာ တောကိုလည်းမမြင်၊ တောင်ကိုလည်း မတွေ့နိုင်သော အချိန်အခါမျိုး ဖြစ်၏။ သို့သော် လွန်ခဲ့သော နှစ်ရက်ခန့်ကပင် ဤလမ်းအတိုင်း တိုက်ကင်းထွက်ခဲ့သောကြောင့် ဆမ်မျက်စိများက ကျင့်သားရနေလေသည်။

ဤမှောင်နှင့်မည်းမည်းထဲတွင် နှစ်ဆယ့်နှစ်မိုင်ခရီးကို မြင်းနှင့် ခရီးနှင်ရခြင်းမှာ ရိုးရိုးအခြေအနေတွင် မည်ကဲ့သို့ ပြဿနာပေါ်ပေါက်စရာ မရှိသော်လည်း

ရန်သူ့နယ်မြေကိုဖြတ်ကာ ချီတက်ရ၏။ အခုလိုအချိန်မျိုး၌ အသက်ကို ဖက်နှင့်ထုပ်၍ထားရသကဲ့သို့ ရှိနေ၏။

အဖော်ဆို၍လည်း စစ်စစ်ပေါက်ပေါက် တပ်သားတစ်ယောက်သာ ပါသည်။ ပါလာသည့်တပ်သားကလည်း လမ်းခရီးကို မကျွမ်းကျင်သောကြောင့် ကြောခဏ နောက်တွင်ကျန်နေရစ်ခဲ့၏။ စောင့်၍စောင့်၍ ခေါ်နေရခြင်းကပင် ငြီးငွေ့စရာအလုပ်တစ်ခု ဖြစ်နေလေသည်။

လွန်ခဲ့သော နှစ်ရက်က တိုက်ကင်းထွက်ခဲ့ရာတွင် ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော စက်သေနတ်သံများကို ကြားခဲ့ရခြင်းအားဖြင့် ဤဒေသ ဤလမ်းတစ်လျှောက်တွင် ရန်သူ့တိုက်ကင်းအဖွဲ့များ သွားလာလှုပ်ရှားလျက် ရှိနေသည်မှာ အလွန်ထင်ရှားလျက်ရှိ၏။

မှောင်ကြီးမည်းမည်းထဲတွင် ပုံတင်ရိုက်နေသော မြင်းနှစ်ကောင်၏ ခွာသံများကိုပင် ရန်သူကိုဖိတ်ခေါ်လိုက်သော အသံများဖြစ်နေလေမည်လားဟု စိုးရိမ်နေရ၏။

စမ်းချောင်းကလေးတစ်ခုကိုဖြတ်၍ ကျော်လိုက်ပြီးနောက် တစ်ဖက်တွင်ရှိနေသော ကမ်းပါးမြင့်မြင့်ကို လှမ်း၍ အတက်လိုက်တွင် ဆမ်သည် ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကို ရုတ်တရက် မခန့်မှန်းနိုင်လောက်အောင် တွေဝေငေးသွားမိလေသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ကိုယ်ခန္ဓာကြီးမှာ ကမ်းပါးစောင်းပေါ်သို့ ရောက်နေသည်ကို တွေ့ရှိရပြီး ခြေထောက်တစ်ဖက်မှာ ခြေနင်းကွင်းထဲ၌ တိုးလိုးတန်းလန်း ဖြစ်၍နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ခြေနင်းကွင်းတွင် စွပ်၍နေသော ခြေထောက်တစ်ဖက်ကို လွတ်အောင် ရုန်းကန်နေစဉ် ခပ်လှမ်းလှမ်းမှ မြည်လွင့်ဟိန်း၍ပေါ်လာသော ကျားနှစ်ကောင်၏အသံကို ကြားလိုက်ရလေသည်။

အသံဗလံကို ကြားရခြင်းအားဖြင့် ကျားနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် မာန်ဖီကာ ရန်ပြုလျက်ရှိနေကြသည်ဟု ထင်ရ၏။

မှောင်နှင့်မည်းမည်းထဲတွင် ခရီးထွက်လာစဉ်က တိုက်ကင်းထွက်နေသော ဂျပန်တပ်များနှင့် တွေ့မည်ကို စိုးရိမ်ကြောင့်ကြလာ၏။ ယခုမှ ဂျပန်ထက်ဆိုးသော ကျားကြီးနှစ်ကောင်ကို မာန်ဖီလျက် တွေ့နေရချေသည်။

ဆမ်သည် ခြေနင်းကွင်းထဲမှ ခြေတစ်ဖက်ကို အတင်းဆောင့်၍ ရုန်းလိုက်

ပြီးနောက် ကမ်းပါးစောင်းပေါ်တွင် မှဆိုးထိုင် ထိုင်ကာ နေရာယူထားလိုက်၏။

မာန်ဖီနေသော ကျားနှစ်ကောင်မှာ ကိုက်သုံးဆယ်ထက်ပို၍ မဝေးဟု တွက်မိ၏။ သို့ရာတွင် မိမိနောက်မှ ခရီးဖော်အဖြစ် လိုက်ပါလာသော တပ်သားမှာမူ စုနစ်ဆယ့်ငါးကိုက်ခန့် အကွာတွင် ကျန်နေရစ်ခဲ့လေသည်တကား။

ခါးကြားထဲတွင် ပစ္စတိုတစ်လက် အသင့်ပါရှိနေပါ၏။ မြင်းကုန်းနှီးပေါ်တွင်လည်း ကာဘိုင်တစ်လက် အသင့်ချိတ်လျက် ရှိနေ၏။

သို့သော်...ရင်ဆိုင်နေရသော ကျားနှစ်ကောင်ကို ပစ်သင့် မပစ်သင့် စဉ်းစားနေရသည်ကပင် အချိန်အတော်ကြာနေစေသည်။

တောထဲတောင်ထဲ မှောင်မည်းမည်း၌ အမေရိကန် ပစ္စတိုနှင့် အမေရိကန် ကာဘိုင်တို့မှ အသံများ ရုတ်တရက် ထွက်ပေါ်လာခြင်းသည် ရန်သူ ဂျပန်များအား မခေါ်ပင့်ချေ...ရောက်လာစေဟု ဂါထာမန္တရား မန်းလိုက်သည်နှင့် တူနေလိမ့်မည်လား။

ဆမ်သည် နောက်မှရောက်လာမည့် အဖော်ကို စောင့်ရင်း အခြေအနေကို အကဲခတ်နေလေသည်။ လူနံ့နှင့် မြင်းနံ့ကို ရသွားသော ကျားကြီးနှစ်ကောင်က မိမိတို့အချင်းချင်း ရန်သတ္တုရမပြုတော့ဘဲ သားကောင်ရှိရာသို့သာ တရွရွ တကြွကြွ လှမ်း၍လာနေကြတော့၏။

ညအမှောင်မည်းမည်းထဲတွင် လေးလုံးသောမျက်စိတို့မှ ထွန်းလင်းနေသော အရောင်များမှာ မီးမောင်းကြီးလေးလုံး ထိုးထားသကဲ့သို့ ရှိနေလေသည်။

ဆမ်သည် မိမိခေါင်းကို စမ်းသပ်၍ ကြည့်လိုက်မိလေသည်။ ခေါင်းပေါ်တွင် သံခမောက်မရှိတော့...။

"ကျားနှစ်ကောင် လူခေါင်းသားနဲ့ ပျော်ပွဲစားနိုင်အောင် အရေးထဲမှာ သံခမောက်ကလည်း ပျောက်နေရပြန်သေးတယ်"

ဆမ်သည် ဤကဲ့သို့ တွေးလိုက်မိပြီး ကာဘိုင်သေနတ်ကို အပေါ်သို့ထောင်၍ ပစ်လိုက်လေသည်။ ရန်ပြုနေသော ကျားနှစ်ကောင်ကို ခြောက်လှန့်ရုံမျှသာတည်း။

ကျားကြီးနှစ်ကောင်က နောက်လှည့်၍ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဆမ်သည် မြင်းကျောပေါ်သို့ တက်လိုက်ကာ ရှေ့သို့ ခရီးနှင်ရန် ဟန်ပြင်လိုက်၏။ ဤအချိန်တွင်မှ နောက်ကလိုက်လာသော တပ်သားရဲဘော်က ဆမ်အနီးသို့ ရောက်ရှိလာလေသည်။

ဂျပန်တိုက်ကင်းအဖွဲ့မှာ မိုင်ဝက်အတွင်း စခန်းချ ရပ်နားနေမည်ဟု တွက်ဆမိသောဆမ်က ကျန်ခရီးကို အပြင်းခုန်းစိုင်း၍လာခဲ့၏။

အရှေ့ဘက်တွင် လင်းအရုဏ်ကျင်းနေပြီ ဖြစ်သော်လည်း တောတနိုတောင်တစ်လျှောက်၌မူ ထူထပ်စွာကျနေသော မြူနှင်းများကြောင့် ရှေ့ ဆယ်ပေခန့် အကွာကိုပင် ထင်ထင်ရှားရှား မမြင်ရသော အချိန်မျိုးဖြစ်၏။

မြင်းကို စက်သတ်၍ ဖြည်းဖြည်းလေးလေး နှင်လာသော ဆမ်သည် မိမိရှေ့တွင် ဒသသမ ၄၅ အော်တိုမက်တစ် သေနတ်ကို မိမိရင်ညွန့်ရှိရာသို့ ပြောင်းလှည့်၍ထားသော အမေရိကန် ထောက်လှမ်းရေးတပ်မှ ဗိုလ်ကလေး တစ်ဦးကို ရုတ်တရက် တွေ့လိုက်ရလေသည်။

အမေရိကန်စစ်ဗိုလ်ကလေးက မိတ်ဆွေလား၊ ရန်သူလားဟု သေသေချာချာ ကြည့်မနေဘဲ အသံကြားရာဆီသို့သာ ပစ်ခတ်တိုက်ခိုက်ခဲ့ပါမူ မိမိနှင့်တကွ နောက်မှပါလာသော တပ်သားပါ အရိုးအသား ရှာမရအောင် အသက်ပျောက်ခဲ့တော့မည်ဟု ဆမ်က တွေးလိုက်မိ၏။

အမေရိကန်စစ်ဗိုလ်ကလေးက ညွှန်ကြားလိုက်သော စကားမှာလည်း ထူးဆန်းသလို ဖြစ်နေပြန်၏။

"ဒီရွာက မြန်မြန်ထွက်သွားပါ"

အမေရိကန်စစ်ဗိုလ်လေးက သံခမောက် ဆောင်းမထားသော ဆမ်၏ဦးခေါင်းနှင့် မျက်နှာကို သေသေချာချာကြည့်ကာ ပြောလိုက်ခြင်းဖြစ်လေသည်။ သည်တော့မှပင် ကျူးနစ်ကောင်နှင့် ရင်ဆိုင်တွေ့စဉ်က မိမိခေါင်းပေါ်မှ သံခမောက် ပျောက်ဆုံးသွားရခြင်းကို ကျေးဇူးတင်၍နေမိလေသည်။

အကယ်၍သာ မိမိခေါင်းပေါ်တွင် သံခမောက်ဆောင်း၍ ပါလာပါက အမေရိကန်စစ်ဗိုလ်ကလေးသည် ရန်သူလား မိတ်ဆွေလား...ဟု ခွဲခြားခြင်း မပြုနိုင်ဘဲ လက်ထဲမှ အော်တိုမက်တစ်သေနတ်ကို မောင်းဖြုတ်၍ ချခဲ့မည်မှာ အမှန်ပင်ဖြစ်သည် မဟုတ်ပါလား...။

ဤနေရာ ဤဒေသ ဤလမ်းတစ်လျှောက်တွင် ဂရီဆွမ်ခေါင်းဆောင်သော တပ်စုက ရန်သူ့တိုက်ကင်းအဖွဲ့များနှင့် ပြိုင်ကာ နေရာယူထားခြင်း ဖြစ်လိမ့်မည်ဟု ဆမ်က တွက်ဆရင်း မြင်းကို ဆက်၍နှင်လာခဲ့၏။

လေးမိုင်လောက်ဆက်၍ ခရီးရောက်လာသည့် အချိန်၌ ကင်းပုန်းဝပ်နေရာမှ ရုတ်တရက်ပေါ်ထွက်လာသော 'ဝက်စတန်'ကိုလည်း တွေ့လိုက်ရပြန်

သည်။

ဝက်စတန်၏ လမ်းညွှန်ချက်အတိုင်း လိုက်၍လာသောအခါ ဗိုလ်ချုပ်ကြီး မာရီး စခန်းချလျက်ရှိသော ဌာနချုပ်ကို တွေ့ရှိရ၏။

ဗိုလ်ချုပ်ကြီး မာရီးသည် ဆမ်အား ရွှင်ရွှင်ပြုံးပြုံး လက်ခံကြိုဆိုပြီးနောက် မြေပုံတစ်လိပ်ကို စားပွဲပေါ်တွင် ဖြန့်ခင်းလိုက်လေသည်။

ဆမ်က မိမိတိုက်ကင်းလှည့်လာခဲ့စဉ် တွေ့ရှိရသမျှ ရန်သူ့အခြေအနေကို မြေပုံပေါ်တွင် လက်ညှိုးထောက်၍ ရှင်းလင်းသတင်းပို့လိုက်၏။

သတင်းပို့ချက် အပြည့်အစုံကို မြေပုံပေါ်တွင် ထောက်၍ နားထောင်နေပြီးနောက် ဗိုလ်ချုပ်ကြီး မာရီးက စကားဆိုလိုက်လေသည်။

"ဆမ်...မောင်ပို့တဲ့သတင်းက ကျုပ်တို့အတွက် အင်မတန် တန်ဖိုးရှိတဲ့ သတင်းပဲ၊ ဒါပေမယ့် မောင်ရင့်ကို ဌာနချုပ်မှာ ကြာကြာထားလို့တော့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ရင့်တပ်စုက ရဲဘော်တွေက မောင်ရင့်ကို မျှော်နေကြရော့မယ်၊ ရန်သူ့သတင်း အတိအကျကို မိမိရရ သိရအောင် ထပ်ပြီး ထောက်လှမ်းဖို့က မောင်ရင့်တာဝန်ပဲ"

ဆမ်သည် ဗိုလ်ချုပ်ကြီး မာရီးအား အလေးပြုလိုက်ပြီးနောက် ဌာနချုပ်စခန်းအတွင်းမှ ထွက်၍လာခဲ့၏။

တိုက်ကင်းထွက်စဉ်က တစ်ကြိမ်၊ ယခု သတင်းပို့ရန် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ဘေးမသီ ရန်မခဘဲ လာခဲ့ရသောလမ်းကို ယခု တတိယအကြိမ်၌ ယခင်အခါများကဲ့သို့ ဘေးကင်းရန်ကင်း ပြန်သွားမှသွားနိုင်ပါမည်လားဟု ဆမ်က စဉ်းစားမိလိုက်၏။

ဤသို့ စဉ်းစားရင်းပင် အဖော်ခေါ်လာသော ရဲဘော်ကို လေချွန်၍ ခေါ်လိုက်သည်။ ပြီးမှ မြင်းနက်ကြီးပေါ်သို့ လွှားခနဲ ကျော်၍တက်လိုက်၏။

တတိယအကြိမ်မြောက် အပြန်ခရီးတွင် ရန်သူ ဂျပန်များက လမ်းမှ ချုံခိုကာ စောင့်ကြို၍ တိုက်လေမည်လား...

'ဆမ်'သည် စိတ်တထင့်ထင့်နှင့်ပင် မိမိတပ်စုရှိရာသို့ ပြန်လာခဲ့ရလေသည်။

◆

( ၄ )

## ဂျပန်ဗိုလ်ချုပ်ကြီး...တနေ့ါ

နှစ်ရက်တိတိထပ်၍ ချီတက်လာသောအခါ ကျွန်တော်တို့သည် တန်ဂျာဂါး သို့ အလုံးအရင်းဖြင့် ရောက်ရှိလာခဲ့ကြ၏။

ဆမ်ဗီလ်ဆင် ဦးစီးသော တပ်စုနှစ်စုကို တဝမ်မြစ်သို့အရောက် ကင်းများ ဖြန့်ချထားလိုက်ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျွန်တော်တို့သည် တဝမ် မြစ်ကို ဖြတ်၍ ကူးကြ၏။

လမင်းက ထိန်ထိန်သာနေသည်။

တဝမ်မြစ်သည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းထိ တစ်မိုင်မျှ အပြော ကျယ်သော်လည်း ဤအချိန် ဤရာသီမှာ ရေနည်းသောအခါရာသီ ဖြစ်သည့် အလျောက် သဲသောင် စီးခုံများ ပေါ်ထွန်းနေကာ ရေကလည်း ခန်းလုမတတ် ရှိနေသည်။

သို့ဖြစ်၍လည်း ရေအနက်ဆုံးနေရာမှာ ခါးလောက်အထိသာ ရှိနေသည်။ သစ်ပင်ရိပ်များကြောင့် မှောင်ရိပ်ကျနေသော နေရာများ၌ တပ်မတော်သားများ လမ်းမှား၍ မသွားစေရန် ထင်ရှားသောမှတ်တိုင်များကိုလည်း စိုက်ထူ၍ လမ်းပြ ထားသည်။ ဝန်တင်လားနှင့် မြင်းများ လမ်းလွဲ၍မသွားစေရန် ပြုလုပ်ထားခြင်း ပင်တည်း။

တဝမ်မြစ်ကို အလုံးအရင်းဖြင့် ဖြတ်ကူးကြပြီးနောက် သုံးရက်ဆက်၍ ချီတက်လိုက်သောအခါ ဤအရပ်ဒေသတွင် (တနိုင်း)ဟု အမည်တွင်သော ချင်းတွင်းမြစ်မကြီးသို့ ရောက်ရှိလာခဲ့ကြ၏။

မြစ်ရေကလည်း ကြည်လင်လှသည်။ ကမ်းတစ်ဖက်နှင့် တစ်ဖက်ကလည်း အပြောကျယ်လှ၏။ ရေအောက်တွင်ရှိနေသော သဲနှင့် ကျောက်တုံးကျောက်ခဲများကို အတိုင်းသားမြင်နေရ၏။ ကမ်းတစ်ဖက်တစ်ချက်တွင် ထူထပ်သော တောများလည်း ရှိနေလေသည်။

ချင်းတွင်းမြစ်ကမ်းနဖူးသို့ ရောက်ရှိလာခြင်းသည်ပင်လျှင် ရန်သူ့ စစ်ကြောင်း နောက်ဘက် ၁၅ မိုင်ကွာအထိ ထိုးဖောက်ဝင်ရောက်လာခဲ့ခြင်း မည်ပေ၏။ အဘယ်ကြောင့်ဆိုသော် ချင်းတွင်းမြစ်ဝှမ်း အနောက်ဘက်ဒေသတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိနေသောကြောင့်တည်း။

တန်ဂျာဂါးတွင် လေကြောင်းမှ လာရောက်ချပေးသော ရိက္ခာများကို ရရှိခဲ့ပြီးနောက် ယခု ချင်းတွင်းသို့ အရောက်တွင်လည်း လေကြောင်းမှ လာရောက်ချပေးသော ရိက္ခာများကို ရရှိပြန်၏။ ရှေ့အဖို့တွင် ရန်သူနှင့် နီးကပ်လာပြီ ဖြစ်သည့်အလျောက် လေကြောင်းမှ ရိက္ခာချပေးရန် ယခင်ကလို လွယ်ကူတော့ မည် မဟုတ်။

အာသံပြည် ဒင်ဂျန်လေယာဉ်ကွင်းဆီမှ ပျံသန်းရောက်ရှိလာသော ရိက္ခာပို့ ဒါကိုတာ လေယာဉ်ကြီးများကို တွေ့မြင်နေရခြင်းမှာ တောနက်ခေါင်ခေါင်သို့ ရောက်နေရသော ကျွန်တော်တို့ရဲဘော်များအဖို့ ပြင်ပကမ္ဘာကြီးနှင့် အဆက်အသွယ်ရှိနေပါသေးကလား ဟူသော အသိကို ပေးနေသောကြောင့် စိတ်ဓာတ်တက်ကြွစရာဖြစ်၏။ အစိမ်း၊ အပြာ၊ အဝါ အရောင်မျိုးစုံဖြင့် တဖြည်းဖြည်း တလှုပ်လှုပ် ကျဆင်းလာသော လေထီးများကို ကြည့်နေရသည်မှာလည်း စိတ်အားတက်ဖွယ်ရာပင် ဖြစ်သည်။

ဆေးဝါးများ၊ ရိက္ခာများ၊ ခဲယမ်းမီးကျောက်များကို လေထီးဖြင့် ချပေးသော်လည်း ဝန်တင် တိရစ္ဆာန်များအတွက် ရိက္ခာများကိုမူ လေထီးမပါဘဲ အသားလွတ် ချပေးသောကြောင့် အောက်တွင်ရှိသော ရဲဘော်များက အပေါ်မှ ကျလာသော ရိက္ခာအိတ်များကို ကြည့်၍ လွတ်အောင်ရှောင်ကြရ၏။

ရိက္ခာကောက်သည့် အလုပ်မှာလည်း ပျော်စရာကောင်းသည်နှင့်အမျှ ရန်သူ၏ မမျှော်လင့်ဘဲ တိုက်ခိုက်မှုကို စိုးရိမ်နေရသည့်အချိန်လည်း ဖြစ်၏။ ဖြန့်၍

ချထားသော တပ်ရင်းများကို ကွင်းပြင်ကျယ် တစ်နေရာတွင်စုကာ ရိက္ခာကောက်ရခြင်း၊ ရိက္ခာဖြန့်ဝေရခြင်းမှာ ရန်သူ့အတွက် ထွက်၍တိုက်ရန် အကောင်းဆုံးသော ပစ်မှတ်ကြီး ဖြစ်နေသည် မဟုတ်ပါလား။

ရိက္ခာကောက်သည့်နေရာသို့ တောင်ရိုးတောင်တန်းများပေါ်တွင် ဟိုတစ်စုသည်တစ်စု ပြန့်ကျဲလျက်ရှိသော ရွာငယ်ကလေးများမှ ကချင်အမျိုးသားများ ရောက်ရှိလာတတ်၏။ သူတို့နှင့်အတူပါလာသော ကြက်များ ကြက်ဥများကို ကျွန်တော်တို့က လေထီးဖြင့်ချပေးသော ရိက္ခာများဖြင့် လဲလှယ်ကာ စားသောက်ကြ၏။ လေထီးစများကိုမူ ကျေးရွာသားများအား လက်ဆောင်အဖြစ် ပေးကမ်းကြသည်။

သို့ဖြစ်၍လည်း ကျွန်တော်တို့အဖို့ ရွာခံဒေသမှ ရွာသားများနှင့် ချစ်ခင်ရင်းနှီးမှုရရှိသော ကျွန်တော်တို့အလိုရှိသော ရန်သူ့သတင်းပလင်းများကိုလည်း အထိုက်အလျောက် ရရှိစုဆောင်းနိုင်ခဲ့လေသည်။

ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနှင့် သဘောကောင်းလှသော ကချင်အမျိုးသားများမှာ ကျွန်တော်တို့တပ်ဖွဲ့သားအတွက် ယုံကြည်စိတ်ချရသော လမ်းပြများ၊ အားကိုးရသော အထမ်းသမားများ ဖြစ်လာကြတော့၏။

တောင်ပေါ်ရှိ ကချင်ရွာများကိုဖြတ်၍ ချီတက်သွားရသည်မှာ မိမိတို့ရပ်ရွာဒေသသို့ ပြန်လည်ရောက်ရှိနေသကဲ့သို့ ထင်မှတ်ရ၏။ ကချင်ယောက်ျား၊ မိန်းမ အားလုံးပင် ကျွန်တော်တို့ တပ်ဖွဲ့သားများအပေါ်၌ ပျူပျူငှာငှာ ဆက်ဆံကြ၏။ အတိုချုပ်၍ ဆိုရသော် ကျွန်တော်တို့သည် ရန်သူ့နယ်မြေထဲသို့ ရောက်ရှိလာခဲ့ပြီဖြစ်သော်လည်း ကျွန်တော်တို့ကို အကူအညီပေးမည့် မဟာမိတ်များကို တွေ့နေရခြင်းပင်တည်း။

အင်္ဂလိပ်များက ရာနှင့်ချီ၍ အင်အားကောင်းသော ကချင်ဝန်ထမ်းတပ်ဖွဲ့များကို တောင်တန်းများပေါ်တွင် အသင့်ဖွဲ့ပြီး ဖြစ်နေသလို၊ လေထီးဖြင့် ချပေးခဲ့သော ကျွန်တော်တို့ဘက်တော်သား အချို့ကလည်း ရဲစိတ်သမျှသော ကချင်များကို စုစည်း၍ လက်နက်တပ်ဆင်ပေးကာ ထောက်လှမ်းရေးအဖွဲ့သားများ အဖြစ် အသုံးပြုနေသည်ဖြစ်၏။

ကချင်အမျိုးသားများမှာ ဘိုးစဉ်ဘောင်ဆက်ကစ၍ တောလိုက်ရာ၌ တစ်ဖက်ကမ်းခတ်သူများဖြစ်ရာ ရန်သူ့အား ထောက်လှမ်းရာ၌လည်းကောင်း၊ ချုံခိုတိုက်ခိုက်ရာ၌လည်းကောင်း များစွာကျွမ်းကျင်သူများ ဖြစ်လေသည်။ အချို့သော

ကချင်တပ်သားများမှာ အသက် ၁၂ နှစ်ပင် ကျော်ဟန်မတူ၊ ကျွန်တော်တို့ထံမှ ရရှိသော ခေတ်မီလက်နက်အချို့နှင့် ခေတ်မမီတော့သော တူမီးသေနတ်များကို ကိုင်ဆောင်ကာ ရဲရဲဝံ့ဝံ့ ရွှန်ရွှန်းစားစား သွားလာလှုပ်ရှားနေသော ကချင် ထောက်လှမ်းရေး တပ်သားများကို ကြည့်ရင်း အင်္ဂလိပ်စာပေတွင် နာမည်ကျော်ခဲ့သော တောပုန်းကြီး ရော်ဘင်ဟုနှင့် အပေါင်းပါများကို ပြေး၍ သတိရနေမိလေသည်။

ကျွန်တော်တို့တပ်ဖွဲ့တွင် ဗိုလ်ကြီးအဆင့်အတန်းရှိသူများ၏ အီဗန်ဒါလင်တန်က အင်္ဂလိပ်အမျိုးသားတစ်ဦး ဖြစ်သည့်အလျောက် မြန်မာပြည်မြောက်ပိုင်းရှိ တိုင်းရင်းသားများနှင့် ဆက်ဆံရာတွင် ပြေပြစ်ချောမောမှုရှိအောင် ဆောင်ရွက်နေသောကြောင့်လည်း ကျွန်တော်တို့၏ စစ်ရိုစစ်တက်ကိစ္စတွင် ကချင်လက်နက်ကိုင် ထောက်လှမ်းရေးအဖွဲ့ကလေးများကို ရရှိနိုင်အောင် ဆောင်ရွက်ပေးခဲ့၏။ ကချင်များသည် တောကျွမ်းသည့်အလျောက် ကျွန်တော်တို့အား လမ်းပြရာတွင် ပိရိသေသပ်လှသည်။ သို့ဖြစ်၍လည်း ကျွန်တော်တို့သည် ကချင်လမ်းပြများ၏ အကူအညီကို အမြဲတမ်းလိုလို ရယူခဲ့ကြလေသည်။

ဗိုလ်ကြီးဒါလင်တန်မှာ အသက် ၃၀ ထက် ကြီးပုံမပေါ်။ သို့သော် စစ်ဖြစ်လေသည့်အချိန်အထိ မြန်မာပြည်မြောက်ပိုင်းတွင် အင်္ဂလိပ်အရာရှိတစ်ဦးအဖြစ် အမှုထမ်း ဆောင်ရွက်ခဲ့သောကြောင့် ကချင်စကား ရေရေလည်လည် ပြောနိုင်ကာ ကချင်အမျိုးသားတစ်ယောက်ကဲ့သို့ပင် နယ်မြေအနေအထားကို သိကျွမ်းနားလည်နေသူ ဖြစ်သည်။

သူသည် ဟူးကောင်းတောင်ကြားရှိ မိုင်းကွမ်ရွာကြီးတွင် ၅ နှစ်တိတိ နေထိုင်ခဲ့သူဖြစ်၍လည်း ကျွန်တော်တို့တပ်ဖွဲ့အဖို့ မရှိလျှင် မဖြစ်သော ဆက်သွယ်ရေးအရာရှိ ဖြစ်လာခဲ့၏။

ယူနန်မှ ဆင်းလာသော တရုတ်တပ်များကလည်း မိုင်းကွမ်သို့အရောက် ချီတက်လာမည်ဖြစ်ရာ ဗိုလ်ကြီးဒါလင်တန်၏ ရှေ့ဆောင်လမ်းပြမှုက များစွာ အရေးပါ အရာရောက်လျက် ရှိနေပေသည်။

ဂျပန်များ မြန်မာပြည်မြောက်ပိုင်းသို့ တက်ရောက်တိုက်ခိုက်လာသည့်အချိန်တွင် နိုင်ငံရေးအရာရှိအဖြစ် အမှုထမ်းဆောင်နေသော ဒါလင်တန်သည် ဇနီးဖြစ်သူနှင့်အတူ ၁၅ ရက်သာရှိသေးသော မွေးကင်းစသမီးကလေးကို ပွေ့ချီ၍ အိန္ဒိယပြည်သို့ ထွက်ပြေးလာခဲ့ရလေသည်။

မဟာမိတ်များက မြန်မာပြည်အတွင်းသို့ ပြန်လည်ထိုးစစ်ဆင်သည့်အချိန်

တွင် ဗိုလ်ကြီး ဒါလင်တန်သည် ချန်ကေရှိတ်၏ တရုတ်တပ်များက ကချင်ရပ်သူရွာသားများအား ညှဉ်းပန်းနှိပ်စက်မှု မပြုနိုင်အောင် တတ်နိုင်သမျှ ကာကွယ် တားဆီးပေးနေခဲ့၏။

ဒါလင်တန်၏ ညီဖြစ်သူမှာ ကချင်အမျိုးသမီးတစ်ဦးကိုပင် ဇနီးအဖြစ် အိမ်ထောင်ပြုထားလေသည်။ သို့ဖြစ်၍လည်း ကချင်အမျိုးသားများက ဒါလင်တန်အပေါ်တွင် ယုံကြည်ကိုးစားမှုဖြစ်နေခြင်းမှာ မထူးဆန်းတော့။ မြန်မာပြည်မြောက်ပိုင်းမှ တောင်ဘက်သို့ ဆင်း၍လာသည့်အချိန်တွင် ဗိုလ်ကြီးဒါလင်တန်အား တောင်ပေါ်ကချင်ရွာများက ကြိုဆိုဧည့်ခံကာ လိုအပ်သမျှ အကူအညီများကို ပေးခဲ့ကြလေသည်။ ဒါလင်တန်သည် သူကိုယ်တိုင်က တောကျွမ်းသော လမ်းပြတစ်ဦးဖြစ်ရုံမက အခြားသောလမ်းပြများကိုလည်း ရရှိအောင် စည်းရုံးပေးနိုင်သည်။

ဤအရပ်ဒေသတွင် တနိုင်းဟုခေါ်သော ချင်းတွင်းမြစ်ကမ်းနဖူးရှိ တောထဲတွင် ကျွန်တော်တို့တပ်ဖွဲ့က လေကြောင်းမှ လာရောက်ပို့ဆောင်မည့် ရိက္ခာနှင့် လက်နက်များကို စောင့်ဆိုင်းနေစဉ် ဗိုလ်ချုပ်ကြီးမာရီးက တပ်မဏ္ဍိုးများကို ခေါ်ယူ၍ ဆွေးနွေးပွဲပြုသည်။ ဤဆွေးနွေးပွဲတွင် တပ်မှူးအားလုံးကို တိုက်မိန့်ပေးလိုက်၏။ ဤသို့ တိုက်မိန့်ပေးလိုက်ခြင်းမှာ ဗိုလ်ချုပ်ကြီး စတီးဝဲလ်ထံမှ ရောက်ရှိလာသော ညွှန်ကြားချက်အရ ဖြစ်လေသည်။

ကျွန်တော်တို့တပ်ဖွဲ့သည် ဝါလောဘွမ်သို့ တတ်နိုင်သမျှ အမြန်ဆုံး ချီတက်လာပြီးနောက် ဂျပန်တပ်များကို လမ်းမှနေ၍ ဆီးဆို့တိုက်ခိုက်ရမည်ဟူသော ညွှန်ကြားချက်ပင်တည်း။

ကျွန်တော်တို့ကသာ ဝါလောဘွမ်သို့ အပြင်းချီတက်ရန် အစီအစဉ်များပြုလုပ်နေသည်။ ဂျပန်တပ်မဌာနချုပ်ကမူ ကျွန်တော်တို့တပ်ဖွဲ့က သူတို့၏ စစ်ကြောင်းကို ပန်းဝိုက်ကာ ချီတက်လာကြောင်း လုံးဝမသိဟု မြန်မာပြည် တိုက်ပွဲစဉ် ပြီးဆုံးပြီးနောက် ကျွန်တော်တို့ ကြားသိခဲ့ရလေသည်။

ဂျပန်တပ်မဌာနချုပ်က ကျွန်တော်တို့တပ်ဖွဲ့ ဆီးဆို့ တိုက်ခိုက်ရန် နေရာယူထားကြောင်း မသိရှိခဲ့ခြင်းမှာလည်း ဆက်သွယ်ရေး အခက်အခဲများကြောင့်ပင် ဖြစ်လေသည်။

သို့သော် မကြာမီကပင် ဂျပန်ဗိုလ်ချုပ်ကြီး "တနခါ"သည် ကျွန်တော်တို့တပ်ဖွဲ့ ဝါလောဘွမ်သို့ ရောက်ရှိပြီးနောက် သူ၏ စစ်ကြောင်းနောက်ဘက်တွင်

ဆီးဆို့ကာ နေရာယူထားကြောင်း သတင်းရရှိခဲ့၏။

ဝါလောဘွမ်တိုက်ပွဲနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီး စတီးဝဲလ်က သူ၏ စစ်မှတ်တမ်းစာအုပ်တွင်...

"တနင်္ဂါသည် အမှတ် ၅၃၀၇ ၏ ချိတက်တိုက်ခိုက်မှုကို အသင့်စောင့်၍ နေခဲ့သည်။ ယူနန်မှ ဆင်းလာသော အမှတ်(၂၂)နှင့် (၃၈)တရုတ်တပ်မများက ဖြည်းနှေးလေးကန်စွာ ချိတက်လာသဖြင့် ဂျပန်နောက်ရံတပ်လောက်နှင့်ပင် ဟန့်တား၍ထားပြီး အမေရိကန်တပ်ကိုမူ အမှတ်(၁၈) ဂျပန်တပ်မဖြင့် အား သွန်၍ မီးကုန်ယမ်းကုန် တိုက်ခိုက်ချေမှုန်းမည်"ဟု ရေးသားထားခဲ့လေသည်။

ဗိုလ်ချုပ်ကြီးမာရီးက တပ်မှူးအားလုံးကို တိုက်မိန့်ပေးလိုက်သည်နှင့် တစ် ပြိုင်နက် တပ်မှူးအသီးသီးသည် ရှေ့သို့ မည်ကဲ့သို့ ချီတက်ကာ ရန်သူကို မည်ကဲ့သို့ ချေမှုန်းမည့်အရေးကို ဆက်လက်ဆွေးနွေးကြ၏။

ရှမ်းနှင့်ဆင် လယ်ပြင်တွင်တွေ့သည်ဟူသော စကားအတိုင်း မိမိတို့တပ်ဖွဲ့ နှင့် ရန်သူများအား မျက်နှာချင်းဆိုင်၍ ပြိုင်ဆိုင်တိုက်ခိုက်ရမည့် ဒေသမှ 'နမ့်ပတ်ခ'ချောင်းတစ်လျှောက်တွင် ဖြစ်မည်ဟု တပ်မှူးအသီးသီးက တစ်သဘော တည်း ထင်မြင်ချက်ပေးကြ၏။

နမ့်ပတ်ခသည် တနိုင်းဟုခေါ်သော ချင်းတွင်းမြစ်အတွင်းသို့ မြောက်ဘက် မှနေ၍ တိုက်ရိုက်စီးဝင်လာသော လက်တက်ဖြစ်လေသည်။

နမ့်ပတ်ခ ချောင်းတစ်လျှောက်တွင်ရှိသော ကျေးရွာများကို မြောက်ဘက်မှ နေ၍ တောင်ဘက်သို့ ရှုကြည့်လိုက်လျှင် ဝါစုဂါး လဂန်ဂါး...ဝါလောဘွမ် တည်းဟူသော ရွာသုံးရွာကို တွေ့ရမည်ဖြစ်၏။

တစ်ရွာနှင့်တစ်ရွာသည် နမ့်ပတ်ခချောင်းအပေါ်၌ မိုင်အနည်းငယ်စီ ခြား ၍ တည်ရှိနေလေသည်။

တောင်ဘက်အကျဆုံး ရွာဖြစ်သော ဝါလောဘွမ်သည် နမ်ပတ်ခချောင်း ကမ်းနဖူး၌ ရပ်တည်နေသည်သာမက ကားမိုင်းသို့ ရှေးရှုနေသော လမ်းပေါ် တွင်လည်း ရပ်တည်လျက်ရှိနေလေသည်။

ကားမိုင်းမှလာသောလမ်းသည် ဝါလောဘွမ်ကို အနောက်ဘက်မှနေ၍ ဆက်စပ်လျက်ရှိပြီးနောက် ဝါလောဘွမ်မှ လွန်သော် တောင်ဘက်သို့ ဒီဂရီ ၉၀ တိတိစောင်းကာ ဆက်လက်ရှေးရှုနေပြန်၏။ ဤကား ဝါလောဘွမ်၏ နယ်မြေအနေအထားတည်း။

ဤနယ်မြေအနေအထားပေါ်တွင် မူတည်ကာ ချီတက်ရမည့် တပ်ဖွဲ့အသီးသီးအား ညွှန်ကြားချက်ပေးလိုက်၏။

ရှေ့ဆောင်တပ်အဖြစ် ချီတက်မည့် အမှတ်(၃)တပ်ရင်းသည် လဂန်ဂါးရွာကိုဖြတ်လျက် ဝါလောဘွမ်သို့ ရှေးရှုချီတက်နေစဉ် အမှတ်(၂)တပ်ရင်းက လဂန်ဂါးရွာသို့ မရောက်မီ အနောက်ဘက်စူးစူးသို့ ရှေးရှု၍ ဝါစုဂါးရွာကိုဖြတ်လျက် ချီတက်ပြီးနောက် နမ့်ပတ်ခချောင်းကိုကူးကာ ဝါလောဘွမ်သို့ ကာမိုင်းမှနေ၍ ရောက်နိုင်သောလမ်းကို ဝါလောဘွမ်မှ သုံးမိုင်အကွာတွင် နေရာယူ၍ တက်လာမည့် ရန်သူကို ဆီးကြိုတိုက်ခိုက်ရမည်။

အမှတ်(၁)တပ်ရင်းကမူ ဝါလောဘွမ်သို့ ရောက်ရှိနိုင်သော တောလမ်းတောင်လမ်းမှန်သမျှတွင် အစောင့်အနေချထားပြီးနောက် တပ်ကူအဖြစ် အသင့်နေစေရမည်။

ဤညွှန်ကြားချက်အရ ရှေ့ဆောင်တပ်ဖွဲ့အဖြစ် ချီတက်ရမည့် အမှတ်(၃)တပ်ရင်းကို ရိက္ခာဖြန့်ဝေပြီးသည်အထိ စောင့်ဆိုင်းမနေစေတော့ဘဲ ရမိသမျှသော တစ်ရက်စာရိက္ခာမျှဖြင့်ပင် ဝါလောဘွမ်သို့ ချီတက်စေသည်။

တိုက်ပွဲက အရေးကြီးနေသည့်အလျောက် ကျွန်တော်တို့သည် စားနပ်ရိက္ခာများကို စုံစုံစေ့စေ့ မကောက်နိုင်တော့ဘဲ ကသုတ်ကရက်နှင့် ရုတ်တရက် ချီတက်ခဲ့ရလေသည်။ ချင်းတွင်းမြစ် သဲသောင်များအပေါ်တွင် မကောက်နိုင် မသိမ်းနိုင်ဘဲ ကျန်နေရစ်ခဲ့သော ရိက္ခာထုပ်များမှာလည်း အများအပြား။ စစ်ဆိုသည်ကား ဤကဲ့သို့ ရေးကြီးသုတ်ပျာ ချီတက်ရသော အရေးအခင်းပင် မဟုတ်ပါလား။

ချင်းတွင်းသို့မရောက်မီ လွန်ခဲ့သော နှစ်ရက်ခန့်က ကင်းထောက်ထွက်လာသော ဂျပန်တောတက်ရာဘာဖိနပ်များ ခြေရာကို တွေ့ရှိခဲ့ရခြင်းအားဖြင့် ရန်သူဘက်ကလည်း ကျွန်တော်တို့တပ်ဖွဲ့ ချီတက်လာသည့်သတင်းကို အနံ့ရထားပြီး ဖြစ်မည်မှာ သေချာလှသည်။

အမှတ်(၃) တပ်ရင်းနှင့်အတူ ချီတက်လိုက်ပါသွားသော ဗိုလ်ဆင်မှာ ခြေလျင်ချီတက်မှုတွင် သိပ္ပံနည်းကျကျ စေ့စပ်သေချာလှသည်ဖြစ်၍ လဂန်ဂါးရွာသို့ မရောက်မီ မိုင်ဝက်ခန့်အလိုတွင် ရန်သူဘက်မှ အတွဲလိုက်ပစ်ခတ်လိုက်သော စက်သေနတ်သံများ ပေါ်ထွက်လာလေသည်။ သူ၏တပ်စုကို ချက်ချင်းနေရာယူ ခိုင်းလိုက်သည်။ အဖွဲ့ကလေးနှစ်ဖွဲ့ကို ဘယ်နှင့် ညာတောင်ပံမှနေ၍ စေလွှတ်လိုက်သည်။

ချီတက်သွားသော အစုနှစ်စုသည် ကိုက် ၃၀ ခန့်အရောက်တွင် အင်္ဂလိပ်စာလုံး S. သဏ္ဌာန်ရှိသော ရန်သူ့စက်သေနတ်စခန်းကို တွေ့မြင်ကြရ၏။

ဆမ်ဗီလ်ဆင်၏ ရဲဘော်ရဲဘက်များကဲ့သို့ပင် နားပါသော ရန်သူသည် ဘေးမှ နှစ်ဖက်ညှပ်၍ အတိုက်အခိုက်ခံရမည်ကို သိရှိလာသဖြင့် စောစောစီးစီးပင် ဆုတ်၍သွားခဲ့လေသည်။

အတွေ့အကြုံကြောင့် အသိဉာဏ်ကြွယ်နေသော ဆမ်ဗီလ်ဆင်က ရုတ်ခြည်း ဆုတ်ခွာသွားသော ရန်သူ့တိုက်ကင်းအဖွဲ့သည် မြေအနေအထား ကောင်းသည့်နေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မိမိတို့အား ဆက်လက်တိုက်ခိုက်ဦးမည်ကို တွက်ချက်မိပြီးသားဖြစ်၏။

ဤသို့ တွက်ချက်မိသည့်အတိုင်းလည်း ရန်သူ့ တိုက်ကင်းအဖွဲ့၏ ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရပြန်သည်။ မည်သို့ပင်ဖြစ်စေ ကြိုတင်တွက်ချက်ပြီးဖြစ်၍ ရန်သူ၏အခိုက်ဖမ်းခြင်းကို ခံရခြင်းမရှိ။ ဆမ်ဗီလ်ဆင်သည် ရှေ့ပြေးချီအဖွဲ့ငယ်ကလေးများအား တိုက်ပွဲတစ်ပွဲလျှင် တစ်ဖွဲ့ကျ တာဝန်ပေးပြီး သွေးရဲလာအောင် သိဒ္ဓိတင်ပေးနေလေသည်။

ရန်သူက နောက်သို့ဆုတ်ခွာရင်း ဆင့်ကဲဆင့်ကဲ ခုခံနေခြင်းမှာ မိမိတို့၏ချီတက်မှုကို နှေးကွေးအောင် ဖန်တီးနေခြင်းသာ မဟုတ်ကြောင်း ဗီလ်ဆင်က နားလည်လာလေသည်။

ရန်သူတိုက်ကင်းအဖွဲ့၏ ဆင့်ကဲဆင့်ကဲခုခံမှုကြောင့် ချီတက်မှုနှေးကွေးခဲ့ရသည့်အလျောက် ဗီလ်ဆင်ဦးစီးသော တပ်စုသည် လဂန်ဂါးရွာအဝသို့အရောက်တွင် အမှတ်(၃)တပ်ရင်း ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

အမှတ်(၃)တပ်ရင်းမှ တပ်မှူးနှင့် ဗီလ်ဆင်တို့သည် ဝါလော့ဘွမ်သို့အရောက် မည်သို့ချီတက်မည်ကို ဆွေးနွေးကြပြီးနောက် အစုနှစ်စုခွဲ၍ ချီတက်ရန်ဆုံးဖြတ်လိုက်ကြ၏။

ရဲဘော်အများအပြား ပါဝင်သော အမှတ် ၃ တပ်ရင်း တောင်ဘက်သို့ရှေးရှုကာ ချောင်းအတိုင်း ဆက်လက်ချီတက်သွားလေသည်။ ဝါလော့ဘွမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ချောင်းကမ်းနဖူးသို့ နေဝင်သည်နှင့် တစ်ပြိုင်နက်ရောက်ရှိရမည်ဖြစ်၏။

ဝက်စတန် ဦးစီးသော တပ်စုကမူ အနောက်ဘက်စူးစူးအတိုင်း လဂန်ဂါးရွာကိုဖြတ်၍ ဝါလော့ဘွမ်အရောက် ချီတက်ခဲ့သည်။

စစ်ကြောင်းနှစ်ခုစလုံးကိုပင် ရန်သူ့တိုက်ကင်းအဖွဲ့များက ချီတက်မှု နှေးကွေးအောင် လမ်းမှဖြတ်၍ ဆင့်ကဲဆင့်ကဲ အနှောင့်အယှက်ပေးနေလေသည်။

အဝေးမှနေ၍ ခပ်စိပ်စိပ်နေသော ရန်သူသည် နမ့်ပတ်ခ အနောက်ဘက်ကမ်းသို့ အရောက်တွင် သစ်ပင်ပိတ်ပေါင်း နည်းပါးလာသည့်အလျောက် ချောင်းတောင်ဘက်သို့ဆင်းကာ ထပ်၍ ခုခံပစ်ခတ်ပြန်သည်။

သို့တိုင်အောင် ကျွန်တော်တို့ဘက်မှ ရှေ့ပြေးချီတပ်များက ဝက်ခေါင်းထိုးအတင်းချီတက်လာသောကြောင့် ရန်သူသည် မည်သည့်နေရာတွင်မှ ခွဲခွဲမြဲမြဲ ရပ်တန့်ခုခံခြင်းငှာ မစွမ်းသာဘဲ ဆန်စင်ရာ ကျည်မွှေ့လိုက်သကဲ့သို့ တောင်တောင်မြောက်မြောက် ကူးသန်းပြေးတက်ကာ ဂနာမငြိမ်သော ခုခံမှုကို ပြုနေလေသည်။

ဝက်စတန် ခေါင်းဆောင်သော အဖွဲ့သည် သစ်ပင်ပိတ်ပေါင်းများ ထူသောနယ်မြေကို တွေ့ရလင့်ကစား ရှေ့သို့သာ အတင်းတိုး၍ ချီတက်လာခဲ့၏။

အမှောင်ပျိုးလာသည့်အချိန်တွင် မြူနှင်းများကလည်း ထူထပ်စွာ ဆိုင်းလျက်ရှိသောကြောင့် ဝက်စတန်သည် မိမိ၏အဖွဲ့ကို ရောက်သည့်နေရာတွင်လည်း ရပ်တန့်ရန် အချက်ပြလိုက်ပြီးနောက် အဖွဲ့သားအားလုံးအား မီးမဖိုရ၊ အသံဗလံ မပြုရ၊ လှုပ်ရှားမှုမပြုရဟု တင်းကျပ်စွာ အမိန့်ပေးလိုက်၏။ သဘာဝအလျောက် မတတ်နိုင်၍ ကျင်ကြီးစွန့်လိုသော ရဲဘော်ပင်လျှင် မိမိနေရာမှ လှုပ်ရှားသွားလာခြင်းမပြုရဘဲ သံခမောက်ထဲတွင်ပင် ကျင်ကြီးစွန့်ရမည်ဟု စည်းကမ်းသတ်မှတ်ထားသည်။

အမှတ်(၁)နှင့် အမှတ်(၂) တပ်ရင်း စစ်ကြောင်းနှစ်ကြောင်းသည် နမ့်ပက်ခချောင်းမှ ပို၍ မြောက်ဘက်ကျသော လမ်းအတိုင်း ချီတက်လာခဲ့ကြ၏။ လွန်ခဲ့သော နှစ်ရက် မတ်လ ၂ ရက်နေ့က ရှေ့ပြေးချီကင်းထောက်အဖွဲ့သည် ရန်သူဘက်မှ တပ်သားနှစ်ယောက်ကို သုတ်သင်ပစ်နိုင်ခဲ့၏။ ဤဂျပန်နှစ်ယောက်မှာ ကျွန်တော်တို့အဖွဲ့သားများ ပထမဦးဆုံးတွေ့ရှိရသော ရန်သူပင် ဖြစ်လေသည်။

ရှေ့သို့ချီတက်လာသည်နှင့်အမျှ ရန်သူ့ခုခံမှုကလည်း ပို၍များပြားလေသည်။ ဝါစုဂါးရွာသို့ ရှေ့ပြေးချီတက်သွားသော ကင်းထောက်အဖွဲ့မှာ ကွင်းပြောင်ကလေးတစ်ခုထဲမှ ရန်သူကင်းသမားများ၏ ပစ်ခတ်ခြင်းကို ခံလိုက်ရ၏။ ရှေ့ဆုံးမှ ချီတက်လျက်ရှိသော ကင်းမှူးသည် ရန်သူ့ဘက်မှ သေနတ်သံကို

ကြားရပြီးနောက် မြေပေါ်သို့ ခွေခနဲ လဲကျသွားသည်။ ရန်သူတစ်ယောက် ကျသွားပြီဟုထင်ကာ ဂျပန်ကင်းသမားက ရှေ့သို့ပြေး၍ ထွက်လာ၏။ ဤတွင် ကျွန်တော်တို့ဘက်မှ ကင်းမှူးက ပြေး၍တက်လာသော ဂျပန်စစ်သားကို တော်မီဂန်ဖြင့် မွမွကြေအောင် ပစ်ထည့်လိုက်လေသည်။ ဤတိုက်ပွဲတွင် ဂျပန်ကင်းသမားနှစ်ယောက် ကျဆုံးပြီး ငါးယောက်မှာ လွတ်မြောက်သွားခဲ့လေသည်။

ဝါစုဂါးရွာအတွင်းသို့ အမှတ်(၂)တပ်ရင်း စစ်ကြောင်းရောက်ရှိသွားသော အခါ ရွာထဲတွင် ရန်သူတစ်ယောက်မှ မရှိတော့။ ရန်သူများ ကြိုတင်၍ ထွက်ခွာသွားနှင့်ပြီဖြစ်၏။

အမှတ်(၂)တပ်ရင်း စစ်ကြောင်းသည် ဝါစုဂါးကိုဖြတ်၍ ချီတက်လာပြီးနောက် နောက်တစ်နေ့တွင် နမ့်ပတ်ချောင်းကို ဖြတ်ကူးကြ၏။ ဖြတ်ကူးပြီးနောက် အနောက်စူးစူးသို့ ဦးတည်ကာ နှစ်မိုင်မျှ ချီတက်လာခဲ့သည်။ ထို့နောက် တောင်ဘက်တည့်တည့်သို့ ထောင့်မှန်အတိုင်း ဆင်းလာခဲ့ပြီး တောထူသောနေရာတွင် ခေတ္တစခန်းချလိုက်ကြ၏။

ဤတောကိုထွင်၍ သွားခဲ့လျှင် ကာမိုင်းမှ ဝါလောဘွမ်သို့ ရှေးရှုနေသော လမ်းသို့ ချဉ်းကပ်နိုင်ပေတော့မည်။

အမှတ်(၂)တပ်ရင်းစစ်ကြောင်းသည် ထူသော တောကို ထွင်ကာ ဆက်လက်၍ ချီတက်လာခဲ့ပြန်၏။ နေဝင်စအချိန်တွင် ကားမိုင်းလမ်းဆီသို့ ချဉ်းကပ်မိကြလေသည်။

မည်မျှချဉ်းကပ်မိကြသနည်းဆိုလျှင် ဖြန့်ချထားသော ရန်သူ့စစ်ကြောင်းအစွန်အဖျားဆီမှ ဂျပန်တပ်သားများ၏ ရယ်သံမောသံ စကားပြောသံကိုပင် ထင်ထင်ရှားရှား ကြားနိုင်လောက်သည်အထိ ဖြစ်ပါသတည်း။

အမှတ်(၂)တပ်ရင်းမှ တပ်မှူးသည် ရဲဘော်များအား နံနက်အရုဏ်တက်အချိန် မရောက်မီတွင် ကာမိုင်းလမ်းပေါ်သို့ ချီတက်စေခဲ့၏။ ညဦးက ရယ်သံမောသံ၊ စကားပြောသံတို့ဖြင့် သောသောညံနေခဲ့သော ရန်သူများကို အရုဏ်တက် အချိန်တွင် တစ်ယောက်မှ မတွေ့ရတော့။

ဂျပန်များတူးထားခဲ့သော ခံကတုတ်ကျင်းများကို တွေ့ရခြင်းအားဖြင့် ဤမှာဘက် ဈေးကိုင်းခြမ်းတွင် နေရာယူထားစေခဲ့သော ဂျပန်စစ်သားများကို သက်ဆိုင်ရာတပ်မှူးဖြစ်သူက ညအချိန်ကြီးတွင်ပင် တစ်နေရာရာသို့ အလျင်စလို ခေါ်ယူသွားခဲ့ကြောင်း ထင်ရှားနေလေသည်။

ထိုတစ်နေရာရာတွင်လည်း တိုက်ပွဲကြီး အပြင်းအထန်ဖြစ်မည်ဟု မျှော်လင့်ရသော ဝါလောဘွမ်ပင် ဖြစ်ရပေမည်။

အမှတ်(၂)တပ်ရင်းသည် ဂျပန်များ စွန့်ပစ်ထားခဲ့သော ခံကတုတ်ကျင်းများကို နိုင်သည်ထက်နိုင်အောင် တိုးချဲ့မွမ်းမံကာ အသင့်နေရာယူထားလိုက်လေသည်။

ဤသို့အားဖြင့် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် ပစ်မှတ်ရှိရာသို့ ရောက်ရှိလာခဲ့ပေပြီ။

အမှတ် ၃ တပ်ရင်းက ကားမိုင်းမှ ဝါလောဘွမ်သို့ ရောက်ရှိလာသောလမ်းကို ဝါလောဘွမ်မှ ၃ မိုင်အကွာတွင် ဖြတ်တောက်ပိတ်ဆို့ထားပြီး အမှတ်(၂)တပ်ရင်းက အမှတ်(၃)တပ်ရင်းထက် ပို၍ အနောက်ဘက်ကျသော၊ ပို၍ ရှေ့တန်းစစ်မျက်နှာနှင့် နီးကပ်သောဒေသတွင် ခံကတုတ်ကျင်းဖြင့် အသင့်ရှိနေပြီ မဟုတ်ပါလား။

ဤအချိန်တွင်ပင် ကျွန်တော်တို့၏ တပ်ဖွဲ့ကို ချေမှုန်းရန်အတွက် ဂျပန်တပ် နှစ်တပ်က မြောက်ဘက်မှနေ၍ ဝါလောဘွမ်သို့ ရှေးရှုချီတက်လျက် ရှိနေလေသည်။

ချောင်းမြောင်းပစ်ခတ်ရန်ကောင်းသည့် နေရာမှန်သမျှတွင် ပုန်းလျှိုး၍ ရှိနေသော ဂျပန်လက်ဖြောင့်တပ်သားများနှင့် တပ်အချို့သည် နေအရုဏ်တက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့တပ်ဖွဲ့အား ပြင်းပြင်းထန်ထန်နှင့် မြန်မြန်ဆန်ဆန်ကြီးပင် ဒုက္ခပေးလာကြ၏။

မော်တာဗုံးများကို အဆက်မပြတ် ပစ်လွှတ်ရင်း ကျွန်တော်တို့၏ တောင်ပံများကို သဲသဲမဲမဲတိုက်ခိုက်ကြ၏။ ကျွန်တော်တို့ဘက်မှ ထောင်ထားသော ခလုတ်ဗုံးနှင့် မြေမြှုပ်ဗုံးများကို တက်နင်းမိသဖြင့် ရန်သူအများအပြားပင် အထိနာသွားကြ၏။ ချုံခိုတိုက်ခိုက်မှုကို ခံရသောကြောင့်လည်း ဂျပန်အလောင်းကောင်များ ပြန့်ကျဲလျက်ရှိလေသည်။ ဤနေ့တစ်နေ့တည်းတွင်ပင် ရန်သူတပ်ဘက်မှ ၇၅ ယောက် ကျဆုံးကြောင်း အလောင်းကောင်များကို ရေတွက်သိရှိရသည်။

ပထမနေ့တွင် ရန်သူဘက်မှ အကျနာသလောက် ဒုတိယနေ့တွင် ကျွန်တော်တို့ဘက်မှ ရိက္ခာနှင့် ခဲယမ်းပျက်သည့်ဒဏ်ကို လှလှကြီးခံရ၏။ တစ်နေ့လုံး စားစရာဆို၍ တစ်ခုမှမရှိသည့်တိုင် အနောက်ဘက်စစ်မျက်နှာသို့ မကြာခဏသတင်းပို့နေသော အချက်မှာ ခဲယမ်းမီးကျောက်များ အမြန်ဆုံးပေးပို့ရန်သာ

ဖြစ်၏။

တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲ တိုးတိုးဒွေ့ဒွေ့ တိုက်ခိုက်နေကြရသော ကြောင့် စစ်မျက်နှာဟူ၍ သီးသန့်သန့် သတ်မှတ်ထားရန် မဖြစ်နိုင်တော့ဘဲ အရပ် ရှစ်မျက်နှာလုံးမှာ စစ်မျက်နှာချည်း ဖြစ်၍နေလေသည်။

ပထမနေ့ အရက်တက်တိုက်ပွဲ ဖြစ်နေစဉ် ဂျပန်စစ်သား ၇ ယောက်က ဒဏ်ရာရနေသော မိမိတို့အရာရှိကို ထမ်းစင်ပေါ် တွဲတင်ကာ လဂန်ဂါးရွာထဲသို့ ဆောင်ယူလာခဲ့ကြ၏။ ရွာထဲတွင်ကား အမှတ်(၃)တပ်ရင်းမှာ အမိန့်ပေးဌာနချုပ် တည်ရှိနေလေသည်။

သို့ဖြစ်၍လည်း ဂျပန်စစ်သား ၇ ယောက်နှင့် အရာရှိဖြစ်သူများမှာ ကျွန် တော်တို့တပ်သားများ၏ အပိုင်းပိုင်းအတစ်တစ် ပစ်ခတ်ခြင်းကို ခံခဲ့ရ၏။

ဒဏ်ရာရရှိသော ကျွန်တော်တို့ဘက်မှ စစ်သားများကို လေယာဉ်ငယ် ကလေးများဖြင့် ဆောင်ယူသွားနိုင်ရန် လဂန်ဂါးရွာနှင့် မလှမ်းမကမ်းတွင်ရှိသော လယ်ကွင်းများကို လေယာဉ်ပြေးလမ်းကြောင်းအဖြစ် ဖောက်လုပ်ကြရ၏။ ဤသို့ ဖောက်လုပ်နေစဉ်အတွင်း ဂျပန်စစ်သားတို့၏ ချောင်းမြောင်းတိုက်ခိုက် ခြင်းကို ကျွန်တော်တို့ဘက်မှ ခံလိုက်ရလေသည်။

ဝါလောဘွမ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှ တိုက်ပွဲကား ၃ ရက်တိုင်တိုင် ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်ရသော တိုက်ပွဲတည်း။

ရိုးရိုးစစ်သည်တော်ကလေး တစ်ဦးအဖို့ ကွင်းပြောင်ပြောင်သို့ထွက်၍ တိုက်ခိုက်ရသလို ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တပ်မှူးမှန်သမျှသည် လည်း လုံခြုံမှုဟူ၍ လုံးဝမရှိဘဲ မိမိတို့ကိုယ်ကို ပစ်မှတ်အဖြစ်ထားကာ စွန့်စွန့် စားစား တိုက်ခိုက်ရသော တိုက်ပွဲပင်တည်း။

ဝါစုဂါးတွင် တိုက်ပွဲဖြစ်နေစဉ် ရန်သူ့စက်သေနတ်သမားတစ်ယောက်မှာ ကျွန်တော်တို့၏ ဗိုလ်ချုပ်ကြီးရှိနေသော အမိန့်ပေးဌာနချုပ်နှင့် ကိုက်တစ်ရာ လောက်ပင် မဝေးသော နေရာ၌ ပုန်းအောင်း၍ရှိနေခဲ့၏။ ထိုရန်သူ့စက်သေနတ် သမားကို အချိန်မီ ပယ်ရှားပစ်နိုင်၍သာ ကျွန်တော်တို့ဘက်မှ ဗိုလ်ချုပ်ကြီး ကိုယ်တိုင် ကျဆုံးရမည့်ဘေးမှ လွတ်ကင်းခဲ့ရလေသည်။

အမှတ်(၁) တရုတ်တင့်ကားအဖွဲ့ကလေးကို ကြိုဆိုရန် ထွက်ခွာသွားသော ဗိုလ်မှူးကြီးဟန်တာမှာလည်း ရန်သူများနှင့် ဝင်တိုးမိပြီး တောထဲသို့ထွက်ပြေးကာ ကိုယ်လွတ်ရုန်းခဲ့ရ၏။

အမှတ်(၃)တပ်ရင်းမှ တပ်မှူးဖြစ်သူမှာလည်း ရှေ့မှ ဆီးကြို၍ ပစ်ခတ်သော ရန်သူတစ်ဦး၏ လက်ချက်ကြောင့် သီသီကလေး သေဘေးမှ လွတ်ခဲ့ရ၏။ အကူရဲဘော်အဖြစ်ပါလာသူက ရန်သူကို ကြိုတင်၍ ပစ်ခတ်ချက်မရှိလျှင် အမှတ်(၃)တပ်ရင်းမှ တပ်မှူးသည်လည်း နေရာတွင်ပင် ကျဆုံးခဲ့ရမည်ဖြစ်၏။ ဝါလောဘွမ်တိုက်ပွဲကား အသက်ကိုဖက်နှင့်ထုပ်၍ တိုက်ရသော တိုက်ပွဲပါတကား။

ဝါလောဘွမ်တွင် တပ်စွဲထားသော ကျွန်တော်တို့၏ တပ်များသည် ရန်သူက စစ်ကူများခေါ်ယူကာ တိုက်စစ်အတွက် ပြင်ဆင်စုရုံးနေကြောင်း သိရှိလာကြ၏။

မတ်လ ၅ ရက်နေ့က ရန်သူတို့သည် ကျွန်တော်တို့တပ်ဖွဲ့အား အကြိမ်ပေါင်းများစွာပင် တိုက်စစ်ဆင်ခဲ့ကြ၏။

သို့သော် အမှတ်(၃)တပ်ရင်းမှ မောင်းပြန်လက်နက်များဖြင့် ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်သောကြောင့်သာ ရန်သူများသည် အလောင်းများကို နမ့်ပတ်ခကမ်းပါးတွင် စွန့်ပစ်ထားခဲ့ပြီး စွန့်ခွာသွားရခြင်းဖြစ်၏။

ဝါလောဘွမ်တောင်ဘက်တွင် ဂျပန်တပ်များ စုရုံးနေသည်ဟု ထင်ရသော နေရာကို ကျွန်တော်တို့၏ တိုက်လေယာဉ်များက အဆက်မပြတ် တိုက်ခိုက်နေသည်ကို မြင်ရ၏။

အမှန်စင်စစ်အားဖြင့် မြောက်ဘက်တွင် တရုတ်တပ်များကို တိုက်ခိုက်နေသော ဂျပန်တပ်များသည် သူတို့၏ လက်နက်ကြီးများနှင့်အတူ လွတ်မြောက်နိုင်ရန် ထွက်ပေါက်ရှာနေခြင်း ဖြစ်၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှအစ ရိုးရိုးရဲဘော်လေးအထိ ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ တပ်များကို ကျွန်တော်တို့တပ်များက ဝိုင်းဝန်းပိတ်ဆို့မိနေပြီဟု မှတ်ယူခဲ့ကြ၏။ သို့ရာတွင် ဂျပန်ဗိုလ်ချုပ်ကြီး တနခါကလည်း ကျွန်တော်တို့တပ်များကို အပြီးအပိုင် ချေမှုန်းပစ်ရန် လုံးပန်းလျက်ရှိနေလေသည်။

တိုက်ပွဲစဉ်တစ်လျှောက်လုံး ရန်သူဘက်မှ ဖိ၍ဖိ၍ တိုက်နေခြင်းကို ထောက်ခြင်းအားဖြင့် ဂျပန်ဗိုလ်ကြီး တနခါသည် ကျွန်တော်တို့တပ်များ ကာမိုင်းလမ်းကို အသုံးမပြုနိုင်မီ ချေမှုန်းခြင်းခံရမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ထင်ရှားနေ၏။

ဝက်စတန်းဦးစီးသော တပ်စုနှစ်စုသည် နမ့်ပတ်ခ ချောင်းတစ်ဖက်တွင်

အထိုးထိုးဖြစ်နေပြီးနောက် အရက်တက်အချိန်တွင် ဆက်လက်ချီတက်လာသော အခါ ချောင်းကွေ့ကလေးဘေးတွင်ရှိသော တောင်ပူစာလေးတစ်ခုပေါ်သို့ ရောက်ရှိခဲ့ကြ၏။

ဤနေရာမှကြည့်လျှင် ချောင်း၏အညာဘက်ကိုလည်းကောင်း၊ အကြေဘက်ကိုလည်းကောင်း ကောင်းစွာမြင်နိုင်သည်။ ပစ်ကွင်း ပစ်ကွက် ကောင်းသော အနေအထားတည်း။

ဤတောင်ပူစာကိုပင် နောက်တစ်နေ့နံနက်တွင် ဂျပန်များက တောင်ဘက်မှ လာ၍တိုက်ခိုက်ကြ၏။ ပထမတိုက်ပွဲတွင် ၅ ယောက်ကျသွားသဖြင့် တောင်ဘက်မှနေ၍ တိုက်လျှင် ဤထက်ပို၍ အကျနာမည်ဟုတွက်ဆကာ ဂျပန်တို့သည် အခြားမျက်နှာစာများမှနေ၍ တက်ရောက်လုပ်ကြပြန်၏။

ပင်လယ်လှိုင်းတံပိုးများကဲ့သို့ အဆက်မပြတ် ဆင်းလာသော ဂျပန်တို့၏ လိုက်စစ်ကို ၃ နာရီလုံးလုံး ခုခံနေပြီးသည်၏ အခြားမဲ့၌ မိမိတို့တောင်ကုန်းပတ်ပတ်လည်တွင် ရန်သူများ ဝိုင်းလျက်ရှိနေပြီဖြစ်ကြောင်း တပ်မှူးဖြစ်သူ ဝက်စတန်က တွေးလာရ၏။

ရန်သူ ဝိုင်းထားခြင်း မခံရသော မျက်နှာမှာ မိမိတို့က ကျောပေး၍ထားသော ချောင်းရေပြင်သာလျှင် ရှိနေလေသည်။

ရန်သူ၏ အကြံအစည်မှာ ဝက်စတန်၏ တပ်စုနှစ်စုကို တောင်ပူစာပေါ်မှ မောင်းချ၍ ချောင်းရေပြင်ထဲတွင် ချေမှုန်းရန်ပင်တည်း။

ဝက်စတန်သည် မိမိ၏ ရဲဘော်များအား ပုံစံအနေအထားသစ်ဖြင့် ခံစစ်ပြုနေစေသည်။ သုံးမြှောင့်ရှိသော ကြယ်ကဲ့သို့ နေရာယူထားစေခြင်းပင်တည်း။ ထိုသုံးမြှောင့်တွင် တော်မီအဖွဲ့နှစ်ဖွဲ့ကို လှည့်ပတ်၍ ပစ်ခတ်နေစေသည်။ ဝက်စတန်၏ တပ်စုနှစ်စုတွင် ဂျပန်–အမေရိကန် ကပြား စကားပြန် ဟင်နရီဂိုရို က အကူအညီပေးနေသောကြောင့်လည်း၊ တစ်ဖက်မှ ဂျပန်တပ်မှူးငယ်များ၏ စကားပြောသံ အမိန့်ပေးသံကို ကြိုတင်သိရှိကာ မိမိတို့ဘက်မှ လိုအပ်သည့်နေရာတွင် ကြိုတင်ပြင်ဆင်ထားနိုင်ခြင်းပြစ်၏။

တောင်ပူစာတစ်ဝိုက်တွင် သစ်ပင်ပိတ်ပေါင်းက ထူထပ်လျက်ရှိနေသောကြောင့်တည်း။ မိမိတို့ဘက်မှ ရဲဘော်များနှင့် တစ်ဖက်မှ ရန်သူများသည် လုံးလုံးထွေးထွေး ရောရောနှောနှော ပစ်ခတ်တိုက်ခိုက်နေကြရ၏။

ရန်သူဘက်မှ အကျနာသလို မိမိတို့ဘက်ကလည်း အထိအရှများလှ၏။

တိုက်ပွဲအချိန်က ကြာ၍လာသည်နှင့်အမျှ မိမိတို့ဘက်မှ ခဲယမ်းမီးကျောက် အင်အားကလည်း လျော့နည်း၍လာသည်။ အကြောင်းကို ရိပ်မိသိရှိဟန်တူသော ရန်သူက ချေမှုန်းရေးတိုက်ပွဲကို အပြီးသတ် ဆင်နွှဲတော့မည်ဟူသော အကြံဖြင့် အစွမ်းကုန် ဖိ၍တိုက်လာ၏။

ဝက်စတန်သည် နောက်ဘက်တွင်ရှိနေသော ၈၁ မီလီမီတာ မော်တာအဖွဲ့ ကို ကူ၍ပစ်ပေးရန် တောင်းဆိုလိုက်ရလေသည်။

၈၁ မီလီမီတာ မော်တာဗုံးများ၏အသံမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ ရန်သူရှိရာသို့ ရေဒီယိုဖြင့် လှမ်း၍ညွှန်ကြားနေသံမှာ မော်တာဗုံးများအသံကြောင့် မြုပ်တစ်ချက်၊ ပေါ်တစ်ချက် ရှိနေ၏။ မည်သို့ပင်ဖြစ်စေ မော်တာဗုံးများသည် ရန်သူရှိရာနေရာများအနီးသို့ ပို၍ပို၍ နီးကပ်စွာကျရောက်ပေါက်ကွဲလာလေသည်။

ပြင်းထန်လှသော မော်တာဗုံးများဒဏ်ကြောင့် ရန်သူ့တိုက်စစ်က နှောင့်နှေး သွားသည်။

သို့သော် များစွာမကြာလှ၊ ရန်သူသည် ဘန်ဇိုင်းဟူသော စစ်ညာသံကို ကြွေးကြော်ရင်း တောင်ပူစာပတ်ပတ်လည်မှ အားကြီးအင်ကြီးဖြင့် တက်ရောက် လုပ်ကြံကြပြန်သည်။

နယ်မြေအနေအထားမှာ ကျဉ်းမြောင်းလျက်ရှိနေရကား တိုက်စစ်ဆင်လာ သော ရန်သူနှင့် ခံစစ်ပြုနေသော ဝက်စတန်၏တပ်များသည် အရောရော အထွေး ထွေး ဖြစ်နေကြတော့သည်။

သို့ဖြစ်၍လည်း ဝက်စတန်အား တောင်ပူစာပေါ်မှ ပြည်လည်ဆုတ်ခွာလာ ရန် အမိန့်ပေးလိုက်ရတော့၏။

မော်တာနှင့် တစ်ဖက်ကမ်းမှ ကာပစ်ပစ်ပေးနေသူများ၏ အကာအကွယ် ကို ယူကာ ဝက်စတန်သည် ညုပ်ပူးညှပ်ပိတ်ဖြစ်နေသည်အကြားမှ တစ်ခုတည်း သာရှိသော လမ်းအတိုင်း စစ်ဆုတ်ရလေသည်။

ထိုလမ်းကား နမ့်ပတ်ချောင်းပြင် တည်ရှိနေသော လမ်းပင်တည်း။

လမ်းတစ်ဖက်ရှိ မိမိတို့ဘက်တော်သားများအား မီးခိုးဗုံးများ အဆက်မပြတ် ပစ်လွှတ်ပေးနေစဉ် ဝက်စတန်သည် မိမိ၏ရဲဘော်များအား တစ်ကြိမ်လျှင် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲစီ ချောင်းကိုဖြတ်၍ ကူးစေ၏။

ပုန်းရာကွယ်ရာအရပ်မှနေ၍ မြစ်ကိုဖြတ်ကူးနေသော ရဲဘော်များအား ရန်သူက ပစ်ခတ်ပြန်သည်။ သို့ရာတွင် မိမိတို့ဘက်မှ လက်ဦးနေသောကြောင့်

သာ မသေမပျောက်ရှုံခဲ့ရ၏။

ချောင်းကိုဖြတ်ကူးရာတွင် တစ်ယောက်မှ အသေအပျောက် အထိအရှ မရှိခဲ့ခြင်းမှာ ဝက်စတာန်အဖို့ ဂုဏ်ယူစရာပင် မဟုတ်ပါလား။

ဝက်စတာန်၏တပ်စုနှစ်စုက တောင်ပူစာပေါ်တွင် အလူးအလဲခံနေရစဉ် အမှတ်(၂)တပ်ရင်းမှာလည်း ရန်သူတို့၏ သဲသဲမဲမဲတိုက်စစ်ဆင်ခြင်းကို ကြံ့ကြံ့ခံ၍ နေရလေသည်။

ဂျပန်တို့စွန့်ပစ်သွားခဲ့သော ခံကတုတ်ကျင်းများမှ အသေအလဲခုခံနေသော အမှတ်(၂)တပ်ရင်းဆီသို့ ဂျပန်တပ်များသည် မိမိတို့နေရာကို ပြန်လည်ရရှိနိုင်အောင် အစွမ်းကုန်ကြိုးစားနေကြခြင်းဖြစ်၏။

အမှတ်(၂)တပ်ရင်းသည် ရန်သူများ အနီးသို့ရောက်လာသည်အထိ စောင့်၍ နေလိုက်ပြီးမှ မိမိတို့ လက်နက်များကို အားသွန်၍ ပစ်လိုက်ကြသည်။ ရှေ့မှတက်လာသော ရန်သူများသည် စားဖြင့်ခုတ်ပိုင်းခြင်း ခံလိုက်ရသော ငှက်ပျောပင်များကဲ့သို့ အတုံးအရုံးကျဆုံးကုန်၏။

သို့သော် ရန်သူသည် ထိုနေ့တစ်နေ့တည်းတွင်ပင် ၆ ကြိမ်တိုင်တိုင် အမှတ်(၂)တပ်ရင်းကို ထိုးဖောက်နိုင်ရန် အင်အားကြီးဖြင့် တိုက်ခိုက်ခဲ့၏။

တိုက်စစ်များရပ်နားထားသည့်အချိန်တွင် အမှတ်(၂)တပ်ရင်း နေရာယူထားသော ခံကတုတ်ကျင်းများကို အမြောက်ဖြင့် တဒိန်းဒိန်းပစ်ခတ်နေလေသည်။ ဤအကြိမ်မှာ ရန်သူက အမှတ် ၅၃၀၇ တပ်ဖွဲ့အား ပထမဆုံးအကြိမ် အမြောက်ဖြင့် စတင်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

ရန်သူဘက်က အမြောက်ကိုသုံးနိုင်ပြီး မိမိတို့ဘက်က အသုံးပြုစရာမဲ့နေသောအခါ ရဲဘော်တိုင်းပင် စိတ်ဓာတ်ကျရသည်မှာ ဓမ္မတာပင်ဖြစ်၏။

ကျွန်တော်တို့ဘက်မှ တိုက်လေယာဉ်များရောက်ရှိလာသည့်အချိန်တွင် ရန်သူ့ဘက်မှ အမြောက်သားများက ခေါင်းလျှို့၍နေကြ၏။ ဤအချိန်ကလေးတွင်သာ ကျွန်တော်တို့ သက်သာရာရကြသည်။

သို့သော် ကျွန်တော်တို့လေယာဉ်များ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ရဲဘော်များသည် ရန်သူ့အမြောက်ဒဏ်ကို ခံမြဲခံလာရပြန်သည်။

ရန်သူဘက်မှအသုံးပြုနေသော အဆေးပစ်အမြောက်ကြီးများ၏ဒဏ်ကို တုံ့ပြန်နိုင်ခြင်းငှာ ကျွန်တော်တို့ဘက်တွင် ရည်တူတန်းတူ လက်နက်များမရှိသဖြင့် ရန်သူဘက်ကပစ်ခတ်သမျှ ငုံ့၍သာ ခံနေရတော့၏။

မည်သို့ပင်ဖြစ်စေ ကာပစ်,ပစ်ပေးနေသော အမြောက်ဗုံးဆန်များ၏ အကာအကွယ်ကိုယူကာ ပြေး၍တက်လာသော ရန်သူများအား အမှတ် ၂ တပ်ရင်းမှ ရဲဘော်များသည် မိမိတို့တွင်ရှိသော လက်နက်ကလေးများဖြင့် ဆက်လက်စုခံ မြဲသ ခုခံနေကြ၏။

တဒိန်းဒိန်း တဗုန်းဗုန်းပစ်နေသော အမြောက်သံများအကြားမှပင် အမှတ်(၂)တပ်ရင်းသည် ရန်သူ တစ်ရာကျော်ကျော်ကို သုတ်သင်နိုင်ခဲ့၏။ မိမိတို့ဘက်တွင် ၆ ယောက်သာ အထိအနိုက်ရှိခဲ့ပြီး ဤ ၆ ယောက်အနက် တစ်ယောက်သာ ဒဏ်ရာအကြီးအကျယ် ရခဲ့၏။

အမှတ်(၂)တပ်ရင်းသည် ရန်သူဘက်မှ အမြောက်ဖြင့် အဆက်မပြတ် ပစ်ခတ်ခြင်းကို ခံနေရသည့်အကြားကပင် မိုင်းကွမ်ရှိ ရန်သူ့အမိန့်ပေးစခန်းနှင့် ကာမိုင်းရှိ ဂျပန်တပ်များကို ဆက်သွယ်ထားသော တယ်လီဖုန်းကြိုးကို ကြားမှ ဖြတ်၍ နားထောင်ကာ ရန်သူ့သတင်းကို စုဆောင်းနိုင်ခဲ့၏။

ဤသို့ ရန်သူ့သတင်းကို စုဆောင်းပေးနိုင်ခဲ့သည်မှာ အမှတ်(၂)တပ်ရင်းတွင် တပ်ကြပ်ကြီးအဖြစ် ပါရှိလာသော ရှိုင်မဆူမိုတို့၏ ကျေးဇူးကြောင့်ဖြစ်၏။ ဂျပန်–အမေရိကန် ကပြားတစ်ယောက်ဖြစ်သည့်အလျောက် ဂျပန်အချင်းချင်း ပြောဆိုသောစကားကို နားလည်ခြင်းဖြစ်သည်။

တပ်ကြပ်ကလေးတစ်ဦးက သူသည် ခဲယမ်းမီးကျောက်များ သိုလှောင်ရာစခန်းကို စစ်သား ၃ ယောက်နှင့်သာ စောင့်ကြပ်နေရကြောင်း၊ ထို့ကြောင့် စစ်ကူများ ထပ်ပေးရန်လိုကြောင်းဖြင့် ကာမိုင်းရှိ ဌာနချုပ်သို့ သတင်းပို့သံကို တပ်ကြပ်ကြီးရှိုင်းက ကြားမှဖြတ်၍ သိရှိခဲ့၏။

ဂျပန်တပ်ကြပ်ကလေးက သူ့နေရာသို့ ရောက်ရှိနိုင်သောလမ်းကိုလည်း ဌာနချုပ်သို့ အစီရင်ခံခဲ့သည်။ ဤသတင်းကို အမှတ်(၂)တပ်ရင်းမှ တပ်မှူးက သက်ဆိုင်ရာသို့ ထပ်၍ အစီရင်ခံလိုက်၏။ များမကြာမီ မိမိတို့ဘက်မှ ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ်များ ရောက်ရှိလာပြီး ဂျပန်တို့၏ ခဲယမ်းမီးကျောက်သိုလှောင်ရာ စခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့၏။ အဆက်မပြတ် ပေါ်ထွက်လာသော ပေါက်ကွဲသံကြီးများနှင့် မီးခိုးလုံးကြီးများကြောင့် ရန်သူတို့၏ ခဲယမ်းမီးကျောက်သိုလှောင်ရာစခန်းမှာ မီးလောင်တိုက်သွင်းခြင်း ခံလိုက်ရသည်ကို တိတိကျကျ သိသာနိုင်လေသည်။

မတ်လ ၅ ရက်နေ့တွင်မူ တပ်ကြပ်ကြီးရှိုင်းသည် ပို၍အရေးကြီးသော

သတင်းတစ်ခုကို စုဆောင်းရရှိခဲ့ပြန်၏။

"အထိအနိုက်အလွန်များပြားသည်။ ရန်သူများ ချောင်းကိုဖြတ်ကူးနေခြင်းကို တားဆီး၍မရပါ။ ရန်သူ့အင်အား အလွန်တရာကြီးမားသည်။ စစ်ကူမရောက်ဘဲ ကြာရှည်ခုခံရန် ခက်သည်။ စစ်ကူမလာလျှင် သေသည်အထိ တိုက်ပွဲဝင်သွားရန် ဖြစ်သည်။

ရရှိလာသောသတင်းများကို ဆက်စပ်၍ကြည့်လိုက်သောအခါ ဂျပန်များဘက်မှ များစွာ အကျအဆုံးနေပြီဖြစ်ကြောင်း၊ စစ်ကူမပေးနိုင်တော့ပြီဖြစ်ကြောင်း ဖြင့် ကောက်ချက်ချ၍ရသည်။

ဤကောက်ချက် မှန်ကန်ကြောင်းကို မတ်လ ၅ ရက်နေ့ ညဘက်တွင် ဂျပန်ဗိုလ်ချုပ်ကြီး တနခါက အမှတ်(၁၈) ဂျပန်တပ်မအား ဝါလောဘွမ်စစ်မျက်နှာမှ တပ်ဆုတ်၍လာရန် အမိန့်ပေးလိုက်ခြင်းက ထင်ရှား၍နေလေသည်။

ဗိုလ်ချုပ်ကြီး တနခါသည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အား ချေမှုန်းတိုက်ခိုက်ရန် အားထုတ်ခဲ့၏။ သို့သော် ကျွန်တော်တို့တပ်ဖွဲ့ ကြေပြုန်း၍ မသွားဘဲ ဂျပန်တို့၏ အမှတ်(၁၈) တပ်မသည်သာလျှင် ဝါလောဘွမ်စစ်မျက်နှာမှ ဆုတ်ခွာ၍သွားခဲ့ရလေသည်တကား။

◆

# ( ၅ )

## ရန်သူ (၈၀၀) နှင့် ရဲဘော် ၈ ယောက်

ဂျပန်ဗိုလ်ချုပ်ကြီး တနခါက အမှတ်(၁၈)တပ်မအား ဝါလောဘွမ် စစ်မျက်နှာမှ ဆုတ်ခွာရန် အမိန့်ပေးလိုက်ခြင်းမှာ မြောက်ဘက်မှဆင်းလာသော ဗိုလ်မှူးကြီးဘရောင်း ဦးစီးသည့် တရုတ် တင့်ကားအစုတစ်စုကို ထောက်လှမ်း တွေ့မြင်သွားသောကြောင့်လည်း ဖြစ်တန်ရာသည်။

တရုတ်တင့်ကားအစုသည် မိုင်းကွမ်မှ ဝါစုဂါးသို့ ရောက်ရှိနိုင်သောလမ်းကို ရှင်းလင်း၍လာခဲ့၏။ ဤလမ်းမှာ ဂျပန်တို့ စစ်အမှတ် ၅၆ ရယ်ဂျီမင့်က ကျွန်တော်တို့၏ တပ်ဖွဲ့ကို ချေမှုန်းရာ၌ အသုံးပြုမည်ဟု ဗိုလ်ချုပ်ကြီးတနခါက သတ်မှတ်ထားခဲ့သော လမ်းဖြစ်သည်။ ဤလမ်းတစ်လျှောက်တွင် ကျွန်တော် တို့၏ မဟာမိတ်ဖြစ်သော တင့်ကားအစုက မင်းမူ၍နေသောအခါ ဗိုလ်ချုပ်ကြီး တနခါသည် စိတ်ပျက်လက်ပျက်ဖြစ်လာဟန်တူပေသည်။

ဗိုလ်ချုပ်ကြီး တနခါထံမှ အမှတ်(၁၈) တပ်မဌာနချုပ်သို့ စစ်ဆုတ်ရန် အမိန့်ရောက်ရှိလာသည့်အချိန်၌ ကျွန်တော်တို့၏ အမှတ်(၂) တပ်ရင်းသည် ၃၆ နာရီတိုင်တိုင် အစာမစားရဘဲ ဆက်တိုက် တိုက်ပွဲဝင်နေရသည့်အချိန် ဖြစ်၏။ သောက်စရာဆို၍လည်း သောက်သုံး၍ရသမျှရေမှာ ကုန်ခန်းခဲ့ပြီ ဖြစ်သည်။ ခဲယမ်းမီးကျောက်များကလည်း များစွာလျော့နည်းလျက်ရှိနေပြီဖြစ်၏။

သို့ဖြစ်၍လည်း အမှတ်(၂)တပ်ရင်းမှ တပ်မှူးသည် မိမိ၏တပ်ကိုဆုတ်ကာ နမ့်ပတ်ချောင်းတစ်လျှောက်ရှိ တပ်များနှင့် သွားရောက်ပူးပေါင်းရန် ဆုံးဖြတ်လိုက်သည့်အချိန်လည်း ဖြစ်လေသည်။

သို့ဖြစ်၍ ညသန်းခေါင်ယံအချိန် မှောင်ကြီးမည်းကြီးထဲတွင်ပင် ရှုပ်ရှုပ်ထွေးထွေးဖြင့် တပ်ဆုတ်ကြရ၏။

ဗိုလ်ကြီးဒါလင်တန်နှင့် ကင်းထောက်ရဲဘော်များက လာမည့်ဘေးကိုကြိုတင်ကာကွယ်သည့်အနေဖြင့် ဆုတ်ခွာမည့် လမ်းကြောင်းတစ်လျှောက်တွင် လားတစ်ကောင်ကိုမောင်း၍ လွှတ်ပေးလိုက်၏။

လားသည် ဂျပန်များထောင်ထားသော မြေမြှုပ်ဗုံးများကို တက်၍နင်းမိကာ၊ ဆုတ်ခွာမည့်ရဲဘော်များအတွက် အသက်စွန့်ကာ လမ်းရှင်း၍ပေးသွားသကဲ့သို့ ရှိတော့သည်။

တပ်ဆုတ်၍လာခဲ့သော အမှတ်(၂) တပ်ရင်းသည် မတ်လ ၆ ရက်နေ့မွန်းတည့်အချိန်တွင် လဂန်ဂါးသို့ ကောင်းစွာရောက်ရှိလာခဲ့၏။ ဤရွာတွင် အမှတ် ၁ တပ်ရင်းလည်း တပ်စွဲလျက်ရှိနေလေသည်။

ပြင်းထန်သောတိုက်ပွဲကြီးကို ဆင်နွှဲခဲ့ကြပြီးနောက် လဂန်ဂါးသို့ ရောက်ရှိလာသော အမှတ်(၂)တပ်ရင်းမှာ အမှတ်(၁)တပ်ရင်းနှင့်အတူ ရန်သူ့ဘက်မှ ကြောက်စရာကောင်းလောက်အောင် ပစ်ခတ်နေသော အမြောက်သံကို ဆက်၍ခံရပြန်၏။

ဂျပန်တို့၏ အမှတ်(၆) ရယ်ဂျီမင့်က တိုက်စစ်ဆင်ရန်အတွက် အမြောက်ဖြင့် နိဒါန်းပျိုးနေခြင်း ဖြစ်လေသလား။

ရန်သူ့ဘက်မှ အမြောက်သံက များစွာပြင်းထန်လှသည့်အလျောက် ရဲမက်တော်သား အားလုံးပင် စိတ်တတ်ကျဆင်းနေကြ၏။

ကျွန်တော်တို့ တပ်ရင်းဌာနချုပ်ကို နမ့်ပက်ချောင်းနှင့် လယ်ကွင်းပြင်အစပ်တွင် ဖွင့်ထားသည်။ လယ်ကွင်းပြင်မှာလည်း လေယာဉ်ငယ်ကလေးများဆင်းသက်နိုင်အောင် လေယာဉ်ပြေးလမ်းကြောင်းအဖြစ် ကန်သင်းများကို ရှင်းလျက် ထားရှိသည်။ အေးချမ်းသာယာသောအချိန်တွင်ဖြစ်ပါမူ ကျွန်တော်တို့၏ တပ်ရင်းဌာနချုပ်ကလေးမှာ နေချင့်စဖွယ် သာတောင့်သာယာ ရှိနေမည် အမှန်ဖြစ်၏။

သို့သော် စစ်တည်းဟူသော အနိဋ္ဌာရုံက ကျွန်တော်တို့ပတ်ဝန်းကျင်တွင်

တဝဲဝဲရှိနေလေသောကြောင့် ကျွန်တော်တို့ဌာနချုပ်မှာ ကမ္ဘာ့ခွာန်းတဲကလေးနှင့် တူနေတော့၏။

လွန်ခဲ့သော ၂ ရက်ခန့်က ကျွန်တော်တို့ဌာနချုပ်ကို လာရောက်တိုက်ခိုက်ရာတွင် ကျဆုံးကျန်ရစ်ခဲ့သော ရန်သူ့အလောင်းအချို့မှာ ဌာနချုပ်နှင့် ခြေလှမ်း ၃၀ လောက်သာကွာသော ချောင်းစပ်ကိုင်းတောထဲတွင် ယင်တလောင်းလောင်းဖြင့် ပုပ်စော်နံလျက်ရှိနေချေသည်။

ရိက္ခာအခက်အခဲကြောင့်လည်း ရဲဘော်တိုင်းပင် ညှိုးညှိုးငယ်ငယ် ရှိနေကြ၏။

တစ်ယောက်သောရဲဘော်က တစ်စုံတစ်ခုသောနေရာမှ ရရှိလာခဲ့သော စပါးတစ်တောင်းကို လူစုတက်စု ဝေငှလိုက်သောအခါ ရဲဘော်တစ်ဦးလျှင် လက်တစ်ဆုပ်စာမျှသော စပါးကို ရရှိကြ၏။

ထိုလက်တစ်ဆုပ်စာမျှသော စပါးကိုပင် သံခမောက်ထဲတွင်ထည့်ပြီး တောရှင်းဓား လက်ကိုင်ရိုးဖြင့် ထုထောင်းကာ အခွံကွာအောင်ပြုလုပ်ကြပြီး စပါးခွံနှင့် ဆန်မှုန့်များ ရောထွေး၍နေသည်ကို စစ်ခြင်ထောင်ဖြင့် ဆန်ချည်းသက်သက်ရအောင် စစ်၍ယူကြရသည်။

ရဲဘော်များသာ အစာငတ်သည်မဟုတ် ဝန်တင်တိရစ္ဆာန်များလည်း အစာရေစာ မွတ်သိပ်နေကြ၏။

ကျွန်တော်သည် တိရစ္ဆာန်ဆေးရုံဆရာဝန်တစ်ဦးနှင့်အတူ ကျောကုန်းပေါ်တွင် လက်သီးဆုပ်ခန့် အနာပေါက်ကြီးဖြစ်နေသော လားတစ်ကောင်ကို ကူညီ၍ဆေးထည့်ပေးနေသည်။ ဤအချိန်တွင်ပင် မမျှော်လင့်သောအသံတစ်ခုကို ကြားလိုက်ရ၏။

ကျွန်တော်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ငေး၍ကြည့်နေမိကြလေသည်။

တဝီဝီမြည်နေရာမှ တဝုန်းဝုန်းကျယ်လောင်၍လာပြီးနောက် ကျွန်တော်တို့နောက်တက် ၇၅ ကိုက်ခန့်အကွာတွင် ကြောက်မက်ဖွယ်ကောင်းသော ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာ၏။

ရဲဘော်များက စပါးထည့်၍ထောင်းနေသော သံခမောက်များကို ခေါင်းတွင်ဆောင်းလိုက်ပြီး နီးစပ်ရာအကာအကွယ်ကို ယူလိုက်ကြသည်။ ဝန်တင်တိရစ္ဆာန်များဖြစ်သော မြင်းနှင့် လားများမှာလည်း ရုတ်တရက်ပေါ်ထွက်လာ

သော ကြောက်မက်ဖွယ်အသံကြီးကြောင့် တောထဲသို့ စွတ်၍ဝင်ပြေးကြ၏။

ရန်သူ့ဘက်မှပစ်လိုက်သော အမြောက်ဆန်များသည် ဆက်၍ဆက်၍ ပေါက်ကွဲလာလေသည်။

စောစောက ရမ်ိရရာ အကာအကွယ်ကို ယူထားကြသော ရဲဘော်များသည် ဤအကာအကွယ်လောက်နှင့် အသက်အန္တရာယ် လုံခြုံမှုမရှိကြောင်း နားလည်လာကြသည်။ သို့ဖြစ်၍လည်း ရမိရရာ လက်နက်ကိရိယာများဖြင့် ကျင်းများ တူးနေကြလေသည်။

ရန်သူက မိမိတို့အား မသေ့သေအောင် ပစ်ခတ်တိုက်ခိုက်နေသည်ဟု သိရပြီး ထိုရန်သူကိုလည်း မိမိတို့က ပြန်လှန်တိုက်ခိုက်နိုင်စွမ်း မရှိသောအခါ ပို၍ ကြောက်စိတ်ဝင်လာ၏။

ပထမဆုံးကျရောက်ပေါက်ကွဲသော အမြောက်ဆန်က အမှတ်(၄)တပ်စု ခေါင်းပေါ်သို့ တည့်တည့်မတ်မတ်ကြီး ကျရောက်ပေါက်ကွဲသည်ဟု သတင်းရရှိ လာ၏။ ရဲဘော်တစ်ယောက် ကျဆုံးပြီး ရဲဘော်တစ်ယောက် ဒဏ်ရာရရှိသွား သည်။

ဒုတိယကျရောက်ပေါက်ကွဲသော အမြောက်ဆန်က အမှတ်(၃)တပ်စုမှ ရဲဘော် ၃ ယောက်ကို ဒဏ်ရာရရှိသွားစေခဲ့၏။

တဝီဝီမြည်သံကိုပေးကာ အမြောက်ကျည်ဆန်များက အနှံ့အပြား ကျ ရောက် ပေါက်ကွဲနေ၏။ ရဲဘော်တိုင်းပင် ဘုရားကိုတ၍ နေကြရလေသည်။

ကျွန်တော်နှင့် ကိုက် ၅၀ အကွာတွင် အမြောက်ကျည်ဆန်တစ်လုံး ကျရောက် ပေါက်ကွဲလာသည်။ အမြောက်ဆန် စဲသွားသည့်အချိန်ကလေးတွင် ကျွန်တော်သည် တပ်ရင်းသူနာပြုစခန်းရှိရာသို့ ပြေး၍လာခဲ့ပြီး ဆေးမှူးအား ဒဏ်ရာရရှိနေသည့် ရဲဘော်များကို လာရောက်ကြည့်ရှု ကုသပေးရန် မေတ္တာ ရပ်ခံနေမိ၏။

ဆေးမှူးသည် ကျွန်တော့်အား ရင်းရင်းနှီးနှီးပင် ပြန်၍အဖြေပေးလိုက်၏။

"ဒဏ်ရာရတဲ့ရဲဘော်တွေကို ဒီကိုခေါ်လာမှပေါ့။ နယ်လှည့်ဆရာဝန်လို ကျုပ်က ဘယ်နှယ်လိုက်ပြီး နေရာတကာ ကုနိုင်မှာလဲ"

ဆေးမှူးသည် ဤသို့သာပြောလိုက်သော်လည်း ဆေးအိတ်ကို အသင့်ကိုင် ပြီး ဖြစ်နေလေသည်။

အမှတ်(၄)တပ်စုရှိရာသို့ ဆေးမှူးနှင့် ကျွန်တော်တို့ ရောက်ရှိလာသည်

အချိန်တွင် ဒဏ်ရာရရှိနေသော ရဲဘော်တစ်ဦးမှာ အသက်ပျောက်နေပြီး ကျန် တစ်ဦးကိုသာ ဒဏ်ရာကိုဆေးထည့်ကာ သင့်လျော်သည့်ဆေးများ ထိုး၍ပေးရ တော့သည်။

ခဏအကြာတွင် အမှတ်(၄)တပ်စုမှ တပ်စုမှူးဖြစ်သူ မာရီဒစ်မှာ တပ်စုမှ ရဲဘော်အချို့နှင့်အတူ နမ့်ပက်ခ ကမ်းနဖူးတွင် တည်ရှိနေသည့် အမှတ်(၂) တပ်ရင်း ဌာနချုပ်ကို အကာအကွယ်ပေးရန် တာဝန်ပေးအပ်ခြင်း ခံရလေသည်

မာရီဒစ်သည် ရဲဘော်များအား ရန်သူတက်လာနိုင်မည်ဟု ထင်ရသော နေရာတွင် ချက်ချင်း ကျင်းတူး၍ နေရာယူခိုင်းလိုက်၏။

ရန်သူဘက်မှ အဝေးပစ်အမြောက်ကြီးများက သဲသဲမဲမဲ ဆက်၍ပစ်နေဆဲ ပင်ဖြစ်သည်။

မာရီဒစ် နေရာယူထားသော နေရာအနီးတွင် ဂေါ်ဒါတူးမြောင်းတိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့သော ဝါရင့်စစ်သားကြီးများဖြစ်သူ တပ်ကြပ်ကြီးရောဘတ်ဆန်က တပ်သားတစ်ယောက်နှင့်အတူ ကျင်းတူးလျက်ရှိနေ၏။ ရန်သူဘက်မှ အဆက် မပြတ် ပေါက်ကွဲကျရောက်နေသော အမြောက်ဆန်များကြောင့် ကျင်းကို သေပြေး ရှင်ပြေး တူးနေရ၏။ သို့သော် ကျင်းပြီးသည်အထိ တစ်ဆက်တည်း မတူးနိုင်။ နှစ်ယောက်စလုံးပင် လျှာထွက်မတတ် မောနေကြ၏။ ထို့ကြောင့် လက်ထဲမှ ဂေါ်ပြားများကို ပစ်ချပြီး နှစ်ယောက်သား အမောဖြေမည်ဟု ထိုင်လိုက်ကြ၏။

ဤသို့ထိုင်လိုက်ရာတွင် တပ်ကြပ်ကြီးရောဘတ်ဆန်က သူနှင့် တပ်သား ရဲဘော်တို့အကြားတွင် စွင့်စွင့်ကလေးထောင်၍နေသော လက်ပစ်ဗုံးတစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

ဂျပန်စစ်သားနှစ်ယောက်သည် တပ်ကြပ်ကြီးရောဘတ်ဆန်တို့က ကျင်းကို သေပြေးရှင်ပြေးတူးနေစဉ် နောက်ဘက်မှ အမှတ်မထင်ဝင်လာပြီး အမေရိကန် စစ်သားတစ်ဦး၏ စစ်လွယ်အိတ်ထဲမှ လက်ပစ်ဗုံးတစ်လုံးကို နှိုက်ယူကာ တပ် ကြပ်ကြီး ရောဘတ်ဆန်တို့အကြားသို့ ပစ်သွင်းလိုက်ခြင်းပင်ဖြစ်၏။

သို့သော် တပ်ကြပ်ကြီးရောဘတ်ဆန်တို့အဖို့ ကံကောင်းထောက်မနေသည် ကား ဂျပန်စစ်သားများသည် လက်ပစ်ဗုံးမှပင်ဖြုတ်၍ပစ်ရမည့်အစား စနက်တံ ကိုသာ ချွတ်၍ ပစ်လိုက်သောကြောင့် မပေါက်ကွဲဘဲရှိနေခြင်း ဖြစ်လေသည်။

အမေရိကန်လက်ပစ်ဗုံး ပေါက်ကွဲခြင်းမရှိလေသောအခါ ဂျပန်နှစ်ယောက် သည် သူတို့နှင့်အတူပါလာသော လက်ပစ်ဗုံးတစ်လုံးကို ထပ်၍ပစ်သွင်းလိုက်၏။

ထိုလက်ပစ်ဗုံးသည် သံခမောက်တစ်ခုအနီးတွင် ကျလာပြီး သံခမောက်ကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ပေါက်ကွဲသွားခဲ့၏။ သို့ရာတွင် တစ်ခုံ တစ်ယောက်ကိုမှ ထိခိုက်ခြင်းမရှိခဲ့ချေ။

ရန်သူက နောက်ထပ်၍ လက်ပစ်ဗုံးများပစ်သွင်းခြင်းမပြုနိုင်မီ တပ်ကြပ်ကြီး ရောဘတ်ဆန်သည် မောင်းပြန်ရိုင်ဖယ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး ဂျပန်နှစ်ယောက်ကို ကိစ္စတုံးလိုက်နိုင်လေသည်။

ဤဂျပန်နှစ်ယောက်မှာ အဝေးပစ်အမြောက်ကြီးများ၏ ပစ်မှတ်ကို လာရောက် ထောက်လှမ်းသူများ ဖြစ်ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်တွင် အသံလွှင့် အသံဖမ်းယူနိုင်သော ရေဒီယိုနှင့် လက်ပစ်ဗုံးများက ပါလာသောကြောင့်ပင်တည်း။

မတ်လ ၆ ရက်နေ့ နေ့လယ်တွင် ဆမ်ဝီလ်ဆင်မှာ တပ်ဖွဲ့အမိန့်ပေးဌာနချုပ်စခန်းသို့ ရောက်ရှိနေ၏။ သူ့အား ကင်းထောက်ရန် သတ်မှတ်၍ပေးထားသော နယ်မြေမှာ ဂျပန်အဝေးပစ်အမြောက်ကြီးတစ်လက်နှင့် မလှမ်းမကမ်းတွင် ရှိနေရကား ဂျပန်အမြောက်တပ်ဖိုလ်၏ ချိန်မှတ်ပေးသံ၊ အမြောက်ကျည်ထည့်သံများကို အတိုင်းသားကြားနေရသဖြင့် တပ်ဖွဲ့အမိန့်ပေးဌာနချုပ်သို့ လာရောက်သတင်းပို့နေခြင်း ဖြစ်လေသည်။

ရန်သူတို့၏ အဝေးပစ်အမြောက်ကြီးတစ်လက်ကို လေကြောင်းမှ လာရောက်၍ ကိစ္စတုံးလိုက်နိုင်ပါက ကျွန်တော်တို့ဘက်တွင် အထိအခိုက် အရှုံးအနာများစွာသက်သာသွားမည်ဖြစ်၏။

ဆမ်သည် ကောင်းကင်မှရယူထားသော ဓါတ်ပုံဘွမ်မြေပုံကို ဖြန့်ခင်းလိုက်ပြီး လေကြောင်းဆက်သွယ်ရေးအရာရှိဖြစ်သူအား ရန်သူ့ အဝေးပစ်အမြောက်ကြီးတစ်လက်ရှိနေသည့် နေရာကို လက်ဖြင့်ထောက်၍ ပြလိုက်၏။

ဓါတ်ပုံဘွမ်ဟု အင်္ဂလိပ်စာလုံးဖြင့် ရေးထားသောနေရာတွင် ဒဗလျူစာလုံး၏ အောက်နှင့်ကပ်လျက် ရန်သူ့အဝေးပစ်အမြောက်ကြီး ရှိနေသည်။

လေကြောင်းဆက်သွယ်ရေးအရာရှိသည် ဆမ်၏မျက်နှာကို စိုက်၍ ကြည့်လိုက်ပြီး…

"ကင်းထောက်သွားရတာကလည်း ဝေးလွန်းလှချေကလား"ဟု မှတ်ချက်ချလိုက်လေသည်။

အမှန်အားဖြင့်လည်း ကင်းထောက်ထွက်ခဲ့ရသောခရီးမှာ ဆမ်အဖို့ သေမင်း

နှင့် အားချင်းပြိုင် အနိုင်လုရသော ခရိုးပင်ဖြစ်ခဲ့၏။ မနေ့မနက်က ကင်းထောက် ထွက်ခဲ့ရာတွင် သူနှင့်အတူပါလာသော ရဲဘော်တစ်ဦးက ထူထပ်သော သစ်ပင် ချုံနွယ်များအကြား၌ မသင်္ကာဖွယ်ရာ တွေ့ရှိရသည်ဟု တီးတိုး သတင်းပို့ လိုက်၏။

ဆမ်သည် ကင်းထောက်အဖွဲ့သားများအား အရေးကြုံလျှင် ကာပစ်ပစ်ပေး ရန် အချက်ပြ၍ပေးခဲ့ပြီးနောက် မသင်္ကာဖွယ်ရာ တွေ့ရှိရသည်ဟုဆိုသော နေရာသို့ စမ်းချောင်းကလေးအတိုင်း သွား၍လာခဲ့၏။

စမ်းချောင်းကလေးသို့ရောက်ရန် ၁၅ ပေခန့်မျှအလိုတွင် စမ်းချောင်း တစ်ဖက်ရှိ သစ်ပင်ချုံပုတ်များမှာ ရိုင်ဖယ်ကျည်ဆန်ထိပ်ဖူးများဖြင့် တသောသော ထိမှန်ခြင်းကို ခံလာရလေသည်။

ရန်သူဘက်မှပစ်ခတ်လိုက်သော ကျည်ဆန်ထိပ်ဖူးများသည် ဆမ်နှင့် ၁၅ ပေကျော်ကျော် အကွာတွင်မှ လာရောက်ပေါက်ကွဲခြင်းမှာ ဆမ်အဖို့ ကံကောင်း ခြင်းပင် ဖြစ်တော့သည်။

သေနတ်သံများကြောင့် မြေပြင်ပေါ်တွင် ပြားပြားမှောက်၍ ဝပ်လိုက်စဉ် လက်ပစ်ဗုံးတစ်လုံးက သူ့နောက်ဘက်နားတွင် လာ၍ကျရောက်ပေါက်ကွဲလေ သည်။

ကျောကုန်းပေါ်တွင် ကျောပိုးအိတ်သာမရှိလျှင် ဆမ်မှာ ထိုနေရာတွင်ပင် အသက်ပျောက်ခဲ့ရမည်ဖြစ်၏။ သို့သော် ကျောပိုးအိတ်က ကတုတ်သဖွယ် ကြားမှခံ၍နေသောကြောင့်သာ ဆမ်သည် ဆက်လက်အသက်ရှင်နေခဲ့ရလေသည်။

ဆမ်၏ နောက်ဘက်တွင် လက်ပစ်ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲသည် နှင့် တစ်ပြိုင်နက် နောက်ဘက်တွင် ကာပစ်ပစ်ပေးရန် ထားခဲ့သော ရဲဘော် များက ရန်သူတို့ရှိမည်ဟု ထင်ရသောနေရာသို့ လက်ထဲတွင်ရှိသော သေနတ်များ ဖြင့် အတွဲလိုက်ဆွဲ၍ ပစ်ခတ်လိုက်ကြလေသည်။

ဆမ်၏ ရဲဘော်များလက်ချက်ကြောင့် ရန်သူ့ဘက်မှ ဂျပန်တစ်ယောက် ကျဆုံးကျန်ရစ်ခဲ့သည်။ အခြေအနေ မည်သို့ရှိသည်ကို ခေါင်းထောင်၍ကြည့်မိ သော ဆမ်သည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သော ဂျပန်အရာရှိ တစ် ယောက်ကို လျှပ်ပြက်သကဲ့သို့ တွေ့လိုက်ရ၏။ ဆမ်သည် ကာဘိုင်ကိုဆွဲယူကာ ဂျပန်အရာရှိ ရှိရာသို့ အတွဲလိုက်ဆွဲ၍ ပစ်ခတ်လိုက်၏။

ဂျပန်အရာရှိသည် မြင်းနှင့်အတူ ထိုနေရာတွင်ပင် ကျဆုံးခဲ့လေသည်။

တိုက်ပွဲပြီး၍ အသေအရှာသွားရောက်ကြည့်ရှုသောအခါ ဂျပန်အရာရှိမှာ ဗိုလ်မှူး အဆင့်အတန်းရှိသူတစ်ဦးဖြစ်ကြောင်း တွေ့ကြရလေသည်။

ဤကား ဂျပန်အဝေးပစ်အမြောက်ကြီးတစ်လက်ရှိသည့် နေရာကို အမှတ်မထင် သိရှိခဲ့ရသော ဆမ်၏ သေဘေးမှသီသီကလေးလွတ်လာခဲ့ရသည့် စွန့်စားခန်း ဖြစ်လေသည်။

ရန်သူဘက်မှ အဝေးပစ်အမြောက်သံများ ဓလေ့မှု ရပ်စဲနေသည့်အချိန်များတွင် ကျွန်တော်တို့သည် သစ်ပင်များအကြားသို့ ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေးသွားကြသော ဝန်တင်တိရစ္ဆာန်များကို လိုက်လံရှာဖွေကာ ရန်သူ့အမြောက်ဆန်နှင့် ကင်းလွတ်မည်ဟုထင်ရသော နေရာများတွင် ကောင်းမွန်စွာ ထိန်းသိမ်းထားရ၏။

မတ်လ ၆ ရက်နေ့တွင်ပင် အိန္ဒိယရှိ ဌာနချုပ်က ကျွန်တော်တို့တပ်ဖွဲ့အဖို့ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ဝါစုဂါးရွာတွင် လာရောက်ချပေးသည်။

အစပထမ ရိက္ခာများကို လဂန်းဂါးရွာတွင် ချပေးရန် စီစဉ်ခဲ့သော်လည်း ရန်သူ့ဘက်မှ အဝေးပစ်အမြောက်ကြီးများ အန္တရာယ်ကြောင့် ဝါစုဂါးရွာသို့ နေရာရွှေ့ပြောင်းသွားခဲ့ခြင်း ဖြစ်လေသည်။

လဂန်ဂါးရွာမှ ရန်သူ့အမြောက်ဒဏ်ကြောင့် အိုးအိမ်ဟူ၍ တစ်ခုမှမကျန်တော့ဘဲ မီးလောင်ပြင်နှင့် ပြာပုံသာဖြစ်နေလေတော့သည်။

ဝါစုဂါးရွာသို့ ရိက္ခာကောက်ရန်အသွားတွင် တရုတ်တင့်ကားအုပ်စုမှ တင့်ကားတစ်စီးကို တွေ့လိုက်ရသောကြောင့် ရဲဘော်အများအပြားပင် အားတက်၍သွားလေသည်။ ရန်သူ့ဘက်တွင် အဝေးပစ်အမြောက်ကြီးများ ရှိနေသလို ကျွန်တော်တို့ဘက်တွင်လည်း တင့်ကားများ ရှိနေပြီ မဟုတ်ပါလား။

ဝါစုဂါးရွာတွင် တရုတ်ရတင့်ကားတပ်နှင့်အတူ ဗိုလ်ချုပ်ကြီးမာရီးလည်း ရောက်ရှိနေ၏။ အမှတ်(၁၁၃) ရယ်ဂျီမင့်မှ တရုတ်တပ်မှူးဖြစ်သူသည်လည်း ဗိုလ်ချုပ်ကြီးမာရီးနှင့်အတူ အခြေအနေကို ဆွေးနွေးနေသည်။ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်မှာ ကျွန်တော်တို့တပ်ဖွဲ့သားများအဖို့ စိတ်ဓာတ်တက်ကြွစရာ ကောင်းနေလေသည်။

ကြားသိရသမျှ သတင်းများအနက် အမှတ်(၂၂)တရုတ်တပ်မှ ချီတက်လာမှုကြောင့် ဂျပန်တို့သည် မိုင်းကွမ်မှ အမှုတပြင်းဆုတ်ခွာနေပြီး ဗိုလ်ချုပ်ကြီးမာရီးသည် ထိုဒေသရှိ ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များနေရာတွင် အမှတ်(၁၁၃)

တရုတ်ရယ်ဂျီမင့်မှ စစ်သားများကို အစားထိုး၍ ထားလိမ့်မည်ဟူသော သတင်းပင်တည်း။

ဤကဲ့သို့သော စိတ်ရွှင်လန်းစရာသတင်းများကို ကြားနေရစဉ် အမှတ်(၃)တပ်ရင်းမှာ ဝါလောဘွမ်တွင် သွေးချောင်းစီးတိုက်ပွဲကို ဆက်လက်ဆင်နွှဲလျက်ပင် ရှိနေကြသည်။

ဗိုလ်ချုပ်ကြီးမာရီးက ဝါလောဘွမ် စစ်မျက်နှာမှ တပ်များဆုတ်ခွာရန် အမိန့်ပေးထားခဲ့သော်လည်း အမှတ်(၃)တပ်ရင်းက ဝါလောဘွမ်မှ မဆုတ်ခွာနိုင်သေးမီ ဂျပန်တို့က ရှိသမျှအင်အားကို အကုန်စု၍ ဝါလောဘွမ်စစ်မျက်နှာတွင် အကြိတ်အနယ် တိုက်စစ်ဆင်လာသောကြောင့် အမှတ်(၃)တပ်ရင်းသည် မလွှဲမရှောင်သာတော့ဘဲ သွေးချောင်းစီးတိုက်ပွဲကို ဆင်နွှဲလာခဲ့ရခြင်းဖြစ်လေသည်။

လဂန်ဂါးသို့ အောင်မြင်စွာတပ်ဆုတ်၍ လာနိုင်ခဲ့သော အမှတ်(၁)နှင့် အမှတ်(၂)တပ်ရင်းများက ရန်သူ့အဝေးပစ်အမြောက်ကြီးများဒဏ်ကို မတ်လ ၆ ရက်နေ့တစ်နေ့လုံး အလူးအလဲခံနေရခြင်းမှာ ဝါလောဘွမ်တွင် ဂျပန်တို့က သဲသဲမဲမဲတိုက်စစ်ကြီးဆင်နေသည့်အဆက်ပင် ဖြစ်လေသည်။

လေထီးဖြင့်ချပေးသော ရိက္ခာများကို ဝါစုဂါးတွင် ကောက်ယူပြီးနောက် ရသင့်သည့်ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ဝန်တင်တိရစ္ဆာန်များနှင့် အထမ်းသမားများဖြင့် တပ်စခန်းချရာ လဂန်ဂါးရွာသို့ ပြန်လာခဲ့သော ကျွန်တော်သည် ချောင်းတစ်ခုကို ဖြတ်၍ကူးနေစဉ် ကျွန်တော်တို့ရှေ့ဘက်၌ ကျရောက်ပေါက်ကွဲနေသော အမြောက်သံများကို ကြားလာရ၏။

ချောင်းအတွင်းတွင် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်အရပ်မှ လာနေသော ရဲဘော်များနှင့် ဝန်တင်တိရစ္ဆာန်အချို့ကိုလည်း တွေ့ရ၏။

ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်၍လာနေသော ရဲဘော်တစ်ယောက်အား...

"ခင်ဗျား လမ်းမှားနေပြီထင်တယ်"ဟု လှမ်း၍အော်လိုက်၏။

"မမှားဘူးဗျို့...ကျုပ်တို့က ဝါစုဂါးရွာက ထွက်လာတာ" ကျွန်တော်က ပြန်၍အော်လိုက်၏။

မျက်နှာချင်းဆိုင်မှလာနေသော ရဲဘော်များ၏ အမူအရာကိုကြည့်ရခြင်းအားဖြင့် လဂန်ဂါးရှိ ကျွန်တော်တို့၏တပ်များသည် စစ်ဆုတ်၍လာနေပြီ ဖြစ်ကြောင်း အကဲခတ်မိ၏။ သို့သော် ကျွန်တော့်မှာ လဂန်ဂါးသို့ အရောက်သွားရပေဦး

မည်။ ဗိုလ်မှူးကြီးအောစ်ဘုံးနှင့် တွေ့ဆုံ၍ သတင်းပို့ရန်ရှိရုံသာမက လဂန်ဂါး တွင် ကျန်ရစ်ခဲ့သော ကျွန်တော်တို့တပ်စုရဲဘော်များကိုလည်း စုစည်းရန် ကျွန်တော့်တွင် တာဝန်ရှိနေသေးသည်။

လဂန်ဂါးသို့ ရှေးရှု၍သွားနေသည်နှင့်အမျှ မျက်နှာချင်းဆိုင်အရပ်မှ ရေးကြီး သုတ်ပျာ တပ်ဆုတ်၍လာကြသော ရဲမက်တော်များကို ပို၍ပို၍ တွေ့လာရသလို နေရောင်ခြည်ကလည်း ပို၍ပို၍ မှေးမှိန်လာသည်။

သို့သော် အဝေးပစ်အမြောက်သံများကမူ တစ်မိနစ်ထက် တစ်မိနစ် ပို၍ပို၍ ကျယ်လောင်မြည်ဟည်းလျက် ရှိနေချေသည်။

လဂန်ဂါးရွာသို့ ကျွန်တော်တို့ ရောက်ရှိသွားသောအချိန်တွင် တပ်ရင်း ဌာနချုပ်ရှိရာတစ်ဝိုက်တွင် အမြောက်ဆန်များ မှာရရာကြဲ၍ ကျနေသည်ကို တွေ့ရ၏။

ကျွန်တော်တို့သည် ရတတ်သမျှသော ဝန်တင်တိရစ္ဆာန်များကို စုဆောင်း ကာ ရတတ်သမျှသော လက်နက်ကိရိယာများကိုတင်၍ ဆုတ်ခွာနေသော စစ် ကြောင်း၏ နောက်ဆုံးနေရာမှ အမြန်နိုင်ဆုံးလှမ်းကာ နောက်ကြောင်းပြန်၍ ချီတက်ခဲ့ရလေသည်။

ထိုနေ့ နေဝင်ရီတရောအချိန်က တပ်ဆုတ်လာခဲ့ရပုံမှာ ကျွန်တော်တို့အဖို့ စိတ်သက်သာဖွယ်ရာမရှိ၊ မည်သည့်အချိန်တွင် ရန်သူက ကျွန်တော်တို့တပ်စုကို ချေမှုန်းလိုက်မလဲဟု စိတ်တထင့်ထင့်နှင့် စိုးရိမ်နေရ၏။ လူက နည်းသည့်ပြင် နောက်ဆုံးမှ စစ်ဆုတ်ခဲ့ရသောကြောင့်လည်း စိတ်အားငယ်နေမိကြခြင်း ဖြစ်လေ သည်။

ကျွန်တော်တို့အပါအဝင် အမှတ် ၅၃၀၇ တပ်ဖွဲ့သည် မည်သည့်အခါမှ ဤကဲ့သို့ ဒရောသောပါး စစ်ဆုတ်ခဲ့ရသည်ဟူ၍ မရှိ။ ဤကဲ့သို့လည်း မည်သည့် အခါမှ အဝေးပစ်အမြောက်ကြီးများနှင့် အဆက်မပြတ် အပစ်အခတ် ခံခဲ့ကြရ ခြင်းလည်း မရှိ။ အပွဲပွဲနွှဲခဲ့လေသမျှ ဝါလောဘွမ်တိုက်ပွဲတွင် နှုတ်ပစ်ခံရချေပြီဟု စိတ်ပျက်လက်ပျက် မှတ်ချက်ချလိုက်မိသည်။

သို့သော် နောက်တစ်နေ့သို့ ရောက်လာသောအခါ ကျွန်တော်တို့တပ်ဖွဲ့၏ စွမ်းဆောင်မှုကြောင့် ဗိုလ်ချုပ်ကြီး တနခါ၏ အမှတ်(၁၈)တပ်မသည် ဝါလော ဘွမ် စစ်မျက်နှာမှ ဆုတ်ခွာရလေပြီဟူသော သတင်းကို ကြားရသောအခါ ကျွန်တော်တို့သည် အတိုင်းမသိ ဝမ်းသာ၍နေမိကြလေသည်။

လဂန်ဂါးရွာမှ အမှတ်(၁) နှင့် (၂)တပ်ရင်းများ ဆုတ်ခွာလာနိုင်ခဲ့ခြင်းမှာ သွေးချောင်းစီးတိုက်ပွဲကို နောက်အချိန်ထိ ဆင်နွှဲနေသော အမှတ် ၃ တပ်ရင်း၏ သတ္တိပြောင်မြောက်မှုကြောင့်ပင် ဖြစ်သည်ဟုလည်း ရဲဘော်ရဲဘက်တိုင်း သဘော ပေါက်လာခဲ့ကြလေသည်။

ထိုနေ့က သွေးချောင်းစီးတိုက်ပွဲမှာ အမှတ်(၃)တပ်ရင်းအဖို့ သုံးရက်မြောက် ဆက်တိုက်ဆင်နွှဲရသော တိုက်ပွဲကြီးဖြစ်လေသည်တကား။

ဂျပန်တပ်မှူးများသည် သူတို့၏တပ်သားများအား တက်တက်…ဟု အော် ဟစ် အမိန့်ပေးရင်း အမှတ်(၃)တပ်ရင်းရှိရာသို့ လှိုင်းကြီးများဖိ၍ ရိုက်သကဲ့သို့ ဆင့်ကာဆင့်ကာ တိုက်စစ်ဆင်နွှဲစေသည်။

ဗန်နိုင်းဟူသော စစ်ညာသံကို ဟစ်ကြွေးလျက် အနုလိုက်အပြုလိုက် ထိုး၍ တက်လာကြသော ဂျပန်စစ်သားများကို အမှတ်(၃)တပ်ရင်းမှ ရဲဘော်များက ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်ကြ၏။

ရန်သူတို့၏ ဆင့်ကာဆင့်ကာ တိုက်ခိုက်ပုံမှာ တပ်ရင်းတစ်ခုကို တပ်မ တစ်ခုဖြင့် ဝိုင်း၍တိုက်နေသကဲ့သို့ ရှိချေသည်။

တက်၍တိုက်သည့်အခါတိုင်း ရန်သူဘက်မှ အများအပြားပင် အကျနာ ခဲ့၏။ သို့တစေ…ကျားနာကြီးနှင့်တူနေသော ရန်သူသည် အမှတ်(၁၈) ဂျပန် တပ်မတစ်ခုလုံးကိုပင် အသုံးပြုကာ တိုက်ခိုက်တော့မည်ကဲ့သို့ စီစဉ်လာ၏။

တိုက်ပွဲသုံးရက်မြောက်သည့် နေ့လယ်ဘက်တွင် ရန်သူများဘက်မှ စစ်ကူ ရောက်လာသည်ဟု တွေးထင်ရ၏။ ထရပ်ကားသံများ၊ အမြောက်တင် ရထား ဘီး၏ အသံများကို အမှတ်(၃)တပ်ရင်းမှ ကင်းထောက် ကင်းရဲဘော်များက ကြားလာရ၏။

တိုက်ပွဲသုံးရက်မြောက်သည့်နေ့ နံနက်က ရန်သူသည် မော်တာဗုံးများ ကိုသာ အမှတ်(၃)တပ်ရင်းရှိရာသို့ ပစ်လွှတ်တိုက်နေသော်လည်း ညနေစောင်း လာသည်တွင် အဝေးပစ်အမြောက်ကြီးများဖြင့် လှမ်း၍ထုလာပုံကို ထောက်ခြင်း အားဖြင့် ရန်သူဘက်တွင် လူနှင့် လက်နက်များ စစ်ကူရောက်လာပြီဆိုသည့် အချက်မှာ ထင်ရှားလာတော့၏။

အမှတ်(၃)တပ်ရင်းသည် မိမိတွင်ရှိသမျှသော မော်တာများဖြင့် ပြန်၍ ထုနေပြီး ရန်သူဘက်မှ အဝေးပစ်အမြောက်ဆန်များ တအုံးအုံးကျရောက် ပေါက် ကွဲနေသည့် အချိန်တွင်မူ ကျင်းများအတွင်းတွင်ထိုင်ကာ သေနတ်များကို

တိုက်ချွတ်ခြင်းဖြင့် အချိန်ကိုဖြုန်းလိုက်ကြ၏။

ညနေ ၅ နာရီလောက် ရောက်လာသောအခါ ရန်သူဘက်မှ ကျည်ပစ်အားမှာ ပို၍ပြင်းထန် သဲမဲလာတော့၏။ လက်ရုပ်နှစ်ဖက်ကို တီးသကဲ့သို့ခင် မြန်ဆန်သော စက်သေနတ်ကြီးနှစ်လက်က အမှတ်(၃)တပ်ရင်းမှ ရဲဘော်များကို ခေါင်းပင် ဖော်၍မရနိုင်လောက်အောင် သဲသဲမဲမဲ ပစ်ခတ်နေပြီး မော်တာလုံးများကလည်း အဆက်မပြတ် ကျရောက်ပေါက်ကွဲလာသည်။ အမြောက်မော်တာနှင့် လက်ပစ်ဗုံးများ၏ သုံးပွင့်ဆိုင်၍ ကျရောက်ပေါက်ကွဲသံမှာ ကောင်းကင်ကြီးပင် ပြိုကျ၍ လာနေလေသလားဟု ထင်မှတ်နေရ၏။

ရန်သူဘက်မှ ပစ်လွှတ်လိုက်သော ၉၀ မီလီမီတာ မော်တာကျည်ဆန်များသည် နှစ်ဆင့်စီထပ်၍ ပေါက်ကွဲလျက်ရှိနေရာ ရဲဘော်အများအပြားနှင့် ဝန်တင်တိရစ္ဆာန်များမှာ ပုန်းစရာကွယ်စရာ မရှိလောက်အောင်ပင် ဖြစ်နေရတော့သည်။ ဤအထဲတွင် စောင်း၍လာသောနေက နမ့်ပက်ခ တစ်ဖက်ကမ်းရှိ ဂျပန်များ၏ ကျောကုန်းကို အပူရှိန်ဖြင့် အားပေးနေသကဲ့သို့ ရှိသလောက်၊ အမှတ်(၃)တပ်ရင်းမှ ရဲဘော်များ၏ မျက်နှာကို မီးစဖြင့်ထိုးထားသလို ဖြစ်နေစေပြန်သည်။ နဂိုကမှ လက်နက်ချင်း မယှဉ်သာအောင် အားနည်းနေသော အမှတ်(၃)တပ်ရင်းမှ ရဲဘော်များသည် နေမင်း၏ဒဏ်ကိုလည်း ထပ်၍ခံရကာ ရှိသမျှလက်နက်ကလေးဖြင့်ပင်လျှင် ရန်သူကို ချိန်သားကိုက်အောင် မပစ်နိုင်ဘဲ ရှိနေရပြန်လေသည်။

ရန်သူသည် တစ်ဖက်မှပေးနေသော အခြေအနေကို အခွင့်ကောင်းထပ်၍ယူကာ အမှတ်(၃)တပ်ရင်းအား အပြီးအပိုင် ချေမှုန်းရေးတိုက်ပွဲဆင်ရန် ကြိုးပမ်းလာ၏။

နမ့်ပက်ခ တစ်ဖက်ကမ်းတွင် ကွင်းပြောင်ကလေးရှိသည်။ ဤကွင်းပြောင်ကလေးကိုလွန်သော် ထူထပ်သောတောတစ်ခုရှိနေလေ၏။ ဤတောထဲမှ စစ်ညာသံကိုပေးကာ ဂျပန်စစ်သားများ ပြေး၍ပြေး၍တက်လာပုံမှာ အမှတ်(၃)တပ်ရင်းမှ ရဲဘော်များအဖို့ ကျောချမ်းစရာကောင်းနေ၏။

ရှိသမျှလက်နက်ကို ကာပစ်၊ပစ်ကာ ဗန်းနိုင်းကြွေးကြော်လျက် အမှတ် ၃ တပ်ရင်းရှိရာသို့ လေညာမှလွှတ်အပ်သော မြားကဲ့သို့ တစ်ဟုန်ထိုး ချီတက်လာကြ၏။

အမှတ်(၃)တပ်ရင်းမှ ရဲဘော်များသည် မိမိတို့ကတုတ်ကျင်းများတွင်

ငြိမ်သက်စွာ ရှိနေကြလေသည်။

ရန်သူသည် အမှတ်(၃)တပ်ရင်းရှိရာ ခံကတုတ်ကျင်းများကို လှိုင်းလုံးကြီးများ ဆင့်၍ဆင့်၍ ရိုက်ခတ်သကဲ့သို့ ချီတက်တိုက်ခိုက်ကြ၏။

မိမိတို့ ကတုတ်ကျင်းများအတွင်းမှ ရှိရာလက်နက်များကို အသင့် ကိုင်ဆောင်ထားကြသော အမှတ်(၃)တပ်ရင်းမှ ရဲဘော်များသည် ရန်သူများ နမ့်ပတ်ခချောင်းကို ဖြတ်ကျော်လာပြီးနောက် ကိုက် ၄၀ အထိရောက်အောင် ငြိမ်သက်စွာ စောင့်ဆိုင်းနေလိုက်ကြသည်။

ပြီးမှ သုံးရာလေးရာခန့်မျှသော လက်နက်များကို တစ်ချိန်တည်းပစ်ခတ်ကာ ရန်သူကို ခုခံတိုက်ခိုက်ကြ၏။

ရှေ့ဆုံးမှတက်လာသော ဂျပန်စစ်သားများသည် ခြေရင်းမှခုတ်လှဲခြင်းခံရသော ငှက်ပျောပင်များကဲ့သို့ အတုံးအရုံးကျဆုံးသွားကြ၏။

သို့သော် နောက်ဘက်ရှိ ဂျပန်စစ်သားများက ကျဆုံးသွားသူများ၏ ကိုယ်ပေါ်မှ ကျော်လွှားကာ ရှေ့သို့တက်မြဲ တက်လာပြန်သည်။ အမြောက်များ ၇၀ မီလီမီတာ မော်တာများဖြင့် အဝေးမှလှမ်း၍ ကာပစ်ပစ်ပေးနေသောကြောင့် အမှတ်(၃)တပ်ရင်းမှ ရဲဘော်များသည် ကတုတ်ကျင်းများအတွင်းတွင် ခေါင်းမဖော်နိုင်အောင် ရှိနေကြသည်ဟု ဂျပန်များက တွက်ထားပုံရသည်။

အမှန်အားဖြင့်မူ ဂျပန်တို့ဘက်မှ လှမ်း၍ထုနေသော အမြောက်နှင့် မော်တာဗုံးဆန်များကြောင့် အမှတ်(၃)တပ်ရင်းခေါင်းပေါ်ရှိ သစ်ပင်သစ်ကိုင်းများမှာ ပြောင်တလင်းခါနေပြီး ရဲဘော်များအတွက် ပစ်ခွင့်လမ်းကြောင်းကောင်းအောင် ဖန်တီးပေးသကဲ့သို့ ရှိနေလေသည်။

သို့ဖြစ်၍လည်း လှိုင်းလုံးကြီးများကဲ့သို့ ဆင့်ကာဆင့်ကာတက်လာသော ရန်သူများကို အမှတ်(၃)တပ်ရင်းမှ ရဲဘော်များက အလုံးလိုက်အခဲလိုက် ဖြိုလှဲ၍ ဖြစ်နိုင်ခဲ့ခြင်းဖြစ်၏။

ရန်သူဘက်မှ ပြေး၍တက်လာသူများတွင် စက်သေနတ်အဖွဲ့များပင် ပါလာသည်။ ကျဆုံးသွားသော စက်သေနတ်သမားများနေရာတွင် နောက်ထပ်ရောက်လာသောသူများက နေရာယူပြီး ရှေ့သို့တက်လာပြန်သည်။ ဤသို့တက်လာသူများမှာလည်း ခံကတုတ်ကျင်းထဲမှနေ၍ ပစ်နေရသော အမှတ် ၃ တပ်ရင်းမှ ရဲဘော်များ၏ လက်နက်ဒဏ်ကို မခံနိုင်ဘဲ ဒိဝိန်ချုပ်သွားရပြန်သည်။

နမ့်ပက်ခ အရှေ့ဘက်ကမ်းပါးတွင် မောင်းပြန်ရိုင်ဖယ်များ၊ စက်သေနတ်

များဖြင့် ကတုတ်ကျင်းတူး၍ နေရာယူထားသော အမှတ်(၃)တပ်မှ ရဲဘော်အချို့မှာ ပြေး၍ပြေး၍တက်လာသော ရန်သူများကို ကတုတ်ကျင်းထဲမှနေ၍ ဝင်သတ်နေရပုံမှာ နွားသတ်ရုံတွင် နွားများကိုသတ်နေရသကဲ့သို့ ရှိနေချေသည်။

သို့ဖြစ်၍လည်း နမ့်ပတ်ခ ဤမှာဘက်ကမ်း ကမ်းစပ်တစ်လျှောက်တွင် ရန်သူ့အလောင်းကောင်များဖြင့် တဖြည်းဖြည်းလွှပ်၍လာတော့၏။

သို့တိုင်အောင် ရန်သူသည် အမှတ်(၃)တပ်ရင်းအား အစိမ်းလိုက်ဝါး၍စားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆက်လက် တက်မြဲတက်နေ၏။

ရဲဘော်များသည် စက်သေနတ်ပြောင်းများ နီရဲ၍လာသည်အထိ လက်မလည်အောင် ပစ်ခတ်နေကြရလေသည်။

ရန်သူများက ဒဏ်ရာရသော ကျားကြီးလို ကမူးရှူးထိုး အတင်းတိုး၍ချီတက်လာသလို ကတုတ်ကျင်းအတွင်းတွင် နေရာယူထားသော အမှတ်(၃)တပ်ရင်းမှ ရဲဘော်များကလည်း တက်လာသောရန်သူကို စိမ်ပြေနပြေ အော်ခေါ်ကာ သေနတ်ခလုတ်များကို ဖြုတ်နေကြ၏။

တိုက်ပွဲက ကြာ၍လာသည်နှင့်အမျှ အမှတ်(၃)တပ်ရင်းတွင် ခဲယမ်းမီးကျောက်များ လျော့နည်း၍လာခဲ့သည်။ သို့ဖြစ်၍ ကုန်းပေါ်တွင် နေရာယူထားသော ရဲဘော်များက ကမ်းစပ် ခံကတုတ်ကျင်းများရှိ ရဲဘော်များထံသို့ ပိုသမျှခဲယမ်းမီးကျောက်များကို လက်ဆင့်ကမ်း၍ ပို့ပေးနေကြ၏။

ရဲဘော်များ၏စိတ်ဓာတ်မှာ အံ့ဩဖွယ်ကောင်းလောက်အောင် တက်ကြွလျက် ရှိနေကြလေသည်။

မှောင်စပျိုး၍လာသောအချိန် ဤမှာဘက်ကမ်းရှိ ရဲဘော်များသည် ကတုတ်ကျင်း နှုတ်ခမ်းများပေါ်သို့ တက်ကာ ရန်သူကို လက်ယပ်ခေါ်ကာ ဗိုလ်တောင်း၍လာကြ၏။ တိုက်ပွဲတစ်ပွဲနှင့် မတူတော့ဘဲ လူချည်းယှဉ်၍ သတ်နေသည့် လူသတ်ပွဲကြီး ဖြစ်လာတော့သည်။

ထိုနေ့ည ၈ နာရီအချိန်တွင် လား ၅ ကောင်ဖြင့် တင်ဆောင်လာသောလက်နက်ခဲယမ်းမီးကျောက်များ အမှတ်(၃)တပ်ရင်းရှိရာသို့ ရောက်ရှိလာ၏။ ရဲဘော်များသည် ပို၍ အားတက်လာကြလေသည်။

ရန်သူဘက်မှ တရစပ်ပစ်ခတ်နေသော အမြောက်သံများသည် ည ၁၀ နာရီအချိန်တွင် တိတ်ဆိတ်သွားသည်။ ရန်သူဘက်မှ များစွာအကျအဆုံးများသွားဟန် တူလေသည်။

ရန်သူကဲ့သို့ပင် စစ်ပန်းလျက်ရှိသော အမှတ်(၃)တပ်ရင်းသည်လည်း ထိုနေ့ည သန်းခေါင်ယံအချိန်တွင် ဝါစုဂါးသို့ စစ်ဆုတ်၍လာခဲ့လေသည်။

အမှတ်(၃)တပ်ရင်းဘက်တွင် ရဲဘော်တစ်ဦးတစ်ယောက်မှ ကျဆုံးခြင်း မရှိသည်မှာ အံ့သြစရာကောင်းသည်နှင့်အမျှ ရဲဘော်တို့၏ သူရသတ္တိကို ချီးကျူး စရာကောင်းလှသည်။ သုံးရက်နှင့် သုံးညတိုင်တိုင် ကြီးကျယ်သောတိုက်ပွဲကြီး ကို ရင်ဆိုင်ခဲ့ရလင့်ကစား၊ အမှတ်(၃)တပ်ရင်းတွင် ဒဏ်ရာရရှိသည့် ရဲဘော် ၈ ယောက်သာ ရှိခဲ့သည်။

ရန်သူများဘက်တွင်မူ နမ့်ပက်ခ ချောင်းကမ်းစပ် တစ်ပြင်တစ်ခွင်တွင်ပင် အလောင်းပေါင်း ၃၅၀ တိတိ ကျဆုံးကျန်ရစ်ခဲ့သည်အထိ အဖြစ်ဆိုးခဲ့လေ သည်။

ဒဏ်ရာ အကြီးအကျယ်ရရှိသူ၊ ဒဏ်ရာရရှိပြီးနောက် သေဆုံးသူ စသည် များကိုသာ စုပေါင်းစာရင်းသွင်းခဲ့လျှင် ဝါလောဘွမ်တိုက်ပွဲ၌ ရန်သူဘက်မှ အနည်းဆုံး ၈၀၀ အထိ ကျဆုံးခဲ့လေသည်။

ဝါလောဘွမ်တိုက်ပွဲကား ရန်သူ ၈၀၀ နှင့် ရဲဘော် ၈ ယောက်တို့ တိုက်ခိုက်ရသော တိုက်ပွဲကြီးပါတကား။

◆

# ( ၆ )

## ဇရာဝတီထိပ်မှ ဘီလူးကြီးတစ်ကောင်

စစ်ဆုတ်လာသော တပ်ရင်းများသည် ဝါလောဘွမ်မြောက်ဘက်ရှိ ဆိတ်ခူဂါးတွင် စခန်းချရပ်နား၍ အပန်းဖြေကြရ၏။

ကျွန်တော်တို့တပ်နှင့် မလှမ်းမကမ်းတွင် တရုတ်တပ်များလည်း စခန်းချရပ်နားလျက်ရှိကြသောကြောင့် ကျွန်တော်တို့သည် တရုတ်စစ်သားများထံမှ ဆန်နှင့် လက်ဖက်ခြောက်ကို စီးကရက်များနှင့် လဲလှယ်စားသောက်ကြသည်။

ပြီးဆုံးခဲ့သော ဝါလောဘွမ်တိုက်ပွဲကို စစ်စစ်ပေါက်ပေါက် စာရင်းချကြည့်သောအခါ ကျွန်တော်တို့ဘက်မှ ၈ ယောက် ကျဆုံးကာ ၃၇ ယောက် ဒဏ်ရာရရှိခဲ့၏။ ဖျားနာသူပေါင်း ၁၀၉ ယောက်ရှိခဲ့သည်။

တပ်ထွက်စဉ်က လူပေါင်း ၂၆၀၀ အင်အားရှိသည်အနက် ယခုအချိန်တွင် လူအင်အား ၂၃၀၀ အထိ ဒေါင်ဒေါင်မြည် ရှိနေခြင်းမှာ ကျွန်တော်တို့တပ်ဖွဲ့အတွက် ဂုဏ်ယူစရာပင်ဖြစ်၏။

ဆိတ်ခူဂါးတွင် ရေကူးလိုက်၊ အစားစားလိုက်ဖြင့် နှစ်ရက်တိုင်တိုင် အပန်းဖြေခဲ့ရပြီးနောက် ကျွန်တော်တို့တပ်ဖွဲ့သည် ဒုတိယအကြိမ်မြောက် တိုက်ပွဲကြီးကို ထပ်မံဆင်နွှဲရန် တာဝန်ပေးခြင်းခံရပြန်၏။

ကျွန်တော်တို့သည် ဂျပန်တို့၏ အရှေ့ဘက်တောင်ပံကို ပန်းဝိုက်၍ ချီတက်သွားပြီးနောက် ကာမိုင်းလမ်းကို (ရှာဒူဇွပ်)အောက်ဘက်မှနေ၍ ပိတ်ဆို့တားဆီးကာ ရန်သူဂျပန်များကို သုတ်သင်ရှင်းလင်းရမည့် တာဝန်ပင်တည်း။

ကားမိုင်းလမ်းကို ပိတ်ဆို့တားဆီးရမည့်နေရာမှာ လမ်းအတိုင်းဆိုလျှင် ဝါလေဘွမ်မှ တောင်ဘက် မိုင် ၃၀ အကွာတွင်ရှိသော်လည်း ကျွန်တော်တို့က ဂျပန်အရှေ့ဘက်တောင်ပံကို ပန်းဝိုက်ချီတက်ရမည်ဖြစ်သောကြောင့် မိုင် ၅၀ အထိ ခရီးဆန့်ရမည်ဖြစ်၏။

ထိုကဲ့သို့ ခရီးဆန့်ရာ၌ ကျွန်တော်တို့သည် (ဂျမ်ဘူးဘွမ်) တောင်စဉ်တောင်တန်းတွင် အနိုင်အမာတပ်စွဲလျက်ရှိသော ဂျပန်တပ်များနှင့် ဝင်၍မတိုးမိစေရန် အထူးသတိထားရန်လိုသည်။

ဂျမ်ဘူးဘွမ် တောင်စဉ်တောင်တန်းသည် နိမ့်ပင် နိမ့်ငြားသော်လည်း ဟူးကောင်းတောင်ကြား၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိနေကာ မိုးကောင်းမြစ်ဝှမ်းသို့ ပေါက်ရောက်နိုင်သောလမ်းကို ကာဆီးလျက်ရှိနေချေသည်။

စစ်ရေးအရ အချက်အချာကျသော နေရာပင်တည်း။

ကျွန်တော်တို့ စခန်းချရပ်နားနေသော ဆိတ်ခူဂါးနှင့် ကျွန်တော်တို့ ချီတက်ရမည့် ရှာဒူဇွပ်အကြားတွင် အချက်အချာဖြစ်သော ဂျမ်ဘူးဘွမ် တောင်စဉ်တောင်တန်းက တားဆီးလျက်ရှိနေ၏။ ဤတောင်စဉ်တောင်တန်းပေါ်တွင်လည်း ဂျပန်များက အနိုင်အမာ တပ်စွဲလျက်ရှိနေချေသည်။

ဤတောင်တန်းကို ဖြတ်ကျော်မိလျှင် ကျွန်တော်တို့သည် မိုးကောင်းမြစ်ဝှမ်းသို့ ချောချောမောမောရောက်ရှိသွားမည်ဖြစ်၏။

မိုးကောင်းမြစ်ဝှမ်းသို့ ရောက်ရှိသွားမည်ဆိုလျှင် ဆက်စပ်လျက်ရှိနေသော ဧရာဝတီမြစ်ဝှမ်းသို့ ကျွန်တော်တို့တပ်များ လွယ်လွယ်ကူကူပင် တက်ရောက်နိုင်ကြမည်ဖြစ်၏။

သို့ဖြစ်၍ ဂျမ်ဘူးဘွမ်သည် ဧရာဝတီတည်းဟူသော သိုက်တံခါးကြီးကို စောင့်နေသည့် ဘီလူးကြီးနှင့် တူနေလေသည်။

ဆိတ်ခူဂါးမှ တောင်ဘက် ကာမိုင်းလမ်းပေါ်ရှိ ရှာဒူဇွပ်အောက်ဘက်သို့ အရောက် ကျွန်တော်တို့တပ်ဖွဲ့ ချီတက်ရာတွင် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ချီတက်ရမည်ဟု ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ညွှန်ကြားချက်ပေးသည်။

သို့သော် ကျွန်တော်တို့တပ်ဖွဲ့၏ ဗိုလ်ချုပ်ဖြစ်သူ မာရီနှင့် တပ်မှူးကြီးဖြစ်သူ ဟန်တာတို့ကမူ ကျွန်တော်တို့တပ်ဖွဲ့ကို စစ်ကြောင်းများခွဲ၍ ချီတက်ခြင်းကို လုံးဝသဘောမတူ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့တပ်ဖွဲ့မှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ညွှန်ကြားချက် လက်အောက်တွင် ရှိနေရကား စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ချီတက်ရန်ပင် စီစဉ်လိုက်ရတော့၏။

ဝါလော်ဘွမ်တိုက်ပွဲတွင် အရံတပ်အဖြစ် နေခဲ့ရသော အမှတ်(၁)တပ်ရင်းမှ ဗိုလ်မှူးကြီးအော့စ်ဘုံးက ကာမိုင်းလမ်းအတိုင်း တောင်ဘက်သို့ ချီတက်ရမည်။ ဤသို့ချီတက်ရာ၌ လမ်းအတိုင်းပဲ ဂျပန်တို့၏ အရှေ့ဘက်တောင်ပံကို ပန်းဝိုက်၍ ချီတက်ရမည်။

အမှတ်(၁)တပ်ရင်း ချီတက်သွားပြီးနောက် တစ်ရက်မျှအကြာတွင် အမှတ် (၁၁၃)တရုတ် ရယ်ဂျီမင့်က ဗိုလ်မှူးကြီးအော့စ်ဘုံးနောက်မှ ထပ်ဆင့် ချီတက်သွားရမည်။

တပ်ဖွဲ့မှ အမှတ်(၂) နှင့် (၃)တပ်ရင်းများက အမှတ်(၁)တပ်ရင်း ချီတက်သွားသောလမ်းထက် ပို၍ဝေးသောနေရာမှ ချီတက်သွားရမည်။

မြေပုံလိပ်ကြီးကို မြက်ခင်းပြင်ပေါ်တွင် ဖြန့်၍ ကျွန်တော်တို့ ချီတက်ရမည့်လမ်းကို လက်ညှိုးထောက်၍ ကြည့်လိုက်သောအခါ ချီတက်မှုခရီးစဉ်မည်မျှခက်ခဲကြောင်း တွေ့လာရသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်တပ်များ အနိုင်အမာ တပ်စွဲထားသော ဂျမ်ဘူးဘွမ်တောင်တန်းကို ဖြတ်ကျော်ရန်အတွက် အရှေ့ဘက်တွင် တောလမ်းတစ်လမ်းသာ တည်ရှိနေသောကြောင့်ပင်တည်း။

မြောက်ဘက်မှနေ၍ ကာမိုင်းလမ်းအတိုင်း တောင်ဘက်သို့ ဆင်းလာရာ၌ ဂျမ်ဘူးဘွမ်တောင်တန်း အရှေ့ဘက်တွင် တစ်ခုတည်းသောလမ်းသာ ရှိနေရာ တောင်တန်းတောင်စဉ်ပေါ်တွင် အနိုင်အမာတပ်စွဲထားသော ဂျပန်တို့အဖို့ တစ်ခုတည်းသော အရှေ့ဘက်လမ်းကိုသာ ဂရုစိုက်စရာရှိတော့သည် မဟုတ်ပါလား။

မတ်လ ၁၂ ရက်နေ့ နံနက်တွင် စတင်၍ချီတက်လာခဲ့သော ကျွန်တော်တို့သည် နှစ်ရက်အတွင်း မိုင် ၂၀ ခန့်မျှ ခရီးပေါက်ခဲ့၏။ ဟူးကောင်းမြစ်ဝှမ်းမြေပြန့်တွင် ချီတက်မှုမိုင်နှုန်းတည်း။

မိုင် ၂၀ ခရီးကို နှစ်ရက်နှင့် ချီလာခဲ့သော ကျွန်တော်တို့သည် ကျန်သည့်မိုင် ၆၀ ကို ၁၅ ရက်တိုင်တိုင် ထိုးဖောက်ချီတက်ခဲ့ရ၏။ တစ်ရက်လျှင် နှစ်

မိုင်မျှသာ ခရီးပေါက်နိုင်လေသည်တကား။

စတင်ချီတက်ပြီးနောက် ဒုတိယမြောက်နေ့သို့ ရောက်သည်ဆိုလျှင်ပင် အနှောင့်အယှက်နှင့် လာ၍တိုးရတော့၏။

ရှေ့ဦးချီ ဆမ်ဝီလ်ဆင်၏ တပ်စုသည် ဒုတိယမြောက်နေ့ နေ့လယ် ၁၂ နာရီကျော်ကျော်အချိန်တွင် မြောက်ဘက်လမ်းအတိုင်း တိုက်ကင်းထွက်လာခဲ့ပြီးနောက် ပြန်၍ တောင်ဘက်သို့ တပ်ခေါက်သွားသော ဂျပန်ဖိနပ်ခြေရာများကို မြင်းခွာရာများနှင့်အတူ တွေ့လာရ၏။

သို့ဖြစ်၍ ဆမ်သည် တောင်ဘက်သို့ ဦးလှည့်၍သွားသော ရန်သူ့ခြေရာအတိုင်း နောက်ယောင်ခံ၍ ကင်းထောက်လိုက်သွားခဲ့၏။

နှစ်နာရီတိတိ ချွေးတဖြိုင်ဖြိုင်ကျအောင် ခြေရာခံ၍ လိုက်သွားသောအခါ လမ်းကွေ့ကလေးတစ်ခု၏ အထက်နားမှနေ၍ ထွက်လာသော အတွဲလိုက် ဆွဲလိုက်သည့် တော်မီးသံများ ပေါ်ထွက်လာလေသည်။

ရှေ့မှ တစ်ဦးတည်းသွားနှင့်သော ကင်းထောက်ရဲဘော်မှာ လမ်းကွေ့ကလေးတစ်ဖက်သို့ ရောက်နေသည်ဖြစ်သောကြောင့် ထိုရဲဘော်လေးအတွက် ဆမ်က များစွာစိုးရိမ်သွားလေသည်။

ရှေ့ဦးချီ ကင်းထောက်ရဲဘော်သည် လမ်းချိုးကလေးကို ကွေ့လိုက်စဉ်တွင်ပင် လမ်းဘေးတွင် ရန်သူဂျပန်စစ်သားနှစ်ဦးနှင့် ပက်ပင်းတိုးမိခြင်းဖြစ်၏။

ဂျပန်စစ်သားက လွယ်ထားသောရိုင်ဖယ်ကို ထိုး၍ချိန်လိုက်စဉ် ဆမ်၏ ကင်းထောက်ရဲဘော်က အသင့်ပါလာသော တော်မီဖြင့် ပစ်ထည့်လိုက်၏။ သို့သော် ရုတ်တရက်ပစ်ခတ်ရခြင်းဖြစ်၍ ရန်သူကိုမထိဘဲ လွဲချော်သွားခဲ့သည်။ ရန်သူစစ်သားမှာလည်း လမ်းဘေးချုံပုတ်များအကြားတွင် ပြေးဝင်ပျောက်ကွယ်သွားခဲ့လေသည်။

ရှေ့ဦးချီ ကင်းထောက်ရဲဘော်ဆီသို့ ရောက်ရှိလာသော ဆမ်သည် အကျိုးအကြောင်းကို သိရှိလာခဲ့၏။ သို့ရာတွင် ဤလမ်းပေါ်၌ မဟာမိတ်ဖြစ်သော တရုတ်တပ်များလည်း သွားလာလှုပ်ရှားလျက် ရှိနေမည်ဖြစ်ရာ မဟာမိတ်အချင်းချင်း ပစ်မိခတ်မိမည်ကို ဆမ်က စိုးရိမ်နေသည်။ သို့ဖြစ်၍လည်း မိမိတပ်စုတွင် ပါရှိလာသော တရုတ်စစ်သားတစ်ယောက်ကို ခေါ်ယူလိုက်ပြီး လမ်းဘေးတောထဲတွင် ချိုးချိုးချွတ်ချွတ်ကြားနေရသော အသံဗလံ ပေါ်ထွက်လာရာသို့ တရုတ်စကားဖြင့် လှမ်း၍အပြောခိုင်းလိုက်၏။

တောထဲမှ ပြန်၍ဖြေလိုက်သောအသံမှာ နားမရှင်းလှ။

ထို့ကြောင့် ဆမ်က ရဲဘော်များအား ချိုးချိုးချွတ်ချွတ် ကြားနေရသော နေရာသို့ပစ်ရန် အမိန့်ပေးလိုက်၏။

အတွဲလိုက်ဆွဲ၍ ပစ်လိုက်သော မောင်းပြန်သေနတ်သံများအဆုံးတွင် တောထဲမှ ညည်းညူသံ၊ အော်ဟစ်သံများ ပေါ်ထွက်လာလေသည်။

သို့သော် ခဏအတွင်းတွင်ပင် တောထဲမှ ပြန်၍ပစ်လိုက်သောအသံများကို ကြားလာရ၏။ ရန်သူ့အင်အားမှာ မနည်းလှကြောင်း အကဲခတ်မိသည်။ သို့ဖြစ်၍ ဆမ်သည် မိမိ၏တပ်သားများထက် အင်အားပိုမိုကြီးမားသော ရန်သူ၏ ဖိဖိစီးစီးတိုက်ခိုက်မှုကို မခံရလေအောင် တပ်စုကို နောက်သို့ဆုတ်စေပြီး မြောက်ဘက်လမ်းအတိုင်း လာခဲ့လေသည်။

နောက်မှ ချီတက်လာသော ပင်မတပ်ရင်း ရောက်ရှိလာသောအခါ တပ်စု နှစ်စုအား လမ်းမှနေ၍ အနှောင့်အယှက်ပေးနေသော ရန်သူကိုဖြိုခွင်းရန် စေလွှတ်လိုက်၏။ ဤတပ်စုနှစ်စုသည် လမ်းပေါ်တွင် ကန့်လန့်ဖြတ်လျက်ရှိသော စမ်းချောင်းကလေးဘေးမှနေ၍ ဆီးကြို၍ပစ်ခတ်နေသော ရန်သူ့အဖွဲ့ကလေး တစ်ဖွဲ့ကို မောင်းထုတ်နိုင်ခဲ့၏။ ဤသို့ မောင်းထုတ်ရာတွင် တပ်စုတစ်စုမှ ရဲဘော်တစ်ဦး ကျဆုံးသွားခဲ့ရလေသည်။

ဤကား တောင်ဘက်သို့ချီတက်ရာ၌ ပထမဆုံးတွေ့ရှိရသော ကျဆုံးမှုသာ ဖြစ်သည်။ တစ်နည်းဆိုလျှင် ဂျမ်းဘူးဘွမ်တည်းဟူသော ဧရာဝတီမြစ်ဝှမ်းသို့ ဝံခါးဝမှစောင့်နေသော ဘီလူးကြီးတစ်ကောင်၏ ရန်စထောင်ခြင်း နိဒါန်းမျှသာ ဖြစ်ပေသည်။

တတိယမြောက် နံနက်တွင် ရန်သူက သဲသဲမဲမဲ ဆီးကြိုခုခံပုံကို ကြည့်ခြင်းအားဖြင့် ဂျပန်တို့သည် ညက စစ်ကူများ ထပ်မံရရှိခဲ့ကြောင်း ထင်ရှားနေပေသည်။

ရန်သူသည် ကျွန်တော်တို့ ချီတက်လာမည့်လမ်းတစ်လျှောက်တွင် ဆီးကြို၍ ပစ်ခတ်လိုက်၊ ကိုက် ၂၀၀ ခန့် ဆုတ်သွားလိုက်၊ မော်တာများ၊ စက်သေနတ်များဖြင့် ဆီးကြို၍ပစ်ခတ်လိုက်ဖြင့် တတ်နိုင်သမျှ အနှောင့်အယှက်ပေးနေ၏။

သို့ဖြစ်၍လည်း ကျွန်တော်တို့သည် တတိယမြောက်နေ့တွင် တစ်မိုင်နှင့် လေးဖာလုံခရီးကို တိုက်ပွဲပေါင်း ၈ ကြိမ်တိတိ တိုက်ခိုက်ပြီးနောက်မှ ထိုးဖောက် ရောက်ရှိခဲ့တော့သည်။ ဤကား တစ်နေ့တာလုံး ချီတက်ခဲ့ရသော မိုင်နှုန်းပေ

တည်း။

ရန်သူသည် ကျွန်တော်တို့ဘက်မှ တပ်စုတစ်စု သို့မဟုတ် အများဆုံး နှစ်စုလောက်ကိုသာ အသုံးပြု၍ တိုက်ခိုက်နိုင်သော လမ်းချိုးထောင့်ကွေးကလေးများကို ရွေးချယ်ကာ ဖြတ်တောက်ရေးတိုက်ပွဲကလေးများကို ဆင်ကာဆင်နွဲ့နေသောကြောင့်လည်း ကျွန်တော်တို့မှာ မည်သို့မှ မတတ်သာဘဲ ဆက်၍သာ ချီတက်နေလေသည်။

ရှုခင်းဖွယ်သို့ ရှေ့ရှုချီတက်နေသော ကျွန်တော်တို့က ရန်သူကပေးလာသော အနှောင့်အယှက်ကို အကြီးအကျယ် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် ရန်သူမှာလည်း ကျွန်တော်တို့နည်းတူ စိတ်ပျက်စရာအရေးအခင်းများနှင့် တွေ့ကြုံနေရသည်ကိုမူ ကျွန်တော်တို့က သိရှိခြင်းမရှိခဲ့။

ချီတက်နေသော ကျွန်တော်တို့အား ရန်သူ့အဖွဲ့ကလေးများက တတ်နိုင်သမျှ အနှောင့်အယှက်ပေးကာ ဖြတ်တောက်၍ စစ်ဆေးနေသလို ရန်သူဂျပန်တို့ကလည်း နောက်ပိုင်းမှနေ၍ အလစ်အလစ်တွင် ဝင်၍စီးတတ်သော ကချင်ပြောက်ကျားဏ်ဒဏ်ကို မသက်မသာ ခံနေရလေသည်။

အမေရိကန်ထောက်လှမ်းရေးတပ်မှ ဗိုလ်အဆင့်အတန်းရှိသူ ဘီလီ၏ စည်းရုံးချက်အရ လက်နက်ကိုင် ကချင်ပြောက်ကျားများသည် ဂျပန်များအား နောက်ပိုင်းမှနေ၍ အလစ်အလစ်တွင် ဝင်၍စီးနေခြင်းအားဖြင့် ဂျပန်တပ်သားများအား သွေးပျက်အောင် ခြောက်လှန့်ပေးနေခဲ့၏။ သို့သော် ဘီလီဦးစီးသော ကချင်ပြောက်ကျားများက နောက်မှနေ၍ ပိတ်ညှပ်တိုက်နေခြင်းကို ထိုစဉ်အခါက ကျွန်တော်တို့ မသိခဲ့။

အမှတ်(၁)တပ်ရင်းစစ်ကြောင်းကို ကြီးမှူးနေရသော ဗိုလ်မှူးကြီးအောစ်ဘုံးအဖို့ ရှေ့သို့ချီတက်လေတိုင်း ရန်သူ၏ ဖြတ်တောက်တိုက်ခိုက်ခြင်းကို ခံနေရသောကြောင့် ရှေ့မတိုးသာ နောက်မဆုတ်သာအောင် ဖြစ်နေရ၏။

ယခုချီတက်နေသော လမ်းအတိုင်းသာ ဆက်၍ တက်နေမည်ဆိုပါက ရန်သူ၏ ဖြတ်တောက်တိုက်စစ်ကို ပို၍ပို၍ခံရပြီး ခရီးမတွင်ရုံသာမက ကျွန်တော်တို့ဘက်မှ အကျအဆုံး အထိအခိုက်လည်း များပြားလာပေတော့မည်။

သို့ဖြစ်၍ တစ်ခုတည်းသောနည်းလမ်းမှာ ယခုလိုက်နေသောလမ်းမှ လွှဲထွက်ကာ တောများတောင်များကိုထွင်၍ ချီတက်ရန်သာရှိတော့၏။

ထို့ကြောင့်လည်း ရှေ့ပြေးချီတပ်များအား ဖြတ်တောက်တိုက်စစ်ဆင်လာ

သော ရန်သူများကို ဆက်လက်ခုခံနေရန် အမိန့်ပေးလိုက်ပြီး တပ်ရင်းမှ ကျန်တပ်ဖွဲ့သားများကို ကောနေသောချောင်းရိုးအတိုင်း အရှေ့ဘက်သွားစေသည်။ ပြီးမှ ချောင်းကောကြီးအဆုံးတွင် တောင်ဘက်သို့ချိုးပြီး တောများ တောင်များကို ထွင်၍ ချီတက်စေ၏။

တပ်ရင်းမှ ကျန်အဖွဲ့သားများက ဗိုလ်မှူးကြီး၏ အမိန့်အတိုင်း လမ်းလွှဲ၍ ချီတက်နေစဉ် ရန်သူ၏ ပြတ်တောက်တိုက်စစ်ကို ကြံ့ကြံ့ခံနေရသော ကျွန်တော်တို့၏ ရှေ့ပြေးတပ်သားများမှာ ရန်သူနှင့် အင်အားချင်းမမျှသောကြောင့် အထိအရှုများပြားလျက် ရှိနေစေသည်။

ရန်သူ၏ ပြတ်တောက်တိုက်စစ်ကို သတ္တိရှိရှိနှင့် ခုခံသော စစ်ဗိုလ်ကလေး လီပိုမှာ ထိုတိုက်ပွဲအတွက် ငွေကြယ်အမှတ်အသားရှိသော သူရဲကောင်းအမှတ်တံဆိပ်ကို ရရှိခဲ့၏။

စစ်ဗိုလ်ကလေးလီပို၏ တပ်စုမှာ ရှေ့ပြေးချီတပ်များအနက် ရန်သူ့နယ်ထဲသို့ အပေါက်ရောက်ဆုံးတပ်စု ဖြစ်နေပြီးလျှင် အခြားတပ်များနှင့်လည်း ကိုက် ၂၀၀-၃၀၀ ခန့်ကွာ၍နေသောကြောင့် အထိအခိုက်များခြင်း ဖြစ်လေသည်။

စစ်ဗိုလ်ကလေးလီပို၏ အထက်မှနေ၍ တပ်စုကို ကွပ်ကဲရသော တပ်မှူးမှာ မြင်တွေ့ရသော သွေးစိမ်းရှင်ရှင်များကြောင့် သွေးပျက်သွားခဲ့၏။ ရဲဘော်တစ်ယောက်မှာ ရင်ဝတွင် ကြီးကျယ်သောဒဏ်ရာကြီး ရရှိနေပြီး နောက်ကြောင်းပြန်၍ ပြေးလာသလို လည်ပင်းတွင် ဟင်းလင်းကြီးပေါက်နေသော ရဲဘော်တစ်ယောက်ကလည်း သွေးရူးသွေးတန်းဖြစ်နေ၏။

တိုက်ပွဲဖြစ်ပွားရာသို့ ဆမ်ဝီလ်ဆင်တို့ ရောက်ရှိသွားသောအခါ သွေးပျက်နေသော တပ်မှူးက ရန်သူ့အင်အားကို ရှိသည်ထက် ချဲ့၍ပြောပြီး ဒဏ်ရာရထားသော ရဲဘော်များကိုလည်း တိုက်ပွဲအတွင်းမှ ထုတ်ယူ၍သွားနိုင်တော့မည်မဟုတ်ဟု ဆိုနေလေသည်။

ဆမ်သည် လမ်းတစ်ဝက်တွင်တွေ့ရသော အကြောက်လွန်နေသည့် တပ်မှူးကို ဂရုမစိုက်ဘဲ လက်ထောက်ဗိုလ်ကလေးတစ်ဦးနှင့် ရေဒီယိုအော်ပရေတာတစ်ဦးကို ရေဒီယိုနှင့်အတူခေါ်ယူကာ ဗိုလ်ကလေးလီပိုရှိရာသို့ ထိုးဖောက်၍လာခဲ့၏။

ဆမ်သည် ရန်သူ့လက်နက်ကြီးများ မည်သည့်နေရာတွင်ရှိနေကြောင်း၊ နောက်ဘက်ရှိ တပ်များသို့ ရေဒီယိုဖြင့် သတင်းပို့ခိုင်းလိုက်ပြီး ရန်သူများ

စုရုံးနေသည့်နေရာကို မော်တာဖြင့် လှမ်း၍ ထုခိုင်းသည်။

နောက်ဘက်ရှိ တပ်စုများက ကာပစ်,ပစ်ပေးနေစဉ် ဆမ်နှင့် လီပိုတို့သည် လက်ထောက်ဗိုလ်ကလေးတစ်ဦး၏ အကူအညီဖြင့် ဒဏ်ရာရရှိနေသော ရဲဘော်များကို နောက်ပိုင်းသို့ ပို့ပေးနိုင်ခဲ့၏။ လီပို၏တပ်ကိုလည်း ကောင်းစွာပင် စစ်ဆုတ်လာနိုင်စေသည်။

ဆမ်နှင့် လီပိုတို့သည် ဖရိုဖရဲဖြစ်နေသော တပ်များကို ပြန်လည်စုရုံးပြီး နောက် လမ်းလွှဲ၍ ချီတက်သွားနှင့်ပြီဖြစ်သော အမှတ်(၁)တပ်ရင်းနောက်သို့ သုတ်ချေတင်၍ ချီတက်ကြရလေသည်။

လမ်းဟောင်းကို အသစ်ထွင်၍သွားရသည်မှာ ခက်ခဲခြင်းမရှိလှ။ မြေမျက်နှာပြင် ပြန့်ပြူးသောနေရာတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ကိုထွင်၍ လမ်းဖောက်ရခြင်းမှာလည်း မခက်ခဲလှ။ သို့သော် တွန့်ခေါက်၍နေသော မျက်နှာပြင်ရှိ ထူထပ်သောချုံနွယ်ပိတ်ပေါင်းနှင့် ဝါးတောကိုထွင်၍ ခရီးနှင်ရခြင်းက ပင်ပန်းဆင်းရဲလှချေသည်။

သစ်ပင်ချုံနွယ်များနှင့် ဝါးတောမှာ အထက်တွင် အကိုင်းချင်းယှက်၍ ပူးလိမ်နေရုံသာမက အောက်ခြေတွင်လည်း ပူးထွေးယှက်လိမ်လျက်ရှိရာ ရန်သူကို မတိုက်ရဘဲ လမ်းထွင်ရသည့်အလုပ်ကပင် တိုက်ပွဲဝင်ရသည်ထက် ခက်ခဲနေပေတော့သည်။

မျက်နှာပြင်အနေအထားမှာ တွန့်ခေါက်နေသည်ဟု ဆိုခဲ့သည့်အတိုင်း အထက်က ထရံကိုထောင်၍ထားသကဲ့သို့ မတ်မတ်ကြီး တည်ရှိနေသကဲ့သို့ အဆင်းကလည်း ဝန်တင်လားနှင့် မြင်းများမှာ ခြေမလှမ်းတတ်အောင်ပင် ဖြစ်နေကြရ၏။ လားများ မြင်းများပေါ်မှ ဝန်ထုပ်ဝန်ပိုးကိုချကာ ရဲဘော်များ ကိုယ်တိုင် လက်ဆင့်ကမ်း၍ သယ်ယူကြရပြီး အဆင်းအတက်ပြေပြစ်သောနေရာသို့ အရောက်တွင် ဝန်ထုပ်ဝန်ပိုးများကို မြင်းများ လားများပေါ်သို့ စနစ်တကျ ပြန်၍ တင်နေရခြင်းကပင်လျှင် အလုပ်ပိုနေစေသည်။

တပ်စုများတွင် ကြိုးမှူးလိုက်ပါလာသော အရာရှိများနှင့်အတူ ပူးပေါင်း၍ လုပ်အားပေးကြပါ၏။ သို့သော် ဝါးတောက ရှေ့မှနေ၍ မဆုံးနိုင်အောင် ကာဆီးနေသောအခါ အရာရှိနှင့် တပ်သားအားလုံးပင် ပန်းဟိုက်လာကြရ၏။

လမ်းထွင်သည့်အဖွဲ့တွင် မကြာခဏ လူပြောင်း၍ပေးနေသည့်တိုင် ရဲဘော်များသာ ဖတ်ဖတ်မော၍လာသည်။ ဝါးတောကြီးက ဖြုပင်မဖြု၊ တောရှင်းစား

များသည်ပင်လျှင် ပုံ၍ပုံ၍ထွက်ကာ ရဲဘော်များ၏ လက်ဖဝါးများမှာလည်း ဖူးဖူးရောင်၍လာသည်။ ဗားကိုဖျက် ဝါးမြက် ဆိုသောစကား ရှိသည် မဟုတ်ပါလား။

တောရှင်းဓားများဖြင့် ဝါးတောကြီးကို လမ်းထွင်နေသောအသံမှာ မီးရထားသံလမ်းတွင် ဇလီဖာတုံးများကို တစ်တုံးစီရိုက်၍ ထွင်နေကြသည်နှင့် တူ၏။ အသံဗလံများကို ရန်သူများ ကြားသိသွားလေမည်လားဟု စိုးရိမ်မိသော်လည်း ကျွန်တော်ကိုယ်တိုင် ခပ်လှမ်းလှမ်းမှ သွားရောက်နားထောင်လိုက်သောအခါ တောအထုက များစွာထူထပ်လျက်ရှိနေသောကြောင့် ဝါးတောကို လမ်းထွင်သည့် အသံဗလံများမှာ အဝေးသို့ ထိုးဖောက်ခြင်းငှာ မတတ်နိုင်ကြောင်း ကိုယ်တိုင်ကိုယ်ကျ သိရှိရ၏။

ကျွန်တော်ကိုယ်တိုင် လမ်းထွင်ရာတွင် အလှည့်ကျ၍ ပါလာရသောအခါများ၌မှာ စိတ်ပျက်လက်ပျက်ဖြစ်လာမိသည်။ ရန်သူအယောက်တစ်ရာကို တစ်ဦးတည်းဖြင့် ခုခံတိုက်ခိုက်သည်ကမှ ကောင်းသေးသည်ဟု ယူဆမိသည်။

ကျွန်တော်သည် နဖူးမှ ခြေဖျားအထိ ရေချိုးထားသည်နှင့်တူအောင် ချွေးများတုတ်တုတ်ရွှဲနေသော ရဲဘော်များကိုကြည့်ကာ သက်ဦးဆံပိုင် ဘုရင်ခေတ်က ငွေဝယ်ကျွန်များကို ပြေး၍ မြင်ယောင်နေမိလေသည်။

ကျွန်တော်တို့သည် ပစ်မှတ်ဖြစ်သော ရွာဒုဇွပ်သို့ ရောက်အောင် ဇွဲဝန်းကြီးစွာ အားထုတ်နေကြ၏။ သို့သော် ထိုနေရာသို့ ရောက်သောအခါ ကျွန်တော်တို့အခြေအနေမှာ ပို၍ကောင်းလာမည်ဟု မည်သူမှ ဟောကိန်းမထုတ်နိုင်။

ဂျမ်ဘူးဘွမ်ကိုဖြတ်ကာ ရွာဒုဇွပ်သို့ ချီတက်လာခဲ့ရသော ခရီးကို ကျွန်တော် တစ်သက်တာတွင် မည်သည့်အခါမှ မေ့နိုင်တော့မည်မထင်။

လမ်းတစ်လျှောက်လုံးတွင် အမောဆို့၍လည်းကောင်း၊ ဝမ်းကိုက်ရောဂါကြောင့်လည်းကောင်း တုံးလုံးပက်လက်လဲ၍ ကျန်နေခဲ့သော ရဲဘော်အတော်များများပင် ရှိ၏။ သို့သော် ဤရဲဘော်များသည် ကြာရှည်ကြာမြား လဲ၍မနေနိုင်ဘဲ အားခဲ၍ ထလာကြရသည်သာ ဖြစ်၏။ အမှန်ဆိုလျှင် ကျွန်တော့်တပ်ရင်းမှ ရဲဘော်များသည် လူသေကောင် လမ်းထလျှောက်နေသကဲ့သို့ ရှိနေလေမည်တကား။

ဝမ်းကိုက်ရောဂါနှင့် အားအင်ကုန်ခန်း မောပန်းသည့်ဝေဒနာတို့ကြောင့် ရဲဘော်တိုင်းလိုလို မသာရုပ်ပေါက်နေရာတွင် သစ်ပင်သစ်ကိုင်းများပေါ်မှ

လွန့်ရသဖြင့် ထဖြုတ်ဖြုတ်ကျဆင်းလာကြသော ကျွတ်များ၏ သွေးစုပ်ကိုက်ခဲခြင်းကိုလည်း ထပ်၍ခံနေကြရ၏။ သို့ဖြစ်၍လည်း ခွေးများဖြင့် နှစ်နေသော ရဲဘော်များ၏ စစ်ဝတ်စုံများပေါ်၌ ညိုမည်းသော သွေးကွက်များက အနှံ့အပြားမင်းမူလျက် ရှိနေလေသည်။

တောကြီးမျက်မည်းထဲတွင် မလဲမပြိုအောင် အားခဲ၍ ချီတက်နေရသော ကျွန်တော်တို့အဖို့ ညဘက်တွင် စခန်းချရပ်နားသည့်အချိန်တွင်သာဖြင့် ပြင်ပကမ္ဘာကြီးနှင့် ထိတွေ့ခွင့်ရ၏။

ဤသို့ ထိတွေ့ခွင့်ရခြင်းမှာလည်း စတီမျှသာဖြစ်သည်။ ရေဒီယိုအားဖြင့် မိုလ်ချုပ်ကြီးမားရီးစ်၏ စစ်ဌာနချုပ်နှင့်လည်းကောင်း၊ အာသံပြည် ဒင်ဂျန်ရှိ မဟာမိတ်စစ်ဌာနချုပ်နှင့်လည်းကောင်း ရေဒီယိုအားဖြင့် အဆက်အသွယ်များရှိခြင်းသာတည်း။

တွန့်ခေါက်နေသော မြေမျက်နှာပြင်တွင် လမ်းထွင်၍ ချီတက်ရသည်မှာ ပင်ပန်းဆင်းရဲခြင်းဖြစ်သကဲ့သို့ လေကြောင်းမှ လာရောက်ချပေးသော ရိက္ခာများ၊ ကို ကောက်ယူရာတွင်လည်း ခက်ခဲလှချေသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်ပင်ဖြစ်နေသော ဒေသ၌ လေယာဉ်မှ ချပေးလိုက်သော ရိက္ခာထုပ်များသည် မြင့်မားလှသော သစ်ပင်များပေါ်၌ ကျရောက်ချိတ်ဆွဲနေသကဲ့သို့ လူမတိုးနိုင်သော ချောက်ကမ်းပါးများအတွင်းသို့ ကျဆင်းပျောက်ဆုံးသွားသော ရိက္ခာများကလည်း အများအပြား။

တစ်တောင်ဆင်းတစ်တောင်တက်ဖြင့် ပင်ပန်းဆင်းရဲကြီးစွာ ချီတက်လာခဲ့သော ကျွန်တော်တို့တပ်ရင်းသည် ရှာဒူဇွပ်သို့မရောက်မီ လမ်းခုလတ်၌ ကချင်ပြောက်ကျားများကို စည်းရုံးကာ ရန်သူ့စစ်ကြောင်းနောက်မှ လှုပ်ရှားမှုပေးနေခဲ့သော အမေရိကန် ထောက်လှမ်းရေးတပ်မှ စစ်ဗိုလ်ကလေးကီလီနှင့် သူ၏အဖွဲ့သားများကို ဝမ်းမြောက်ဝမ်းသာ တွေ့ရလေသည်။

ကီလီက ...

"ဟေ့...အမေရိကန်ရဲဘော်တွေ မပစ်လိုက်နဲ့၊ ကျုပ်က မင်းတို့မိတ်ဆွေပဲ" ဟု တကြော်ကြော် အော်၍ပြောရင်း ကျွန်တော်တို့ရှိရာသို့ ဝင်လာခဲ့၏။

ရန်သူ၏ ကောက်ကျစ်သောပရိယာယ်ကို နားလည်ထားခဲ့သော ကျွန်တော်တို့က အသံလာရာဆီသို့ လက်နက်များဖြင့် အသင့်ချိန်၍ထားကြ၏။ လက်နက်အင်အားမှာ အကြီးစား တင့်ကားတစ်စီးကိုပင် မွမွကြေသွားနိုင်လောက်ပေသည်။

ထစ်ခနဲရှိလျှင် လက်မနှေးတတ်သော ကျွန်တော်တို့ လူကြမ်းတပ်ဖွဲ့ရှိရာသို့ ဝင်လာရဲသော ကီလီ၏သတ္တိကို ကျွန်တော်က ချီးမွမ်းလိုက်မိလေသည်။

ကီလီ၏နောက်တွင် လက်နက်မျိုးစုံကို ကိုင်ဆောင်ရင်း လိုက်ပါလာကြသော ကချင်ပြောက်ကျားအင်အားမှာ ၅၀ ခန့်ရှိသည်။ ကီလီနှင့် တွေ့ဆုံမှပင် ရန်သူ့စစ်ကြောင်းနောက်ဘက်မှနေ၍ အနှောင့်အယှက်ပေးနေသူဖြစ်ကြောင်း ကျွန်တော်တို့ သိခွင့်ရခဲ့ကြ၏။

ကျွန်တော်တို့တပ်ရင်းသည် ကီလီနှင့် သူ၏ ကချင်ပြောက်ကျားများ၏ စခန်းတခုဖြစ်သော ကို့ဝါဂါးတောင်ပေါ်ရွာကလေးတွင် တစ်ညမျှ နားနေအိပ်စက်ခွင့် ရခဲ့၏။

တောကြီးမျက်မည်းထဲတွင် အထိတ်တလန့် အိပ်စက်နားနေခဲ့ရာမှ ကီလီ၏စခန်း၌ ကချင်ပြောက်ကျား အစောင့်အရှောက်ဖြင့် စိတ်ချလက်ချ အိပ်စက်ရသောအခါ ကျွန်တော်တို့သည် နိဗ္ဗာန်၏ထောင့်စွန်းကလေးတစ်ခုဆီသို့ အလိုလိုရောက်ရှိသွားသလို ထင်မှတ်နေမိလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့တပ်ရင်းသည် ကီလီ၏စခန်းမှ ဆက်လက်ချီတက်လာခဲ့ကြရ၏။

"၁၉၄၄-ခု၊ မတ်လ ၂၀ ရက်နေ့တွင် အမှတ် ၅၃၀၇ တပ်ဖွဲ့မှ အမှတ် (၁)တပ်ရင်းသည် စက်ခဲလှသော တောများ၊ တောင်များ၊ လျှိုမြောင်များကို ဖြတ်ကာ အင်ပရာဝါဂါးရွာဆီသို့ ချီတက်ခဲ့ရ၏။ ဤရွာတွင် တပ်ရင်းမှ ရှေ့ပြေးချီတပ်သည် လမ်းကိုခွ၍ နေရာယူထားသော ဂျပန်စက်သေနတ်အဖွဲ့တစ်ဖွဲ့နှင့် ရင်ဆိုင်တိုးမိပြီး ကျွန်တော်တို့ဘက်မှ ရဲဘော်တစ်ယောက် ကျဆုံးကာ နှစ်ယောက် ဒဏ်ရာရရှိသွားခဲ့သည်။ ရန်သူ့စက်သေနတ်နှင့် အဖွဲ့ကို ကျွန်တော်တို့က ချေမှုန်းလိုက်နိုင်သည်"ဟု အရာရှိတစ်ဦး၏ နေ့စဉ်မှတ်တမ်းတွင် ကျွန်တော်တို့ ချီတက်ရပုံကို ရေးသားထားခဲ့လေသည်။

အင်ပရာဝါဂါးရွာမှ ဆက်၍ ချီတက်လာသောအခါ ကျွန်တော်တို့သည် အထူးသတိထား၍ ချီတက်ရတော့၏။ အဘယ်ကြောင့်ဆိုသော် လမ်းလွှဲ၍ ချီတက်လာပုံကို ရန်သူက သိရှိသွားပြီဖြစ်သောကြောင်းတည်း။

သို့ဖြစ်၍လည်း ရှေ့ပြေးချီ ကင်းထောက်ရဲဘော်က...

"ရန်သူ့ခြေရာအသစ်တွေ တွေ့ရတယ်၊ တစ်ယောက်နှင့်တစ်ယောက် ၅ ကိုက် အကွာဆီကနေပြီး ဖြည်းဖြည်းချီတက်၊ အသံမထွက်စေနဲ့"ဟု သတိ

ပေးလိုက်သောစကားကို တပ်ဦးမှနေ၍ နောက်ဆုံးမှရဲဘော်အထိ လက်ဆင့်ကမ်း၍ သတင်းပို့ရ၏။

ရဲဘော်တိုင်းပင် သေနတ်ခလုတ်ကွင်းအတွင်းတွင် လက်ညှိုးလျှိုကာ ရုတ်တရက် ထွက်ပေါ်လာမည့် ရန်သူ့အသံကို နားစွင့်၍ထားမိ၏။ မျက်စိကိုလည်း ဖွင့်နိုင်သမျှ ဖွင့်၍ထားကြသည်။

ဤအချိန် ဤအခါမျိုး၌ တိုက်ပွဲအတွေ့အကြုံရှိနေသော ရဲဘော်များဖြစ်နေလင့်ကစား အားလုံးပင် ရင်ခုန်၍နေတတ်ကြ၏။

တစ်ခါ တစ်ခါတွင်

"ချီတက်မှုကို ရပ်ထားပါ"ဟူသော အမိန့်ပေးသံ ပေါ်ထွက်လာတတ်၏။ ရှေ့ဦးချီ ကင်းထောက်သမားများအနက် တစ်ဦးနှစ်ဦးကို ကြုံတင်၍ ထောက်လှမ်းရန် စေလွှတ်ထားသည့်အခိုက်ပင်တည်း။

ဤကဲ့သို့သော အချိန်အခါမျိုး၌ ဝန်တင်တိရစ္ဆာန်များမှ ပေါ်ထွက်လာသော အမြီးခတ်သံ၊ ဓာက်ကြိုးလှုပ်သံနှင့် သစ်ပင်အများဆီမှ ဆွဲဆွဲငင်ငင် ပေါ်ထွက်ထားသော ကျေးငှက်မြည်သံများကိုပင် ကျယ်လောင်လှသည်ဟု ထင်မှတ်ရချေသည်။

ချီတက်မှုကို ရပ်တန့်ထားသဖြင့် လမ်းပေါ်တွင်ပင် ရပ်လျက်ရှိနေသော ရဲဘော်များသည် ရန်သူ့အရိပ် အခြေအနေကိုသာ စောင့်၍ကြည့်နေကြ၏။ တိတ်ဆိတ်ငြိမ်သက်နေရာမှ ရုတ်တရက် ထွက်ပေါ်လာတတ်သော ရန်သူ သေနတ်သံမှာ ရဲဘော်များအဖို့ အစပထမတွင် များစွာကျယ်လောင်လှချေ၏။ သို့သော် တိုက်ပွဲဖြစ်၍လာသောအချိန်ကား ရဲဘော်များသည် စစ်ဦးဘီလူးပါ ဆိုသကဲ့သို့ သဲသဲမဲမဲတိုက်ခိုက်ကြသည်သာ ဖြစ်၏။

တိုက်ပွဲဖြစ်ပွားပြီးနောက် ပြန်၍တိတ်ဆိတ်သွားသော အသံမှာလည်း စိတ်ချောက်ချားစရာတစ်မျိုး ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် ရန်သူသည် ခဏမျှ ကိုယ်ရောင်ဖျောက်၍နေတတ်ပြီးမှ ရဲဘော်များရှိရာသို့ ခွင်းခုံများဖြင့် လှမ်း၍ထုတတ်သောကြောင့်ပင်တည်း။

ထပ်ဆင့်၍ ပေါ်ပေါက်လာသော တိုက်ပွဲအတွက် ရဲဘော်များသည် တပ်မှူးများ၏အမိန့်အတိုင်း ဆောင်ရွက်ကြပြန်၏။ ဝန်တင်တိရစ္ဆာန်များကို အန္တရာယ်ကင်းမည်ထင်ရသော နေရာသို့ ဆွဲခေါ်သူကခေါ်၊ မော်တာအဖွဲ့သားများကို ရှေ့သို့တက်ခိုင်းသူက တက်ခိုင်း စသည်ဖြင့် အလုပ်များ၍လာကြပြန်သည်။

ရန်သူ၏ ဖြတ်တောက်တိုက်စစ်မှာ လျှပ်တစ်ပြက်တိုက်နည်းမျိုးသာဖြစ်ရာ ခဏအကြာတွင် မော်တာသံ၊ ရိုင်ဖယ်သံ၊ လက်ပစ်ဗုံးသံများ လုံးဝဆိတ်ငြိမ်သွားပြီး…

"စစ်ကြောင်း စချီရန် အသင့်ပြင်"ဟူသော အမိန့်ပေးသံကို ကြားလာရပြန်၏။

ရဲဘော်များသည် လမ်းပေါ်တွင် ကျဆုံးကျန်ရစ်ခဲ့သော ဂျပန်အလောင်း တစ်ခုနှစ်ခုကို ခြေထောက်ဖြင့်ကန်ရင်း ရှေ့သို့ ခရီးဆက်ကြရပြန်လေသည်။

ရန်သူနှင့် ရင်ဆိုင်နေရစဉ်က ဆာရမှန်းမေ့နေခဲ့သော ရဲဘော်များသည် ရန်သူကင်းရှင်းပြီဟု သိရသည်နှင့်တစ်ပြိုင်နက် ဆာလောင်မွတ်သိပ်သည့် ဝေဒနာကို ခံလာရပြန်သည်။

လေကြောင်းမှ လာရောက်ချပေးသော ရိက္ခာမှာ အဖိတ်အစင် အပျောက်အရှ များလှသဖြင့် မည်သည့်အခါမှ မှန်းထားသည့်ရက်အတိုင်း စားသုံးရသည် ဟူ၍မရှိ။ ရိက္ခာချပေးပြီးနောက် ၄ ရက် ၅ ရက် ရောက်သည့်နေ့မှစ၍ ကျွန်တော်တို့ရဲဘော်များသည် ငတ်မွတ်သောဝေဒနာကို ခံရစမြဲဖြစ်၏။

စစ်သားမှန်လျှင် မိန်းမအကြောင်း အပြောသန်သည်ဟူသော လက်သုံးစကား ရှိငြားသော်လည်း ကျွန်တော်တို့လို တောကြီးမျက်မည်းကို ဖြတ်၍ တကြောင့်ကြကြဖြင့် ချီတက်ရသော စစ်သားများအဖို့မှာမူ မိန်းမအကြောင်းကို ပြောနိုင်ဖို့ဝေးစွ၊ ပြောရန်ပင် အားအင်မရှိ။ ပြောသောစကားမှာလည်း အစားအသောက်နှင့် ရိက္ခာအကြောင်းသာ ဖြစ်သည်။

စစ်သားရင့်မာကြီး ဖြစ်ပါလျက် အစာရိက္ခာ ပြတ်သည့်အကြောင်းကို ပြောဆိုနေကြခြင်းမှာ သူရဲဘောကြောင်လှသည်။ မိန်းမလျာဆန်လှသည်ဟု အချို့က ကဲ့ရဲ့အပြစ်ဆိုကြမည် ဖြစ်သော်လည်း ထိုကဲ့သို့ အပြစ်ဆိုသူများသည် ကျွန်တော်တို့ကဲ့သို့ တောကြီးမျက်မည်းတွင် လမ်းထွင်၍ မသွားဖူးသူများသာ ဖြစ်ကြပေလိမ့်မည်။

ရိက္ခာပြတ်၍ ငတ်မွတ်သည့်ဒဏ်ကို ခဏခဏ ခံ၍လာရသောအခါ အာသံရှိ စစ်ဌာနချုပ်က ကျွန်တော်တို့အပေါ်တွင် တမင်ခုတ်၍ထားသည်ဟုပင် အချို့သော ရဲဘော်တို့က ဝေဖန်လာကြ၏။

"စစ်ဌာနချုပ်မှာ ပန်ကာအောက်ကနေပြီး ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ လူတွေက တောကြီးမျက်မည်းထဲမှာ အသက်ကို ဖက်နှင့်ထုပ်ပြီး တိုက်နေတဲ့

ကျုပ်တို့ကို တမင်ညစ်ပြီး အငတ်ထားတာ။ ငတ်နေတဲ့ဝေဒနာကို ခံနေရင် ရန်သူကို ကြောက်နေတဲ့စိတ်တွေ ပျောက်သွားမယ်ဆိုပြီး ဌာနချုပ်ကလူတွေက ရွှေဉာဏ်တော်စူးရောက်ကြတာ ဖြစ်လိမ့်မယ်"

ရင်နာနာဖြင့် ဖွင့်အန်၍ ဝေဖန်လိုက်သော ရဲဘော်များ၏ မှတ်ချက်မှာ အမှန်စင်စစ်အားဖြင့် ဌာနချုပ်အပေါ်တွင် အပြစ်တင်လို၍မဟုတ်။ သည်းမခံနိုင်သောကြောင့် ပွင့်၍ထွက်လာသော လူသားများ၏ ညည်းညူသံပင် ဖြစ်လေသည်။

ပစ်မှတ်ရှိရာ ရှာဒူဖွပ်သို့ရောက်ရန် နောက်ဆုံးခရီးအဆင့်တွင် ကျွန်တော်တို့နှင့်ပါလာသော ရေဒီယိုမှာ မကြာခဏ ဒုက္ခပေး၍လာခဲ့၏။ သို့ဖြစ်၍လည်း အာသံပြည် ဒင်ဂျန်ရှိ စစ်ဌာနချုပ်နှင့် ကျွန်တော်တို့မှာ အဆက်အသွယ်ပြတ်နေလေသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့သည် လမ်းတွင် တစ်ရက်လျှင် နှစ်မိုင်နှုန်းဖြင့် ချီတက်လျက်ပင် ရှိနေလေသည်။ တစ်နေ့တွင် ကျွန်တော်တို့ ချီတက်နေခိုက် သစ်ပင်အဖျားများ လွှတ်ရုံနိမ့်နိမ့်ကလေး ပျံဝဲနေသော လေယာဉ်ပျံကလေးတစ်စင်း၏အသံကို ကြားလိုက်ရ၏။ ဤအချိန်၌ပင် ကျွန်တော်သည် ကွင်းပြောင်ကလေးတစ်ခုထဲသို့ ရောက်သည်နှင့်ကြုံနေရကား ကျွန်တော့်ဘောင်းဘီအိတ်ထဲတွင် လက်ကိုင်ပဝါအဖြစ် အသုံးပြုနေသော လေထီးပိတ်စကို ထုတ်ယူ၍ ခေါင်းပေါ်တွင် ဝှေ့ယမ်း၍ပြလိုက်၏။

လေယာဉ်ယာဉ်သည် ကျွန်တော့်ခေါင်းပေါ်မှ ဖြတ်၍ပျံသွားပြီးနောက် ခဏအကြာတွင် တစ်ပတ်ကျော့၍ ရောက်လာပြန်သည်။ ဤအကြိမ်တွင်လည်း ကျွန်တော်က လေထီးစကို အောက်မှ ဝှေ့ယမ်း၍ အချက်ပြလိုက်တော့၏။ ခဏအတွင်းတွင်ပင် လေယာဉ်ယာဉ်ပေါ်မှ တောက်ပြောင်သောအရာဝတ္ထုတစ်ခု ကွင်းပြင်ပေါ်သို့ ကျလာသည်ကို တွေ့လိုက်ရ၏။ ပြေး၍ ကောက်ယူကြည့်ရှုလိုက်သောအခါ ဒန်ဖြင့်ပြုလုပ်ထားသော စာကျည်တောက်တစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ကျွန်တော်သည် သခင်နှင့်အတူ အမဲလိုက်ရာ၌ သခင်ပစ်ချလိုက်သော ငှက်ကို ပထမဆုံးတွေ့ရှိ ကောက်ယူနိုင်ခဲ့သော အမဲလိုက်ခွေးတစ်ကောင်ကဲ့သို့ ရရှိလာသော စာကျည်တောက်ကို တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး အော့စ်တုံးထံသို့ ပြေး၍ပို့လိုက်၏။

ဗိုလ်မှူးကြီးသည် စာကျည်တောက်ကို ဖွင့်လိုက်ပြီး အထဲတွင် ပါလာသော

စာလိပ်ကို ဖြန့်၍ဖတ်လိုက်၏။

အသံရှိ စစ်ဌာနချုပ်က ကျွန်တော်တို့နှင့် ရေဒီယိုအဆက်အသွယ်ပြတ်နေသောကြောင့် ပေးပို့လိုက်သောစာပင် ဖြစ်လေသည်။

စာ၏အတိုချုပ်လိုရင်းမှာ ကျွန်တော်တို့တပ်ရင်းအား သရော်တော်တော်ပြောင်ချော်ချော်နှင့် ကျွန်တော်တို့၏ချီတက်မှု နှေးကွေးသည်ကို အပြစ်တင်ထားသောစာပင် ဖြစ်လေသည်။

"ဗိုလ်မှူးကြီးအော့စ်တုံး ဦးစီးသော အမှတ်(၁)တပ်ရင်းသည် ရှခင်းရှကွက်အမျိုးမျိုးတို့ဖြင့် သာယာတင့်ဆန်းလှသော မြန်မာပြည်မြောက်ဘက် တစ်ဝှမ်းကိုတိုင်းခန်းလှည့်လည်တော်မူသည်မှာ သင့်တော်လောက်ပေပြီ။ ကာမိုင်းလမ်းအားဖြင့် မိုင် ၃၀ သာကွာသော ရှာဒူဇွပ်သို့ မည်သည့်နေ့ရက်တွင် ဆိုက်ရောက်မည်အကြောင်း မိန့်ကြားတော်မူပါ"

ဌာနချုပ်မှ ပေးပို့လိုက်သော စာက ဤကဲ့သို့ အဓိပ္ပာယ်ဆောင်နေ၏။

ဌာနချုပ်တွင် ပန်ကာလေကိုခံကာ ကုလားထိုင်ပေါ်မှနေ၍ အမိန့်ပေးသူများက ကျွန်တော်တို့တပ်ရင်းအား မိုင် ၃၀ ခရီးကို ဤမျှလောက်ကြာအောင် ချီတက်နေရမည်လားဟု ခနဲ့တဲ့တဲ့နှင့် ရွဲ့၍ ပေးလိုက်သော စာပင်တည်း။

လမ်းဟူ၍ ခြေဖဝါးချစရာပင် မရှိသော တောကြီးမျက်မည်းထဲ၌ လမ်းကိုထွင်ရင်း တစ်ဖက်မှလည်း ရန်သူတို့၏ ပြတ်တောက်တိုက်ခိုက်ရေးစစ်ကိုတုံ့ပြန်နေရသော ကျွန်တော်တို့၏အဖြစ်ကို ဌာနချုပ်မှ ရွှေကိုယ်တော်များသည် မသိသား ဆိုးဝါးလှချေ၏။ ဌာနချုပ်မှ ပေးပို့လိုက်သော စာမှာ ကျွန်တော်တို့ရင်ဝကို ဖနောင့်နှင့် ပြေး၍ကန်လိုက်သကဲ့သို့ရှိရုံသာမက ချီတက်တိုက်ခိုက်ရင်းကျဆုံးသွားရရှာသော ရဲဘော်ရဲဘက်များ၏ဝိညာဉ်ကိုပင် စော်ကားရာ ရောက်နေပေသည်။

ဗိုလ်မှူးကြီးအော့စ်တုံးသည် စစ်ကြောင်းကို ချက်ချင်းပင် အနားယူခိုင်းလိုက်ပြီး ဒုက္ခပေးနေသော ရေဒီယိုကို မည်မျှပင်ကြာကြာ သတင်းပို့၍ရသည်အထိ ပြင်ဆင်ရမည်ဟု အမိန့်ပေးလိုက်ပြီးနောက် ဌာနချုပ်သို့ ပြန်လည်ပေးပို့ရန် သတင်းကို သူကိုယ်တိုင် စီစဉ်ရေးသားနေလေသည်။

"ရန်သူ့နယ်မြေထဲသို့ ဝင်ရောက်လာခဲ့သည့်အချိန်မှ စ၍ အမှတ်(၁)တပ်ရင်းသည် တိုက်ပွဲကြီးပေါင်း (၁၃)ပွဲကို (၁၃)ကြိမ်တိုင်တိုင် တိုက်ခိုက်ပြီးခဲ့ပြီဖြစ်ကြောင်း၊ ရန်သူက ပြတ်တောက်တိုက်ခိုက်ရေးစစ် ဆင်နွှဲနေသည်ကို ခုခံရင်း

ခြေဖဝါးပင်ချစရာမရှိသော နယ်မြေဒေသ၌ မိမိတို့လမ်းကို မိမိတို့ပင်ထွင်ကာ ချီတက်လာခဲ့ရာ တစ်နေ့လျှင် နှစ်မိုင်သာ ထိုးဖောက်ချီတက်လာခဲ့နိုင်ကြောင်း၊ ဌာနချုပ်ရှိရာ ရောမပုဂ္ဂိုလ်ကြီးများကိုယ်တိုင် ဤစစ်နယ်မြေသို့ ဆင်း၍ ကိုယ်ထိလက်ရောက် တိုက်ခိုက်နိုင်ကြောင်း…"

ဗိုလ်မှူးကြီး အောဘ်တုံးက ပြန်လည်ပေးပို့လိုက်သော သတင်း၏ အတိုချုပ်သဘောမှာ အထက်ပါအတိုင်းပင်ဖြစ်၏။

အာသံရှိ စစ်ဌာနချုပ်သည် ဤသတင်းကို ရရှိပြီးနောက် ကျွန်တော်တို့တပ်ရင်းအား နောက်ထပ်ကဲ့ရဲ့ သကြိုဟ်စကားတင်းဆိုခြင်း မပြုတော့ချေ။

ပစ်မှတ်ရှိရာ ရှာဒူဇွပ်သို့ နီးကပ်လာသည့်အချိန်တွင် ရန်သူ၏ဖြတ်တောက်ရေးအဖွဲ့များက လူသွားလမ်းပေါ်၌ အသင့်စောင့်ဆိုင်းလျက်ရှိကြကြောင်းကို ထောက်လှမ်းတွေ့ရှိကြသဖြင့် ကျွန်တော်တို့တပ်ရင်းသည် တောများ၊ တောင်များကို ဖြတ်ကာ ချီတက်ရပြန်၏။

ဗိုလ်မှူးကြီးအောဘ်တုံး၏ ညွှန်ကြားချက်အရ ကျွန်တော်တို့တပ်ရင်းသည် တောင်များပေါ်မှဆင်းကာ ဆံထိုးကဲ့သို့ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော (ချင်ဂန်)တောင်ကျစမ်းအတိုင်း လိုက်၍သွားပြီးနောက် ရှာဒူဇွပ်အောက်ဘက် ချင်ဂန်တောင်ကျစမ်းနှင့် မိုးကောင်းမြစ်တို့ ဆုံမိသည့်နေရာသို့ အရောက်ချီတက်သွားရမည် ဖြစ်၏။

ဤကဲ့သို့ ချီတက်သွားသည်ကို ရန်သူများ ခြေရာမကောက်နိုင်စေရန် စစ်ဗိုလ် အယ်လ်မူရေး ဦးစီးတပ်စုကို ကျွန်တော်တို့တပ်ရင်း ချီတက်မည့်လမ်းနှင့် ထောင့်မှန်ကျသော အနောက်မြောက်ဘက်မှနေ၍ စွယ်ရောင်ပြ ချီတက်သွားရန် အမိန့်ပေးလိုက်၏။

မူရေး၏တပ်သည် အနောက်မြောက်ဘက်သို့ အတန်ကြာအောင် ချီတက်သွားပြီးနောက်မှ ချင်ဂန်တောင်ကျစမ်း လမ်းအတိုင်း ပင်မတပ်ရင်းနောက်သို့ လိုက်လာရန် ဖြစ်၏။

မူရေးဦးစီးသော တပ်စုကို ဤကဲ့သို့ စွယ်ရောင်ပြ ချီတက်စေခြင်းအားဖြင့် ရန်သူသည် ရှာဒူဇွပ်မြောက်ဘက်ကို ကျွန်တော်တို့က တက်ရောက်တိုက်ခိုက်မည်ဟု ထင်မှတ်လာစေရန် ဖြစ်၏။

အမေရိကန်ထောက်လှမ်းရေးစစ်ဗိုလ် ဘီလီထံမှ ရရှိသော သတင်းအရ ရန်သူသည် ရှာဒူဇွပ်မြောက်ဘက်၌ အင်အား ၃၀၀ ခန့်ဖြင့် အခိုင်အမာ တပ်ခွဲ

နေရုံမက ထိုထက်ပို၍ မြောက်ဘက်ကျသော ၇ မိုင်၊ ၈ မိုင် ခန့်ကွာသည့် ဂျမ်ဘူးဝမ်တောင်တန်း အစွန်ဘက်တွင် အင်အား ၅၀၀ မှ ၆၀၀ အထိရှိသော ဂျပန်တပ်များလည်း ရှိနေကြောင်း သိရှိရ၏။

စစ်မိုလ်အယ်လ်မူရေးသည် အနောက်မြောက်ဘက်လမ်းအတိုင်း ခွယ်ရောင်ပြ ချီတက်သွားပြီးနောက် နောက်တစ်နေ့တွင် ကျွန်တော်တို့တပ်ရင်းနှင့် ပြန်လည်ပေါင်းဆုံမိ၏။

ခွယ်ရောင်ပြချီတက်သွားခဲ့သော မူရေး၏တပ်သည် ရွာတစ်ရွာသို့အရောက်တွင် ဂျပန်စစ်သားနှစ်ယောက်နှင့် ဝင်၍တိုးမိပြီး တစ်ယောက်ကို သုတ်သင်နိုင်ခဲ့၏။ ကျန်တစ်ယောက်မှာမူ လက်လွတ်ထွက်ပြေးသွားခဲ့လေသည်။

ဤသို့ လက်လွတ်ထွက်ပြေး၍သွားခဲ့ခြင်းသည်ပင်လျှင် ကျွန်တော်တို့တပ်ရင်းအဖို့ လိုအပ်သောဆန္ဒနှင့် တစ်လုံးတည်းပြည့်စုံအောင် ဖန်တီးပေးလာသကဲ့သို့ ရှိတော့၏။ အဘယ်ကြောင့်ဆိုသော် ထွက်ပြေးလွတ်မြောက်သွားသော ဂျပန်စစ်သားသည် နောက်ပိုင်းရှိ ဂျပန်တပ်များအား အမေရိကန်စစ်တပ်ကြီးသည် လမ်းအတိုင်း ချီလာပြီဟု သတင်းပေးမည် အမှန်ဖြစ်သောကြောင့်တည်း။

ဂျပန်တပ်များက ဤအတိုင်း ယုံကြည်နေကြောင်းကိုလည်း ဂျပန်တို့က များမကြာမီ မူရေးတို့ရောက်ရှိခဲ့သော ရွာအတွင်းသို့ မော်တာဗုံးများဖြင့် ပစ်ခတ်လာခြင်းကို ထောက်၍ သိသာနိုင်လေသည်။

ချင်ဂန်တောင်ကျစမ်းအတိုင်း အနောက်တောင်ဘက်သို့ ရှေးရှုချီတက်လာခဲ့သော တပ်ရင်းသည် မကြာမီပင် ကာမိုင်းသို့ ရောက်ရှိနိုင်သော လမ်းကို သစ်ပင်များအကြားမှ ပိုးတဝါးတွေ့ရှိခဲ့လေသည်။

ဆက်၍ ချီတက်လာခဲ့သော တပ်ရင်းသည် ဆင်သွားလမ်းတစ်ခုကို တွေ့ရှိလာသောကြောင့် ချီတက်မှုမြန်လာ၏။

သို့သော် ဆင်သွားလမ်းက ဖြောင့်ဖြောင့်ဖြူးနေခြင်းကား မဟုတ်၊ ကိုက်တစ်ရာ နှစ်ရာက ချီတက်မိတိုင်း တောရှင်းမည့်အဖွဲ့ကို ခေါ်ယူကာ ဝါးတောကို လမ်းထွင်ရသည်ကလည်း တစ်ဒုက္ခ။

တစ်နာရီခန့် ဤအတိုင်းဆက်၍ ချီတက်မိသောအခါ တောင်ကျစမ်းသည် ပို၍ပို၍ နက်စောက်လာသည်ကို တွေ့ရပြီး မကြာမီပင် တောင်ကျစမ်းစီးဝင်ရာ ရေအိုင်ကြီးတစ်အိုင်ကို တွေ့လိုက်ကြရလေသည်။

ထိုရေအိုင်ကြီးကား ချင်ဂန်စမ်းရေအိုင်ကြီးပင်တည်း။

ရဲဘော်ရဲဘက်များသည် စမ်းရေအိုင်ကြီးအနီးတွင် အမောအပန်းဖြေကာ ရေဘူးများတွင် ရေများဖြည့်ကြရ၏။

တပ်ရင်းတွင်ပါရှိသော ရဲဘော်များ ရေသောက်၊ ရေခပ်၍ပြီးစီးသွားသော အခါ ဝန်တင်တိရစ္ဆာန်များသောက်ရန် ရေကို စမ်းရေအိုင်အတွင်းမှ မြောင်းငယ် တစ်ခုဖြင့် ဖောက်ထုတ်၍ပေးလိုက်၏။

မနေ့ညကမှစ၍ ရေပြတ်လာခဲ့သော လူနှင့် ဝန်တင်တိရစ္ဆာန်များသည် ဝိသုကြုံနတ်မင်း ဖန်ဆင်း၍ထားသော ရေကန်ကြီးကို တွေ့နေရသကဲ့သို့ပင်။

မိုးကောင်းလမ်းနှင့် နီးကပ်၍လာပြီကို သိလာရပြီးနောက် ချင်ဂန်စမ်းရေ အိုင်ကြီးတွင် အပန်းဖြေလိုက်ရသောအခါ ရဲဘော်များ၏စိတ်ဓာတ်သည် ပြန်လည် တက်ကြွလာခဲ့လေသည်။

◆

# ( ၇ )

## ရှာဖွေရှာတိုက်ပွဲ

ချင်ဂန်စမ်းရေအိုင်ကြီးတွင် အပန်းဖြေခဲ့ပြီးနောက် ကျွန်တော်တို့ ဆက်လက် ချီတက်လာခဲ့ရသောလမ်းမှာ များစွာ သာယာဖြောင့်ဖြူးလျက်ရှိသည်ဟု ဆိုနိုင် လောက်ပေသည်။

ကောနေသော ချင်ဂန်စမ်းချောင်းတစ်လျှောက်တွင် ပြန့်ပြူးသော သဲသောင် ပြင်များ ရှိနေသလို ရေတိမ်သော စမ်းအိုင်ကလေးများလည်း ရှိနေလေ၏။ တပ်ရင်းအဖို့ ဤဒေသတွင် ချီတက်ရန် အခက်အခဲနှင့် ရင်ဆိုင်ရသောနေရာ မှာ ကျောက်တုံးကျောက်တောင်ကြီးများနှင့် ဝန်းရံ၍ ဖွဲ့စည်းတည်ရှိနေသော လူတစ်ရပ်ကျော်ကျော်နက်သည့် စမ်းရေအိုင်ကြီးများပင်တည်း။

တစ်နေ့ထက်တစ်နေ့ အားအင်ကုန်ခန်းလာသော ဝန်တင်တိရစ္ဆာန်များအဖို့ လူတစ်ရပ်ကျော်ကျော်နက်သော စမ်းရေအိုင်ကြီးများကို ဖြတ်ကျော်ရသည်မှာ ကျွန်တော်တို့တပ်ရင်းအဖို့ ကြီးမားသောပြဿနာ ဖြစ်လာခဲ့ရလေ၏။

ကျောက်ကုန်းပေါ်တွင် ဝန်ထုပ်ဝန်ပိုးအစီအရီကို သယ်ဆောင်ထားရသော လားများနှင့် မြင်းများကို လူတစ်ရပ်ကျော်ကျော်နက်သည့် စမ်းရေအိုင်ကြီးများကို ဖြတ်၍ ချီတက်နိုင်အောင် ကျွန်တော်တို့က ဥာဏ်ကူ၍ပေးကြရ၏။

စမ်းရေအိုင်ကြီးအောက်ခြေတွင် ကမ်းဘေးမှ ကျောက်တုံးကျောက်ခဲကြီးများကို သယ်ယူလာသော လူတစ်ရပ်ကျော်ကျော်နက်သော ရေကို တိမ်သွားအောင် ကျောက်တန်းဆည်၍ပေးခြင်းပင်တည်း။

လူတစ်ရပ်ကျော်ကျော်ခန့်နက်သော စမ်းရေအိုင်ကြီးများအောက်တွင် ကျွန်တော်တို့ရဲဘော်များက ဟနုမာ ကျောက်တန်းဆည်သလို ဆည်၍ပေးလိုက်သောအခါ ဝန်တင်တိရစ္ဆာန်များသည်လည်းကောင်း၊ ကျောပိုးအိတ်ကိုယ်စီ လက်နက်ကိုယ်စီဖြင့် ပင်ပန်းနွမ်းနယ်နေသော ရဲဘော်များသည်လည်းကောင်း ရင်ခေါင်းလောက်အထိသာ နက်တော့သော ရေကို ဖြတ်ကူးနိုင်ကြတော့၏။

သို့သော် ဤသို့ဖြတ်ကူးရာ၌ လွယ်ကူချောမောလှသည် ဟူ၍ကား မထင်လိုက်ပါနှင့်။

ရေအောက်တွင် ဖြစ်ကတတ်ဆန်း ဆည်၍ထားသော ကျောက်တန်းကိုမမြင်မကန်းနှင့် စမ်း၍ စမ်း၍ ဖြတ်ကူးရခြင်းမှာ ဆပ်ကပ်ထဲတွင် ကြိုးတန်းလျှောက်ရသည်ထက် ခက်နေလေသည်။

ရေအောက်ရှိ ကျောက်တန်းပေါ်မှ ခြေချော်၍ကျသွားသောကြောင့် ဝန်ထုပ်ဝန်ပိုးနှင့် လားနှစ်ကောင်မှာ ရေနက်ထဲတွင် စုံးစုံးမြုပ်၍သွားခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ ဝါးတောကြီးကိုထွင်ကာ ချီတက်ရသော ခရီးထက်ကားများစွာသက်သာ ရှိလှချေသည်။

ချင်ဂန်စမ်းရေအိုင်ကြီးမှ တရွေ့ရွေ့ ချီတက်လာခဲ့သော တပ်ရင်းသည်နေ့လယ်ဘက်တွင် ဂျပန်ကင်းထောက်အဖွဲ့သားတစ်စု မကြာမီကလေးကမှစွန့်ခွာ၍သွားခဲ့သော စခန်းတစ်ခုသို့ ရောက်ရှိလာခဲ့၏။

မနိုင့်တနိုင် ကင်းတဲကလေးနှင့် ကင်းတဲအနီးတွင် ရှိနေသော မီးပုံတစ်ခုကို တွေ့ရ၏။ မီးပုံထဲရှိ ပြာများမှာ ကျွန်တော်တို့ရောက်လာသည့်အချိန်ထိပူပူနွေးနွေးရှိနေသေးသည်ကို ထောက်ခြင်းအားဖြင့် ရန်သူ့ကင်းထောက်အဖွဲ့သည်မကြာခင်ကလေးကမှ ဤနေရာမှ ထွက်ခွာသွားကြောင်း ထင်ရှားနေလေသည်။

ဤနေရာမှာ မိုးကောင်းမြစ်ဝှမ်းမှ အထက်ဘက်သို့ ဆန်တက်လိုက်လျှင်အမြင့်ဆုံးသော မြေအနေအထားရှိသည့်နေရာဖြစ်ရာ ဂျပန်တို့သည် ဤနေရာထိကင်းထောက်ရောက်ရှိလာပြီးနောက် ကျွန်တော်တို့တပ်များ ချီတက်လာသည်ကိုတွေ့ရှိသွားခြင်းမရှိသည်မှာ ကျွန်တော်တို့အဖို့ အလွန်တရာ ကံကောင်းနေလေသည်။

ရန်သူတက်လာမည်ဟု ထင်ထားသောလမ်းမှ ရန်သူ့အရိပ်အခြည်ကိုပင် မတွေ့ရသော ဂျပန်တပ်မှူးများသည် ဤမှာဘက်မှ ဝင်ရောက်နိုင်သောလမ်းထက်ကို ဂရုစိုက်မှု နည်းပါးနေမည်မှာ အမှန်ပင်ဖြစ်တော့၏။

ဤအချက်ကို စဉ်းစားမိသော ဗိုလ်မှူးကြီးအော့စ်တုံးသည် တပ်ရင်းအား ဤနေရာတွင် ညအိပ်စခန်းချရန် အမိန့်ပေးလိုက်လေသည်။

ရဲဘော်များသည် ၄၈ နာရီအတွက်သာ ကျန်ရှိတော့သော ရိက္ခာခြောက်များကို ထိုနေ့ညစာအဖို့ ခြိုးခြံစွာ ခွဲဝေစားသောက်ကြပြီးနောက် ဟာလာဟင်းလင်းနေသော ဝမ်းဗိုက်များနှင့်ပင် ထိုညကို ကုန်လွန်စေလေသည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် တပ်ရင်းသည် ဆက်၍ ချီတက်ခဲ့ရပြန်၏။ ယခင်က မြစ်ကျဉ်းတစ်ခုကဲ့သို့ စောက်နက်နေခဲ့သော ချင်ဂန်စမ်းသည် ယခုအချိန်၌ ဝဲယာတစ်ဖက်တစ်ချက်တွင် ပြန့်ပြန့်ဖြူး၍လာခဲ့၏။

သို့သော် ကင်းထောက်ထွက်လာသော ဂျပန်စခန်းကို တွေ့ရှိရခဲ့ပြီ ဖြစ်သောကြောင့် တပ်ရင်းသည် အထူးသတိပြု၍ချီတက်ရန် လိုလာသည်။ တပ်ရင်းတစ်ခုလုံး မချီတက်မီ ကင်းထောက်အဖွဲ့များကိုလွှတ်၍ ရန်သူ့အခြေအနေကို ခဏခဏ ထောက်လှမ်းနေရ၏။

ယနေ့ချီတက်ရာတွင် ဆမ်ပီလ်ဆင်ခေါင်းဆောင်သော တပ်စုက ရှေ့ပြေးကင်းထောက်တာဝန်ကို ယူရသည့်အလှည့်နှင့် ကြုံနေပြန်၏။ ဆမ်၏တပ်စုတွင် ကင်းထောက်ရာ၌ လက်ဖျားခါရလောက်အောင်တော်သော ရဲဘော်အချို့ ရှိနေသည်။ ဤရဲဘော်များအထဲတွင် ကင်းထောက်ရဲဘော်ဂွန်မှာ နားထိုင်းသလောက် မျက်စိရှင်ကာ ရန်သူ့အရိပ်အခြည်ကို ထောက်လှမ်းရာတွင် အတော်ဆုံးနှင့် အကင်းပါးဆုံးရဲဘော်တစ်ဦး ဖြစ်နေလေသည်။

ရှေ့တွင် လမ်းချိုးလမ်းကွေ့တစ်ခုကို တွေ့ရသည့်အတိုင်း ဆမ်သည် နောက်မှလိုက်ပါလာသော ရှေ့ဦးချီကင်းထောက်တပ်စုကို ရောက်သည့်နေရာတွင် ရပ်နေရန် လက်ပြ၍ အမိန့်ပေးလိုက်ပြီး တပည့်ကျော်ဖြစ်သူ ဂွန်အား လမ်းကွေ့လမ်းချိုးကလေး လွန်သည်အထိ လျှို့ဝှက်စွာ ကင်းထောက်ထွက်စေသည်။

နားထိုင်းသလောက် မျက်စိရှင်သော ဂွန်သည် ရန်သူ့အရိပ်အခြည် မတွေ့ရကြောင်း တစ်နေရာမှ အချက်ပေးလိုက်သောအခါ တပ်စုခေါင်းဆောင်ဖြစ်သူ ဆမ်ကိုယ်တိုင် တပည့်ကျော်ရှိရာသို့ တက်ရောက်လိုက်ပါသွားပြီး နားနှင့်မျက်စိကို ဖွင့်ကာ အထက်မှ ထောက်လှမ်းကြည့်၏။ ဘေးအန္တရာယ်ကင်းရှင်း

သည်ဟု စိတ်ချရမှ တပ်ရင်းအား ရှေ့သို့ဆက်လက်၍ ချီတက်လာရန် အချက်ပေးလိုက်လေ့ရှိသည်။

လူအင်အား ၈၀၀ နှင့် ဝန်တင်တိရစ္ဆာန် ၂၀၀ ကျော်ကျော်ပါရှိသော တပ်ရင်းတစ်ရင်းက ရန်သူများ ရိပ်မိသိရှိခြင်းမရှိအောင် ချီတက်ရသည့်အလုပ်မှာ လွယ်ကူလှသည်မဟုတ်။ မိမိတို့ဘက်မှ ရန်သူ့အရိပ်အခြည်ကို တစ်လက်မ မဆိုင်း၊ တစ်မိနစ်မဆိုင်းဘဲ အမြဲတမ်း အကဲခတ်၍နေသကဲ့သို့ ရန်သူကလည်း မိမိတို့အား မျက်စိကို ဒေါက်ထောက်၍၊ နားကို ဒေါက်ထောက်၍ စောင့်ကြည့်နေမည်မှာ မလွဲနိုင်သောအချက်ပင်ဖြစ်မည် မဟုတ်ပါလား။

ရှေ့မှ တစ်ယောက်တည်း ကင်းထောက်ရောက်နေသော ဂျွန်သည် တစ်ခုသောနေရာသို့အရောက်တွင် တဖြည်းဖြည်းပါး၍လာသော သစ်ပင်ချုံနွယ်များကို တွေ့လာရသည်ဟု ထင်မြင်လာ၏။ ထို့ကြောင့် ရှေ့တွင်ရှိသော လမ်းကွေ့ကလေးကို လွန်မြောက်အောင် ပုန်းလျှိုးကွယ်လျှိုး သွားလိုက်ပြီးနောက် အပြောကျယ်သော ရေပြင်ရှိသည်ဟု ထင်ရသည့်အရပ်သို့ တက်ကာကြည့်လိုက်သော အခါ ဂျွန်သည် သူ့မျက်စိများကိုပင် မယုံနိုင်လောက်အောင် အံ့ဩသွားမိလေသည်။

အဘယ်ကြောင့်ဆိုသော် ကိုက် ၅၀ ခန့်အထိကျယ်ကာ နေရောင်တွင် တလက်လက်လှုပ်ရှားနေသော မိုးကောင်းမြစ်၏ ရေအလျင်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ဂျွန်သည် မိုးကောင်းမြစ်ကမ်းပါးအထိ သွား၍ ချီတက်လာခဲ့ပြီးနောက် အခြေအနေကို အကဲခတ်လိုက်၏။

နားထိုင်းသူပင်ဖြစ်လင့်ကား မိုးကောင်းမြစ်ဟိုမှာဘက်ကမ်းဆီမှ တဒုတ်ဒုတ်နှင့် သစ်ခုတ်နေသံများကို ကြားရ၏။ တစ်မိနစ်အတွင်းတွင်ပင် နောက်မှ အမြဲတမ်းလိုက်ပါလာသော တပ်စုခေါင်းဆောင် ဆမ်ဝီလ်ဆင်က တပည့်ကျော်ဖြစ်သူ ဂျွန်၏နံဘေးသို့ ရောက်လာခဲ့၏။

ဆမ်သည် သစ်ခုတ်နေသံများကိုသာမက ရယ်သံမောသံများကိုလည်း ကြားနေရလေသည်။ မြေအိုးတစ်လုံး လက်မှလွတ်၍ ကျကွဲသံ၊ ဝိုင်း၍ရယ်လိုက်သံများကို အတိုင်းသား ကြားနေရ၏။

ဆမ်သည် နောက်မှ ချီတက်လာသော တပ်ရင်းရှိရာသို့ ဆက်သားတစ်ယောက်ကို စေလွှတ်ပြီး အခြေအနေကို သတင်းပို့နိုင်းလိုက်ပြီးနောက် သူ့တပ်စု

တွင်ပါသော ရဲဘော်များကို ချင်ဂန်စမ်းချောင်းအထက်နှင့် အောက်ဘက် တစ်လျှောက်တွင် ကင်းတို ကင်းရှည်များ ဖြန့်၍ ချထားလိုက်လေသည်။

ဆမ်ဝီလ်ဆင်ရှိရာ မိုးကောင်းမြစ်ကမ်းပါးသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာသော ဗိုလ်မှူးကြီးအောဇစ်တုံးသည် နေရောင်တွင် တဖျတ်ဖျတ်လှုပ်ရှားနေသော မိုးကောင်းမြစ်ရေအလျဉ်ကို ခဏမျှ စူးစိုက်၍ ကြည့်နေလိုက်၏။

မြစ်ကမ်းပါးတစ်နေရာရာမှ ရေထဲသို့ လက်ပစ်ဗုံးများ ပစ်ချဖောက်ခွဲကာ ငါးရှာနေသော အသံများကိုလည်း အတိုင်းသားကြားနေရ၏။

"မိုးကောင်းမြစ်ဟိုဘက်ကမ်းမှာ ဘယ်လိုများ ရန်သူ့အခြေအနေ ရှိနေမယ်ဆိုတာ သိချင်လိုက်တာ"

ဗိုလ်မှူးကြီးအောဇစ်တုံးက မည်သူ့ကိုမျှ မရည်ညွှန်းဘဲ မိမိတစ်ယောက်တည်း၏ ဆန္ဒကို ညည်းညည်းညူညူ မြည်တမ်းလိုက်၏။

ဗိုလ်မှူးကြီးအောဇစ်တုံး၏ မြည်တမ်းသံအဆုံးတွင် ဤမှာဘက်ကမ်းရှိ မိုးကောင်းမြစ်ကမ်းမှာ ပကတိတိတ်ဆိတ်သွားသည်ဟု ထင်လိုက်ရလေသည်။

တိတ်ဆိတ်ခြင်းကို ပထမဦးဆုံး ဖြိုခွင်းလိုက်သူက တပ်စုခေါင်းဆောင် ဆမ်ဝီလ်ဆင်ပင် ဖြစ်လေ၏။

"ဟိုဘက်ကမ်းမှာ ရန်သူ့အခြေအနေ ဘယ်လိုရှိနေတယ်ဆိုတာ ကျွန်တော်တို့က ဘာဖြစ်လို့ သွားပြီးမထောက်လှမ်းဘဲနေရမှာလဲ၊ ကျွန်တော် သွားပြီး ထောက်လှမ်းမယ် တပ်မှူး"

ဗိုလ်မှူးကြီးအောဇစ်တုံးသည် ဆမ်အား တစ်ချက်မျှ ငေး၍ကြည့်နေ၏။ ပြီးမှ...

ဗိုလ်မှူးကြီးထံမှ ခွင့်ပြုချက်ကို ရလျှင်ရချင်း ဆမ်သည် ချင်ဂန်ကမ်းပါး တစ်လျှောက်တွင် အထက်နှင့်အောက် ဖြန့်၍ချထားသော ကင်းများအနက် အညာဘက်အကျဆုံးသော ကင်းစခန်းသို့ ပြေး၍သွားပြီး...

"မိုးကောင်းမြစ်ကိုကူးပြီး၊ ဟိုဘက်ကမ်းကို ထောက်လှမ်းဖို့ သွားမယ်၊ ကျုပ်နဲ့ ဘယ်သူလိုက်မှာလဲ"ဟု တိုးသော်လည်း လေးနက်သောအသံဖြင့် သူ့ရဲဘော်များကို ပြောလိုက်၏။

ယခင်အခါများက ဤကဲ့သို့ အကူအညီတောင်းလိုက်လျှင် သူ့ထက်ငါ ဂေါင်း အကူအညီပေးလိုသော ရဲဘော်များ ထွက်လာလေ့ရှိသော်လည်း ယခု အကြိမ် ရန်သူရှိနေသည်ဟု သိနေရသော မိုးကောင်းမြစ် တစ်တစ်ဖက်ကမ်းသို့

မြစ်ကို လက်ပစ်ကူး၍ ထောက်လှမ်းရန် သွားရမည့်အရေးတွင်မူ ရဲဘော် တစ်စုံ တစ်ယောက်မှ ခေါင်းပြူ၍ ထွက်လာသူမရှိ။

ဤကဲ့သို့ဖြစ်ရသည်မှာ ချီတက်လာခဲ့သည့် ခရီးတစ်လျှောက်၌ ပထမဆုံး တွေ့ရသော သူရဲဘောကြောင်မှုပင်တည်း။

ကင်းစခန်းရှိ ရဲဘော်အားလုံးက နားမရှိသောသူများကဲ့သို့လည်းကောင်း၊ စကားပြောတတ်သောသူများကဲ့သို့လည်းကောင်း၊ တုဏှိဘာဝေ ဆိတ်ဆိတ်ကြီး နေသောအခါ တပ်စုခေါင်းဆောင်ဖြစ်သူ ဆမ်ဝီလ်ဆင်က မိမိတစ်ဦးတည်းပင် တစ်ကိုယ်တော် စွန့်စားမှုကို ပြုလုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

မိုးကောင်းမြစ်တစ်ဖက်ကမ်းမှ ဂျပန်စစ်သားများ၏ ပြောသံဆိုသံ၊ ရယ်သံ မောသံမှာ မိမိရဲဘော်များအား ပြောင်လှောင်သရော်နေသည့် အသံဗလံများပင် ဖြစ်နေလေမည်လားဟု ဆမ်က တွေးနေမိ၏။

ဆမ်သည် သူ့ကိုယ်ကို သူ စန့်စန့်ကြီးရပ်လိုက်ပြီး...

"ဘယ်သူမှမလိုက်နဲ့၊ ကိစ္စမရှိဘူး။ ကျုပ်တစ်ယောက်တည်းသွားမယ်၊ အသွားနဲ့ အပြန်ကို အရေးရှိရင် မောင်ရင်တို့က ကာပစ်,ပစ်ပေး"ဟု တည်ငြိမ် သောအသံဖြင့် စကားဆိုလိုက်၏။

ဤတွင် ရိုးရိုးတပ်သားတစ်ဦးဖြစ်သော တင်တရီသည် လှဲ၍ထားသော ကာဘိုင်ကို ကောက်၍ယူလိုက်ပြီး နေရာမှ ထလိုက်ကာ...

"ငရဲပြည်ပဲရောက်ရောက် ကျွန်တော်လိုက်ခဲ့မယ် ဗိုလ်ကြီး"ဟု ပြော လိုက်၏။

ဆမ်နှင့် ရိုးရိုးတပ်သား တင်တရီတို့သည် ခဏအတွင်းတွင်ပင် မိုးကောင်း မြစ်ကမ်းပါးသို့ ရောက်ရှိသွားပြီးနောက် ရေထဲသို့ စမ်း၍ စမ်း၍ ဆင်းနေသည်ကို ကမ်းပေါ်ရှိ ကင်းသမားရဲဘော်များက တွေ့ရှိနေကြရလေသည်။

ဆမ်နှင့် သူ၏ရဲဘော်သည် မိုးကောင်းမြစ်အလယ်သို့ ရောက်လာသော အခါ ခြေထောက်၍မမီနိုင်လောက်အောင် ရေက နက်လာပြီဖြစ်သောကြောင့် ကာဘိုင်ကို လက်တစ်ဖက်တွင် ရေမစိုအောင်ကိုင်ကာ ရေပြင်ကို ဖြတ်ကူးကြရ တော့သည်။

ဆမ်နှင့် သူ၏ရဲဘော်သည် ဟိုမှာဘက်ကမ်းသို့ အာရုံစိုက်ကူးနေစဉ် ဤမှာဘက်ကမ်းမှနေ၍ တိုးသော်လည်း စူးရှသောလေဆန်များဖြင့် လှမ်း၍ သတိပေးနေသံများကို ကြားလာရ၏။

ထို့ကြောင့် ရဲဘော်များရှိရာ ကမ်းဘက်သို့ သမင်လည်ပြန် လှမ်း၍ကြည့် လိုက်သောအခါ ကင်းတပ်မှ တပ်ကြပ်ကြီးတစ်ဦးက ဟိုဘက်ကမ်းသို့ အရောက် အမြန်နိုင်ဆုံးကူးပါဟူသော စကားလုံးကို လက်ဖြင့် လေထဲတွင် အလျှင်စလို ရေးပြနေသည်ကို တွေ့လိုက်ကြရလေသည်။

ဆမ်နှင့် သူ၏ရဲဘော်သည် ဟိုမှာဘက်ကမ်းသို့ အမြန်ဆုံးကူးသွားပြီး နောက် ကမ်းစပ်နှင့်နီးရာ ချုံထူထူတစ်ခုထဲတွင် ဝင်၍ ပုနေလိုက်ကြ၏။ ဤအချိန်တွင်ပင် ကင်းလှည့်၍လာသော ဂျပန်စစ်သားနှစ်ယောက်က ဆမ်နှင့် သူ၏ရဲဘော် ပုန်းနေသောနေရာရှေ့မှဖြတ်ကာ လျှောက်၍သွားသည်ကို ကမ်း တစ်ဖက်မှ ရဲဘော်ရဲဘက်များက တွေ့မြင်လိုက်ကြရလေသည်။

အကယ်၍သာ ဆမ်နှင့် သူ၏ရဲဘော်သည် သုံးလေးမိနစ်ခန့် ကမ်းပေါ်သို့ အရောက် နောက်ကျသွားခဲ့လျှင် ကင်းလှည့်၍လာသော ဂျပန်စစ်သားနှစ်ယောက် ၏ လက်ချက်ဖြင့် ကမ်းစပ်သို့ မရောက်မီ အသက်ပျောက်သွားရမည် ဖြစ်၏။

ကံတရားက ရဲပုံစွန့်စားသူဘက်တွင် အမြဲတမ်း ရှိနေသည် မဟုတ်ပါလား။

ဆမ်နှင့် သူ၏ရဲဘော်သည် ဂျပန်ကင်းသမားနှစ်ယောက် လွန်၍သွားသည် တိုင်အောင် စောင့်ဆိုင်းနေလိုက်ကြပြီးနောက် ချုံနွယ်ပိတ်ပေါင်းများအကြားမှ နေ၍ တွားသွားကာ အသံဗလံများကြားနေရသော နေရာဆီသို့ ဆက်လက် ထောက်လှမ်းရန် ထွက်လာခဲ့၏။

ကိုက်ပေါင်း သုံးလေးရာခန့် တက်၍လာမိသောအခါ ဂျပန်တပ်သားများ စခန်းချသောမနေရာနှင့် ဝင်၍ တိုးမိလောက်သည်အထိ ရောက်ရှိလာခဲ့ကြသည်။ ထိုနေရာမှနေ၍ အကဲခတ် ထောက်လှမ်းလိုက်သောအခါ ရိက္ခာပစ္စည်းများ သိုလှောင်ထားသော တဲများကို တွေ့ရပြီး ထိုတဲများနှင့် ဆက်စပ်လျက်ရှိသော မိုးကောင်းလမ်း၏ တည်နေပုံကိုလည်း အကဲခတ်၍ရထားခဲ့ကြ၏။

မိမိတို့ထမ်းဆောင်ရမည့်တာဝန်မှာ ဤမျှသာဖြစ်သည်အလျောက် ဆမ် သည် သူ၏ရဲဘော်ကို လက်တို့ခေါ်ကာ မိုးကောင်းမြစ်ကမ်းပါးရှိရာသို့ ပြန်၍ လာခဲ့၏။

မိုးကောင်းမြစ်ကို ပထမအကြိမ် ပြန်၍ကူးလာစဉ်က ရန်သူ့လက်မှ သီသီကလေး လွတ်လာသလို ဒုတိယအကြိမ်မြောက် ပြန်၍ကူးလာသည့်အခါ၌ လည်း ဆမ်နှင့် သူ၏ရဲဘော်သည် ဂျပန်ကင်းသမားများလက်မှ စက္ကန့်သုံးဆယ် မျှသာ စော၍ လွတ်မြောက်လာခဲ့ရလေသည်။

တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသောကြောင့်လည်းကောင်း၊ ကြောက်အားကြောင့်လည်းကောင်း တုန်တုန်ယင်ယင်ဖြစ်နေသော တပ်စုခေါင်းဆောင် ဆမ်သည် မိုးကောင်းမြစ်ဟိုမှာဘက်ကမ်းမှ ထောက်လှမ်း၍ရခဲ့သော ရန်သူ့အခြေအနေကို ဗိုလ်မှူးကြီးအော့စ်တုံးအား အသေးစိတ် သတင်းပို့လိုက်၏။

ဗိုလ်မှူးကြီးသည် ဆမ်၏သတင်းပို့ချက်ကို စူးစိုက်၍ နားထောင်ပြီးနောက် လေးနက်သောအမူအရာဖြင့် မှတ်ချက်ချလိုက်၏။

"မိုးကောင်းမြစ်တစ်ဖက်ကမ်းကို သွားပြီး ထောက်လှမ်းတဲ့ တာဝန်တစ်ခုတည်းနဲ့ မောင်ရင်ရဲ့တာဝန်တွေအားလုံးကို ကျေပွန်သလိုဖြစ်နေပါပြီ။ ယနေ့ စွန့်စားမှုတစ်ခုတည်းနဲ့ပဲ မောင်ရင့်တာဝန် ကျေပွန်နေပါပြီ"

ရန်သူ့အခြေအနေကို သိရှိလာရသော ဗိုလ်မှူးကြီးအော့စ်တုံးသည် ဝန်တင်တိရစ္ဆာန်များအား စမ်းချောင်းအထက်ဘက် မိုင်ဝက်ခန့်အကွာသို့ ပို့ထားရန် အမိန့်ပေးလိုက်ပြီးနောက် တပ်စုအသီးသီးကိုလည်း အနေအထားကောင်းသော ကုန်းမြင့်များပေါ်၌ အသင့်နေရာယူထားစေသည်။

ကြည့်ကင်းစခန်းတစ်ခုကိုလည်း ရှခင်းရွာကွက်သာသည့်နေရာတွင် ဖွင့်လှစ်ထားပြီး ဗိုလ်ဖိုးလှိုင်၏တပ်စုမှ တပ်သားအချို့ကို ဂျပန်တပ်များနှင့် မျက်နှာချင်းဆိုင်ရှိ ဤမှာဘက်ကမ်း တောစပ်သို့ အရောက်သွားရောက်၍ ကင်းပုန်းချထားလျက်ရှိသည်။

ကင်းပုန်းစောင့်နေသူများသည် မျက်နှာချင်းဆိုင်ရှိ ရန်သူ့တပ်မှ တပ်သားများ ရေခပ်နေကြသည်ကိုလည်းကောင်း၊ အိုးခွက်ပန်းကန်များ လာရောက်ဆေးကြောနေသည်ကိုလည်းကောင်း အတိုင်းသား တွေ့မြင်နေရလေသည်။

နေဝင်သွားသည်နှင့်တစ်ပြိုင်နက် ဗိုလ်မှူးကြီးသည် တပ်စုအသီးသီးမှ တပ်မှူးများကို ခေါ်၍ တိုက်ခိုက်ရေးအစီအစဉ်ကို ဆွေးနွေးလေသည်။

ဤမှာဘက်ကမ်းတွင် အရေးကြုံက အသင့်ရှိနေစေရန်အတွက် တိုက်ခိုက်ရေးတပ် တစ်တပ်ကိုသာ ချန်ထားပြီး ကျန်တပ်များက ည ၃ နာရီအချိန်တွင် မိုးကောင်းမြစ်ကို ဖြတ်ကူးပြီး တစ်ဖက်ကမ်းရှိ ရန်သူ့စခန်းကို တက်ရောက်စီးနင်းကြရမည်ဖြစ်၏။

တိုက်ခိုက်ရေးတပ်များကို ဗိုလ်ကြီးဖိုးလှိုင် ဦးဆောင်သောတပ်က ရှေ့ဆောင်ကာ မြစ်ဖြတ်ကူးရမည်။ ထို့နောက် အယ်လ်မူရေးနှင့် မာရီဒစ် ခေါင်းဆောင်သော တပ်စုများက အစီအစဉ်အတိုင်း ရှေ့ဆင့်နောက်ဆင့် ချီတက်ရမည်ဖြစ်၏။

တစ်ဖက်ကမ်းသို့ကူးရာတွင် မိမိတို့တပ်စုအလိုက် အလျဉ်းသင့်သလို ကူးကြပြီးနောက် မိုးကောင်းလမ်းမကြီးသို့အရောက် ချီတက်သွားရမည်။ မိုးလင်းလာသည့်အချိန်တွင် ရန်သူ့ရိက္ခာထောက်ပံ့ရေး လမ်းကြောင်းများကို ဖြတ်တောက် နေရာယူထားပြီးသား ဖြစ်နေရမည်။ ရန်သူ၏ တန်ပြန်တိုက်စစ်ကို ကြံ့ကြံ့ခံနေနိုင်အောင်လည်း အသင့်ရှိစေရမည်။

"နေမထွက်မချင်း ဘယ်တပ်ကမှ သေနတ်ကို မသုံးရဘူး။ တကယ်လို့ ရန်သူနဲ့ မရှောင်သာ မလွှဲသာ တိုးနေရင် ဓားမြှောင်နဲ့ လှံစွပ်ကိုပဲ အသုံးပြုရမယ်"ဟု ဗိုလ်ချုပ်ကြီးအောင်စံတုံးက တပ်မှူးအသီးသီးကို နောက်ဆုံးညွှန်ကြားလိုက်လေသည်။

သန်းခေါင်ယံအချိန်သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် တိုက်ခိုက်ရေးတပ်များကို ကွပ်ကဲအုပ်ချုပ်ရသော ဗိုလ်မှူးဂျွန်ဆင်သည် မြစ်အောက်ဘက်တွင် မြင်နေရသော ဂျပန်ကင်းတပ်သားတစ်ဦး၏ လက်ဆွဲမှန်အိမ်မှ မီးကို လမ်းညွှန်မှတ်တိုင်အဖြစ် သဘောထားကာ မြစ်တစ်ဖက်ကမ်းသို့ စ၍ကူးသည်။

ရေအနက်ဆုံးဟု ထင်ရသော နေရာတွင်ပင် အရပ်ပုသော တပ်သားများ ကူးနိုင်လောက်အောင် အခြေအနေကောင်းနေသည်ကို တွေ့ကြရ၏။

ဗိုလ်မှူးဂျွန်ဆင်သည် သွေးဝမ်းသွားနေသည့်တိုင်အောင် လေးလံသော ကျောပိုးအိတ်ကြီးကို ကိုယ်ပေါ်မှမချဘဲ မြစ်တစ်ဖက်ကမ်းသို့ ကူးသွားခြင်း ဖြစ်၏။

မိုးကောင်းမြစ်ကို အခက်အခဲမရှိလှဘဲ တပ်သားအားလုံး ကူးနိုင်မည်ဟု သိရသည့်အတွက် တပ်စုအသီးသီးမှ တပ်မှူးအားလုံးပင် စိတ်အေး၍သွားကြ၏။

သို့သော် ည ၃ နာရီတွင် စတင်ရတော့မည့် တိုက်ပွဲအတွက် တပ်စုမှူးများနှင့် တပ်သားအားလုံးပင် စိတ်စောလျက်ရှိနေကြသောကြောင့် မည်သူမှ အိပ်၍မရ။ ယနေ့ညအဖို့ ညတာမှာ ရှည်လွန်းလှသည်ဟု ထင်နေရ၏။

အထူးသဖြင့် တပ်ဦးမှ ချီတက်ရမည့် ဗိုလ်ကြီးဖီးလ်အဖို့ ပို၍ဂနာမငြိမ်နိုင်အောင်ဖြစ်နေမိသည်။ မိမိဇာတိရပ်မြေတွင် ကျန်ရစ်ခဲ့သော ဇနီးနှင့် သားသမီးများကိုလည်း ပို၍သတိရနေ၏။ ဗိုလ်ကြီးဖီးလ်သည် ဘုရားကိုတရင်း မသေမပျောက် မကျိုးမကန်းဘဲနှင့် ဇနီးနှင့် သားသမီးများရှိရာသို့ ပြန်၍ရောက်ရပါလို၏ဟု ဆုတောင်းလိုက်မိလေသည်။

ဆုတောင်းနေရာမှ ငိုက်မျဉ်းအိပ်ပျော်သွားသော ဖီးလ်သည် ညတစ်နာရီခန့်

အချိန်တွင် လန့်၍နိုးလာ၏။ မိုးကောင်းမြစ် ဟိုမှာဘက်ကမ်းရှိ မိုးကောင်းလမ်းပေါ်မှ ထရပ်ကားသံများကို ကြားရသည်။ တိတ်ဆိတ်သောအချိန်ဖြစ်၍ ထရပ်ကားများမှာ ကိုက် ၅၀ ထက် ပို၍မကွာနိုင်ဟု ထင်ရ၏။ သို့သော် အမှန်စင်စစ်တွင်ကား မိုးကောင်းလမ်းသည် အတော်ပင်ကွာလှမ်းသည့်နေရာ၌ ရှိနေလေသည်။

ပြန်၍အိပ်မရတော့သဖြင့် ဖီးလ်သည် တပ်စုမှ ရဲဘော်များနှင့် စကားပြောရင်း အချိန်ဖြုန်းနေရ၏။

၃ နာရီထိုးရန် နီးကပ်လာသောအခါ ဖီးလ်သည် တစ်ခုတည်းသာ ကျန်တော့သော ဒိန်ခဲတစ်ဘူးကို မိမိ၏တပ်သားကျော်ဖြစ်သော အိုဝင်နှင့် တစ်ယောက်တစ်ခြမ်းစီ စားလိုက်ပြီးနောက် မြစ်ကမ်းပါးသို့ ဆင်းလာခဲ့၏။ ကမ်းပါးကိုမှီ၍ ရပ်နေသော ဆမ်ဝီလ်ဆင်ကို အသင့်ပင်တွေ့ရသည်။

သဲသောင်ခုံပေါ်တွင် ဝပ်နေရင်း ဖီးလ်နှင့် ဆမ်တို့က လေသံဖြင့် စကားပြောနေ၏။ မိနစ်အနည်းငယ်အကြာတွင် တိုက်ခိုက်ရေးတပ်အားလုံးကို ကွပ်ကဲရသော ဗိုလ်မှူးဂျွန်ဆင်၏ အမိန့်ပေးသံက တီးတိုးပေါ်ထွက်လာလေ၏။

“မြစ်ကို ဖြတ်ကူးပေတော့”

ဖီးလ်သည် မိမိကိုယ်ခန္ဓာပေါ်တွင် ပိုး၍လည်းကောင်း၊ လွယ်၍လည်းကောင်း၊ ချိတ်၍လည်းကောင်း၊ တွဲ၍လည်းကောင်း ထားရှိသော ကျောပိုးအိတ်နှင့် လက်နက်ကိရိယာများ တစ်ခုနှင့်တစ်ခု ထိခိုက်အသံမြည်မမြည်ကို စမ်းသပ်ကြည့်လိုက်ပြီးနောက် ရေထဲသို့ ဆင်းလိုက်၏။

သောင်ခုံပေါ်တွင် ရှိနေသော ဆမ်သည် ဝပ်နေရာမှ ထလိုက်ပြီး မှောင်ထဲတွင် တရွေ့ရွေ့ပျောက်ကွယ်သွားသော ဖီးလ်အား လှမ်း၍ နှုတ်ဆက်လိုက်သည်။

“ဂွတ်လပ် ဖီးလ်”

ဖီးလ်က…

“သွားဦးမယ် ဆမ်ရေ…”ဟု ပြန်၍ နှုတ်ဆက်လိုက်၏။ ပြီးမှ…

“နောက်မှတွေ့ကြသေးတာပေါ့”ဟု ဆက်၍ မပြောခဲ့မိသည်ကို စိတ်မကောင်းဖြစ်နေမိသည်။ ဤဥပါဒါန်သည် ဖီးလ်အား တိုက်ပွဲစဉ်တစ်ခုလုံး ဥပါဒ်ရောက်နေစေခဲ့လေသည်။

မြစ်လယ်သို့ရောက်လာသော ဖီးလ်သည် မိမိနောက်မှ တပည့်ကျော်ဖြစ်သူ

အိုဝင် ပါလာကြောင်းကို အသံဖြင့် သိနေ၏။ မြစ်ရေက တစိမ့်စိမ့်အေးလှ၏။ ရေစီးမှာ သန်သော်လည်း ပြင်းထန်ခြင်းမရှိလှ။ မြစ်လယ်လောက်တွင်ဝင် ရေမှာ ခါးအထိသာနက်သောကြောင့်လည်း ကူးရသည်မှာ မခက်ခဲ။

မြစ်လယ်မှနေ၍ တစ်ဖက်ကမ်းသို့ လှမ်းကြည့်လိုက်သောအခါ ကောင်းကင် နှင့် သစ်ပင်များသည် ပကတိ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရ၏။ တစ်ဖက် ကမ်းသို့ ချဉ်းကပ်၍လာခဲ့သည်နှင့်အမျှ ရေကလည်း ပို၍နက်လာသည်ကို တွေ့ရ၏။ အကယ်၍ ရေသာ မိမိ၏ရင်ညွန့်အထိ နက်လာလျှင် မိမိဘက်ကမ်း သို့ ပြန်ပြီးကူးနိုင်သည့် အခြားတစ်နေရာကို ရှာမည်ဟု စိတ်ကူးထားသည်။ အဘယ်ကြောင့်ဆိုသော် အချို့သောရဲဘော်များမှာ မိမိထက် ၈ လက်မအထိ အရပ်နိမ့်သူများ ဖြစ်နေသောကြောင့်တည်း။

သို့သော် ဤမှာဘက်ကမ်းနှင့် နှစ်ကိုက်ခန့်အကွာသို့အရောက်တွင် ရေမှာ ပြန်တိမ်လာသောကြောင့် နောက်မှ ကပ်၍ပါလာသော တပည့်ကျော်အား...

"ဗိုလ်မှူးကို သွားပြီးသတင်းပို့စမ်း၊ ရဲဘော်တိုင်း ဒီနေရာက ကူးနိုင်တယ် လို့။ ငါ ဒီကပဲ ရပ်ပြီးစောင့်နေမယ်"ဟု တီးတိုးပြောလိုက်၏။

မကြာမီပင် ဗိုလ်မှူးဂျွန်ဆင် ဦးဆောင်၍ ရဲဘော်အချို့ တစ်ယောက်နောက် မှ တစ်ယောက် တန်းစီကာ ဖီးလ်အနီးသို့ ရောက်ရှိလာကြ၏။

"မြစ်ညာဘက်ကို ဆန်ပြီးသွားစမ်း"

ဗိုလ်မှူးဂျွန်ဆင်၏ အမိန့်အတိုင်း ဖီးလ်က မြစ်ညာဘက်သို့ ဆန်၍တက် လာခဲ့ရပြန်သည်။

မူရေးဦးဆောင်သော တပ်စုက မိုးကောင်းလမ်းကို ပိတ်ဆို့ရာတွင် သော့ ချက်အဖြစ် နေရာယူထားရမည်ဖြစ်ရာ ဖီးလ်၏တပ်စုသည် လက်ယာဘက် တောင်ပံအစွန်ဆုံးမှ ရပ်တည်နေရမည်ဖြစ်၏။ သို့ဖြစ်၍လည်း ဗိုလ်မှူးဂျွန်ဆင်က ဖီးလ်အား မြစ်ညာသို့ ထပ်၍ ဆန်တက်ရန် အမိန့်ပေးလိုက်ခြင်းဖြစ်၏။

ဖီးလ်သည် မိမိရဲဘော်များကို မြစ်ညာဘက်သို့ ဆန်၍ ခေါ်ယူလမ်းပြနေပြီး အခြားတပ်များကလည်း မြစ်ကိုဖြတ်၍ကူးနေစဉ် မြစ်အကြေဘက်ဆီမှ မီးရောင် တစ်ခု ရုတ်တရက်ပေါ်လာသည်ကို တွေ့လိုက်ကြရသောကြောင့် ရဲဘော်တိုင်းပင် ကျောစိမ့်အောင် ကြောက်၍သွားမိတော့၏။

ရန်သူက မိမိတို့၏ လှုပ်ရှားမှုကို သိရှိသွားလေပြီလား ဟူသောအတွေးဖြင့် ဖီးလ်သည် တုန်လှုပ်၍သွားမိသည်။ အတွဲလိုက်ဆွဲလိုက်သော စက်သေနတ်သံ

များ ပေါ်လာလေမည်လားဟုလည်း ကြောက်ရွံ့နေမိ၏။

သို့သော် မြင်ရသောမီးရောင်သည် လက်ဆွဲမှန်အိမ်တစ်ခုမှ ပေါ်ထွက်လာသည်ကို သိရှိရပြီး ထိုလက်ဆွဲမှန်အိမ်သည် မြစ်ကမ်းစပ်ပေါ်တွင် တည်ငြိမ်၍ သွားပြီးနောက် လူရိပ်တစ်ခုက ကမ်းပါးပေါ်မှနေ၍ ရေပုံးတစ်ခုဖြင့် ရေခပ်လိုက်သည်ကို မြင်ရပြီး ခဏအတွင်းတွင်ပင် မီးရောင်ရော လူရိပ်ပါ ပြန်လည်ပျောက်ကွယ်သွားသောကြောင့် ရဲဘော်အားလုံးပင် ပြိုင်တူ သက်မချမိလိုက်ကြလေသည်။

အရုဏ်တက်ရန် အတန်ပင်လိုသေးသည့်အချိန်တွင်ပင် ဖိုးလ်နှင့် သူ၏တပ်စုသည် သတ်မှတ်ထားသောနေရာသို့ ရောက်ရှိလာခဲ့သောကြောင့် ရေထဲမှနေ၍ ကမ်းပေါ်သို့ တက်လိုက်ကြ၏။

ကမ်းပေါ်တွင် မေးတခိုက်ခိုက် အသားတဆတ်ဆတ်တုန်အောင် ချမ်းချမ်းအေးအေးနှင့် အနားယူနေစဉ် မြစ်အောက်ဘက်ဆီမှ မိမိတို့ရှိရာသို့ ချဉ်းကပ်၍လာသော လူရိပ်တစ်ခုကို ရုတ်တရက် တွေ့လိုက်ကြရ၏။

တွေ့နေရသော လူသဏ္ဍာန်တစ်ခုသည် ဖိုးလ်နှင့် ၅ ကိုက်အကွာတွင် ရပ်တန့်နေလိုက်သောအခါ ထိုလူသဏ္ဍာန်ရှိရာသို့ နောက်ထပ် လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရပြန်၏။

ဖိုးလ်သည် ထိုလူနှစ်ယောက်တို့ တီးတိုးပြောသံကို ဝိုးတဝါး ကြားနေရလေသည်။

ဖိုးလ်သည် ဓားအိမ်မှ ဓားကို အသံမမြည်အောင် ဆွဲ၍ထုတ်လိုက်ပြီး တွေ့မြင်နေရသော လူနှစ်ယောက်က လှုပ်ရှားရန် ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိက အနီးဆုံးလူတစ်ယောက်အား ပထမဆုံး သုတ်သင်လိုက်နိုင်ရန် ကျားချောင်းသကဲ့သို့ ချောင်း၍နေလိုက်သည်။

သို့သော် အနီးကပ်ဆုံးသောလူထံမှ မလွဲမမှားနိုင်သော စကားဝှက်တစ်လုံးက ညင်သာစွာ ထွက်ပေါ်လာသည်။ အသံအားဖြင့် ဤအသံမှာ မိမိအောက်ဘက်မှနေ၍ ဖြတ်ကူးလာသော တပ်စုမှ တပ်မှူးကလေး၏အသံ ဖြစ်ကြောင်း ဖိုးလ်က ကောင်းစွာသိရှိလိုက်၏။ ထို့ကြောင့် စကားဝှက်၏အဖြေကို ပြန်၍ ပြောလိုက်ပြီး တပ်မှူးကလေးရှိရာသို့ လာခဲ့၏။

ဖိုးလ်နှင့် တပ်မှူးကလေးတို့သည် မိမိတို့၏ ပစ်မှတ်ရှိရာသို့ ချီတက်ရန် အကောင်းဆုံးလမ်းကို ဆွေးနွေးကြ၏။ မိမိတို့ ချီတက်ရမည့် နယ်မြေအစိတ်

အပိုင်းသည် မိုးကောင်းလမ်းမကြီးသို့ မရောက်မီ။ မိုးကောင်းမြစ်သည် အင်္ဂလိပ်စာလုံး ပီ အက်စ်သဏ္ဍာန် တည်ရှိနေရကား မိမိတို့၏တပ်စုသည် မြစ်ကို နှစ်ခါကျော်၍ ဖြတ်ကူးရတော့မည်ကဲ့သို့ ရှိနေ၏။

ဤသို့ဆွေးနွေးနေစဉ်မှာပင် အရှေ့ဘက် တစ်ခွင်တစ်ပြင်မှ အရုဏ်ဦး၏ လင်းရောင်ခြည်များ ကွန့်မြူးယှက်ဖြာစ ပြုလာပြီဖြစ်သည့်အလျောက် ကောင်းကင်နောက်ခံကားချပ်ပေါ်တွင် စောစောက ဝိုးတဝါးဖြစ်နေသော သစ်ပင်များ၏ အရိပ်သည် ပီပြင်စပြုလာသည်ကို တွေ့လာရလေသည်။

သည်တော့မှပင် ဖိုးစိသည် မိမိအား ဝိုင်းရံလျက်ရှိသော ရဲဘော်များ၏ မျက်နှာနှင့် လက်များကို သတိထားလိုက်မိ၏။ ပဲကြီးကို ရေစိမ်ထားသည်နှင့် တူသော ရဲဘော်များ၏မျက်နှာနှင့် လက်များသည် အအေးဒဏ်ကြောင့် သွေးမရှိတော့ဘဲ ဖွတ်ဖွတ်ဖြူနေကြလေသည်။

ခဏတွင်းတွင်ပင် အရုဏ်ကျင်း၍ အလင်းသို့ရောက်လာတော့မည် ဖြစ်သည့်အတွက် ဖိုးလိသည် တပ်စုမှ တပ်ကြပ်ကြီးအား ချီတက်ရန် အမိန့်ပေးလိုက်လေသည်။

တစ်ယောက်နောက်မှတစ်ယောက် တန်းစီကာ ချီတက်ခဲ့ကြသော ဖိုးလိ၏ တပ်စုသည် ထူထပ်သောတောကို ကိုက် ၅၀ ခန့်အထိ ဖြတ်၍ ချီတက်လာခဲ့သောအခါ ကွင်းပြောင်ကလေးတစ်ခုထဲသို့ ရောက်လာတော့၏။

ကွင်းပြောင်ကလေးထဲတွင် ဝါးတဲကလေးများနှင့် မီးခဲများရဲလျက်ရှိသော မီးဖိုများကို တွေ့လိုက်ရခြင်းအားဖြင့် ဤနေရာတွင် ရန်သူ့အဖွဲ့တစ်ဖွဲ့ နားနေစခန်းချသွားကြောင်း ထင်ရှားလှ၏။ မီးခဲတရဲရဲရှိနေသော မီးဖိုများကို တွေ့ရပါလျက် ရန်သူ့အရိပ်အယောင်ကိုမျှ မတွေ့ခြင်းမှာ အံ့သြစရာပင် ကောင်းလှသည်။

ဖိုးလိက ပတ်ဝန်းကျင်တစ်ဝိုက်ကို အကဲခတ်၍နေစဉ် မြစ်အောက်ဘက် ကိုက် ၂၀၀ အကွာလောက်ဆီမှ ရုတ်တရက်ပေါ်ထွက်လာသော ရိုင်ဖယ်သေနတ်သံတစ်ချက်ကို ကြားလိုက်ရ၏။

သေနတ်သံမှာ တစ်ချက်တည်းသာဖြစ်သော်လည်း အရုဏ်တက်စအချိန်တွင် ရုတ်တရက်ကြားလိုက်ရသောကြောင့် ကြောက်စရာကောင်းနေလေသည်။

ရိုင်ဖယ်သံ ပေါ်ထွက်လာပြီးနောက် ခဏအကြာတွင် ဆပ်မရှင်ဂန်းတစ်လက်၏ ပြင်းပြင်းထန်ထန် ပစ်ခတ်လိုက်သောအသံများ ပေါ်ထွက်လာပြန်

လေသည်။

စစ်ဗိုလ်မာရီဒစ်သည် ရှာဒူစွပ်တိုက်ပွဲကို အရဏ်တက်အချိန်တွင် ရှိင်ဖယ်သံ၊ ဆပ်မရှင်ဂန်း အသံတို့ဖြင့် နိဒါန်းပျိုးလိုက်ခြင်းပင်တကား။

တိုက်ခိုက်ရေးတပ်များကို ကွပ်ကဲရသော ဗိုလ်မှူးထွန်ဆင်က အရဏ်ကျင်း၍ အလင်းသို့မရောက်မချင်း သေနတ်လက်နက်များကို မသုံးရဟု အမှာအထား ရှိခဲ့၏။ ယခုမူ အရဏ်ကျင်း၍ အလင်းသို့ရောက်လာပြီ ဖြစ်သည့်အတွက် တပ်မှူးတစ်ဦးဖြစ်သူ မာရီဒစ်က သေနတ်လက်နက်ကို စ၍ အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

ဖြစ်ပုံကား ဤသို့တည်း။

တပ်မှူးမာရီဒစ်သည် တပ်မနှင့်အတူ မိုးကောင်းမြစ်ကို ဖြတ်ကူးစဉ် ဗိုလ်မှူးထွန်ဆင်၏ အမိန့်အတိုင်း နံနက် ၄ နာရီခွဲသည်အထိ တစ်ဖက်ကမ်းပေါ်တွင် စောင့်နေခဲ့၏။ ပြီးမှ မိုးကောင်းလမ်းမကြီးရှိရာသို့ ချီတက်လာခဲ့ရမည် ဖြစ်သည်။

မြစ်ထဲတွင်ရပ်ရင်း ဤမှာဘက်ကမ်းသို့ ရောက်လာသော ရဲဘော်များအား နေရယူရန် စီစဉ်ညွှန်ကြားပေးနေသော တပ်မှူးမာရီဒစ်က မြင့်မားသော မြစ်ကမ်းပါးကို ကြည့်ရင်း ရဲဘော်တိုင်း အလွယ်တကူတက်ရောက်နိုင်စေရန် သင့်လျော်သည့်နေရာကို ရွေးချယ်မည်ဟု ကြံစည်ကြည့်သေးသည်။ သို့ရာတွင် အရဏ်ကလည်း ကျင်းလာပြီဖြစ်သည့်အလျောက် ရောက်သည့်နေရာမှာပင် ကမ်းပါးပေါ်သို့ တက်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး တပ်စုထဲမှ ရဲဘော်နှစ်ယောက်က လွှဲစွပ်တပ်ထားသော သေနတ်များဖြင့် ကမ်းပါးမြင့်ကြီးပေါ်သို့ တက်ပြီးနောက် ရဲဘော်တိုင်း အလွယ်တကူတက်နိုင်အောင် အခြေအနေကို စောင့်ကြပ်ပေးရမည်ဟု အမိန့်ပေးလိုက်၏။

သို့သော်…တစ်ယောက်သောရဲဘော်မှ စိတ်လိုလက်ရ ပေါ်ထွက်လာခြင်း မရှိ။ တပ်စုမှူးမာရီဒစ်သည် ရန်သူ့ဘက်ကမ်းသို့ လာသောကြောင့် ကြောက်အားပိုနေသော ရဲဘော်များကို ရေရွတ်ကျိန်ဆဲလိုက်ပြီးနောက် သူကိုယ်တိုင်ပင် ကမ်းပါးမြင့်ကြီးပေါ်သို့ တက်မည်ဟု ဆုံးဖြတ်လိုက်၏။

"ကမ်းပါးပေါ်ကို ငါကိုယ်တိုင်တက်မယ်၊ အရဏ်မတက်ခင် သေနတ်ကို အသုံးမပြုရဘူးလို့ အမိန့်ထုတ်ထားပေမယ့် ငါကတော့ ဂျပန်ငပုတစ်ကောင်ကောင် ခေါင်းပြူပြီးထွက်လာရင် လက်ထဲမှာပါတဲ့ တော်မီနဲ့ ဆော်ထည့်ပစ်လိုက်မှာပဲ"

တပ်စုမှူးမာရီဒစ်က ဤသို့ပြောပြီး ကမ်းပါးမြင့်ကြီးပေါ်သို့ လွှားခနဲ ခုန်တက်သွားသည်။ အပေါ်တွင် ရန်သူတစ်ယောက်မှ မတွေ့ရ။ သို့ဖြစ်၍ အောက်မှ ရဲဘော်များကို လက်ကမ်း၍ခေါ်ယူလိုက်၏။ အင်အား ၅၀ တိတိ ရှိသော ရဲဘော်များသည် ကမ်းပါးထိပ်သို့ ရောက်လာကြပြီးနောက် မြစ်ကို ကျောပေးကာ နေရာယူထားလိုက်ကြ၏။

နံနက် ၄ နာရီနှင့် ၂၈ မိနစ်သို့ ရောက်ရှိလာသောအခါ တပ်မှူးမာရီဒစ်က ဘုန်းနိုက်ခိုက်ဖြင့်ရှိနေသော ရဲဘော်များအား ကုပ်၍ထိုင်နေရာမှ မတ်တတ်ရပ်ပြီး ချီတက်ရန် အသင့်ပြင်ဟု အမိန့်ပေးလိုက်သည်။

တိုက်ခိုက်ရေးတပ်များကို ကွပ်ကဲရသော ဗိုလ်မှူးဂျွန်ဆင်က ရန်သူ့ဘက်က ကမ်းတွင် နံနက် ၄နာရီ မိနစ် ၃၀ အထိ စောင့်ပါဟု အမိန့်ပေးထားခဲ့သည် မဟုတ်ပါလား။

၄ နာရီ မိနစ် ၃၀ ရှိသည်နှင့်တစ်ပြိုင်နက် တပ်မှူးမာရီဒစ်က မိမိ၏ ရဲဘော်များအား မိုးကောင်းလမ်းမကြီးရှိရာသို့ ချီတက်ရန် အမိန့်ပေးလိုက် လေသည်။

ဤအချိန်တွင်ပင် ဗိုလ်မှူးဂျွန်ဆင်က ရန်သူ့ဘက်ကမ်းသို့ရောက်ရှိနေသော တပ်စုအသီးသီးအား ခရီးဆောင်ရေဒီယိုမှနေ၍ ချီတက်ရန် အမိန့်ပေးနေရလေ သည်။

မိုးကောင်းမြစ်ကြီးကို အသံဗလံမကြားအောင် ဖြတ်ကူးခဲ့ကြသော အင်အား ၄၀၀ မျှရှိ ရဲမက်တော်တို့သည် မိမိတို့လက်နက်များကို အသင့်ကိုင်ဆောင်ကာ ကမ်းစပ်မှနေ၍ မိုးကောင်းလမ်းမကြီးရှိရာသို့ သစ်ပင်တောတောင်များကိုဖြတ်၍ စတင်ချီတက်နေကြပေပြီ။

တပ်စုမှူးမာရီဒစ်၏ တပ်စုသည် အခြားတပ်များထက် ရှေ့သို့ရောက်နေပြီး အခြားတပ်များထက် ကိုက် ၁၅၀ ခန့် ရှေ့သို့ကျွံ၍နေ၏။ ဤအချိန်တွင်ပင် တပ်သားကလေးတစ်ဦးက တပ်မှူးမာရီဒစ်အား…

"တပ်မှူးခင်ဗျာ…ဟောဟိုမှာကြည့်စမ်း…လမ်းတစ်လမ်းမဟုတ်လား"ဟု ညွှန်ပြလိုက်၏။

ဤလမ်းမှာ ကာမိုင်းလမ်းပင် ဖြစ်လေသည်။

ကာမိုင်းလမ်းပေါ်သို့ ပထမဆုံးရောက်ရှိသောတပ်စုမှာ မာရီဒစ် ခေါင်းဆောင်သော တပ်စုပင် ဖြစ်လေသည်။

"ကျုပ်နဲ့ ရဲဘော်ကလေးက အတူတူယှဉ်ပြီး ကာမိုင်းလမ်းအတိုင်း လာခဲ့ကြတယ်။ လီဒိုလမ်းမကြီးကနေပြီး တောင်ဘက်ကို ဆင်းလာတဲ့ တပ်မှူးတွေထဲမှာ ငါဟာ ပထမဆုံး ကာမိုင်းလမ်းပေါ်ကို ရောက်လာတဲ့ တပ်မှူးပဲလို့ ဂုဏ်ယူနေမိတယ်။ ဒီအချိန်မှာပဲ ဂျပန်ကင်းသမားတစ်ယောက် လမ်းအထက်ဘက်ကနေပြီး ကျုပ်တို့ဆီကို ပြေးလာတာ တွေ့လိုက်ရတယ်။

ကျုပ်နဲ့ပါလာတဲ့ ရဲဘော်ကလေးက လက်ဖြောင့်တဲ့နေရာမှာတော့ အတော်ဆုံးလူတစ်ယောက်ပဲ။ သူ့ကို မှန်ပြောင်းတပ်ထားတဲ့ ရိုင်ဖယ်ကို ပေးထားတော့ ပြေးလာတဲ့ရန်သူကို ကိုက် ၈၀ လောက်ကနေပြီး လွယ်လွယ်ကလေးနဲ့ သုတ်သင်ပစ်နိုင်လိုက်နိုင်တယ်။ တစ်ချက်ပဲ ပစ်လိုက်ရတာပါပဲ၊ ဒီအချိန်မှာပဲ လမ်းပေါ်ကို ဂျပန်ကင်းသမားတစ်ယောက်လာပြီး ထရပ်ကားတစ်စီး အပြင်းမောင်းလာသံကိုလည်း ကြားလိုက်ရတယ်။ ကျုပ်နဲ့ ရဲဘော်ကလေးက လမ်းဘေးချုံပုတ်ထဲကို ပစ်ဝင်လိုက်ပြီး အခြေအနေကို ကြည့်နေလိုက်တယ်။ ရန်သူ့ထရပ်ကား ကျုပ်တို့အနားရောက်လာတော့ ရန်သူကနေပြီး ကျုပ်တို့ကို စပစ်တယ်။ ရန်ကုန့်ထရပ်ကားက ရှေ့မီးတွေ လင်းတုန်းပဲ။ ဒါနဲ့ ကျုပ်ကလည်း တော်မီနဲ့ ထရပ်ကားရှေ့မီးအပေါ်ပိုင်းကို ချိန်ပြီး ဆွဲထည့်လိုက်တာပေါ့။ ၅ ကိုက်လောက်အကွာကနေပြီး ဆပ်မရှင်ဂန်းနဲ့ ပစ်ထည့်လိုက်တယ်ဆိုတာ ဘယ်လောက်ကြောက်စရာဆိုတာ ကျုပ်ကတော့ မျက်မြင်တွေ့ရတယ်။ ကားပေါ်မှာ မသေမရှင်ဖြစ်နေတဲ့ ရန်သူတွေကို ကျုပ်နဲ့ ရဲဘော်ကလေးက လှံစွပ်နဲ့ တက်ပြီး သုတ်သင်ပစ်လိုက်ရတယ်"

တပ်မှူးမာရီဒစ်က ရှာဒူစွပ်တိုက်ပွဲကို မည်သို့ နိဒါန်းပျိုးခဲ့ရပုံကို အထက်ပါအတိုင်း ပြန်၍ ဖောက်သည်ချခဲ့လေသည်။

မြစ်အောက်ဘက် ကိုက်နှစ်ရာခန့်အကွာမှ ပေါ်ထွက်လာသော ရိုင်ဖယ်သံနှင့် ဆပ်မရှင်းဂန်းအသံများဖြင့် မြစ်အထက်ဘက်တွင် စခန်းချနေသော ဂျပန်များသည် ဗီးလ်နှင့် အဖွဲ့သားများ ရောက်လာသည့်အချိန်တွင် သူတို့၏ စခန်းကို စွန့်ခွာကာ ထွက်ပြေးသွားခဲ့ခြင်း ဖြစ်၏။

သို့ဖြစ်၍လည်း ဗီးလ်နှင့် အဖွဲ့သားများက ဂျပန်များ ဖို၍ထားခဲ့သော မီးခဲရဲရဲနှင့် မီးဖိုများကို တွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

ဗီးလ်နှင့် အဖွဲ့သားများသည် အင်္ဂလိပ်စာလုံး အက်စ်သဏ္ဍာန်ကဲ့သို့ ရှိနေသော မိုးကောင်းမြစ်ကို နောက်တစ်ကျော့ ဖြတ်၍ ကူးကြရပြန်၏။

ချောင်းရိုးအတိုင်း လိုက်သွားသောအခါ ရေမရှိဘဲ ကျောက်တုံး ကျောက်ခဲများဖြင့်သာ ပြန့်ကျဲနေသော ချောင်းရိုးကလေးတစ်ခုကို တွေ့ရ၏။ ထိုချောင်းရိုးကိုလွန်သော် လူတစ်ရပ်ခန့်မြင့်သော ကျောက်တုံးကျောက်ခဲကြီးများ အစီအရီရှိနေသော နေရာကို တွေ့ရပြီး ထိုမှလွန်သော် မိုးကောင်းမြစ်ရေပြင်ကို တွေ့ရ၏။

ဤမှာဘက်ရှိ မိုးကောင်းမြစ်ကမ်းပါးသည် ပေနှစ်ဆယ်ခန့်အထိမြင့်ကာ မတ်ဆောက်နေလေသည်။ ဤကမ်းပါးမြင့်နှင့် ဆက်လျက် မိုးကောင်းလမ်းမကြီးသည် ဖြူးလျက်ရှိနေ၏။

ကမ်းပါးပေါ်မှ ကျော်၍ ကြည့်လိုက်သောအခါ စောစောက ဂျပန်တပ်သားအချို့ စွန့်လွှတ်သွားသော စခန်းဆီသို့ ဦးတည်၍ ပြေးလာသော ဂျပန်ရိုင်ဖယ်သမားနှစ်ယောက်ကို တွေ့ရ၏။

အကယ်၍သာ ဂျပန်တို့သည် မိုးကောင်းလမ်းမကြီးကို ကျောက်တုံးကျောက်ခဲများ ထူထပ်သော ဤချောင်းရိုးကလေးမှနေ၍ ပိတ်ဆို့ခုခံနေခဲ့လျှင် မိမိတို့တပ်များ မိုးကောင်းမြစ်ကို ဖြတ်ကူးရာတွင် များစွာ အခက်အခဲတွေ့ရလိမ့်မည်ဟု ဖီးလ်က တွက်မိသည်။

ဖီးလ်နှင့် ဝါရင့်တပ်သားကြီးတစ်ဦးက ဆင်တစ်ရပ်ခန့်ရှိသော ကျောက်တုံးကြီးရှိရာသို့ တက်လာခဲ့ပြီးနောက် မိုးကောင်းမြစ် တစ်ဖက်ကမ်းကို လှမ်း၍ ကြည့်လိုက်၏။

မတ်စောက်၍ မြင့်မားသော မိုးကောင်းမြစ်ကမ်းပါးပေါ်တွင် ဂျပန်စစ်သားအချို့ကို တွေ့ရ၏။ သို့သော် ကမ်းစပ်ရှိ သစ်ပင်ချုံနွယ်များဖြင့် ဝိုးတဝါးသာ မြင်နေရခြင်းဖြစ်၏။

ဝါရင့်စစ်သားကြီးသည် သစ်ပင်ချုံနွယ်များကို လက်နှစ်ဖက်ဖြင့်ဖြဲကာ ဂျပန်စစ်သားများရှိရာသို့ ထောက်လှမ်းကြည့်ရှုနေ၏။

"ဆယ်ယောက်၊

ဆယ့်တစ်ယောက်၊

ဆယ့်နှစ်ယောက်၊

နှစ်ယောက်ကတော့ စက်သေနတ်ကိုယ်စီနဲ့"

ဆယ့်နှစ်ယောက်ခန့် အင်အားရှိသော ဂျပန်အဖွဲ့တစ်ဖွဲ့ကို စက်သေနတ်နှစ်လက်ဖြင့် တွေ့နေရခြင်းမှာ ဖီးလ်နှင့် အဖွဲ့သားများအတွက် ရှေ့သို့တိုးရန်လွယ်ကူခြင်းမရှိလှ။

ဖီးလ်၏စကားအတိုင်း ဇာတ်ကြောင်းပြန်၍ ပြောပါရစေ။

ရန်သူတွေကလည်း ကျုပ်တို့ရောက်လာတာကို သိသွားတယ်။ သစ်ပင်တွေနောက်မှာ ကွေ့ချိုးပြီး ပျောက်သွားတဲ့ လမ်းထောင့်ချိုးဆီက ဂျပန်ရိုင်ဖယ်သံတွေ ဗုန်းဗုန်းဝါးဝါးပေါ်လာတယ်။ ကျုပ်တို့ လက်ဝဲဘက် နောက်ဘက် ဆယ့်ငါးကိုက် အကွာလောက်မှာ ကျည်ဆန်ထိပ်ဖူးတွေ လာမှန်ပြီး သဲတွေ တထောင်းထောင်း ထသွားတယ်။ စက်သေနတ်သံတွေကလည်း ကြောက်စရာကောင်းလောက်အောင် ပေါ်လာတယ်။ ဒီအချိန်မှာ ကျုပ်တို့နောက်ဘက် မြစ်ကမ်းပါးပေါ်မှာ ကျန်နေရစ်ခဲ့တဲ့ ကျုပ်တို့လူတွေက ရန်သူ့ဘက်ကို အတွဲလိုက်ဆွဲလိုက်၊ တစ်တောင့်ချင်းပစ်လိုက် လုပ်ပြီး ပစ်ပေးနေတယ်။ ဒီအထဲမှာ နောက်နားက ငယ်သံပါအောင် ညည်းတွားလိုက်တဲ့ အသံတစ်ခုကို ကြားလိုက်ရတော့ လှည့်ပြီး ကြည့်လိုက်မိတယ်..."

"ကျွန်တော့်ကိုထိနေပြီဗိုလ်ကြီး၊ ကျွန်တော့်ကိုထိနေပြီ၊ ကျွန်တော့်ကို ပစ်မထားခဲ့ပါနဲ့..."

"ဒီလိုညည်းညူရင်း ကျုပ်ကို မျက်နှာသေကလေးနဲ့ တောင်းပန်နေတာကတော့ ရိုးရိုးတပ်သားကလေး 'ပိတ်'ဆိုတဲ့အကောင်ပဲ။ ဒီကောင်က သိပ်ပြီးသွေးကြောင်တဲ့အကောင်၊ ခြေထောက်မှာ ဒဏ်ရာရနေတာကို ခေါင်းမှာ ဒဏ်ရာရနေသလို အင်မတန် ညည်းတတ်တဲ့အကောင်"

"ဟေ့ကောင်...တိတ်စမ်း။ မင်းကိုပစ်မထားခဲ့ဘူး၊ တွားပြီး အကာအကွယ်ယူနေစမ်းလို့ လှမ်းငေါက်ပြီး ကျုပ်နဲ့ ကျုပ်ရဲဘော်က တစ်ဖက်ကရန်သူကို ပိုပြီးမြင်ရအောင် ရှေ့ကိုတွားပြီး တက်သွားမယ်၊ ရောက်တဲ့နေရာကနေပြီး မြစ်အောက်ဘက်ကိုကြည့်လိုက်တော့ သစ်ရွက်သစ်ခက်တွေအကြားက ဂျပန်စစ်ဝတ်စုံတွေကို ဟိုတစ်ကွက် သည်တစ်ကွက် တွေ့နေရတယ်"

ကျုပ်ရဲ့ရဲဘော်ကြီး အိုဗာဘီက မောင်းတင်ပြီး ပစ်ရတဲ့ ရိုင်ဖယ် လက်ဟောင်းကြီးကိုယူပြီး သေနတ်ခင်ကို ပခုံးမှာ ကျကျနနထောက်လိုက်တယ်။ ပြီးမှ တံတောင်ဆစ်ကို သဲထဲမှာ အေးအေးဆေးဆေး ထောက်ပြီး ရှေ့ကမြင်ရတဲ့ ရန်သူကို သေနတ်ပြောင်းထိုးပြီး ချိန်လိုက်တယ်။ ရဲဘော်ကြီး အိုဗာဘီရဲ့ အမူအရာက သေနတ်ပစ်ကွင်းမှာ အေးအေးဆေးဆေး သေနတ်ပစ် လေ့ကျင့်နေသလိုပါပဲ"

"ရိုင်ဖယ်သေနတ်သံ တစ်ချက်က သွက်သွက်ကြီးပေါ်လာတယ်။ သေနတ်

မောင်းကို ရှေ့တိုးနောက်ငင်လုပ်ပြီး တင်တဲ့အသံနဲ့အတူ နောက်ထပ်သေနတ်သံ နှစ်ချက်ထွက်လာတယ်။ ယမ်းနံ့က ကျွန်တော့်နှာခေါင်းကို ထူးထူးဆန်းဆန်း လာပြီး ရစ်ပတ်နေသလို ထင်ရတယ်။ တစ်ဖက်က သံခမောက်ဆောင်းတဲ့ ခေါင်းတစ်ခု သစ်ရွက်တွေအကြားမှာ ပြူလာပြီး ချက်ချင်းပျောက်သွားတယ်။ ရန်သူတွေဟာ ဒီနေရာမှာ ဆက်ပြီး မနေရဲတော့တဲ့ အလောင်းနှစ်လောင်းကို ထားခဲ့ပြီး ထွက်ပြေးသွားခဲ့ကြတယ်"

ရန်သူသည် အလောင်းနှစ်လောင်းကိုထားပြီးနောက် ထွက်ပြေးသွားသော အခါ ဖိုးလ်က ဆင်တစ်ရပ်ခန့်မြင့်သော ကျောက်တုံးကြီးအောက်မှနေ၍ ဒဏ်ရာ ရရှိနေသော တပ်သား ပိတ်ရှိရာသို့ လာခဲ့ပြီးနောက် ပိတ်အား နီး၍ စိတ်ချရမည့် နေရာသို့ ဒရွတ်ဆွဲ၍ ခေါ်ယူခဲ့၏။ ပြီးမှ ဘေးလွယ်အိတ်ထဲမှ ပတ်တီးကိုထုတ် ကာ ဒဏ်ရာရနေသော ပိတ်၏အနာကို ပတ်တီးစည်းပေးလိုက်သည်။

"မင်းက ခြေထောက်မှာ ဒဏ်ရာရသွားတာ သိပ်ဟန်ကျတာပေါ့ကွာ၊ နက်ဖြန်ဆိုရင် လေယာဉ်နှင့် နောက်တန်းမှာရှိတဲ့ ဆေးရုံကို ရောက်သွားပြီး သူနာပြုဆရာမချောချောကလေးက တယုတယတိုက်နေတဲ့ လိမ္မော်ရည်ကို မင်းသောက်နေရတော့မှာပဲ"

ဖိုးလ်က သွေးကြောင်သော တပ်သားကလေးကို ခနဲ့တဲ့တဲ့ပြောလိုက်၏။ ဤသည်ကိုပင် ပိတ်က တကယ်ထင်မှတ်ကာ–

"တကယ်လားဖိုလ်ကြီး"ဟု ပြန်၍မေးနေပြန်၏။

ဖိုးလ်သည် စိတ်ပေါက်ပေါက်နှင့် တက်တစ်ချက်ခေါက်လိုက်ပြီးနောက် ချောင်းရိုးအတွင်းမှနေ၍ မိမိတပ်ရှိရာသို့ မည်ကဲ့သို့ ပြန်မည်ကို အကြံထုတ်နေ မိ၏။

စောစောက သူနှင့်အတူ အိုဗာဘီတစ်ယောက်သာ ရှိနေခဲ့၏။ ယခုမူ ခြေထက်တွင် ဒဏ်ရာရနေသော ပိတ်,အပြင် အခြားရဲနှစ်ယောက်လည်း ရှိနေ ပြန်သည်။

ဤအချိန်တွင် ရန်သူဘက်မှ စတင်ပစ်ခတ်လိုက်သော စက်သေနတ်သံ များ ပေါ်ထွက်လာခဲ့လေသည်။

"ကဲ…အိုဗာဘီ…မောင်ရင်က ကျုပ်တို့တပ်ဆီကိုရောက်အောင် အရင်သွား စမ်း၊ ရောက်ရင် ရန်သူဘက်ကပစ်နေတဲ့ စက်သေနတ်ကို ငြိမ်သွားအောင် မော်တာနဲ့ လှမ်းပြီးထုလို့ပြော"

ဝါရင့်စစ်သားကြီး အိုဗာဘီသည် ကိုယ်ကို ဆန့်ဆန့်ရပ်လိုက်ပြီးနောက် ဘောလုံးကွင်းတွင် ကစားနေသော နောက်ခံလူတစ်ယောက်ကဲ့သို့ တပ်စုရှိရာသို့ ပြေး၍ ထွက်သွားသည်။ ရန်သူ့ဘက်မှ ထွက်ပေါ်လာသော နောက်ထပ် စက်သေနတ်သံတစ်ခုက အိုဗာဘီနှင့် သုံးကိုက်မျှအကွာသို့ ကျရောက်လာသည်။

နောက်ထပ်၍ပစ်လိုက်သော ကျည်ဆန်ထိပ်ဖူးများက ရှေ့သို့သာ အားစိုက်၍ ပြေးနေသော ဝါရင့်စစ်သားကြီး အိုဗာဘီနှင့် ခြောက်လက်မအကွာတွင် ကျရောက်ထိမှန်ပြန်၏။ ဤအချိန်တွင်ပင် အိုဗာဘီက ကမ်းပါးမြင့်ကြီးမှနေ၍ အောက်သို့ ထိုးချလိုက်သည်ကို မြင်ရ၏။ သည်တော့မှပင် ဖီးလ်သည် သက်ပြင်းတစ်ချက်ကို ချလိုက်နိုင်တော့၏။

ရန်သူ့ဘက်မှ သဲသဲမဲမဲပစ်ခတ်လာသော စက်သေနတ်သံများကြောင့် မိမိနှင့်အတူရှိနေသော ရဲဘော်များကို တပ်စုရှိရာသို့ အရောက်ပြန်၍ လွှတ်ရမည့် အရေးမှာ ဖီးလ်အဖို့ ရင်လေးစရာပင်ဖြစ်၏။

ဖီးလ်သည် ရဲဘော်နှစ်ယောက်အား ချောင်းရိုးအထက်ဘက်သို့ တွား၍ သွားစေသည်။ ပြီးမှ တပ်စုရှိရာသို့ အားသွန်၍ပြေးရန် အမိန့်ပေးလိုက်၏။

တပ်သားနှစ်ယောက်က လေးညှို့မှလွှတ်လိုက်သော မြားကဲ့သို့ တစ်ဟုန်ထိုး ပြေးထွက်သွားကြ၏။ ရန်သူ့ကျည်ဆန်ထိပ်ဖူးများကလည်း သူတို့နှစ်ယောက်နောက်မှ တကောက်ကောက်ကပ်၍ ပါလာကြ၏။ သူတို့သည်လည်း တပ်သားကြီး အိုဗာဘီကဲ့သို့ ရန်သူ့ကျည်ဆန်ထိပ်ဖူးနှင့် သုံးလက်မသာ ခြားကာ အသက်ရှင် လွတ်မြောက်သွားကြလေသည်။

ရန်သူ့စက်သေနတ်က စောစောကတပ်သားနှစ်ယောက်ကို သုံးလက်မ နောက်ကျ၍ သွားခြင်းမှာ မိမိတို့တပ်စုမှ လှမ်း၍ထုနေသော မော်တာဗုံးများကြောင့်ဖြစ်၏။ ရန်သူ့စက်သေနတ်သမားများသည် တစ်ဖက်မှလာနေသော မော်တာဗုံးများကို ငုံ့၍ရှောင်နေရသောကြောင့်သာ ချိန်သားမကိုက်ခဲ့ခြင်းဖြစ်၏။

ဖီးလ်သည် ပက်လက်ကလေးဖြစ်နေသော 'ဝိတ်'ကိုကြည့်လိုက်ပြီး ဝန်ထုပ်ဝန်ပိုးတစ်ခုကို သယ်ယူဆွဲဆောင်ကာ ပြေးရမည့် မိမိတို့အဖို့ စောစောက တပ်သားသုံးယောက်လို ကံကောင်းနိုင်မည်မဟုတ်ဟု တွက်မိ၏။

ကိုယ်လွတ်လက်လွတ်ဖြစ်သော တပ်သားသုံးယောက်သည်ပင်လျှင် ရန်သူ့စက်သေနတ်ကျည်ဆန်ထိပ်ဖူးများမှ သုံးလက်မသာ ကွာအောင်ပြေးနိုင်ခဲ့လျှင် မိမိကဲ့သို့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို သယ်ယူရမည့်လူက ရန်သူ့ပစ်ကွင်းမှ လွတ်

ကင်းနိုင်တော့မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ၊ စွန့်စားရတော့မည်သာဖြစ်သည်။

"ကဲ...ကျုပ်တို့ဟိုဘက်က ချောင်းရိုးအစွန်းကို ရောက်အောင်သွားပြီး တက်မယ်။ မောင်ရင်က ကျုပ်ခြေထောက်ကို မြဲမြဲစွဲပြီးလိုက်ခဲ့။ ချောင်းရိုးအစွန်း ရောက်တော့ မောင်ရင့်ကို ကျောပေါ်မှာပိုးပြီး တပ်စုရှိတဲ့နေရာကို အရောက်ပြေး ထွက်မယ်။ ဘာမှမကြောက်နဲ့။

ဖိုးလှိုသည် ပြောပြောဆိုဆိုဖြင့် သဲပြင်ပေါ်တွင် လေးဘက်ထောက်လိုက် ၏။ ပိတ်က ဖိုးလှို၏ခြေထောက်ကို နောက်မှနေ၍ မြဲမြဲကြီးဖက်ထားသည်။ ဖိုးလှိုသည် သူ၏တံတောင်ဆစ်နှစ်ဖက်ကို ချိုင်းထောက်နှစ်ခုသဖွယ် အားကိုးကာ ချောင်းရိုးအစွန်းရှိရာသို့ တွား၍တက်လာခဲ့၏။ နောက်မှ ဒရွတ်တိုက်၍ ပါလာ သော ဝန်ထုပ်ဝန်ပိုးဖြင့် ဖိုးလှိုသည် ငါးကိုက်အကွာသို့ ရောက်တိုင်း အသက် ရှူရန် ခဏစီနား၍နေရ၏။ တစ်ကိုယ်လုံးမှ ရှိသမျှခွန်အားများပင် ကုန်သွားလေ ပြီလားဟု မှတ်ထင်နေရလေသည်။

စောစောက တပ်သားနှစ်ယောက် ဖြတ်ကူးသွားသည့် နေရာသို့အရောက် တွင် ရပ်တန့်လိုက်ပြီး တပ်စုရှိရာသို့ လှမ်း၍ကြည့်လိုက်၏။

ကမ်းပါးအစွန်းပေါ်မှနေ၍ ခေါင်းပြူကာကြည့်နေသော တပ်စုမှ တပ်ကြပ် ကြီး နော်ရစ္စ မျက်နှာမှာ မိမိ၏တပ်မှူးအတွက် အလွန်အမင်း သောကမကင်း သည့် အမူအရာပေါ်ထွက်နေသည်။

တပ်စုမှ မှန်မှန်ကြီးပစ်၍ပေးနေသော မော်တာဗုံးများက ရန်သူ့စက် သေနတ်နှစ်လက်ရှိမည်ဟု ထင်ရသော နေရာများတွင် တအုံးအုံး ကျရောက် ပေါက်ကွဲနေ၏။ သို့တိုင်အောင် ရန်သူ့စက်သေနတ်နှစ်လက်က ဖိုးလှိုဖြတ်ကူး မည့်နေရာကို လက်ယှက်ထိုး၍ ပစ်ခတ်နေဆဲပင် ဖြစ်သည်။

"မင်းတို့က မော်တာအပြင် ရှိသမျှလက်နက်နဲ့ ကာပစ်,ပစ်ပေး။ နှစ်မိနစ် အတွင်း ရောက်အောင် ဖြတ်ကူးမယ်။

ဖိုးလှိုက တပ်ကြပ်ကြီးအား အော်၍ပြောလိုက်ပြီးနောက် ဒဏ်ရာရရှိနေ သော ပိတ်အား ကျောပေါ်တွင် တင်လိုက်၏။

ပိတ်က ဖိုးလှို၏ကိုယ်ပေါ် အထက်ပိုင်းကို လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်ထားသလို၊ ဖိုးလှိုကလည်း ပိတ်၏ခြေနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် နောက် ပြန် ဖက်ထားသည်။

ဤအချိန်တွင်ပင် လက်နက်ပေါင်းသုံးဆယ်တို့၏ တစ်ပြိုင်နက် ပစ်ခတ်လိုက်သောအသံက မော်တာသံနှင့်အတူ ကြောက်ခမန်းလိလိ ထွက်ပေါ်လာ၏။ ဤအချိန်သည်ပင်လျှင် ဖိုးလ်အတွက် ခွန်စားရန်အချိန်ပင်တည်း။

ဖိုးလ်သည် လေကိုဝအောင်ရှိုက်၍ သွင်းလိုက်ပြီးနောက် အကာအကွယ်ဟူ၍ လုံးဝမရှိသော တလင်းပြောင်ကို ဖြတ်၍ပြေးလာ၏။ ဤသို့ပြေးရင်းလည်း စိတ်ထဲမှနေ၍ ဆယ့်ငါး၊ ဆယ့်ခြောက်...စသည်ဖြင့် ရေတွက်နေမိ၏။

အမျိုးစုံသောလက်နက်များ၏ အသံဗလံက ပို၍ဆူညံလာသည်။ မိမိသည် ရန်သူ၏စက်သေနတ်နှစ်လက်၏ တကာယ့်ပစ်မှတ်ကြီး ဖြစ်နေပြီကိုလည်း သိနေသည်။ သို့တိုင်အောင် လှုပ်ရှားနေတဲ့ပစ်မှတ်ကို တော်တော်နဲ့ မထိနိုင်ဘူးဟု မိမိ၏ကိုယ်ကို မိမိ အားပေးရင်း ရှေ့သို့ ရှိသမျှအားကို ညှစ်၍ ပြေးတက်သွားသည်။

အသက်ရှူရသည်မှာ ပို၍တင်းကျပ်လာပြီး ဒူးနှစ်ဖက်ကလည်း ပျော့ခွေလာနေ၏။ အရေးထဲတွင် ကျောက်ခဲတစ်လုံးကို ဝင်တိုက်မိပြီး ရှေ့သို့ခေါင်းစိုက်၍ လဲကျသွားရပြန်၏။ ကျောပေါ်တွင် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေသော ပိတ်မှာလည်း မြေပြင်ပေါ်သို့ ရောက်ရှိနေပြန်သည်။

သို့သော် ဖိုးလ်နှင့် ပိတ်အဖို့ ကံကောင်းထောက်မနေသောကြောင့် သူတို့နှစ်ဦး လဲကျသွားသောနေရာတွင် ချိုင့်ခွက်ကလေးများ ရှိနေလေသည်။ ထို့ကြောင့်လည်း ရန်သူဘက်မှ လက်ယက်ထိုး၍ ပစ်ခတ်နေသော ကျည်ဆန်ထိပ်ဖူးများသည် သူတို့ခေါင်းပေါ်မှ ကျော်၍ကျော်၍ ပြေးလွှားသွားကြလေသည်။

"ဘုရားရေ...ကျုပ်ကြောင့် တော်တော်နာသွားသလား၊ ကျုပ်က အင်မတန်နေးကွေးတဲ့ သတ္တဝါပဲ။ ရန်သူ့လက်ချက်နဲ့ မသေဘဲ ကျုပ်ကြောင့် မောင်ရင်သေမှာကို စိုးရိမ်မိတယ်"

ဖိုးလ်က မသက်မသာနှင့် ပြောလိုက်၏။

"ကိစ္စမရှိပါဘူး ဗိုလ်ကြီး၊ ဗိုလ်ကြီးတစ်ယောက်တည်း ပြေးပါတော့။ ကျွန်တော့်ဘာသာကျွန်တော် တွားပြီးလာခဲ့ပါ့မယ်"

ပိတ်က အသံသဲ့သဲ့ဖြင့် ပြန်၍ပြောလိုက်၏။

"ကျုပ်အတွက် ဘာမှမပူနဲ့၊ ဒီတစ်ခါ သုတ်ချီတင်လိုက်ရင် တပ်စုရှိရာကို ရောက်သွားမှာပဲ"

ဖီးလ်က ပြောပြောဆိုဆိုဖြင့် ပိတ်ကို ကျောပေါ်သို့တင်လိုက်ပြီး တပ်စုရှိ ရာသို့ ပြေးသွားရန် တာစူလိုက်၏။

မိမိတို့ရောက်ရှိနေသောနေရာနှင့် တပ်စုကနေရာယူထားသော ကမ်းပါး ထိပ်မှာ ဆယ်ယင်ငါးကိုက်လောက်သာ ကွာတော့သည်။

မိမိတပ်စုဘက်မှ ရှိသမျှလက်နက်ကိုသွန်၍ ကာပစ်‚ပစ်ပေးလိုက်သည် နှင့် တစ်ပြိုင်နက် ဖီးလ်သည် ကမ်းပါးခြေရင်းရှိရာသို့ တစ်ဟုန်ထိုးပြေးလာခဲ့၏။

ကံကောင်းထောက်မနေသောကြောင့် ဖီးလ်နှင့် ပိတ်သည် ဒဏ်ရာတစ်ချက် မှ ထိမှန်ခံရခြင်းမရှိဘဲ ကမ်းခြေရင်းသို့ ရောက်လာခဲ့၏။ လေ့ကားထစ်များထွင်း ထားသော ကမ်းပါးအမြင့်ကိုတက်သည့်အခါ၌ကား ဖီးလ်၏ တစ်ကိုယ်လုံးမှာ အားအင်ဟူ၍ မရှိတော့သလောက် နုံးချည့်လျက်ရှိနေလေသည်။

ကမ်းပါးပေါ်မှ ရဲဘော်များ၏ အကူအညီဖြင့် တပ်စုရှိရာသို့ ရောက်ရှိလာ သော ဖီးလ်နှင့် ပိတ်ကို ရဲဘော်တိုင်းက အုံသြနေကြ၏။ ရန်သူဘက်မှ လက် ယှက်ထိုး ပစ်နေပါလျက် မှဲ့တစ်ပေါက်မစွန်းဘဲ တပ်စုရှိရာသို့ ရောက်လာနိုင် သော ဖီးလ်ကိုလည်း ကံကောင်းသူတစ်ယောက်ဟု ချီးကျူးနေကြ၏။

မိမိတပ်စုမှ ရဲဘော်များ၏ မျက်နှာကို တွေ့မြင်နေရခြင်းသည်ပင်လျှင် မိမိအိုးအိမ်သို့ ပြန်လည်ရောက်ရှိနေသကဲ့သို့ ဖီးလ်က ထင်မှတ်နေမိ၏။

ပြုံးနိုင်ရွှင်နိုင်လှသော ဖီးလ်၏အမူအရာကိုကြည့်ကာ တပ်စုတပ်ကြပ်ကြီး က သတင်းပို့လိုက်၏။

"ကျွန်တော်တို့ဘက်က ရဲဘော်သုံးယောက် ထိသွားတယ် ဗိုလ်ကြီး"

ရန်သူဘက်မှပစ်နေသော ကျည်အားမှာ ယခင်ကလောက် မပြင်းထန်စေ ကာမူ ဖီးလ်နှင့်အဖွဲ့သားများအား လွတ်လွတ်လပ်လပ် လှုပ်ရှား၍မရနိုင်အောင် ဟန့်တား၍နေကြ၏။

ဖီးလ်သည် ဒဏ်ရာရနေသော ရဲဘော်တစ်ဦး၏ဘေးတွင် ဒူးထောက်၍ ကြည့်နေစဉ် ဝါရင့်စစ်သားကြီး အိုဗာဘီက ရိုင်ဖယ်ကိုဆွဲယူပြီး တစ်ဖက်ကမ်း ရှိ သစ်ပင်တစ်ပင်ကို ချိန်၍ ပစ်ထည့်လိုက်၏။

သစ်ကိုင်းပေါ်တွင် တွဲလဲခိုနေသော ရန်သူ့ လက်ဖြောင့်တပ်သား တစ် ယောက်သည် အောက်သို့လျှော၍ ကျလာသည်ကို မြင်လိုက်ကြရလေသည်။

အကယ်၍သာ ရန်သူ့လက်ဖြောင့်တပ်သားကို ဝါရင့်စစ်သားကြီးက မတွေ့ မမြင်ခဲ့ပါက တပ်စုခေါင်းဆောင် ဖီးလ်သည် စောစောက ကံကောင်းခဲ့သော်

လည်း ဤအချိန်တွင်မှ ရန်သူ့လက်ဖြောင့်တပ်သား၏ လက်ချက်ဖြင့် ကျဆုံးရတော့မည် အမှန်ပင်ဖြစ်လေသည်။

တပ်စုအသီးသီး၏ တိုက်ခိုက်မှုကြောင့် ဖရိုဖရဲဖြစ်သွားသော ရန်သူသည် ပြန်၍စုစည်းလာကြပြီးနောက် မိုးကောင်းလမ်းမကြီးပေါ်မှနေ၍ တန်ပြန်တိုက်စစ်ဆင်လာလေသည်။

ရန်သူက လက်နက်ငယ်များအပြင် အစေးပစ်အမြောက်ကြီးများကိုပါ အသုံးပြုလာသောကြောင့် ကျွန်တော်တို့ဘက်မှ တပ်သားအားလုံးပင် ကတုတ်ကျင်းများတူး၍ နေရာယူကြရ၏။'

ရန်သူဘက်မှ အမြောက်သည် တပ်ရင်းဌာနချုပ်ပြုလုပ်ထားသော နေရာအနီးသို့ပင် ရန်မှု၍လာခဲ့၏။

မာရီဒစ် ခေါင်းဆောင်သော တပ်စုနှင့် ကျွန်တော့်တပ်စုက မိုးကောင်းလမ်းအတိုင်း တောင်ဘက်သို့ချီတက်ပြီး လမ်းထောင့်ချိုး တစ်နေရာမှနေ၍ ရန်သူကို တိုက်ခိုက်ရ၏။

လမ်းအတိုင်း နှစ်ယောက်တစ်တွဲစီ ချီတက်လာသော ရန်သူကို ကျွန်တော်တို့သည် အနားသို့ကပ်၍လာသည်အထိ စောင့်ဆိုင်းနေလိုက်ပြီးမှ ရှိသမျှ လက်နက်များဖြင့် တစ်ပြိုင်နက် တိုက်ခိုက်ကြ၏။

ယမ်းနိုးယမ်းငွေ့များ ပြေ၍သွားသည့်အချိန်တွင် ရန်သူ့အလောင်းပေါင်း ခြောက်ဆယ်တီတိကို ရေတွက်ရရှိခဲ့၏။

ဤအချိန်တွင် ဖီးလ်သည် သူ၏တပ်စုနှင့်အတူ တိုက်ခိုက်ရေးတပ်ဖွဲ့ ဌာနချုပ်သို့ ရောက်ရှိနေပြီး ဗိုလ်မှူးရွှန်ဆင်အား သတင်းပို့နေလေသည်။

ညနေဘက်တွင် ကျွန်တော်တို့တပ်ရင်းနောက်မှ လိုက်ပါလာသော အမှတ် (၁၁၃) တရုတ်တပ်ဖွဲ့ ရောက်ရှိလာ၏။ တရုတ်တပ်များက ကျွန်တော်တို့ယူထားသော နေရာတွင် တာဝန်ယူလိုက်သောကြောင့် ကျွန်တော်တို့တပ်ရင်းမှ ရဲဘော်များ အနားယူခွင့်ရကြ၏။

တရုတ်များတွင် အဆစ်အပိုင်းများကိုဖြုတ်ကာ သယ်ယူလာသော မြေပြင်ပစ် အမြောက်များ ပါရှိလာသောကြောင့် တစ်ဖက်နှင့်တစ်ဖက် အမြောက်ဖြင့် တဒိန်းဒိန်းပစ်ခတ်နေသံမှာ ကောင်းကင်ကြီးပြိုကျလာတော့မည်ကဲ့သို့ ပြင်းထန်ဆူညံလျက်ရှိနေလေသည်။

ယခုအချိန်ထိ ရန်သူ့ဘက်မှ ကျဆုံးသူပေါင်းမှာ သုံးရာခန့်ရှိမည်ဟု

ခန့်မှန်းရ၏။ ကျွန်တော်တို့ဘက်တွင် ရှစ်ယောက်သာ ကျဆုံးပြီး သုံးဆယ့်ငါး ယောက် ဒဏ်ရာရခဲ့၏။

ထိုနေ့ညတွင် ကျွန်တော်တို့သည် ချင်ဂန်စမ်းချောင်းအထက်ဘက် တစ်မိုင် ကွာလောက်တွင် နားနေအိပ်စက်ကြရ၏။

ထိုနေ့ညတွင်ပင် ဗိုလ်မှူးကြီး အော့စ်ဘုံးထံမှ ကျွန်တော်တို့တပ်ဖွဲ့အတွက် စိုးရိမ်စရာ သတင်းတစ်ရပ် ရောက်ရှိလာသည်။

ဂျပန်သည် တပ်မသုံးခုဖြင့် အိန္ဒိယပြည်၏ အရှေ့မြောက်တံခါးဝဖြစ်သော အင်ဖာနှင့် ကိုဟီးမားကို တက်ရောက်တိုက်ခိုက်ပြီဟူသော သတင်းပင်တည်း။

အင်ဖာမှာ မဏိပူရပြည်နယ်၏ မြို့တော်ဖြစ်ပြီး ကိုဟီးမားမှာ အာသံပြည် နယ်၏ မြို့တော်ဖြစ်သည်။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အတွက် လိုအပ်သမျှရိက္ခာနှင့် ခဲယမ်းမီးကျောက်များ၊ ဆေးဝါးများကို အာသံပြည် ဒင်ဂျန်ရှိ စစ်ဌာနချုပ်က လေကြောင်းဖြင့်ပေးပို့လျက်ရှိနေရာ ရန်သူက အာသံပြည်နယ် မြို့တော်ဖြစ်သော ကိုဟီးမားကိုပင် တက်ရောက် ခြိမ်းခြောက်လျက်ရှိနေပြီဟု သိရသောအခါ ကျွန်တော်တို့သည် များစွာ မသိမသာဖြစ်မိကြ၏။

ကျွန်တော်တို့နှင့်တွဲ၍ တိုက်ခိုက်နေသော တရုတ်တပ်များကိုလည်း မဏိပူရ ပြည်နယ် အင်ဖာစစ်ဌာနချုပ်မှ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ ထောက်ပံ့ နေသည်ဖြစ်ရာ ကျွန်တော်တို့၏ ရှေ့ရေးမှာ တွေးလိုက်တိုင်း ရင်လေးစရာ ဖြစ်နေရလေသည်။

◆

( ၈ )

## သက်တစ်ကမ်းတိုက်ပွဲ

စခန်းချနားနေသော ဆိတ်ခူဂါးရွာမှ ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းသည် ပစ်မှတ်ဖြစ်သော ရှာခူဇွပ်သို့ ချီတက်လာခဲ့သည်မှာ သီတင်းသုံးပတ်နှင့် မိနစ်သုံးဆယ် ကြာရှိခဲ့ပြီဖြစ်၏။

ထိုအချိန်ကပင်လျှင် ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ ညွှန်ကြားချက်အတိုင်း ဂျန်ဘူးဘွမ်တောင်စဉ်တောင်တန်း၏ ပို၍ အရှေ့ဘက်ကျသောနေရာမှ ကျွန်တော်တို့တပ်ဖွဲ့တွင်ပါဝင်သော အမှတ်(၂)နှင့် (၃)တပ်ရင်း စစ်ကြောင်းနှစ်ခုသည် ဆိတ်ခူဂါးရွာမှ ပစ်မှတ်ဖြစ်သော အင်ကန်ဂတန်သို့ ချီတက်လာခဲ့ပြီးဖြစ်သည်။

အင်ကန်ဂတန်ရွာကား ကျွန်တော်တို့၏ ပစ်မှတ်ဖြစ်သော ရှာခူဇွပ်ထက် ပို၍ တောင်ဘက်ကျသော နေရာတွင်တည်ရှိသော ရွာတည်း။ တိတိကျကျဆိုရလျှင် ရှာဂူဇွပ်မှ တောင်ဘက် ၈ မိုင်အကွာတွင် တည်ရှိနေသော ရွာတည်း။

ဤရွာသည်လည်း ကျွန်တော်တို့၏ ပစ်မှတ်ကဲ့သို့ပင် မိုးကောင်းလမ်းနှင့် မိုးကောင်းမြစ်တို့အကြားတွင် တည်ရှိနေလေသည်။ ဤနေရာတွင် မိုးကောင်းလမ်းနှင့် မိုးကောင်းမြစ်သည် ကိုက်နှစ်ရာ သုံးရာခန့်သာ ကွာတော့၏။

ဆိတ်ခူဂါးမှ ရှာခူဇွပ်သို့အရောက် ဂျပန်တို့၏ အရှေ့ဘက်တောင်ပံကို ပန်းဝိုက်၍ ချီတက်ရသော ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းသည် တော

တောင် လျှိုမြောင်များဖြင့် ဖိလာဟန်နေသော ကန္တာရကို မိုင် ၅၀ ခန့် အထိ ဖြတ်ကျော်ချီတက်ခဲ့ရ၏။

ကျွန်တော်တို့ထက်ပို၍ အရှေ့ဘက်ကျသော နေရာမှ ချီတက်ခဲ့ရသော အမှတ်(၂) နှင့် (၃)တပ်ရင်းသည် ကျွန်တော်တို့ထက်.ရှစ်မိုင်သာ ပို၍ဝေးသော နေရာသို့ရောက်အောင် မိုင်ပေါင်းရှစ်ဆယ်တိတိကို ဖြတ်ကျော်ချီတက်ခဲ့ရ၏။

မိုင်ပေါင်းရှစ်ဆယ်ဆိုသည်မှာ စက်မှုထွန်းကားသောခေတ်တွင် တိုတောင်းလှသော ခရီးပဲ်ဖြစ်ပါ၏။ သို့တစေ...စက်မှုလက်မှုခေတ်ကြီးကို ကျောခိုင်းကာ မြေပြင်ကို ခြေတင်၍ ထူထပ်သောတော၊ မတ်စောက်သောတောင်၊ နက်ရှိုင်းသော ချောက်ကမ်းပါး၊ အထွင်ရစေကသော ဝါးတောကြီးများကို ဖြတ်ကျော်ခဲ့ရသူများ အဖို့ကား ပင်ပန်းဆင်းရဲလှချေသည်။

ဆိတ်ခုဂါးရွာမှ တပ်ချီရန်အစီအစဉ်ပြုလုပ်စဉ်က တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီး မာရီနှင့် လက်ထောက်တပ်မှူးကြီးဖြစ်သူ ဟန်တာတို့က ကျွန်တော်တို့ တပ်ဖွဲ့တွင် ပါဝင်သော တပ်ရင်းအားလုံးသည် အသိုက်အအုံမှမခွဲဘဲ အတူတကွ ချီတက်သင့်သည်ဟု သြဝါဒပေးခဲ့ကြ၏။

သို့သော် အကြီးအကဲဗိုလ်ချုပ်ကြီးဖြစ်သူ စတီးဝဲလ်က ကျွန်တော်တို့တပ်ဖွဲ့ သည် အစုနှစ်စုခွဲ၍ ချီတက်ရမည်ဟု ညွှန်ကြားလိုက်သောအခါ ကျွန်တော်တို့ သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကို မလိုတမာ ပြစ်တင်ဝေဖန်ခဲ့ကြ၏။

သို့ရာတွင် အမှတ်(၂) နှင့် (၃)စစ်ကြောင်းများက ကျွန်တော်တို့ အမှတ် (၁)တပ်ရင်း စစ်ကြောင်းလို ရန်သူ၏ ဖြတ်တောက် စစ်ဆင်ရေးကို ခံရခြင်းမရှိ ဟု သိလာရသောအခါ ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ စစ်ဗျူဟာ နှင့် နည်းပရိယာယ်ကို ချီးမွမ်းလာမိကြတော့သည်။

အမှတ်(၂) နှင့် (၃)တပ်ရင်းများသည် နောက်ဆုံးပစ်မှတ်သို့ ရောက်ခါနီး သည်အထိ လမ်းတစ်လျှောက်လုံးတွင် ရန်သူ၏ ခြောင်းမြောင်းပစ်ခတ် ဖြတ် တောက်တိုက်ခိုက်ခြင်းကို လုံးဝခံခဲ့ရခြင်းမရှိ။

သို့ဖြစ်၍လည်း မိုင်ရှစ်ဆယ်ခရီးကို ချီတက်လာရသော အမှတ်(၂)နှင့် အမှတ်(၃)တပ်ရင်း စစ်ကြောင်းများသည် မိုင်ငါးဆယ်ခရီးကိုသာ ချီတက်လာခဲ့ ရသော ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်း စစ်ကြောင်းထက် ရှစ်မိုင်ခန့် ပို၍ဝေးသော ပစ်မှတ်သို့ ကျွန်တော်တို့ထက် လေးရက်စောင်၍ ရောက်ရှိလာခဲ့ ကြလေသည်။

ပစ်မှတ်ဖြစ်သော အင်ကန်ဂတန်သို့ရောက်ရန် ခရီးတစ်ဝက်မျှအလိုတွင် လမ်းသည် တနိုင်းဟုခေါ်သော ချင်းတွင်းမြစ်နှင့်ယှဉ်၍ တည်ရှိနေလေသည်။ သို့ဖြစ်သောကြောင့်လည်း ပစ်မှတ်နှင့် နီးလာကာမှ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများကို ပို၍ တွေ့လာရပြန်လေသည်။

ရဲဘော်များသည် တွန့်လိမ်ကောက်ကွေ့နေသော ချောက်ကမ်းပါးကြီးကို တက်ချီဆင်းချီ ချီတက်လာရသောကြောင့် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် ဤနက်ရှိုင်းသော ကန္တာရကြီးအလယ်တွင် မမျှော်လင့်သော အကူအညီကို တွေ့လိုက်ကြရ၏။

နက်ရှိုင်းသော ချောက်ကမ်းပါးကြီးအတွင်းတွင် မြင့်မောက်သော တောင်တစ်လုံးက တည်ရှိနေ၏။ ဤတောင်မှာ အမေရိကန်ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးအဆင့်အတန်းရှိ ကားလ်၏ ကချင်ပြောက်ကျားဌာနချုပ် ဖြစ်နေလေသည်။

အမှတ်(၂) နှင့် (၃)တပ်ရင်း စစ်ကြောင်းသည် ဗိုလ်ကြီးကားလ်၏ ကချင်ပြောက်ကျား သုံးရာကို တွေ့ဆုံရပြီးနောက် ထိုပြောက်ကျားတပ်ဖွဲ့၏ အကူအညီဖြင့် ရှေ့သို့ချီတက်လာခဲ့ကြသောအခါ ကချင်ရွာသားများကို တောင်ရိုး တောင်တန်းများအပေါ်၌ ဆက်လက်၍ တွေ့လာရ၏။

အော်ချိုဟုခေါ်သော နေရာသို့အရောက်တွင် စစ်ကြောင်းနှစ်ကြောင်းသည် နမ့်ပါမချောင်းရိုးအတိုင်း လှည့်၍ထွက်ခဲ့ကြ၏။ ကျွန်တော်တို့၏ အမှတ်(၁) တပ်ရင်း စစ်ကြောင်းက ရန်သူ့ထောက်လှမ်းရေးတပ်များ မျက်ခြည်ပြတ်သွားစေရန် ချင်ပန်စမ်းချောင်းလမ်းအတိုင်း ဆင်း၍လာသကဲ့သို့တည်း

ချင်ဂန်စမ်းချောင်းတစ်လျှောက် ချီတက်ခဲ့စဉ်က ကျွန်တော်တို့သည် ကျောက်တုံးကြီးများဖြင့် ဖွဲ့စည်းထားသော ရေနက်သည့် စမ်းရေအိုင်ကြီးများတွင် ကျွန်တော်တို့သည် လူနှင့် ဝန်တင်တိရစ္ဆာန်များ ဖြတ်ကူးနိုင်အောင် ရေအောက်မှ ကျောက်တန်းစီခဲ့ကြရ၏။ အမှတ်(၂) နှင့် (၃)တပ်ရင်း စစ်ကြောင်းများကမူ ကျွန်တော်တို့တွေ့ရသော အခက်အခဲမျိုးကို မတွေ့ရ။ သူတို့တွေ့ရသော ဒုက္ခမှာ ရှစ်မိုင်မျှသာ အလျားရှိသော နယ်မြေအတွင်းတွင် နမ့်ပါခချောင်းကို အကြိမ် ပေါင်း ငါးဆယ်တိတိ ဖြတ်ကူးခဲ့ရခြင်းပင်တည်း။

မိုးကောင်းမြစ်ဝှမ်းထဲသို့ နမ့်ပါခချောင်းက စီးဝင်သောနေရာတွင် စစ်ကြောင်းနှစ်ကြောင်းသည် အင်္ဂလိပ်စာလုံး ယူကဲ့သို့ ပစ်မှတ်ဖြစ်ရန် အင်ကန်

ဂတန်သို့အရောက် ဆယ့်ရှစ်မိုင်၊ မိုင်နှစ်ဆယ်မျှအထိ မှောက်ကြောင်းပြန်၍ ချီတက်ခဲ့ရပြန်သည်။

ဤနယ်မြေဒေသသည် အသွားရ အလာရ လွယ်ကူသလောက် ရန်သူက တိုက်စစ်ဆင်လာရန် အကောင်းဆုံးနေရာတည်း။

ချီတက်ရာလမ်းကြောင်း၏ တောင်ဘက်နှင့် အနောက်ဘက်တွင် လွင်ပြင်များရှိနေ၏။ ဤလွင်ပြင်များကိုဖြတ်ကာ ရန်သူက မြန်မြန်ထက်ထက် ချီတက်တိုက်ခိုက်နိုင်သည်မဟုတ်ပါလား။ ယခုလို သွေ့ခြောက်သည့်ရာသီဥတုမျိုးတွင် ရန်သူသည် မော်တော်ယာဉ်များကိုပင် အသုံးပြုကာ တိုက်ခိုက်လာနိုင်သည် ဖြစ်၏။

သို့ဖြစ်၍လည်း အမှတ်(၃)တပ်ရင်းမှ လူအင်အား ထက်ဝက်ကျော်ကျော်ကို ရန်သူများ အလုံးအရင်းဖြင့် ချီတက်လာနိုင်မည့် ကွင်းပြင်ဘက်၌ ပိတ်ဆို့တားဆီး၍နေရန် တာဝန်ပေးထားရလေသည်။

မည်သို့ပင်ဖြစ်စေ၊ စ၍ချီတက်လာကတည်းက ဘေးမသီ ရန်မခခဲ့သော တပ်ရင်းနှစ်ရင်းသည် ပစ်မှတ်သို့ ရောက်လုနီးသည်အထိ အန္တရာယ်ကင်းဂါထာကြီးကို ရွတ်၍လာသည့်အလား အနှောက်အယှက်ကင်းလျက်ပင် ရှိနေလေသည်။

ရှေ့ပြေးချီ စေလွှတ်လိုက်သော ကင်းတောက်အဖွဲ့များသည်ပင်လျှင် ပစ်မှတ်ဖြစ်သော အင်ကန်ဂတန်ရွာထဲသို့ ရန်သူနှင့် ရင်ဆိုင်မတိုးမိဘဲ အေးအေးချမ်းချမ်း ရောက်ရှိသွားခဲ့၏။

အကယ်၍သာ ရန်သူ့တိုက်ကင်းအဖွဲ့ငယ်တစ်ခုနှင့်ဖြစ်စေ၊ ကျွန်တော်တို့ဘက်မှ ရှေ့ပြေးချီတပ်များနှင့် ရင်ဆိုင်တိုးမိခဲ့လျှင် ဤနယ်မြေဒေသတစ်လျှောက်၌ရှိသော ရန်သူများကို ပဒုအုံ တုတ်နှင့်ထိုးလိုက်သကဲ့သို့ ကျွန်တော်တို့တပ်ကိုဝိုင်းဝန်းတိုက်ခိုက်ကြပေတော့မည်။

ဗိုလ်မှူးကြီးမက်ဂီး ဦးစီးသော အမှတ်(၂)တပ်ရင်းသည် ရန်သူ့ဘက်မှ ခုခံတိုက်ခိုက်နေသည့်ကြားကပင် မိုးကောင်းမြစ်ကို ဖြတ်ကူးပြီး ကားမိုင်းလမ်းမှ ကိုက်သုံးရာအကွာသို့ ရောက်ရှိအောင် ချီတက်နိုင်ကာ ကတုတ်ကျင်းများတူး၍ နေရာယူထားနိုင်ခဲ့၏။

အမှတ်(၂)တပ်ရင်းသည် ချောချောမောမောဟု ဆိုရမလောက် ကားမိုင်းလမ်းနှင့် ကိုက်သုံးရာအကွာသို့ ရောက်ရှိသွားသော်လည်း တောင်ဘက်နှစ်ဖာလုံခန့် အကွာတွင်ရှိသော တကယ့်ပစ်မှတ်ဖြစ်ရာ အင်ကန်ဂတန်သို့ တိုက်ကင်း

အဖွဲ့တစ်ဖွဲ့ကို ထောက်လှမ်းရန် စေလွှတ်လိုက်သောအခါ ရန်သူက အင်အားကောင်းစွာဖြင့် အခိုင်အမာ တပ်စွဲထားကြောင်း တွေ့ရ၏။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးကြီးမက်ဂီးသည် အမှတ် ၅၃၀၇ တပ်ဖွဲ့၏ ထုံးစံအတိုင်း အင်အားချင်းမမျှသော ရန်သူကို အငိုက်ဖမ်း၍ တိုက်ခိုက်ရန် စီစဉ်လိုက်၏။

သို့ဖြစ်၍လည်း ကာမိုင်းလမ်းနှင့် ကိုက်သုံးရာအကွာတွင် ကတုတ်ကျင်းများတူး၍ နေရာယူထားပြီးနောက် အင်ကန်ဂတန်မှ ရန်သူကို အတင်းတက်အတင်းတိုက်ခဲ့၏။ နေ့လယ်နှင့် ညနေအချိန်များတွင် အိန္ဒိယရှိ အခြေခံစခန်းမှ ရောက်ရှိလာသော လေကြောင်းအကူအညီဖြင့် ရန်သူ့စခန်းကို ဗုံးကြဲ စက်သေနတ်နှင့်ပစ်၍ တိုက်ခိုက်ခဲ့၏။

မိမိတို့က ရန်သူအငိုက်ကိုစောင့်၍ တိုက်ခိုက်ခဲ့သည့်တိုင်အောင် ရန်သူက ကာမိုင်းလမ်းကို တားဆီးပိတ်ဆို့ထားသော မိမိတို့အား တုံ့ပြန်တိုက်စစ်ဆင်မည်မှာ သေချာနေသည်။

အမှတ်(၂)တပ်ရင်းက ခြေကုပ်ယူထားသော တပ်စခန်းရှေ့ဘက်တွင် လူတစ်ရပ်ထက်မြင့်သော ကိုင်းပင်များက တိုးမပေါက်အောင် ပေါက်နေ၏။ ဥက္ကာမနေ့ နံနက်ပိုင်းအချိန်တွင် ရန်သူသည် ကိုင်းတောကြီးကိုဖြတ်ကာ ကာပစ်ပစ်ပေးနေသော မော်တာအကူအညီဖြင့် အမှတ်(၂)တပ်ရင်းကို ဝင်ရောက်တိုက်ခိုက်ကြ၏။ ဗိုလ်မှူးကြီးမက်ဂီးသည် ရဲဘော်များအား ရန်သူ့တပ်သားများ ခြေလှမ်းနှစ်ဆယ်အထိ နီးကပ်လာသည်အထိ လုံးဝမပစ်ဘဲနေရန် အမိန့်ပေးထားပြီးမှ ခြေလှမ်းနှစ်ဆယ်အတွင်းသို့ ရန်သူရောက်လာသည်နှင့် တစ်ပြိုင်နက် တပ်ရင်းတွင်ရှိသမျှ လက်နက်မျိုးစုံဖြင့် တစ်ပြိုင်နက် ပစ်ခတ်ရန် အမိန့်ပေးလိုက်လေသည်။

ခြေလှမ်းနှစ်ဆယ်အကွာမှနေ၍ ပစ်ခတ်ခြင်းခံရသော တပ်ဦးမှ ရန်သူများသည် ရှေ့သို့ တစ်လှမ်းမျှတိုး၍ တက်မလာနိုင်ဘဲ အတုံးအရုံးကျဆုံးသွားကြ၏။ ဒုတိယလှိုင်းလုံးကြီးအဖြစ် ချီတက်လာသော ရန်သူတပ်သားများမှာလည်း လဲကျနေသော မိမိတို့ဘက်မှ တပ်သား အလောင်းကောင်များပေါ်တွင်ပင် ပုံကျ၍ အသက်ပျောက်သွားကြပြန်သည်။

ဤနေ့တစ်နေ့တည်းတွင်ပင် ဤကဲ့သို့သောနည်းမျိုးဖြင့် အားကုန်အင်ကုန်ဖိ၍တိုက်လာသော ရန်သူတိုက်စစ်ကို အမှတ်(၂)တပ်ရင်းသည် ဆယ့်ခြောက်

ကြိမ်တိုင်တိုင် တွန်းဖယ်ရှားပစ်နိုင်ခဲ့၏။

အကြိမ်ပေါင်း ဆယ့်ခြောက်ကြိမ်တွင် ရန်သူဘက်မှ စုစုပေါင်း နှစ်ယောက်သာ အမှတ်(၂)တပ်ရင်းရှိရာ ကတုတ်ကျင်းအဝသို့ ရောက်လာနိုင်ခဲ့၏။

ရန်သူနှစ်ယောက်အနက် တစ်ယောက်မှာ အရာရှိဖြစ်ပြီး ကျန်တစ်ယောက်မှာ ရိုးရိုးတပ်သားဖြစ်၏။

ဗိုလ်အဆင့်အတန်းရှိသော ဂျပန်အရာရှိသည် ဓားလွတ်ကို လေထဲတွင် တဝှေ့ဝှေ့ယမ်းရင်း ဘန်ဇိုင်းဟူသော စစ်ညာသံကို ကြွေးကြော်ရင်း အမှတ်(၂)တပ်ရင်း ခံကတုတ်ကျင်းများရှိရာသို့ တစ်ဟုန်ထိုးပြေး၍ ချီတက်လာ၏။ ကျွန်တော်တို့ဘက်မှ တော်မီဖြင့် ဆီးကြိုပစ်ခတ်ထားသောကြောင့် ဂျပန်အရာရှိ၏ အတ္တဘောကြီးတစ်ခုလုံးတွင် ကျည်ဆန်ထိပ်ဖူးရာများ ဆန်ခါပေါက်ကဲ့သို့ ပြန့်ကျဲနေ၏။ သို့တိုင်အောင် ဂျပန်စစ်ဗိုလ်သည် စစ်ညာသံကိုပေးရင်း ဓားလွတ်ကို တဝှေ့ဝှေ့ယမ်းကာ ကျွန်တော်တို့ ကတုတ်ကျင်း ထိပ်ဝအထိ ရောက်လာနိုင်ခဲ့၏။

ဂျပန်စစ်ဗိုလ်သည် ကောက်ကွေးနေသော ဓားလွတ်ကို လက်တွင်ဆုပ်ကိုင်လျက်နှင့်ပင် ကျွန်တော်တို့ဘက်မှ တော်မီသမား၏ လက်ချက်ကြောင့် ကျင်းထဲသို့ ခေါင်းစိုက်၍ ကျသွားခဲ့လေသည်။

အမှတ်(၂)တပ်ရင်းရှိရာ ခံကတုတ်ကျင်းများအထိ ဒုတိယမြောက် ရောက်လာသူကား ဂျပန် ရိုင်ဖယ်သမားတစ်ယောက်ဖြစ်၏။

လှံစွပ်တပ်ထားသော ရိုင်ဖယ်ကိုကိုင်၍ အတင်းပြေးတက်လာသော ဂျပန်စစ်သားသည် ကျွန်တော်တို့ဘက်မှ တပ်သားတစ်ဦး၏ ပစ်ကျင်းအဝဆီသို့ပင် ရောက်လာခဲ့ပြီးနောက် ပစ်ကျင်းထဲမှ ကျွန်တော်တို့ရဲဘော်အား လှံစွပ်ဖြင့် လှမ်း၍ထိုးလိုက်၏။

ပစ်ကျင်းထဲမှ ရဲဘော်မှာ လှံစွပ်ဖြင့် တိုက်ခိုက်လာသော ရန်သူကို ပြန်၍ ခုခံရန်ပင် အချိန်မရတော့။

သို့ဖြစ်၍လည်း ရန်သူ့လှံစွပ်အရင်းကို ပစ်ကျင်းထဲမှနေ၍ ဖမ်းယူဆုပ်ကိုင်လိုက်ပြီးနောက် ထိုလှံစွပ်တပ်ထားသော ရိုင်ဖယ်သေနတ်အပေါ်တွင်ပင် အားပြုကာ ပစ်ကျင်းနှုတ်ခမ်းပေါ်သို့ ခုန်၍ တက်လိုက်၏။

ပစ်ကျင်းနှုတ်ခမ်းပေါ်တွင် ရန်သူ့တပ်သားနှင့် ကျွန်တော်တို့ဘက်မှ ရဲဘော်သည် လွှင့်စဉ်၍သွားသော လှံစွပ်ကို ပထမဆုံး ကောက်ယူနိုင်အောင် ကြိုးစား

ရင်း လုံးထွေးသတ်ပုတ်နေကြ၏။

အနီးအနားရှိ ပစ်ကျင်းမှ ရဲဘော်များမှာ လုံးထွေးသတ်ပုတ်နေသော ဂျပန်တပ်သားနှင့် မိမိတို့ဘက်မှ ရဲဘော်ကို ကြောင်၍သာ ကြည့်နေမိကြ၏။

ဤအချိန်တွင် မည်ကဲ့သို့ စိတ်ကူးပေါက်လာမှန်းမသိသော ဂျပန်တပ်သားသည် ကျွန်တော်တို့ဘက်မှ ရဲဘော်ကို အတင်းတွန်းချပစ်ခဲ့ပြီး စစ်မျက်နှာနောက်ဘက်သို့ ပြန်၍ ထွက်ပြေးသွားခဲ့လေသည်။

ဤတွင်မှ ကျွန်တော်တို့ဘက်မှ ရဲဘော်များက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သဘောပေါက်လာကြတော့၏။ အနားတွင်ကပ်လျက်ရှိသော ပစ်ကျင်းတစ်ကျင်းမှ ရဲဘော်တစ်ယောက်က ပြန်၍ ကျောခိုင်းထွက်ပြေးသွားသော ဂျပန်တပ်သားကို ခြေလှမ်း လေး,ငါးလှမ်းသို့ပင် မရောက်မီ သုတ်သင်ချေမှုန်းပစ်လိုက်နိုင်လေသည်။

ဤကဲ့သို့သော လက်တံစ်ကမ်းတိုက်ပွဲများကို တစ်ဖက်နှင့်တစ်ဖက် အရောရောအထွေးထွေး တိုက်ခိုက်ဆင်နွဲရလိမ့်မည်ဟု ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များက စောစောကပင် မျှော်လင့်ထားခဲ့ကြ၏။

ဤသို့မျှော်လင့်ထားခဲ့ရအောင်လည်း အခြေအနေက ဖန်တီးခဲ့လေသည်။

ပထမဆုံးဖန်တီးလာသော အချက်မှာ နမ့်ပါခချောင်းဝှမ်းအတိုင်း အောက်ဘက်သို့ ချီတက်လာခဲ့သော တပ်ရင်းနှစ်ရင်းသည် ပစ်မှတ်အသီးသီးသို့ ပြိုင်တူရောက်ရှိလာပြီးနောက် ရန်သူကို တစ်ပြိုင်နက် တိုက်စစ်ဆင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း အမှတ်(၁)တပ်ရင်းသည် ဤအချိန်တွင် ကာမိုင်းလမ်းပေါ်သို့ပင် ရောက်ရှိလာခြင်း မရှိရုံသာမက မြောက်ဘက်တွင် ဂျပန်များကို တိုက်စစ်ဆင်နေသော တရုတ်တပ်များမှာလည်း ထိုးဖောက်တိုက်ခိုက်ရာတွင် နှေးကွေးလျက်ရှိနေချေသည်။

ဒုတိယဖန်တီးလာသောအချက်မှာ ရန်သူလက်မှ ဖမ်းဆီးရမိသော မြေပုံတစ်ခုအရ ဂျပန်တို့၏ တပ်ရင်းနှစ်ရင်းသည် တောင်ဘက်မှနေ၍ ချီတက်လာပြီး ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ လက်ယာတောင်ပံကို စစ်ကူပေးလာခြင်းပင်ဖြစ်၏။

ဤတပ်ရင်းနှစ်ရင်းသည် တောင်ဘက်မှနေ၍ ကာမိုင်းလမ်းပေါ်သို့ မြန်မြန်ထက်ထက် ချီတက်လာနိုင်ရုံသာမက အဝေးပစ်အမြောက်တပ်ဖွဲ့ကိုလည်း မော်တော်ယာဉ်များဖြင့် သယ်ယူလာနိုင်ခဲ့၏။ ဤသို့ဖြင့် ဂျပန်တပ်များသည် ကျွန်တော်တို့၏ တပ်များကို ဖြတ်တောက်ဖြိုခွဲပစ်နိုင်ရန် အင်အားကြီးမားလာခဲ့

လေသည်။

အမှတ်(၂)တပ်ရင်းမှ တပ်မှူးဖြစ်သူ မက်ဂီးသည် တဖြည်းဖြည်း နည်းပါး၍လာသော ခဲယမ်းမီးကျောက်များဖြင့် အင်အားပို၍ကြီးလာသော ရန်သူကို ရင်ဆိုင်နေရစဉ် အထက်တွင်ဆိုခဲ့သော သတင်းများကို ကြားသိလာရခြင်းဖြစ်၏။

ရန်သူဘက်မှ ထရပ်ကားများဖြင့် အစေးပစ်အမြောက်များ၊ မော်တာများ၊ ခဲယမ်းမီးကျောက်များကို သယ်ယူလာနိုင်ခဲ့သည့်အပြင် နောက်ထပ် တပ်ရင်းနှစ်ရင်းကလည်း ဗိုလ်ချုပ်ကြီး တနခါ၏ လက်ယာတောင်ပံကို အကူအညီပေးရန် ရောက်ရှိလာပြန်သောကြောင့် ဗိုလ်မှူးကြီးမက်ဂီး၏ အမှတ်(၂)တပ်ရင်းမှာ ရန်သူများအဝိုင်းခံရတော့မလောက် အခြေအနေသို့ ရောက်လာလေသည်။

ရန်သူဘက်မှ လူအားနှင့် လက်နက်အား ပိုမိုသာလွန်၍ လာသည့်တိုင်အောင် အမှတ်(၂)တပ်ရင်းတွင် ရဲဘော်နှစ်ယောက်ကျဆုံးကာ ဆယ့်နှစ်ယောက်သာ ဒဏ်ရာရရှိခဲ့သည်။ ရန်သူ့ဘက်မှ လူပေါင်းနှစ်ရာကျော်ကျော် ကျဆုံးနေခဲ့ကြောင်း ရေတွက်သိရှိခဲ့ရ၏။

သို့သော် ဤအတိုင်းဆက်၍ ကြံ့ကြံ့ခံခဲ့လျှင် မိမိ၏တပ်ရင်းသည်သာ တပ်လုံးပျောက်သည်အထိ ချေမှုန်းခြင်းခံရတော့မည်ကို သိရှိလာသော ဗိုလ်မှူးကြီး မက်ဂီးသည် မိမိ၏ အမှတ်(၂)တပ်ရင်းအား မိုးကောင်းမြစ်ကို ပြန်၍ကူးကာ တပ်ဆုတ်ရန် အမိန့်ပေးခဲ့လေသည်။

ဤသို့ တပ်ဆုတ်ရာတွင် ကျွန်တော်တို့တပ်ဖွဲ့အဖို့ အထိအနာကြီး နာခဲ့ရသော တိုက်ပွဲသည် အစပျိုး၍လာခဲ့လေသည်။

ရန်သူ့လှုပ်ရှားမှုမှာ ကျွန်တော်တို့တပ်ဖွဲ့အဖို့ ပို၍ စိုးရိမ်စရာကောင်းလာသော အခြေအနေကို ဖန်တီးလျက်ရှိသည့် သတင်းများကိုလည်း ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ ဌာနချုပ်က ထောက်လှမ်းရရှိခဲ့၏။

ဂျပန်တို့၏ စစ်ကူတပ်ရင်းသည် တနိုင်းမြစ်အတိုင်း မြောက်ဘက်သို့ ချီတက်ရန် စုရုံးလျက်ရှိနေ၏။

ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းက ရှာဒူဇွပ်အောက်ဘက်ရှိ ဂျပန်တပ်များကို ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ရန် စုရုံးနေသည့်နည်းတူ ဂျပန်တို့၏ စစ်ကူတပ်ရင်းကလည်း ရှာဒူဇွပ် မြောက်ဘက်ရှိ တရုတ်တပ်များကို ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်နိုင်ရန် တာစူနေခြင်းဖြစ်၏။

ဗိုလ်ချုပ်ကြီး မာရီးထံမှ ရောက်ရှိလာသော အမိန့်အရ ကျွန်တော်တို့

တပ်ဖွဲ့သည် ရန်သူ့တပ်များကို နပမ်ဂါးရွာမှကျော်၍ မတက်နိုင်အောင် ဆီးဆုတ် ခုခံရမည်ဖြစ်၏။

ဤခံစစ်ကား အမှတ် ၅၃၀၇ တပ်ဖွဲ့၏ ရာဇဝင်တွင်သာမက ဒုတိယကမ္ဘာစစ် ရာဇဝင်တွင်ပင် ကျော်ကြားသော ခံစစ်ဖြစ်လာခဲ့ရလေသည်။

ကျွန်တော်တို့တပ်ဖွဲ့အား တိုက်စစ်ဆင်ရန် ချီတက်စေခဲ့ပြီးမှ ခံစစ်သို့ပြောင်းရန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က စိတ်ကူးလိုက်ခြင်းမှာ ကျွန်တော်တို့တပ်ဖွဲ့က ရန်သူတပ်များအား နပမ်ဂါးမှကျော်၍ မတက်နိုင်အောင် ခံစစ်ပြုနေခြင်းအားဖြင့် မြောက်ဘက်မှဆင်းလာသော တရုတ်တပ်များက ရန်သူကို ချေမှုန်းနိုင်မည်ဟု ယူဆခဲ့ဟန်တူ၏။

ကျွန်တော်တို့သည် ခံစစ်ပြုနိုင်ရန်အတွက် ချီတက်ရမည့်ခရီးကပင်လျှင် အလွန်ဝေးလျက်နေချေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ရန်သူ့တပ်များအား နပမ်ဂါးမှကျော်၍ မတက်နိုင်အောင် တားဆီး၍ ခံစစ်ပြုရတော့မည်ဖြစ်၏။

သို့ဖြစ်၍ နံနက်(၇)နာရီအချိန်တွင် အမှတ်(၂)တပ်ရင်းနှင့် အင်ကန်ဂတန်မှ ချီတက်လာခဲ့ပြီးနောက် မိုးကောင်းကမ်းနားဘေးတွင် တစ်ညမျှ အိပ်စက်နားနေခဲ့သော အမှတ်(၃)တပ်ရင်းမှ အင်အားထက်ဝက်မျှရှိသော ရဲဘော်များသည် သဲသဲမဲမဲရွာသွန်းနေသော မိုးရေအောက်တွင် ရွှံ့များ၊ ဗွက်များကို ကျော်နင်းကာ တောင်ဘက်လမ်းအတိုင်း ချီတက်လာခဲ့ရတော့၏။

ထိုနေ့ကား မတ်လ ၂၅ ရက်နေ့ပင်တည်း။

တပ်ထွက်ခရီးက ခြေသလုံးကို အိမ်တိုင်လုပ်ကာချီတက်လာခဲ့ရသော ရဲဘော်များမှာ ပင်ပန်းနွမ်းနယ်လျက် ရှိကြပြီဖြစ်၏။ ဤအထဲတွင် ဒဏ်ရာရရှိနေသော ရဲဘော်များ၏ ပြဿနာကလည်း ရှိနေပြန်သေး၏။

မိုးက အငြိုးကြီးစွာနှင့် ရွာချနေသောကြောင့် လူနာရဲဘော်များကို တင်ဆောင်လာသော ထမ်းစင်များတွင် တမင်တကာ အပေါက်များဖောက်၍ပေးထားရ၏။ ထမ်းစင်ပေါ်တွင် ရေများ အိုင်ထွန်း၍မနေစေရန်တည်း။

မတ်လ (၂၅)ရက်နေ့ နေ့လယ်အချိန်လောက်တွင် လူနာရဲဘော်များအား လေယာဉ်ဖြင့်ဆင်းသက်၍ သယ်ယူသွားနိုင်လောက်သော လေယာဉ်ပြေးလမ်းကြောင်းကို ရွာတစ်ရွာအနီးတွင် ဖောက်လုပ်ကြ၏။

သို့သော် ရာသီဥတုအခြေအနေက ပို၍ဆိုးဝါးလာသောကြောင့် လေယာဉ်

ငယ်ကလေးများသည် လူနာရဲဘော်များကို မတင်ဆောင်နိုင်တော့ဘဲ ပြန်၍သွားခဲ့ကြရလေသည်။

ဤအချိန်တွင်ပင် အမှတ် ၅၃၀၇ တပ်ဖွဲ့မှ ရဲဘော်တိုင်း တစ်သက်တာတွင် မည်သည့်အခါမှ မေ့ပျောက်၍ရမည်မဟုတ်သော အဖြစ်အပျက်များ ပေါ်ပေါက်လာရန် ကာမိုင်းတွင် ခြေကုပ်ယူထားသော ဂျပန်တပ်များက ဖန်တီးလျက်ရှိနေလေသည်။

ကာမိုင်းမှ ဂျပန်တပ်များသည် တောလမ်းနှစ်သွယ်ဖြင့် ချီတက်လာခဲ့ပေသည်။

ဂျပန်စစ်ကြောင်းတစ်ကြောင်းသည် ပိုအေကွမ်ရွာကို ဖြတ်လျက် ချီတက်လာပြီး အခြားစစ်ကြောင်းတစ်ကြောင်းက တက်ကွမ်ရွာကို ဖြတ်လျက် ချီတက်လာကာ အော်ချီရွာသို့ မရောက်မီ နှစ်မိုင်ခန့်အလိုတွင် စစ်ကြောင်းချင်းပူးပေါင်းရမည်ဖြစ်၏။

အော်ချီရွာမှာ ကျွန်တော်တို့တပ်ဖွဲ့က နမ့်ပါမာချောင်းရိုးသို့ တိုးဝင်ကာ ခြေယောင်ပျောက်ခဲ့ရာတွင် ဖြတ်ကျော်လာခဲ့ရသော ရွာပင်ဖြစ်၏။

ယခုမူ ရန်သူ့စစ်ကြောင်းက ဤရွာဆီသို့ ဦးတည်ချီတက်လာနေပြီး ကျွန်တော်တို့ကလည်း ဤရွာကို ပြန်လည်သိမ်းပိုက်နိုင်အောင် ကြိုးစားရပေတော့မည်။

သို့ဖြစ်၍ ဝက်စတန်ဦးစီးသော တပ်စုက ပိုအေကွမ်ရွာကိုဖြတ်လျက် ချီတက်လာမည့်ရန်သူ့စစ်ကြောင်းကို ဆီးဆို့တိုက်ခိုက်ရန် တာဝန်ယူစေပြီး စမစ်ဦးစီးသော ရိုင်ဖယ်တပ်စုက တက်ဘွမ်ရွာကိုဖြတ်လျက် ချီတက်လာသည့် ရန်သူ့စစ်ကြောင်းကို လမ်းမှဖြတ်၍ တိုက်ခိုက်ရန်တာဝန်ယူရ၏။

ဝက်စတန်နှင့် စမစ်တို့၏ တပ်စုနှစ်စုအင်အားကို ပေါင်းလိုက်လျှင် လူပေါင်းကိုးဆယ်သာရှိ၏။ ရန်သူ့စစ်ကြောင်းနှစ်ကြောင်းတွင်မူ လက်နက်ကိုင်အင်အား ရှစ်ရာငါးဆယ် ရှိနေလေသည်။

ကျွန်တော်တို့၏ တပ်စုနှစ်စုသည် မိမိတို့ထက် အဆပေါင်းများစွာ အင်အားကြီးမားသည့် စစ်ကြောင်းနှစ်ကြောင်းကို ချီတက်နေးကွေးသွားအောင် ဆီးဆို့ခုခံရမည်ဖြစ်၏။

တပ်စုနှစ်စုသည် ရန်သူ့စစ်ကြောင်းနှစ်ကြောင်းကို နှစ်ရက်တိတိ ချီတက်မှု နှေးကွေးသွားအောင် တိုက်ခိုက်နေကြရမည်ဖြစ်၏။ ဤနှစ်ရက်အတောအတွင်း

အမှတ်(၁)တပ်ရင်းနှင့် အမှတ်(၃)တပ်ရင်းမှ ကျန်သော ရဲဘော်များအား ရှိသမျှ အင်အားကို စုရုံးကာ ရန်သူ့စစ်ကြောင်းနှစ်ကြောင်း ပူးပေါင်းရန် သတ်မှတ်ထားသော အော်ရှိုရှာအောက်ဘက်ရှိ လမ်းဆုံသို့အရောက် ချီတက်ပြီး ဝက်စတန်နှင့် စမစ်တို့၏ တပ်စုလက်မှ ကျော်၍တက်လာသော ရန်သူများကို ချေမှုန်းတိုက်ခိုက်ရမည်ဖြစ်၏။

အင်အားချင်းက ဆင်နှင့်ဆိတ်လို မနှိုင်းယှဉ်သာအောင် အကွာကြီး ကွာနေလေသောအခါ ဝက်စတန်နှင့် စမစ်တို့က တက်လာသော ရန်သူစစ်ကြောင်းနှစ်ကြောင်းကို သက်ဆိုင်ရာ ပစ်မှတ်များမှနေ၍ ချုံခိုတိုက်ပွဲကလေးများ အဆင့်ဆင့် ဆင်နွှဲရန် ဆုံးဖြတ်ထားကြ၏။

ရန်သူ့အင်အား ရှစ်ရှင်ငါးဆယ်ကို ခရီးပန်းနေသော ကျွန်တော်တို့ဘက်မှ ရဲဘော်ကိုးဆယ်ဖြင့် ဆီးကြိုတိုက်ခိုက်ရသော တိုက်ပွဲတည်း။

တပ်စုမှူးနှစ်ဦးသည် မိမိတို့၏ တိုက်ပွဲအစီရင်ခံစာ တစ်စွန်းတစ်စကို ဖတ်ကြည့်မိလျှင်ပင် မည်မျှ ပြင်းပြင်းထန်ထန်တိုက်ရသော တိုက်ပွဲဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေလေသည်။

**မတ်လ ၂၅ ရက်နေ့**
**၁၄း၁၀ နာရီ**

ရန်သူအင်အား သုံးဆယ်ခန့်ရှိမည်ဟု ထင်ရ၏။ ပိုအောကွမ်လမ်းအတိုင်း ချီတက်လာနေသည့် ဝက်စတန်၏တပ်စုက ချုံခိုတိုက်ခိုက်ရာ ရန်သူဘက်မှ ဆယ့်နှစ်ယောက် ကျဆုံးသွားသည်။ ရန်သူ့စက်သေနတ်တစ်လက်ကိုလည်း ဖျက်ဆီးနိုင်ခဲ့သည်။ ကျွန်တော်တို့ဘက်မှ ရန်သူ့မော်တာကြောင့် ဝန်တင်တိရစ္ဆာန်လေးကောင် ဒဏ်ရာရရှိသွားခဲ့။

**မတ်လ ၂၆ ရက်နေ့**
**၁၀း၂၀ နာရီ**

စစ်ကူများဖြည့်ထားသော ဂျပန်တပ်စုက ပိုအောကွမ်လမ်းအတိုင်း ချီတက်လာသည်။ ကျွန်တော်တို့က ရန်သူ့အငိုက်ကို လိုက်၍တိုက်

နိုင်၏။ ရန်သူ့အလောင်း (၂၈)လောင်း ရေတွက်ရရှိသည်။ အထေးထစ် အမြောက်မှ အစိတ်အပိုင်းများကို ဖြုတ်၍ သယ်ယူလာသော လား တစ်ကောင်ကိုလည်း ပစ်သတ်နိုင်ခဲ့၏။ ဂျပန်ရှေ့ပြေး ကင်းထောက် အဖွဲ့နှင့်အတူပါလာသော စစ်ခွေးတစ်ကောင်က ကျွန်တော်တို့ စက် သေနတ်ရှိရာစခန်းကို ညွှန်ပြနိုင်ကြောင်း တွေ့ရ၏။

**မတ်လ ၂၆ ရက်နေ့**
**၁၀:၂၅ နာရီ**

ရန်သူ့အင်အား တစ်ရာခန့်ရှိမည်ဟု ခန့်မှန်းရသည်။ တက်ဘွမ် လမ်းအတိုင်း ချီတက်လာစဉ် ကျွန်တော်တို့က ချောင်းမြောင်းတိုက် ခိုက်သည်။ ရေတွက်၍ရသလောက် ရန်သူ(၁၈)ယောက် ကျဆုံးသည်။

ဝက်စတာန်နှင့် စမစ်တို့၏တပ်စုနှစ်စုသည် ပိုအေကွမ်နှင့် တက်ဘွမ် တော လမ်းများမှနေ၍ မတ်လ ၂၇ ရက်နေ့ နံနက်အထိ ရန်သူ့ချီတက်မှုကို နှေးကွေး အောင် တိုက်ခိုက်ပေးနေ၏။

၂၅…
၂၆…
၂၇…

၂၇ ရက်နေ့ နံနက်အထိ ၂၅ ရက်နေ့ နံနက်မှ ရေတွက်လိုက်လျှင် ၂ ရက်တိတိ ကြာခဲ့ပြီဖြစ်၏။ ဤနှစ်ရက်အတွင်း ကျွန်တော်တို့၏ တပ်ဖွဲ့မှ တပ်များက သတ်မှတ်ထားသော အော်ချိအောက်ဘက်ရှိ လမ်းဆုံသို့ရောက်လာ သင့်ပြီဖြစ်၏။

ဤအချိန်တွင် အော်ချီ အောက်ဘက်လမ်းဆုံနှင့် ကိုက်တစ်ရာအကွာတွင် နေရာယူကာ ကြံ့ကြံ့ခံ၍ တိုက်နေသော စမစ်၏ တပ်စုသည် အလူးအလဲခံနေ ရ၏။ မိမိအင်အားထက် နှစ်ဆမျှ အင်အားကောင်းသော ရန်သူ့တိုက်ကင်းအဖွဲ့ က စမစ်၏ ခံကတုတ်ကျင်းတစ်နေရာကို ဖိ၍တိုက်နေသည်။

စမစ်သည် နှစ်နာရီတိုင်တိုင် ကြံ့ကြံ့ခံ၍နေပြီးနောက် အင်အားချင်းမမျှ တော့သဖြင့် တပ်ဆုတ်၍လာခဲ့ရ၏။ ဤသို့ဆုတ်လာရာတွင် တပ်စုတစ်ခုလုံး

အနက် ရဲဘော် ၅ ယောက်သာ ကျန်ရစ်ခဲ့သည်။

ဆုတ်လာသော စမစ်၏တပ်စုကို ရန်သူက ဝိုင်း၍တိုက်ခိုက်လာပြန်၏။ တဆုတ်တည်းဆုတ်နေရသော စမစ်သည် ကိုက်ငါးဆယ်ခန့်ကျယ်သော လွင်ကလေးတစ်ခုကို တွေ့လာရ၏။ ရန်သူကလည်း ဤလွင်ကလေးကို ဖြတ်၍ စမစ်၏တပ်စု ဆုတ်ခွာရမည်ကို သိနေသည့်အတိုင်း လွင်ကလေးရှိရာသာ သဲသဲမဲမဲ ပစ်ခတ်နေလေသည်။

စမစ်သည် သတ္တိနှင့် သတ္တိကို တဲခွန်ထုကာ လက်ထဲတွင်ရှိနေသော တော်မီဖြင့် လွင်ကလေးနံဘေးတစ်လျှောက်သို့ ပြေးချီဝပ်ချီလုပ်ရင်း ရန်သူကို ခေါင်းမဖော်နိုင်အောင် ပစ်ပေးနေ၏။ တပ်စုမှ ရဲဘော်များသည် လွင်ကလေးကိုဖြတ်၍ တပ်ဆုတ်လာနိုင်ခဲ့လေသည်။

ယခုအချိန်တွင် ဝက်စတန်၏ တပ်စုနှင့် စမစ်၏ တပ်စုမှာ ပူးပေါင်းမိပြီဖြစ်၏။ တစ်ကွဲတပြားစီ ကြံ့ကြံ့ခံရသည်ထက် ပို၍ အင်အားကောင်းလာသည်။

သို့သော် ရန်သူက အင်ကြီးအားကြီးနှင့်ဖိ၍ ဝက်စတန်နှင့် စမစ်တို့၏ တပ်စုနှစ်စုကို မျက်နှာချင်းဆိုင်၍ တိုက်ခိုက်ရန် စီစဉ်လာရုံသာမက တပ်ခွဲ တစ်ခွဲစာခန့်ရှိသော အင်အားကိုလည်း တပ်စုနှစ်စုနောက်မှနေ၍ ပန်းဝိုက် တိုက်ခိုက်ရန် ကြိုးစားလာလေသည်။

ရန်သူအား မျက်နှာချင်းဆိုင်၍တိုက်ရန် အင်အားနည်းပါးနေသည့်အလျောက် တပ်စုနှစ်သည် လမ်းဆုံမှနေ၍ အော်ချီရွာအတွင်းသို့ တဖြည်းဖြည်း ဆုတ်ခွာလာခဲ့ရလေသည်။

ဤသို့ဆုတ်ခွာရာ၌ တပ်စုတစ်စုက ရန်သူကို ဆီးဆို့ ဟန့်တား၍ ပစ်ခတ်နေစဉ် အခြားတပ်စုတစ်စုက အလှမ်းသင့်ရာ နောက်ဘက်သို့ ဆုတ်ပြီး နေရာယူလိုက်၏။ ထိုနေရာသို့ ပထမတပ်စု ရောက်လာသောအခါ ဒုတိယတပ်စုက နောက်သို့တစ်ဖန် ဆုတ်ခွာပြီး နေရာယူထားသည်။ ဤနည်းပရိယာယ်ကို သုံး၍ ပစ်ဆုတ်,ဆုတ်နေခြင်းအား ချီတက်လာမည့် ကျွန်တော်တို့၏ တပ်ဖွဲ့ကို အချိန်များစွာရအောင် လုပ်ပေးနိုင်ခဲ့လေသည်။

မတ်လ ၂၇ ရက်နေ့ ညနေတွင် ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၂)တပ်ရင်းသည် အော်ချီရွာထဲတွင် ခိုင်ခိုင်မာမာ တပ်ခွဲထားနိုင်ပြီး အမှတ်(၃)တပ်ရင်းက နပမ်ဂါးသို့ ရှေးရှုနေသောလမ်းကို အုပ်စီးထားနိုင်ခဲ့ ပေပြီ။

ဝက်စတာန်နှင့် စမစ်၏ တပ်စုနှစ်စုသည် တပ်ရင်းတစ်ရင်းစာရှိသော ဂျပန်တပ်များကို နှစ်ရက်တိုင်တိုင် ချိတက်မှုနှေးကွေးအောင် ဟန့်တားထားနိုင်ရုံမျှမက ရန်သူ့ဘက်မှ ၆၀ ကျော်ကျဆုံးအောင်လည်း တိုက်ခိုက်နိုင်ခဲ့၏။

အံ့သြစရာကောင်းသည်မှာ တပ်စုနှစ်စုဘက်မှ ရဲဘော်တစ်ယောက်မျှပင် ထိခိုက်ကျဆုံးခြင်း မရှိခြင်းပင်တည်း။

◆

( ၉ )

## ရန်သူ ၄၀၀ ကျသောတိုက်ပွဲ

**မတ်လ ၂၇ ရက်နေ့...**

ဤနေ့ နောက်ဘက်တွင်ကပ်လျက် အစဉ်တဆက်ရှိနေသော နေ့ရက်များသည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ ရဲမက်တော်များအတွက် ရင်ကို မြေကတုတ်လုပ်ခဲ့ရသော နေ့ရက်များတည်း။

တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်တော်တို့တပ်ဖွဲ့မှ ရဲမက်စစ်သည်တော်တို့သည် သေရာမှထ၍ တိုက်ပွဲဝင်ခဲ့ကြရသော နေ့ရက်များတည်း။

သီတင်းပတ်ပေါင်း ၇ ပတ်တိတိ တောများ တောင်များကိုဖြတ်လျက်၊ နွံတော ဖွက်တောကိုနင်းလျက်၊ မြစ်ချောင်းအင်းအိုင်များကိုကူးလျက် သဲသဲမဲမဲ ရွာနေသောမိုးကို အန်တုလျက်၊ ပူပြင်းခြောက်သွေ့ခြင်းကို စိန်ခေါ်လျက် ခြေသလုံးကို အိမ်တိုင်ပြုကာ ချီတက်လာခဲ့ရသော ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်ရဲဘက်များသည် ကျွန်တော်တို့ တစ်ခါတစ်ခါ၌ ရေပင် သောက်စရာ မရှိအောင် ဖြစ်ခဲ့ရပြီး မကြာခဏ ရိက္ခာပြတ်သည့်အန္တရာယ်နှင့် ရင်ဆိုင်ရကာ ငှက်ဖျားနှင့် ဝမ်းရောဂါများ အများဆုံးဖြစ်ပွားတတ်သည့် ကန္တာရခရီးများကိုသာ ဖြတ်သန်းလာခဲ့ရသောကြောင့် စစ်ပန်းလျက်ရှိနေကြပြီဖြစ်၏။

ရန်သူ့နယ်မြေထဲတွင် ရန်သူနှင့်သာ အဆက်မပြတ် မျက်နှာချင်းဆိုင်၍ နေရသောကြောင့်လည်း ရဲမက်တော်သားအားလုံးပင် အစဉ်အမြဲ သတိကို

လှုပ်ခဲ့၍နေခဲ့ကြရ၏။ သို့ဖြစ်သောကြောင့်လည်း သစ်ရွက်ကြွေသံ၊ သစ်ကိုင်းချိုး၊ ဖွတ်မှိုသံမှအစရှိ ကျွန်တော်တို့ကို အမြဲခြောက်လှန့်နေသကဲ့သို့ ဖြစ်နေ၏။

ရက်ကြာ၍လာသောအခါ စစ်ထွက်စက 'သတိ' ဟူ၍ ထားရှိခဲ့သော အမှတ်သညာမှာ ကျွန်တော်တို့အား အမြဲတစေ ခြောက်လှန့်၍နေသော တစ္ဆေသရဲကြီး ဖြစ်လာလေတော့၏။

စားရိက္ခာပြတ်လပ်မှုတွင်လည်း ကောင်း၊ အစာရေစာကို မှန်မှန်နှင့် ဝဝလင်လင် မစားရ၍ရသောကြောင့်လည်းကောင်း၊ ငှက်ဖျားရောဂါနှင့် ဝမ်းကိုက်ရောဂါများကြောင့်လည်းကောင်း၊ ရန်သူကို အမြဲသတိထားနေရသောကြောင့်လည်းကောင်း ရက်ကြာ၍လာသည်နှင့်အမျှ ရဲမက်တော်သားတို့၏ မျက်နှာမှာ အမှန်ပင် ကမယောင်ချောက်ချားဖြစ်၍လာကြရတော့၏။

ရဲဘော်များတို့ကြည့်လိုက်တိုင်း နားထင်အရိုးများ ချိုင့်ဝင်ကာ ပါးရိုးကြီးများ ငေါ်ထွက်လျက်ရှိပြီး မျက်လုံးများကလည်း ကျီးကန်းတောင်းမှောက် သကဲ့သို့ ပြူးကျယ်လျက်ရှိနေသည်ကို တွေ့ရှိမည်ဖြစ်၏။

ဝမ်းကိုက်ရောဂါနှင့် ငှက်ဖျားရောဂါကို ခံ့ထဲ့လျက် ခံနေရသောကြောင့်ဖြစ်စေ၊ ဝမ်းကိုက်ရောဂါတစ်ခုတည်းကိုသာ အစဉ်အမြဲခံ၍ ခံနေရသောကြောင့်ဖြစ်စေ၊ ရဲဘော်တိုင်း၏ မျက်နှာတွင် အသွေးအသားဟူ၍ မရှိတော့ဘဲ ဖက်ရွက်ရော်သကဲ့သို့ ဖြူရော်ဖျော့တော့ရှိနေကြသည်ကိုလည်း သတိထားမိမည်ဖြစ်၏။

မိမိခြေထောက်အောက်မှ သစ်ကိုင်းခြောက်ကလေးတစ်ခု ကျိုးသွားသည့်အသံပင်လျှင် ရဲဘော်တစ်ယောက်အား ခေါင်းနားပန်းကြီး၍သွားစေသည်အထိ ဖြစ်လာခဲ့၏။

အတိုချုံး၍ဆိုရလျှင် ရဲဘော်တိုင်း၏ အသွေးအသားထဲ၌ အကြောက်တရားက ဝင်၍ လှောင်မြိုက်နေသကဲ့သို့တည်း။

ရန်သူသိမ်းပိုက်ထားရာမှ ရန်သူက အချိန်မရွေး လာရောက်တိုက်ခိုက်နေသော စစ်နယ်မြေတွင် စစ်ကြောင်းချီကာ တိုက်ပွဲပေါင်းများစွာကို နေ့ည မပြတ် တရစပ်ဆင်နွှဲနေရသော ရဲဘော်တစ်ယောက်အဖို့ စစ်ပန်း၍သွားလာမည်မှာ အမှန်ပင်ဖြစ်၏။

စစ်ပန်း၍နေရာတွင်လည်း တစ်ကျော့တစ်ကျော့ စစ်ရှင်ရုံသာမက ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြစ်သော အချိန်ကာလနှင့်ကြုံရသော ရဲဘော်များအဖို့ အခိုက်အတန့်အားဖြင့် စစ်နားရန်သင့်လာပေပြီ။

သို့သော် နေ့စဉ်နှင့်အမျှ ပေါ်ပေါက်၍လာသော အခြေအနေများက ကျွန်တော်တို့ အမှတ် ၅၃၈၇ တပ်ဖွဲ့မှ ရဲဘော်များကို အနားမပေးနိုင်အောင် ရှိနေလေသည်။

အော်ရှိုရွာတွင် ခံကတုတ်များကို ပြန်လည်ပြင်ဆင်ကာ တိုက်ပွဲအတွက် အသင့်ပြင်နေခဲ့သော အမှတ်(၂)တပ်ရင်းဆိုလျှင် မတ်လ ၂၇ ရက်နေ့ ညနေမတိုင်မီအထိ မိုင်ပေါင်း ၇၀ မျှသော တောတောင်ကန္တာရခရီးကို ငါးရက်တိုင်တိုင် ချီတက်လာခဲ့ရပြီး ချောင်းကူး မြစ်ကူးပေါင်း တစ်ရာကျော်ကျော်ကိုလည်း ဖြတ်သန်းလာခဲ့ရသေးသည်။

ဤသို့ ပင်ပန်းကြီးစွာ ချီတက်လာခဲ့ရသည့်အတွင်း အဆက်မပြတ် တိုက်စစ် ပြုလာသော ရန်သူနှင့်လည်း အနီးကပ်တိုက်ပွဲများ ဆင်နွှဲခဲ့ရသေး၏။

အမှတ်(၂)တပ်ရင်းသည် အော်ရှိုရွာမှ ထွက်ခွာသွားသည့်အခါက မိုးရေကြောင့် ကြွက်စုတ်ကလေးများလို ရှိနေခဲ့၏။ အော်ရှိုသို့ ပြန်လည်ရောက်ရှိသည့်အခါ၌လည်း ဤအတိုင်း။

အမှတ်(၂)တပ်ရင်းသည် တရုတ်တပ်များ အုပ်စီးထားသည့် နယ်မြေ၏ အကာအကွယ်ကိုယူကာ အနားယူ၍နေခဲ့ရမည့်အစား ရန်သူ့နယ်မြေပေါ်သို့ ငါးရက်မျှ ချီတက်ပြီး ရောက်ရှိလာခဲ့ရပြန်သည်။

ဤအချိန်တွင် ရန်သူ့တပ်များက အနားကောင်းကောင်းယူကာ အစားကောင်းကောင်းစား၍ အားမွေးနေခဲ့၏။

မည်သို့ပင်ဖြစ်စေ...မတ်လ ၂၇ ရက်နေ့ ညက အော်ရှိုတွင် အမှတ်(၂) တပ်ရင်းသည် ရန်သူတို့၏ လာရောက်တိုက်ခိုက်ခြင်းကို မခံရဘဲ နေခဲ့ရခြင်းသည်ပင်လျှင် ထူးဆန်းသည့်အဖြစ်အပျက်တစ်ခု ဖြစ်နေလေသည်။

မတ်လ ၂၈ ရက်နေ့ နံနက် ၆ နာရီခွဲအချိန်တွင် အော်ရှိုရွာမှ ထွက်ခွာသွားသော အမှတ်(၂)တပ်ရင်းအား ထိုအချိန်အထိ ရန်သူက လိုက်လံတိုက်ခိုက်ခြင်း မရှိသေးသောကြောင့်လည်း ရဲဘော်ရဲဘက်များမှာ စိတ်အေးလက်အေး ရှိနေခဲ့ကြသည်။

သို့သော် အမှတ်(၂)တပ်ရင်းမှ ဌာနချုပ်အဖွဲ့သားများက အော်ရှိုရွာမှ နောက်ဆုံးထွက်ခွာရန် ပြင်ဆင်နေကြသည့် အချိန်တွင်ပင် ရန်သူက ရွာကို အဝေးပစ်အမြောက်ကြီးများဖြင့် စ၍ တိုက်ခိုက်လာတော့၏။

ပထမပစ်ခတ်လိုက်သော အမြောက်ကျည်ဆန်များက ဌာနချုပ်အဖွဲ့သား

နှင့် အလှမ်းကွာလာရာတွင် ကျရောက်ပေါက်ကွဲသော်လည်း ဆင့်၍ဆင့်၍ ပစ်ခတ်လိုက်သော ကျည်ဆန်များက ဌာနချုပ်အဖွဲ့သားများရှိနေသည့် နေရာကို တဖြည်းဖြည်း ပေါင်ခတ်၍လာပြီး အတန်ကြာသောအခါ အဖွဲ့သားများရှိရာ ခံကတုတ်ကျင်းများပေါ်သို့ တည့်တည့်ကြီးကျ၍လာတော့၏။

ရှေ့မှတပ်ရင်းက ချီတက်သွားပြီဖြစ်သောကြောင့် ဌာနချုပ်အဖွဲ့သားများသည် ကတုတ်ကျင်းရှိရာ ရွာထဲမှထွက်၍ ချီတက်ခဲ့ရသည်။

ရန်သူ့ဘက်မှ ပစ်ခတ်လိုက်သော အမြောက်ဆန်များသည် ချီတက်နေသော တပ်ရင်းစစ်ကြောင်းတစ်ခုလုံးကို ဝင်းခတ်သလို နှစ်ဖက်ညှပ်၍ ပစ်ခတ်လာရာမှ အတန်ကြာလျှင် စစ်ကြောင်းပေါ်သို့ တည့်တည့်မတ်မတ်ကြီး ကျလာတော့၏။

စစ်ကြောင်းအလယ်တွင် ချီတက်လိုက်ပါလာသော ရဲဘော်တစ်ယောက်မှာ အမြောက်ဆန် တိုက်ရိုက်ထိမှန်ခံရပြီး အရိုးအသား ရှာမတွေ့အောင် ဖြစ်သွားရလေသည်။

တပ်ရင်း၏အခြေအနေမှာ ဆိုး၍လာခဲ့တော့၏။

အော်ချိမှ နဂမ်ပါးသို့ ရှေးရှုနေသောလမ်းမှာ လေးမိုင်နှင့် လေးဖာလုံမျှသာ ကွာသော်လည်း ကြားထဲတွင် မတ်စောက်သော တောင်တစ်လုံးက ကန့်လန့်ဖြတ်၍ ခံနေလေသောကြောင့် စစ်ကြောင်းသည် တောင်ဘက်လမ်းအတိုင်းပင် ရန်သူ့ဘက်မှ ပစ်ခတ်သော အမြောက်ဒဏ်ကိုခံရင်း ချီတက်နေရလေသည်။

ရန်သူ့တပ်သားများကို စစ်ကြောင်းက တွေ့ရှိရခြင်းမရှိသော်လည်း ရန်သူ့အမြောက်ဆန်များက ချီနေသောစစ်ကြောင်းပေါ်သို့ တိုက်ရိုက်ကျရောက် ပေါက်ကွဲနေသောကြောင့် ရန်သူ့အမြောက်တပ်ဖွဲ့မှ ကျွန်တော်တို့စစ်ကြောင်း ချီတက်မှုကို တိတ်တဆိတ် လိုက်လံကြည့်ရှုရင်း အမြောက်တပ်ဖွဲ့ရှိရာသို့ ရေဒီယိုဖြင့် လှမ်းကာ နေရာအနေအထားကို သတင်းပေးပို့နေကြောင်းကား ထင်ရှားနေတော့၏။

လမ်းတစ်လျှောက်လုံးမှာ အတက်နှင့်အဆင်းချည်းသာ ရှိပြီး ပြန့်ပြူးသော မြေပြင်ဟူ၍ မရှိသည့်အလျောက် စစ်ကြောင်းသည် ရွှေ့လျားနေသော ထင်ရှားသည့် ပစ်မှတ်ကြီးတစ်ခုအဖြစ်သို့ ရောက်နေလေသည်။

တောင်ထွတ်နှင့် ဆက်သွယ်လျက်ရှိသော တောင်စဉ်တောင်တန်းများမှာ မြေနီတောင်များသာ ဖြစ်နေသောကြောင့် မိုးဖြိုင်ဖြိုင်ရွာ၍ချလိုက်သောအခါ

ရွှံ့စေးရွှံ့ဗွက်များ ဖြစ်လာသည်။

အမြောက်ဆန်များက မိုးသီးမိုးပေါက်ပမာ ကျရောက်ပေါက်ကွဲနေစဉ် ရွှံ့စေးနှင့် ရွှံ့ဗွက်များကို ရုန်း၍ ချီတက်နေရပြန်၏။

တဒိန်းဒိန်းမြည်နေသော အမြောက်သံများအကြားတွင် အမြောက်ဆန် ထိမှန်သဖြင့် ငယ်သံပါအောင် အော်ဟစ်ညည်းတွားလိုက်သော အသံများက လည်း ငရဲပွက်သကဲ့သို့ ရှိနေချေသည်။

ရဲဘော်များနှင့် ဝန်တင်တိရစ္ဆာန်များသည် ပြေးရင်း ရှောင်ရင်းနှင့်ပင် တဖိုင်းဖိုင်းလဲကျနေကြ၏။

ရန်သူ့အမြောက်ဒဏ်ထက်ပို၍ အခံရခက်သည့်အရာမှာ ရဲဘော်များ၏ စိတ်ဓာတ်ကျဆင်းခြင်းပင်တည်း။

သက်ဆိုင်ရာ တပ်မှူးအသီးသီးက မိမိတို့ရဲဘော်များအား အမြန်ချီတက် ရန် နှိုးဆော်နေသည့်တိုင်အောင် အားအင်ကုန်ခန်းလုမတတ် ဖြစ်နေသော ရဲဘော်များမှာ လမ်းဘေးတွင် ထိုင်ရင်း အမောဖြေနေကြ၏။ အချို့သော ရဲဘော်များက ကျောပိုးအိတ်များကို ပစ်ချပြီးနောက် တတ်နိုင်သမျှ မြန်မြန် ထက်ထက် ချီတက်ကြ၏။

ဒဏ်ရာရရှိသော ရဲဘော်များအတွက် ဝါးထမ်းစင်များကို ဖြစ်ကတတ်ဆန်း ပြုလုပ်ပြီး အလှည့်ကျ သယ်ယူကြရ၏။ မည်သို့ပင်ဖြစ်စေ ရဲဘော် အများစုမှာ ရင်ဆိုင်တွေ့နေရသော အခက်အခဲ အနှောင့်အယှက်ကို တတ်နိုင် သမျှ ကြံ့ကြံ့ခံ၍ ချီတက်ကြသည်ကို တွေ့ရလေ၏။

ဆေးမှူးနှင့် ဆေးတပ်သားများမှာလည်း စစ်ကြောင်းတစ်လျှောက်တွင် ရှေ့သို့ပြေးလိုက် နောက်သို့ပြေးလိုက် အလယ်သို့လာလိုက်ဖြင့် ဒဏ်ရာရရှိသော ရဲဘော်များကို တတ်နိုင်သမျှ သက်သာရာရအောင် ပြုစုပေးနေကြ၏။

နံနက် ၆ နာရီခွဲအချိန်တွင် အော်ချီရွာမှ ချီတက်လာခဲ့သော တပ်ရင်း စစ်ကြောင်းသည် ထိုနေ့နံနက် ၃ နာရီခွဲအချိန်တွင် နပမ်ဂါးသို့ ရောက်ရှိခဲ့ကြ၏။

ရန်သူက ယခုအချိန်တွင် တပ်ရင်းရောက်ရှိလာသော နဂမ်ဂါးကို အမြောက်ဖြင့် လှမ်း၍ထုလာပြန်၏။

သွေးပျက်လျက်ရှိသော ရဲဘော်အချို့သည် အမြောက်ပေါက်ကွဲသံကို ကြား တိုင်း လန့်၍လန့်၍ အော်နေကြလေသည်။

အားအင်ကုန်ခန်းလျက်ရှိသော ရဲဘော်များမှာ နပမ်ဂါးသို့ ရောက်ရှိသည့်

အခါ၌လည်း အပန်းဖြေရန် အချိန်မရကြ။ ရန်သူက နောက်မှကပ်၍ လိုက်ပါလာသည်ကို သိနေသည့်အတိုင်း ခံစစ်ပြုနိုင်ရန် ကတုတ်ကျင်းများ ပြင်ဆင်ရပြန်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် နေ့လယ် ၁၂ နာရီကျော်ကျော်ကလေးတွင် ရန်သူက တပ်ရင်းစစ်ကြောင်း နောက်ရံတပ်ကို နပမ်ဂါးနှင့် တစ်မိုင်မျှအကွာတွင် အမြောက်ဖြင့် တဒိန်းဒိန်းပစ်ခတ်ပြီးနောက် အင်အားကြီးမားသောတပ်ဖြင့် ဝင်၍စီးတော့သည်။

နောက်ရံတပ်သည် ခံဆုတ်,ဆုတ်ရင်း တဖြည်းဖြည်းလာခဲ့ကြရာ ထိုနေ့ညနေ ၄ နာရီအချိန်တွင်မှ နပမ်ဂါးသို့ ရောက်ရှိလာခဲ့ကြတော့၏။

ရန်သူသည် ကျွန်တော်တို့လက်ထဲသို့ ရောက်ရှိနေသော နပမ်ဂါးကို ခြေလျင်တပ်များဖြင့် စတင်တိုက်ခိုက်လာလေသည်။

နပမ်ဂါးသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၂၈၀၀ မြင့်ပြီး မြင်းကုန်းနီး သဏ္ဌာန်ရှိသော တောင်ပေါ်တွင် တည်ရှိနေ၏။ ဤတောင်ပေါ်တွင် ကိုက်လေးရာရှည်လျား၍ နယ်မြေအနေအထားအလိုက် ကိုက်တစ်ရာမှ နှစ်ဆယ့်ငါးကိုက်အထိ ကျယ်သော ခံကတုတ်ထဲမှနေ၍ ဗိုလ်မှူးကြီးမက်ဂီးနှင့် အမှတ်နှစ်တပ်ရင်းမှ ရဲဘော်များသည် အဆက်မပြတ် ဆင်နွှဲနေသော ဂျပန်တို့၏တိုက်စစ်ကို ဆယ့်တစ်ရက်တိုင်တိုင် ကြံ့ကြံ့ခံနေခဲ့ရ၏။

နပမ်ဂါးမှနေ၍ မြောက်ဘက်သို့တက်သွားသော လမ်းသည် ပြန့်ပြူးသောတနိုင်းမြစ်ဝှမ်းသို့ ရောက်ရှိဆက်သွယ်လျက်ရှိ၏။ ဤမြစ်ဝှမ်းတွင် ဗိုလ်မှူးကြီးဟန်တာနှင့် ၎င်း၏အမိန့်ပေးစခန်းနှင့် အမှတ် ၃ တပ်ရင်းက စခန်းချလျက်ရှိ၏။ စစ်မြေပုံပေါ်တွင် ဟမ်ဆင်ယန်ဟု ပြထားသော နေရာတည်း။

ဟန်ဆင်ယန်တွင် လေယာဉ်ပြေးလမ်းကြောင်း ရှိနေသောကြောင့် ကျွန်တော်တို့တပ်ဖွဲ့မှ တပ်ရင်းတစ်ခုခုက ဤရွာကို ဆက်လက်ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ မြောက်ဘက်ရှိ တရုတ်တပ်များအား ဝိုင်းဝန်းပိတ်ဆို့ရန် လုံးပန်းနေသော ဂျပန်တပ်များ မလာနိုင်အောင် တားဆီးထားနိုင်မည်ဖြစ်၏။

ဂျပန်တပ်များသည် နပမ်ဂါးကို တက်ရောက်အုပ်စီးမိသည့်တိုင်အောင် မြောက်ဘက်သို့ ချီတက်လာရာ၌ တောင်ကျောရိုးပေါ်မှလည်းကောင်း၊ ကျောရိုးတစ်ဖက်တစ်ချက်ရှိ မြစ်ဝှမ်းများမှသော်လည်းကောင်း ချီတက်လာရမည်ဖြစ်ရာ ထိုလမ်းသုံးလမ်းစလုံးကို ဟမ်ဆင်ယန်ရှိ ကျွန်တော်တို့တပ်က လေကြောင်း

အကူအညီဖြင့် တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်၏။

နပမ်ဂါးတွင် ရန်သူ၏ အင်ကြီးအားကြီးနှင့် တက်ရောက်တိုက်ခိုက်မှုကို ကြံ့ကြံ့ခံနေသော အမှတ်(၂)တပ်ရင်းနှင့် ဟမ်ဆင်ယမ်တွင် တပ်စွဲထားသော အမှတ်(၃)တပ်ရင်းတို့သည် နယ်မြေချင်းခရီးကွာနေလင့်ကစား ရှေ့ပြေးတိုက်ကင်း အဖွဲ့နှစ်ဖွဲ့ဖြင့် နေ့စဉ် အဆက်အသွယ်ပြုလုပ်လျက်ရှိ၏။

သို့သော် သုံးရက်မြောက်သည့်နေ့တွင်မူ ရန်သူက နပမ်ဂါးနှင့် ဟမ်ဆင်ယန်းအကြားရှိ တောလမ်းကို အဆက်အသွယ်လုပ်နေသော ကျွန်တော်တို့၏ တိုက်ကင်းအဖွဲ့နှစ်ဖွဲ့အား အင်နှင့်အားနှင့် တိုက်ထုတ်လိုက်သောကြောင့် ကျွန်တော်တို့ဘက်တွင် ရဲဘော်အချို့ ကျဆုံးပြီး ဆယ့်နှစ်ယောက် ဒဏ်ရာရရှိသွားကာ တောင်ပေါ်လမ်းကိုလည်း ရန်သူက အုပ်စီး၍သွားနိုင်ခဲ့တော့၏။

ဤသို့တိုက်ခိုက်လာသော ဂျပန်တပ်ဖွဲ့အချို့သည် အမှတ်(၂)တပ်ရင်း တပ်စွဲထားသော နပမ်ဂါးကို ပန်းဝိုက်၍ ချီတက်လာခဲ့ပြီးနောက် တနိုင်းမြစ်ဝှမ်းလမ်းမှတစ်ဆင့် ကျွန်တော်တို့၏ ဆက်သွယ်ရေးတိုက်ကင်းအဖွဲ့နှစ်ဖွဲ့ကို တိုက်ခိုက် နှင်ထုတ်လိုက်ခြင်းဖြစ်၏။

သို့ဖြစ်၍လည်း နပမ်ဂါးရှိ အမှတ်(၂)တပ်ရင်းသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ရှိနေသော ဟမ်ဆင်ယန်ရှိ အမှတ်(၃)တပ်ရင်းနှင့် လုံးဝဆောက်ဆံမှု ပြတ်၍သွားခဲ့ရလေသည်။

ဤသို့ အဆက်အသွယ်ပြတ်၍သွားသည့်နေ့တွင်ပင် ကျွန်တော်တို့တပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီးဖြစ်သူ မာရီးမှာ ယခင်ကပင် ရှိနေခဲ့သော နှလုံးရောဂါဒဏ်ကို အပြင်းအထန်ခံစားရပြီး မိမိ၏တာဝန်များကို ထမ်းဆောင်နိုင်ခြင်းမပြုနိုင်သည် အထိ အခြေအနေဆိုးဝါး၍လာခဲ့၏။

သို့ဖြစ်၍လည်း အမှတ်(၂)တပ်ရင်းနှင့် အမှတ်(၃)တပ်ရင်း အကြား အဆက်အသွယ် လုံးဝပြတ်တောက်သွားရုံမက အမှတ်(၂)တပ်ရင်းမှလည်း နောက်ဘက်မှနေ၍ ရန်သူများ၏ ခြိမ်းခြောက်မှုကို ခံနေရပြီဟူသောသတင်းကို ဗိုလ်ချုပ်ကြီးမာရီးအား သတင်းမပို့ခဲ့ ထိမ်ချန်၍ ထားခဲ့ရလေသည်။

ဗိုလ်ချုပ်ကြီးမာရီးသည် အိန္ဒိယသို့ ဆေးကုသွားရန် ငြင်းဆန်နေသော်လည်း အမှန်အားဖြင့်မူ မိမိ၏တာဝန် ဝတ္တရားများကို လုံးဝဆောင်ရွက်ခြင်း မပြုနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၏။ သို့ဖြစ်၍လည်း ဤအချိန်မှစ၍ ကျွန်တော်တို့တပ်ဖွဲ့၏ လုပ်စဉ်များကို လက်တွေ့အားဖြင့် လုပ်ကိုင်

နေရသူမှာ ဗိုလ်မှူးကြီးဟန်တာပင် ဖြစ်တော့သည်။

တစ်ဖက်နှင့်တစ်ဖက် ရက်ရက်စက်စက်ကြီး ချေမှုန်းသုတ်သင်ကြရသည့် ပထမရက်ပိုင်းတိုက်ပွဲများ ခဏအဖို့ ငြိမ်းသွားသည့်အချိန်တွင် ကျွန်တော်တို့ တပ်ဖွဲ့မှ ရဲဘော်များက ကုန်ဆုံးခဲ့သမျှအင်အားကို တတ်နိုင်သမျှ ပြန်လည်ဖြည့်တင်းပြီး အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်လိုက်၏။

အမှတ်(၃)တပ်ရင်းသည် နပမ်ဂါးမှ ဟမ်ဆင်ယမ်သို့ ရောက်ရှိနိုင်သော တောင်ကျောရိုးလမ်းကို အုပ်စီးထားရာမှ စွန့်ပစ်ထားခဲ့ရပြီးဖြစ်၏။ ယခုအချိန်တွင် ဤလမ်းကို ဂျပန်တပ်များက အုပ်စီးထားရုံမက အချို့သော ဂျပန်တပ်များက ဟမ်ဆင်ယန်ကို ပန်းဝိုက်၍ ချီတက်ကာ မြောက်ဘက်ရှိ တရုတ်များကို ဗိုင်းဝန်းပိတ်ဆို့ရန်ပင် အားထုတ်နေကြပြီဖြစ်၏။

ဤအချိန်တွင် နပမ်ဂါးတွင် ကြံ့ကြံ့ခံနေသော အမှတ်(၂)တပ်ရင်းသည် ရှိသမျှလူသူနှင့် လက်နက်ကို အသုံးပြု၍ သွေးချောင်းစီးတိုက်ပွဲကို ဆင်နွှဲနေရ၏။

ရန်သူဗိုလ်မှူးကြီး မက်ဂီး၏ အမှတ်(၂)တပ်ရင်းကို အဘက်ဘက်မှ လှည့်ကာ ထောင့်အမျိုးမျိုးမှနေ၍ တိုက်စစ်ဆင်နေပြီး အမြောက်နှင့် မော်တာအဖွဲ့များကလည်း ကိုက်လေးရာခန့်သာရှိသော ခံတပ်အတွင်းသို့ အားသွန်၍ ပစ်ခတ်တိုက်ခိုက်နေသည်။

ရန်သူသည် ရှာဒူဇွပ်၌ ကျွန်တော်တို့အား တိုက်ခိုက်ခဲ့၏။ ဟောင်ဝိစာနှင့် ၇၇ မီလီမီတာ တောင်ပေါ်ပစ်အမြောက်များကို အသုံးပြုကာ နပမ်ဂါးရှိ အမှတ်(၂)တပ်ရင်းကိုလည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်နေခြင်းဖြစ်၏။

ရန်သူသည် နပမ်ဂါးမှ ဟမ်ဆင်ယန်သို့ ရှေးရှုနေသော တောင်ကျော်လမ်းကို ဖြတ်တောက်ပြီးနောက် ချက်ချင်းဆိုသလိုပင် အမှတ်(၂)တပ်ရင်းက သောက်ရေအတွက် အရေးတကြီးထားနေရသော စမ်းရေပေါက်ကိုလည်း အုပ်စီး၍ထားလိုက်လေသည်။

စမ်းရေပေါက်မှာ တပ်ရင်းအတွက် အရေးကြီးသော သွေးကြောတစ်ခု ဖြစ်ခြင်းကို တပ်မှူးဖြစ်သူက နားလည်ထားပါ၏။

သို့ရာတွင် စမ်းရေပေါက်ရှိနေသည့်နေရာမှာ ခံတပ်အဝန်းအဝိုင်းနှင့် လက်လှမ်းကွာနေသည့်အလျောက် စမ်းရေပေါက်ရာသို့ ရောက်အောင်လည်း ကာကွယ်မှု ပေးနိုင်လောက်အောင် လူအင်အားမရှိလေသောကြောင့် တပ်မှူးဖြစ်သူသည် ကိုက်လေးရာရှည်၍ နယ်မြေအနေအထားအလိုက် ကိုက်တစ်ရာမှ နှစ်ဆယ့်ငါး

ကိုက်အထိ ကျယ်သော ခံတပ်၏လုံခြုံရေးကိုသာ လုံးပမ်းနေခဲ့ရ၏။

သို့ဖြစ်၍လည်း လက်လှမ်းကွာနေသော စမ်းရေပေါက်ကို ရန်သူ့တပ်များက အုပ်စီး၍သွားနိုင်ခဲ့ခြင်းဖြစ်၏။ ရဲဘော်များသည် မိမိတို့၏ ခံတပ်အတွင်းတွင် ရွှံ့ဖွက်ထားသည့်နေရာ၌ တွင်းများတူးကာ စမ်းရေပေါက်မှ စီးကျလာမည့်ရေများကို ခံယူကြရ၏။

သို့ရာတွင် စမ်းရေပေါက်မှရေများက ခံတပ်အတွင်းသို့ တူးထားသော မြောင်းအတိုင်း စီးဝင်လာခြင်းမရှိသောကြောင့် ရွှံ့ဖွက်ထဲတွင် တူးထားသော တွင်းမှ နောက်ကျိကျိရေကိုပင် ဝေငှ၍ သောက်သုံးကြရ၏။

သို့တိုင်အောင် ရေက ပုပ်စော်နံလျက်ရှိပြီး ရဲဘော်တစ်ယောက်လျှင် တစ်နေ့အတွက် မတ်ခွက်တစ်ဝက်စီသာ သောက်သုံးခွင့်ရကြ၏။

ရေ၏ အနံ့အသက်မှာ အလွန်တရာ ဆိုးဆိုးဝါးဝါးနိုင်လှသည့်အလျောက် အလွန်အမင်း ရေငတ်နေသော ရဲဘော်ပင် ရေကို အနိုင်အနိုင် မျို၍ချနေရလေသည်။

ရွှံ့ဖွက်အိုင်အတွင်းတွင် အရေးပေါ်တူးထားသော ရေတွင်းနှင့် ရေတွင်း၏ အထက်ဘက် ၂၅ မေအကွာတွင် မြင်းသေကောင်နှင့် လားသေကောင်ပုပ်များ ရှိနေသောကြောင့်လည်း ရေကို သောက်၍မရခြင်းဖြစ်၏။

ရန်သူဘက်မှ ပစ်ခတ်နေသော အမြောက်များ၊ စစ်သေနတ်များ၊ မော်တာများကြောင့် ရက်အနည်းငယ်အတွင်းတွင်ပင် ခံတပ်အတွင်းရှိ ဝန်တင်တိရစ္ဆာန်များအနက် ၇၅ ကောင်မှာ သေဆုံးခဲ့ရပြီး ဤအတိုင်း ပစ်၍ထားခဲ့ရသောကြောင့် ပုပ်ပွလျက်ရှိနေ၏။

နောက်ထပ်၍ ၁၁၂ ကောင်အထိ သေဆုံးလာသောအခါ ခံတပ်တွင်းတွင် မခံမရပ်နိုင်အောင် ဖြစ်လာခဲ့ရသည်။

ခံတပ်ပတ်ပတ်လည်တွင် ပြန့်ကျဲ၍ ကျဆုံးကျန်ရစ်ခဲ့သော ဂျပန်အလောင်းကောင်များကလည်း တိုက်ပွဲမပြီးမီပင် ၂၀၀ ခန့်အထိ ရှိနေခဲ့၏။

ဤအလောင်းကောင်များကို ရန်သူကလည်း လာရောက်ယူငင်ခြင်းမပြုနိုင်။ အမှတ်(၂)တပ်ရင်းကလည်း မြေမြှုပ်၍မဖြစ်နိုင်သောကြောင့် အနံ့အသက်များမှာ ပို၍ မခံမရပ်နိုင်အောင် ဖြစ်လာခဲ့ရလေသည်။

ကျဆုံးသွားသော တပ်သားများကို ရန်သူဘက်မှ လာရောက်ယူသည့် အချိန်၌ တပ်ရင်းမှ ရဲဘော်များက စိန်ပြေနပြေ ပစ်ခတ်နေသလို၊ ခံတပ်အတွင်း

ပြန့်ကျဲနေသော မြင်းနှင့် လားများကိုလည်း တပ်ရင်းမှရဲဘော်များက မြုပ်နှံရန် ကျင်းတူးနေသည့်အခါတိုင်း ရန်သူ့ လက်ဖြောင့်တပ်သားများ ပုန်း၍ လျှိုး၍ စိန်ပြေနပြေ ပစ်တတ်နေသောကြောင့် အနံ့အစော်မှာ ပို၍ဆိုးဝါးလာခဲ့ခြင်း ဖြစ်လေသည်။

ပေနှစ်ထောင့်ရှစ်ရာမြင့်သော မြင်းကုန်းနီးသဏ္ဌာန်ရှိသည့် တောင်ထိပ်ပေါ်တွင် အမှတ်(၂)တပ်ရင်းနှင့် ရန်သူတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် အနီးကပ်တိုက်ပွဲ ဆင်လျက်ရှိကြရာ သူ့လူကိုယ့်လူဟု ရှုတ်တရက်ခွဲ၍ မရနိုင်လောက်အောင်ပင် တိုက်ပွဲအခြေအနေက ရှုပ်ထွေးလာခဲ့၏။

တစ်ခုသောညတွင် ရွှံ့ဖွက်များဖြင့် စုတ်ပြတ်သတ်နေသော ဂျပန်စစ်သားတစ်ယောက်သည် အမှတ်(၂)တပ်ရင်း တပ်စွဲထားသော အဝန်းအဝိုင်းထဲသို့ ပါးစပ်မှလည်း တလှုပ်လှုပ်တရွရွပြောဆိုရင်း ဝင်ရောက်လာခဲ့၏။ အခြေအနေကိုကြည့်ရခြင်းအားဖြင့် ဂျပန်စစ်သားသည် သူ၏ပစ်ကျင်းကို လိုက်၍ရှာနေဟန်တူ၏။

ဥပမာဆိုရသော် အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ပြည့်နှက်နေသော ဟော်တယ်ကြီးတစ်ခုသို့ ရောက်ရှိလာသော ဧည့်သည်တစ်ဦးသည် စကြံတစ်လျှောက်ကို လျှောက်ရင်း ရေချိုးခန်း မည်သည့်နေရာတွင်ရှိသည်ကို လျှောက်၍ ရှာနေသကဲ့သို့တည်း။

ထိုနေရာတွင် တာဝန်ယူထားရသော ကျွန်တော်တို့ဘက်မှ ရဲဘော် တစ်ယောက်သည် မိမိအား ဥပါယ်တံမျဉ်ဖြင့် လာရောက်တိုက်ခိုက်ရန် ဝင်လာသော ရန်သူဟု အထင်ရှိပြီး ထိုဂျပန်စစ်သားအား ခေါင်းကိုတည့်တည့်ချိန်ကာ ပစ်သတ်လိုက်လေသည်။

ဤသာဓကကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ဘက်မှ ကင်းထောက်ရာမှ ပြန်လာသော စစ်ဗိုလ်ကလေးတစ်ယောက်အား သူ၏တပ်စုမှ ရဲဘော်တစ်ယောက်က ရန်သူဟု အထင်မှားကာ ပစ်သတ်လိုက်ခြင်းမှာ ဖြစ်နိုင်စရာကောင်းသော တကယ့်လက်တွေ့ အဖြစ်အပျက်တစ်ခုပင် ဖြစ်လေသည်။

အမှတ်(၂)တပ်ရင်းသည် အင်ကန်ဂတန်သို့ ချီတက်ခဲ့စဉ်ကလည်းကောင်း၊ အင်ကန်ဂတန်မှ နောက်ကြောင်းပြန်၍ လာခဲ့စဉ်ကလည်းကောင်း၊ ရဲဘော်များအား ကြွက်စုတ်ကလေးများလိုဖြစ်အောင် သဲသဲမဲမဲရှာခဲ့သောမိုးသည် ရန်သူက တစ်ခုတည်းသော အားထားရာ စမ်းရေပေါက်ကို အုပ်စီးသွားသည့်အချိန်၌

မလိုတမာပြုကာ မာန်ခုန်၍ ရပ်နေခဲ့၏။

ရွာပြန်တော့လည်း ဆင်ရာတိမ်မိုးမျိုးသာ ရွာလာခဲ့၏။ ဆင်ခြေရာတိမ် လောက်ရုံသာ ရွာသောမိုးတည်း။

ဆင်ရာတိမ်မိုးကြောင့် စောစောက ရွံ့ဗွက်များအတွင်းတွင် တူးထားသော ရေတွင်းများ၌ ရေများ အနည်းငယ်ထပ်၍ပိုလာ၏။ သို့သော် သည်ပုတ်ထဲသို့ ရောက်လာသော သည့်ပဲများဖြစ်နေသောကြောင့် နောက်ထပ်၍ တိုးလာသော ရေများမှာလည်း နံစော်သော ရွံ့ရေများသာ ဖြစ်နေချေသည်။

ခြေကျိုးလက်ကျိုးသော ရဲဘော်များအတွက် ပလာစတာကိုင်ရာတွင် ရေကို သင့်လျော်သလို အသုံးပြုရ၏။ မည်မျှ ရေရှားပါး၍လာသနည်းဆိုလျှင် ဆေးမှူး များသည် လူနာရဲဘော်များမှာ ပလာစတာကိုင်ရာ၌ ပလာစတာကို ရေစွတ်၍ပင် မပေးနိုင်တော့ဘဲ အခြောက်သက်သက် ကိုင်ပေးနေရတော့၏။

ရေပြဿနာမှာ အထူးပင် အရေးကြီး၍လာခဲ့သည့်အလျောက် အမှတ်(၂) တပ်ရင်းမှ တပ်မှူးကြီးဖြစ်သူ မက်ဂီးသည် အိန္ဒိယရှိ ဌာနချုပ်သို့ ရေများကို လေထီးဖြင့်ချပေးရန် အရေးတကြီး သတင်းပို့နေရလေသည်။

အိန္ဒိယရှိ ဌာနချုပ်က ရေဂါလံ(၅၀၀)ကို ထူထဲသော ပလတ်စတစ်အိတ် ကြီးများဖြင့်ထည့်ကာ လေကြောင်းဖြင့် သယ်ယူလာပြီး လေထီးများဖြင့် ချပေးရ လေသည်။

ဤအချိန်တွင် ဒဏ်ရာအပြင်းအထန်ရရှိသူ နှစ်ဆယ့်ငါးယောက် ရှိနေသော ကြောင့် ပထမဆုံးရရှိသော ရေအိတ်ကို အရေးပေါ်သူနာပြုစခန်းသို့ ပေးပို့လိုက် ပြီး ဒဏ်ရာရရှိနေသော ရဲဘော်အားလုံးကို ရေအဝသောက်စေ၏။

အစကပင် တိုက်ပွဲပြင်းထန်မည်ကို သိရှိသည့်အလျောက် ဒဏ်ရာရရှိသော ရဲဘော်များအား ပြုစုကုသပေးနိုင်ရန် လုံခြုံသော မြေအောက်ကျင်းကြီးများကို တူး၍ထားခဲ့၏။

ရန်သူ၏ အင်ကြီးအားကြီးနှင့် တိုက်ခိုက်မှုကို ခံနေရသော အမှတ်(၂) တပ်ရင်းသည် ရေနှင့် ရိက္ခာအချို့ကို ကောက်ယူရရှိနိုင်ခဲ့သောကြောင့် ရဲဘော် များ၏ စိတ်ဓာတ်မှာ ကျဆင်းနေရာမှ အတော်အသင့် ကောင်းမွန်လာခဲ့၏။

သို့သော် လေယာဉ်မှ ရေနှင့် ရိက္ခာများချပေးနေစဉ် ရာသီဥတုအခြေအနေ ဆိုးရွားလာသောကြောင့်တစ်ကြောင်း၊ ရိက္ခာချပေးရသည့် နယ်မြေအနေအထား ကျဉ်းမြောင်းမှုကြောင့်တစ်ကြောင်း၊ ရန်သူက ရရာလက်နက်ဖြင့် အောက်မှနေ၍

အနှောင့်အယှက်ပေးနေသောကြောင့်တစ်ကြောင်း ရေနှင့် ရိက္ခာအများအပြားမှာ ကောက်ယူ၍မရနိုင်ဘဲ ပျောက်ဆုံးပျက်စီးသွားရသည်။

ရာသီဥတုကောင်းမွန်သည့် အချိန်များ၌ တိုက်လေယာဉ်နှင့် ဗုံးကျဲ လေယာဉ်များက ရန်သူ့စခန်းများကို စက်သေနတ်နှင့်ပစ်၊ ဗုံးကြဲတိုက်ခိုက်ပေးနေ၏။

ဤကဲ့သို့သော အခါများတွင် ရဲဘော်များ၏ စိတ်ဓာတ်က တက်ကြွလာလေသည်။

ဂျပန်များ ရှာဒူဇွပ်မှ ပြေးကုန်ပြီဟူသောသတင်းကို ဧပြီလ ၁ ရက်နေ့တွင် တပ်ဖွဲ့၏ တပ်မှူးကြီးအဖြစ် ဆောင်ရွက်နေသော ဗိုလ်မှူးကြီးဟန်တာထံမှ သတင်းရရှိခဲ့၏။

ရှာဒူဇွပ်တိုက်ပွဲတွင် ရန်သူဘက်မှ ကျဆုံးသူပေါင်းမှာ များပြားလှရာ မရေမတွက်နိုင်လောက်အောင်ပင် ရှိခဲ့သည်ဟု သတင်းကဆို၏။ ဤသတင်းပေါ်တွင် အခြေတည်လျက် တရုတ်တပ်များအား ဘေးမှပန်းပိုက်၍ ဝိုင်းဝန်းပိတ်ဆို့ရန် ကြိုးစားနေသော ဂျပန်တပ်များနှင့် နပမ်ဂါးကို အင်ကြီးအားကြီးနှင့် ဖိ၍ထားသော ရန်သူ့တပ်များသည် နောက်ဘက်တွင် အရေးကြီးနေသည့် အလျောက် စစ်မျက်နှာနောက်ပိုင်းသို့ ထွက်ခွာသွားကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြ၏။

သို့ရာတွင် မျှော်လင့်ထားသည့်အတိုင်းကား ဖြစ်လာခြင်းမရှိ။

ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များအတွက် စိတ်ပျက်စရာနှင့် အားတက်စရာ သတင်းနှစ်ခုကလည်း ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်လာခဲ့ပြန်သည်။

စိတ်ပျက်စရာသတင်းမှာ ကျွန်တော်တို့တပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီးဖြစ်သူ မာရီးသည် ရောဂါအခြေအနေ ဆိုးလာသောကြောင့် အိန္ဒိယသို့ ဆေးကုရန် ထွက်ခွာသွားပြီဟူသော သတင်းဖြစ်ပြီး အားတက်စရာသတင်းမှာ လီဒိုလေယာဉ်ကွင်းသို့ ရောက်ရှိလာသော ဗိုလ်ချုပ်ကြီးမာရီးက ဟောင်ဝီဇာအမြောက်ကြီး နှစ်လက်အား အမှတ်(၃)တပ်ရင်းရှိရာ ဟမ်ဆင်ယန်စခန်းသို့အရောက် လေထီးဖြင့် ချပေးပါဟု အမိန့်ပေးသွားသည့်အတိုင်း အမြောက်ကြီးနှစ်လက် ရောက်ရှိလာခြင်းပင် ဖြစ်သည်။

အမြောက်ကြီးနှစ်လက်ကို လေးပိုင်းခွဲကာ လေထီးများဖြင့် ချပေးနေပုံကို နပမ်ဂါးရှိ ရဲဘော်များက တွေ့မြင်နေကြရ၏။

ထိုနေ့ကား ဧပြီလ (၂)ရက်နေ့ပင်တည်း။

နံနက်ဘက်တွင် လေထီးဖြင့်ချပေးလိုက်သော အမြောက်နှစ်လက် ဟမ်ဆင်ယန်စခန်းသို့ ရောက်ရှိလာပြီးနောက် ထိုနေ့နံနက် (၁၁)နာရီခွဲအချိန်တွင် အမြောက်တစ်လက်က နပမ်ဂါးရှိ အမှတ်(၂)တပ်ရင်းကို ဝိုင်းရံတိုက်ခိုက်နေသော ရန်သူ့စခန်းများကို အမြောက်ဖြင့် စတင်တိုက်ခိုက်လာသည်ကို တွေ့ကြရ၏။

ရဲဘော်များ၏ စိတ်ဓာတ်သည် ပို၍ တက်ကြွလာလေသည်။

ဟမ်ဆင်ယန်မှ အမြောက်ကြီးနှစ်လက်ဖြင့် ဆက်တိုက်ဖြိုခွင်းနေခြင်း ကြောင့် မိမိတို့အား တဖိတည်းဖိ၍တိုက်နေသော ရန်သူ့တပ်များ ဖရိုဖရဲနှင့် ပြိုကွဲသွားကြမည်ဟူ၍ အမှတ်(၂)တပ်ရင်းမှ ရဲဘော်များက အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့ကြ၏။

ရန်သူဘက်မှ အဝေးပစ်အမြောက်ကြီးများကိုသုံး၍ ပစ်ခတ်တိုက်ခိုက်နေခြင်းကို မိမိတို့က ကြံ့ကြံ့ခံ၍ ခုခံတိုက်ခိုက်နေနိုင်သေးလျှင် မိမိတို့ဘက်မှ ယောင်ဝီဇာအမြောက်ကြီးနှစ်လက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကိုလည်း ရန်သူတို့က ကြံ့ကြံ့ခံနေမည်သာ။

ဤအချိန်တွင် ရန်သူ့တပ်မသုံးခုက အိန္ဒိယပြည်၏ အရှေ့မြောက်ဘက် တံခါးဝနှစ်ခုဖြစ်သော အင်ဖာနှင့် ကိုဟီးမားကို အလုံးအရင်းနှင့် ထိုးစစ်ဆင်လျက် ရှိနေပြီဖြစ်ရာ နပမ်ဂါးရှိ ကျွန်တော်တို့၏ အမှတ်(၂)တပ်ရင်းသည် ထိုထိုးစစ်ကြီး၏ဒဏ်ကို ရှောင်ပြန်ဟပ်ကာ အလူးအလဲခံနေရခြင်းပင် ဖြစ်လေသည်။

တိုက်ပွဲက ရက်ကြာ၍လာသည်။ ကြာ၍လာသည်နှင့်အမျှ ဒဏ်ရာရရှိသူများ၊ ကျဆုံးသူများလည်း ပို၍များလာ၏။

ဟမ်ဆင်ယန်တွင် တပ်စွဲလျက်ရှိသော အမှတ်(၃)တပ်ရင်းက နပမ်ဂါးနှင့် ဟမ်ဆင်ယန်အကြားရှိ တောင်ရိုးတောလမ်းကို ပြန်၍အုပ်စိုးနိုင်အောင် ကြိုးစားခဲ့ပါ၏။ သို့သော် တစ်ဝက်တစ်ပျက်သာ အောင်မြင်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ နပမ်ဂါးတွင် ကြံ့ကြံ့ခံနေသော အမှတ်နှစ်တပ်ရင်းသည် အင်အားကြီးမားလှသော ရန်သူကို ရာဇဝင်ပြောင်မြောက်အောင် ခုခံနေနိုင်ခဲ့၏။

ဤသို့ခုခံရာ၌ အမေရိကန် ဂျပန် ကပြားဖြစ်သူ တပ်ကြပ်ကြီး ရွိုင်း မတ်ဆူမိုတို၏ ကျေးဇူးသတ္တိကို ထည့်သွင်းဖော်ပြရမည်သာဖြစ်၏။

ရွိုင်းသည် ဂျပန်တို့၏ အမှတ်(၁၈)တပ်မှ စကားပြောကြေးနန်းများကို ဝါလေဘွမ်တွင် ဖြတ်တောက်နားထောင်ကာ ကျွန်တော်တို့၏ တပ်ဖွဲ့အတွက်

သတင်းစုဆောင်းပေးခဲ့သူတည်း။

ရန်သူ့ဘက်မှ ထိုးစစ်တစ်ရပ် ဆင်နွှဲရန် ပြင်ဆင်ကြိုးပမ်းလာသည်ကို အသံဖလံအားဖြင့် သိရသည်နှင့်တစ်ပြိုင်နက် တပ်ကြပ်ကြီးရှိုင်းသည် အခြား အမေရိကန်–ဂျပန်တပ်သားတစ်ဦးကိုခေါ်ကာ ရန်သူ့စခန်းနှင့် ကပ်နေသော နေရပ်များအထိ ရန်သူဘက်မှ ပြောဆိုကြသော အမိန့်ပေးကြသည့်စကားများ ကို နားထောင်နေပြီးနောက် အမှတ်(၂)တပ်ရင်းမှ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး မက်ဂီးထံသို့ လက်ငင်းဖြစ်ပေါ်နေသော အခြေအနေကို သတင်းပို့ပေးတတ် သည်။

သို့ဖြစ်၍လည်း ရန်သူ့တပ်များက ခံတပ်၏ မည်သည့်အစိတ်အပိုင်းကို မည်သည့်နေရာမှနေ၍ တိုက်ခိုက်ရန် စီစဉ်နေကြောင်း ချက်ချင်းသိလာရပြီး ထိုနေရာသို့ စစ်ကူများကို အရောက်ပို့ပေးထားနိုင်ခဲ့၏။

အတိုချုံး၍ပြောရလျှင် အမှတ်(၂)တပ်ရင်းဘက်၌ လူအင်အားမှာ ရန်သူ့ အင်အားနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် နည်းပါးနေသော်လည်း ရန်သူက ခံတပ်၏ မည်သည့်နေရာကို တိုက်ခိုက်မည်ဟု ကြိုတင်သိရှိနေသောအခါ ထိုစစ်မျက်နှာရှိရာသို့ အခြားနေရာမှ ရဲဘော်များကို ချက်ချင်းပေးပို့ကာ တာဝန် ထမ်းဆောင်စေခြင်းအားဖြင့် အမှတ်(၂)တပ်ရင်း၏အခြေအနေမှာ ရန်သူ ထိုး၍ မပေါက်နိုင်သောသံမျိုးကဲ့သို့ တည်ရှိနေရခြင်းဖြစ်လေသည်။

နေ့တစ်နေ့၏ အရုဏ်တက်လာသည့် အချိန်တိုင်း ဂျပန်တို့သည် ဘန်ဇိုင်း ဟူသော စစ်ကြေညာသံကို ကြွေးကြော်၍ ခံတပ်၏ စစ်မျက်နှာတစ်နေရာရာ ကို တက်ရောက်တိုက်ခိုက်သည်သာဖြစ်၏။

ရန်သူတို့သည် လက်ပစ်ဗုံးများကို ကျွန်တော်တို့ဘက်မှ ပစ်ကျင်းများရှိရာ သို့ ပစ်သွင်းရင်း တက်လာကြသည်သာဖြစ်၏။

ရန်သူ၏ အလေ့အကျင့်ကို နှောကြေနေသော ဗိုလ်မှူးကြီးမက်ဂီးသည် တောင်ခုလတ်ရှိ ပစ်ကျင်းများမှ ရဲဘော်များကို တောင်ထိပ်ပေါ်သို့ တက်၍ နေရာယူထားစေပြီး တောင်ခုလတ်ရှိ ပစ်ကျင်းများတွင် ခလုတ်ဗုံးများ၊ မြေမြှုပ်ဗုံး များ ထောင်၍ထားခဲ့စေ၏။

လင်းအရုဏ်တိုက်ပွဲ ဆင်နွှဲလာသော ဂျပန်တို့သည် တောင်ခြေရင်းရှိ တောထဲမှနေ၍ အပြေးတက်လာကြသည်။

ခါတိုင်းစုခံမှုတွေ့နေကျ တောင်ခုလတ်သို့ ရောက်ခါနီးတွင် ကျွန်တော်တို့

ဘက်မှ ပစ်ကျင်းများရှိရာသို့ လက်ပစ်ဗုံးများကို ရှေးဦးစွာ ပစ်သွင်းပြီးနောက် လှံစွပ်များဖြင့် တက်၍ထိုးကြ၏။

တောင်ခုလတ်တွင် ခုခံမှုဟူ၍ လုံးဝမတွေ့ရသောအခါ ဂျပန်များသည် အံ့သြ၍သွားကြ၏။

သို့ရာတွင် ကြာရှည်စွာ အံ့သြနေခြင်းကား မဟုတ်။ ရှေ့မှ ဓားလွတ်ကို ကိုင်ကာ တက်...တက်ဟု အမိန့်ပေးနေသော တပ်စုမှူးများ၏ အမိန့်အတိုင်း တောင်ထိပ်ရှိရာသို့ အားကုန်ပြေး၍ တက်လာကြလေသည်။

ဗိုလ်မှူးမက်ဂီးသည် ထိုစစ်မျက်နှာရှိ ရဲဘော်များအား ရန်သူက (၁၅)ကိုက်အထိ တက်လာအောင် မပစ်ဘဲနေရန် အမိန့်ပေးလိုက်၏။

ရန်သူများ (၁၅)ကိုက်အတွင်းသို့ ရောက်လာသည့်အချိန်တွင် ဗိုလ်မှူးမက်ဂီးက ထိုစစ်မျက်နှာရှိ ရဲဘော်(၄၀)တို့အား ရှိသမျှလက်နက်မျိုးစုံကို တစ်ပြိုင်နက်တည်း ပစ်ခတ်ရန် အမိန့်ပေးလိုက်လေသည်။

ရှေ့ဆုံးမှချီတက်လာသော ရန်သူ့တပ်သားများသည် တောင်ထိပ် ကတုတ်ကျင်းများနှင့် နီးကပ်၍လာသည်နှင့် တစ်ပြိုင်နက် အတုံးအရုံး ကျဆုံး၍သွားကြ၏။

ရှေ့တန်းမှ ထိုးိုက်သွားသူများကို အကူအညီပေး၍ တိုက်ခိုက်ရာ ဒုတိယအသုတ် ချီတက်လာကြသော ရန်သူများက ရှေ့မှတက်သွားသော မိမိတို့ရဲဘော်များကဲ့သို့ ကျဆုံးခြင်းမခံကြရလေအောင် နီးစပ်ရာ ပစ်ကျင်းများအတွင်းသို့ ပြေးဝင်၍ နေရာယူလိုက်ကြ၏။

ဤတွင် စောစောက ထောင်၍ထားခဲ့သော ဗလုတ်ဗုံးနှင့် မြေမြှုပ်ဗုံးများက ဒုတိယအသုတ်လာသော ရန်သူ၏ဇီဝိန်ကို ချွေမှန်းလိုက်ပြန်သည်။

လင်းအရုဏ်တိုက်ပွဲပြီး၍ ရန်သူ့အလောင်းများကို ရေတွက်ကြည့်ရှုလိုက်သောအခါ (၅၄)လောင်းတိတိ တွေ့ရှိရလေသည်။

ဤအလောင်းများထဲတွင် ဓားကိုကိုင်၍ ရှေ့မှတက်လာသော ရန်သူအရာရှိ ၂ ဦး၏ အလောင်းနှစ်လောင်းလည်း ပါဝင်ခဲ့လေသည်။

နပမ်ဂါးတွင်ရင်ဆိုင်ခဲ့ရသော တိုက်ပွဲများအကြောင်းကို ပြန်လှန်၍ တွေးမိသည့်အခါတိုင်း ကျွန်တော်သည် ဂျပန်–အမေရိကန် ကပြားစစ်သားများအတွက် ရင်ထုမနာဖြစ်နေခဲ့၏။

ဂျပန်–အမေရိကန် ကပြားစစ်သားများသည် ကျွန်တော်တို့ဘက်မှ တိုက်၍

နေရသော် အမေရိကန်တွင်လည်းကောင်း၊ ဂျပန်ပြည်တွင်လည်းကောင်း သူတို့၏ ဆွေမျိုးရင်းချာနှင့် မိတ်သင်္ဂဟများ ရှိနေလေသည်။

အမေရိကန်တွင် ဂျပန်များကိုသော်လည်းကောင်း၊ အမေရိကန် ဂျပန်ကပြားများကိုသော်လည်းကောင်း စစ်ရေးစစ်ရာနှင့်ပတ်သက်၍ မယုံကြည်ရဟု ဆိုကာ သီးသန့်ထောင်များတွင် အကျယ်ချုပ်ထားရှိခဲ့၏။

မိမိတို့ဆွေမျိုးသားချင်းနှင့် မိတ်သင်္ဂဟများက အကျယ်ချုပ်စခန်းတွင် လည်းကောင်း၊ ဂျပန်ပြည်တွင်လည်းကောင်း ရှိနေပါလျက် မိမိတို့က သွေးရင်းသားရင်း၊ အမျိုးမကင်းသည့် ဂျပန်တပ်များနှင့် ရင်ဆိုင်တိုက်နေရလေသောအခါ ထိုကပြားစစ်သားများ၏ စိတ်အစဉ်တွင် မည်ကဲ့သို့ခံစားနေရမည်ကို ကျွန်တော် များစွာကိုယ်ချင်းစာနာမိလေသည်။

ရန်သူတို့၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ ဟမ်ဆင်ယန်ရှိ ဗိုလ်မှူးကြီးဟန်တာ၏ ဌာနချုပ်က နောက်ထပ်သတင်းများ ရရှိလာပြန်သည်။

အင်အားကောင်းလှသော ဂျပန်တပ်များသည် တနိုင်းမြစ်အတိုင်း မြောက်ဘက်သို့ ချီတက်လျက်ရှိနေပြီဟူသော သတင်းပင် ဖြစ်၏။

မြောက်ဘက်သို့ချီတက်နေသော တပ်များအနက် အချို့တပ်များက တပ်မှူးကြီးဟန်တာနှင့် အမှတ်(၃)တပ်ရင်းရှိရာ ဟမ်ဆင်ယန်စခန်းကို ဝန်းဝိုက်ပိတ်ဆို့တိုက်ခိုက်လာခဲ့လျှင် ဗိုလ်မှူးကြီးဟန်တာအဖို့ သေရေးရှင်ရေးတမျှ အခြေအနေဆိုးလာတော့မည်ဖြစ်၏။

ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းက ဟမ်ဆင်ယန်သို့ ချီတက် စစ်ကူပေးရမည်ဖြစ်၏။ သို့ရာတွင် ဆက်သွယ်မှု အခက်အခဲဖြင့် အမြန်ချီတက်လာပါဟူသော သတင်းကို ဧပြီလ (၃)ရက်နေ့မှ ရရှိခဲ့လေသည်။

ကျွန်တော်တို့သည် မြောက်ဘက် မိုင်(၅၀)ခန့်အကွာတွင်ရှိနေသော အမှတ်(၃၈)တရုတ်တပ်ရင်းမှ တပ်ရင်းတစ်ခုထံ ဟမ်ဆင်ယန်သို့ ချက်ချင်းစစ်ကူသွားပါရန် မေတ္တာရပ်ခံခဲ့၏။ သို့ရာတွင် ထိုတပ်ရင်းမှာလည်း တောင်ဘက်သို့ချီတက်ရာမှ သက်ဆိုင်ရာတပ်မဌာနချုပ်က အမိန့်ပေးထားပြီး ဖြစ်နေလေသည်။

စစ်ကူများ အချိန်နောက်ကျမှ ရောက်လာမည်ကို သိရှိလာသော တပ်မှူးကြီး ဟန်တာသည် ဧပြီလ(၃)ရက်နေ့တွင် တပ်မှူးအားလုံးကို ခေါ်ယူလိုက်ပြီး အခြေအနေကို ရှင်းပြလိုက်၏။

ရန်သူ့တပ်များက ဟမ်ဆင်ယန်ရှိ မိမိတို့တပ်များကို တက်ရောက် မိုင်း

ဝန်းတော့မည်ဖြစ်ရာ ထိုကဲ့သို့ ဝိုင်းဝန်းပိတ်ဆို့မှုကို ခံနေမှုအစား ဧပြီလ(၄)ရက်နေ့ နံနက်တွင် နပမ်ဂါးရှိ ရန်သူ့တပ်များကို တက်ရောက်တိုက်ခိုက်ရန်၊ ဤသို့တိုက်ခိုက်ရာတွင် နှစ်ရက်၊သုံးရက်ခန့် အချိန်ယူရမည်ဖြစ်သော်လည်း နပမ်ဂါးရွာတွင်းသို့ အရောက် ချီတက်ရန်၊ တိုက်ကင်းလွှတ်ထားသောအဖွဲ့များကို ပြန်လည်ခေါ်ယူပြီး ထိုအဖွဲ့များနေရာတွင် ကချင်ပြောက်ကျားတပ်ဖွဲ့မှ ရဲဘော်များကို အစားထိုးရန်၊ ဟမ်ဆင်ယန်တွင် နာမကျန်းသူများနှင့် မြင်းထိန်းသမားများကိုသာ အစောင့်အနေထားခဲ့ရန်၊ အမှတ်(၃)တပ်ရင်းသည် နပမ်ဂါးရှိ ရန်သူ့တပ်များနှင့် ကိုက်လေးရာအကွာထိ ချီတက်သွားပြီးနောက် တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က တောင်ရိုးလမ်းအတိုင်း နပမ်ဂါးသို့ ချီတက်စဉ် ကျန်တိုက်ခိုက်ရေးအဖွဲ့များက တောင်ကျောရိုးပေါ်မှဆင်းကာ ရန်သူကို တောင်ပံများမှနေ၍ တိုက်ခိုက်ရန်၊ ဟောင်ဝီစာအမြောက်နှစ်လက်ကို ရန်သူ၏ဘန်ကာနှင့် ခံကတုတ်များကို အနီးမှကပ်၍ ပစ်နိုင်သည့်နေရာအထိ သယ်ယူသွားရန် စသည်ဖြင့် တပ်မှူးကြီးဟန်တာက ရှင်းလင်းပြောပြသည်။

"ရန်သူကို ပရိယာယ်မျိုးစုံသုံးပြီး တိုက်ခိုက်ရမယ်၊ လေကြောင်းမှကနေပြီး အမှတ်(၂)တပ်ရင်းကိုပေးတဲ့ သတင်းတစ်ခုကို ရန်သူ့နယ်မြေထဲရောက်အောင် တမင်တကာ ပရိယာယ်ဆင်ပြီး လုပ်ပေးရမယ်။ နက်ဖြန်(၄)ရက်နေ့ ညနေ(၅)နာရီအချိန်မှာ လေထီးလက်နက်ကိုင် တပ်ရင်းတစ်ရင်းကို အော်ချိရွာတစ်ဝိုက်မှာ ချပေးမယ်ဆိုတဲ့သတင်းပဲ။ ဒီသတင်းကိုရတဲ့ရန်သူတွေဟာ ကျုပ်တို့ဘက်က လေထီးတပ်ရင်းပါ ပါဝင်ပြီး နောက်ကနေ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်တော့မယ်လို့ ယုံကြည်လာရမယ်"

တပ်မှူးကြီးဟန်တာ၏ အစီအစဉ်အတိုင်း တိုက်ခိုက်ရေးအစီအစဉ်များမှာ ဧပြီလ (၄)ရက်နေ့၊ နံနက်အချိန်မှစ၍ တစ်ခုပြီးတစ်ခု အဆင်ပြေလာခဲ့၏။

တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များက ဟမ်ဆင်ယန်မှ နပမ်ဂါးသို့ ချီတက်ရာ လမ်းတစ်လျှောက်ရှိ ရန်သူ့စခန်းများကို အမှတ်(၃)တပ်ရင်း၏ ရှေ့ဘက်က ကိုက်(၁၅၀)အကွာမှနေ၍ တိုက်ခိုက်ပေးနေသည်။

လေတပ်မှ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များက ရန်သူ့စခန်းများကို တိုက်လိုက်၊ အမှတ်သုံးတပ်ရင်းက တက်၍သိမ်းလိုက်သဖြင့် ချီတက်လာခဲ့ခြင်းဖြစ်၏။

ညနေ(၄)နာရီအချိန်တွင် အမှတ်(၃)တပ်ရင်းသည် နပမ်ဂါးကို အင်ကြီး

အားကြီးဖြင့် တိုက်ခိုက်နေသော ရန်သူ့တပ်များအား ထိုးဖောက်တိုက်ခိုက်ရေး စစ်ကို ဆင်နွှဲလာလေသည်။

အမှတ်(၃)တပ်ရင်း၏ မီးကုန်ယမ်းကုန် တိုက်ခိုက်ပုံကိုကြည့်ကာ နပမ်ဂါး ရှိ အမှတ်(၂)တပ်ရင်းမှ ရဲဘော်များက စိတ်အားတက်ကြွလာကြသည်။

သို့ရာတွင် ဧပြီလ (၄)ရက်နေ့တိုက်ပွဲမှာ ကျွန်တော်တို့တပ်ဖွဲ့သားများ အတွက် အထိနာသောတိုက်ပွဲသာ ဖြစ်လေသည်။

တိုက်ပွဲသည် ညအထိရှည်လျားရှ်လာခဲ့၏။

ဤမှုမက ဧပြီလ (၅)ရက်၊ (၆)ရက်၊ (၇)ရက်နေ့အထိ ရေရှည်တိုက်ပွဲ ကြီး ဖြစ်လာခဲ့သည်။

လေထီးတပ်များဆင်းကာ နောက်မှနေ၍ ညှပ်ပူးညှပ်ပိတ်တိုက်မည်ဟု ပရိယာယ်ဆင်ခဲ့သည့်တိုင် ရန်သူများက ဆုတ်ခွာသွားခြင်းမရှိ။

ဝါးတောများကိုဖြတ်ကာ အတင်းတက် အတင်းတိုက်နေခဲ့သော အမှတ် (၃)တပ်ရင်းမှ ရဲဘော်များအဖို့ ငရဲပြည်ကိုဖြတ်၍ ချီတက်တိုက်ခိုက်ရသည်နှင့် တူနေလေသည်။

ဒဏ်ရာရရှိသွားသော ရဲဘော်များ၊ ယခုပင် မိမိတို့နှင့် ဘေးချင်းယှဉ်၍ တိုက်နေရာမှ မျက်စိတစ်မှိတ်အတွင်း လူသေကောင်အဖြစ်သို့ ပြောင်းလဲသွားရ သော မိတ်ဆွေများကိုကြည့်ရင်း အသက်ရှင်လျက်ရှိသော ရဲဘော်များသည် နပမ်ဂါးကို ဝိုင်းရံလျက်ရှိသော ရန်သူ့တပ်များကို ထိုးဖောက်နိုင်ရန် အသက်ကို အသက်မမှတ်ဘဲ ကြိုးစားကြ၏။

မိမိ၏အမိတိုင်းပြည်က စစ်မြေပြင်အဖြစ်သို့ ရောက်နေလေသောအခါ မိမိ၏ အမိနိုင်ငံအား ရန်သူက ကျူးကျော်တိုက်ခိုက်လာလေသောအခါ မိမိ၏ လူမျိုးအား ရန်သူက နှိပ်စက်ညှဉ်းပန်းနေသည်ကို တွေ့မြင်နေရလေသောအခါ မိမိ၏အသက်ကို အမိနိုင်ငံအတွက်၊ မိမိလူမျိုးအတွက် စွန့်လွှတ်ရန် ဝန်လေးကြ မည်မဟုတ်။

သို့ရာတွင် မိမိတိုင်းပြည်မှ ဝေးလံသော တစ်ပါးသူ၏မြေပေါ်တွင် မိမိ နိုင်ငံအတွက်ဟုဆိုကာ တိုက်ခိုက်နေရသောအခါ၌ အသက်ကိုစွန့်လွှတ်ရမည်မှာ နှမြောနမိ ဖြစ်နေရတတ်၏။

နပမ်ဂါးဆိုသောရွာကို ကျွန်တော်တို့ရဲဘော်များအနက် ရောက်ဖူးသူ မဆို ထားနှင့် အမည်ကိုပင် ကြားဖူးသူမရှိ။

သို့ပါလျက် မိမိတို့အသက်ကိုစွန့်၍ တိုက်ခိုက်ရမည်ရှိသောအခါ အရှည်ကို မမြော်မမြင်တတ်သော ရဲဘော်များက စိတ်ပျက်လက်ပျက် ဖြစ်လာတတ်ကြ၏။

ကျွန်တော်တို့တပ်ထဲမှ အချို့သောတပ်သားငယ်များသည် ရန်သူကို မျက်နှာချင်းဆိုင်၍မတိုက်ဘဲ မိမိပစ်ကျင်းထဲ၌ ထိုင်၍သာ ငေးငိုင်နေကြသောကြောင့် ရန်သူက ထိုရဲဘော်များ၏ နောက်ကျောကို လှံစွပ်ဖြင့်ထိုး၍ သတ်သွားခဲ့သည်ဟူသော တီးတိုးသတင်းများကို ကြားခဲ့ရ၏။

ဤကဲ့သို့သော သတင်းများသည် မဟုတ်မမှန်ပါစေနှင့်ဟူ၍သာ ဆုတောင်းရတော့၏။

ကျွန်တော်တို့ဘက်တွင် ဤကဲ့သို့သော အဖြစ်အပျက်မျိုး ရှိမည်မဟုတ်ဟု ယူဆရသော်လည်း ရန်သူဘက်တွင် အလားတူအဖြစ်အပျက်မျိုး ရှိခဲ့ကြောင်းကို ကျွန်တော်တို့ဘက်မှ တပ်မှူးတစ်ဦးဖြစ်သူ ဝက်စတန်ကိုယ်တွေ့ ရှိခဲ့ရလေသည်။

နပမ်ဂါးတွင် ပြင်းထန်သောတိုက်ပွဲကြီးများ ပေါ်ပေါက်နေစဉ် ဝက်စတန်ဦးစီးသော တပ်စုမှာလည်း အမှတ်(၃)တပ်ရင်း၏ ရှေ့ပြေးချီတပ်စုအဖြစ် ချီတက်ခဲ့ရ၏။

တပ်မှူးဝက်စတန်သည် ရှေ့မှပြေး၍ ချီတက်သွားစဉ် ပစ်ကျင်းတစ်ခုပေါ်မှ ဖုံးထားသော သဲအိတ်တစ်ခုကို မသက်ာဖွယ်ရာ တွေ့ရှိရလေသည်။ ထိုသဲအိတ်ကို လက်ဖြင့်ဖယ်ရှားလိုက်သောအခါတွင်ကား ပစ်ကျင်းအထဲတွင် ပုနေအောင် ပုန်းနေသော ဂျပန်စစ်သားကလေးနှစ်ယောက်ကို တွေ့ရလေသည်။

တိုက်ပွဲက အညှာအတာမရှိဘဲ တိုက်ခိုက်နေရသည့်အချိန်ဖြစ်၍ ဝက်စတန်သည် မိမိကိုယ်တိုင် မည်ကဲ့သို့လုပ်လိုက်သည်ဟူ၍ မသိနိုင်မီပင် ပစ်ကျင်းထဲ၌ ယုန်ကလေးနှစ်ကောင်လို ကြောက်လန့်တုန်လှုပ်နေသော ဂျပန်စစ်သားနှစ်ဦးအား လက်ထဲတွင် အသင့်ပါလာသော ကာဘိုင်ဖြင့် ပစ်သတ်လိုက်မိပြီးသား ဖြစ်နေလေတော့သည်။

ရန်သူသည် ကျွန်တော်တို့ဘက်မှ လေကြောင်းနှင့် အမြောက်တပ်က တိုက်ခိုက်နေစဉ် ရောက်ရှိနေသော နေရာများမှနေ၍ ဆုတ်ကာ လုံခြုံသည့် သစ်တောထဲသို့ ဝင်၍နေပြီး ကျွန်တော်တို့ဘက်မှ ခြေလျင်တပ်များ တက်လာသည့် အချိန်ကျမှ ပထမနေရာသို့ ပြန်လာကာ လာရောက်တိုက်ခိုက်သည့် နည်းဗျူဟာကို ကျင့်သုံးလျက်ရှိနေ၏။

အမှတ်(၃)တပ်ရင်းက နပမ်ဂါးကို ထိုးဖောက်တက်ရောက်လိုသည်ဟု ဆိုလျှင် ဂျပန်တို့၏ နည်းဗျူဟာကို ပို၍ကောင်းသော စစ်ဆင်မှုဖြင့် ထိုးဖောက်ရမည်သာဖြစ်၏။

ဧပြီလ (၆)ရက်နေ့ နံနက်တွင် အမှတ်(၃)တပ်ရင်းသည် နည်းပရိယာယ်တစ်ခုကို ကျင့်သုံးခဲ့၏။

ကျွန်တော်တို့ဘက်မှ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များ၊ ဟောင်ဝီဇာ အမြောက်များက ရန်သူ့စခန်းများပေါ်သို့ အဘက်ညီညီ ပစ်ခတ်တိုက်ခတ်နေစဉ် ကျွန်တော်တို့၏ ခြေလျင်တပ်များက ဂျပန်များ ယာယီစွန့်ခွာ၍သွားခဲ့သော ပစ်ကျင်းများ၊ ကတုတ်ကျင်းများနှင့် မလှမ်းမကမ်းသို့ ရောက်သည်အထိ တက်၍ နေရာယူထားကြ၏။

လေကြောင်းနှင့် အမြောက်ဖြင့်တိုက်ခိုက်မှုများကို ရပ်တန့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့၏ ခြေလျင်တပ်များက ရန်သူထက်ဦးအောင် ပြေး၍တက်ပြီး ယာယီစွန့်ခွာ၍သွားခဲ့သော ပစ်ကျင်းများ၊ ကတုတ်ကျင်းများတွင် နေရာယူလိုက်ကြ၏။

ဟောင်းလောင်းဖြစ်နေသော ပစ်ကျင်းများ၊ ကတုတ်ကျင်းများရှိရာသို့ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင်ပြေး၍တက်ကြပုံမှာ ကြည့်၍ကောင်းလှသည်နှင့်အမျှ အသည်းထိတ်ရင်ဖိုစရာလည်း ကောင်းလှချေသည်။

ဤပြိုင်ပွဲတွင် အမှတ်(၃)တပ်ရင်းမှ ရဲဘော်များက အနိုင်ရရှိခဲ့၏။ ဤနေ့တိုက်ပွဲတွင် ကျွန်တော်တို့ဘက်မှ ရန်သူ့နယ်မြေကို ကိုက်သုံးလေးရာခန့်အထိ တက်၍ သိမ်းနိုင်ခဲ့လေသည်။

အမှတ်(၃)တပ်ရင်းက ဤသို့အနိုင်ရရှိခဲ့သည့်တိုင် နပမ်ဂါးတောင်ထိပ်မြင်းကုန်းနှီးပေါ်တွင် ကြံ့ကြံ့ခံနေရသော အမှတ်(၂)တပ်ရင်းမှ ရဲဘော်များကား ပြုံးနိုင်ရွှင်နိုင်ခြင်း မရှိ။ အဘယ်ကြောင့်ဆိုသော် ဧပြီလ (၆ )ရက်နေ့အထိ ရဲဘော်(၁၇)ယောက် ကျဆုံးကာ ရဲဘော်တစ်ရာခန့်မှာ ဒဏ်ရာရရှိနေပြီး ရဲဘော်လေးယောက်က ပျောက်ဆုံးနေသောကြောင့်ပင်တည်း။

တပ်စခန်းအတွင်းမှာ မြင်းသေကောင်များနှင့် လူသေကောင်များ၏ အနံ့မှာ အဆိုးတကာ့အဆိုးဆုံးဖြစ်လာ၏။ သို့သော် ဤမျှဆိုးဝါးသောအနံ့ကို ပယ်ဖျောက်ပစ်၍လည်း ရနိုင်စွမ်းမရှိ။ (၆)ရက်နေ့တွင် လေကြောင်းဖြင့် ရေများလာရောက်ချပေးသည် မှန်သော်လည်း ရန်သူဘက်မှ ပစ်ခတ်နေသော လက်

နက်များ၏ အန္တရာယ်ဖြင့် သယ်ယူပို့ဆောင်ရေးယာဉ်များက ရိက္ခာများကို အကုန်အစင် ချမပေးနိုင်ခဲ့။

သူနာပြုစခန်းတွင်ရှိနေသော ဆေးတပ်မှ အကူရဲဘော် (၂၈)ဦးအနက် (၄)ဦးမှာ ဒဏ်ရာရသွားခဲ့သောကြောင့်လည်း လူနာများကို ပြုစုရာတွင် အလျင်မမီနိုင်အောင် ဖြစ်နေလေသည်။

မည်သို့ပင်ဖြစ်စေ ထူထူထောင်ထောင်လုပ်နိုင်သော ရဲဘော်တိုင်းပင် သူနာပြု စခန်းမှနေ၍ မိမိတို့ကတုတ်ကျင်းများရှိရာသို့ ပြန်လာကာ ရန်သူကို တိုက်ခိုက်ကြ၏။

ဧပြီလ (၇)ရက်နေ့၊ နံနက်သို့ရောက်လာသည့်အချိန်အထိ နပမ်ဂါးစခန်းကို ထိုးဖောက်ရန် ချီတက်လာခဲ့သော အမှတ်(၃)တပ်ရင်းသည် တောင်တက်လမ်းအတိုင်း ရှေ့သို့တက်ရန် ကိုက်ငါးရာအထိ လိုနေသေးသည်။

ထိုနေ့က တက်ရောက်သိမ်းပိုက်နိုင်ခဲ့သော ကိုက်အနည်းငယ်ခန့်မှာလည်း လက်တစ်ကမ်းတိုက်ပွဲများ၊ သွေးချောင်းစီးတိုက်ပွဲများကို ရက်ရက်စက်စက်ဆင်နွှဲပြီးမှ ရရှိခဲ့သော ကိုက်အနည်းငယ်သာဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ဧပြီလ (၇)ရက်နေ့ ညနေမှာ ရန်သူ၏ ဝိုင်းဝန်းထားခြင်းကို ခံနေရသော အမှတ်(၂)တပ်ရင်းနှင့် ဝိုင်းဝန်းထားသော ရန်သူကို ထိုးဖောက် ချီတက်နိုင်ရန် အပြင်မှတိုက်ခိုက်နေသောအမှတ်(၃)တပ်ရင်းအဖို့ မေ့ပျောက်၍ မရစကောင်းသော နေ့ကြီးဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းက ဧပြီလ (၇)ရက်နေ့ ညနေ(၅)နာရီအချိန်တွင် စစ်ကူပေးရန်ရောက်ရှိလာခဲ့သောကြောင့်ပင်တည်း။

အမှတ်(၂) နှင့် (၃)တပ်ရင်းများက စစ်ကူမရလျှင်မဖြစ်တော့ပြီဟူသော သတင်းကို ပေးပို့လိုက်သောကြောင့် ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းသည် ဧပြီလ (၅)ရက်နေ့၊ နေ့လယ်ဘက်တွင် လေကြောင်းဖြင့် လာရောက်ချပေးမည့် ရိက္ခာများကိုပင် စောင့်ဆိုင်းမနေတော့ဘဲ အပြင်းချီတက်ခဲ့ရပြန်၏။

ဧပြီလ (၇)ရက်နေ့တွင်လည်း နေ့လယ်ဘက်တွင် အမှတ်(၃)တပ်ရင်းရှိရာသို့ အရောက် ဆက်၍ချီတက်ရပြန်သည်။

တစ်ယောက်နောက်မှ တစ်ယောက် တန်းစီ၍ ချီတက်လာသော ကျွန်တော်တို့တပ်ရင်းမှ ရဲဘော်ရှစ်ရာမှာ အမှတ်(၃)တပ်ရင်းမှ ရဲဘော်များအတွက် စိတ်

တက်ကြွစရာ လူတန်းကြီးဖြစ်နေတော့၏။

ကျွန်တော်တို့ အမှတ်(၁)တပ်ရင်းမှ တပ်မှူးသည် ရဲဘော်အချို့အား လေယာဉ်ပြေးလမ်းကြောင်းရှိ ဟမ်ဆင်ယန်တွင် အစောင့်အနေချထားလိုက်ပြီး နောက် တိုက်ခိုက်ရေးတပ်မှ တောင့်တောင့်တင်းတင်းရှိနေသူ လူ၂၅၀ ကိုသာ ရွေးထုတ်၍ နပမ်ဂါးသို့ စစ်ကူအဖြစ် ပို့လိုက်၏။

အမှတ်(၁)တပ်ရင်းမှ တိုက်ခိုက်ရေးရဲဘော် ၂၅၀ သည် အမှတ်(၃)တပ်ရင်းမှ ရဲဘော်များနှင့်အတူ ဝိုင်းဝန်းထားသော ရန်သူများကို ငါးကြိမ်တိုင်တိုင် တက်၍ တိုက်ခိုက်ခဲ့၏။

နပမ်ဂါးတောင်ထိပ်က မတ်စောက်လှသောကြောင့်တစ်ကြောင်း၊ ဝါးပင်များက ထူထပ်၍နေသောကြောင့်တစ်ကြောင်း ငါးကြိမ်တိုင်အောင် တိုက်ခိုက်ရတွင်ပင် ရဲဘော် အယောက်(၂၀) ကျဆုံးဒဏ်ရာရပြီး ကိုက်အနည်းငယ်မျှသာ သိမ်းယူနိုင်ခဲ့၏။

နောက်တစ်နေ့ နေ့လယ်အချိန်တွင် အမှတ်(၃)တပ်ရင်းမှ တပ်ဦးချီ၍သွားသော တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့သည် နပမ်ဂါးရှိ အမှတ်(၂)တပ်ရင်း ခံတပ်အတွင်းသို့ ရောက်ရှိသွားနိုင်ခဲ့လေသည်။ နပမ်ဂါးတောင်ထိပ်စခန်းတွင် ဒဏ်ရာရရှိနေသူများကို ဟမ်ဆင်ယန်သို့ ထမ်းစင်များဖြင့် သယ်ယူကြရပြီး အမှတ်(၁)တပ်ရင်းမှ တိုက်ခိုက်ရေးတပ်အချို့က အမှတ်(၂) တပ်ရင်းထံမှ တာဝန်လွှဲပြောင်း၍ ယူလိုက်ကြ၏။ နပမ်ဂါးနှင့် ဟမ်ဆင်ယန်ရှိ တပ်ရင်းဌာနချုပ်နှစ်ခုကိုလည်း တယ်လီဖုန်း ဆက်သွယ်ပေးနိုင်ခဲ့လေသည်။

တိုက်ပွဲစတင်သည့်အချိန်က နပမ်ဂါးတောင်ထိပ်သို့ရောက်ရန် မိုင်ဝက်ခန့်အလိုတွင် ဝါးတောများရှိနေခဲ့၏။ တိုက်ပွဲပြီးသည့်အချိန်တွင် မိုင်ဝက်ခန့်ကျယ်သော ဝါးတောကြီးမှာ ပြောင်းဖူးခင်းရိုးများလို ငုတ်တိုလေးမျှသာ ကျန်ရှိတော့သည်ကို တွေ့ကြရလေသည်။

တောင်ထိပ်နှင့် တောင်စောင်းတစ်ဝိုက်တွင် ပြန့်ကျဲ၍ သေဆုံးနေသော ဂျပန်အလောင်းကောင်များမှာ ကောင်းကင်မှပစ်ချလိုက်သော အလောင်းများနှင့်တူနေတော့သည်။

ရန်သူသည် နပမ်ဂါးတောင်ထိပ်ပေါ်တွင် ကြံ့ကြံ့ခံနေသော ကျွန်တော်တို့ တပ်ဖွဲ့မှ အမှတ်(၂)တပ်ရင်းအား တစ်ယောက်မှမကျန်အောင် ချေမှုန်းမည်ဟု သန္နိဋ္ဌာန်ချထားခဲ့၏။

သန္နိဋ္ဌာန်ချထားခဲ့သည့်အတိုင်းလည်း အင်ကြီးအားကြီးနှင့် ရက်ရှည်စွဲ၍ သဲသဲမဲမဲတိုက်ခိုက်ခဲ့၏။

သို့သော် မည်မျှလောက်ပင် အလူးအလဲခံနေရသည့်တိုင်အောင် တောင်ထိပ်ပေါ်မှနေ၍ ကြံ့ကြံ့ခံ နေနိုင်ခဲ့သော အမှတ်(၂)တပ်ရင်းမှ ရဲဘော်များ၏ စွဲနှင့်သူရသတ္တိဖြင့်လည်းကောင်း၊ အမှတ်(၃)တပ်ရင်းက မဆုတ်မနစ်ဘဲ ထိုးဖောက်ရန် ကြိုးစားခဲ့သောကြောင့်လည်းကောင်း၊ ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းက ဧပြီလ (၇)ရက်နေ့ ညနေဘက်တွင် စစ်ကူရောက်လာသောကြောင့် လည်းကောင်း၊ အိန္ဒိယရှိ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်က ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ပေးပို့ခဲ့ရုံမက လေတပ်အကူအညီကိုပါ ပေးပို့ခဲ့သောကြောင့် လည်းကောင်း သဲသဲမဲမဲ ကျားခဲသကဲ့သို့ တိုက်ခိုက်ခဲ့သော ရန်သူသည် ဆုတ်ခွာသွားခဲ့ရခြင်း ဖြစ်လေသည်။

ကျွန်တော်တို့၏ အမှတ် ၁၃၀၇ တပ်ဖွဲ့က အင်ကန်ဂတန်မှ ဟမ်ဆင်ယန်အထိ တိုက်ခိုက်ခဲ့ရာတွင် ရဲဘော်(၅၀) ကျဆုံးပြီး ရဲဘော် ၃၁၄ ယောက် ဒဏ်ရာရရှိခဲ့၏။

ရန်သူတို့ဘက်မှာမူ နပမ်ဂါးတစ်ခုတည်းတွင်ပင် လူပေါင်းလေးရာ ကျဆုံးခဲ့ကြောင်း ကျန်ရှိနေခဲ့သော အလောင်းများကို ရေတွက်ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ သိရ၏။

ဤလေးရာတွင် ဂျပန်များကိုယ်တိုင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သော ရန်သူ့စာရင်းများ ပါရှိခြင်းမရှိခဲ့သေးချေ။

နပမ်ဂါးတိုက်ပွဲပြီးနောက် ကျွန်တော်တို့တပ်ဖွဲ့သည် လေယာဉ်ကွင်းရှိရာ ဟမ်ဆင်ယန်နှင့် အချက်အချာကျသော နပမ်ဂါးတောင်ထိပ်စခန်းတွင် အပန်းဖြေ၍ ပျော်ပျော်ပါးပါးနေခဲ့ကြရ၏။

ကျွန်တော်တို့တပ်ဖွဲ့နေရာတွင် တရုတ်တပ်မတစ်ခုက သုံးလေးလအဖို့ တာဝန်ယူ၍နေမည်ဟူ၍လည်း မျှော်မှန်းခဲ့ကြ၏။

သို့သော် မျှော်လင့်သည့်အတိုင်းကား ဖြစ်မလာခဲ့။

ကျွန်တော်တို့တပ်ဖွဲ့သည် အာရှ အရှေ့တောင်ပိုင်းတွင် စစ်ဆင်ရေးအရ အရေးကြီးသော မြန်မာပြည်မြောက်ပိုင်းမှ မြစ်ကြီးနားတိုက်ပွဲတွင် ဆက်လက်ဆင်နွှဲရဦးမည်ဟု သတင်းပြေး၍လာပြန်လေသည်။

◆

## ( ၁၀ )

### "နောက်ဆုံးဝိတ်" စစ်ဆင်ရေး

မြန်မာပြည် စစ်မြေပြင်တွင် ဝင်ရိုးတန်းနိုင်ငံဖြစ်သော ဖက်ဆစ်ဂျပန်က တစ်ဖက် မဟာမိတ်နိုင်ငံများဖြစ်သော အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ အာဖရိက၊ အိန္ဒိယ စသောနိုင်ငံများကတစ်ဖက်၊ အနိုင်လုရှ် တိုက်ခိုက်ကြသည့်စစ်ပွဲ၌ ၁၉၄၄ ခုနှစ် အခြေအနေမှာ ဤသို့ရှိနေ၏။

ဂျပန်တို့က အိန္ဒိယပြည်၏ အရှေ့မြောက်တံခါးဝဖြစ်သော အာသံနှင့် မဏိပူရပြည်နယ်နှစ်ခုမှ အင်ဖာနှင့် ကိုဟီမားအထိ တက်ရောက်ထိုးစစ်ဆင်နေစဉ် မဟာမိတ်တပ်များကလည်း မြန်မာပြည်မြောက်ဘက်ရှိ မြစ်ကြီးနား မိုးကောင်း ဒေသကို တက်ရောက်သိမ်းပိုက်နိုင်ရန် ကြိုးစားလျက်ရှိနေ၏။

ဝင်ရိုးတန်းနိုင်ငံဖြစ်သော ဂျပန်က အင်ဖာနှင့် ကိုဟီမားကို သိမ်းပိုက် လိုက်နိုင်ခြင်းအားဖြင့် အာရှအရှေ့တောင်ပိုင်း စစ်ဒေသတွင် အောင်မြင်မှုသရဖူကို လှမ်းယူနိုင်ရန် နိဒါန်းပျိုးလိုက်ခြင်းပင် ဖြစ်သည်ဟု ယူဆထားသကဲ့သို့ မဟာ မိတ်နိုင်ငံများကလည်း "မြစ်ကြီးနား မိုးကောင်း" ဒေသကို သိမ်းပိုက်လိုက်နိုင် ခြင်းအားဖြင့် တရုတ်ပြည်မကြီးသို့ ရောက်ရှိနိုင်သော တံခါးပေါက်ကြီးကို ဖွင့်ပေးလိုက်နိုင်သည်မည်ရုံမက အာရှအရှေ့တောင်ပိုင်းတွင် အနိုင်ရရှိရေးတည်း ဟူသော သော့ချက်တစ်ချက်ကို လက်လှမ်းလွယ်ကူစွာဖြင့် ဖမ်းယူဆုပ်ကိုင်နိုင် ခြင်းပင်ဖြစ်သည်ဟု တွက်ချက်ထားခဲ့ကြ၏။

နပမ်ဂါးတွင် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့က သွေးချောင်းစီးတိုက်ပွဲကို ဆင်နွှဲနေစဉ် မြန်မာပြည်မြောက်ပိုင်းဆိုင်ရာ မဟာမိတ်တပ်များနှင့် တရုတ်တပ်များကို အုပ်ချုပ်ရန် အာဏာကုန်လွှဲအပ်ခြင်းခံရသော ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကလည်း သွေးနှင့်ရင်း၍ ရယူထားရသော မြန်မာပြည်မြောက်ပိုင်းမှ နယ်မြေများကို လက်မလွှတ်စေချင်။

ဝင်ရိုးတန်းနိုင်ငံဖြစ်သော ဂျပန်များက အိန္ဒိယပြည်၏ အရှေ့မြောက် တံခါးဝဖြစ်သော အင်ဖာနှင့် ကိုဟီမားကို တက်ရောက်တိုက်ခိုက်နေစဉ် မြန်မာပြည် စစ်မျက်နှာသို့ ရောက်ရှိနေသော တပ်များကို ပြန်လည်ခေါ်ယူ၍ ရန်သူများကို အင်ဖာနှင့် ကိုဟီမားမှ စုပေါင်းနှင်ထုတ်သင့်သည်ဟု ယူဆခဲ့ကြသော မဟာမိတ် ထိပ်သီးခေါင်းဆောင်ကြီးများကလည်း ရှိနေသည်။

အိန္ဒိယပြည်၏ တံခါးဝဖြစ်သော အင်ဖာနှင့် ကိုဟီမားကိုကျော်၍ တက်လိုက်လျှင် ဂျပန်တပ်များသည် ဒေလီသို့ချီတက်လော့ဟူသော ကြွေးကြော်သံအတိုင်း အိန္ဒိယပြည်၏ နှလုံးသည်းပွတ်နှင့်တူသည့် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက် ကို အုပ်စီးထားနိုင်တော့မည်ဖြစ်၏။

အိန္ဒိယပြည်၏ နှလုံးသည်းပွတ်ဖြစ်သော ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်ကို ဂျပန်က အုပ်စီးထားနိုင်ခဲ့လျှင် မဟာမိတ်နိုင်ငံများအဖို့ ကြီးမားကျယ်ပြန့်သော အိန္ဒိယပြည်ကြီးကို သိမ်းပိုက်ထားနိုင်ပြီဟူသော ဂုဏ်ကို ရရှိနေလင့်ကစား အသည်းနှလုံးမရှိသော မိန်းမပျိုတစ်ယောက်ကို ရယူထားရသည့် သတို့သား တစ်ယောက်ကဲ့သို့ ဖြစ်နေချေတော့မည်။

အင်ဖာနှင့် ကိုဟီမားကို သိမ်းပိုက်နိုင်ရန် လက်တစ်ကမ်းမျှသာလိုတော့သော ဂျပန်တပ်များကလည်း မြဟွပုတြမြစ်ဝှမ်းတစ်လျှောက်ဆီသို့ပင် မြှော်မှန်းချောက်၍လာခဲ့၏။

အိန္ဒိယပြည်၏ တံခါးဝတွင် တွေ့နေရသော အန္တရာယ်ကို မြန်မာပြည်မြောက်ပိုင်းရှိ အမှတ်(၃၈) တရုတ်တပ်မအား အိန္ဒိယအရှေ့မြောက် စစ်မျက်နှာသို့ ပြောင်းရွှေ့တိုက်ခိုက်စေခြင်းဖြင့် ကာယတင်ရမည်လောဟု ဗိုလ်ချုပ်ကြီး စတီးဝဲလ်က စဉ်းစားစိတ်ကူးလျက်ရှိနေ၏။

နပမ်ဂန်းတွင် သွေးချောင်းစီးတိုက်ပွဲကို ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၂) နှင့် အမှတ်(၃)တပ်ရင်းများက ဆင်နွှဲနေရစဉ် ဧပြီလ (၃)ရက်နေ့၌ ဗိုလ်မှူးကြီး ဟန်တာက တပ်မှူးများ၏ ညီလာခံကို ခေါ်၍ နပမ်ဂါးတိုက်ပွဲကို မည်သို့ ဆက်

လက် တိုက်ခိုက်ရမည်၊ အခြေအနေက မည်သို့ရှိနေသည် စသဖြင့် ဆွေးနွေးပွဲ ကျင်းပနေစဉ် အိန္ဒိယပြည်ရှိ စစ်ဌာနချုပ်တွင်လည်း အာရှအရှေ့တောင်ပိုင်း စစ်ဒေသဆိုင်ရာ သေနာပတိကြီး မောင့်ဘက်တန်နှင့်အတူ အမှတ်(၁၄) အင်္ဂလိပ် တပ်မတော်၏ သေနာပတိ ဆာ–ဝီလျံဆလင်း၊ ဗိုလ်ချုပ်ကြီးစတီးဝဲလ်တို့သည် အင်ဖာ–ကိုဟီမား–မြစ်ကြီးနားတိုက်ပွဲနှင့် ပတ်သက်၍ အရေးတကြီး ဆွေးနွေး လျက်ရှိနေကြ၏။

အမှတ်(၁၄) အင်္ဂလိပ်တပ်မတော်၏ သေနာပတိဖြစ်သူ ဆာ–ဝီလျံဆလင်း သည် မြန်မာပြည်မြောက်ပိုင်းရှိ မဟာမိတ်တပ်များကို တာဝန်ယူထားရသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အာမခံချက်ကို စိတ်ချယုံကြည်လျက် ရှိနေ၏။

အင်ဖာနှင့် ကိုဟီမားသို့ ထိုးစစ်ဆင်နေသော ဂျပန်တပ်များကို မြစ်ကြီးနား မိုးကောင်းမှနေ၍ တစ်နည်းတစ်ဖုံအားဖြင့် ဖရိုဖရဲဖြစ်အောင် ပြုလုပ်ထားနိုင် သည်ဟူသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏အဆိုကို အင်္ဂလိပ် အမှတ်(၁၄)တပ်မတော် စစ်သေနာပတိ ဝီလျံဆလင်းက သဘောကြိုက်ညီနေခြင်းဖြစ်၏။

ဗိုလ်ချုပ်ကြီး စတီးဝဲလ်ဦးစီးသော အမေရိကန်နှင့် တရုတ်တပ်များက မြစ်ကြီးနား–မိုးကောင်းဒေသသို့ ချီတက်ပြီး၊ မြစ်ကြီးနားကိုသာ သိမ်းပိုက်၍ ထားနိုင်ခဲ့လျှင် တရုတ်ပြည်မကြီးသို့ လက်နက်လူသူနှင့် ခဲယမ်းမီးကျောက်များကို ယခင်ကကဲ့သို့ ဆက်လက်တင်ပို့နိုင်ရုံသာမက ယူနန်မှ မြန်မာပြည်မြောက်ပိုင်းသို့ တရုတ်တပ်များ စစ်ကူဆင်းလာနိုင်အောင်လည်း တရုတ်စစ်သေနာပတိကြီး ချန်ကေရှိတ်အား သွေးဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။

သို့ဖြစ်လေရာ မြစ်ကြီးနား–မိုးကောင်းဒေသသည် အာရှအရှေ့တောင်ပိုင်း စစ်ဆင်ရေး၌ အရေးကြီးသောကဏ္ဍမှ နယ်မြေအနေအထားအရ ပါဝင်ခဲ့တော့ သည်။

အိန္ဒိယပြည်ရှိ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ မဟာမိတ်စစ်ဌာနချုပ်ကသာ မြစ်ကြီးနားကို ဖြစ်သည့်နည်းဖြင့် ချီတက်သိမ်းပိုက်ထားရမည်ဟု ဆုံးဖြတ်ချက် ချသည်မဟုတ်သေး။ အမေရိကန်ပြည် ဝါရှင်တန်မြို့တော်တွင် ကျင်းပသော စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင် ထိပ်သီးအစည်းအဝေးကလည်း မြစ်ကြီးနားကို ဖြစ်သည့်နည်းဖြင့် တက်ရောက်တိုက်ခိုက်ပြီးနောက် ဆက်လက်သိမ်းပိုက်ထား ရမည်။ မြန်မာပြည်တောင်ပိုင်းသို့ ချီတက်ရာတွင် အခြေခံစခန်းကြီးဖြစ်ရမည် နည်းတူ တရုတ်ပြည်မကြီးရှိ ဂျပန်ဆန့်ကျင်ရေးတပ်များသို့ ရိက္ခာနှင့် ခဲယမ်း

မိးကျောက်များ ပို့ဆောင်ရာတွင်လည်း မြစ်ကြီးနားသည် အရေးကြီးသောကဏ္ဍမှ ပါဝင်စေရမည်။

တရုတ်ပြည်မကြီးသို့ လစဉ်တင်ပို့နေသော ရိက္ခာနှင့် ခဲယမ်းမီးကျောက်များသည် တန်ချိန်နှစ်သောင်းထက် ပိုနေရမည်ဖြစ်ပြီး အိန္ဒိယပြည် အာသံမှနေ၍ ဖောက်လုပ်လာခဲ့သော လီဒိုလမ်းမကြီးသည် မြစ်ကြီးနားသို့အရောက် အသွားတစ်လမ်း အပြန်တစ်လမ်း ဖောက်လုပ်ပြီးစီးနေရမည်။ ထို့ပြင် အိန္ဒိယပြည်မှနေ၍ တရုတ်ပြည်သို့အရောက်ပေးပို့နိုင်သော လေးလက်မအချင်းရှိသည့် ရေနံပိုက်လိုင်းသည်လည်း မြစ်ကြီးနားကိုဖြတ်၍ ဆက်သွယ်ရမည်။ ဤသို့အားဖြင့် မဟာမိတ်တို့သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ နယ်မြေဒေသအားလုံးကိုပါ ၁၉၄၅ ခုနှစ်အတွင်း လေကြောင်းအင်အားအကူအညီဖြင့် ထိန်းသိမ်းထားနိုင်လောက်အောင် ဆောင်ရွက်ရမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့လေသည်။

အင်ဖာနှင့် ကိုဟီးမားတိုက်ပွဲမှာ ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးနေသည့်အချိန်တွင်ပင် ပို၍ ကြောက်စရာကောင်းလာသည်။

ဂျပန်တပ်များသည် အင်ဖာနှင့် ကိုဟီးမားကို ဘေးမှပန်းဝိုက် ချီတက်လာပြီးနောက် ဗြဟ္မပုတြမြစ်အတိုင်း အိန္ဒိယပြည်၏ နှလုံးသည်းပွတ်ရှိရာ ဒေလီမြို့တော်သို့ ချီတက်လာကာ ဆန်နှင့် ဂျုံ စပါးများ ပေါများကြွယ်ဝသည့် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်ကိုပင် သိမ်းပိုက်လိုက်တော့မည်လားဟု မဟာမိတ်စစ်ဗိုလ်ချုပ်ကြီးများက စိုးရိမ်ကြောင့်ကြနေရလေသည်။

ဤသို့သောအခြေအနေပေါ်တွင် အကြောင်းပြကာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် အာရှအရှေ့တောင်ပိုင်း စစ်ဒေသဆိုင်ရာ မဟာမိတ်စစ်သေနာပတိကြီးမောင့်ဘက်တန်၏ အကူအညီဖြင့် တရုတ်စစ်သူကြီး ချန်ကေရှိတ်ထံမှ အမှတ်(၁၄)နှင့် အမှတ်(၅၀) တပ်မနှစ်ခုကို မြန်မာပြည်အတွင်းသို့ စစ်ကူစေလွှတ်လိုက်ရာ တိုက်တွန်းကတိရရှိခဲ့လေသည်။

ဤသို့အားဖြင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့နှင့်အတူ တရုတ်တပ်မ ၅ ခုအား ဂျပန်တို့၏ အမှတ်(၁၈)တပ်မနှင့် နောက်ထပ်ရောက်လာမည့် တပ်ရင်း ၃ ရင်းအား အရှုံးအနိုင် ပြိုင်၍ တိုက်ခိုက်ရန် အင်အားရရှိခဲ့လေသည်။

မဟာမိတ်ဘက်မှ ရန်သူ့တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အမှတ်(၃)အိန္ဒိယတပ်မဟု ရုံးထုံးစံအရ ခေါ်ဆိုနေကြသော "ခြင်းဒစ်"တပ်ဖွဲ့တစ်ခုကို

လည်း အကူအညီရရှိမည် ဖြစ်လေသည်။

ခြင်းဒစ်တပ်ဖွဲ့သည် မတ်လမှစ၍ မြန်မာပြည်အလယ်ပိုင်း၌ ဂျပန်ခံစစ်ကြောင်း နောက်ဘက်မှနေ၍ ရန်သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ကာ ဂျပန်တို့အား သွေးလန့်အောင် လုပ်ပေးနေခဲ့၏။

ဤတပ်ဖွဲ့သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ မြစ်ကြီးနားတိုက်ပွဲတွင် ပါဝင်ဆင်နွှဲရမည်ဟူ၍ ဧပြီလအတွင်းတွင် တာဝန်ပေးအပ်ခြင်း ခံခဲ့ရလေသည်။

တပ်အင်အားအခြေအနေဖြင့် တွက်၍ကြည့်လိုက်လျှင် ဗိုလ်မှူးချုပ်ကြီးစတီးဝဲလ်၏ လက်အောက်၌ တရုတ်တပ် အမေရိကန်တပ်နှင့် "ခြင်းဒစ်"တပ်ဖွဲ့များ ရှိနေသောကြောင့် အင်အားကောင်းလှပြီဟု တွေးထင်စရာဖြစ်၏။

သို့ရာတွင် ဂျပန်တို့က မြစ်ကြီးနားမှနေ၍ ဧရာဝတီမြစ်တစ်လျှောက် တောင်ဘက်ရှိဒေသများကို ချုပ်ကိုင်ထားနိုင်မည်ဖြစ်ရာ ဗိုလ်ချုပ်ကြီးစတီးဝဲလ် အဖို့ တိုက်စစ်ဆင်ရာတွင် ထင်သလောက် လွယ်ကူနိုင်မည်မဟုတ်ကြောင်း ထင်ရှားနေလေသည်။

မြန်မာပြည်၏ ရာသီဥတုကလည်း မေလ ၁၅ ရက်နေ့မှစ၍ မိုးဖြိုင်ဖြိုင်ရွာသွန်းပြီး ချောင်းမြောင်းအင်းအိုင်များ ရေပြည့်လျှံ၍ လာတတ်သည်ဖြစ်ရာ အမေရိကန် တရုတ်နှင့် ခြင်းဒစ်တပ်ဖွဲ့များသည် ရက်များမကြာမီအတွင်း ရွှံ့ဗွက်များအတွင်းတွင် နစ်မြုပ်လျက် ရေစီးသန်သော ချောင်းငယ်မြောင်းငယ်များအတွင်းတွင် မျောပါသွားရမည်ကဲ့သို့ ဖြစ်နေလေသည်။

မိုးဦးလေဦးများ ကျရောက်တတ်သည့်အချိန်ဖြစ်သော ဧပြီလအတွင်းတွင်လည်း အင်ဖာနှင့် ကိုဟီမားသို့ တက်ရောက်တိုက်ခိုက်လျက်ရှိသော ဂျပန်တပ်များသည် ထိုးစစ်ကိုဆင်နွှဲလျက်ပင် ရှိနေသေးသည်။

မြန်မာပြည်မြောက်ပိုင်း စစ်မျက်နှာတွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ တိုက်စစ်ကို ရင်ဆိုင်နေသော ဂျပန်ဗိုလ်ချုပ်ကြီး တနခါအား သက်ဆိုင်ရာ ဂျပန် စစ်သေနာပတိအဖွဲ့က အင်ဖာနှင့် ကိုဟီမားတွင် ဂျပန်တို့၏ ထိုးစစ်သာ အောင်မြင်ခဲ့လျှင် ဗိုလ်ချုပ်ကြီးတနခါအား စစ်ကူအဖြစ် တပ်မတစ်ခုပေးမည်ဟု ကတိပေးထားခဲ့၏။

ဝင်ရိုးတန်းနိုင်ငံဖြစ်သော စစ်အာဏာပိုင်များအဖို့ အဆင်မပြေသည့် အကြောင်းအချက်များ ရှိနေသကဲ့သို့ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ မဟာမိတ်စစ်ဌာနချုပ်တွင်လည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ပေးထားသော ကတိအတိုင်း

လတ်လတ်လောလော ဆောင်ရွက်၍ မပေးနိုင်သော အခက်အခဲများ ရှိနေလေသည်။

အဘယ်ကြောင့်ဆိုသော် တရုတ်စစ်သူကြီး ချန်ကေရှိတ်က မိမိ၏တပ်များ အနက် တပ်မနစ်ခုတာမျှ အင်အားရှိသော တပ်သားများကို ဗိုလ်ချုပ်ကြီးစတီးဝဲလ် လက်အောက်သို့ ပေးပို့လိုက်မည်ဆိုပြီးနောက် လက်တွေ့အားဖြင့် ရောက်ရှိလာသော တပ်သားများမှာ လေ့ကျင့်သင်ကြားမှု နည်းပါးရုံသာမက တိုက်ပွဲအတွေ့အကြုံအားဖြင့်လည်း နုနယ်သေးသော စစ်သားကလေးများသာ ဖြစ်နေသောကြောင့်တည်း။

ထို့အပြင် မြန်မာပြည်အတွင်းသို့ ဆင်းသက်ရောက်ရှိလာသော တရုတ်တပ်မှူးများကို ဗိုလ်ချုပ်ကြီးစတီးဝဲလ် လက်အောက်၌ ထားသည်ဆိုစေကာမူ တရုတ်စစ်သူကြီး ချန်ကေရှိတ်က နောက်မှနေ၍ ကြိုးကိုင်လျက်ရှိနေသောကြောင့်လည်း ရှာဒူးဖွပ်မှ မိုးကောင်းမြစ်ဝှမ်းအတိုင်း ကာမိုင်းသို့ချီတက်လာသည့် တရုတ်တပ်များသည် အချိန်ဆွဲ၍ ခရီးမဖင့်ဖင့်အောင် ပြုလုပ်နေခဲ့ကြ၏။

ဤအချိန်တွင် ဂျပန်တပ်များက အင်အားကြီးကြီးနှင့် လျင်လျင်ထက်ထက် တိုက်ခိုက်နေသောအချိန်ဖြစ်၏။

ရန်သူ့စစ်ကြောင်းနောက်ဘက်တွင် သုံးလတိုင်တိုင် လှုပ်ရှားတိုက်ခိုက်နေခဲ့ရသော ခြင်းဒစ်တပ်ဖွဲ့ဝင်များမှာလည်း စစ်ပန်းလျက်ရှိနေပြီဖြစ်၏။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ဆိုလျှင်လည်း တောင့်တင့်တင်းတင်း ကြံ့ကြံ့ခိုင်ခိုင်ရှိနေသူဟူ၍ မရှိသလောက်ပင် နည်းပါးခဲ့ချေသည်။

အာရအရှေ့တောင်ပိုင်းတွင် မဟာမိတ်တပ်များက မြစ်ကြီးနားကိုသိမ်းယူရန် အရေးကြီးနေသလို ရှန်ဟဲမြို့တော်ကိုလည်း တိုက်ခိုက်သိမ်းယူရန် အရေးကြီးနေ၏။

တောများ၊ တောင်များ၊ မြစ်များ၊ ချောင်းများကို မိုးရေထဲ၊ ရွှံ့ဗွက်ထဲတွင် ဖြတ်ကျော်ချီတက်တိုက်ခိုက်နေသော ကျွန်တော်တို့တပ်ဖွဲ့အား ရှန်ဟဲကဲ့သို့သော တိုက်ပွဲမျိုးသို့ စေလွှတ်မည်ဟု တပ်ဖွဲ့ဝင်အများကပင် ထင်မှတ်နေခဲ့ကြ၏။

သို့သော် စစ်ပန်းလျက်ရှိနေပြီဖြစ်သော ကျွန်တော်တို့တပ်ဖွဲ့အား ပို၍ ပင်ပန်းအောင် ပြုစေသကဲ့သို့ဖြစ်အောင် မြစ်ကြီးနားတိုက်ပွဲတွင် ပါဝင်ဆင်နွှဲ တိုက်ခိုက်ရမည်ဟု အိန္ဒိယရှိ မြောက်ဘက် စစ်ဒေသမှူးက အမိန့်ပေးလာပြန်သည်။

ဤသို့ အမိန့်ပေးရာ၌ စစ်ဒေသမှူးသည် ကျွန်တော်တို့တပ်ဖွဲ့ဝင်များ မည်မျှ စစ်ပန်းလျက်ရှိသည်ကို မသိ၍လည်း ဖြစ်ကောင်းဖြစ်မည်။ သို့စေကာမူ ကျွန်တော်တို့တပ်ဖွဲ့ဝင်များ၏ အရေးကို တမင်သက်သက် လျစ်လျူရှုထားသော ကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။

ဤသို့မဟုတ်ပါက ကျွန်တော်တို့တပ်ဖွဲ့ကို ဖြစ်ချင်ရာဖြစ်စေဟူသော သဘောဖြင့် ဖွတ်လွှတ်၍ပေးလိုက်ခြင်းလည်း ဖြစ်နိုင်သည်။

မြစ်ကြီးနားတိုက်ပွဲကို ကျွန်တော်တို့နှင့် လက်တွဲတိုက်ခိုက်ရန် တာဝန်ပေး ခြင်းခံရသော တရုတ်တပ်များမှာ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲများကို ရက်ရှည် လများ တိုက်ပွဲများကို ရက်ရှည်လများ တိုက်ခိုက်လာရရုံမက တရုတ်ပြည်ရှိ ပဒေသရာဇ် စစ်ဘုရင်အချင်းချင်း တိုက်ခိုက်ရသော တိုက်ပွဲများတွေပါ ပါဝင်ခဲ့ ရကာ ဂျပန်များထွက်သွားသည့်အချိန်တွင်လည်း တရုတ်ပြည် ပြည်တွင်းစစ်ပွဲ ကြီးတွင် ဆက်လက်တိုက်ခိုက်ရဦးမည်ကို သိနေကြသောကြောင့် “မရှိ၍လုပ်တာ ဖြည်းဖြည်းပေါ့”ဝါဒအတိုင်း ကျင့်သုံးနေကြသူများသာ ဖြစ်၏။

တရုတ်တပ်များသည် စစ်ချီတက်နေစဉ်တွင်ပင် ထမင်းကိုချက်စားလိုက်၊ လက်ဖက်ရည်ထည့်၍သောက်လိုက်၊ မြင်းများကို အစာကျွေးလိုက်၊ သစ်ခက် တဲနန်းများထိုးလိုက်၊ သောက်သုံးရန်အတွက် ရေကို ကျိုချက်လိုက်ဖြင့် ချီတက် မှု ဖင့်နွှေးသထက် ဖင့်နွှေးအောင် လုပ်နေကြ၏။

ကျွန်တော်တို့အတွက် ၅၃၀၇ တပ်ဖွဲ့ဝင်များဆိုလျှင် စခန်းချသည့်နေရာ များ၌ အပေါ်မှ အမိုးအကာဟူ၍ တစ်ခါမျှမရှိခဲ့ဘဲ သောက်သုံးရန်ရေကိုလည်း ညွှန်ကြားထားသည့်အတိုင်း မည်သည့်အခါမျှ ကျိုချက်နိုင်ခြင်းမရှိ။

ရေသောက်လျှင် ရေခွက်ထဲ၌ သန့်ရှင်းစေနိုင်သော ဆေးပြားကိုခတ်ပြီးမှ သောက်ရမည်ဟု ညွှန်ကြားထားသည်ကိုပင် လိုက်၍လုပ်ရန် အချိန်မရ။ များစွာ သော စစ်သည်တော်တို့သည် ရေသန့်အောင်ပြုလုပ်သော ဆေးပြားကို ခေါင်း ကိုက် ဆေးပြားကဲ့သို့ ပါးစပ်ထဲတွင် ငုံထားပြီး ချီတက်နေရင်း တွေ့ရှိရသည့် လမ်းဘေးမှရေကို ခပ်၍သောက်ရင်း ချီတက်မှုကို မြန်သည်ထက်မြန်အောင် ကြိုးစားခဲ့ကြ၏။

ကျွန်တော်တို့တပ်ဖွဲ့ဝင်များသည် တိုက်စရာရှိလျှင် အရိုးကြေကြေ အရေ စုတ်စုတ် အသေခံ၍တိုက်ကြပြီး ဤသို့တိုက်ခြင်းပင်လျှင် မိမိတို့၏တာဝန်ကို ကျေပွန်ရာရောက်သည်ဟု မှတ်ယူထားခဲ့ကြသူများဖြစ်၏။ အထက်လူကြီးကို

"ဖား"၍နေတတ်သူများမဟုတ်။

စစ်ချီတက်ရာ၌လည်းကောင်း၊ တိုက်ခိုက်ရာ၌လည်းကောင်း၊ ဖင့်နွဲ့လေး ကန်နေသူများက "ဖား"တတ်သည့်အလျောက် အထက်လူကြီးထံမှ မျက်နှာသာ ရနေစဉ် သေအောင်တိုက်ခဲ့သော ကျွန်တော်တို့တပ်ဖွဲ့ဝင်များသည် သေလောက် အောင် အနှိမ်ခံ၍ နေရလေသည်။

ကျွန်တော်တို့တပ်ဖွဲ့ဝင်များ၏ အခြေအနေမှာ မြစ်ကြီးနားသို့ ချီတက်ရာ လမ်းတစ်လျှောက်၌ ဂျပန်တပ်များ ခုခံ၍မနေသည့်တိုင်အောင် မိုးတော၊ ရေ တော၊ ဖွက်တောအ၌ ခြေကျင်ချီတက်နိုင်သည့်အင်အားမရှိတော့။

သို့သော် ကျွန်တော်တို့သည် တပ်မှူးကြီးတာဝန်ကို ပြန်လည်ထမ်းဆောင် ရန် ရောက်ရှိလာသော ဗိုလ်ချုပ်ကြီး မာရီ၏ အားပေးတိုက်တွန်းချက်ကြောင့် သာ ဆက်၍ချီတက်ခဲ့ကြခြင်းဖြစ်၏။

ကျွန်တော်တို့တပ်ဖွဲ့ဝင်များအဖို့ ပျော်စရာ နှစ်သိမ့်စရာတစ်ခုမှာ "မြစ်ကြီး နားသို့ရောက်အောင် ချီတက်ချင်မှ ချီတက်ရမည်။ အကယ်၍ ချီတက်ရခဲ့လျှင် လည်း ကျွန်တော်တို့တပ်ဖွဲ့အတွက် ရာဇဝင်ပြောင်သည့်အပြင် ဂုဏ်ယူစရာ အချက်လည်း မဟုတ်လား။ မြစ်ကြီးနားသို့ ချီတက်ရခြင်းမှာ ကျွန်တော်တို့ တပ်ဖွဲ့အဖို့ အခုရာသီတွင် နောက်ဆုံးပိတ်တိုက်ပွဲဖြစ်သည်။ မြစ်ကြီးနားသို့ ချီတက်သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့တပ်ဖွဲ့ဝင်များအား အိန္ဒိယသို့ အနားယူရန် ချက်ချင်းပြန်၍ စေလွှတ်မည်။ ကောင်းပေ့ဆိုသည့် ဟိုတယ်ကြီးများတွင် စိမ်ကျကျနှင့် အနားယူစေရမည်။ ထို့နောက် အနားယူ စခန်းများတွင် ဆက်လက်နေထိုင်စေရမည်။ ပြီးမှ နောက်ထပ် သင့်လျော်ရာ စစ်မြေပြင်သို့ ပို့ပေးမည်"ဟူသော ဗိုလ်ချုပ်ကြီးမာရီး၏ ဖျောင်းဖျနှစ်သိမ့်မှု ကြောင့် ကျွန်တော်တို့တပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားသို့ ဆက်လက်ချီတက်ခဲ့ ခြင်း ဖြစ်လေသည်။

နပမ်ဂါးစခန်းသို့ ဧပြီလ (၂၂)ရက်နေ့တွင် တရုတ်တပ်ရင်းတစ်ရင်း ရောက်ရှိလာသောကြောင့် ထိုတပ်ရင်းအား ကျွန်တော်တို့တာဝန်ကို လွှဲပြောင်း ပေးအပ်ကာ တနိုင်းမြစ်အတိုင်း မြောက်ဘက်သို့ ကျွန်တော်တို့ ချီတက်လာခဲ့၏။

အိန္ဒိယပြည်မှ စစ်ထွက်လာစတွင် လူအင်အား သုံးထောင်ခန့် ရှိခဲ့သော ကျွန်တော်တို့တပ်ဖွဲ့တွင် ယခုအချိန်အခါ၌ သုံးပုံတစ်ပုံခန့်သာရှိနေတော့၏။

ကျွန်တော်တို့သည် မိုင်(၂၀)အထိ ချီတက်လာခဲ့ပြီးနောက် ကျွန်တော်တို့နှင့်

အတုံ့ လက်တွဲ၍ မြစ်ကြီးနားတိုက်ပွဲကို ချီတက်တိုက်ခိုက်ရမည့် တရုတ်တပ်များနှင့် နော်ဘွမ်းရွာတွင် ဆုံမိကြ၏။

တရုတ်တပ်အင်အားမှာ ရယ်ဂျီမင့် နှစ်တပ်စာမျှရှိလေသည်။

နော်ဘွမ်းသို့ ကျွန်တော်တို့တပ်ဖွဲ့ ရောက်ရှိပြီးနောက် နှစ်ရက်ခန့်အကြာတွင် မြစ်ကြီးနားတိုက်ပွဲကို ဦးစီးရမည့် ဗိုလ်ချုပ်ကြီးမာရီး ရောက်ရှိလာလေသည်။

မြစ်ကြီးနားသို့ ချီတက်တိုက်ခိုက် သိမ်းယူရမည့် ကျွန်တော်တို့၏ စစ်ဆင်ရေးကို "နောက်ဆုံးပိတ်"ဟု အမည်ပေးထားပုံမှာ အမှန်စင်စစ်အားဖြင့် သရော်ပြောင်လှောင်၍ပေးထားခြင်း မဟုတ်သည့်တိုင် "နောက်ဆုံးပိတ်"ဟူသော အမည်သညာက အပြီးသတ်အောင်ပွဲဟူ၍ အဓိပ္ပာယ်ရနိုင်သကဲ့သို့ ဓားမနောက်ပိတ်ခွေးဟူ၍လည်း အဓိပ္ပာယ်ကောက်၍ ရရှိနိုင်သောကြောင့် ကျွန်တော်တို့အဖွဲ့ဝင်များမှာ စစ်ဆင်ရေးနာမည်ကအစ ကသိကအောက်ဖြစ်ကြရ၏။

"နောက်ဆုံးပိတ်"စစ်ဆင်ရေးကို ဆင်နွှဲရာ၌ ကျွန်တော်တို့၏ အဓိကရည်ရွယ်ချက်မှာ မြစ်ကြီးနားလေယာဉ်ကွင်းအား သိမ်းပိုက်ရေးပင် ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးမာရီးက ကျွန်တော်တို့အား မိန့်ကြားခဲ့၏။

ဤသို့ အဓိကပစ်မှတ်ဖြစ်သော မြစ်ကြီးနားလေယာဉ်ကွင်းကို ချီတက်သိမ်းယူနိုင်ရန်အတွက် တရုတ်နှင့် ကျွန်တော်တို့တပ်ဖွဲ့ဝင်များ ပါဝင်သောတပ်သားများကို အဖွဲ့သုံးဖွဲ့ ဖွဲ့လိုက်၏။

ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းနှင့် တရုတ်တို့၏ အမှတ်(၁၅၀)ခြေလျင်ရယ်ဂျီမင့်ပါဝင်သော အဖွဲ့ကို ဗိုလ်မှူးကြီးဟန်တာက ခေါင်းဆောင်၍လည်းကောင်း...၊

ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၃)တပ်ရင်းနှင့် တရုတ် အမှတ်(၈၈)ခြေလျင်ရယ်ဂျီမင့်ပါဝင်သောအဖွဲ့ကို ဗိုလ်မှူးကြီးကင်နီဆင်က ခေါင်းဆောင်၍ လည်းကောင်း...၊

ကျွန်တော်တို့၏ အမှတ်(၂)တပ်ရင်းမှ လမ်းလျှောက်နိုင် ချီတက်နိုင်သေးသော အဖွဲ့သားများနှင့် ကချင်ပြောက်ကျားသုံးရာခန့် ပါဝင်သောအဖွဲ့ကို ဗိုလ်မှူးကြီးမက်ဂီးက ခေါင်းဆောင်၍လည်းကောင်း၊ မြစ်ကြီးနားလေယာဉ်ကွင်းသို့ တက်ရောက်သိမ်းယူရမည်ဖြစ်လေသည်။

ဗိုလ်မှူးကြီးကင်နီဆင်မှာ လေယာဉ်ပြေးလမ်းကြောင်းရှိရာ ဟမ်ဆင်ယန်သို့

အိန္ဒိယမှ ရောက်ရှိလာပြီးနောက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တပ်သားများ မည်မျှစစ်ပန်းကာ နာမကျန်းဖြစ်နေပုံကို ကိုယ်တိုင်ကိုယ်ကြ အစီရင်ခံခဲ့သူဖြစ်၏။

သို့တိုင်အောင် ကျွန်တော်တို့တပ်ဖွဲ့ဝင်များ၏ အခြေအနေကို သက်ဆိုင်ရာ စစ်အာဏာပိုင်များက မသိကျိုးကျွန်ပြု၍ နေခဲ့လေသည်။

ဗိုလ်မှူးကြီးမက်ဂီဦးစီးသော အမှတ်(၃)တပ်ဖွဲ့ဆိုသည်မှာလည်း မြစ်ကြီးနားကဲ့သို့သော တိုက်ပွဲကြီးတစ်ပွဲကို ဆင်နွှဲနိုင်လောက်သည့် လူအင်အားသော်လည်းကောင်း၊ လေ့ကျင့်မှုအားသော်လည်းကောင်း ပြည့်စုံသောအဖွဲ့မဟုတ်။

အမှတ်နှစ်တပ်ရင်းဆိုသည်မှာလည်း အစကရှိခဲ့သော လူအင်အား၏ ထက်ဝက်ခန့်မျှသာဖြစ်၏။ ဤထက်ဝက်မှာလည်း ငှက်ဖျားနှင့် ဝမ်းကိုက်ရောဂါများကြောင့်တစ်ကြောင်း၊ ရိက္ခာများ ပြတ်လပ်နေသောကြောင့်တစ်ကြောင်း၊ ထနိုင်သွားနိုင် ချီတက်နိုင်ရုံသာရှိသော စစ်သားများသာ ဖြစ်နေ၏။

ကချင်ပြောက်ကျား သုံးရာဆိုသည်မှာလည်း တောလမ်းတောင်လမ်းများပေါ်၌ ချုံခိုတိုက်ခိုက်ရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ရာတွင် အရေးပါ အရာရောက်မည်ဖြစ်သလောက် မြေပြန့်လွင်ပြင်တိုက်ပွဲများ၌ ကျွမ်းကျင်မှုနည်းပါးနေသူများသာ ဖြစ်၏။

ဤတပ်များဖြင့် ကျွန်တော်တို့အား မြစ်ကြီးနားလေယာဉ်ကွင်းကို တိုက်ခိုက်သိမ်းပိုက်ယူရန် တာဝန်ပေးခဲ့ခြင်းမှာ "နောက်ဆုံးပိတ်"စစ်ဆင်ရေးဟူသော အမည်နာမနှင့် ကိုက်ညီအောင်ပင် ဓားမနောက်ပိတ်ခွေး ဖြစ်နေရတော့၏။

"နောက်ဆုံးပိတ်"စစ်ဆင်ရေး ဆင်နွှဲရန်အတွက် တာစူခဲ့သော နော်ဘွမ်းစခန်းမှာ ကျွန်တော်တို့အဖို့ အထူးအဆန်းသဖွယ် ဖြစ်နေကြရသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်တော်တို့သည် တောမှနေ၍ မြို့ပေါ်သို့ ရောက်လာသောသူကဲ့သို့ ဖြစ်နေခြင်းပင်တည်း။

အစာပြတ် ရေပြတ်သည့်အချိန်က မတွေ့မမြင်ရသောသူများကို ယခုအချိန်၌ သူ့ရဲကောင်းကြီးအသွင်ဖြင့် တွေ့ရ၏။

ရှာဒူဇွပ်တိုက်ပွဲကဲ့သို့လည်းကောင်း၊ မိုးကောင်းမြစ်ဖြတ်ကူးတိုက်ပွဲကဲ့သို့လည်းကောင်း၊ နပမ်ဂါးတိုက်ပွဲကဲ့သို့လည်းကောင်း အသည်းတထိတ်ထိတ်ရင်တမိုမိုဖြင့် အသက်ကို ဖက်နှင့်ထုပ်၍ တိုက်ရသည့် တိုက်ပွဲများ၌ ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးမြင်ဖူးခြင်းမရှိသောသူများက ယခုအချိန်တွင်

တကယ်သူရဲကောင်းကြီးများအဖြစ် ဝင့်ဝင့်ကြွားကြွား သွားလာနေထိုင်သည်ကိုလည်း တွေ့နေရ၏။

ဗိုလ်ချုပ်ကြီးမာရီးမှာ တပ်မဌာနကြီးတစ်ခုလောက် ကြီးကျယ်သော ရုံးအဖွဲ့သားများရှိနေပြီး ကျွန်တော်တို့နှင့် တွဲဖက်တာဝန်ယူရသည့် တရုတ်တပ်များ၏ အခြေအနေကို ကြည့်လိုက်ပြန်သောအခါ၌လည်း ကျွန်တော်တို့တပ်ဖွဲ့ဝင်များမှာ အမိမဲ့သား ရေနည်းငါးကဲ့သို့ သိမ်သိမ်ငယ်ငယ် ဖြစ်နေကြရ၏။

စစ်ဆင်ရေးတစ်ခုပြုလုပ်လျှင် ထိုစစ်ဆင်ရေးနှင့်အတူ ဌာနချုပ်ပါ၊ ပါရစမြဲဖြစ်သော်လည်း ကျွန်တော်တို့၏ "နောက်ဆုံးပိတ်"စစ်ဆင်ရေးအဖွဲ့ ချီတက်ရာတွင်မူ ဗိုလ်မှူးကြီးမာရီးနှင့် ဌာနချုပ်အဖွဲ့သားများနှင့်အတူ အတူတကွလိုက်ပါလာခြင်းမရှိဘဲ ပစ်မှတ်ဖြစ်သော မြစ်ကြီးနားလေယာဉ်ကွင်းသို့ ကျွန်တော်တို့အဖွဲ့သုံးဖွဲ့ ရောက်မှ ဗိုလ်ချုပ်ကြီးနှင့် ဌာနချုပ်အဖွဲ့သားများက သင့်ရာခရီးစဉ်ဖြင့် လိုက်ပါလာကြမည်ဖြစ်၏။

ဆိုလိုသည်မှာ မြစ်ကြီးနားလေယာဉ်ကွင်းကို ကျွန်တော်တို့အဖွဲ့သုံးဖွဲ့က သိမ်းပိုက်ပြီးသည့်အချိန်တွင်မှ ဗိုလ်ချုပ်ကြီးမာရီးနှင့် ဌာနချုပ်အဖွဲ့သားများက လေယာဉ်ဖြင့် ချီတက်လိုက်ပါလာမည်ဟု ဆိုခြင်းပင်ဖြစ်၏။

နော်ဘွမ်းသို့ ရောက်ရှိနေသော ကျွန်တော်တို့တပ်ဖွဲ့ဝင်များအား ကာလဒေသ ပယောဂနှင့် ကိုက်ညီစေရန်အတွက် ဗိုလ်မှူးကြီးကေ့စ်ဘုံးက နားရွက်ကိုဖုံးနေသော ဆံပင်များကို ညှပ်စေ၏။ ဖွာရရာကြဲနေသော မုတ်ဆိတ်မွေးများကို ရိတ်စေ၏။

ဤကဲ့သို့ ပြုလုပ်စေခြင်းသည်ပင်လျှင် အချို့သောတပ်ဖွဲ့ဝင်များအား ရန်စပေးလိုက်သကဲ့သို့ ရှိနေချေသည်။

တောထဲတောင်ထဲ၊ မိုးထဲရေထဲတွင် အတော်တော်အပြတ်ပြတ်ဖြင့် ဆက်တိုက် ချီတက်နေရစဉ်အခါက တစ်စုံတစ်ယောက်သော အထက်တန်းအရာရှိကြီးတစ်ဦးမှ လာရောက်ဖေးမဖော် မရဘဲ မြစ်ကြီးနားကဲ့သို့သော လေယာဉ်ကွင်းသိမ်းပွဲကို ဆင်နွှဲရမည့်အချိန်အခါမျိုးသို့ ရောက်လာတော့မှပင် သူ့ထက်ငါလာ၍ ဆရာလုပ်နေခြင်းကို တကယ်တိုက်ခဲ့ရသော ကျွန်တော်တို့၏ တပ်ဖွဲ့ဝင်များက မခံမရပ်နိုင်အောင် ရှိနေခဲ့ခြင်းပင် ဖြစ်လေသည်။

နော်ဘွမ်းသို့ရောက်ရှိခဲ့ပြီးနောက် အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်စခန်းချရာသို့ ရောက်ရှိသွားသော ကျွန်တော့်တပ်စုမှ အချို့သောရဲဘော်များက...

"တရုတ်စစ်သားတွေဆိုပြီး အထင်မကြီးနဲ့၊ ကလေးအရွယ်လောက်လူတွေကို လက်နက်တပ်ပေးထားတာပဲ"ဟု ကျွန်တော့်အား ပြောပြခဲ့ကြ၏။

ကျွန်တော်ကိုယ်တိုင် တရုတ်တပ်စခန်းသို့ ရောက်ရှိသွားသောအခါလည်း သတင်းကြားရသည့်အတိုင်း စိတ်ပျက်ဖွယ်ကိုပင် တွေ့ရလေသည်။

နော်ဘွမ်းတွင် တပ်များကိုစည်းရုံးနေစဉ် ကျွန်တော့်အဖို့ စိတ်မသက်သာစရာ တစ်ခုကိုလည်း တွေ့ရပြန်၏။ တရုတ်တပ်မှူးတစ်ဦး၏ ခရီးဆောင်စကားပြောစက်ကို ကျွန်တော်က ဗိုလ်မှူးကြီးဟန်တာ၏ ဌာနချုပ်တွင် ပြင်ပေးရခြင်းပင်တည်း။

မေလ(၁)ရက်နေ့တွင် ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းသည် အမှတ်(၁၅၀)တရုတ်တပ်နှင့်အတူ နော်ဘွမ်းမှ မြစ်ကြီးနားသို့ ရှေးရှု၍ ချီတက်ခဲ့ရလေသည်။

ဗိုလ်မှူးကြီး ကင်နီဆင်ဦးစီးသော အမှတ်(၃)တပ်ရင်းက ရှေ့ပြေးချီတပ်အဖြစ် ကျွန်တော်တို့တပ်ထက် စောစွာချီတက်သွားခဲ့ပြီဖြစ်၏။

ထိုနေ့တစ်နေ့လုံး မိုးက အဆက်မပြတ်ရွာနေသည်။

လွန်ခဲ့သော ၁၀ ရက်ခန့်ကပင် မိုးသည်း၍နေခဲ့သောကြောင့် တပ်များ၏ချီတက်မှုမှာ နှေးကွေးလှချေသည်။

ကျွန်တော်တို့သည် တောများ၊ တောင်များ၊ မြစ်များ၊ ချောင်းများကို ဖြတ်၍ ချီတက်ခဲ့ကြသူများဖြစ်၏။ သို့ရာတွင် ကုမုံတောင်တန်းများအပေါ်၌ အပြုံးကြီးနှင့် ရွာချနေသော မုတ်သုန်မိုးအောက်တွင် ချီတက်ရခြင်းကား ကျွန်တော်တို့အဖို့ ပို၍ စိတ်ပျက်စရာကောင်းလှ၏။

ကုမုံတောင်တန်းများအပေါ်မှ ဖြတ်ကျော်၍သွားသော တောလမ်းသည် တနိုင်း ခေါ် ချင်းတွင်းမြစ်ဝှမ်းနှင့် ဧရာဝတီအထက်ပိုင်းမြစ်ဝှမ်းကို ဆက်လျက်နေသည်။

သို့သော် ဤလမ်းကိုလွန်ခဲ့သော ၁၀ နှစ်အတွင်း တစ်စုံတစ်ယောက်သောသူမှ အသုံးပြုသွားလာခြင်းမရှိသောကြောင့် ကျွန်တော်တို့သည် လမ်းသစ်ထွင်၍ ချီတက်နေရသကဲ့သို့ ပင်ပန်းလှတော့၏။

ကူလီ ၃၀ နှင့် ကချင်အစောင့်အရှောက် ၃၀ တို့က ရှေ့မှ လမ်းထွင်၍ပေးကြ၏။ သို့တိုင်အောင် ဝန်ထုပ်ဝန်ပိုး ခဲယမ်းမီးကျောက်များဖြင့် ချီတက်ရသော တပ်သားများအဖို့ ခက်ခဲသော ကန္တာရကြီးပင် ဖြစ်နေချေ၏။

ပူအိုက်ခြောက်သွေ့သည့်အချိန်တွင် လွှသွားကို ထောင်ထားဘိသကဲ့သို့ ချွန်ထက်နေမည်ဖြစ်သော တောင်တန်းတောင်စွယ်များသည် မုတ်သုံမိုးကြောင့် ဖွက်ထလျက်ရှိနေ၏။

မတ်စောက်သော ချောက်ကမ်းပါးများကို ဆင်းရာတွင် ဝန်ထုပ်ဝန်ပိုးနှင့် လားများသည် တစ်လှမ်းချင်းဆင်း၍ မရတော့ဘဲ ကိုက် ၅၀ လောက်ခရီးကို ချောက်ကမ်းပါးထိပ်မှ ဖင်ထိုင်၍ချကာ အရှိန်ဖြင့်လျှော၍ ဆင်းကြရ၏။

မတ်စောက်သော တောင်တက်ခရီးများ၌ လားများအတွက် ခြေကုတ်ရစေရန် လှေကားထစ်များဖောက်၍ပေးကြရ၏။

သို့ရာတွင် တောင်တက်ခရီးက ကုန်ဆုံးနိုင်သည်မရှိ။ ထို့ကြောင့် လားထိန်းသမားများသည် မိမိတို့လားများကို အတင်းဆွဲ၍ ပြေးတက်ကြရ၏။ ဝန်တင်လားများသည် ရောမယုန်သတ္တဝါကြီးများနှင့် တူနေတော့၏။

တောင်ဆင်းတောင်တက်ခရီးများတွင် ဝင်တင်လားများနှင့် နပန်းလုံး၍ နေရခြင်းမှာ ရန်သူကို တိုက်ခိုက်ရသည်ထက်လည်းကောင်း၊ ရောဂါဘယကို ကာကွယ်ရသည်ထက်လည်းကောင်း ခက်ခဲလာတော့သည်။

လားနှင့် မြင်းများပေါ်မှ ဝန်ထုပ်ဝန်ပိုးများ ပြုတ်၍ကျသွားသည့်အချိန်မှာ ရဲဘော်များအတွက် အဆိုးဆုံးအချိန်ဖြစ်၏။

ဝန်ထုပ်ဝန်ပိုးများကို စွန့်ပစ်၍လည်းမဖြစ်၊ ပြန့်ကျဲနေသော ပစ္စည်းပစ္စယများကို လိုက်လံကောက်ယူကာ ဝန်တင်တိရစ္ဆာန်များအပေါ်တွင် စနစ်တကျပြန်၍တင်ရသည့်အလုပ်မှာ စိတ်ပျက်စရာကောင်းလှ၏။ ပစ္စည်းများကို လိုက်လံကောက်ယူရင်း မတ်စောက်သောတောင်ကြီးကို မော့၍ကြည့်မိသော ရဲဘော်တိုင်း ရင်မောစ၍သွားကြရ၏။

ရဲဘော်များသည် စိတ်တိုး၍လာကြကာ အထက်မှပေးသော အမိန့်ကို မကြားတကြား ပြန်၍ဖီဆန်သည့်လေသံ ထွက်လာကြ၏။

တောင်ကမ်းပါးပေါ်မှ ခြေချော်၍ကျသွားသော လားတစ်ကောင်သည် အောက်ဘက်ရှိ ဝါးငုတ်များဖြင့် ထိုးမိသောအခါ ဒဏ်ရာရရှိလာ၏။ ထိုလားကို ထုံးစံအတိုင်း သတ်ပစ်ရ၏။ သို့သော် ထိုလားပေါ်မှ ဝန်ထုပ်ဝန်ပိုးကိုကား စွန့်ပစ်၍မရ။

ဝန်တင်လားတစ်ကောင်သည် ရိက္ခာနှင့် လက်နက်ပစ္စည်းများကို ပေါင် ၂၀၀ အထိ သယ်ယူနိုင်သည်ဖြစ်ရာ လားတစ်ကောင် သေဆုံးသွားသည့်အတွက်

ပေါင်ချိန် ၂၀၀ ကို အခြားသောလားများ ကျောပေါ်၌ ဒဏ်ပိ၍လည်း မနေစေရန် စနစ်တကျလည်း ဖြစ်စေရန် ပြန်၍ပြင်ဆင် ထုပ်ပိုးပေးရသောအလုပ်မှာ ချီတက်မှုကို ခရီးဖင့်စေသည်နှင့်အမျှ ရဲဘော်များအား ပို၍ စိတ်မာတက်ကျဆင်းအောင် ဖန်တီးပေးနေသကဲ့သို့ ရှိတော့၏။

အမှတ်(၃)တပ်ရင်းမှ လားအကောင်ပေါင်း ၂၀ ကျော်မှာ တစ်နေ့တည်းတွင် တောင်ကမ်းပါးပေါ်မှ လိမ့်ကျသေဆုံးသွားခဲ့ရလေသည်။

မိုးရွာသည့်အချိန်ကများပြီး နေသာသည့်အချိန်က နည်းနေသောကြောင့် ရဲဘော်များမှာ ခြောက်ခြောက်သွေ့သွေ့ နေရသည်ဟူ၍မရှိ။ နေထွက်လာပြန်တော့လည်း ကိုယ်ပေါ်တွင် ဝတ်ထားသော ရေစိုနေသည့်ဝတ်စုံများမှ အငွေ့ပျံလာကာ တောင်ပေါ်လမ်းများကလည်း ရေငွေ့ထွက်၍လာသောကြောင့် ချွေးအောင်းနေရသကဲ့သို့ ရှိနေပြန်သည်။

ဝမ်းကိုက်နှင့် ငှက်ဖျားရောဂါကြောင့် နုံးချည့်နေသော ရဲဘော်များမှာ ကိုယ်ထဲ လက်ထဲရှိ အားအင်များကို နေရောင်ခြည်က စုပ်ယူခြင်းခံနေရသကဲ့သို့ ရှိလေသည်။

သို့သော် ရဲဘော်များသည် ချီတက်ရမည်ဟူသော သက်ဆိုင်ရာတပ်မှူးများ၏ အမိန့်ကို ဦးထိပ်ထက်တွင်ပန်ဆင်ကာ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ မောပန်းသည်ဖြစ်စေ၊ စာလောင်သည်ဖြစ်စေ အစဉ်အမြဲ ချီတက်၍သာ နေခဲ့ရ၏။

ပစ်မှတ်ဖြစ်သော မြစ်ကြီးနားကား ယခုအထိ မိုင် ၆၀ အကွာတွင် ရှိနေသေးသည်။

ကုမုံတောင်စဉ်တောင်တန်းများပေါ်၌ ခြောက်ရက်တိုင်တိုင် တွား၍တက်ခဲ့ရ၏။ တစ်နေ့တွင် မိုးက သဲသဲမဲမဲ ရွာသွန်းလိုက်သောကြောင့် ချီတက်နေသော တပ်ရင်းသည် နားစရာခိုစရာမရှိဘဲ တောလမ်းပေါ်တွင်ပင် ငုတ်တုတ်ကြီး နားနေခဲ့ရ၏။

စခန်းလမ်းဟူ၍ သတ်မှတ်ခြင်းမပြုနိုင်တော့ဘဲ မသွားနိုင်သည့်နေရာတွင် နားကာ မှောင်လာသည့်နေရာတွင် ညအိပ်စခန်းချကြရတော့သည်။

တွား၍တက်ခဲ့ရသော တပ်မတော်သားများ၏ ရှေ့တွင် ပေပေါင်း ၆၁၀၀ မြင့်သော နော့ရာခက် တောင်ထိပ်ကြီးက ထီးထီးကြီး ကာဆီး၍နေသည်။

နုံးချည့်ပန်းဟိုက်၍နေသော ရဲဘော်များအား ပြောင်လှောင်သရော်၍နေ

သကဲ့သို့တည်း။

ကျွန်တော်သည် ရှေ့မှ ထီးထီးကြီး ကာဆီး၍နေသော နောင်ရာခက်တောင်ထွတ်ကြီးကိုကြည့်၍ ရုရှားဘုရင် “ဇာ”က လက်ညှိုးထိုး၍ ချီတက်စေအမိန့်တော်ရှိသော စစ်တပ်တစ်တပ်အကြောင်းကို သွား၍ သတိရနေမိ၏။

ဇာဘုရင်ကြီးသည် မိမိမျက်မှန်းကျိုးသော စစ်တပ်တစ်တပ်အား မိမိလက်ညှိုးထိုးချင်သည့် အရပ်မျက်နှာသို့ လက်ညှိုးညွှန်ကာ သူပုန်သူကန် ရန်များရှိသည်၊ သွားတိုက်ချေဟု စေလွှတ်တတ်၏။ ဤသို့စေလွှတ်လိုက်သော အရပ်သည် တစ်နှစ်လျှင် လပေါင်းများစွာကြာအောင် ရေခဲများဖုံးလွှမ်းနေတတ်သော အရပ်ဖြစ်နေတတ်၏။ ထိုအရပ်ဒေသသို့ ချီတက်၍သွားရသော စစ်တပ်တိုင်း၊ လမ်းတွင်ပင် အစာတော်ကာ နှင်းမုန်တိုင်းဒဏ်ဖြင့် သေကြေပျက်စီးခဲ့ရသည်သာ ဖြစ်၏။

ယခုလည်း ကျွန်တော်တို့သည် ကုမ္ပဏီတောင်တန်းကြီးပေါ်၌ ကျောက်ရိုးသဖွယ် တည်ရှိနေသော နောင်ရာခက်တောင်ထွတ်ကြီးနှင့် ရင်ဆိုင်နေရပေပြီ။

တောင်တက်ခရီးတွင် ကျွန်တော်တို့သည် မကြာခဏ ရပ်နားကြရ၏။ အသက်ရှုရသည်ကပင် ဝသည်ဟူ၍မရှိ။

ကျွန်တော်တို့သည် အကြိမ်ပေါင်းများစွာပင် လေးဘက်ထောက်၍ တက်ခဲ့ကြရ၏။ ဤတောင်ထွတ်ကြီးအပြင် ပို၍ဆိုးနိုင်သည့် လမ်းခရီး မရှိတော့ပြီဟူသော အားတင်းချက်ဖြင့်သာလျှင် ရဲဘော်များသည် ကျန်ရှိနေသေးသည့် အသွေးအသားတို့ကို ဖျစ်ညှစ်၍ ဖြတ်ကျော်နေခြင်းဖြစ်၏။

ကျွန်တောတို့သည် တောင်ထွတ်ကြီးကို တစ်ရက်တည်းနှင့် ကျော်ဖြတ်ခြင်း မပြုနိုင်ဘဲ တောင်ခုလတ်တွင်ပင် ညအိပ်စခန်းချ၍ ရပ်နားကြရလေသည်။

ထိုနေ့ညတွင် ကျွန်တော်တို့သည် ဩစတြေးလျရှိ အမေရိကန်တပ်မတော်အသံလွှင့်ရုံမှ လွှင့်ထုတ်လိုက်သော သီချင်းများကို နောင်ရာခက်တောင်ခုလတ်မှ နေ၍ ဖမ်းယူနားဆင်ခဲ့ကြရ၏။ သီချင်းများမှာ တပ်မတော်သားများအကြိုက် အချစ်သီချင်းများပင် ဖြစ်သောကြောင့် တစ်နေ့လုံး ပင်ပန်းလာခဲ့ရသဖြင့် ငြိမ်းပျောက်သလောက် ဖြစ်သွားကြ၏။

မြန်မာပြည်တွင် စစ်ချီတက်နေကြရသော ကျွန်တော်တို့သည် အစာရေစာကိုသာ ငတ်သည်မဟုတ် ဂီတနှင့် စာပေကိုလည်း ငတ်၍နေခဲ့ကြ၏။

အရာရှိတစ်ဦးဆောင်ယူလာခဲ့သော ရိဒ်ဒါစ်ပီယား၏ ပြဇာတ်ငါးပုဒ်တွဲ

စာအုပ်ကို တစ်ပိုင်းစီဖြတ်၍ အလှည့်ကျဖတ်ရသည်ကပင် ကျွန်တော်တို့အဖို့ ထမင်းကောင်းဟင်းကောင်း စားရသကဲ့သို့ မြိန်ရေရှက်ရေရှိနေလေသည်။

ကျွန်တော့်မှာလည်း ရှိတ်စပီးယား၏ ဟင်းမလက်ပြဇာတ်စာအုပ် တစ်အုပ်ကို ကိုယ်နှင့်မကွာ ဆောင်ယူလာခဲ့ရာ တိုက်ပွဲစဉ်တစ်လျှောက်လုံး ထိုစာအုပ်ကိုသာ စွဲ၍ဖတ်ခဲ့လေသည်။

နောက်တစ်နေ့နံနက် နေထွက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် တောင်ထိပ်ဆီသို့ တဖြည်းဖြည်းတက်ခဲ့ကြရပြန်သည်။

ဤသို့တက်လာရာ၌ ကျွန်တော်တို့သည် မြန်မာပြည်မှ ထွက်ခွာသွားနေသကဲ့သို့ ထင်မှတ်လာကြ၏။ အဘယ်ကြောင့်ဆိုသော် နောင်ရာခက်တောင်ထွတ်ပေါ်သို့ ရောက်ရှိလာသော ကျွန်တော်တို့သည် အခြားကမ္ဘာကြီးတစ်ခုပေါ်သို့ ရောက်လာသကဲ့သို့ ရှိနေသောကြောင့်ပင်တည်း။

တွေ့မြင်နေရသော အရာခပ်သိမ်းက ထူးဆန်းနေသလို ရာသီဥတုကလည်း ခြားနားကွဲပြားလျက်ရှိနေလေသည်။ အရိုးစိမ့်အောင်အေးသောလေနှင့် တိမ်တောင်တိမ်လိပ်များက ကမ္ဘာသစ်တစ်ခုကို ဖန်တီးပေးနေကြ၏။

နောင်ရာခက် တောင်ထွတ်ကြီး၏ အရှေ့ဘက်တွင်ရှိသော တောင်စဉ်တောင်တန်းများမှာ ပို၍မတ်စောက်လာသည်ကို တွေ့ရ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ကျွန်တော်တို့နှင့် ပစ်မှတ်ဖြစ်သော မြစ်ကြီးနားအကြားရှိ အကြီးကျယ်ဆုံးသော သဘာဝအတားအဆီးကြီးဖြစ်သည့် ကုမ့်တောင်တန်းတောင်ထွတ်များကို ဖြတ်ကျော်ချီတက်လာနိုင်ခဲ့ကြလေသည်။

ရာသီဥတုနှင့် နယ်မြေအခြေအနေအရ ပြောင်းလဲလာသည်နှင့်အမျှ ရဲဘော်များတွင် ခံစားလာရသော ရောဂါဝေဒနာများကလည်း အမျိုးအမည်မဖော်ပြနိုင်လောက်အောင် ဖြစ်လာကြ၏။

ထိုင်နေရင်း ရပ်နေရင်းကပင် ရဲဘော်များသည် လူမမာကြီးဖြစ်၍သွားခဲ့ကြရ၏။ ကုမ့်တောင်တန်းကြီးကို ဖြတ်ကျော်ပြီးသည့်အချိန်တွင် ရဲဘော်(၁၄၉) ယောက်ကို အာသံပြည်ရှိ စစ်ဆေးရုံများသို့ တင်ပို့ပေးလိုက်ရ၏။ ဤရဲဘော်များအနက် အများအပြားပင် သေဆုံးသွားခဲ့လေသည်။

ကုမ့်တောင်တန်းကြီးကို ဖြတ်ကျော်ပြီးနောက် မိုင် ၆၀ မျှသာ ကွာတော့သော မြစ်ကြီးနားလွင်ပြင်သို့ ရောက်ရှိတော့မည်ဟု အားတက်ခဲ့ကြ၏။

သို့ရာတွင် လွင်ပြင်သို့မရောက်မီ တွေ့ရှိရသော တောင်မြောင် ချောက်

ကြားတို့မှာ အသွားရအလာရခက်သောခရီးပင် ဖြစ်၍နေလေသည်။

ရှေ့မှချီတက်သွားနှင့်သော အမှတ်(၃)တပ်ရင်းသည် ရန်သူအင်အား ၁၅၀ ခန့် တပ်ခွဲလျက်ရှိသည်ဆိုသော ရစ်ပုံရွာနှင့် မလှမ်းမကမ်းသို့ မေလ(၇)ရက်နေ့တွင် ရောက်ရှိလာခဲ့ကြ၏။

တစ်နည်းအားဖြင့်ဆိုရလျှင် နော်ဘွမ်းမှ ချီတက်လာခဲ့သော ကျွန်တော်တို့တပ်များသည် (၁၀)ရက်ကြာပြီးနောက်မှ ရောက်ရှိလာခြင်းပင်တည်း။

အမှတ်(၃)တပ်ရင်းမှ တပ်မှူးသည် အမှတ်(၈၈) တရုတ်ရယ်ဂျီမင့်မှ တပ်ရင်းတစ်ရင်းအား ရစ်ပုံရွာကို မြောက်ဘက်မှနေ၍ တိုက်ခိုက်ရန် ညွှန်ကြားချက်ပေးပြီးနောက် ကျန်တပ်များဖြင့် ရန်သူကို နောက်ဘက်မှနေ၍ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နိုင်ရန် လမ်းထွင်၍ ချီတက်သွားခဲ့ကြ၏။

ရစ်ပုံတိုက်ပွဲတွင် တရုတ်တပ်ရင်းသည် အချိန်းအချက်ပြုလုပ်ထားသော စစ်ခရာသံကို ကြားလျှင်ကြားချင်း ရန်သူကို မြောက်ဘက်မှနေ၍ လျင်လျင်ထက်ထက် တိုက်ခိုက်လာသည်။

တရုတ်တပ်များက ဤသို့လျင်လျင်ထက်ထက် တိုက်ခိုက်လိမ့်မည်ဟု မထင်ခဲ့သော ကျွန်တော်တို့အဖို့ အိပ်မက်,မက်နေသကဲ့သို့ ဖြစ်နေတော့၏။

တရုတ်တို့က ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ကြသောကြောင့်လည်း ထိခိုက်ကျဆုံးသူများပြားလေသည်။ ရစ်ပုံရွာထဲမှ ခုခံနေသော ရန်သူ ၁၅၀ အနက် ၁၀၀ ခန့်မှာလည်း တိုက်ပွဲအတွင်းတွင်ပင် အသက်ပျောက်သွားခဲ့၏။

ကျန်နေသောတပ်သားများက ရွာကိုစွန့်လွှတ်၍ ဆုတ်ပြေးရာတွင် ကျွန်တော်တို့တပ်မှ တိုက်ကင်းအဖွဲ့များဖြင့် ရန်သူလေးယောက်သာ လက်လွတ်ထွက်ပြေးနိုင်သည်ဟု ယုံကြည်ရလေသည်။

ရစ်ပုံတွင် အထိအခိုက်များသော တိုက်ပွဲပေါ်ပေါက်လာခြင်းကိုထောက်၍ ကျွန်တော်တို့တပ်များ ဧရာဝတီအထက်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရန်သူ့ဌာနချုပ်က သတင်းရရှိသွားမည်မှာ ယုံမှားဖွယ်ရာမရှိ။

ဤအချိန်တွင် ဗိုလ်မှူးကြီးဟန်တာဦးစီးရသော ကျွန်တော်တို့ အမှတ်(၁) တပ်ရင်းနှင့် တရုတ်တို့၏ အမှတ်(၁၅၀) ရယ်ဂျီမင့်က ရှေ့ပြေးချီတာဝန်ထမ်းဆောင်လာခဲ့၏။

မြစ်ကြီးနားသို့ရောက်ရန် ၃၅ မိုင်မျှသာ လိုတော့သောအချိန်တည်း။

ကျွန်တော်တို့အမှတ်(၁)တပ်ရင်းကိုပင် မြစ်ကြီးနားလေယာဉ်ကွင်း တက်

ရောက်သိမ်းပိုက်ရန် တာဝန်ပေးခြင်းခံရ၏။

ဗိုလ်မှူးကြီးဟန်တာသည် ကျွန်တော်တို့စစ်ကြောင်းမှ တောင်ပံကို အကာအကွယ်ပေးနိုင်ရန်နှင့် ရန်သူဂျပန်များအားလည်း လှည့်စားနိုင်ရန်အတွက် ဗိုလ်မှူးကြီး ကင်နီဆင် ဦးစီးသော အမှတ်(၃)တပ်ရင်းနှင့် အမှတ်(၈၈) ရယ်ဂျီမင့်ကို အရှေ့ဘက်စူးစူးသို့ မိုင် ၂၀ ခန့်အထိ ချီတက်စေပြီး အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ခေါင်းဆောင်သော ကချင်နှင့် ဂေါ်ရခါးတပ်အချို့ကို တင်ကရုကွမ်ရွာတွင် ပိုင်းဝန်းတိုက်ခိုက်နေသည့် ဂျပန်တပ်အချို့ကို နောက်မှနေ၍ တိုက်ခိုက်စေသည်။

အမှတ်(၃)တပ်ရင်းသည် တင်ကရုကွမ်ရွာသို့ ရောက်ရှိသွားပြီးနောက် တပ်စုတစ်စုသာမျှသာရှိသည်ဟု ထင်ရသော ရန်သူကို နောက်မှနေ၍ ညှပ်လျက်တိုက်ခိုက်ပေးသည်။

သို့သော် ရန်သူများက စစ်ကူခေါ်ယူလိုက်သောကြောင့် တပ်ရင်းတစ်ရင်းစာမျှ ရန်သူများရောက်လာပြီး ဗိုလ်မှူးကြီးကင်နီဆင်၏တပ်များ ဖိ၍အတိုက်ခံလာရတော့၏။

တင်ကရုကွမ်သို့ ချီတက်ခဲ့ရာတွင် မြေနိမ့်လွင်ပြင်သို့ ရောက်ရှိလာသည့် အလျောက် ပူပြင်းခြောက်သွေ့သည့် ဒဏ်ကလည်း ပို၍ဆိုးရွားလာလေရာ ချီတက်ခဲ့သော ရဲဘော်များအနက် အတော်များများပင် နာမကျန်းဖြစ်ကာ တိုက်ပွဲမဝင်နိုင်လောက်သည့် အခြေသို့ ရောက်ခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ၊ ဗိုလ်မှူးကြီးကင်နီဆင်သည် ရှိသမျှအင်အားဖြင့် တိုး၍တိုး၍ ဖိလာသော တပ်ရင်းတစ်ရင်းစာမျှရှိသည့် ရန်သူကို ဆက်လက်ခုခံရင်း၊ တရုတ်တပ်ခွဲတစ်ခုအား ရန်သူ၏တောင်ပံကို ပန်းပိုက်၍ ချီတက်စေပြီးနောက် နောက်ပိုင်းမှနေ၍ တိုက်ခိုက်စေသည်။

ဗိုလ်မှူးကြီးကင်နီဆင်နှင့် တရုတ်တပ်များသည် နောက်ထပ်နှစ်ရက်ကြာသည့်တိုင်အောင် ရန်သူအား ဖွဲ့နပဲကြီးကြီးဖြင့် ဆက်၍တိုက်ခိုက်၏။

ရန်သူဘက်မှ အင်အားကောင်းရုံသာမက ထိုးဖောက်ဝင်ရောက်နိုင်လောက်သော ဟာကွက်မရှိအောင် စေ့စပ်သေချာလှရကား ဗိုလ်မှူးကြီးကင်နီဆင်နှင့် တရုတ်တပ်များသည် ထိုးဖောက်၍မတက်နိုင်တော့အောင် ရှိနေတော့၏။

ချီတက်ရာလမ်းတစ်လျှောက်တွင်ပင် အင်အားကုန်ခန်းနေခဲ့ပြီဖြစ်သော ကျွန်တော်တို့၏ တပ်ဖွဲ့ဝင်များအဖို့ တင်ကရုကွမ်တိုက်ပွဲမှာ စွန့်စားရကျိုးမနပ်သည့် တိုက်ပွဲသာ ဖြစ်နေလေသည်။

တိုက်ပွဲတွင် ရှစ်ယောက်ကျဆုံးပြီး ၂၁ ယောက် ဒဏ်ရာရရှိခဲ့၏။ တရုတ်တပ်များဘက်တွင် ဤထက်ပို၍ အကျအဆုံး အထိအနိုက် များပြားခဲ့သည်။

တပ်စုတစ်စုစာလောက်သာ အင်အားရှိသည်ဟု ထင်ရသော ရန်သူကို လွယ်လွယ်နှင့် အနိုင်ရမည်ဟူ၍ စစ်ဆင်ခဲ့သော ဗိုလ်မှူးကြီးကင်နီဆင်မှာ ရန်သူဘက်မှ တပ်ရင်းတစ်ရင်းစာမျှ စစ်ကူရောက်ရှိလေသောကြောင့် သုံးရက်မျှဆက်၍ တိုက်ခိုက်ခဲ့ရ၏။

ဤသို့တိုက်ခိုက်ခဲ့ရသောကြောင့်လည်း ခဲယမ်းမီးကျောက်အင်အားမှာ အတော်ပင် လျော့နည်းလာခဲ့ပြီဖြစ်၏။

လာရင်းကိစ္စကလည်း အမှတ်(၁)တပ်ရင်း၏ တောင်ပံကို အကာအကွယ်ပေးရန်နှင့် ရန်သူအား ထွက်ယောင်ပြရန်သာဖြစ်ရာ ဤမျှတိုက်ပြီးနောက် ရှေ့ဦးချီတပ်ရှိရာသို့ ဆုတ်ခွာသင့်ပြီဟု ဗိုလ်မှူးကြီးကင်နီဆင်က မှတ်ယူမိသည်။

သို့ရာတွင် ရန်သူနှင့် သုံးရက်တိုင်တိုင် သဲသဲမဲမဲ တိုက်ခိုက်နေပြီးနောက် ရုတ်တရက် ဆုတ်ခွာလာမည့်အရေးမှာ အပြောလွယ်သလောက် အလုပ်ခက်လှချေသည်။

ဒဏ်ရာရရှိနေသော ရဲဘော်များ အစာရေစာပြတ်လပ်သဖြင့် အားအင်ကုန်ခန်းနေသော ရဲဘော်များအား အတူတွဲ၍ခေါ်ကာ မှောင်ကြီးမည်းမည်းထဲ၌ တပ်ဆုတ်ရမည့်အရေးမှာ ခက်ခဲလှချေသည်။

ဤအချိန်တွင် ရှေ့ဦးချီတပ်အဖြစ် ချီတက်လာခဲ့သော ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းမှာ မြစ်ကြီးနားလေယာဉ်ကွင်းနှင့် လက်တစ်လှမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်၏။

မေလ ၁၃ ရက်နေ့အထိ အမှတ်(၃)တပ်ရင်းသည် တင်ကရူကွမ်တွင် ရှိနေသေးသည်။ ပို၍တောင်ဘက်ကျသောနေရာမှ ချီတက်လာခဲ့သော အမှတ်(၂)တပ်ရင်းမှာ ကုမံတောင်တန်းပေါ်တွင်ပင် ရှိနေသေး၏။

ဗိုလ်မှူးကြီးဟန်တာ ခေါင်းဆောင်သော အမှတ်(၁)တပ်ရင်းမှာမူ နမ့်ကွေးချောင်း၏ ရေဝေကုန်းတန်းဆီသို့ ရောက်နေပြီဖြစ်၏။

ထိုနေ့ညနေတွင်ပင် နော်ဘွမ်း၌ ဌာနချုပ်ဖွင့်ထားသော ဗိုလ်ချုပ်ကြီးမာရီးက ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံသို့ သတင်းတစ်ရပ် ပေးပို့ခဲ့၏။

"မြစ်ကြီးနားလေယာဉ်ကွင်းသို့ အရောက် တက်ရောက်ချီတက် နက်ဖြန်နေ့လယ်အထိ စောင့်ဆိုင်းပြီး အင်အားပြည့်ပြည့်စုံစုံဖြင့် ချီတက်တော့မည်"

ဟူသော သတင်းပင်တည်း။

နမ့်ကွေးရေဝေကုန်းတန်းမှနေ၍ မေလ ၁၂ ရက်နေ့တွင် ဆက်လက်ချီတက်လာခဲ့သော ဗိုလ်မှူးကြီးဟန်တာ၏ အမှတ်(၁)တပ်ရင်းသည် တောများ၊ တောင်များကို ဖြတ်လာခဲ့ပြီးနောက် ၁၅ ရက်နေ့ညအထိ တောထဲတွင် ပုန်းအောင်းစခန်းချနေလိုက်၏။ အဘယ်ကြောင့်ဆိုသော် ရည်မှန်းချက်ဖြစ်သော မြစ်ကြီးနားလေယာဉ်ကွင်းသို့ရောက်ရန် မိုင် ၂၀ ခန့်သာ လိုတော့သည့်အပြင် ချီတက်ရမည့်လမ်းခရီးမှာလည်း ပြန့်ပြူးသောမြေအပြင်ကို ဖြတ်၍ ချီတက်ရမည် ဖြစ်သောကြောင့်တည်း။

မေလ ၁၅ ရက်နေ့ မှောင်စပြုသည်နှင့်တစ်ပြိုင်နက် ဗိုလ်မှူးကြီးဟန်တာဦးစီးသော အမှတ်တစ်တပ်ရင်းသည် တရုတ်တပ်များနှင့်အတူ အရောက်အပေါက်နည်းလှသော တောလမ်းခရီးအားဖြင့် မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ ရှေးရှုချီတက်လာခဲ့သည်။

မြစ်ကြီးနားလေယာဉ်ကွင်းသို့ ပေါက်ရောက်နိုင်သော တောလမ်းဟူသမျှတွင် ရန်သူဂျပန်တပ်များက စောင့်ကြိုခုခံနေမည်စိုးသောကြောင့် အသွားအလာနည်းပါးသော တောလမ်းကိုမှ ရွေး၍ ကချင်လမ်းပြ အကူအညီဖြင့် ချီတက်လာခဲ့ရာတွင် ည ၁၀ နာရီအချိန်သို့ ရောက်သောအခါ တပ်ရင်းစစ်ကြောင်းသည် မနားလျှင် မဖြစ်သော အရေးပေါ်ကိစ္စဖြင့် ည ၂ နာရီခွဲအချိန်အထိ ရပ်နား၍ နေခဲ့ရ၏။

အဘယ်ကြောင့်ဆိုသော် လမ်းပြဖြစ်သူ ကချင်အမျိုးသားမှာ အဆိပ်ပြင်းထန်သော မြွေတစ်ကောင်၏ ကိုက်ခဲခြင်းကို ခံလိုက်ရသောကြောင့်ပင်တည်း။

ထိုတပ်ရင်းစစ်ကြောင်းတွင် ပါရှိလာသော ဆေးမှူး ၂ ဦးက အဆိပ်ဒဏ်ကြောင့် ရောင်ကိုင်း၍လာသော ကချင်လမ်းပြ၏ ခြေထောက်ကို ခွဲစိတ်ကာ အဆိပ်များကို တစ်ယောက်တစ်လှည့်စီ စုပ်ယူကြ၏။

မေလ ၁၅ ရက်နေ့ ည ၂ နာရီခွဲအချိန်တွင် ကချင်လမ်းပြ၏ အခြေအနေမှာ အတော်အသင့် ကောင်းမွန်၍လာသောကြောင့် လမ်းပြဖြစ်သူအား ဗိုလ်မှူးကြီး ဟန်တာ၏ မြင်းပေါ်တွင်တင်ကာ တပ်ရင်းစစ်ကြောင်းသည် ခရီးဆက်ခဲ့လေသည်။

မေလ ၁၆ ရက်နေ့ နံနက်အချိန်တွင် အမှတ်(၁)တပ်ရင်း စစ်ကြောင်းနှင့် တရုတ်တပ်များသည် နွေအခါတွင်သာ သွားလာနိုင်သော မိုးကောင်း-

မြစ်ကြီးနား ကားလမ်းကို ဖြတ်ကျော်၍ ချီတက်လာနိုင်ခဲ့သည်။

အတန်ကြာလျှင်ပင် မြစ်ကြီးနား ရထားလမ်းကို ထပ်မံဖြတ်ကျော်လာခဲ့ပြီးနောက် နမ့်ကွေးရွာထဲသို့ ရောက်ရှိလာခဲ့တော့၏။

ဤရွာထဲတွင် အစောင့်အနေချထားသော ဂျပန်တပ်များကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း ရန်သူဆို၍ တစ်ယောက်မျှမတွေ့ရ။

တပ်ရင်းသည် ရွာနှင့်တကွ ရွာနီးချုပ်စပ်ကို လိုက်လံကြည့်ရှု စစ်ဆေးပြီးနောက် နမ့်ကွေးချောင်းကမ်းပါးပေါ်တွင် ခေတ္တတပ်စွဲ၍ထားလိုက်လေသည်။

နမ့်ကွေးရွာမှဆိုလျှင် အဓိကရည်ရွယ်ချက်ပစ်မှတ်ဖြစ်သော မြစ်ကြီးနား လေယာဉ်ကွင်းသည် လေးမိုင်မျှသာ ကွာလျက်ရှိပါတော့သတည်း။

◆

# ( ၁၁ )

## လေယာဉ်ကွင်း "တိုက်ပွဲ"

မေလ ၁ ရက်နေ့တွင် မြစ်ကြီးနားလေယာဉ်ကွင်းနှင့် လေးမိုင်မျှသာ ကွာသော နမ့်ကွေးရွာသို့ ချီတက်လာနိုင်ခဲ့ပြီဖြစ်သော်လည်း ဗိုလ်မှူးကြီးဟန်တာ သည် လေယာဉ်ကွင်းရှိရာသို့ မေလ ၁၇ ရက်နေ့ နံနက်တွင်မှ ချီတက်သိမ်း ပိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့၏။

အဘယ်ကြောင့်ဆိုသော် ရန်သူဂျပန်များသည် နံနက်နှင့် နေ့ခင်းအချိန် များ၌ မဟာမိတ်လေတပ်မှ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များ အချိန်မရွေး လာရောက်တိုက်ခိုက်လေ့ရှိသည်ကို သိရှိနေကြသည့်အတိုင်း သစ်ပင်ထူထူပေါက် ရာ တောထဲသို့ဝင်၍ ပုန်းရှောင်နေလေ့ရှိခြင်းကို ဗိုလ်မှူးကြီးဟန်တာက အခွင့် ကောင်းယူလိုက်သောကြောင့်ပင်တည်း။

အဘယ်သို့ပင်ဖြစ်စေ ဗိုလ်မှူးကြီးဟန်တာသည် မေလ ၁၆ ရက်နေ့ ညကပင် ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့အား မြစ်ကြီးနားလေယာဉ်ကွင်း အနေ အထားကို ထောက်လှမ်းရန် စုံစမ်းခဲ့ပြီးဖြစ်၏။

ဤကဲ့သို့သော ထောက်လှမ်းမှုမျိုးကို ဆောင်ရွက်ရာ၌ တပ်စုမှူးဖြစ်သူ ဆမ်ဝီလ်ဆင်မှာ ရှေ့ဆုံးမှပါနေကျဖြစ်သော်လည်း ယခုအကြိမ်တွင်မူ ကင်းလှည့်

လာသော ဂျပန်တပ်ဖွဲ့ကလေးများနှင့်တွေ့လျှင် မြစ်ကြီးနားလေယာဉ်ကွင်းကို တိုက်ရန် အမေရိကန်တပ်များ ရောက်ရှိနေကြောင်း၊ တနှယ်ငင်တစေ့ပါဆိုသကဲ့သို့ ရိုပ်မိသိရှိမည်စိုးသဖြင့် မြန်မာရုပ်ရည်နှင့် မည်ကဲ့သို့ ရုပ်ဖျက်ထားစေကာမူ မတူနိုင်သော ဆမ်ဝိလ်ဆင်အား တာဝန်ပေးခြင်းမပြုဘဲ သူ့တပ်စုမှ တပ်ကြပ်ကြီးတစ်ဦးနှင့် ရဲဘော်လေး ငါးယောက်ကိုသာ တာဝန်ပေးခဲ့ခြင်းဖြစ်လေသည်။

တပ်ကြပ်ကြီးခေါင်းဆောင်သော ထောက်လှမ်းရေးအဖွဲ့သည် မေလ ၁၆ ရက်နေ့ညတွင် ရန်သူသိမ်းပိုက်ထားသော မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ ရုပ်ဖျက်၍ လျှို့ဝှက်စွာချီတက်သွားပြီးနောက် လေယာဉ်ကွင်းအနေအထားနှင့် ရန်သူ့အခြေအနေကို ပိပိရိရိ ထောက်လှမ်းနိုင်ခဲ့ကြ၏။

ထောက်လှမ်းရေးအဖွဲ့၏ သတင်းအရ လေယာဉ်ကွင်းတွင် ရန်သူတပ်များ အင်နှင့်အားနှင့် ချထားခြင်းမရှိဟု သိရ၏။

သို့ရာတွင် အရေးကြုံလာပါက ပိုမိုစိတ်ချစေရန်အတွက် တရုတ်တပ်တွင် ပါလာသော အမြောက်လက်နက်များကို အသင့်ပြင်ဆင်ကာ မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ ချိန်၍ထားစေသည်။

ကင်းထောက်အဖွဲ့ ပြန်ရောက်လာပြီးနောက် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ရန် အခွင့်အလမ်းသာလျက်ရှိကြောင်း သိရှိရသောကြောင့်လည်း ရဲဘော်အားလုံးပင် စိတ်အားတက်ကြွနေကြ၏။

မြစ်ကြီးနားလေယာဉ်ကွင်းကိုသာ သိမ်းပိုက်နိုင်ခဲ့လျှင်ဟူသော အတွေးက ရဲဘော်များအား သွေးထိုးပေးလျက်ရှိကာ အိပ်မပျော်နိုင်အောင်ပင် စိတ်အားတက်ကြွနေခြင်းပင်ဖြစ်၏။

ဗိုလ်မှူးကြီးမာရီးကိုယ်တိုင်က ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အား မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်ပြီးလျှင် အိန္ဒိယသို့ပို့၍ အနားကောင်းကောင်းပေးကာ အစားကောင်းကောင်းကျွေးမည်ဟု ဝန်ခံကတိထားခဲ့၏။

သို့ဖြစ်၍လည်း ကျွန်တော်တို့၏ တပ်ဖွဲ့တွင် မူလစစ်ထွက်လာစဉ်က လူအင်အား သုံးပုံတစ်ပုံခန့်သာ ကျန်ရှိပြီး ထိုကျန်ရှိသော ရဲဘော်များအနက်တွင်လည်း လမ်းပင် ကောင်းကောင်းမလျှောက်နိုင်သော ရဲဘော်များသာ များနေခဲ့ရာ ဗိုလ်ချုပ်ကြီးမာရီး၏ တိုက်တွန်းချက်ကြောင့်သာ နပမ်ဂါးမှနေ၍ ကူမုံတောင်တန်းကြီးများကို ဖြတ်ကျော်လျက် မြစ်ကြီးနားလေယာဉ်ကွင်းသို့ အရောက်ချီတက်လာခဲ့ခြင်းဖြစ်၏။

နပမ်ဂါးတိုက်ပွဲကြီး ပြီးသည်အထိ အသေခံကာ တိုက်ခိုက်ခဲ့ရပြီး သေလောက်အောင် အနှိမ်ခံခဲ့ရသော ကျွန်တော်တို့၏ ၃၀၇ တပ်ဖွဲ့သည် နောက်ဆုံး ဝိတ် အိတ်နှင့်လွယ် ဟူသောစကားအတိုင်း အာရှအရှေ့တောင်ပိုင်း စစ်ဒေသတွင် မဟာမိတ်နိုင်ငံများအတွက် စစ်ရေးအရ များစွာ အချက်အချာကျလှသော မြစ်ကြီးနားလေယာဉ်ကွင်းကို ကျွန်တော်တို့တပ်ဖွဲ့က သိမ်းယူ၍ပေးနိုင်တော့မည် ဖြစ်၏။

မည်မျှဝမ်းသာစရာကောင်းပါလဲ။

မေလ ၁၆ ရက်နေ့ည သန်းခေါင်ယံအချိန်တွင် စခန်းချရပ်နားရာ နမ့်ကွေးချောင်းအနောက်ဘက်ရှိ ရထားလမ်းမှနေ၍ မီးရထားတစ်စီး မြစ်ကြီးနားမှ မိုးကောင်းဘက်သို့ ခုတ်မောင်းသွားသံကို ကြားလိုက်ရသောကြောင့်လည်း မြစ်ကြီးနားမြို့ရှိ ဂျပန်မြို့တော်တပ်သည်လည်းကောင်း၊ လေယာဉ်ကွင်းရှိ ဂျပန်တပ်များသည်လည်းကောင်း ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းနှင့် အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်တပ်တို့က နံနက်မိုးသောက်အလင်းသို့ ရောက်နှင့်တစ်ပြိုင်နက် မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်ရန်အတွက် နမ့်ကွေးချောင်းပေါ်တွင် ရောက်ရှိနေကြောင်း နည်းနည်းကလေးမှ ရိပ်မိသိရှိခြင်းမရှိသေးကြောင်း လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလျက်ရှိနေလေသည်။

ကျွန်တော်တို့ တက်ရောက်သိမ်းပိုက်ရတော့မည့် မြစ်ကြီးနားလေယာဉ်ကွင်းသည် ပင်မထီးရွာနှင့် ဗို၍နီးကပ်စွာ တည်ရှိနေ၏။

မြောက်ဘက်မှစီးဆင်းလာသော မြစ်မင်းဧရာဝတီသည် မြစ်ကြီးနားမြို့ကို ကမ်းနားဘေးတွင်ထားခဲ့ပြီးနောက် ပို၍တောင်ဘက်ကျသောနေရာသို့ စီးဆင်းသွားသည်။

ဧရာဝတီမြစ်ကမ်းပါးနှစ်ဖက်အကြား မြစ်ကြီးနားမြို့၏ တောင်ဘက်တွင် ဇိုးကျွန်းဟုခေါ်သော ကျွန်းကလေးတစ်ကျွန်း ရှိနေ၏။ ဤကျွန်းကို မြစ်မင်းဧရာသည် စက်ဝိုင်းခြမ်းသဏ္ဌာန်နီးပါးဖြစ်ကာ အနောက်မြောက်ဘက်သို့ မိုင်အနည်းငယ်ခန့် ဆက်လက်စီးဆင်းသွားပြီးနောက်မှ တောင်ဘက်သို့ ဆက်လက်ခရီးဆက်လျက်ရှိ၏။

သို့ဖြစ်၍ ကျွန်တော်တို့တပ်ဖွဲ့က ချီတက်လုပ်ကြံရမည့် နယ်မြေတွင် မြစ်မင်းဧရာ၏ အနေအထားသည် အင်္ဂလိပ်စာလုံး (U)ပုံသဏ္ဌာန် တည်ရှိနေ

လေသည်။

အင်္ဂလိပ်စာလုံး "ယူ"၏ လက်ယာဘက်ထိပ်ပေါ်တွင် မြစ်ကြီးနားမြို့ တည်ရှိနေပြီး မြစ်ကြီးနားနှင့် အနောက်ဘက် ၅ မိုင်ခန့်အကွာ "ယူ"စာလုံး လက်ဝဲဘက်ထိပ်ပေါ်တွင် ပင်မထီးရွာ တည်ရှိနေ၏။

မြစ်ကြီးနားလေယာဉ်ကွင်းသည် "ယူ"စာလုံး ထိပ်နှစ်ခုအကြားတွင် တည်ရှိနေပြီး အနောက်ရှိ ပင်မထီးရွာနှင့် ပို၍နီးကာ နမ့်ကွေးရွာ တောင်ဘက်စူးစူးတွင် တည်ရှိနေခြင်းဖြစ်၏။

ဤပစ်မှတ်ကို ကျွန်တော်တို့တပ်ဖွဲ့သည် တက်ရောက်သိမ်းယူရပေတော့မည်။

ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း မေလ(၇)ရက်နေ့၊ နေထွက်လာသည်နှင့် တစ်ပြိုင်နက် ဗိုလ်မှူးကြီးကေ့စ်ဘုံး ခေါင်းဆောင်သော အမှတ်(၁)တပ်ရင်းနှင့် အမှတ်(၁၅၀)တရုတ်ရယ်ဂျီမင့်တို့သည် စခန်းချ ရပ်နားရာ နမ့်ကွေးချောင်းပေါ်မှ မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ ချီတက်လာခဲ့ကြ၏။

မကြာမီပင် တစ်လုံးတစ်စည်းတည်း ချီတက်လာသော စစ်ကြောင်းကို နှစ်ကြောင်းခွဲ၍ ဖြန့်လိုက်၏။

အမှတ်(၁၅၀) တရုတ်တပ် အရှေ့ဘက်အတိုင်း လေယာဉ်ကွင်းရှိရာသို့ ချီတက်ပြီး အမှတ်(၁)တပ်ရင်းက အနောက်လမ်းအတိုင်း ပင်မထီးရွာရှိရာသို့ ချီတက်သည်။

ပင်မထီးရွာနှင့် နီးကပ်လာသောအခါ မြေပြင်အနေအထားသည် ဖြန့်ပြူး၍ ရှိလာရကာ အမှတ်(၁)တပ်ရင်းမှ ရဲဘော်များအတွက် စိတ်မလုံသကဲ့သို့ပင် ဖြစ်လာရတော့၏။

အဘယ်ကြောင့်ဆိုသော် တောထဲတောင်ထဲ၌သာ သုံးလကျော်ကျော် ဆက်၍တိုက်နေရသော တပ်တစ်တပ်သည် မြေပြန့်လွင်ပြင်သို့ ရောက်ရှိလာသောအခါ နယ်မြေအနေအထားကို စိမ်း၍နေတတ်သည့်သဘော ရှိသောကြောင့်ပင်တည်း။

ပင်မထီးရွာတစ်ဝိုက်တွင် ရန်သူများရှိနေခြင်းကို သိသာနိုင်၏။

ရန်သူ့လက်ဖြောင့်တပ်သားတစ်ယောက်က ချီတက်လာသော အမှတ်(၁) တပ်ရင်းမှ ရဲဘော်များကို အခွင့်ရတိုင်း ပစ်ခတ်နေ၏။

လွန်ခဲ့သော သုံးလေးလအချိန်ကဆိုလျှင် တပ်ရင်းတစ်ခုလုံးသည် သေနတ်

သံ ကြားသည်နှင့်တစ်ပြိုင်နက် မြေတွင် ပြားပြားမှောက်၍ အကာအကွယ်ယူကြမည်ဖြစ်၏။ သို့ရာတွင် တိုက်ပွဲအတွေ့အကြုံမှာ ဝါရင့်ခဲ့ပြီဖြစ်သည့်အလျောက် သေနတ်သံကြားတိုင်း ကြောက်လန့်ခြင်းမရှိတော့။ သေနတ်သံလာရာအရပ်ကိုပင် မှန်းဆနိုင်ကာ မိမိတို့အား အန္တရာယ်ပေးနိုင် မပေးနိုင်ကိုပင် ဆုံးဖြတ်နိုင်သည့်အကျင့် ရှိနေကြပြီဖြစ်၏။

ပင်မထိုးရှာတစ်ဝိုက်ရှိ ရန်သူကို တွန်းလှန်တိုက်ခိုက်ရန်အတွက် တပ်စုတစ်စုကို တာဝန်ပေး၍ထားခဲ့ပြီးနောက် တပ်ရင်းသည် မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိနိုင်သော လမ်းအတိုင်း ဆက်လက်ချီတက်လာခဲ့လေသည်။

လေယာဉ်ကွင်းသို့ ချီတက်ရာလမ်းတွင် တပ်ရင်းဆီသို့ ပြေး၍လာကြသော အိန္ဒိယအမျိုးသားအချို့ကို တွေ့ရ၏။ အိန္ဒိယအမျိုးသားအချို့က ဂျပန်စစ်သား ၃၀ ခန့်သည် မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိနိုင်သောလမ်းကို ဖြတ်တောက်ပိတ်ဆို့ထားရုံမက သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ကတုတ်ကျင်းများတူးကာ အသင့်ရှိနေခြင်းဖြင့် ကြောက်လန့်တကြား သတင်းပို့လေသည်။

ရှေ့ပြေးတပ်စုအဖြစ် ချီတက်လာကြသော ဆမ်ဝီလ်ဆင်သည် အိန္ဒိယအမျိုးသားထံမှ ရန်သူ့အခြေအနေကို ကြားလျှင်ကြားရချင်း တပ်ရင်းနောက်ပိုင်းသို့ပြေးကာ သက်ဆိုင်ရာတိုက်ခိုက်ရေးအဖွဲ့မှ တပ်မှူးအား ထပ်၍သတင်းပို့လိုက်၏။

"ရန်သူက ကတုတ်ကျင်းတွေတူးပြီး လမ်းကပိတ်ဆို့ထားရင်လည်း ကျုပ်တို့က ရန်သူတွေကို ချေမှုန်းပစ်လိုက်ရတာပေါ့"

တိုက်ခိုက်ရေးအဖွဲ့မှ တပ်မှူး၏စကားကို ဆမ်ဝီလ်ဆင်က ငြိမ်သက်စွာနားထောင်၍နေပြီးမှ…

"ကျွန်တော်တို့ဟာ မြေပြန့်ကိုရောက်နေပါပြီ။ ရန်သူတွေက ဆီးပြီးပိတ်ဆို့ထားတာကို ရှောင်လွှဲသွားနိုင်တဲ့ နေရာတွေ အများကြီးရှိပါတယ်။ ဒီတော့ လမ်းကဆီးပြီးပိတ်ဆို့ထားတဲ့ ရန်သူကိုပင် တက်ပြီးတိုက်မလား၊ လွတ်ရာ ကင်းရာကနေပြီး မြစ်ကြီးနားလေယာဉ်ကွင်းအရောက် ချီတက်သိမ်းပိုက်ရမလားဆိုတာ အမိန့်ပေးပါ"ဟု အကျိုးအကြောင်းပြ၍ မေးလိုက်၏။

တိုက်ခိုက်ရေးအဖွဲ့ တပ်မှူးဖြစ်သူသည် ဆမ်ဝီလ်ဆင်၏ မေးခွန်းကို နှစ်နှစ်ခြိုက်ခြိုက်ပင် လက်ခံလိုက်၏။

ရှေ့မှပိတ်ဆို့ ဆီးတားနေသော ရန်သူကို ရှောင်ကွင်းပန်းဝိုက်၍ သွားနိုင်

သောနေရာများ ရှိနေပါလျက် အဓိကပစ်မှတ်ဖြစ်သော မြစ်ကြီးနားလေယာဉ်ကွင်းသို့ ချီတက်တိုက်ခိုက်ခြင်းမပြုဘဲ လမ်းတစ်ဝက်မှနေ၍ ကျွန်တော်တို့တပ်ရင်း၏ ချီတက်မှုကို နှောင့်နှေးကြန့်ကြာအောင် တမင်ကလာ အလှရာယ်ပြုလာသော ရန်သူ ၃၀ လောက်ကို သွား၍တိုက်နေခြင်းမှာ ရန်သူ့ပရိယာယ်အတွင်းသို့ ထိုးဆင်း၍ကျသွားခြင်းပင် မဟုတ်ပါလား။

သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ကတုတ်ကျင်းများတူး၍ လမ်းကိုပိတ်ဆို့ထားသော ဂျပန်စစ်သား ၃၀ ခန့်ရှိသည့်နေရာကို ရှောင်ကွင်းပန်းဝိုက်၍ တပ်ရင်းသည် ချီတက်လာခဲ့၏။

ဤသို့ချီတက်လာခဲ့ရာ၌ ရန်သူဘက်မှ သေနတ်သံတစ်ချက်မှ မကြားရဘဲ မြစ်ကြီးနားလေယာဉ်ကွင်းသို့အရောက် အခြေအနေထူးခြားနေခြင်းမှာ တပ်ရင်းမှူးတပ်မှူးလုပ်သူအဖို့ စဉ်းစားစရာအချက်အလက် ဖြစ်နေလေသည်။

ပင်မထိုးမှ ချီတက်လာသော ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းကဘေးမသီရန်မခဘဲ မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိလာသည့်နည်းတူ အရှေ့ဘက်လမ်းအတိုင်း ချီတက်လာခဲ့သော အမှတ် ၁၅၀ တရုတ်ရယ်ဂျီမင့်တပ်ကလည်း အခက်အခဲများစွာမရှိလှဘဲ အချိန်မီပင် လေယာဉ်ကွင်းသို့ ရောက်ရှိလာခဲ့ပြီး ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းနှင့် အဆက်အသွယ် ရရှိလာတော့သည်။

ဂျပန်တပ်များက လေယာဉ်ကွင်း အရှေ့ဘက်ရှိ ရေသွယ်မြောင်းများတွင် နေရာယူလျက်ရှိကြရာ တရုတ်တပ်များက ခံစစ်ပြုနေသော ဂျပန်တပ်များကို မောင်းထုတ်လျက် ရှိနေလေသည်။

မြစ်ကြီးနားလေယာဉ်ကွင်း၏ အနောက်ဘက် အစွန်ဆုံးသို့ရောက်အောင် ချီတက်လာနိုင်ခဲ့သော ကျွန်တော်တို့၏တပ်ရင်းသည် လေယာဉ်ကွင်းအရှေ့ဘက်၌ တရုတ်တပ်များနှင့် ဂျပန်တပ်များ တိုက်ခိုက်နေပုံကို ဘောလုံးပွဲတစ်ပွဲကြည့်နေရသကဲ့သို့လည်းကောင်း၊ ရုပ်ရှင်ပွဲတစ်ပွဲကိုကြည့်နေရသကဲ့သို့ လည်းကောင်း အေးအေးဆေးဆေးစောင့်၍ ကြည့်နေနိုင်ခဲ့ကြ၏။

အနောက်ဘက် ကွင်းစပ်မှနေ၍ ကြည့်နေရသော ကျွန်တော်တို့အဖို့တရုတ်စစ်သားများ၏ အရပ်အမောင်းမှာ သူတို့ကိုင်ဆောင်ထားသော လုံ့စွပ်တပ်ရိုင်ဖယ်များထက် သေးငယ်နေသည်ဟု ထင်ရ၏။

ထိုးစစ်ဆင်နွှဲရန် အချက်ပေးသည့် ခရာသံ ပေါ်လာသည့်အခါတိုင်း

လူနှင့်မလိုက်အောင် ရှည်လျားသော လှံစွပ်တပ်ရိုင်ဖယ်ကြီးများကို လူနှင့်မလိုက်အောင် ကိုင်ဆောင်ထားကြသော တရုတ်စစ်သားများသည် ဂျပန်စစ်သားများ ခံစစ်ပြုနေရာသို့ ပြေး၍တက်နေကြသည်ကို တွေ့နေရ၏။

အတုံးအရုံး လဲကျသွားသူများ၊ ရန်သူဘက်မှပစ်လိုက်သော မော်တာဗုံးကြောင့် ထွက်ပေါ်လာသော မီးခိုးများမှာ တကယ့်စစ်ကားတစ်ကားကို ကြည့်နေရသည်နှင့် တူနေလေသည်။

ကျွန်တော်တို့၏ တိုက်ပွဲစဉ်တစ်လျှောက်၌ ရုပ်ရှင်ကြည့်ရသကဲ့သို့ ကြည့်ရသော တိုက်ပွဲမှာ တရုတ်နှင့် ဂျပန်များတိုက်သော မြစ်ကြီးနားလေယာဉ်ကွင်း အရှေ့ဘက် ကွင်းစပ်တိုက်ပွဲပင် ဖြစ်လေသည်။

ဧပြီလ (၁၇)ရက်နေ့၊ နံနက်(၁၀)နာရီခွဲတွင် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်ကြီးမာရီးက မြောက်ပိုင်းဒေသ စစ်မှူးကြီးဖြစ်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံသို့ ဝမ်းသာစရာကောင်းသော သတင်းကို ပေးပို့နိုင်ခဲ့၏။

"လက်ဖှေ့ကြိုးဗိုင်းအတွင်းသို့ရောက်ပြီ"

အဓိပ္ပာယ်မှာ ဗိုလ်မှူးကြီးဟန်တာဦးစီးသော အမှတ်(၁)တပ်ရင်းသည် တရုတ်များနှင့်အတူ မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ပြီဟူသော အဓိပ္ပာယ်ပင်တည်း။

မေလ(၁၇)ရက်နေ့ ညနေ(၃)နာရီခွဲအချိန်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဌာနချုပ်မှနေ၍ ဗိုလ်ချုပ်ကြီးမာရီးရှိရာ စစ်ဌာနချုပ်သို့ လျှို့ဝှက်စကားလုံးကို သုံးထားသော သတင်းတစ်ခုကို ပေးပို့လိုက်၏။

"ဗင်းနစ်မြို့မှကုန်သည်ကြီး"

အဓိပ္ပာယ်မှာ အိန္ဒိယရှိ စစ်ဌာနချုပ်မှ စေလွှတ်လိုက်သော ရိက္ခာနှင့် စစ်ကူတပ်များကို တင်ဆောင်လာသည့် လေယာဉ်ကြီးများက မြစ်ကြီးနား လေယာဉ်ကွင်းပေါ်တွင် ဆင်းသက်နိုင်ပြီဟူသော အဓိပ္ပာယ်ပင်တည်း။

မြစ်ကြီးနားမြို့ထဲတွင် ဂျပန်မြို့စောင့်တပ်က ခံကတုတ်ကျင်းများကို အသင့်ပြင်ဆင်လျက် တက်လာမည့် မဟာမိတ်တပ်များကို ချေမှုန်းရန်ရှိနေကြောင်း သတင်းရရှိခဲ့၏။

သို့ရာတွင် မြစ်ကြီးနားမြို့အတွင်း၌ရှိနေသော ဂျပန်မြို့စောင့်တပ်က မြစ်ကြီးနားလေယာဉ်ကွင်းကို လာရောက်သိမ်းပိုက်နေသော ကျွန်တော်တို့၏

အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တပ်ရင်းတစ်နှင့် အမှတ် ၁၅၀ တရုတ်ရယ်ဂျီမင့်မှ တပ်များကို တွန်းလှန်တိုက်ခိုက်ရန် အဖွဲ့ကလေးတစ်ဖွဲ့မှ စေလွှတ်တာဝန်ပေးခဲ့ခြင်း မရှိသည်ကိုထောက်၍ မြစ်ကြီးနားမြို့အတွင်းရှိ ဂျပန်မြို့စောင့်တပ်တွင် လူအင်အား အပိုအမိုမရှိခြင်း ထင်ရှားလျက်ရှိနေလေသည်။

အမှန်စင်စစ်အားဖြင့်လည်း မြစ်ကြီးနားမြို့ထဲတွင် တိုက်နိုင်ခိုက်နိုင်သူ လူအင်အား (၇၀၀)ခန့်သာရှိနေသည်ဟု သတင်းရထားခဲ့၏။

ဤအင်အားမှာလည်း ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့နှင့် နပမ်ဂါး တိုက်ပွဲတွင် ရင်ဆိုင်ခဲ့ဖူးသော အမှတ်(၈) ဂျပန်တပ်မှ အမှတ်(၁၁၄) ရယ်ဂျီမင့်တွင် ပါဝင်သော ထက်ဝက်မျှသော အင်အားဖြစ်လေသည်။

အမှတ်(၁)တပ်ရင်းကို ဦးစီးရသော ဗိုလ်မှူးကြီးဟန်တာ၏ ရည်ရွယ်ချက်မှာ မြောက်ပိုင်းစစ်ဒေသဆိုင်ရာ ဗိုလ်ချုပ်ကြီးများက မြစ်ကြီးနားမြို့အား သိမ်းပိုက်ရန် အမိန့်ပေးထားခြင်းမရှိသည့်တိုင် မိမိတို့ဘက်မှ အခွင့်အလမ်းသာနေခိုက် မြို့တွင်းသို့ဝင်၍ ရန်သူမြို့စောင့်တပ်ကို တိုက်ခိုက်ချေမှုန်းပြီးနောက် မြို့ကိုပါ အုပ်စီး၍ထားလိုက်ပြီး မြစ်ကြီးနားသို့ စစ်ကူများရောက်ရှိလာနိုင်မည့် အဓိကလမ်းများကိုလည်း ပိတ်ဆို့ထားလိုက်ရန်ဖြစ်၏။

အကယ်၍သာ ရန်သူဘက်သို့ စစ်ကူရောက်လာနိုင်မည့် အဓိကလမ်းများကို ပိတ်ဆို့ထားခြင်းမရှိခဲ့လျှင် တောင်ဘက်မှနေ၍ စစ်ကူအင်အား မည်မျှအထိ ရောက်လာနိုင်သည်ကို မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်...။

အဘယ်ကြောင့်ဆိုသော် ဤအချိန်ဤအခါ၌ ဂျပန်တို့သည် မြစ်ကြီးနား အောက်ဘက်ရှိ မြန်မာတစ်ပြည်လုံးကို အင်ကြီးအားကြီးဖြင့် သိမ်းပိုက်ထားနိုင်သည့် အချိန်ကောင်း အခါကောင်း ဖြစ်နေသောကြောင့်ပင်တည်း။

ဗိုလ်မှူးကြီးဟန်တာသည် မြစ်ကြီးနားမြို့နှင့်တကွ မြစ်ကြီးနားမြို့သို့ ရန်သူ့စစ်ကူများ ရောက်ရှိလာနိုင်သည့် အဓိကလမ်းများကိုပါ အချိန်မီ အုပ်စီးထားနိုင်ရန်အတွက် ကျွန်တော်တို့တပ်ဖွဲ့မှ ဗိုလ်မှူးကြီးကင်နီဆင်နှင့် ဗိုလ်မှူးကြီး မက်ဂီးတို့ အလျင်အမြန် စစ်ကူလာရောက်ပါရန် သတင်းပို့ခဲ့၏။

ဤအချိန်တွင် ဗိုလ်မှူးကြီးကင်နီဆင်နှင့် ဗိုလ်မှူးကြီးမက်ဂီးတို့၏ တပ်များမှာ လမ်းတစ်ဝက်ကျော်ကျော်သို့သာ ရောက်ရှိနေသေး၏။

မြစ်ကြီးနားလေယာဉ်ကွင်းကိုသာ အုပ်စီးသိမ်းပိုက်နိုင်ခဲ့လျှင် လိုအပ်သော ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို အုပ်စီးမိသည်နှင့် တစ်ပြိုင်နက် အိန္ဒိယရှိ

စစ်ဌာနချုပ်မှနေ၍ ပေးပို့မည်ဟူ၍လည်း ဗိုလ်ချုပ်ကြီးမာရီးက ကတိပေးထားခဲ့၏။

ဤကတိကို ယုံကြည်ကာ မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်ခဲ့ခြင်းဖြစ်၏။

သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သော်လည်း ဆက်လက်ထိန်းသိမ်းထားနိုင်၊ မထားနိုင်ဆိုသော ပြဿနာမှာ စစ်ကူတပ်များနှင့် ရိက္ခာများ၊ ခဲယမ်းမီးကျောက်များ မြန်မြန်ထက်ထက် ရောက်ရှိလာသည့်အပေါ်တွင် မူတည်နေလေသည်။

မြစ်ကြီးနားလေယာဉ်ကွင်းကို အုပ်စီးထားနိုင်သည်နှင့်တစ်ပြိုင်နက် အိန္ဒိယမှ သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးများ ရောက်ရှိလာသည်မှာ မှန်ပါ၏။

သို့ရာတွင် လေယာဉ်ကြီးများပေါ်၌ တရုတ်စစ်သားများသာ ပါလာပြီး ဗိုလ်မှူးကြီးဟန်တာ မျှော်လင့်ထားခဲ့သည့် ရိက္ခာများကား ပါလာခြင်းမရှိ။

မေလ ၁၇ ရက်နေ့ ညနေ မှောင်စပြုသည့်အချိန်တွင် အမှတ်(၈၉) ရယ်ဂျီမင့်မှ တပ်ရင်းတစ်ရင်း မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိလာပြီး ညဉ့်နက်သည့်တိုင်အောင် လေယာဉ်ကွင်းပတ်ဝန်းကျင်တွင် နေရာယူရင်း လှုပ်ရှားလျက်ရှိနေလေသည်။

မြစ်ကြီးနားတောင်ဘက် ဓိုးကျွန်းတွင် စခန်းချရနေသော အမှတ်(၁) တပ်ရင်းအဖို့ မြစ်ကြီးနားလေယာဉ်ကွင်းပေါ်၌ အချက်ပြမီးများ ထိန်လင်းကာ ဒါကိုတာလေယာဉ်ကြီးများ ဆင်းသက်ပျံတက်နေသည်ကို ကြည့်နေရခြင်းကပင် အထူးအဆန်းဖြစ်နေတော့၏။

မြောက်ပိုင်းစစ်ဒေသကို ကြီးမှူးရသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှာ မြစ်ကြီးနားလေယာဉ်ကွင်း တိုက်ပွဲနှင့် ပတ်သက်၍ ဌာနချုပ်သို့ အဆက်မပြတ်ရောက်ရှိလာသော သတင်းများကို နားထောင်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

မြစ်ကြီးနားလေယာဉ်ကွင်းကို အုပ်စီးထားနိုင်ပြီဖြစ်သော်လည်း မြစ်ကြီးနားမြို့ကိုမူ ရန်သူများလက်ထဲမှ တိုက်ခိုက်သိမ်းပိုက်၍ ရနိုင်မည်မဟုတ်။

ရနိုင်သည့်တိုင်အောင် ဆက်လက်ထိန်းသိမ်းထားရန် ဖြစ်နိုင်မည်မဟုတ်။

ဖြစ်နိုင်သည့်တိုင်အောင် ထိန်းသိမ်းထားရကျိုးနပ်မည်မဟုတ် ဟူသော သတင်းများကိုသာ ရရှိနေခဲ့သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ယခုအချိန်အခါ၌ ဗိုလ်မှူးကြီးဟန်တာဦးစီးသော အမှတ်(၁)တပ်ရင်းနှင့် တရုတ်တပ်များက မြစ်

ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်ထားနိုင်ရုံမျှမက တရုတ်တပ်များလည်း သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံဖြင့် တပွဲပွဲရောက်ရှိနေသည့် မင်္ဂလာသတင်းကောင်းကို ကြားသိနေခဲ့ရပြီဖြစ်၏။

တရုတ်တပ်များသာ မြစ်ကြီးနားသို့ အလုံးအရင်းနှင့် ရောက်ရှိနိုင်ခဲ့လျှင် မဟာမိတ်တပ်များက မြန်မာပြည်မြောက်ပိုင်းကို ထိန်းသိမ်းထားနိုင်ရုံမျှက ဂျပန်တို့က တရုတ်ပြည်မကြီးအား ပိတ်ဆို့ထားခြင်းကိုလည်း လမ်းဖွင့်၍ပေးနိုင်တော့မည်ဖြစ်၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးစီးသော တပ်များသည် (၆)လအတွင်း မြန်မာပြည် မြောက်ပိုင်းအတွင်းသို့ မိုင်ပေါင်း ၅၀၀ ခန့်အထိ တိုး၍ဝင်နိုင်ခဲ့သော ရန်သူ ဂျပန် ရယ်ဂျီမင့်(၇)တပ်နှင့် တွေ့ဆုံတိုက်ခိုက်ခဲ့ရာတွင်လည်း အနိုင်ရရှိခဲ့သည်သာဖြစ်၏။

ဂျပန်တပ်များတွင် ပါဝင်သော တပ်သားများမှာ စင်ကာပူတိုက်ပွဲကို အနိုင်တိုက်နိုင်ခဲ့သူများ ပါဝင်ခဲ့လေသည်။

မြစ်ကြီးနားလေယာဉ်ကွင်းအား ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့၏ အမှတ်တစ်တပ်ရင်းနှင့် တရုတ်တပ်များက သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ စစ်မှုထမ်းသက်တစ်လျှောက်တွင် အမြင့်မားဆုံးသော အောင်မြင်မှုဖြစ်သကဲ့သို့ ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးစီးရသော မြောက်ပိုင်းစစ်ဒေသ၏ တိုက်ပွဲစဉ်တွင် အထွတ်အထိပ် အောင်မြင်မှုပင် ဖြစ်တော့သည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ညွှန်ကြားအာဏာကို ခံယူနေရသော ကျွန်တော်တို့တပ်များက မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်လိုက်နိုင်သည့်အတွက် မြန်မာပြည်ထိုးစစ်ကြီးကို ပြန်လည်ဆင်နွှဲရန် လုံးပန်းနေသော အင်္ဂလိပ်တို့ပင် အံ့အားသင့်၍သွားခဲ့ကြရ၏။

မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းယူရရှိရေးမှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ စိတ်ကူးယဉ်အိပ်မက်မျှသာ ဖြစ်သည်ဟု အင်္ဂလိပ်များက ယူဆထားခဲ့ကြ၏။

မိုးကောင်းမြစ်ဝှမ်းအထိုင်း ဆင်းလာသော စတီးဝဲလ်၏ တရုတ်တပ်များမှာလည်း ရာဒုစ္စပ်မှ ၁၅ မိုင်သာသာခန့်အထိသာ ချီတက်ရောက်ရှိနိုင်သေးသည်ဟုလည်း မှတ်ယူနေခဲ့ကြ၏။

အင်္ဂလိပ်စစ်မှူးကြီးများအနက် ဗိုလ်ချုပ်ကြီးဆလင်း တစ်ဦးသာ စတီးဝဲလ်၏ "နောက်ဆုံးပိတ်စစ်ဆင်ရေး"ကို သဘောပေါက် လက်ခံခဲ့သည်။ ဤစစ်ဆင်

ရေးကိုလည်း ဗိုလ်ချုပ်ကြီးဆလင်းကိုသာ စတီးဝဲလ်က ဖွင့်ဟ၍ပြောပြခဲ့၏။

မြစ်ကြီးနားကို စတီးဝဲလ်၏ တပ်များက တက်ရောက်သိမ်းပိုက်နိုင်သည့် သတင်းကို အာရှအရှေ့တောင်ပိုင်း စစ်ဒေသဆိုင်ရာ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်က ကြားရလျှင်လည်းကောင်း၊ အင်္ဂလန်ပြည်၏ နန်းရင်းဝန်ချုပ်ကြီးချာချီက ကြားရလျှင်လည်းကောင်း အံ့သြသွားစေရမည်ဟု စတီးဝဲလ်က ကြုံးဝါးထားခဲ့၏။

ယခုမူ…ကြုံးဝါးထားသည့်အတိုင်း ဂုဏ်ယူကြွားနိုင်ပေပြီ…။

သို့ရာတွင် ဗိုလ်ချုပ်ကြီး စတီးဝဲလ်အဖို့ ကြာကြာကြွား၍ မနေနိုင်ပါချေ။

နှစ်ရက်အတွင်းပင်ရရှိထားသော အောင်မြင်မှုကို ရန်သူက ဖျက်လိုဖျက်ဆီးလုပ်လာသည့်သတင်းကို ကြားလာရပြီး လေးရက်အတွင်းတွင်မူ ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် သူ၏ နေ့စဉ်မှတ်တမ်းတွင် ခိုးရိမ်တကြီးဖြင့် "သတင်းဆိုးများကို ကြားရ၏"ဟု မှတ်တမ်းတင်ခဲ့လေသည်။

ဤကဲ့သို့ရထားသော အောင်ပွဲတွင် အနှောင့်အယှက်များ၊ အဖျက်အဆီးများ ပေါ်ပေါက်လာရခြင်းမှာ အစကတည်းကပင် မသေမချာလုပ်ထားခဲ့သောကြောင့်ပင် ဖြစ်၏။ အစမကောင်းသောကြောင့် အနှောင်းမကောင်းခဲ့ရခြင်းပင်ဖြစ်၏။

ဗိုလ်မှူးကြီးဟန်တာနှင့် ဗိုလ်ချုပ်ကြီးမာရီးတို့က မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းမိလျှင် သိမ်းမိချင်း စစ်ကူတပ်များနှင့် ရိက္ခာများ အမြန်ဆုံးပို့ပေးရန် အစီအစဉ်ချထားခဲ့၏။

သို့ရာတွင် ဤအစီအစဉ်အတိုင်း သက်ဆိုင်ရာတို့က လိုက်၍လုပ်ပေးခြင်းမရှိ။

အရေးတကြီး လိုနေသည်မှာ ခဲယမ်းမီးကျောက်နှင့် ရိက္ခာဖြစ်သည်။

ဒုတိယ အရေးတကြီး လိုနေသည်မှာ တိုက်ခိုက်ရေး တပ်ဖွဲ့များ ဖြစ်၏။

သို့သော် အရေးတကြီးလိုနေသော ရိက္ခာများ ရောက်ရှိလာခြင်း မရှိ။

ဒုတိယ အရေးတကြီးလိုနေသော တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ ရောက်ရှိလာခြင်းမရှိဘဲ အင်ဂျင်နီယာတပ်ခွဲတစ်ခွဲကိုသာ ပထမဦးဆုံး ပို့လိုက်ပြီး လေယာဉ်ပစ်အမြောက်အဖွဲ့တစ်ခုကို ဆက်၍ပေးပို့နေပြန်၏။ ပြီးမှသာ အမှတ် ၈၉ ရယ်ဂျီမင့် ခြေလျင်တပ်ရင်းတစ်ရင်း ရောက်ရှိလာသည်။

မေလ (၁၈)ရက်နေ့တွင် ရာသီဥတုအခြေအနေ ကောင်းမွန်လျက်ရှိနေ

သော်လည်း အိန္ဒိယရှိ စစ်ဌာနချုပ်က အင်္ဂလိပ်လေယာဉ်ပစ် အမြောက်တပ်သား များကိုသာ ဆက်၍ပို့နေပြန်သည်။

မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်ခဲ့သော ဗိုလ်မှူးကြီး ဟန်တာအဖို့ မိမိအလိုရှိသော ရိက္ခာ၊ ခဲယမ်းမီးကျောက်နှင့် ခြေလျင်တိုက်ခိုက် ရေး တပ်သားများကို ပေးပို့ခြင်းမရှိဘဲ မရောင်ရာတွင် ဆီလူးသကဲ့သို့ လေတပ် ဆို အသုံးမပြုနိုင်သည့် ရန်သူနှင့်တိုက်ရသည့်တိုက်ပွဲတွင် လေယာဉ်ပစ်အမြောက် နှင့် တပ်ဖွဲ့သားများကိုသာ ဆင့်၍ဆင့်၍ ပေးပို့နေသည်ကို တွေ့လာရသောအခါ အထက်မှ တပ်မှူးကြီးများနှင့် ဌာနချုပ်၏ လုပ်ကိုင်နေပုံကို အအံ့သြကြီး အံ့သြ ရနေရတော့သည်။

ထိုအချိန် ထိုအခါက ထိပ်တန်းအရာရှိကြီးများ၏ လုပ်ကိုင်ဆောင်ရွက်ပုံ ကို နားမလည်ခဲ့သော်လည်း နောက်ပိုင်းတွင်မှ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် ကျွန်တော်တို့၏ ရိက္ခာပို့ဆောင်ရေးကို ထိုအချိန်အခါတွင် လုံးဝ ကိုင်တွယ်ရခြင်း မရှိတော့ဟူသော သတင်းကို ကြားသိခဲ့ရလေသည်။

ဗိုလ်ချုပ်ကြီးမာရီး၏ လက်ထောက်ဦးစီးဖြစ်သူ၏ ညွှန်ကြားချက်အရ ဗိုလ်မှူးကြီးဟန်တာသည် မေလ (၁၇)ရက်နေ့ ညနေဘက်တွင် အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်အဖွဲ့မှ တပ်ရင်းနှစ်ရင်းကို မြစ်ကြီးနားမြို့သို့ စေလွှတ်တိုက်ခိုက် စေခဲ့၏။

သို့ရာတွင် တရုတ်တပ်ရင်းနှစ်ရင်းသည် ချီတက်နေရင်းကပင် လမ်းစ ပျောက်ပြီး ရန်သူ့ရှိင်ဖယ်တပ်သားများနှင့် ဝင်၍တိုးမိကာ အခြေအနေ ရှုပ်ရှုပ် ထွေးထွေး ဖြစ်လာပြီးနောက် မိမိတို့တပ်ရင်းအချင်းချင်း ပြန်၍ပစ်ခတ်မိသည် အထိ ဖြစ်လာသည်။

သို့ဖြစ်၍လည်း မေလ (၁၇)ရက်နေ့ညနေက မြစ်ကြီးနားသို့ တက်ရောက် တိုက်ခိုက်ခဲ့သော တရုတ်တပ်ရင်းနှစ်ရင်းသည် အရှုံးကြီးရှုံး၍ တပ်ဆုတ်လာခဲ့ ရ၏။

မေလ (၁၈)ရက်နေ့တွင် ဗိုလ်မှူးကြီးဟန်တာသည် တရုတ်ရယ်ဂျီမင့်မှ တပ်ရင်းနှစ်ရင်းကို မြစ်ကြီးနားသို့ တက်ရောက်တိုက်ခိုက်ရန် တာဝန်ပေးခဲ့ ပြန်၏။

ဤအကြိမ်တွင်လည်း တရုတ်တပ်ရင်းနှစ်ရင်းသည် ပထမနေ့က အမှား မျိုး အရှုပ်အထွေးမျိုးကို အံ့သြဖွယ်ကောင်းလောက်အောင် ထပ်၍ပြုလုပ်မိပြီး

အထိအခိုက်များစွာဖြင့် ဆုတ်ခွာလာခဲ့ရပြန်သည်။

နှစ်ရက်အကြာတွင် တရုတ်တပ်ကို တတိယအကြိမ်မြောက် မြစ်ကြီးနားမြို့ကို တိုက်ခိုက်ရန် စေလွှတ်လိုက်ပြန်၏။

ဤအကြိမ်တွင်မူ တရုတ်တပ်များသည် မြစ်ကြီးနားဘူတာရုံအထိ တက်ရောက်နိုင်ကာ အမိန့်ပေးစခန်းကိုပင် ထိုနေရာ၌ ဖွင့်လှစ်နိုင်ခဲ့၏။

သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်က မြစ်ကြီးနားကို မိမိ၏တပ်များက သိမ်းပိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

သို့သော် ဘူတာရုံအထိ တပ်စွဲချီတက်နိုင်ခဲ့သော တရုတ်တပ်များသည် ဂျပန်တို့၏ အားသွန်၍ တိုက်ခိုက်ခြင်းကိုခံရပြီး လူပေါင်း ၆၇ ယောက်အထိ ကျဆုံး ဒဏ်ရာရရှိကာ မြစ်ကြီးနားမြို့ထဲမှ ဆုတ်ခွာခဲ့ရပြန်သည်။

ဗိုလ်မှူးကြီးဟန်တာသည် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို အစပထမကပင် အမှတ်(၁၅၀) တရုတ် ရယ်ဂျီမင့်ဖြင့် စတင်တိုက်ခိုက်ခဲ့၏။ ဗိုလ်မှူးကြီးကျေစ်ဘုံး လက်အောက်တွင် ထားရှိသော အမှတ်(၁)တပ်ရင်းကိုမူ မြစ်ကြီးနားအောက်ဘက် ဇီးကျွန်းတွင် တာဝန်ပေးထားခဲ့၏။

တရုတ်တပ်များက မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို သုံးကြိမ်သုံးဖန် ဆင်နွှဲခဲ့သည့်တိုင်အောင် အရှုံးနှင့်သာ ရင်ဆိုင်နေရသောအခါ အမှတ်(၁)တပ်ရင်းမှ တိုက်ခိုက်ရေးအဖွဲ့ကို ခေါ်ယူ၍ မြစ်ကြီးနား မြို့သိမ်းတိုက်ပွဲကို ဆင်နွှဲစေရလျှင် အောင်မြင်မှုအတန်အသင့် ရရှိလိမ့်မည်ဟု မှတ်ယူပြီး တရုတ်တပ်ခွဲတစ်ခွဲအား ဇီးကျွန်းသို့ စေလွှတ်လိုက်၏။

ရန်သူ့စစ်ကူများတက်လာလျှင် ဇီးကျွန်းမှနေ၍ ဆီးဆို့တိုက်ခိုက်နိုင်အောင် ချထားသော အမှတ်(၁)တပ်ရင်း၏ နေရာတွင် တရုတ်တပ်ခွဲက တာဝန်ယူနေပြီး အမှတ်(၁)တပ်ရင်းက မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို တရုတ်တပ်များနှင့် ပူးပေါင်းဆင်နွှဲနိုင်ရန်တည်း။

အမှတ်(၁)တပ်ရင်းကို ဦးစီးကာ ဇီးကျွန်းတွင် တပ်စွဲနေသော ဗိုလ်မှူးကြီးကျေစ်ဘုံးသည် တရုတ်တပ်ခွဲ ရောက်လာလျှင် ရောက်လာချင်း မြစ်ကြီးနားသို့ ချက်ချင်းချီတက်လာရန်ဖြစ်၏။

သို့ရာတွင် ဇီးကျွန်းသို့စေလွှတ်လိုက်သော တရုတ်တပ်ခွဲသည် ငါးမိုင်မျှရှိသော ခရီးတွင်ပင် ကိုးကြိမ်တိုင်တိုင် တွင်းကျင်းများတူး၍ ချီတက်နေသောကြောင့် ဇီးကျွန်းသို့ရောက်ရန် ၄၈ နာရီတိတိ ကြာ၍နေခဲ့လေသည်။

တရုတ်တပ်ခွဲက ဓိုးကျွန်းသို့ရောက်အောင် ၄၈ နာရီတိတိကြာအောင် အချိန်ယူခဲ့ရခြင်းမှာ ဂျပန်စစ်တပ်မှ လမ်းစပျောက်၍လာသော စစ်သားတစ်စုနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ခဲ့သောကြောင့် လုံခြုံမှုရစေရန် ငါးမိုင်ရှည်သော လမ်းခရီးတွင် ကိုးကြိမ်တိုင်တိုင် တွင်းကျင်းများတူး၍ ဆင့်ကဲဆင့်ကဲ ချီတက်ခဲ့ရပါသည်ဟူ၍ အကြောင်းပြပါ၏။

သို့ရာတွင် တရုတ်တို့၏ အမှတ်(၁၅၀) ရယ်ဂျီမင့်နှင့် အတူရှိနေသော အမေရိကန် ဆက်သွယ်ရေးအရာရှိကမူ တရုတ်တပ်ခွဲ၏ အပြုအမူနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဟန်တာထံ အစီရင်ခံခဲ့ပုံမှာ တစ်မျိုးထူးခြားနေလေသည်။

"တရုတ်တပ်တွေက ရိက္ခာမရှိ၊ ခဲယမ်းမီးကျောက်မရှိရင် ချီတက်မှုလည်း မရှိဆိုပြီး လုပ်နေကြတယ်"

တရုတ်များက ဤသို့ဆင်ခြေဆင်လက် ပေးနိုင်လောက်အောင်လည်း အမှတ်(၁)တပ်ရင်းနှင့် တရုတ်တပ်များ၏ အခြေအနေမှာ ဆိုးရွားလျက်ရှိ၏။

အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တပ်ရင်း(၁)ရှိရာ မြစ်ကြီးနားလေယာဉ်ကွင်းသို့ ခဏတာမျှ လာရောက်စစ်ဆေးကြည့်ရှုသွားသော ဗိုလ်ချုပ်ကြီးမာရီးက...

"တပ်ဖွဲ့သားများကို ကြည့်ရသည်မှာ သနားစရာကောင်းလောက်သည့် ကျန်းမာရေးအခြေအနေတွင်ရှိ၏။ သို့ရာတွင် သူတို့၏ ပြောင်မြောက်သောသတ္တိကား မော်ကွန်းတင်လောက်ပါပေသည်"ဟု မှတ်ချက်ရေးသားခဲ့၏။

ဤကဲ့သို့ ရေးသားလောက်အောင်လည်း တပ်ဖွဲ့ဝင်များ၏ အခြေအနေမှာ ဆိုးရွားနေသည်။

တပ်စုတစ်စုမှာမူ တပ်သားများသည် မိမိတို့စစ်ဘောင်းဘီ ဖင်ထိုင်သည့် နေရာတွင် တမင်တကာ အပေါက်ဖောက်၍ထားသည်ကို တွေ့ရလေသည်။ ဝမ်းကိုက်ရောဂါကို အမြဲတစေခံ၍နေခဲ့ရသောကြောင့် တိုက်ပွဲများ အရေးတကြီး ဖြစ်လာလျှင် ဝမ်းကိုက်ရောဂါအတွက် မိမိတို့စစ်ဘောင်းဘီမှ ဖင်ထိုင်သည့်နေရာ များကို အသင့်ဖောက်ထားခဲ့ရခြင်း ဖြစ်ပါသတည်း။

ရရှိခံစားလာရသော ဝမ်းကိုက်ရောဂါနှင့် ငှက်ဖျားရောဂါကြောင့် လည်း ကောင်း၊ တောများ, တောင်များ, မြစ်များနှင့် ရွှံ့ဗွက်များကိုသာ အစဉ်အမြဲ ဖြတ်ကျော်ချီတက်ကာ ရိက္ခာပြတ်လပ်သည့်ဒဏ်ကို ခံခဲ့ရသောကြောင့် လည်း ကောင်း ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ဝင်များအနက် အမှတ်(၁) တပ်ရင်းမှ တပ်သား ၆၀၀ တို့မဟုတ် ၇၀၀ ခန့်ကိုသာကြည့်ပြီး ဗိုလ်ချုပ်ကြီး

မာရီးက မှတ်ချက်ချသွားခြင်းဖြစ်၏။

အကယ်၍သာ တပ်ဖွဲ့မှ တပ်သားအားလုံးကိုကြည့်ပြီး မှတ်ချက်ချရမည်ဆိုလျှင် ဗိုလ်ချုပ်ကြီးမာရီးသည် မျက်ရည်ပင် ကျရသည့်အထိ အဖြစ်ဆိုးနေသော တပ်သားများ၏ အခြေအနေကို တွေ့ရမည်ဖြစ်လေသည်။

ဖိုးကျွန်းမှ အမှတ်(၁)တပ်ရင်း ရောက်ရှိလာသောအခါ ဗိုလ်မှူးကြီးဟန်တာသည် ယုံကြည်စိတ်ချရလောက်အောင် နေရာတွင်သာ စစ်ကူတောင်းလျက် ရှိနေလေသည်။

ယုံကြည်စိတ်ချရသော နေရာဆိုသည်မှာလည်း ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တောတောင်များကို ဖြတ်သန်းချီတက်လျက်ရှိနေသော အမှတ်(၂)၊ (၃) တပ်ရင်းများပင် ဖြစ်တော့၏။

ဤတပ်ရင်းများတွင်လည်း အိန္ဒိယမှ စစ်ထွက်လာစဉ်ကကဲ့သို့ လူအင်အား မရှိတော့ဘဲ ရာသီဥတုဒဏ်၊ ရောဂါဘယဒဏ်၊ တိုက်ပွဲဒဏ်များကို ဆက်လက်ခံနေနိုင်သော ရဲဘော်များသာ ရှိတော့၏။

မြစ်ကြီးနားတိုက်ပွဲတွင် ပါဝင်ဆင်နွှဲရန် ခဏခဏ စစ်ကူခေါ်၍နေသံကို ကြားလာရသောအခါ အမှတ်(၂)နှင့် အမှတ်(၃)တပ်ရင်းများသည် ဆိုးရွားသော မုတ်သုံမိုးနှင့် ပြတ်လပ်နေသော ရိက္ခာဒဏ်ကို ကြံ့ကြံ့ခံကာ ရောက်သည့်နေရာမှ အပြင်းချီ၍လာခဲ့၏။

အမှတ်(၃)တပ်ရင်းဆိုလျှင် လေကြောင်းမှ ရိက္ခာလာရောက်ချပေးမည်ကို စောင့်မနေတော့ဘဲ ရိက္ခာဟူ၍ လုံးဝမရှိတော့ဘဲ မြစ်ကြီးနားသို့ အပြင်းချီလာခဲ့၏။

အမှတ်(၂)တပ်ရင်းဆိုလျှင်လည်း ရဲဘော်တိုင်းလိုလို အားအင်ကုန်ခမ်းနေရာမှ အမှတ်(၁)တပ်ရင်း ချီတက်ခဲ့သည့်လမ်းအတိုင်း မြစ်ကြီးနားသို့ အပြင်းချီလာခဲ့သည်။

အမှတ်(၃)တပ်ရင်းအား ခရီးရောက်မဆိုက်တွင်ပင် မြစ်ကြီးနားမြို့ မြောက်ဘက် လေးမိုင်၊ ငါးမိုင်ခန့်အကွာတွင်ရှိသောရွာ၌ ချက်ချင်းတပ်စွဲလိုက်ပြီး အမှတ်(၂)တပ်ရင်းကိုလည်း နမ့်ကွေးရွာရှိ ကင်းစခန်းတွင် ချက်ချင်းတာဝန်ယူနိုင်းလိုက်၏။

နမ့်ကွေးရွာကား မြစ်ကြီးနားလေယာဉ်ကွင်း မြောက်ဘက်တွင် ကပ်၍ရှိသောရွာတည်း။

ယခုအချိန်တွင် အမေရိကန်နှင့် တရုတ်တပ်များက ရန်သူစစ်ကူများ ဝင်ရောက်လာနိုင်သော အဓိကလမ်းများကို မြစ်ကြီးနားမြို့ တောင်ဘက်၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက်များမှနေ၍ ပိတ်ဆို့ထားနိုင်ပြီဖြစ်၏။

တစ်နည်းအားဖြင့်ဆိုရလျှင် ရန်သူအား ကြိုးဝိုင်းထောင့်စွန်းသို့ တွန်း၍ ပို့နိုင်ခဲ့ပြီဖြစ်၏။ ပူးညှပ်၍ပိတ်သတ်ရန်သာ ကျန်နေတော့၏။

မည်သို့ပင်ဖြစ်စေ ရန်သူကလည်း မိမိတို့၏ ထွက်ပေါက်ကို ရှန်းကန်ရှာဖွေကာ အစွမ်းကုန်လှုပ်ရှားနေသည်သာဖြစ်၏။

ရန်သူဘက်မှ စစ်ကူတပ်များသည် ဧရာဝတီမြစ်အထက်ပိုင်းမှ လမ်းအတိုင်း ရောက်ရှိနေပြီး ဧရာဝတီမြစ်ကို ဖြတ်၍လည်း အရှေ့ဘက်မှ ရောက်ရှိလာကြ၏။

ရန်သူသည် ဖြစ်ပေါ်လာသော အခြေအနေကို ချက်ချင်းပင် သွက်သွက်လက်လက် လက်တုံ့ပြန်နိုင်ခဲ့၏။

ဗိုလ်မှူးကြီးဟန်တာ ဦးစီးသော အမှတ်(၁)တပ်ရင်းနှင့် တရုတ်တပ်များက မေလ(၁၇)ရက်နေ့ နံနက်တွင် မြစ်ကြီးနားလေယာဉ်ကွင်းကို အုပ်စီးထားလိုက်သည်နှင့် တစ်ပြိုင်နက် ထိုနေ့ညနေတွင်ပင် ဂျပန်တို့က စစ်ကူတပ်များကို စုဆောင်းခေါ်ယူနိုင်ခဲ့ကြ၏။

ရန်သူဘက်မှ ချက်ချက်းတုံ့ပြန် လှုပ်ရှားနိုင်ခဲ့စေကာမူ မဟာမိတ်များဘက်တွင်ကား ဗိုလ်မှူးကြီးဟန်တာနှင့် ဗိုလ်ချုပ်ကြီးမာရီးတို့ စိစဉ်ခဲ့သည့်အတိုင်း အရေးအကြီးဆုံးဖြစ်သည့် ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ၊ မြစ်ကြီးနားသို့ ချက်ချင်းရောက်လာခြင်းမရှိဘဲ အသုံးမဝင် အရေးမပါသော လေယာဉ်ပစ်အမြောက်တပ်နှင့် လေယာဉ်ပစ်အမြောက်တပ်သားများကိုသာ တပို့တည်းပို့နေခဲ့လေသည်တကား။

သို့ဖြစ်၍လည်း အပ်ဖြင့်ထွင်း၍ လွယ်လွယ်ကူကူပြီးစီးနိုင်မည့်ကိစ္စတွင် ပေါက်ဆိန်ကိုပါ သုံးလာရသည်အထိ အခက်အခဲတွေ့လာရလေသည်။

မေလ ၂၁ ရက်၊ ၂၂ ရက်နေ့သို့ ရောက်လာသောအခါ မြစ်ကြီးနား အခြေအနေမှာ ပို၍ဆိုးလာလေသည်။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင်က သူ၏ နေ့စဉ်မှတ်တမ်းတွင်...

မေလ ၂၂ ရက်။

တနင်္လာနေ့။

စိတ်ညစ်ညူးစရာနေ့၊ မြစ်ကြီးနားမှ သတင်းများမှာ စိတ်ညစ်ညူးစရာပင် ဖြစ်၏။

မေလ ၂၁ ရက်နေ့ညက ဂျပန်စစ်ကူတပ်သား ၈၀၀ မြစ်ကြီးနားမြောက်ဘက် လေး,ငါးမိုင်ကွာ မိုးကောင်းလမ်းပေါ်ရှိရွာသို့ ရောက်ရှိလာသည်ကို ကျွန်ုပ်တို့ဘက်မှ ထောက်လှမ်းရေးသမားများက မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့၏။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းမှလည်း ဂျပန်တပ်သား ၂၀၀ မြစ်ကြီးနားသို့ ဖြတ်ကူးရောက်ရှိလာသည်။

ဗိုလ်ချုပ်ကြီးမာရီး၏ လက်ထောက်ဦးစီးဖြစ်သူ မက်ကင်မွန်က အခြေအနေမှာ သေရေးရှင်ရေးတမျှ ဖြစ်နေသည်ဟု ကျွန်ုပ်အား တယ်လီဖုန်းဖြင့် သတင်းပို့သည်။

ကျွန်ုပ်က မည်သို့မျှ အကူအညီပေးနိုင်စွမ်းမရှိ၊ တစ်မနက်လုံး သဲသဲမဲမဲ မိုးရွာနေသည်။

မဟာမိတ်စစ်ကူများ လေကြောင်းမှရောက်ရှိလာနိုင်ခြင်းမရှိ၊ မြစ်ကြီးနား လေယာဉ်ကွင်းမှလည်း လေယာဉ်များဆင်းရန် မလွယ်ကူလောက်အောင် အခြေအနေဆိုးနေ၏ဟု မှတ်တမ်းတင် ရေးသားခဲ့လေသည်။

မေလ ၂၂ ရက်နေ့တွင်ပင် မြောက်ဘက်မှနေ၍ မြစ်ကြီးနားရှိရာ တောင်ဘက်သို့ အပြင်းချီတက်လာသော အမှတ်(၃)တပ်ရင်းသည် ဆီးကြိုနေသော ဂျပန်တပ်များနှင့်တွေ့ပြီး မြစ်ကြီးနားရှိ ကျွန်တော်တို့တပ်ဖွဲ့ရှိရာသို့ရောက်အောင် ချီတက်မလာနိုင်ဘဲ မြစ်ကြီးနားမြောက်ဘက် လေး,ငါးမိုင်အကွာသို့ မိုးကောင်းလမ်းအတိုင်း ပြန်၍ဆုတ်သွားရသည်။

ဤတွင် မေလ ၂၁ ရက်နေ့ကပင် မြစ်ကြီးနားမြောက် လေး,ငါးမိုင်အကွာ မိုးကောင်းလမ်းပေါ်သို့ ရောက်ရှိလာသော အင်အား ၂၀၀ ရှိသည့် ဂျပန်စစ်ကူတပ်များနှင့် ကျွန်တော်တို့တပ်ဖွဲ့မှ စစ်ကူရောက်လာသော အမှတ်(၃)တပ်ရင်းသည် ဝင်၍တိုးမိနေပြန်လေသည်။

မေလ ၂၃ ရက်နေ့သို့ ရောက်ရှိလာသောအခါ၌ကား ခံစစ်ပြုရင်း စစ်ကူတပ်များကို ခေါ်ယူနိုင်ခဲ့သော ဂျပန်တို့သည် ကျွန်တော်တို့ကို ခံစစ်မှ တိုက်စစ်သို့ ပြောင်းလဲတိုက်ခိုက်လာလေတော့သည်။

ဤသို့ဖြင့် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို အကျဲအဆုံးနည်းနည်းနှင့် အောင်မြင်မှု အကြီးအကျယ်ရအောင် ဗိုလ်မှူးကြီးဟန်တာ၏ လွှန်ခဲ့သော ၂ ရက်က

စီစဉ်၍ လျာထားချက်မှာ လိုအပ်သောရိက္ခာ ခဲယမ်းမီးကျောက်နှင့် ခြေလျင် တိုက်ခိုက်ရေးတပ်များ အချိန်မီရောက်ရှိလာခဲ့ခြင်း မရှိသောကြောင့် ရေတိမ်နစ် ရရှာခဲ့ပါသတည်း။

ဗိုလ်ချုပ်ကြီးမာရီး၊ ပြီးနောက် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ တွင် တိုက်ခိုက်ရေးတပ်များကို အုပ်ချုပ်ဦးစီးသူမှာ ဗိုလ်မှူးကြီးဟန်တာပင် ဖြစ်သည်။

ဗိုလ်မှူးကြီးဟန်တာသည် စစ်ပန်းလျက်ရှိသော ကျွန်တော်တို့တပ်ဖွဲ့ကို ကုမုံတောင်စဉ်တောင်တန်းများကို ဖြတ်ကျော်လျက် မြစ်ကြီးနားသို့အရောက် ခေါင်းဆောင်လာခဲ့သူဖြစ်၏။

သို့တစေ ဗိုလ်မှူးကြီးဟန်တာအား ပေးထားသော တာဝန်မှာ မြစ်ကြီးနား လေယာဉ်ကွင်းကို သိမ်းပိုက်အုပ်စီးထားရန်သာ ဖြစ်၏။

မြစ်ကြီးနားလေယာဉ်ကွင်းကို ဗိုလ်မှူးကြီးဟန်တာ ဦးဆောင်သော အမေ ရိကန်နှင့် တရုတ်တပ်များက သိမ်းပိုက်အုပ်စီးပြီးသည့်နောက် မည်ကဲ့သို့ ဆက် လက် ဆောင်ရွက်ရမည်ကို အထက်မှ တပ်မှူးကြီးများက ဟန်တာအား လုံးဝ ညွှန်ကြားထားခြင်းမရှိ။

အထက်တန်း တပ်မှူးကြီးများအနေဖြင့် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်အုပ်စီးပြီးနောက် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ဟု အစီအစဉ် ရှိနေမည်ဖြစ်သော်လည်း မြစ်ကြီးနားလေယာဉ်ကွင်းအထိ တက်ရောက်သိမ်းပိုက် ရမည့်တာဝန်ကို ယူထားရသော ဗိုလ်မှူးကြီးဟန်တာအား မြစ်ကြီးနားမြို့သိမ်း တိုက်ပွဲနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ ညွှန်ကြားထားခြင်း မရှိသည့်အချက်မှာ အထူးစဉ်းစားစရာကောင်းသည့်အချက်ပင် ဖြစ်နေလေသည်။

မေလ ၁၇ ရက်နေ့တွင် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်အုပ်စီး ထားသော ဗိုလ်မှူးကြီးဟန်တာသည် မြစ်ကြီးနားမြို့ကိုပင် တက်၍သိမ်းရမည် လား၊ လေယာဉ်ကွင်းတွင်ပင် ဆက်လက်၍ နေရမည်လားဟု ဆုံးဖြတ်ချက် မချနိုင်ဘဲ ဖြစ်နေခဲ့၏။

ဤသို့ ဆုံးဖြတ်ချက်မချနိုင်ခြင်းမှာလည်း ဗိုလ်မှူးကြီးဟန်တာ၏ အပြစ် လုံးဝမဟုတ်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်မှူးကြီးဟန်တာအား မြစ်ကြီးနား မြို့သိမ်းတိုက်ပွဲကို ဆက်လက်ဆင်နွှဲရမည်ဟု ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကသော် လည်းကောင်း ညွှန်ကြားချက်မပေးခဲ့သောကြောင့် ဖြစ်၏။

မေလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင် မြစ်ကြီးနား လေယာဉ်ကွင်းသို့ ဗိုလ်မှူးကြီးဟန်တာ၏တပ်များကို ကြည့်ရှုစစ်ဆေးရာ၌ လေယာဉ်ကွင်းအခြေအနေကို လေ့လာရန် ခဏတစ်ဖြုတ် ရောက်ရှိလာခဲ့သည်မှာ အမှန်ပင်ဖြစ်၏။

ဤသို့ရောက်ရှိလာရာတွင် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ရုံမျှမက ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သော ဗိုလ်မှူးကြီးဟန်တာက လက်အောက်တပ်မှူးတစ်ဦး ဖြစ်သည်နှင့်အညီ…။

"ကျွန်တော်တော့ မြစ်ကြီးနားမြို့ကို တက်ပြီးသိမ်းတော့မယ်"ဟု ရေလာမြောင်းပေး သတင်းပို့ခဲ့သေး၏။

သို့ရာတွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က လူကြီးပီပီ စကားမဆိုဘဲ ဝက်ကြီးတစ်ကောင်ကဲ့သို့ နှုတ်ခမ်းကိုသာ တစ်တောင်လောက်စူ၍ထားခဲ့လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဝက်ကြီးတစ်ကောင်ကဲ့သို့ နှုတ်ခမ်းစူကာ ဗိုလ်မှူးကြီးဟန်တာ၏ အမေးကို တုံ့ကြိဘာဝေ ဆိတ်ဆိတ်နေခဲ့ခြင်း၌ များစွာသော အနက်အဓိပ္ပာယ်တို့က အစီအရီရှိနေလေသည်။

မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲရန်အတွက် ဟန်တာလို တပ်မှူးတစ်ယောက်တွင် အရည်အချင်းမရှိဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်နိုင်၏။

အခြေအနေကို မည်မျှလောက် နားလည်ပါသနည်းဟူသော အမေးလက္ခဏာကိုလည်း ဆောင်နိုင်၏။

ထိပ်တန်းတပ်မှူးကြီးများ၏ အစီအစဉ်တွင် ဗိုလ်မှူးကြီးအဆင့်အတန်းမျှသာရှိသော လူတစ်ယောက်က ဝင်၍မစွက်ပါနှင့်ဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်နိုင်၏။

သို့ဖြစ်၍လည်း ဝက်ကြီးတစ်ကောင်လို နှုတ်ခမ်းစူနေသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ကို လက်တွေ့၊ ကိုယ်တွေ့ အများဆုံးဦးဆောင်ပေးနိုင်ခဲ့သော ဗိုလ်မှူးကြီးဟန်တာက နောက်ထပ်တစ်ခုံတစ်ရာ မေးမြန်းခြင်းမပြုတော့ဘဲ ရေငုံနှုတ်ပိတ်နေခဲ့လေသည်။

မြစ်ကြီးနားသို့ ချီတက်တိုက်ခိုက်ရန် နော်ဘွမ်းတွင် တပ်များ စည်းရုံးခဲ့စဉ်အခါက ဗိုလ်မှူးကြီးဟန်တာသည် နောက်ဆုံးပိတ်စစ်ဆင်ရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးမာရီးအား တိတိကျကျပင် ညွှန်ကြားချက်ပေးရန် ပြောဆိုခဲ့၏။

ဗိုလ်ချုပ်ကြီးမာရီးက…

"မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းတဲ့အချိန်မှာ ကျုပ်ကိုယ်တိုင် ခင်ဗျား တို့နဲ့အတူရှိနေမှာ ဖြစ်တဲ့အတွက် ရှေ့လုပ်ငန်းစဉ်ကို ဘာမှပူပင်နေစရာ မလို ပါဘူး"ဟု ပြောကြားထားခဲ့၏။

ပြောကြားထားခဲ့သည့်အတိုင်းလည်း လေယာဉ်ကွင်းကို ဗိုလ်မှူးကြီးဟန်တာ ဦးစီးသောတပ်က သိမ်းပြီးသည့်အချိန်တွင် ဗိုလ်ချုပ်ကြီးမာရီးကိုယ်တိုင် ဟန်တာ ထံသို့ ရောက်ရှိလာခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။

သို့သော် ဗိုလ်ချုပ်ကြီးမာရီးမှာ ယခင်က ခံစားခဲ့ရသော နှလုံးရောဂါမှာ ကောင်းစွာ ပြန်လည်ကျန်းမာလာခြင်းမရှိသေးသည့်အပြင် ပြန့်ကျဲလျက်ရှိသော တပ်များကိုလည်း မြစ်ကြီးနားမြို့သိမ်းတပ်များအဖြစ် သူ၏လက်အောက်တွင် စုစည်းရန် အချိန်ပင်မရခဲ့...။

အဘယ်ကြောင့်ဆိုသော် မေလ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးမာရီးသည် ရောဂါဟောင်း ပြန်ပေါ်ကာ မေလ ၂၀ ရက်နေ့တွင် အိန္ဒိယသို့ ဆေးဝါးကုသမှု ခံယူရန် ပြန်၍သွားရလောက်အောင် အခြေအနေဆိုးလာခဲ့သောကြောင့်ပင်တည်း။

ထို့ကြောင့်လည်း မြစ်ကြီးနားမြို့သိမ်းတပ်ဖွဲ့ကို ဦးစီးရန် ဗိုလ်ချုပ်ကြီး မာရီး၏ လက်ထောက်ဦးစီးဖြစ်သူ၊ ဗိုလ်မှူးကြီးမက်ကင်မွန်က တာဝန်ယူခဲ့ရ၏။

ဗိုလ်မှူးကြီးမက်ကင်မွန်ကိုယ်တိုင်မှာလည်း ဤအချိန်တွင် ရောဂါသည် တစ်ဦးဖြစ်နေပြီး ၁၀ ရက်မျှသာ တာဝန်ကိုထမ်းဆောင်နိုင်ကာ အိန္ဒိယသို့ ပြန်သွားခဲ့ရ၏။

ဗိုလ်ချုပ်ကြီးမာရီး၏ နေရာတွင် ယခင်အခါက ဗိုလ်မှူးကြီးဟန်တာအား ဦးစီးအဖြစ်ဖြင့် ယာယီတာဝန်ပေးခဲ့ဖူးသည့် အထောက်အထားရှိနေပါလျက် ယခုလိုမြစ်ကြီးနားမြို့သိမ်းတိုက်ပွဲ ဆင်နွှဲရတော့မည့်အချိန် ရောက်ကာမှ လူမမာ တစ်ပိုင်းဖြစ်သော မက်ကင်မွန်အား တာဝန်လွှဲပေးပြီး အမှတ် ၅၃၀၇ တပ်ဖွဲ့ ကို စစ်ထွက်ချိန်မှစ၍ မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်ပြီးသည်အထိ ကိုယ်ဖိရင်ဖိ တာဝန်ယူခဲ့သော၊ တာဝန်ယူနိုင်ခဲ့သော ဗိုလ်မှူးကြီးဟန်တာအား တာဝန်ပေးအပ်ခြင်းမရှိသည့်အချက်ကို မည်သူမျှ နားလည်နိုင်မည်မဟုတ်ချေ။

ဗိုလ်မှူးကြီးဟန်တာသည် ရာထူးအဆင့်အားဖြင့် ဗိုလ်ချုပ်ကြီးမာရီးထက် နိမ့်နေသော်လည်း ပြန်တမ်းဝင်အရာရှိအဖြစ် အမှုထမ်းသက်မှာ ဗိုလ်ချုပ်ကြီး မာရီးနှင့် အတူတူဖြစ်ရုံမက တပ်မှူးများအား ကိုယ်ထိလက်ရောက် ကိုင်တွယ် ရာတွင် ဗိုလ်ချုပ်ကြီးမာရီးထက်ပင် ဝါရင့်ခဲ့သူဖြစ်၏။

ဤကဲ့သို့ ဝါရင့်စစ်သားကြီးတစ်ဦးလည်းဖြစ်၊ တပ်များကိုကိုင်တွယ်ရာတွင်လည်း ကျွမ်းကျင်၊ တိုက်ပွဲများကိုလည်း အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သော ဗိုလ်မှူးကြီးဟန်တာအား ဗိုလ်ချုပ်ကြီးမာရီး၏နေရာတွင် တာဝန်မပေးခဲ့ခြင်းမှာ ထူးဆန်းတည့်အံ့ရာသော်ဟု ဆိုရတော့မည်ကဲ့သို့ ရှိနေချေသည်။

ဤသို့ သင့်လျော်သည့်လူကို သင့်လျော်သည့်အလုပ်တွင် တာဝန်မပေးခြင်းမှာလည်း အစမကောင်းခဲ့သောကြောင့်သာ ဖြစ်ခဲ့လေသည်။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ကို မြောက်ပိုင်းစစ်ဒေသတွင် တစ်တပ်တစ်အားအနေဖြင့် ပါဝင်တိုက်ခိုက်ရန် စီစဉ်ခဲ့စဉ်က မည်ကဲ့သို့သော ထိပ်တန်းအရာရှိကြီးကမျှ စာနှင့်ပေနှင့် ရုံးထုံးစံအတိုင်း ဖွဲ့စည်းခဲ့ခြင်းမရှိ။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ယခု ဗိုလ်ချုပ်ကြီးအဆင့်သို့ ရောက်နေသော မာရီးအား ကျောကိုပုတ်၍...

"ကျုပ်...ဘာလိုချင်တယ်ဆိုတာ မောင်ရင် သိတယ်မဟုတ်လား၊ သွားပြီး ကျုပ်အတွက် လုပ်ပေးစမ်းပါ"ဟုသော နှုတ်မိန့်ဖြင့်သာ ကျွန်တော်တို့ အမှတ် ၅၃၀၇ တပ်ဖွဲ့မှာ သစ်ခေါင်းမှပေါက်လာခဲ့ရသော သတို့သားကဲ့သို့ အဖေ,အမေ မရှိဘဲ ပေါ်ပေါက်လာခဲ့ရလေသည်။

သို့ဖြစ်၍လည်း တကယ့်အရေးကျလာသောအခါ မည်သည့်အမိန့်၊ မည်သူကပေးသည် စသော အထောက်အထားများကို ရုံးထုံးစံအတိုင်း တင်ပြရန် မဖြစ်နိုင်တော့ဘဲ'ကျားသနားမှ နွားချမ်းသာ'ဆိုသည့်စကားအတိုင်း အောက်လူများမှာ အထက်လူကြီးပြုသမျှ နရတော့၏။

နလုံးရောဂါဖိစီးလာသောကြောင့် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲ ဆင်နွှဲရမည့်အချိန်တွင်မှ အိန္ဒိယသို့ ပြန်သွားရသော ဗိုလ်ချုပ်ကြီးမာရီး၏နေရာတွင် ဗိုလ်မှူးကြီးဟန်တာအား ခန့်ထားရန် ဗိုလ်ချုပ်ကြီးမာရီးက လိုလားခြင်းမရှိဟု အကြောင်းပြရအောင်ကလည်း မာရီးနှင့် ဟန်တာတို့သည် မည်သည့်အခါမျှ တစ်ဦးနှင့်တစ်ဦး ကတောက်ကဆမဖြစ်ခဲ့။ စိတ်ဝမ်းကွဲပြားမှုမရှိခဲ့။

ဤသို့မရှိခဲ့ရုံမက မိမိပြီးနောက် လက်အောက်တပ်မှူးကြီးရာထူးကို ယူထားသော ဗိုလ်မှူးကြီးမာရီး၏ အကြံဉာဏ်များကိုပင် မာရီးက အမြဲတမ်း လိုလိုလားလား လက်ခံနေခဲ့၏။

သို့ဖြစ်လျှင် ဗိုလ်ချုပ်ကြီးမာရီး၏နေရာကို ဗိုလ်မှူးကြီးဟန်တာက အဘယ်ကြောင့် မဆက်ခံရဘဲ ရှိနေရပါသနည်း။

'မြို့ဝန်မင်းအတွက် ဝေက်က ဒဏ်ခံ'ဆိုသည့်စကားအတိုင်း မြောက်ပိုင်းစစ်ဒေသတွင် သေနာပတိရာထူးကို ရရှိနေသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် ကျန်စစ်ဒေသတွင်ပင် ကျွန်တော်တို့၏ တပ်ဖွဲ့တစ်ဖွဲ့ကို အုပ်ချုပ်နေရသော ဗိုလ်ချုပ်ကြီးမာရီးတို့၏ ဆက်ဆံရေးအဆင်မပြေမှုက ဝေက်တည်းဟူသော ဗိုလ်မှူးကြီးဟန်တာအား ရသင့်ရထိုက်သော အခွင့်အရေးကိုလည်းကောင်း၊ ရသင့်ရထိုက်သော ဂုဏ်ကိုလည်းကောင်း လက်လွှတ်သည်သာမက သိမ်ငယ်အောင်၊ အရှက်ရအောင်၊ စိတ်နာကြည်းအောင် ဖန်တီးပေးခဲ့လေသည်။

စစ်ကြီးပြီးနောက် လူသိရှင်ကြား ထုတ်ဝေရောင်းချခဲ့သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ နေ့စဉ်မှတ်တမ်းတွင် မည်သည့်လက်အောက်ငယ်သားကိုမှ ဟက်ဟက်ပက်ပက် ချီးကျူးထားခြင်းမရှိသည်ကို သတိပြုမိကြမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ သူ၏လက်အောက်တွင် အမှုထမ်းခဲ့သော၊ လိမ္မာကျွမ်းကျင်မှုရှိသော၊ အလုပ်ကို ကြိုးစားပမ်းစားလုပ်တတ်သော ၁၉၄၂ ခုနှစ်၊ မြန်မာပြည်မှ တောများတောင်များကို ဖြတ်၍ဆုတ်လာကြစဉ်က သူ့အား အစစအရာရာ ဖေးဖေးမမလုပ်ခဲ့သော မာရီးအား ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ဟူသော စကားအတိုင်း ကြင်ကြင်နာနာ ဆက်ဆံသင့်သည်သာ ဖြစ်၏။

မြန်မာပြည်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် စတင်တွေ့ရှိချိန်က စစ်ဗိုလ်ကလေး အဆင့်မျှသာရှိသော မာရီးသည် ၁၉၄၄ ခုနှစ်တွင် စစ်ဗိုလ်ချုပ်အဆင့်သို့ ရောက်ရှိလာသည်ကို ထောက်ခြင်းဖြင့် သူ၏အရည်အချင်းကို သိသာနိုင်ပေသည်။

ဤသို့ ကိုယ်ပိုင်အရည်အချင်းရှိပြီးနောက် ၅၃၀၇ တပ်ဖွဲ့ကို ဦးစီးလာရသောအခါ ဗိုလ်ချုပ်ကြီးမာရီးသည် မြောက်ပိုင်းစစ်ဒေသ၏ သေနာပတိကြီးဖြစ်သော စတီးဝဲလ်နှင့် တိုက်ရိုက်ဆက်သွယ် ဆက်ဆံရမည်မှာလည်း စစ်တပ်ထုံးစံအရ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုသာဖြစ်ခဲ့၏။

ဤသို့ တိုက်ရိုက် ဆက်ဆံပြောဆိုခဲ့ခြင်းကိုပင်လျှင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က မာရီးအပေါ်တွင် အမျက်သို၍ထားကာ ကြွက်မနိုင် ကျိုမီးရှို့ဟူသော စကားအတိုင်း ဗိုလ်ချုပ်ကြီးမာရီး နှလုံးရောဂါကြောင့် အိန္ဒိယသို့ ပြန်ရချိက်တွင် ဗိုလ်မှူးကြီးဟန်တာအား သိမ်ငယ်အောင် ပြုလုပ်လိုက်ခြင်းပင် ဖြစ်လေသလား။

မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲ ဆင်နွှဲရန် စီစဉ်နေသည့်အချိန်မှာ သက်ဆိုင်

ရာ အထက်အရာရှိကြီးများအဖို့ မည်ကဲ့သို့သော အစီအစဉ်ကမှ ယတိပြတ် ရေးဆွဲချထားခြင်း မရှိသည်မှာလည်း ထင်ရှားနေ၏။

"ဟိုလူက အမိန့်တစ်မျိုးပေးလိုက်၊ ဒီလူက ညွှန်ကြားချက်တစ်မျိုးပေး လိုက်နဲ့ ဘယ်သူ့စကား နားထောင်ပြီး ဘယ်လိုလုပ်ရမှန်းတောင် မသိအောင် ဖြစ်နေရတယ်ဗျာ"ဟု တပ်စုမှူးဖြစ်သူ "ဗိုးလ်"က ကျွန်တော့်အား ထိုအချိန် အခါက အခြေအနေနှင့်ပတ်သက်၍ ပြောပြခဲ့၏။

"လေယာဉ်ကွင်းပေါ်မှာရှိတဲ့ ဌာနချုပ် ခဏလောက် ရောက်သွားရင် လေယာဉ်ကွင်းကို တက်ပြီးသိမ်းခဲ့တုန်းက တပ်သားတွေရဲ့စိတ်ဓာတ် တက်တက် ကြွကြွ ရှိနေသလောက် ဒီအချိန်မှာ ရှေ့ ဘာဆက်ပြီး လုပ်ရမှန်းမသိဘဲ တွေဝေ ငေးမောနေတဲ့ တပ်သားတွေကိုပဲ တွေ့ရတယ်။ ဒါကပဲ လေယာဉ်ကွင်းကို သိမ်းစဉ်တုန်းက တပ်မှူးတွေရော၊ တပ်သားတွေရော ပစ်မှတ်ကို တိတိကျကျ သိပြီး၊ တိတိကျကျ စွန့်စားခဲ့ရသလောက် အောင်မြင်မှုအပေါ်မှာမှိုပြီး ဆက် တိုက် ဘာလုပ်ရမယ်ဆိုတာ အထက်ကလမ်းစဉ်ချမပေးနိုင်တော့ စောစောက တက်တက်ကြွကြွရှိနေတဲ့စိတ်တွေ အချည်းနှီးဖြစ်ကုန်ကြတော့တာပဲ"

မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ပြီဖြစ်ပါလျက် မြစ်ကြီးနား မြို့သိမ်းတိုက်ပွဲကို ဆင်နွှဲရတော့မည့် အချိန်အခါသို့ ရောက်ရှိလာခဲ့ကာမှ အထက်မှ တပ်မှူးကြီးများ၏ ညွှန်ကြားချက်က မသေမချာ မရေမရာရှိလာခဲ့ ခြင်းမှာ လက်လွတ်စပယ်ပြုလုပ်တတ်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အကျင့် ကြောင့်ပုပ်ဖြစ်သည်ဟု ဆိုရလေမလား...။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မြောက်ပိုင်းစစ်ဒေသကို ကွပ်ကဲနေရသော စစ်သေနာပတိတစ်ဦးဖြစ်သည်နှင့် လျော်ညီစွာ အမေရိကန်နှင့် တရုတ်တပ်များ ကို ပူးပေါင်း၍ အုပ်ချုပ်နေရသူလည်း ဖြစ်၏။

စစ်မျက်နှာပေါင်း များစွာတွင်လည်း သင့်လျော်သောဌာနချုပ်များဖွင့်ကာ အမိန့်ပေးညွှန်ကြားနေရသူလည်း ဖြစ်၏။

ဤသို့ ဌာနချုပ်အများအပြားဖွင့်ကာ ခေါင်းတစ်လုံးတည်းနှင့် ရေအိုး ပေါင်းများစွာကို ရွက်နေရသောအခါ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် အချို့သော တိုက်ပွဲများနှင့်ပတ်သက်၍ နည်းဗျူဟာများကို အစီအစဉ် အကျအန ရေးဆွဲ ထားနိုင်ခြင်း၊ တွေးတောထားနိုင်ခြင်း မရှိတော့ဘဲ အရေးပေါ်လျှင် ပေါ်လာ သလို အမိန့်ပေးညွှန်ကြားခဲ့ရသည်လည်းရှိ၏။

အထူးသဖြင့် မိမိ၏ ညွှန်ကြားချက်အောက်တွင် ရှိနေပါလျက် တရုတ်ပြည်မကြီးရှိ စစ်သူကြီးချန်ကေရှိတ်၏ နောက်ကွယ်မှပေးနေသော အမိန့်ကိုသာ နာခံနေတတ်သော တရုတ်တပ်မှူးကြီးများအား မြန်မာပြည်မြောက်ပိုင်းစစ်မျက်နှာတွင် လျင်လျင်မြန်မြန် ချီတက်တိုက်ခိုက်လာအောင် ကိုယ်တိုင်ကိုယ်ကျ ဆော်ဩလမ်းညွှန်နေရသည်မှာလည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အရေးကြီးသော တာဝန်တစ်ရပ်ပင်ဖြစ်၏။

သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ဌာနချုပ်တွင်ထိုင်ကာ သက်ဆိုင်ရာတိုက်ပွဲများနှင့်ပတ်သက်၍ သက်ဆိုင်ရာ လက်အောက်အရာရှိများအား လိုအပ်သောညွှန်ကြားချက်များ၊ အမိန့်များပေးနေမည့်အစား ရှေ့တန်းစစ်မျက်နှာသို့သာ ထွက်၍ထွက်၍လာကာ တပ်မှူးများအား ကိုယ်တိုင်ကိုယ်ကျ ဆော်ဩပေးသည့်အကျင့် ပါလာခဲ့၏။

တစ်နည်းအားဖြင့်ဆိုလျှင်လည်း ဌာနချုပ်အတွင်းတွင်ထိုင်၍ အလုပ်လုပ်နေသော ဗိုလ်ချုပ်ကြီးတစ်ဦးထက် ရှေ့တန်းစစ်မျက်နှာသို့ ကိုယ်တိုင်ကိုယ်ကျထွက်လာတတ်သော ဗိုလ်ချုပ်ကြီးကို တပ်မှူးတိုင်း၊ တပ်သားတိုင်းက "သူ့ရဲကောင်းကြီး"ဟု အယူရှိပြီး ပုံမှိချစ်ခင်လေးစားလာတတ်ရုံမက စစ်မြေပြင်သတင်းထောက်များကလည်း ရှေ့တန်းစစ်မျက်နှာသို့ ထွက်၍ထွက်၍လာတတ်သော ဗိုလ်ချုပ်ကြီးကို သတင်းစာများတွင် ဓာတ်ပုံဖြင့်လည်းကောင်း၊ တိုက်ပွဲသတင်းဖြင့်လည်းကောင်း တခမ်းတနား ချီးကျူးဖော်ပြနေလေရာ မိမိကိုယ်ကို မိမိ သတ္တိရှိသူတစ်ယောက်ဟု ပုထုဇဉ်သဘာဝအရ ဖော်ပြလိုက်သော ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် သက်ဆိုင်ရာဌာနချုပ်များမှနေ၍ သက်ဆိုင်ရာတိုက်ပွဲများကို ညွှန်ကြားနေမည့်အစား ရှေ့တန်းစစ်မျက်နှာသို့သာ ခဏခဏထွက်၍လာပြီး တိုက်ပွဲနှင့်ပတ်သက်သော အမိန့်များကို ဖြစ်ကတတ်ဆန်း ပေးနေခြင်းလည်း ဖြစ်နိုင်ကောင်းစရာရှိ၏။

မြောက်ပိုင်းစစ်ဒေသ၏ သေနာပတိချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးစတီးဝဲလ်က မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို မည်ကဲ့သို့ သဘောထားသည်ဖြစ်စေ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အပေါ်တွင်ကား မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲရာ၌ အထူးပင် အားကိုးအားထားပြုရလိမ့်မည်ဟု ယုံကြည်ယူဆထားသော မဟာမိတ်တပ်အများပင် ရှိနေခဲ့၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည်

စစ်ထွက်ခဲ့သည့်အချိန်မှစ၍ လက်သံပြောင်ပြောင်ဖြင့် အမေရိကန်တို့၏ ဂုဏ်ရောင်ကို မြှင့်တင်ခဲ့သော တပ်ဖွဲ့ဖြစ်ကြောင်း ထိပ်တန်းတပ်မှူးကြီးမှအစ အောက်ဆုံး တပ်သားကလေးအထိ သိရှိခဲ့သောကြောင့်ပင်တည်း။

မြစ်ကြီးနားမြို့တစ်ဝိုက်တွင် ကျွန်တော်တို့၏ ၅၃၀၇ တပ်ဖွဲ့မှ ထုထုထောင်ထောင်ရှိနေနိုင်သေးသည့် တပ်ရင်းများ မြို့သိမ်းတိုက်ပွဲအတွက် ပြန်လာစုရုံးမိသည့် နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က သူ၏ နေ့စဉ်မှတ်တမ်း၌...

မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဤတပ်ဖွဲ့ပင် အပြီးသတ်ဆောင်ယူပေးနိုင်လိမ့်မည်"ဟု ရေးသားခဲ့လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဤသို့ထင်မြင်ယူဆခဲ့ခြင်းမှာ ရန်သူ့အခြေအနေကို လွဲမှားစွာတွက်ချက်ထားခဲ့ကြောင်း သိသာထင်ရှားလှ၏။

မေလ ၁၇ နေ့က ဗိုလ်မှူးကြီးဟန်တာ ဦးစီးသော အမှတ်(၁)တပ်ရင်းနှင့် တရုတ်တပ်များ မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်အုပ်စီးမိသည့်အချိန်က မြစ်ကြီးနားမြို့အတွင်းရှိ ရန်သူအင်အားမှာ ၇၀၀ သာရှိမည်သို့ ကျွန်တော်တို့ မဟာမိတ်တပ်မှူးများက တွက်ချက်ခဲ့ကြ၏။

သို့ရာတွင် မေလ ၁၇ ရက်နေ့ ညနေတွင်ပင် ရန်သူဘက်မှ စစ်ကူတပ်များ မြစ်ကြီးနားသို့ ရောက်ရှိလာခဲ့ရုံမက နောက်နေ့များတွင်လည်း ဆက်၍ဆက်၍ စစ်ကူတပ်များ ရောက်ရှိလာသည်ကို ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကိုယ်တိုင် သူ၏ နေ့စဉ်မှတ်တမ်း၌ ရေးသားဖော်ပြခဲ့သည်မဟုတ်ပါလား။

မေလ ၂၂ ရက်နေ့တွင် ခံစစ်မှနေ၍ ထိုးစစ်ပြုရာ အစီအစဉ်ပြုလုပ်လာသော မြစ်ကြီးနားမြို့အတွင်းရှိ ဂျပန်တပ်များသည် မေလ ၂၃ ရက်နေ့သို့ ရောက်လာသောအခါ ပြောင်ပြောင်တင်းတင်းပင် ကျွန်တော်တို့၏တပ်များကို တိုက်ခိုက်လာကြတော့၏။

မြစ်ကြီးနားမြောက်ဘက် လေး,ငါးမိုင်အကွာသို့ မိုးကောင်းလမ်းအတိုင်း ရောက်ရှိလာခဲ့သော ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၃)တပ်ရင်းမှာ ဂျပန်တို့၏ ပထမဆုံးထိုးစစ်ကို အလူးအလဲခံလိုက်ရပါသတည်း။

◆

# ( ၁၂ )

## မြစ်ကြီးနား"တိုက်ပွဲ"

စစ်ကူတပ်များကို မြန်မြန်ထက်ထက် စုစည်းနိုင်ခဲ့သော ဂျပန်သည် ထိုးစစ်ကို လှိုင်းလုံးကြီးများ ဖိ၍လာသကဲ့သို့ ဆင်နွှဲလာ၏။

မြစ်ကြီးနားမြောက်ဘက် လေး,ငါးမိုင်အကွာသို့ မိုးကောင်းလမ်းအတိုင်း ရောက်ရှိလာခဲ့သော ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၃)တပ်ရင်းကို ထိုနေရာသို့ စစ်ကူရောက်ရှိလာခဲ့သော ဂျပန်တပ်များက လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံး ဖိ၍လာသကဲ့သို့ အဆက်မပြတ် ထိုးဖောက်တိုက်ခိုက်ခဲ့ကြ၏။

တစ်ကြိမ်တွင်မူ အမှတ်(၃)တပ်ရင်းသည် မိမိ၏ ခံကတုတ်ကျင်းများရှိရာ သို့ပင် ထိုးဖောက်ရောက်ရှိလာသော ရန်သူများကို အကျအဆုံးများစွာခံကာ ဓါးမြှောင်ကြီးစွာဖြင့် ပြန်လည်မောင်းထုတ်ခဲ့ရ၏။

မေလ ၂၄ ရက်နေ့တွင်လည်း ရန်သူက အမှတ်(၃)တပ်ရင်းကို ဆက်၍ ထိုးဖောက်ပြန်၏။ မောပန်းသည့်ဒဏ်နှင့် ရောဂါဒဏ်ကို နေရသည့်အကြားမှ အဆက်မပြတ် ထိုးစစ်ဆင်လာသော ရန်သူကို ဓါးမြှောင်ကြီးစွာဖြင့် တွန်းလှန်နေရ သောအခါ အမှတ်(၃)တပ်ရင်းသည် ပို၍အထိနာလာလေသည်။

သို့ဖြစ်၍လည်း ဗိုလ်မှူးကြီးဟန်တာက အမှတ်(၃)တပ်ရင်းအား လေယာဉ် ကွင်းရှိရာသို့ စစ်ဆုတ်၍လာခဲ့ရန် အမိန့်ပေးလိုက်ရတော့၏။

မေလ ၂၆ ရက်နေ့တွင် ရန်သူသည် နမ့်ကွေးသို့ ရောက်ရှိလာသော ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၂)တပ်ရင်းကိုလည်း ထိုးဖောက်တိုက်ခိုက်ပြီးနောက် ရွာကိုသိမ်းပိုက်လိုက်၏။

အမှတ်(၂)တပ်ရင်းသည်လည်း မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ စစ်ဆုတ်၍ လာခဲ့ရလေသည်။

ဤသို့ ကျွန်တော်တို့တပ်ဖွဲ့က အလူးအလဲခံနေရစဉ် အတော်အသင့် အားကောင်းသော တရုတ်တပ်များ စစ်ကူရောက်ရှိလာသောကြောင့် အသက်ရှူ ပေါက် ရရှိလာလေ၏။

ရောက်ရှိလာသောတပ်များ၌ စစ်ပန်းနေသော တရုတ်တပ်သားများ ပါဝင် နေသလို စစ်ရှုင်နေသော တရုတ်တပ်သားများလည်း ပါဝင်နေ၏။

မြစ်ကြီးနား လေယာဉ်ကွင်းတစ်ဝိုက်တွင် ကတုတ်ကျင်းများတူးကာ နေရာ ယူထားသော အမှတ်(၁၅၀) တရုတ် ရယ်ဂျီမင့်တပ်မှ ကျန်ရှိနေသေးသော တပ်သားများမှာ စစ်ပန်းနေကြပြီဖြစ်၏။

ဤတပ်များကို ကူညီရန်အတွက် ကျွန်တော်တို့တပ်ဖွဲ့မှ တပ်ရင်းသုံးနှင့် အတူ ချီတက်လိုက်ပါလာခဲ့သော အမှတ်(၈၈) တရုတ်တပ်နှင့် လီဒိုမှ လေယာဉ် ဖြင့် ရောက်ရှိလာသော အမှတ်(၈၉) တရုတ်တပ်များလည်း ကံအားလျော်စွာ စစ်ကူပေးနိုင်ခဲ့ကြ၏။ အမှတ်(၄၂) တရုတ်ရယ်ဂျီမင့်တပ်မှ တပ်သားအချို့လည်း လေယာဉ်ဖြင့် စစ်ကူပေးရန် တဖွဲဖွဲရောက်ရှိလာသည်။

အတိုချုံး၍ ဆိုရလျှင် မြစ်ကြီးနားတိုက်ပွဲကို ဖွဲ့နပဲဖြင့် စတင်ခဲ့သော ကျွန်တော်တို့၏ ၅၃၀၇ တပ်ဖွဲ့မှ တပ်သားများ၏ နေရာတွင် တရုတ်စစ်သား အများအပြား ရောက်ရှိလာခြင်းပင်တည်း။

ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များမှာ စစ်ပန်းလျက်ရှိသည်သာမက ဝမ်း ကိုက်ရောဂါနှင့် ငှက်ဖျားရောဂါ၊ အူရောင်ဖျားရောဂါဒဏ်ကိုလည်း ခံနေကြ ရရာ တစ်နေ့လျှင် ၇၅ ယောက်မှ ၁၀၀ အထိ ဗုန်းဗုန်းလဲနေကြသည့်အချိန် ဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များသည် အိန္ဒိယရှိ စစ်ဆေးရုံသို့ စုပြုံရောက်ရှိလာခဲ့ကြရ၏။

သို့ရာတွင် အိန္ဒိယသို့ ဆေးဝါးကုသရန် ပို့သင့်ပါလျက် မြစ်ကြီးနား တိုက်ပွဲတွင်ပင် ဆက်လက်တာဝန်ထမ်းဆောင်နေရသော ရဲဘော်များ၏ အရေ

အတွက်ကလည်း မနည်းလှ။

ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေရုံမက စိတ်ဓာတ်ပါ အထူးကျဆင်းလျက်ရှိကြောင်း ဗိုလ်မှူးကြီးမက်ကင်မွန်၏ အစီရင်ခံချက်အရ ကျွန်တော်တို့တပ်များကို စစ်ဆေးကြည့်ရှုရန် မြစ်ကြီးနားလေယာဉ်ကွင်းသို့ ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကိုယ်တိုင် ရောက်ရှိလာခဲ့၏။

ထိုနေ့ကား...မေလ ၅ ရက်နေ့ပင်တည်း။

သေလောက်အောင် တိုက်ခဲ့ရပြီးနောက် သေလောက်အောင် အနှိမ်ခံခဲ့ရခြင်းကို ဆက်လက်သည်းမခံနိုင်တော့သော ဗိုလ်မှူးကြီးဟန်တာသည် သူ၏ပစ်ကျင်းဘေးတွင်ထိုင်ကာ အစီရင်ခံစာတစ်စောင် ရေးသားပြီးနောက် ဗိုလ်ချုပ်ကြီး စတီးဝဲလ်လက်ထဲသို့ ပေးအပ်လိုက်၏။

မေလ ၂၇ ရက်နေ့တွင် ဗိုလ်မှူးကြီးဟန်တာသည် မြစ်ကြီးနားရှိ ကျွန်တော်တို့တပ်ဖွဲ့မှ တိုက်ခိုက်ရေးတပ်များကို ဦးစီးနေရာမှ ဆက်လက်၍ တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်လောက်အောင် ကျန်းမာရေးအခြေအနေ ချို့တဲ့သည်ဟူသော အကြောင်းပြချက်ဖြင့် တပ်မှူးကြီးရာထူးမှ အနားပေးခြင်း ခံခဲ့ရလေသည်။

မေလကုန်ဆုံးသည့်အချိန်တွင် လူအင်အားသုံးထောင်ဖြင့် လီဒိုလမ်းအတိုင်း ခြေလျင်ချီတက်ကာ စစ်ထွက်လာခဲ့သော ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့တွင် အမှတ်(၁)တပ်ရင်းမှ လူ ၂၀၀ ခန့်သာ မြစ်ကြီးနားစစ်မျက်နှာတွင် ဆက်လက်ကျန်နေရစ်တော့၏။

အတိုချုပ်အားဖြင့်ဆိုရလျှင် သေလောက်အောင် တိုက်ခိုက်ရပြီးနောက် သေလောက်အောင် အနှိမ်ခံခဲ့ရသော ကျွန်တော်တို့၏ တပ်ဖွဲ့သည် ရုတ်တရက် လတ်လတ်လောလော ပစ်သတ်ခြင်းကို ခံလိုက်ရသကဲ့သို့ ရှိပါတော့သတည်း။

◆

# ( ၁၃ )

## ကြောက်စရာနေ့ရက်များ

၁၉၄၄ ခု၊ မေလကုန်ဆုံးတော့မည့် နောက်ဆုံးရက်သတ္တပတ်မှာ ကျွန်တော်တို့ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ ရဲဘော်များအတွက် ဂျပန်နှင့် အသက်လု၍ တိုက်ရသော တိုက်ပွဲထက် ကြောက်စရာကောင်းသော နေ့ရက်များပင် ဖြစ်လေသည်။

မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဦးစီးနေသော တပ်မှူးကြီးကိုယ်တိုင်က အဆုတ်တွင် အအေးမိသောရောဂါဖြင့် တာဝန်မှ အနားယူရတော့မည်ကဲ့သို့ ရှိနေလေသောအခါ ကျွန်တော်တို့၏ တပ်ဖွဲ့သည် တပ်မှူးကြီးနှင့်အတူ ချုပ်ငြိမ်းသွားရတော့မည်လားဟု ရဲဘော်အားလုံးကပင် ကြောင့်ကြစိုးရိမ်နေကြရ၏။

ဧရာဝတီမြစ် တစ်ဖက်ကမ်းတွင် အရှေ့ဘက်မှ ရောက်ရှိလာမည့် ရန်သူ့စစ်ကူတပ်များနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ရန်အတွက် တာဝန်ပေးခြင်း ခံထားရသော "ခြင်းခစ်"တပ်ဖွဲ့မှ မော်ရစ်ဦးစီးသောအဖွဲ့မှာလည်း ကျွန်တော်တို့ကဲ့သို့ပင် ကျန်းမာရေးအရလည်းကောင်း၊ စိတ်ဓာတ်အရလည်းကောင်း ကျဆင်းလျက်ရှိနေသောကြောင့် ပေးအပ်ထားသောတာဝန်ကို ကျေကျေပွန်ပွန် မထမ်းဆောင်နိုင်ဘဲ ဖြစ်နေ၏။

ကျွန်တော်တို့၏ အမှတ်(၁)တပ်ရင်းနှင့်အတူ နော်ဘွမ်းမှနေ၍ ချီတက်တိုက်ခိုက်လာသော အမှတ်(၁၅၀) တရုတ် ရယ်ဂျီမင့်မှာလည်း ထူထူထောင်ထောင်ရှိသည့် လူ ၆၀၀ ခန့်သာ ကျန်တော့သည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရနိုင်သမျှသော စစ်ကူတပ်များဖြင့် မြစ်ကြီးနားမြို့တွင်းရှိ ရန်သူတပ်များကို ဝိုင်းဝန်းပိတ်ဆို့ထားစေကာမူ ရန်သူစစ်ကူတပ်များနှင့် ရိက္ခာခဲယမ်းမီးကျောက်များကား မြစ်ကြီးနားမြို့အတွင်းသို့ အဆက်မပြတ်ရောက်နေပြန်၏။

လေယာဉ်ကွင်းပေါ်တွင် ရန်သူ့အမြောက်ဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိသော သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီး ၉ စင်းကြောင့်လည်း ကျွန်တော်တို့ဘက်မှ လေယာဉ်များမှာ အဆင်းခက်၊ အတက်ခက်ကာ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ ရှားပါးနေသည့်အချိန်ဖြစ်၏။

ထိုအချိန် ထိုအခါက ရန်သူ့စစ်အင်အား အခြေအနေကိုသာ ကျွန်တော်တို့ဘက်မှ ထိပ်သီးအရာရှိကြီးများ အမှန်အတိုင်းသိရှိခဲ့ရလျှင် မျက်လုံးပြူး၍နေမည်သာဖြစ်၏။

ထိပ်သီးအရာရှိကြီးများက မြစ်ကြီးနားမြို့အတွင်းရှိ ရန်သူတပ်များနှင့် ကျွန်တော်တို့အား အဘက်ဘက်မှနေ၍ တိုက်ခိုက်နေသော ရန်သူ့အင်အားကို အကြီးအကျယ် လျှော့ပေါ့၍ တွက်ချက်ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ပွဲကြီး မပြီးမီကလေးတွင်ပင် မြစ်ကြီးနားရှိ ရန်သူ့မြို့စောင့်တပ်၌ ဂျပန်စစ်သား ၄၆၀၀ ရှိနေခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရ၏။

တရုတ်နှင့် အမေရိကန်တပ်များက ရန်သူ့အင်အားကို လွဲလွဲမှားမှား တွက်ချက်ခဲ့ကြသကဲ့သို့ ဂျပန်တို့ကလည်း မဟာမိတ်တို့၏ အင်အားကို လျှော့လျှော့ပေါ့ပေါ့ တွက်ခဲ့ကြသည်။

မြစ်ကြီးနားမြို့အတွင်းရှိ မြို့စောင့်တပ်နှင့် မြစ်ကြီးနားပတ်ဝန်းကျင် ကျွန်တော်တို့ မဟာမိတ်တပ်များကို လာရောက်တိုက်ခိုက်နေသော အင်အားမှာ (၃၀၀၀၀)သုံးသောင်းအထိ ရှိနေခဲ့၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကမူ ရန်သူအင်အား စုစုပေါင်း(၁၂၀၀၀)တစ်သောင်းနှစ်ထောင်ထက် ပိုမည်မဟုတ်ဟု တွက်ချက်ခဲ့၏။

ဤသို့ မြောက်ပိုင်းစစ်ဒေသကို ကွပ်ကဲအုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီးကိုယ်တိုင်က အတွက်မှား၍နေသောအခါ ထိုအတွက်မှားမှုကို လက်တွေ့ခံရသူ

များမှာကား ကျွန်တော်တို့ကဲ့သို့သော အရာရှိ၊ အရာခံ၊ အကြပ် တပ်သားများ သာတည်း။

ရန်သူ့အင်အားကို လက်လွတ်စပယ် ဖွက်ချက်ခဲ့ရာနှင့် လက်တွေ့ခံရ သူမှာ တာဝန်ရှိသော ထိပ်သီးတပ်မှူးကြီးမဟုတ်ဘဲ လက်အောက်ရှိသူများသာ ဖြစ်၏ဟု ကျွန်တော်ဆိုခဲ့သည်။ သို့သော် ဤသို့ လက်လွတ်စပယ် ပြုမူခဲ့မှု အတွက် တင်ရှိနေသော ကြွေးကို မည်သူက ဆပ်ပါမည်နည်း။

ဤကြွေးကိုဆပ်ရန်အတွက် အိန္ဒိယပြည် "မာဂရီတား" နာလန်ထစခန်း သို့ ရောက်ရှိနေသော ကျွန်တော်တို့၏တပ်ဖွဲ့မှ ရဲဘော်များကို ပြန်၍ခေါ်ယူခဲ့၏။

အမှတ် ၅၃၀၇ တပ်ဖွဲ့မှ လမ်းလျှောက်နိုင်သည့် ရဲဘော်တိုင်း မြစ်ကြီးနား တိုက်ပွဲသို့ လာရမည်ဟု သက်ဆိုင်ရာတို့က အမိန့်ထုတ်ခဲ့၏။

"မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်ပြီးသည်နှင့်တစ်ပြိုင် နက် အမှတ် ၅၃၀၇ တပ်ဖွဲ့မှ ရဲဘော်များအား အနားယူရန်အတွက် အိန္ဒိယသို့ ပို့ပေးမည်။ အနားကောင်းကောင်းပေးကာ၊ အစားကောင်းကောင်းကျွေးမည်" ဟူသော တိုက်ပွဲမတိုင်မီက ဗိုလ်ချုပ်ကြီးမာရီး၏ ကတိဝန်ခံချက်မှာ ယခုအချိန် ၌ သဲထဲသို့ ရေသွန်သကဲ့သို့ ဖြစ်နေလေပြီ။

မြစ်ကြီးနားတိုက်ပွဲကို စတင်ရန်အတွက် နော်ဘွမ်းတွင် တပ်များစည်းရုံး စဉ်က ကျွန်တော်တို့တပ်ဖွဲ့သားများအား တပ်ဖွဲ့ဗိုလ်ချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး မာရီးက ဤကဲ့သို့သော ကတိကိုပေးကာ စစ်ပန်းနေသော ရဲဘော်များအား ကုမုံတောင်စဉ်တောင်တန်းကြီးများကို ဖြတ်ကျော်၍ ချီတက်စေခဲ့၏။

ယခုမူ ယခင်က ကတိပေးခဲ့သူလည်း မြစ်ကြီးနားစစ်မျက်နှာ၌ မရှိတော့ပြီ။

တပ်ဖွဲ့မှ တိုက်နိုက်ရေးတပ်များကို နော်ဘွမ်းမှနေ၍ မြစ်ကြီးနားလေယာဉ် ကွင်းသို့ အရောက်ခေါ်ဆောင်ခဲ့ပြီးနောက် မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်း ပိုက် အုပ်စီးစေခဲ့သော လက်ထောက်တပ်မှူးကြီးဖြစ်သူ ဗိုလ်မှူးကြီးဟန်တာလည်း မရှိတော့ပြီ။

ကျွန်တော်တို့တပ်ဖွဲ့ဝင်များသည် နာလန်ထစခန်းမှနေ၍ နာလန်မထနိုင် သော မြစ်ကြီးနားတိုက်ပွဲသို့ ချီတက်ကြရဦးမည်ပါတကား။

သက်ဆိုင်ရာမှ အမိန့်ရောက်ရှိလာလျှင်လာချင်း နာလန်ထစခန်းအတွင်း ရှိ ရဲဘော်များကို လမ်းလျှောက်နိုင်၊ မလျှောက်နိုင် သက်ဆိုင်ရာဆေးအဖွဲ့က စစ်ဆေး၏။ စစ်ဆေးရာတွင်လည်း ဘီးစိပ်တိုက်၍ စစ်ဆေးနည်းမျိုးကို သုံးခဲ့

သည်။ ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော် ၂၀၀ မှာ လမ်းလျှောက်နိုင်သည့် အခြေအနေရှိသောကြောင့် မြစ်ကြီးနားတိုက်ပွဲတွင် ဆက်လက်ပါဝင်နိုင်သူများဖြစ်သည်ဟု ဆေးအဖွဲ့က ဆုံးဖြတ်လိုက်၏။

ယခုအကြိမ်တွင် ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော် ၂၀၀ သာ ရရှိသည်ကို နည်းသည်ဟု မထင်ပါနှင့်။ ဧပြီလအတွင်းကလည်း ရဲဘော် ၂၅၀ ကို ဤနာလန်ထစခန်းမှပင် မြစ်ကြီးနားတိုက်ပွဲသို့ သွေးခတ်ဆွဲ၍သွားခဲ့ပြီးဖြစ်၏။

တိုက်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်သူဟု ဆေးအဖွဲ့က မှတ်ချက်ချခြင်းခံရသော ရဲဘော်များအနက် မြစ်ကြီးနားစစ်မျက်နှာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မစွမ်းမသန်သူများသာ ရာခိုင်နှုန်းများပြားနေလေသည်။

သို့ဖြစ်၍လည်း စစ်မျက်နှာသို့ရောက်ပြီးမှ နာလန်ထစခန်းသို့ ပြန်၍ပို့ရသော ရဲဘော်များအရေအတွက်မှာ မနည်းလှ။

ဤသို့ဖြစ်ရခြင်းမှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဌာနချုပ်ရှိ အရာရှိကြီးများက မြစ်ကြီးနားတိုက်ပွဲတွင် အမေရိကန်တပ်သားများ အများဆုံးပါဝင်သည်ကို ဂုဏ်ယူလိုသောကြောင့်ပင် ဖြစ်၏။ သက်ဆိုင်ရာဆေးမှူးများသည် ထိပ်သီးအရာရှိကြီးများ၏ လက်သို့ ညွှန်ကြားချက်အရ အိန္ဒိယရှိ နာလန်ထစခန်းမှ ကျွန်တော်တို့ ရဲဘော်များကို မျက်စိမှိတ်၍ အောင်မှတ်ပေးကာ နွားသတ်ရုံသို့ အသားစားနွားများကို ပေးပို့နေသည့်အလား ပေးပို့နေခဲ့ရလေသည်။

ဤသို့သော အကြောင်းအချက်များကို ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင်က သိရှိရခြင်းမရှိပါ။ လက်အောက်အရာရှိကြီးများ၏ အကြောင့်ကြလွန်မှုသာ ဖြစ်ရပါသည်ဟု "တိုင်း"သတင်းစာက ရေးသားခဲ့၏။

ဤကဲ့သို့သော ထမင်းရည်ပူလာ၊ လျှာလွှဲစကားမျိုးကို ကျွန်တော့်အနေဖြင့် ထောက်ခံခြင်းမပြုနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် အိန္ဒိယသို့ပြန်၍ အမှန်တကယ် ဆေးဝါးကုသရန်လိုသည်ဟု တပ်တွင်းရှိ ဆေးမှူးက ထောက်ခံချက်ပေးထားသူများကို လေယာဉ်ကွင်းသို့ပို့ရန်အတွက် ထရပ်ကားကြီးများဖြင့် ခေါ်ဆောင်လာစဉ် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ လက်အောက်အရာရှိကြီးများက တပ်ပေါင်းစုံမှ ဆေးမှူးအဖွဲ့တစ်ဖွဲ့ကို ဂျစ်ကားများဖြင့် တင်ဆောင်လာကာ လူနာရဲဘော်များအား တင်ဆောင်လာသည့် ထရပ်ကားကြီးများကို လမ်းမှ ပိတ်ဆို့တားဆီးပြီး နာမည်ခံရုံမျှ ဆေးစစ်ကာ မိမိတို့တပ်များသို့ ပြန်ပို့စေသည့် သာဓကကို ကျွန်တော်ကိုယ်တိုင်

တွေ့ရှိခံစားခဲ့ရသောကြောင့်ပင်တည်း။

နာလန်ထစခန်းမှ ရဲဘော်များကို တပ်ဖွဲ့ပေါင်းစုံမှ ဆေးမှူးလက်မှတ်ဖြင့် မြစ်ကြီးနားစစ်မျက်နှာသို့ ပို့ခဲ့သည့်နည်းတူ လီဒိုလမ်းပေါ်ရှိ အင်ဂျင်နီယာတပ်မှ တပ်ရင်းနှစ်ရင်းကို မြစ်ကြီးနားစစ်မျက်နှာသို့ ခြေလျင်တိုက်ခိုက်ရေးတပ်များ အဖြစ် ပို့ခဲ့ခြင်းမှာလည်း သနားညှာတာကင်းမဲ့လှချေ၏။

ဤအင်ဂျင်နီယာတပ်မှ ရဲဘော်များမှာ အခြေခံစစ်သင်တန်း တက်ရောက် စဉ်ကသာ လက်နက်နှင့်တူသောအရာပစ္စည်းဟူ၍ ရိုင်ဖယ်ကိုသာ တွေ့ခဲ့မှူး၏။ ထို့နောက်တွင်ကား လက်နက်နှင့် အကင်းကွာကြီး ကင်းကွာနေခဲ့လေသည်။

ဤသို့သော မြေညှိစက်များ၊ မြေတူးစက်များကိုသာ ကိုင်တွယ်နေခဲ့ရသော လမ်းဖောက်လုပ်ရေး အင်ဂျင်နီယာတပ်မှ တပ်ရင်းနှစ်ရင်းစာရှိ ရဲဘော်များအား မြစ်ကြီးနားတိုက်ပွဲသို့ လက်နက်ကိုင် ခြေလျင်တပ်သားများအဖြစ် ပို့လိုက်ခြင်းမှာ ပို၍ဆိုးရွားလှတော့၏။

အင်ဂျင်နီယာတပ်ရင်းနှစ်ရင်းအပြင် "ဂါလာဟက်"တပ်ဖွဲ့အသစ် ဖွဲ့စည်း ရန်အတွက် အိန္ဒိယပြည် ဘုံဘေမြို့သို့ ရောက်ရှိကာစ လူသစ် ၂၆၀၀ လည်း ပါဝင်ခဲ့၏။

ဤလူသစ် ၂၆၀၀ ကို စစ်သင်တန်းပေးပြီးနောက် လာမည့် ဆောင်းရာသီ တွင် စစ်မျက်နှာသို့ပို့ရန် စီစဉ်ထားခဲ့၏။

သို့သော် အာရှအရှေ့တောင်ပိုင်း စစ်ဒေသတွင် မြစ်ကြီးနားတိုက်ပွဲမှာ မဟာမိတ်များအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေရကာ ဤလူသစ်များ ကို တစ်ပတ်ခန့်မျှသာ စစ်သင်တန်းပေးပြီးနောက် မြစ်ကြီးနားတိုက်ပွဲရှိရာသို့ လေယာဉ်ဖြင့် ပို့ပေးလိုက်၏။

ဤလူသစ် ၂၆၀၀ ကို ဗိုလ်မှူးကြီးဟန်တာ လက်အောက်တွင် ကျွန်တော် တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ ဝါရင့်စစ်သားကြီးများနှင့် တွဲဖက်ကာ တပ်ရင်း သုံးရင်း ဖွဲ့ပေးလိုက်၏။

လီဒိုမှ အင်ဂျင်နီယာတပ်ရင်း နှစ်ရင်းမှာလည်း နောက်တစ်လခန့်ကြာသော အချိန်တွင် ဗိုလ်မှူးကြီးဟန်တာ၏ အုပ်ချုပ်မှုအောက်သို့ ရောက်လာခဲ့၏။

မြေပြင်တိုက်ခိုက်ရေး အတတ်ပညာကို လေ့ကျင့်ခဲ့ရခြင်းလည်းမရှိ အတွေ့ အကြုံလည်း မရှိသူများအား ပြင်းထန်သော မြစ်ကြီးနားတိုက်ပွဲတွင် ကိုယ်ထိ လက်ရောက် ပါဝင်စေခြင်းမှာ သားသတ်ရုံသို့ သားကောင်များကို ပို့နေသကဲ့

သို့ ရှိတော့၏။

အိန္ဒိယရှိ ယာယီတပ်စခန်းများမှ အပြင်းအထန်တိုက်ပွဲဖြစ်နေသော မြစ်ကြီးနား စစ်မျက်နှာသို့ ရောက်ရှိလာရသော အမေရိကန်အမျိုးသား စစ်သားသစ်များမှာ လေယာဉ်ကွင်းပေါ်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ပုန်းစရာ၊ ခိုစရာ တွင်း,ကျင်းများကို ချက်ချင်းရှာရလောက်အောင် ကြောက်စိတ်ပိုနေခဲ့ကြ၏။

အဘယ်ကြောင့်ဆိုသော် မြစ်ကြီးနားလေယာဉ်ကွင်းကို ဂျပန်အမြောက်ပစ်တပ်ဖွဲ့က အမြောက်များဖြင့် ပစ်ခတ် တိုက်ခိုက်နေသောကြောင့်ပင်တည်း။

အသစ်ရောက်ရှိလာသော တပ်ရင်းများမှ ရဲဘော်များသည် အမေရိကန်ရှိ စည်းရုံးရေးတပ်စခန်းတွင် သုံးရက်မျှသာ အတူတကွ နေခဲ့ကြဖူး၏။ သို့ဖြစ်၍လည်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာတန်းမိခြင်းပင် မရှိကြ။ သို့ဖြစ်၍လည်း တာဝန်တစ်ခုခုကို အဖွဲ့အစည်းတစ်ခုအနေဖြင့် အတူတကွ ပူးတွဲဆောင်ရွက်ရန် အခက်အခဲတွေ့နေကြ၏။

ဤတပ်ရင်းများအနက် တပ်ခွဲတစ်ခွဲကို အုပ်ချုပ်ရသော ဗိုလ်ကြီးရောဘတ်ဆိုသူက သူ၏ခြေလျင်တပ်ခွဲတွင်ရှိသော လူ ၂၀၀ အနက် ၅၃ ယောက်မှာ မည်သည့်ခြေလျင်တပ်တွင်မှ ပါဝင်ဖူးခြင်းမရှိဘဲ အမြောက်တပ်တွင်သာ အမှုထမ်းခဲ့ဖူးသည်ဟု ပြောဆိုခဲ့၏။

တပ်ရင်းအသစ်များတွင် လူသစ်များစုံနေသလို အလုပ်အကိုင် အမျိုးမျိုးကို လုပ်ဖူးသူများလည်း ပါဝင်နေ၏။

လွှတ်တော်အမတ်များ၊ တင့်ကားမောင်းသူများ၊ အဝတ်လျှော်စက် အော်ပရေတာတစ်ယောက် စသည်ဖြင့် အမျိုးမျိုး အစားစား ပါဝင်သူများကို ရုတ်တရက် ချက်ချင်း မြေပြင်တပ်သားများအဖြစ် ခန့်ထားခဲ့၏။

ဤသို့ခန့်ထားခဲ့ရာတွင်လည်း ရိုင်ဖယ်တပ်သားများအဖြစ် ခန့်ထားခဲ့ခြင်းမှာ ပို၍ အချိုးအစားမကျအောင် ဖန်တီးပေးလိုက်သကဲ့သို့ ရှိနေလေသည်။

ဗိုလ်အဆင့်အတန်းရှိ လူဝီဆိုသူက မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ပြီးမှ ဖွဲ့စည်းလိုက်ရသော မော်တာနှင့် စက်သေနတ်တပ်စုတွင် အမှန်စင်စစ်အားဖြင့် ဝါရင့်မော်တော်သမား နှစ်ယောက်နှင့် စက်သေနတ်သမား သုံးယောက်သာ ပါရှိခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။

ဤတပ်စုမှာ ဇွန်လ ၃ ရက်နေ့တွင်မှ မြစ်ကြီးနားလေယာဉ်ကွင်းသို့

ရောက်ပြီးနောက် ဖွဲ့စည်းလိုက်သော မော်တာနှင့် စက်သေနတ်တပ်စုတည်း။

ဤတပ်စုသည် ဇွန်လ ၃ ရက်နေ့တွင်ပင် အိန္ဒိယရှိ တပ်စခန်းတစ်နေရာမှ မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

အိန္ဒိယတွင်ရှိနေစဉ် လက်နက်ဆို တစ်စုံတစ်ခုမျှ ပေးအပ်ကိုင်တွယ် လေ့ကျင့်ခြင်းမပြုခဲ့ရဘဲ တိုက်ပွဲဖြစ်ပွားရာ မြစ်ကြီးနားလေယာဉ်ကွင်းသို့ ထိုနေ့တွင်ပင် လေယာဉ်ဖြင့် ရောက်ရှိလာပြီးမှ မော်တာနှင့် စက်သေနတ်များကို ကိုင်တွယ်ခဲ့ဖူးပါသည်ဟု ပြောဆိုခဲ့လေသည်။

"လေယာဉ်ကွင်းကို ရောက်လာတော့လည်း ကျွန်တော်တို့တပ်စုအတွက် စက်သေနတ် ၅ လက်လောက်ပဲ ရတယ်။ ရဲဘော်တွေက ခံကတုတ်ကျင်းတွေ တူးပြီးနေရတဲ့အတွက် လက်နက်ကိုင်တွယ်နည်းကို သင်ပေးဖို့ အချိန်များများ မရဘူး။ ဇွန်လ ၄ ရက်နေ့ကျတော့ ၆၀ မီလီမီတာ မော်တာ ၂ လက်၊ စက်သေနတ် ၂ လက် လာပေးတယ်။ အဲဒီနေ့မှာပဲ လာပေးတဲ့လက်နက်တွေနဲ့ လူသစ်တွေကို လေ့ကျင့်ပေးရတယ်။ ဇွန်လ ၅ ရက်နေ့ နံနက်ကျတော့ နေ့လယ် ၁ နာရီမှာ ရန်သူကို ထွက်ပြီးတိုက်ရမယ်လို့ အမိန့်ရောက်လာတယ်"

ဗိုလ်ကလေး လူဝီက မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ စစ်ကူတပ်များ အဖြစ်သနစ်ကို အထက်ပါအတိုင်း ဝန်ခံပြောဆိုခဲ့၏။

ဤသည်မှာ မြစ်ကြီးနားတိုက်ပွဲတွင် ကြုံတွေ့ရသော ကြေကွဲဖွယ်ရာ အဖြစ်အပျက်များ၏ အရိုးနိဒါန်းသာ ရှိသေးသည်။

ဘီလူးသဘက်စီးသကဲ့သို့ တစ်ယောက်အသက်ကို တစ်ယောက် သတ်ဖြတ်နေကြသည့်အချိန်၌ စစ်ကူရောက်လာပါသည်ဟု ဆိုသော လူသစ်များက လက်နက်များကို လေ့ကျင့်ပစ်ခတ်၍နေရခြင်းမှာ သေမင်းကို လက်ယပ်ခေါ်နေရသည်နှင့် တူနေလေသည်။

သို့ဖြစ်၍လည်း စစ်မျက်နှာတစ်နေရာတွင် ပေါ်ထွက်လာသော ပစ်သံခတ်သံများကို ကြားရခြင်းအားဖြင့် အမှန်ပင် တိုက်ပွဲဖြစ်နေလေသလား၊ တပ်သားသစ်များက လက်နက်ကိုင်သင်တန်းဆင်းနေလေသည်လား ဆိုသည်ကို ခွဲခြား၍ မရအောင် ဖြစ်လာရတော့၏။

ဤကဲ့သို့သော လူသစ်များကို အရေးပေါ်သင်တန်း ခေတ္တမျှသာပေးပြီးနောက် တိုက်ပွဲရှိရာသို့ ခေါ်ယူသွားခဲ့သည့်အတွက် ရင်ကွဲပက်လက်ဖြင့်ရသော အတွေ့အကြုံများမှာ ပြော၍ပင် ယုံစရာမရှိနိုင်လောက်အောင် များပြားခဲ့သည်ဟု

ဆိုလျှင် ဇာတ်ကြောင်းကို နောက်ကြေအောင်မသိသူများက အပိုစကားပြောသည်ဟု ဆိုကြမည်ဖြစ်၏။

အပိုစကားပြော,မပြော အောက်ပါအဖြစ်အပျက်ကလေးတစ်ခုက လက်ငင်းဒိဋ္ဌ သက်သေခံနေလေသည်။

"ဂါလာဟက် အသစ်ဖွဲ့စည်းရန်ဟုဆိုကာ ခေါ်ယူလာခဲ့သော တပ်သားသစ်များအနက် တပ်ခွဲတစ်ခွဲမှာ ဂျပန်တပ်များကို ထိုးဖောက်တိုက်ခိုက်နေသော တရုတ်တပ်ရင်းတစ်ခုအား စစ်ကူပေးရန် စေလွှတ်ခြင်းခံခဲ့ရ၏။

"ဤတပ်ခွဲသည် မဟာမိတ်ဖြစ်သော တရုတ်တပ်ရင်းရှိရာသို့ ချီတက်သွားစဉ် လမ်းခရီးထက်ဝက်၌ တရုတ်စစ်ဝတ်စုံကို ဝတ်ထားသော အာရှတိုက်သား ကင်းထောက်အဖွဲ့တစ်ဖွဲ့ကို တွေ့ရှိရလေသည်။

"တရုတ်စစ်ဝတ်စုံကို ဝတ်ဆင်ထားခြင်းအားဖြင့် ဂျပန်တို့အား တိုက်ခိုက်နေသော တရုတ်တပ်ရင်းက စေလွှတ်လိုက်သည့် ကင်းထောက်အဖွဲ့ဝင်ဖြစ်ရမည်ဟု အမေရိကန်တပ်ခွဲ ခေါင်းဆောင်က ယူဆလိုက်သည်။

"ဤသို့ယူဆနိုင်အောင်လည်း ကင်းထောက်အဖွဲ့ခေါင်းဆောင်က ပြုံးပြုံးရွှင်ရွှင်ဖြင့် လက်ယပ်ခေါ်နေ၏။

"တပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူသည် မိမိတပ်ဖွဲ့အား ရှေ့သို့ချီတက်ရန် အချက်ပေးလိုက်ပြီး ယုံကြည်စိတ်ချစွာဖြင့် ရှေ့တွင်ရှိနေသော တရုတ်ကင်းထောက်အဖွဲ့ရှိရာသို့ လာခဲ့၏။

"အနီးသို့ရောက်လာသည့်အချိန်တွင် တရုတ်ကင်းထောက်ခေါင်းဆောင်ဟု ထင်ရသူက အမေရိကန်တပ်ခွဲခေါင်းဆောင်အား တပ်ခွဲနှင့်အတူ လက်နက်ချရန် အမိန့်ပေးလိုက်တော့မှပင် မိမိတို့သည် ဂျပန်တို့၏ ပရိယာယ်ထောင်ချောက်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း တိုက်ပွဲအတွေ့အကြုံမရှိသော အမေရိကန်တပ်ခွဲမှူးက သိရှိလိုက်ရ၏။

"သို့ရာတွင် အချိန်နှောင်းနေပေပြီ။ ရန်သူတို့က တပ်ခွဲတစ်ခုလုံးကို စက်သေနတ်များဖြင့် ချက်ကောင်းယူကာ ပစ်သတ်လိုက်ကြသည်။ ဤတပ်ခွဲသည် နောက်ထပ်စုရုံးမရနိုင်အောင်ပင် တပ်လုံးပြုတ်ခဲ့ရတော့၏"

ဤကား မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ အထက်မှ တာဝန်ရှိသူများက လက်လွှတ်စပယ်ပြုခဲ့သည့်အလျောက် မဆိုင်သူများက ပေးဆပ်လိုက်ရသော အသက်နှင့်သွေးများပင်တည်း။

ဤကဲ့သို့သော မလိုအပ်ဘဲ ကျဆုံးခဲ့ရမှုကြောင့် ဇွန်လ ၇ ရက်နေ့သို့ ရောက်ရှိလာသောအခါ၌ အမှတ်(၈၉) နှင့် အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့် တပ်ပေါင်းနှစ်တပ်တွင် လူအင်အား ၁၀၀၀ မျှသာ ကျန်ရှိတော့လျက် အမှတ် (၈၈)နှင့် အမှတ်(၄၂) တရုတ်ရယ်ဂျီမင့်နှစ်ခုက တစ်ခုလျှင် တပ်ရင်းတစ်ရင်းစီသာ တိုက်ခိုက်ရေးအတွက် အကူအညီပေးနိုင်တော့၏။

ဤအချိန်တွင် လေယာဉ်ကွင်းပေါ်၌ ပျက်စီးချို့ယွင်းနေသော သယ်ယူပို့ဆောင်ရေး ဒါကိုတာလေယာဉ်ကြီး ၁၃ စင်းကလည်း ရှိနေလေသောကြောင့် အိန္ဒိယရှိ ဌာနချုပ်မှ လေယာဉ်များဆင်းသက်ရန် အခက်အခဲဖြစ်နေပြီး ရိက္ခာများ ပြတ်လပ်နေသည့်အချိန် ဖြစ်၏။

ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို အလျင်မီအောင် ထောက်ပံ့ခြင်းမပြုနိုင်သောအခါ တရုတ်တပ်များက ညစ်ပတ်၍လာကြ၏။

ထမင်းမစားရလျှင် တိုက်ပွဲကိုမတိုက်ဟူသော မူအရ လေယာဉ်များဖြင့် တစ်နေ့တာအတွက်ချပေးသော ခဲယမ်းလက်နက်များကို မိမိတို့ ကတုတ်ကျင်းများမှနေ၍ အပေါ်သို့ထောင်ကာ ပစ်ခတ်နေကြသည်။ မိမိတို့တပ်မှ အမေရိကန် ဆက်သွယ်ရေးအရာရှိများကိုလည်း မထီမဲ့မြင် ပြုမူလာကြ၏။

အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်တပ်တွင် ဆက်သွယ်ရေးအရာရှိအဖြစ် ခန့်ထားခြင်းခံရသော ဗိုလ်မှူးကြီးတစ်ဦးမှာ ညအချိန်တွင် တရုတ်တပ်များက မှောင်နှင့်မည်းမည်းထဲ၌ တိတ်တဆိတ် ဆုတ်ခွာ၍ ထားခဲ့သောကြောင့် အိပ်ရာမှ နိုးလာသည့်အချိန်တွင် မိမိမှာ မည်သူကမျှ တက်ရောက်သိမ်းပိုက်ခြင်း မရှိသေးသောနေရာ၌ တစ်ကိုယ်တည်းကျန်ရစ်ခဲ့ကြောင်း တွေ့ရသည်။

တရုတ်တပ်၏ မထီမဲ့မြင်ပြုမှုကို ကလဲ့စားချေသောအားဖြင့် အမေရိကန် ဗုံးကြဲလေယာဉ် ၂၀ က အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်တပ်ကို မှား၍ ဗုံးကြဲခဲ့၏။

ဤသို့ မှား၍ဗုံးကြဲရာတွင် တရုတ်တို့ဘက်မှ ခြောက်ယောက် ကျဆုံးပြီး ၁၅ ယောက် ဒဏ်ရာရရှိလေသည်။

ရောဝတီမြစ် အရှေ့ဘက်ကမ်းပေါ်တွင် ရန်သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဆီးဆို့တိုက်ခိုက်ရန် တာဝန်ပေးထားသော "ခြင်းဒစ်"တပ်ဖွဲ့၏ မောရစ်အဖွဲ့မှ တပ်သားများမှာလည်း အကြီးအကျယ် စစ်ပန်းလျက်ရှိနေသောကြောင့် ဂျပန်တို့၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရ၏။ တစ်ရက်တွင်

ရဲဘော် ၁၀ ယောက်နီးနီး မလိုအပ်ဘဲ ကျဆုံးနေရကား ကျန်သောအဖွဲ့ဝင်များ မှာလည်း တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ပန်းကာ နာမကျန်းဖြစ်နေသော ကြောင့် အိပ်ငိုက်၍လာနေခဲ့လေသည်။

သို့ဖြစ်၍လည်း မောရစ်အဖွဲ့ အပါအဝင်ဖြစ်သော ခြင်းဒစ်တပ်ဖွဲ့ သို့ မဟုတ် အမှတ်(၃) အိန္ဒိယတပ်မအား အနားပေးရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ် ကြီး စတီးဝဲလ်နှင့် အာရှအရှေ့တောင်ပိုင်း စစ်ဒေသဆိုင်ရာ အင်္ဂမဟာ သေနာ ပတိ ဖြစ်သူ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၏ ဌာနချုပ်နှစ်ခုသည် အတင်းစကား ဖြင့် အငြင်းပွား၍လာခဲ့ကြလေသည်။

ခြင်းဒစ်တပ်ဖွဲ့ဟု အမည်ပေးထားသော အမှတ်(၃) အိန္ဒိယတပ်မမှ များ စွာသောတပ်များသည် မြန်မာပြည်အလယ်ပိုင်း၌ ဂျပန်တို့၏ မီးရထားဆက်သွယ် ရေးလမ်းကြောင်းများကို ဖျက်ဆီးဖြတ်တောက်ကာ ရန်သူတို့အား အနှောင့် အယှက်ပေးနေခဲ့၏။

ဤတပ်ဖွဲ့ကို အင်္ဂလိပ်တို့က ဗိုလ်ချုပ်ကြီးဝင်းဂိတ်၏ အစီအစဉ်အတိုင်း သုံးလကြာ စစ်ဆင်ရေးပြီးနောက် အိန္ဒိယသို့ အနားပေးရန် ခေါ်ယူလိုကြ၏။

ရန်သူ့စစ်ကြောင်းနောက်ဘက်၌ တောများ၊တောင်များ၊ မြစ်များ၊ချောင်း များကို ဖြတ်သန်းကာ သုံးလကျော်ကျော် ခရီးဝေးဖောက်ထွင်းတိုက်ခိုက်နေခဲ့ ရသော တပ်ဖွဲ့တစ်ခုအဖို့ အနားပေးရန် အချိန်တန်ပြီဟု အင်္ဂလိပ်တပ်မှူးကြီး များက ယူဆခဲ့သည့်နည်းတူ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်ကလည်း ဤနည်း အတိုင်း သဘောတူညီခဲ့၏။

သို့ရာတွင် မိမိလက်အောက်ရှိ တပ်ဖွဲ့များသည် ဝင်းဂိတ်၏ တပ်ဖွဲ့ များထက် အကြမ်းပတမ်းခံနိုင်သည်၊ ရက်ရှည်လများ ခံနိုင်သည်သို့ သက်သေ ပြလိုသော စတီးဝဲလ်က အမှတ်(၃) အိန္ဒိယတပ်မအား မြစ်ကြီးနားတိုက်ပွဲမှ အိန္ဒိယသို့ ပြန်ခွင့်ပြုရေးကို အပြင်းအထန် ကန့်ကွက်ခဲ့၏။

သို့အားဖြင့် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ အင်္ဂမဟာသေနာပတိချုပ် ဖြစ်သော ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်နှင့် မြောက်ပိုင်းစစ်ဒေသဆိုင်ရာ ဗိုလ်ချုပ် ကြီး စတီးဝဲလ်တို့အကြားတွင် မကျေမနပ်မှု မီးပွားများ တဖွားဖွားတောက်လောင် လာပြီးနောက် ထိုမီးပွားသည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တိုက် ခိုက်ရေးတပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးဟန်တာအား ကျန်းမာရေးအခြေအနေကြောင့် အိန္ဒိယသို့ပြန်စေဟူသော အမိန့်ပေါ်ထွက်လာသကဲ့သို့ မြောက်ပိုင်းစစ်ဒေသ

ဆိုင်ရာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုလည်း အမေရိကန်ပြည်သို့ ပြန်ကာ အနားယူစေ အမိန့်ထုတ်ရသည်အထိ ပုဂ္ဂလိကတိုက်ပွဲများ ကြီးကျယ်လာအောင် ဖန်တီးပေး လာတော့၏။

ဤသို့ မဟာမိတ်ထိပ်တန်းအရာရှိကြီးများ အသိုင်းအဝိုင်းတွင် ပုဂ္ဂိုလ်ရေး တိုက်ပွဲများ ပြင်းထန်နေချိန်၌ အာရှအရှေ့တောင်ပိုင်း စစ်ဒေသတွင် အရေးပါ အရာရောက်လှသော မြစ်ကြီးနားတိုက်ပွဲမှာလည်း အပြင်းထန်ဆုံး၊ အရက်စက် ဆုံး အပိုင်းသို့ ကူးပြောင်းလာခဲ့တော့၏။

အဘယ်ကြောင့်ဆိုသော် မြစ်ကြီးနားမြို့တွင်းမှ ခံစစ်ပြုနေသော ဂျပန် ဗိုလ်ချုပ်ကြီး (မစ်ဇူကာမိ)က နေနတ်ဘုရင် အင်ပါရာ အရှင်သခင်အတွက် မိမိတို့အသက်ကို 'စတေး'ကြရတော့မည်ဟု ဂျပန်တပ်သားအားလုံး အမိန့်ထုတ် ဆင့်လိုက်သောကြောင့်ပင်တည်း။

◆

( ၁၄ )

## ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇုကာမိ

ရေအိုင်ကိုအမှီပြုရသော ဖားသူငယ်သည် တောသုံးတောင်ကိုအစိုးရသော ကေသရာဇာခြင်္သေ့မင်းကိုပင် နိုင်ခဲ့သည့်'ထုံး' ရှိခဲ့ဖူး၏။

ယခုလည်း ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇုကာမိ ဦးစီးသော ဂျပန်တပ်များက မြစ်ကြီးနားမြို့ ၌အမှီရှနေလေသည်။

ကေသရာဇာခြင်္သေ့မင်းကို နိုင်ခဲ့ဖူးသော ဖားသူငယ်က ရေအိုင်ကို အမှီရနေသကဲ့သို့ မြစ်ကြီးနားအတွင်းမှနေ၍ ခံစစ်ပြုနေသော ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇုကာမိကလည်း ပတ်ဝန်းကျင်ရှိ သဘာဝနယ်မြေအနေအထားကို အမှီကောင်းပြုလျက် ရှိချေသည်။

ထွက်၍တိုက်ရန် ကတုတ်ကျင်းများရှိနေသလို ပြန်၍ဆုတ်ရန်အတွက်လည်း ခံကတုတ်ကျင်းများ ရှိနေ၏။

မြို့တွင်းမှထွက်၍ တိုက်သည့်အခါတိုင်း ကတုတ်ကျင်းများကို တစ်ခုပြီးတစ်ခု တက်၍ တိုက်စစ်ဆင်နိုင်သကဲ့သို့ ပြန်၍ဆုတ်ရာတွင်လည်း ခံကတုတ်ကျင်းများကို တစ်ခုပြီးတစ်ခု အသုံးပြုနိုင်သည့် အခြေအနေရနေ၏။

မြို့အတွင်းရှိအိမ်များ၊ ရထားလမ်းပေါ်ရှိ ရထားတွဲများမှာလည်း ဂျပန်စစ်သားအတွက် သဘာဝ အကာအကွယ်ဖြစ်နေလေသည်။

ရေတင်သောလယ်ကွက်များပေါ်မှနေ၍ ဖောက်လုပ်ထားသော တာရိုး တာလမ်းများမှာလည်း ၁၂ ပေခန့်အထိမြင့်ကာ ခံစစ်ပြုသူ ဂျပန်များအတွက် သဘာဝ ကတုတ်ရင်တား ဖြစ်နေလေသည်။

မြစ်ကြီးနားမြို့တစ်ဖက် မျက်နှာစာရှိ မြေနိမ့်ရပ်ကွက်များတွင်လည်း မိုးရေနှင့် မြစ်ရေများကြောင့် ရေကျုံးသဖွယ် တည်ရှိနေပြန်သည်။

သို့ဖြင့် မြစ်ကြီးနားမြို့ထဲမှ ခံစစ်ပြုနေသော ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိ ၏ တပ်မသည် ရေအိုင်ကို အမိုပြု၍နေရသော ဖားသူငယ်ကဲ့သို့ အခြေအနေ ကောင်းကို ရရှိနေတော့၏။

မြစ်ကြီးနားမြို့ အရှေ့ဘက်မှနေ၍ တိုက်စစ်ပြုနေရသော ခြင်းဒစ်တပ်ဖွဲ့၏ မောရစ်အဖွဲ့သည် ရင်ခေါင်းလောက်နက်သောရေကို ဖြတ်ကူး၍ တိုက်ခိုက်နေရ သည်သာမက ရန်သူဘက်မှ အစောင့်အကြပ်ထူလှသောကြောင့်လည်း ကြက်မ တစ်ဝပ်စာ အုတ်တစ်ချပ်လပ်သည့်နေရာလောက်ကိုပင် တွေ့နိုင်ရန် အခက်အခဲ တွေ့နေရ၏။

မောရစ်အဖွဲ့နည်းတူ အခြားသော မဟာမိတ်တပ်များကလည်း ရင်ခေါင်း လောက်နက်သောရေကို ဖြတ်ကူး၍တိုက်ခိုက်နေရသောကြောင့် ၁၂ ပေခန့် မြင့်သော တာရိုးနှင့် အိမ်ရာတိုက်တာများ၊ မီးရထားတွဲများကို အကာအကွယ် ယူ၍ ခုခံနေရသော ရန်သူကို စိတ်ထင်သလောက် ရှုပ်ရှုပ်ချုံချုံ မတိုက်ခိုက်နိုင်ဘဲ ရှိနေကြရ၏။

မြစ်ကြီးနားတိုက်ပွဲ အခြေအနေမှာ တိုက်ပွဲရာဇဝင်တွင် ထူးထူးဆန်းဆန်း ဖြစ်နေ၏။

မြို့တွင်းမှ ခံစစ်ပြုနေသော ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိ၏ တပ်များကို မဟာမိတ်တပ်များဖြစ်သော အင်္ဂလိပ်အမေရိကန်နှင့် တရုတ်တပ်များက ဝိုင်းဝန်း ပိတ်ဆို့ တိုက်ခိုက်နေ၏။

ရန်သူကိုဝိုင်းထားသော မဟာမိတ်တပ်များကိုပင် မြစ်ကြီးနားပတ်ဝန်းကျင် ရှိ အစွန်အဖျား ရွာများမှနေ၍ ဂျပန်တပ်များက ထပ်ဆင့်ဝိုင်းဝန်းထားပြန်သည်။

သို့ဖြစ်၍လည်း မြစ်ကြီးနားမြို့တွင်းရှိ ရန်သူများကို ဝိုင်းဝန်းပိတ်ဆို့ရာ ၌ အပြင်မှ မဟာမိတ်တပ်များသည် သံကွန်ချာ ၇ ထပ်ကာ၍ မထားနိုင်တော့ ဘဲ ထိုသံကွန်ချာထဲတွင်လည်း သံချေးတက်ကာ အပေါက်ပေါက် အပြဲပြဲ ဖြစ်နေရလေသည်။

မဟာမိတ်တပ်များသည် ပင်မကြီးမှနေ၍ မြစ်ကြီးနားမြောက်ဘက် လေး, ငါးမိုင်ကွာအထိ အချက်အချာကျသော နေရာများတွင် တပ်အပြီးအနိုင် ချ၍နေကြ၏။

သို့သော် ဂျပန်တပ်များက ပင်မထီးမှ မြစ်ကြီးနားအရှေ့မြောက်ဘက် ငါးမိုင်ကွာအထိ ရှည်လျားသော မဟာမိတ်တို့၏ သံကွန်ချာကို နှမ့်ကျေးမှလည်းကောင်း၊ မဟာမိတ်တပ်များ၏ မျက်နှာချင်းဆိုင်မှလည်းကောင်း ထပ်မံဝိုင်းကာ၍ ထားပြန်သောအခါ တိုက်ပွဲအခြေအနေမှာ သူ့လူကိုယ့်ဘက်သားမှန်း မသိနိုင်လောက်အောင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာရတော့၏။

မဟာမိတ်တို့၏ သံချေးတက်နေသော သံကွန်ချာကို ဂျပန်တပ်များက တိတ်တဆိတ် ထိုးဖောက်ဝင်ရောက်လာသလို၊ ဂျပန်တို့၏ သံမြို့နှင့်တူသော မြစ်ကြီးနားကိုလည်း မဟာမိတ်တပ်များက တိတ်တဆိတ် ထိုးဖောက်ဝင်ရောက်ကြ၏။

ဘတစ်ပြန် ကျားတစ်ပြန် အခြေအနေမျိုးတည်း။

သို့ဖြစ်၍ တပ်များမှာ မမျှော်လင့်သောအချိန်တွင် မမျှော်လင့်သည့်နေရာမှ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရပြီး မိမိတို့တပ်များနှင့် လုံးဝ အဆက်အသွယ် ပြတ်သွားလျက်ရှိကြ၏။

ဤသို့သောတပ်များကို အသေခံတိုက်ခိုက်ရေးတပ်သားများဖြင့် ခွဲထုတ်ရသည်မှာလည်း မကြာခဏ။

ဤသို့သော အဖြစ်အပျက်မှာ မဟာမိတ်တပ်များဘက်တွင်ရှိသလို ဂျပန်တပ်များဘက်တွင်လည်း ရှိနေလေသည်။

ဘတစ်ပြန် ကျားတစ်ပြန် တိုက်နေရသော တိုက်ပွဲမျိုးဖြစ်သောကြောင့်လည်း အတွေ့အကြုံမရှိသေးသော အမေရိကန်တပ်သားသစ်များမှာ ရန်သူ၏ ပရိယာယ်ထောင်ချောက်ထဲသို့ ရောက်သွားပြီး တပ်လုံးပြုတ် ချေမှုန်းခံရခဲ့သည့် သာဓကများ ရှိနေခဲ့သည်မဟုတ်ပါလား။

အမေရိကန်တပ်မှ တပ်သား ၅၀ ခန့်မှာ ဤကဲ့သို့သော တိုက်ပွဲမျိုးနှင့် ရင်ဆိုင်ခဲ့ရာမှ လွတ်မြောက်လာသော်လည်း စိတ်ကယောင်ချောက်ချား ဖြစ်၍နေခဲ့၏။

ဗိုလ်အဆင့်အတန်းရှိ တပ်သစ်မှ အရာရှိကလေးတစ်ဦးမှာ တိုက်ကင်းအဖွဲ့တစ်ဖွဲ့အား ခေါင်းဆောင်၍ တိုက်ကင်းထွက်ရာ အထက်အရာရှိက အမိန့်

ပေးသည်ကို ငြင်းဆန်ခဲ့သဖြင့် စစ်ခုံရုံးတွင်တင်ကာ သေဒဏ်အပြစ်ပေးခံခဲ့ရလေသည်။

အသစ်ဖွဲ့စည်းလိုက်သော "ဂါလာဟာက်"တပ်ဖွဲ့တွင်လည်း တပ်ရင်းတစ်ရင်းမှ ရဲဘော်များမှာ ပြန်လည်စုစည်း၍ မရနိုင်လောက်အောင်ပင် စိတ်ဓာတ်ချောက်ချားသွားကြောင်း သိရှိခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ...

ရေအိုင်ကိုအမှီပြုရသော ဖားသူငယ်သည် တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်းအား အနိုင်ရရှိမှုသော 'ထုံး' ရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါ၏။

ကေသရာဇာခြင်္သေ့မင်းသည် ကံပေါင်ရိုးပေါ်မှ ထိုင်ကာသော ဖားသူငယ်အား ဟိန်းဟောက်၍နေခဲ့လေ၏။

သို့ရာတွင် ကျွန်တော်တို့ကား ကံပေါင်ရိုးပေါ်မှထိုင်၍ ဟိန်းဟောက်နေခြင်းမပြုတော့ဘဲ ရေထဲသို့ဆင်းကာ တိုက်စစ်ဆင်နေသော ကေသရာဇာခြင်္သေ့မင်းသာ ဖြစ်သည်။

ကျွန်တော်တို့တပ်မှ ရဲဘော်များသည်လည်းကောင်း၊ အင်္ဂလိပ်နှင့် တရုတ်တပ်များမှ ရဲဘော်များသည်လည်းကောင်း ရင်ခေါင်းလောက်နက်သော ရေထဲသို့ဆင်းကာ ဖားသူငယ်နှင့်တူသော ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဒူကာမိ၏တပ်ကို တိုက်ခိုက်ခဲ့ကြလေသည်။

သို့ဖြစ်၍လည်း အမေရိကန်မှ အသစ်ချပ်ချွတ်ရောက်လာခဲ့သော အင်ဂျင်နီယာတပ်များသည် ဂျပန်ရန်သူတို့၏ နည်းပေးလမ်းပြမှုကြောင့်ပင် တိုက်ပွဲ၌ရဲစွမ်းသတ္တိရှိသော ခြေလျင်တိုက်ခိုက်ရေး ရဲဘော်များ ဖြစ်လာခဲ့ကြရ၏။

ထို့အတူ မဟာမိတ်တပ်များမှ ရဲဘော်အားလုံးသည် ရဲရဲကြီးတိုက်ကာ ရဲရဲကြီး အသက်စွန့်လွှတ်သွားခဲ့ကြ၏။

ဤအချိန်တွင် မဟာမိတ်ဘက်မှ တိုက်လေယာဉ်များနှင့် ရိက္ခာများကလည်း တိုးတက်ရောက်ရှိလာလေသည်။

၁၉၄၄ ခု၊ ဇွန်လမကုန်ဆုံးမီပင် မြစ်ကြီးနားတိုက်ပွဲ၏ အခြေအနေသည် ကျွန်တော်တို့ဘက်သို့ အလေးသာလျက်ရှိနေပြီဖြစ်ကြောင်းကို ကောင်းစွာသိရှိ၍လာခဲ့ရလေသည်။

◆

# ( ၁၅ )

## အာကျူနာသော ဂျပန်တစ်မ

ရှေ့တန်းစစ်မျက်နှာဖြစ်သော မြစ်ကြီးနားသို့ အိန္ဒိယပြည် နာလန်ထစခန်းမှ ရောက်ရှိလာသော ကျွန်တော်သည် တောသား မြို့ရောက်ရှိလာသကဲ့သို့ ဖြစ်နေလေသည်။

မြစ်ကြီးနားလေယာဉ်ကွင်းပေါ်တွင် ဌာနချုပ်စခန်းများ ရှိနေ၏။ ဤဌာနချုပ် စခန်းများကို ကတုတ်ကျင်းများ နက်နက်တူး၍ တည်ဆောက်ထားရုံမက အပြင်ဘက်ကလည်း သဲအိတ်များ အဆင့်ဆင့်ကာ၍ထားသေးသည်။

ကတုတ်ကျင်းများ၊ ပစ်ကျင်းများနှင့် ကတုတ်မီးတားသဖွယ် ကာရံထားသော ရွှံ့တောင်ကြီးများမှာ ရန်သူဘက်ရှိ အဝေးပစ်အမြောက်များက မြစ်ကြီးနားလေယာဉ်ကွင်းရှိရာသို့ မကြာခဏ ဒုက္ခပေးလျက်ရှိကြောင်း ထင်ရှားနေလေသည်။

ကျွန်တော်တို့ဘက်မှ တိုက်လေယာဉ်များက လေယာဉ်ကွင်းပေါ်တွင် ရပ်နားနေသည့်အချိန်နှင့် တိုက်ဆိုင်နေသောကြောင့်လည်း ရှုကွင်းရှုကွက်မှာ တစ်မျိုးအားဖြင့် အားတက်စရာဖြစ်နေ၏။

ရရှိထားသော ရောင်မျိုးစုံလေထီးများကို ရွက်ဖျင်တဲအဖြစ် ဆောက်လုပ်ထားသောကြောင့်လည်း မြစ်ကြီးနားလေယာဉ်ကွင်းမှာ ခဏအဖို့အားဖြင့် အနားယူစခန်းတစ်ခုကဲ့သို့ ဖြစ်နေလေသည်။

တစ်ဖက်တွင် တိုက်လေယာဉ်များကို မြင်နေရပြီး အခြားတစ်ဖက်ရှိ ဖွက်ပေါက်နေသော လမ်းပေါ်၌မူ မြစ်ကြီးနားရှိ ဂျပန်မြို့စောင့်ခံတပ်ကို ဝိုင်းဝန်းထားသော မဟာမိတ်များရှိရာသို့ ရိက္ခာပို့ရန် သွားနေသော နွားလှည်းများကို တွေ့မြင်နေရ၏။

တအိအိ တကျွီကျွီမြည်နေသော နွားလှည်းများသည် မဟာမိတ်တပ်များ ရှိရာသို့ ရိက္ခာပို့ပြီးနောက် အပြန်တွင် မဟာမိတ်တပ်များမှ ဒဏ်ရာရရှိသော ရဲဘော်လူနာများကို ပြန်၍တင်ဆောင်ခဲ့ကြမည်ဖြစ်၏။

ကျွန်တော်တို့သည် တိုးတက်နေသည်ဟုဆိုပါသော်လည်း လှည်းခေတ် လှေခေတ်ကို အမှီသဟဲပြု၍ နေရသေးပါကလား။

ရှေ့တန်းစစ်မျက်နှာဖြစ်သော မြစ်ကြီးနားသို့ရောက်လျှင် တိုက်သံမိုက်သံ၊ အော်သံဟစ်သံများဖြင့် လှုပ်လှုပ်ရှားရှားမြင်နေမည်ဟု ထင်နေသူတစ်ယောက် အဖို့ ယခုအချိန်တွင် မြစ်ကြီးနားလေယာဉ်ကွင်းသို့ ရောက်ရှိလာလျှင် အထင်နှင့် အမြင် ပါစင်အောင်လွဲသွားတော့မည်ဖြစ်၏။

အိန္ဒိယပြည် နာလန်ထစခန်းမှ ရောက်ရှိလာသော ကျွန်တော့်ကို ဗိုလ်မှူးကြီး အော့စ်ဘုံးက မြင်လျှင်မြင်ချင်း...

"မောင်ရင်က ဘာဖြစ်လို့ ရှေ့တန်းစစ်မျက်နှာကို ပြန်လာခဲ့ရတာလဲ။ မောင်ရင့်ကျန်းမာရေးအခြေအနေက ကောင်းသေးတာမှမဟုတ်ဘဲ"ဟု အော်၍ ပြောလိုက်လေသည်။

ကျွန်တော်ကိုယ်တိုင် ကောင်းစွာ ကျန်းမာခြင်းမရှိသေးဟု နားလည်ထားသော်လည်း ကျွန်တော့်စိတ်ကမူ အိန္ဒိယပြည် နာလန်ထစခန်းမှ မြစ်ကြီးနားစစ်မျက်နှာသို့သာ ရောက်လျက်ရှိ၏။

ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့၏ နိဂုံးချုပ်အောင်ပွဲဟု သတ်မှတ်ထားသော စစ်မျက်နှာ၌ ကျွန်တော်ဆေးရုံတက်နေရစဉ်အတွင်း မည်ကဲ့သို့ ပြောင်းလဲဖြစ်ပျက်နေသည်ကို ကျွန်တော်သိချင်လှ၏။

သို့ဖြစ်၍လည်း ကျွန်တော်သည် ပြန်လည်တိုက်ခိုက်နိုင်သည်အထိ ကျန်းမာရေးကောင်းလာပြီဟု အကြောင်းပြကာ မြစ်ကြီးနားစစ်မျက်နှာသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ကျွန်တော့်နည်းတူ ကိုယ်စွမ်းမကျန်းမာမှုကြောင့် စိတ်ဝေဒနာ မကျန်းမာမှုကို မခံမရပ်နိုင်အောင်ဖြစ်နေသော ကျွန်တော်တို့တပ်ဖွဲ့မှ နာလန်ထစခန်းတွင်

အများအပြားတွေ့ရလေသည်။

မြစ်ကြီးနားတွင် ကျွန်တော် လက်ငင်းကြားသိရသမျှ သတင်းများအရ အင်္ဂလိပ်နှင့် တရုတ်တပ်များသည် အခြားသောစစ်မျက်နှာများ၌လည်း တိုးတက်အောင်မြင်မှု ရရှိနေသည်ဟု သိရ၏။

မြစ်ကြီးနားလေယာဉ်ကွင်းကို ဗိုလ်မှူးကြီးဟန်တားက ဦးစီးသောတပ်များက သိမ်းပိုက်လိုက်ပြီးနောက် ၂ ရက်အကြာတွင် မိုးကောင်းမြစ်ဝှမ်းရှိ တရုတ်တပ်များကိုဦးစီးသော တရုတ်ဗိုလ်ချုပ်ကြီးများသည် တရုတ်ပြည်မကြီးရှိ စစ်သူကြီး ချန်ကေရှိတ်ထံမှ တက်၍တိုက်ကြလော့ဟူသော အမိန့်ကို ရရှိခဲ့ကြလေသည်။

ဤကဲ့သို့ စစ်သူကြီးချန်ကေရှိတ်ထံမှ တိုး၍တိုက်ကြလော့ အမိန့်ရောက်ရှိလာခြင်း ထင်ရှားသည့် လက်တွေ့သာဓကမှာ မိုးကောင်းမြစ်ဝှမ်းတွင် တပ်စွဲနေသော တရုတ်တပ်များအနက် အမှတ်(၃၈) တရုတ်တပ်မမှ ဗိုလ်ချုပ်ကြီးဖြစ်သူ ဆန်လီချန်သည် သူ၏တပ်မှ အမေရိကန်ဆက်သွယ်ရေးအရာရှိဖြစ်သူအား...

"ကျုပ်တို့ ကာမိုင်းကိုသွားပြီး သိမ်းပိုက်တော့မလို့"ဟု သတင်းပေးရင်း မြောက်ပိုင်းစစ်ဒေသရှိ မဟာမိတ်တပ်သားများထံသို့လည်း တရုတ်တပ်၏လှုပ်ရှားမှုကို ကြိုတင်သတင်းပို့နိုင်ခြင်းအားဖြင့် ထင်ရှား၍နေလေတော့သည်။

တရုတ်ဗိုလ်ချုပ်ကြီး "ဆမ်"၏ တပ်များသည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ကို စံနမူနာယူကာ ကာမိုင်းမြို့ မြောက်ဘက် စခန်းတစ်နေရာရှိ ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ ရိက္ခာသိုလှောင်ရေးဌာနကြီးကို ရုတ်တရက် ဝင်ရောက်စီးနင်းနိုင်ခဲ့၏။

ဤသို့အားဖြင့် "ဆမ်"၏တပ်များသည် အရေးတကြီးလိုအပ်နေသော ရိက္ခာပစ္စည်းများကို "အောင်ဆု"အဖြစ် ရရှိခဲ့သည်သာမက ဗိုလ်ချုပ်ကြီး တနခါ၏ အမှတ်(၁၈) တပ်မကိုလည်း အဆက်အသွယ်ဖြတ်တောက်၍ ထားနိုင်ခဲ့သည်။

ဆမ်၏ တရုတ်တပ်များသည် ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ ဆက်သွယ်ရေး လမ်းကြောင်းများကိုသာ ဖြတ်တောက်နိုင်သည်သာမက တောင်ဘက်အရပ်ရှိ ခြင်း၁စ်တပ်များက ဂျပန် အမှတ်(၁၈) တပ်မမှ ဂျပန်တပ်များကို ပိတ်ဆို့ထားသည့်နေရာအထိ ရောက်အောင် သွားရောက်ပိတ်ဆို့ထားနိုင်ခဲ့၏။

ကာမိုင်းအောက်ဘက်ရှိ လမ်းမှနေ၍ တရုတ်တပ်များက အမြောက်နှင့်

တဒိန်းဒိန်းပစ်ခတ်နေသောကြောင့်လည်းကောင်း၊ အမေရိကန်လေယာဉ်များက လာရောက်တိုက်ခိုက်နေသောကြောင့်လည်းကောင်း၊ အရေးပါ အရာရောက်လှသော ရိက္ခာသိုလှောင်ရေးဌာနကြီးကို စွန့်လွှတ်လိုက်ရသောကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်ကြီး တနခါ၏ တပ်များသည် တစ်နေ့လျှင် ဆန် နို့ဆီဘူးနှစ်လုံးကျစီ စားနေရာမှ ဆန်လက်တစ်ဆုပ်မျှသာ စားနေရသည်အထိ အခက်အခဲတွေ့ရှိလာရတော့၏။

အစာရေစာ ရှားပါးလာသည်နှင့်အမျှ ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ တိုက်ခိုက်ရေးအင်အားမှာလည်း လျော့နည်း၍လာခဲ့ရလေသည်။

ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ တပ်မတွင်ပါဝင်သော အမှတ် (၅၆) ရယ်ဂျီမင့်မှ ဂျပန်တပ်မှူးကြီးတစ်ဦးက မဟာမိတ်တပ်များ၏ တိုက်ခိုက်မှုကြောင့် မိမိတပ်များ မည်သို့ အလူးအလဲခံရပုံကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားခဲ့လေသည်။

ဂျပန်တို့၏ အမှတ်(၅၆) ရယ်ဂျီမင့်သည် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အား ဝါလောဘွမ်တွင် အကြိတ်အနယ် ပြင်းပြင်းထန်ထန် တိုက်ခိုက်နိုင်ခဲ့သော တပ်ဖြစ်၏။

ယခုမူ အစာရေစာပြတ်ကာ မဟာမိတ်တပ်များ၏ ဖြတ်တောက်ခြင်းကို ခံနေရသောကြောင့် ဝါလောဘွမ်တိုက်ပွဲမှာကဲ့သို့ ရက်ရက်စက်စက် မတိုက်ခိုက်နိုင်တော့ဘဲ သနားစရာလူသားများအဖြစ်သို့ ရောက်ရှိလာခဲ့ရတော့၏။

အမှတ်(၅၆) ဂျပန်ရယ်ဂျီမင့်မှ တပ်မှူးကြီးတစ်ဦး၏ နေ့စဉ်မှတ်တမ်းကို ဖတ်ရင်း ရန်သူပင် ဖြစ်လင့်ကစား ကျွန်တော်သည် ကိုယ်ချင်းစာ၍ သနားနေမိလေ၏။

> မြောက်ဘက်မှ ရန်သူများ လာရောက်တိုက်ခိုက်မည်ကို စောစောကပင် ကျွန်တော်တို့ မျှော်လင့်ထားသည်။
>
> သို့ရာတွင် ရန်သူတို့၏ တိုက်ခိုက်မှုမှာ အချိန်များစွာ ကြာလိမ့်မည်ဟု တွက်ဆမိ၏။
>
> ကျွန်တော်တို့ တွက်ကိန်းနှင့်လွဲကာ ရန်သူသည် မြောက်ဘက်မှနေ၍ မြန်မြန်ထက်ထက်ကြီး လာရောက်တိုက်ခိုက်၏။
>
> မြောက်ဘက်မှ တောင်ဘက်သို့ ဆင်းလာသော ရန်သူ၏ ချီတက်မှုသည် မျှော်လင့်သည်ထက် ပိုမိုလျင်မြန်ရုံမက ရန်သူသည်

ကျွန်တော်တို့ ဂျပန်တပ်များက ရင်ကြားစေ့အောင် စောင့်ကြပ်၍ မထားနိုင်သော နေရာများမှနေ၍ ရင်ခေါင်းလောက်ရှိသောရေကို ဖြတ်ကူးကာ ထိုးဖောက် ဝင်ရောက်လာ၏။

ရင်ခေါင်းလောက်ရှိသော ရေအပြင် နွံ့ညွန်ဗွက်အိုင်ကြီးများ ဖြစ်နေသော နေရာများကလည်း အနှံ့အပြား။

ကျွန်တော့်လက်အောက်တွင်ရှိသော အမှတ်(၁)နှင့် အမှတ်(၃) တပ်ရင်းများရှိရာသို့ အဆက်အသွယ်ပြုလုပ်၍မရ။ လူကိုယ်တိုင် သွား၍လည်း မရ။ ဤတပ်ရင်းများအခြေအနေ မည်သို့ဖြစ်လိမ့်မည် ကို မှန်းဆ၍ပင် မရနိုင်။

ဧရာဝတီရေဆိပ်အနီးတစ်ဝိုက်တွင် တပ်စွဲထားသော ကျွန်တော့် တပ်စုတစ်စုမှာ ရန်သူ၏ အပြီးအပိုင် ချေမှုန်းသုတ်သင်ခြင်းကို ခံခဲ့ကြရ၏။

ရန်သူ့တပ်များသည် ကျွန်တော်တို့၏ အမြောက်စခန်းရှိရာသို့ မုန်တိုင်းတိုက်ခတ်သကဲ့သို့ ထိုးဖောက်ဝင်ရောက်လာပြီးနောက် ကျွန် တော်တို့၏ မော်တော်ကားတပ်များ အမြောက်တင့်ကားတပ်များနှင့် အခြား ယာဉ်ရထားများကို လမ်းခွလမ်းဆုံမှနေ၍ ဆီးကြိုပစ်ခတ် တိုက်ခိုက်ကြ၏။

သူ့လူကိုယ့်လူမှန်း မသိအောင်ပင် အခြေအနေ ရှုပ်ထွေးလာ လေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ ဒဏ်ရာရရှိနေသော ရဲဘော်များအား ဆုတ်ခွာနေသော တပ်များနှင့်အတူ နောက်ပိုင်းသို့ ပို့လိုက်နိုင်၏။

ကျွန်တော်တို့၏ ရယ်ဂျီမင့်သည် အမှတ်(၁၈) ဂျပန်တပ်မ ကောင်းစွာဆုတ်ခွာနိုင်ရန်အတွက် ရင်ကို မြေကတုတ်လုပ်၍ နောက်ရံတပ်အဖြစ် တိုက်ခိုက်နေရစ်ရပေတော့မည်။ ကျွန်တော်တို့ အဖွဲ့က နောက်ရံတပ်အဖြစ် ချန်နေကာ အမှတ်(၁၈) ဂျပန်တပ်မ ကြီး တစ်ခုလုံး ကောင်းစွာဆုတ်ခွာနိုင်ရန်အတွက် ရင်ကိုမြေကတုတ် လုပ်၍ နေရစ်ခဲ့ရခြင်းမှာ ကျွန်တော်တို့၏ မိခင်တပ်မနှင့် ကျွန်တော် တို့သည် နောက်ဆုံးနှုတ်ဆက် ခွဲခွာရခြင်းပင် ဖြစ်တော့မည်ပါ တကား...။

အမှတ်(၁၈) ဂျပန်တပ်မမှ ဗိုလ်ချုပ်ကြီး တနခါအား အမှတ် (၅၆) ရယ်ဂျီမင့်မှ တပ်မှူးကြီးဖြစ်သူ ကျွန်တော်က လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် အလေးပြုလိုက်ကြောင်း ပြောပါလေ...။

တပ်မှူးကြီးတစ်ဦးဖြစ်သူက သက်ဆိုင်ရာဗိုလ်ချုပ်ကြီးတစ်ဦးအား သေရအံ့မှုးမှူးတွင် နောက်ဆုံးရေးသားပေးပို့လိုက်သော အစီရင်ခံစာမှာ ရန်သူတစ်ဦး၏ စာပင်ဖြစ်လင့်ကစား ဖတ်ရသူများအဖို့ ကြေကွဲဖွယ်ရာပင်ဖြစ်၏။

ဤသို့ ကြေကွဲဖွယ်ရာ အဖြစ်အပျက်မျိုးနှင့် တိုးရလောက်အောင်လည်း ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ တပ်များသည် ကားမိုင်းတွင် မဟာမိတ်တပ်များ၏ ချေမှုန်းခြင်းကို ခံခဲ့ရ၏။

ဗိုလ်ချုပ်ကြီး တနခါ၏ အမှတ်(၁၈) တပ်မအပြင် ရယ်ဂျီမင့်နှစ်တပ်ပါ ပါဝင်လျက် တိုက်ခိုက်ခဲ့သော်လည်း ဂျပန်စစ်သား ၅၀၀၀ (ငါးထောင်)ခန့်သာ ထွက်ပေါက်ရှာ၍ လွတ်သွားနိုင်ခဲ့၏။

ကာမိုင်းတွင် မဟာမိတ်တပ်များ သိမ်းပိုက်လိုက်နိုင်ခြင်းမှာ မိုးကောင်းကို ဆက်လက်သိမ်းပိုက်နိုင်ရန်အတွက်လည်းကောင်း၊ မြစ်ကြီးနားကို ပို၍ အင်ကြီးအားကြီးဖြင့် တိုက်ခိုက်နိုင်ရန်လည်းကောင်း လမ်းဖွင့်၍ပေးသကဲ့သို့ ဖြစ်လာခဲ့၏။

မောရစ်ဦးစီးသော "ခြင်းဒစ်"အဖွဲ့သည် တောင်ဘက်မှ အပြင်းချီလာခဲ့ပြီးနောက် ကာမိုင်းရှိ တရုတ်တပ်များနှင့် ဆက်မိသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ခြင်းဒစ်တပ်ဖွဲ့မှ တပ်မဟာတစ်ခုအား မိုးကောင်းသို့တက်၍ ချီတက်တိုက်ခိုက်စေသည်။

ရွှေ့တန်းစစ်မျက်နှာမှ အာသံပြည်ရှိ စစ်ဆေးရုံများသို့ ရောက်ရှိနေသော လူနာရဲဘော်များနှင့် မြစ်ကြီးနားလေယာဉ်ကွင်းရှိ ရဲဘော်များမှာ အင်္ဂလိပ်တို့၏ ခြင်းဒစ်တပ်မဟာက မိုးကောင်းကို သဲသဲမဲမဲ ဖွဲ့နပဲဖြင့် သတ္တိပြောင်ပြောင် တိုက်ခိုက်နေသည်ဟူသောသတင်းကြောင့် စိတ်အားတက်၍လာကြ၏။

ဇွန်လ ၂၆ ရက်နေ့တွင် ရန်သူတို့က အကာအကွယ်ကောင်းကောင်းဖြင့် ခုခံနေသော မိုးကောင်းမြို့ကို အင်္ဂလိပ်တို့၏ ခြင်းဒစ်တပ်မဟာနှင့် တရုတ်တပ်များ ပူးပေါင်းထိုးစစ်ဆင်မှုကြောင့် သိမ်းယူရရှိနိုင်ခဲ့၏။

မိုးကောင်းမြို့အား ခြင်းဒစ်တပ်မဟာနှင့် တရုတ်တပ်များက သိမ်းပိုက်လိုက်နိုင်ခြင်းဖြင့် မြစ်ကြီးနားသို့ ရောက်ရှိနိုင်သောလမ်းကို ဖွင့်ပေးနိုင်ခဲ့၏။

သို့ဖြင့် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲလျက်ရှိသော မဟာမိတ်တပ်များမှာ အင်္ဂလိပ်နှင့် တရုတ်တပ်များဖြင့် ဆက်သွယ်မှုရရှိသွားပြီး ပို၍ အင်အားတောင့်တင်းလာခဲ့လေသည်။

ကာမိုင်းနှင့် မိုးကောင်းစစ်မျက်နှာတွင် မဟာမိတ်တပ်များက အောင်ပွဲတစ်ပွဲပြီးတစ်ပွဲ ရရှိနေစဉ် အင်ဖာနှင့် ကိုဟီမားသို့ ထိုးစစ်ဆင်နေသော ဂျပန်စစ်ကြောင်းများကိုလည်း နောက်ထပ်စစ်ကူရောက်ရှိမလာနိုင်အောင် ဧပြီလအတွင်းတွင် ချုပ်ကိုင်ထားနိုင်ခဲ့၏။

မေလဆန်းသို့ ရောက်လာသောအခါ ဂျပန်တို့၏ အင်ဖာ၊ ကိုဟီမား ထိုးစစ်သည် အားပျော့စပြု၍လာခဲ့တော့၏။

မေလကုန်လုလုအချိန်တွင် အင်္ဂလိပ်တပ်များက အင်ဖာနှင့် ကိုဟီမားဒေသတွင် တန်ပြန်ထိုးစစ်ဆင်နိုင်သည့် အခြေသို့ ရောက်ရှိလာခဲ့လေသည်။

မိုးကောင်းကို အင်္ဂလိပ်ခြင်းဒစ်တပ်မဟာနှင့် တရုတ်တပ်များက မသိမ်းမီ လေးရက်အကြာ၌ မဏိပူရနှင့် အာသံဒေသရှိ အင်္ဂလိပ်တပ်များက ဂျပန်တို့ အင်ကြီးအားကြီးဖြင့် ဖြတ်တောက်ပိတ်ဆို့ထားခဲ့သော အင်ဖာ–ကိုဟီမားလမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့လေသည်။

ထိုနေ့ကား...၁၉၄၄ ခု၊ ဇွန်လ ၂၂ ရက်နေ့တည်း။

အင်ဖာ–ကိုဟီမားတိုက်ပွဲများ၌ ရန်သူဘက်မှ စုစုပေါင်း မည်မျှကျဆုံးသည်ကို တိတိကျကျသိရှိရန် ခဲယဉ်းသည်ဟု အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဒေသကို ကွပ်ကဲအုပ်ချုပ်ရသော စစ်သေနာပတိကြီး လူဝီမောင့်ဘက်တန်က သူ၏အစီအရင်ခံစာတွင် ဖော်ပြခဲ့၏။

ရန်သူဘက်မှ မည်မျှကျဆုံးကြောင်းကို ကျွန်ုပ်တို့ တိတိကျကျ ဖော်ပြခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ရန်သူဘက်မှ စစ်မှူးကြီးများကိုယ်တိုင်လည်း တိတိကျကျထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပါ။

သို့ရာတွင် အင်ဖာ–ကိုဟီမားတိုက်ပွဲများ၌ ပါဝင်တိုက်ခိုက်ခဲ့သော ဂျပန်တပ်မသုံးခုနှင့် အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်မတစ်ခုတို့သည် လွန်စွာ အကျအဆုံးများခဲ့ကြောင်းကား ထင်ရှားလှပေ၏။

စစ်မြေပြင်ပေါ်တွင် ရေတွက်ရရှိသော ရန်သူ့အလောင်းကောင်များမှာ ၁၃၅၀၀ (တစ်သောင်းသုံးထောင့်ငါးရာ) တိတိ

ရှိခဲ့၏။

ဤစာရင်းတွင် ကျွန်ုပ်တို့၏လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော ရန်သူများ၊ ဒဏ်ရာရရှိပြီးနောက်မှ သေဆုံးခဲ့သော ရန်သူများလည်း ပါဝင်ခြင်းမရှိသေးပေ။

ရန်သူအကျအဆုံးကို အလျှော့ပေါ့ဆုံးထား၍ တွက်ချက်ကြည့်လိုက်သောအခါ မတ်လအလယ်မှစ၍ ဇွန်လအလယ်အထိ ၃၀၀၀၀ (သုံးသောင်း)ရှိသည်ဟု တွက်ချက်ရရှိ၏။

ရန်သူ့ဘက်မှ ဤမျှကျဆုံးသည့်အပြင် စစ်သုံးကိရိယာ လက်နက်အမြောက်အမြားကိုလည်း ကျွန်ုပ်တို့ မဟာမိတ်တပ်များ က ဖမ်းဆီးရမိခဲ့ရာတွင် ရန်သူ့အမြောက်ကြီး ၁၀၀ (တစ်ရာ)နီးပါး ပါခဲ့လေသည်။

အင်ဖာနှင့် ဟီမားသို့ ထိုးစစ်ဆင်လာခဲ့သော ဂျပန်တို့၏ အမှတ်(၁၅) တပ်မတော်သည် အရေးရှုံးနိမ့်ကာ တပ်ခေါက်၍ ပြန်သွားခဲ့ရာ၌ အောင်မြင်စွာ စနစ်တကျ ဆုတ်ခွာနိုင်ခြင်း မရှိသည့် အပြင် တဖြိုင်ဖြိုင် ရွာသွန်းနေပြီဖြစ်သော မုတ်သုံမိုး၏ အခြေအနေကြောင့်လည်း ကြီးစွာသော ဒုက္ခအဝဝကို တွေ့ခဲ့ရလေသည်။

ဆုတ်ခွာသွားသော ရန်သူများအနက် သုံးပုံတစ်ပုံခန့်သာ ပြန်လည်ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းရလေသည်။

ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် အစီအရင်ခံခဲ့သည့်အတိုင်း အင်ဖာနှင့် ကိုဟီမားတိုက်ပွဲများမှ ဆုတ်ခွာရသော အမှတ်(၁၅) ဂျပန်တပ်မတော်ကြီး၏ အဖြစ်အပျက်မှာ အာရှတိုက်တွင် ပေါ်ပေါက်ခဲ့သော စစ်ပွဲများအနက် ကြောက်လန့်စရာအကောင်းဆုံး အဖြစ်အပျက်တစ်ခုပင်ဖြစ်၏။

၁၉၄၂ ခုနှစ်တွင် ဂျပန်များက မြန်မာပြည်အား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အင်္ဂလိပ်တပ်များသည် အခြားသော မဟာမိတ်တပ်အချို့နှင့်အတူ မြန်မာပြည် မြောက်ပိုင်းမှနေ၍ အာသံနှင့် မဏိပူရသို့အရောက် ဆုတ်ခွာလာခဲ့ရ၏။

၁၉၄၄ ခုနှစ်၊ ဇွန်လကုန်ခါနီးနှင့် ဇူလိုင်လအစတွင် ဂျပန်တို့၏ အမှတ်(၁၅)တပ်မတော်ကြီးသည် အင်္ဂလိပ်နှင့် မဟာမိတ်များ ဆုတ်ခွာလာခဲ့သည့်လမ်းကိုပင် အသုံးပြု၍ မြန်မာပြည်သို့ ဆုတ်ခွာရလေသည်။

မုတ်သုံမိုးကြောင့် လမ်းပမ်းအစက်အခဲက ရှိနေသည့်အပြင် တောင်ကျ

ချောင်းများမှာလည်း ရေလျှံလျက်ရှိသောကြောင့် ဆုတ်ခွာရသော ဂျပန်တပ်များသည် ရောဂါဒဏ်ကြောင့်လည်းကောင်း၊ အစာရေစာ ပြတ်သည့်ဒဏ်ကြောင့်လည်းကောင်း မောပန်းနွမ်းဟိုက်သည့်ဒဏ်ကြောင့် လမ်းတစ်လျှောက်လုံးတွင် တဖြုတ်ဖြုတ် အသက်ပျောက်ခဲ့ကြရလေသည်။

မြန်မာစစ်မြေပြင်ရှိ ဂျပန်တပ်များ ရှုံးနိမ့်ခဲ့ရာတွင် မဟာမိတ်တပ်များသည် ကာလအပိုင်းအခြားအားဖြင့် သုံးနှစ်ကျော်ကျော် နယ်မြေအကျယ်အဝန်းအားဖြင့် ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း) စတုရန်းမိုင်အထိ တိုက်ခိုက်ခဲ့ရ၏။

ဤအချိန် ဤကာလနှင့် ဤနယ်မြေတွင် ခြေလျင်တပ်များအဖြစ် တိုက်ခိုက်ခဲ့ရသည်ကို ပုံကြီးချဲ့၍ ပြောမည်ဆိုလျှင်လည်း ပြောနိုင်လေသည်။

သို့ရာတွင် လတ်တလော အရေးကြီးနေသော မြစ်ကြီးနားတိုက်ပွဲ အကြောင်းကို ဆက်၍ဖော်ပြပါဦးမည်။

မြစ်ကြီးနားတိုက်ပွဲကား ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့အဖို့ တစ်သက်တာတွင် မေ့မရနိုင်သော တိုက်ပွဲပင်ဖြစ်၏။

ဤတိုက်ပွဲတွင် ကျွန်တော်တို့တပ်ဖွဲ့မှ အသက်ပေးခဲ့ရသောကြောင့် နာကြည်းမှုထက် သေအောင်တိုက်ခဲ့သော ကျွန်တော်တို့တပ်ဖွဲ့ဝင်များအား ကျွန်တော်တို့၏ အထက်လူကြီးများက သေလောက်အောင် "နှိမ်"ခဲ့ပုံမှာ နာကြည်းစရာ အကောင်းဆုံးပင် ဖြစ်ပါတော့၏။

◆

## ( ၁၆ )

## မစ်ဇူကာမီ၏ နောက်ဆုံးနေ့

ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမီသည် မဟာမိတ်တို့၏ ထိုးစစ်ကို တတ်နိုင်သမျှ ကြံ့ကြံ့ခံ၍နေ၏။

ဤမျှမက အခွင့်သာသည့်အချိန်များ၌ ဝိုင်းထားသော မဟာမိတ်တပ်များကို တပ်ထဲမှထွက်၍ တိုက်စစ်ဆင်ခဲ့သေးသည်။

မြစ်ကြီးနားမြို့တွင်းရှိ မိမိ၏တပ်များကို မဟာမိတ်တပ်များက ဝိုင်းဝန်းပိတ်ဆို့ထားသည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုမဟာမိတ်တပ်များကိုပင် မိမိတို့၏ ဂျပန်တပ်များက နစခမ့်ကျေးမှလည်းကောင်း၊ အချက်အချာကျသောနေရာများမှ လည်းကောင်း ထပ်မံပိတ်ဆို့ တိုက်ခိုက်နေသည်မဟုတ်ပါလော။

မြစ်ကြီးနားတွင် မိမိတို့၏တပ်က ကြံ့ကြံ့ခံ၍နေနိုင်ခြင်းမှာ အင်ဖာနှင့် ကိုဟီမားသို့ တက်၍တိုက်နေသော မိမိတို့၏ အမှတ်(၁၅) ဂျပန်တပ်မတော်ကြီးကို မြစ်ကြီးနားစစ်မျက်နှာမှနေ၍ အကူအညီပေးနေခြင်းပင် မဟုတ်ပါလား။

မိမိတို့က နယ်မြေကိုလည်း အပိုင်ရရှိထားသည်။

တက်၍တိုက်ရန် ကွင်းကျင်းများရှိသလို ပြန်၍ဆုတ်ရန်လည်း ခံကတုတ်ကျင်းများ အသင့်ရှိနေ၏။

ရန်သူရှိရာသို့ တွင်းကျင်းများကို အကာအကွယ်ယူ၍ ထွက်တိုက်လိုက်။ ရန်သူက ဖိလာသောအခါ ခံကတုတ်ကျင်းများရှိရာသို့ ပြန်ဝင်လာလိုက်ဖြင့်

ရန်သူကို စစ်ရေးငင်ကာ တိုက်ခိုက်နေရသည်မှာ အင်ဖာနှင့် ကိုဟီမားသို့ စစ်တောင်ပံဖြန့်နေသော အမှတ်(၁၅) ဂျပန်တပ်မတော်ကြီးကို စစ်ကူပေးရာရောက်သည် မဟုတ်ပါလား။

ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇုကာမိသည် အနာဂတ်ကို မိမိတို့သာပိုင်ဆိုင်ရမည်။ ဒုတိယကမ္ဘာစစ်ကြီးကို မိမိတို့သာ အနိုင်ရမည်ဟု ယုံကြည်နေသူဖြစ်၏။ မိမိတို့၏ ဂျပန်တပ်မတော်ကြီးဆိုသည်မှာလည်း နေမျိုးနွယ်စစ်သားများသာ ပါဝင်ရသော စစ်တပ်ကြီးမဟုတ်ပါလား။

မြစ်ကြီးနားမြို့၏ နယ်မြေအနေအထားက မိမိတို့အတွက် တစ်ပန်းသာနေသည်နှင့်အမျှ မြစ်ကြီးနားမြို့အတွင်းရှိ တိုက်တာအိမ်ရာများ၊ ရထားလမ်းပေါ်ရှိ တွဲပျက်များ၊ ၁၂ ပေအမြင့်အထိ ဖောက်လုပ်ထားသော တာလမ်းများကလည်း မိမိတို့၏ အောင်နိုင်ရေးကို အထောက်အကူပေးနေကြသည် မဟုတ်ပါလား။

ရန်သူတို့သည် ရင်ခေါင်းအထိနက်သော ရေထဲမှဖြတ်ကူးကာ မိမိတို့အား တိုက်စစ်ဆင်နေရခြင်းသာဖြစ်၏။ ဤသို့သော ရန်သူမျိုးကို မိမိကဲ့သို့သော ဂျပန်ဗိုလ်ချုပ်ကြီး တစ်ယောက်က အမျိုးဖြုတ်၍မပစ်နိုင်လျှင် ရာဇဝင်ရိုင်းချေတော့မည်။

ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇုကာမိအဖို့ အောင်ပွဲသည် မိမိအတွက်သာဖြစ်သည်ဟု ယုံကြည်နေသည်မှာ အမှန်ပင်ဖြစ်၏။

သို့ရာတွင် စိတ်ထဲမှ စနိုးစနောင့်ဖြစ်နေရခြင်းကား မိမိတို့ဘက်သို့ ပို့လာသော ရိက္ခာများ ရောက်လာမှုနည်းပါးခြင်းပင် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မိမိတို့၏ နေနတ်နွယ် နီပွန်စစ်သားများသည် အာဟာရ သိဒ္ဓိ ပြီးနေကြသူများအဖြစ် နာမည်ကြီးနေခဲ့သည် မဟုတ်ပါလား။

အောင်ပွဲတည်းဟူသော အာဟာရကိုပြု၍ စစ်သည်တော်အပေါင်းတို့အား ဆက်လက်တိုက်ခိုက်စေရသော် မိုးကြီး၊ ရေကြီး၊ လေကြီးထဲ၌ ရွံ့ဗွက်ကို အိပ်ရာလုပ်၍ တိုက်နေရသော ရန်သူ့တပ်များကို အဘယ်မှာလျှင် မအောင်ဘဲရှိပါအံ့နည်း။

ဗိုလ်ချုပ်ကြီး မစ်ဇုကာမိက ဤကဲ့သို့ မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ စီမံကိန်းချလျက်ရှိစဉ် မဟာမိတ်များဘက်မှ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်တို့ကလည်း မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ စီမံကိန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်က သူ၏အစီရင်ခံစာတွင် မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

"မြစ်ကြီးနားကို တိုက်ခိုက်နေသော တရုတ်-အမေရိကန် တပ်ပေါင်းစုသည် ဇွန်လနှင့် ဇူလိုင်လအတွင်းတွင် အခြေအနေကောင်းစွာမတိုးတက်ခဲ့ကြချေ။ မိုးကောင်းဒေသတွင်လည်း ရန်သူကို စစ်ဆင်တိုက်ခိုက် ရှင်းလင်းလျက်ရှိ၏။

မြစ်ကြီးနားရှိ ရန်သူများသည် ခေါင်းမာလှစွာဖြင့် ခုခံတိုက်ခိုက်ကြသော်လည်း ကျွန်တော်တို့ဘက်မှ မိုးကောင်းကို ရရှိပြီးသောအခါ၌ မြစ်ကြီးနားမြို့တွင်းသို့ ရန်သူများ ရိက္ခာအထောက်အပံ့ ပို့ပေးသည့် မီးရထားလမ်းကြောင်းကို ပိတ်ဆို့နိုင်ခဲ့ပါသည်။

ရန်သူတို့၏ မြစ်ကြီးနားမြို့စောင့်တပ်သည် ကျွန်ုပ်တို့၏ စစ်ကြောင်းကို ဖောက်ထွင်းပြီး ပေးပို့ရယူသည့် ရိက္ခာအနည်းငယ်မျှကိုလည်းကောင်း၊ မြို့၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ရှိနေသေးသော ဂျပန်တပ်ခွဲများမှ မြစ်ကြောင်းအတိုင်း မျှောချပေးသည့် ရိက္ခာများကိုလည်း မှီခိုအားထားလျက် ရှိရပေသည်"

မြစ်ကြီးနားမြို့ကို မဟာမိတ်နှင့် ဂျပန်တပ်များက အထူးအရေးပါ အရာရောက်သော တိုက်တစ်ခုအဖြစ် သဘောထားခဲ့ရခြင်းအကြောင်းကိုလည်း ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က သူ၏အစီအရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့လေသည်။

နောက်တစ်ကြိမ် မိုးမကျမီအချိန်အတွင်း တရုတ်ပြည်သွားပိုက်လိုင်းနှင့် ကုန်းကြောင်းလမ်းကို လုံခြုံအောင်လုပ်ရန်အတွက် မြစ်ကြီးနားကို စောစောစီးစီး သိမ်းပိုက်ထားရန် လွန်စွာအရေးကြီးကြောင်း၊ စောစောစီးစီး အောင်မြင်မှု ရစေရန်အတွက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ တပ်ဖွဲ့များနှင့် အထူးတပ်ဖွဲ့များအား မြစ်ကြီးနားကို အားသွန်တိုက်ခိုက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း စသည်ဖြင့် ဧပြီလ ၁၄ ရက်နေ့တွင် အကြောင်း ပြန်ကြားလိုက်၏။ ထို့ပြင် မြစ်ကြီးနားမြို့ကို ခရီးလမ်းဆုံဒေသနှင့် ဓာတ်ဆီတပ်စခန်းအဖြစ်သို့ ဆိုက်ရောက်အောင် ပြောင်းလဲဖြစ်ရန် လုပ်ငန်းစဉ် ချမှတ်ထား

ကြောင်းကိုလည်း အကြောင်းကြားလိုက်ပါသည်။

မဟာမိတ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က မြစ်ကြီးနားတိုက်ပွဲအခြေအနေကို အမြဲစောင့်ကြည့်နေသလို ဗိုလ်ချုပ်ကြီးတနခါနှင့် မြို့တွင်းရှိ တပ်များကို ဦးစီးနေရသော ဗိုလ်ချုပ်ကြီးမစ်ဇူကာမိတို့ကလည်း အထူးဂရုစိုက်၍နေကြ၏။

သို့ရာတွင် ကာမိုင်းတိုက်ပွဲ၌ ဂျပန်ဗိုလ်ချုပ်ကြီး တနခါ၏ အမှတ်(၁၈) တပ်မက မရှုမလှ အရေးနိမ့်ခဲ့လေသောအခါ၊

မိုးကောင်းတိုက်ပွဲကို အင်္ဂလိပ်တို့၏ ခြင်းခတ်တပ်မတော်၏ တရုတ်တပ်များက ဇွန်လ ၂၆ ရက်နေ့တွင် တက်ရောက်သိမ်းပိုက်နိုင်လေသောအခါ၊

မြစ်ကြီးနားရှိ ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိမှာ စိုးရိမ်ကြောင့်ကြစရာ အချက်များဖြင့် ရင်ဆိုင်၍လာရတော့၏။

မဟာမိတ်စစ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏ အစီအရင်ခံချက်အတိုင်း ရန်သူတို့၏ မြို့စောင့်တပ်သည် မဟာမိတ်တို့၏ စစ်ကြောင်းကို ဖောက်ထွင်းပြီး ရောက်ရလာသည့် ရိက္ခာအနည်းငယ်မျှကိုလည်းကောင်း၊ မြစ်ကြီးနားမြို့၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင်ရှိနေသော ဂျပန်တပ်ခွဲများမှ မြစ်ကြောင်းအတိုင်း မျှောချပေးသည့် ရိက္ခာများကိုလည်းကောင်း မှီခိုအားထားလျက်သာ ရှိနေရလေသည်။

သို့ဖြစ်၍လည်း မြို့တွင်းရှိ ဂျပန်တပ်များမှာ တစ်စတစ်စ အားပြတ်၍ လာခဲ့ကြ၏။

ကျန်းမာရေးအခြေအနေကြောင့်လည်းကောင်း၊ အစာရေစာ ပြတ်သည့်ဒဏ်ကြောင့်လည်းကောင်း၊ တိုက်ပွဲမှရရှိသည့် ဒဏ်ရာများကြောင့်လည်းကောင်း ဂျပန်ဗိုလ်ချုပ်ကြီးမစ်ဇူကာမိ၏ မြစ်ကြီးနားမြို့စောင့်တပ်အင်အားမှာ တိုက်ပွဲ အချိန်ကြာမြင့်သည်နှင့်အမျှ အားနည်း၍လာခဲ့ရတော့သည်။

တိုက်ပွဲကြီးပြီးမှ သိရှိခဲ့ရသော သတင်းများအရ ဇူလိုင်လအလယ်လောက် တွင် မြစ်ကြီးနားရှိ ဗိုလ်ချုပ်ကြီးမစ်ဇူကာမိ၏တပ်တွင် ဂျပန်စစ်သားပေါင်း ၇၉၀ မှာ တိုက်ပွဲကျဆုံးခဲ့ပြီး ဂျပန်စစ်သား ၁၁၈၀ မှာ ဒဏ်ရာရရှိခဲ့ကြပြီး ဖြစ်လေသည်။

ဇူလိုင်လ ကုန်လုလုအချိန်တွင် မြို့စောင့်တပ်ရှိ ရန်သူ့ခုခံမှုအင်အားမှာ သိသိသာသာကြီး ကျဆင်း၍လာခဲ့တော့၏။

ရန်သူတို့ဘက်တွင် ကျဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ၊ နာမကျန်းသူတို့ဖြင့်

အင်အားလျော့ပါး၍လာသည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းလာသော စစ်သားဦးရေမှာလည်း တိုးတက်၍လာခဲ့လေသည်။

ဤအကြောင်းအချက်ကို ထောက်လှမ်းရရှိလာသော မဟာမိတ်တပ်များသည် ဩဂုတ်လ ၃ ရက်နေ့၌ မြစ်ကြီးနားမြို့အား အဘက်ဘက်မှ တစ်ပြိုင်နက်ဝင်ရောက်စီးနင်းတိုက်ခိုက်ကြလေသည်။

မြစ်ကြီးနားမြို့သိမ်းတပ်များက မြို့တွင်းသို့ဝင်ရောက်လာသည့်အချိန်၌ ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိက နောက်ရံတပ်အဖြစ်ထားခဲ့သော ဂျပန်တပ်အနည်းငယ်၏ ခုခံမှုကိုသာ မဆိုစလောက် တွေ့ရှိရလေသည်။

မြစ်ကြီးနားမြို့ရှိ ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိ၏ လက်အောက်တွင် တပ်များအသီးသီးနေသည့်အနက် အမှတ်(၁၁၄) ရယ်ဂျီမင့်မှ ဂျပန်စစ်သား ၆၀၀ မှာ မြို့တွင်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

ဤသို့ ထွက်ပြေးလွတ်မြောက်သွားရခြင်းမှာလည်း အမှတ်(၁၁၄) ရယ်ဂျီမင့်၏ တပ်မှူးကြီးဖြစ်သူက ဂျပန်စစ်သား ၆၀၀ ကျော်တို့အား ဆုတ်ခွာခွင့်ပေးရန် ဂျပန်ဗိုလ်ချုပ်ကြီးထံ မေတ္တာရပ်ခံခဲ့သောကြောင့်ဖြစ်၏။

ဂျပန်စစ်သားတို့၏ အစဉ်အလာအရ တိုက်ပွဲတွင် မသေလျှင် မိမိတို့ကိုယ်ကို သတ်၍သေရမည်ဖြစ်ရာ ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိက တပ်မှူးကြီး၏ မေတ္တာရပ်ခံချက်ကို လိုက်လျောခဲ့ခြင်းမှာ ထူးဆန်းသကဲ့သို့ ရှိနေလေသည်။

သို့ရာတွင် မြစ်ကြီးနားမြို့အတွင်းသို့ ရောက်ရှိသွားသော မြို့သိမ်းတိုက်ခိုက်ရေးတပ်များသည် ဂျပန်စစ်သား ၆၀၀ လွတ်မြောက် ဆုတ်ခွာသွားသည်ကို အခဲမကျေနိုင်သည်နှင့်အမျှ မြစ်ကြီးနားမြို့ကို ခွဲနပဲဖြင့် ခုခံကာကွယ်နေခဲ့သော ဂျပန်ဗိုလ်ချုပ်ကြီး မစ်ဇူကာမိသည် ဂျပန်ဆာမူရိုင် သူရဲကောင်းတို့၏ ထုံးစံအတိုင်း မိမိကိုယ်ကိုသတ်၍ အဆုံးစီရင်သွားကြောင်း ကြားသိရပါသတည်း။

◆

## ( ၁၇ )

## အရှင်လတ်လတ်ကျဆုံးရသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်

မြစ်ကြီးနားမြို့ ကျဆုံးရခြင်းမှာ ရန်သူတို့အဖို့ အထူးဆုံးရှုံးရခြင်း တစ်ရပ်ဖြစ်၏။

ရန်သူနှင့်အတူ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည်လည်းကောင်း၊ မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဦးစီးညွှန်ကြားခဲ့သော ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် လည်းကောင်း ကျဆုံးရသည်ဟုဆိုလျှင် အကြောင်းမသိသူများက ရင်သပ်အံ့သြကြမည်သာဖြစ်၏။

မြစ်ကြီးနားလေယာဉ်ကွင်းကို နော်ကွမ်းမှနေ၍ ကုမုံတောင်တန်းကြီးများကို ဖြတ်ကျော်လျက် သိမ်းပိုက်တိုက်ခိုက်ခဲ့သူမှာ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ပင်ဖြစ်၏။

ပို၍တိကျအောင်ဆိုရလျှင် မြစ်ကြီးနားလေယာဉ်ကွင်းသိမ်းပွဲကို ဆင်နွှဲခဲ့သူမှာ ကျွန်တော်တို့၏တပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းကို အုပ်ချုပ်သော ဗိုလ်မှူးကြီး ဟန်တာနှင့် ရဲဘော်များ၊ အမှတ်(၁၅၀) တရုတ်ရယ်ဂျီမင့်တပ်မှ တပ်မှူးနှင့် ရဲဘော်များပင်ဖြစ်၏။

အင်္ဂလိပ်စာလုံး U သဏ္ဍာန်ရှိသော မြစ်ကြီးနားနှင့် ပင်မထီးနယ်မြေတွင် ပင်မထီးနှင့် ပို၍နီးကပ်သော လေယာဉ်ကွင်းရှိရာသို့လည်းကောင်း၊ ယူ စာလုံး၏ လက်ယာဘက် ထိပ်အချွန်နှင့်တူသော မြစ်ကြီးနားသို့ အမှတ်(၁၅၀)

တရုတ်ရယ်ဂျီမင့်တပ်ရင်းနှင့် ကျွန်တော်တို့တပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းတို့ ချီတက်သွားကြပုံကို ကျွန်တော် သတိရနေသေး၏။

အမှန်အားဖြင့်ဆိုရလျှင် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲ၌ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ခြင်း မရှိနိုင်လောက်အောင် ကျန်းမာရေးအခြေအနေ ချို့တဲ့နေခဲ့သော်လည်း တိုက်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာမှန်သမျှကို ကျွန်တော်ကိုယ်တိုင် အသေးစိတ် သိရှိခဲ့ရလေသည်။

ကျွန်တော်တို့တပ်ဖွဲ့မှ ဗိုလ်မှူးကြီးဟန်တာသည် မြစ်ကြီးနားလေယာဉ်ကွင်းတိုက်ပွဲ ဖြစ်ပွားနေစဉ် ပစ်ကျင်းအနီးတွင်ထိုင်၍ အစီရင်ခံစာတစ်စောင် ရေးသားခဲ့သည့်အကြောင်းကို ကျွန်တော် ရေးသားခဲ့ပြီးဖြစ်၏။

ဤအစီအရင်ခံစာမှာ ဗိုလ်ချုပ်ကြီး စတီးဝဲလ်လက်ထဲသို့ တိုက်ရိုက်ပေးပို့ခဲ့သော အစီအရင်ခံစာ ဖြစ်ကြောင်းကိုလည်း ကျွန်တော် ဖော်ပြပြီးဖြစ်သည်။

ဤအစီအရင်ခံစာ ပေးပို့ပြီးနောက် နှစ်ရက်အကြာတွင် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့ကြီး၏ တာဝန်ကိုယူထားရသော ဗိုလ်မှူးကြီးဟန်တာသည် ဆက်လက်အမှုထမ်းဆောင်နိုင်အောင် ကျန်းမာရေးအခြေအနေ မညီမညွတ် ဟူသော အကြောင်းပြချက်ဖြင့် အမေရိကန်သို့ သင်္ဘောဖြင့် ပြန်လည်ပေးပို့ခြင်း ခံခဲ့ရ၏။

ယခုမူ မြစ်ကြီးနားမြို့ကြီးကို ရန်သူတို့က ကျဆုံးခံလိုက်ရခြင်းမှာ အသည်းနာစရာကောင်းသည်နှင့်အမျှ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့နှင့် ကျွန်တော်တို့တပ်ဖွဲ့ကို အထက်မှနေ၍ အာဏာပေးခဲ့သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင် အရှင်လတ်လတ် ကျဆုံးခဲ့ရခြင်းအကြောင်းကို ဖော်ပြပါရစေ...။

ဗိုလ်မှူးကြီးဟန်တာက ဗိုလ်ချုပ်ကြီးစတီးဝဲလ်လက်သို့ တိုက်ရိုက်ပေးပို့ခဲ့သော အစီရင်ခံစာကြောင့် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးတစ်ခုမှာ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့သည် ဇွန်လ ၁ ရက်နေ့လောက် အရောက်တွင် ကျန်းမာရေးအခြေအနေ လုံးဝချို့တဲ့နေရုံမက စိတ်ဓာတ်ရေးရာအနေဖြင့်လည်း များစွာကျဆင်းလျက်ရှိသည် ဆိုသောအချက်ကို ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင် ဝန်ခံလာခဲ့ရခြင်းဖြစ်၏။

ဤကဲ့သို့ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင် ဝန်ခံလာခဲ့ရခြင်းမှာလည်း စစ်ဘက်ဆိုင်ရာ ဆေးမှူးကြီးကိုယ်တိုင်က အတိအကျ ထောက်ခံချက်ပေးခဲ့သောကြောင့်လည်း ဖြစ်သည်။

သို့ရာတွင် ဆေးမှူးချုပ်ကြီး အစီအရင်ခံစာကို ယခုထက်တိုင် ထုတ်ပြန်ဝေငှခြင်းမပြုဘဲ စစ်ဌာနချုပ်ရှိ ဗိုင်တွဲများအကြားတွင် ခေါက်၍ သိမ်းထားခဲ့လေသည်။

သက်ဆိုင်ရာတို့၏ အကြောင်းပြချက်ကား ဤအချိန် ဤကာလ၌ မိမိတို့၏ အခြေအနေကို ထွက်ဆိုအစစ်ခံခဲ့ကြသော ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များသည် သေွးဆုနေသောကြောင့်လည်းကောင်း၊ မိမိတို့၏ ထုတ်ဖော်ပြောဆိုချက်ကို အများပြည်သူတို့ထံသို့ ဖြန့်ဝေမည်မဟုတ်ဟု ယူဆခဲ့သောကြောင့်လည်းကောင်း ဖြစ်သည်ဟု အကြောင်းပြခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ ဆေးမှူးချုပ်ကြီး၏ အစီအရင်ခံစာမှာ ကျွန်တော်တို့ထင်သလောက် စေ့စေ့စပ်စပ်မရှိသည်ကိုကား တပ်ဖွဲ့မှ ရဲဘော်တိုင်းလိုလို သိရှိခဲ့ကြပြီဖြစ်၏။

"ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန်တပ်မတော်..."ဟူသော အစီအရင်ခံစာတွင်မူ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့နှင့်ပတ်သက်၍၊

"စစ်ဌာနမှ ညွှန်ကြားချက်များသည်လည်းကောင်း၊ တာဝန်မရှိသူများက တာဝန်ရှိသည့်အလား အခွင့်အရေးပေးမည်ဟု ပြောဆိုခဲ့သော စကားများသည်လည်းကောင်း၊ ဂါလာဟက်မှ အရာရှိငယ်ကလေးများနှင့် တပ်သားများအား အထူးစိတ်ဓာတ်ကျဆင်းအောင် ဖန်တီးပေးခဲ့၏"ဟု ရေးသားဖော်ပြခဲ့လေသည်။

သို့ရာတွင် ကျွန်တော်တို့သိရှိရသလောက် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့နှင့်ပတ်သက်၍ အမေရိကန်စစ်ဝန်ကြီးဌာနက ညွှန်ကြားချက်တွင်...

"ဂါလာဟက်တပ်ဖွဲ့အား စစ်ဆင်ရေးကြီးတစ်ခုအတွက် သုံးလတာမျှသာ အသုံးပြုရန် ခွင့်ပြုခြင်း၊ သုံးလတာမျှ အသုံးပြုပြီးနောက် စိတ်ဓာတ်အရ လည်းကောင်း၊ ကျန်းမာရေးအခြေအနေအရလည်းကောင်း ချို့တဲ့နေသူများကို အနားကောင်းကောင်းပေး၍ အစားကောင်းကောင်း ကျွေးရမည်ဖြစ်ကြောင်း၊ အချို့သော ပုဂ္ဂိုလ်များကိုမူ အမေရိကန်ပြည်သို့ အရောက်ပို့၍ ကောင်းစွာအနားယူစေရမည်ဖြစ်ကြောင်း"ဖြင့် အတိအလင်း ပါရှိဖော်ထုတ်ခဲ့၏။

ဤညွှန်ကြားချက်မှာ ၁၉၄၃ ခု၊ စက်တင်ဘာလ ၃၀ ရက် နေ့စွဲဖြင့် ဗိုလ်ချုပ်ကြီးမာရှယ်က ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံသို့ ပေးပို့လိုက်သော ကြေးနန်းစာတွင် အတိအလင်းပါရှိခဲ့လေသည်။

ဤညွှန်ကြားချက်အတိုင်းပင် ကျွန်တော်တို့တပ်ဖွဲ့မှ ပါဝင်၍ သတ္တိပြခဲ့သော ရဲဘော်တိုင်း သုံးလကြာ စစ်ဆင်ရေးကြီးပြီးသည့်နောက် အနားကောင်းကောင်းပေးကာ အစားကောင်းကောင်းကျွေးမည်ဟု မှတ်ယူခဲ့ကြလေသည်။

သို့ရာတွင် "ထင်သာထင် မဝင်ဘူးကျောင်းအမ"ဖြစ်လာသောအခါ လက်အောက် အရာရှိများနှင့် တပ်သားများသည် ပုထုဇဉ်လူသားတို့၏ ဓမ္မတာအတိုင်း ပေါက်ကွဲအုံကြွလာခဲ့သည်မှာ အပြစ်တင်စရာ အချက်ဖြစ်လေပြီလား။

မည်သို့မှ မဖြစ်နိုင်ပါ။

ပေ ၂၈၀၀ မြင့်သော မြင်းကုန်းနီးသဏ္ဍာန်ရှိသည့် တောင်ပေါ်မှနေ၍ အင်ကြီးအားကြီးဖြင့် ဖိ၍တိုက်နေသော ရန်သူများကို သွေးချောင်းစီးမျှ တွန်းလှန် ဖြိုဖျက်ခဲ့ပြီးနောက် တရုတ်တပ်များနှင့် စခန်းချရပ်နားရသော နော်ဘွမ်း၌ ဗိုလ်ချုပ်ကြီးမာရီးက လက်တွေ့အားဖြင့် တာဝန်ယူထားရသော ဗိုလ်မှူးကြီး ဟန်တာအား ပြောခဲ့သည့်စကားများကို ကျွန်တော်ကိုယ်တိုင် မှတ်မိနေပါသေးသည်။

မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်မိသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များအား အိန္ဒိယသို့ အနားယူရန်ပို့ပေးပြီးနောက် အကောင်းဆုံးဟော်တယ်တွင် အကောင်းဆုံးအစားအစာများကို စားရပါစေမည်" ဟူသော စကားမှာ ကျွန်တော်တို့လို တပ်မှူးများ၏နားထဲတွင် ယခုတိုင် ပဲ့တင်ရိုက်လျက် ရှိပါသေး၏။

သို့ရာတွင် မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲ ဖြစ်ပွားနေစဉ်အတွင်း ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ခွဲမှ ရဲဘော်များသည် ကျန်းမာရေးအခြေအနေကြောင့် လည်းကောင်း၊ တိုက်ပွဲအခြေအနေကြောင့်လည်းကောင်း၊ မြစ်ကြီးနားစစ်မျက်နှာမှ အိန္ဒိယနှင့် အာသံပြည်ရှိ စစ်ဆေးရုံများသို့ ဆေးကုသရန် ပြောင်းရွှေ့လာခဲ့ကြရသည်။

ဤသို့ ဆေးရုံတွင်ကုသပြီးနောက် ကျွန်တော်တို့အား နာလန်ထစခန်းများသို့ ပို့ပေးရာတွင်မှ ရဲဘော်အများအပြားမှာ နွားတင်းကုပ်မျှလောက်မှ မကောင်းသော စခန်းများ၌သာ အချိန်ကုန်ခဲ့ကြရလေသည်။

ဗိုလ်ချုပ်ကြီးမာရီး၏ အကောင်းဆုံးဟော်တယ်တွင် အကောင်းဆုံးအစားအစာကို စား၍ အသာယာဆုံးသော အနားယူမှုကို ရစေမည်ဟု ပြောဆိုဝန်ခံချက်များမှာ ကျွန်တော်တို့၏ ကိုယ်တွေ့နှင့် အလွဲကြီးလွဲနေလေသည်တကား။

နာလန်ထစခန်းသို့ ရောက်ရှိလာသော ရဲဘော်များသည် နွားစားကျက်ကွင်းပြင်ထဲသို့ ရောက်ရှိလာရခြင်းပင် ဖြစ်၏။ အကာအရံနှင့် အမိုးဟူ၍ ပြောပလောက်ရုံသာရှိတော့၏။ ရေချိုးခန်းမရှိ၊ အိမ်သာကောင်းကောင်းမရှိ။

နားရန်၊ နေရန်၊ အိပ်ရန် နေရာကောင်းကောင်းမရှိ။

နာလန်ထ ရဲဘော်အချို့က ရေချိုးခန်းတွင် ရေပန်းများတပ်ဆင်ပေးရန် ဆုပ္ပလာကြသောအခါ သံချေးတက်နေသော ရေပိုက်ကြီးတစ်ခုကို ထရပ်ကားအိုကြီးတစ်ခုပေါ်တွင် တင်၍ ပို့လာသည်။

"နာလန်ထ ရဲဘော်တွေကိုယ်တိုင် ကိုယ့်ဟာကိုယ်ဆင်ပြီး လုပ်ကြ" လာပို့သောတပ်ကြပ်ကြီးက မထိမဲ့မြင် ပြောဆိုသွားသေး၏။

သေမလောက် တိုက်ခိုက်ရပြီးနောက် သေမလောက်အနှိမ်ခံရသောတပ်မှာ ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မဟုတ်လျှင် မည်သည့်တပ်ဖွဲ့ဖြစ်နိုင်ပါတော့မည်နည်း။

အနားယူစခန်းတွင် ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များက နေရေးထိုင်ရေးနှင့် ပတ်သက်၍ ဆူဆူပူပူလုပ်သည်ကို ချက်ကောင်းယူကာ ကျွန်တော်တို့တပ်ဖွဲ့အား လဲ၍သေချင်လောက်အောင်အထိ ရှုတ်ချနှိပ်စက်လာလေသည်။

အခြားတပ်ဖွဲ့များ၏ အနားယူစခန်းမှာ ကျွန်တော်တို့တပ်ဖွဲ့မှ အနားယူစခန်းနှင့် နှိုင်းစာလိုက်လျှင် နတ်ဘုံ နတ်နန်းတမျှ ထည်ဝါခန့်ညားလှပါ၏။

ဤသို့ ကွဲပြားခြားနားချက်ရှိနေခြင်းကို ကျွန်တော်တို့တပ်ဖွဲ့ဝင်များက ဆူဆူပူပူ ပြောဆိုတိုင်တန်းခြင်း၌ အဘယ်ကဲ့သို့သော အပြစ်ရှိပါမည်နည်း။

သေလောက်အောင် တိုက်ခိုက်ရသော ကျွန်တော်တို့တပ်ဖွဲ့ကို သေလောက်အောင် နှိမ့်ချသည်ကို ကျွန်တော်တို့ တစ်နည်းမဟုတ် တစ်နည်း ခံနိုင်ပါသေး၏။

သို့ရာတွင် ကျွန်တော်တို့အား သူရဲဘောကြောင်သူ၊ သစ္စာဖောက်သူ၊ သတ္တိနည်းသူဟု ကြံဖန်လုပ်ကြံ၍ ပြောဆိုလာသောအခါ ကျွန်တော်တို့သည် အသည်းနိုက်အောင် နာကြည်း၍လာကြ၏။

မြစ်ကြီးနားတိုက်ပွဲတွင် ကျွန်တော်တို့တပ်ဖွဲ့က ဆက်လက်ပါဝင်ခြင်း မပြုနိုင်သည်မှာ သူရဲဘောကြောင်၍ မဟုတ်ကြောင်း လူတိုင်းသိနေသော အကြောင်းအချက်ပင် ဖြစ်၏။

သို့ရာတွင် ကျွန်တော်တို့အထက်မှ ဗိုလ်ချုပ်ကြီး၏ လက်အောက်ခံလူများက ကျွန်တော်တို့တပ်ဖွဲ့ဝင်များအား အကြောင်းမရှိ အကြောင်းရှာကာ သွားမှုပ်

လေလွင့် ပြောဆိုနေကြလေသည်တကား။

ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်များက စစ်ပန်းနေသည့်အချိန်တွင် ဗိုလ်ချုပ်ကြီး စတီးဝဲလ် လက်အောက်ရှိ ယူနန်တပ်များ၌ တရုတ်တပ်ပေါင်း ၃၀ တိတိ ရှိနေသေးသည်။ ဤတပ်မများသည် တိုက်ခိုက်ရေးဟူ၍ တစ်ခုမျှမလုပ်ဘဲ ယူနန်တွင်ပင် အချိန်ဖြုန်း၍ နေခဲ့ကြ၏။

အိန္ဒိယနှင့် မြန်မာပြည်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က အသုံးပြုထားသော တရုတ်စစ်သား ၆၀၀၀ ရှိနေသည်မှာ အမှန်ပင်ဖြစ်၏။

ယူနန်တွင် တရုတ်တပ်မပေါင်း ၃၀ တိတိရှိနေပြီး အိန္ဒိယနှင့် မြန်မာပြည်တွင် တရုတ်စစ်သား ၆၀၀၀၀ ကိုသာ အသုံးပြုနိုင်ခဲ့သည့်အတွက် ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကို ဂုဏ်ပြုရန်လိုပါမည်လား။

အိန္ဒိယနှင့် မြန်မာပြည်တွင်ပင် အမေရိကန်စစ်သား ၄၀၀၀၀ အထိ ရှိနေသည့် အချက်ကိုလည်း သတိပြုပါဦး။

ဤကဲ့သို့ စစ်သား ၄၀၀၀၀ ရှိသည့်အနက် ကျွန်တော်တို့၏ အမှတ် ၅၃၀၇ တပ်ဖွဲ့မှ တပ်သား ၃၀၀၀ နည်းပါးခဲ့ရှိသည့် အခြား အမေရိကန် စစ်သားများ မဖြတ်ကျော်ဖူးသည့် တောတောင်မြစ်ချောင်းများကို ဖြတ်ကျော်ခဲ့ရ၏။

အခြား အမေရိကန်စစ်သားများ မတိုက်ဖူးသည့်တိုက်ပွဲမျိုးကို တိုက်ခိုက်ခဲ့ရ၏။ သို့ရာတွင် အနားပေး၍ အစားဝဝကျွေးရမည့်အချိန်၌ကား ကျွန်တော်တို့ တပ်ဖွဲ့မှ ရဲဘော်များသည် သေလောက်အောင် တိုက်ခဲ့ရပြီးနောက် သေလောက်အောင် အနှိမ်ခံနေခဲ့ရလေသည်တကား။

မည်သို့ပင်ဖြစ်စေ မကျေနပ်ချက်များ၊ နာကြည်းချက်များကို တတ်နိုင်သမျှ မျိုသိပ်၍ ထားခဲ့ကြ၏။

တိုက်ပွဲပေါင်းမြောက်မြားစွာတွင် ဘဝတစ်ခုလုံး၌ အမြတ်နိုးဆုံးသော အသက်ကိုပင် စွန့်လွှတ်ခံ့သည့် သတ္တိရှိကြပါလျက် အနားယူသည့်စခန်းသို့ ရောက်မှ မကျေနပ်ချက်ကလေးများကို ပုံကြီးချဲ့နေခြင်းမှာ မလိုလားအပ်သော ကိစ္စဖြစ်သည်ဟု သက်ဆိုင်ရာတပ်မှူးများက မိမိတို့ယဲသားများအား ဖျောင်းဖျ ခဲ့ကြလေသည်။

မည်ကဲ့သို့ပင်ဖြစ်စေ မကျေနပ်ချက်ကလေးများကား အခံရအခက်ဆုံးပင် ဖြစ်၏။

သိန္နီမြင်းပင် ဖြစ်လင့်ကစား မှက်ခြင်ယင်တို့၏ မထိလေးစားပြုခြင်းကို ခံရသောအခါ မအောင့်အည်း သည်းမခံနိုင်ဘဲ ဒေါသထွက်လာသကဲ့သို့ အသက်ကို အသက်မမှတ်ဘဲ တိုက်ခိုက်လာခဲ့ရပြီးနောက် အနားယူစခန်းဟု အမည်ပေးထားသောနေရာ၌ ကြွက်တသောသော၊ ခြင်တသောသောဖြင့် ပစ်စလက်ခတ် နေလာရသောအခါ တပ်သားတိုင်းပင် သည်းမခံနိုင်လောက်အောင် ဖြစ်လာကြရလေသည်။

သို့ဖြစ်၍လည်း အနားယူစခန်းမှာ အနားယူ၍မရနိုင်တော့လောက်အောင် သောင်းကျန်းလာတော့၏။ အနီးအနားတစ်ဝိုက်တွင် တာဝန်ကျသော စစ်ပုလိပ်များကလည်း ကျွန်တော်တို့ အနားယူစခန်းကို ယောင်၍မျှ လှည့်ကြည့်ဖော်မရ။

ရဲဘော်များသည် အာသံပြည်တွင် ချက်လုပ်သော ကျွဲရိုင်းတံဆိပ် ဘရန်ဒီကို သောက်ကာ အနားယူစခန်းတွင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတော့၏။

ကျွန်တော်တို့တပ်ဖွဲ့မှ ရဲဘော်အားလုံးလိုလို အိန္ဒိယသို့ ရောက်နေစေကာမူ တပ်ဖွဲ့၏ တာဝန်ခံတပ်မှူးကြီးဖြစ်သော ဗိုလ်မှူးကြီးဟန်တာနှင့် အမှတ်(၁) တပ်ရင်းမှ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးအော့စ်ဘုံးတို့အား မြစ်ကြီးနားစစ်မျက်နှာတွင်ပင် မလိုအပ်ဘဲ ခေါ်ယူထားခြင်းမှာ များစွာစဉ်းစားစရာဖြစ်တော့၏။

တစ်နည်းအားဖြင့်ဆိုရလျှင် ဗိုလ်မှူးကြီးဟန်တာနှင့် ဗိုလ်မှူးကြီးအော့စ်ဘုံးတို့သည် ကျွန်တော်တို့နှင့်အတူမရှိဘဲ အခြားတစ်နေရာတွင် ရှိနေခြင်းအားဖြင့် ကျွန်တော်တို့လက်အောက်ငယ်သားများအား ငြင်းချင်တိုင်းငြင်းနိုင်ရန် ပရိယာယ်ဖြင့် စီစဉ်ထားခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်၏။

တစ်နည်းအားဖြင့်လည်း ကျွန်တော်တို့တပ်ဖွဲ့မှ တပ်မှူးများပင်ဖြစ်သော အမှတ်(၁)နှင့် အမှတ်(၃)တပ်ရင်းများမှ အရာရှိများကို အိန္ဒိယရှိ ဆေးရုံသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ဆေးရုံမှနေ၍ အမေရိကန်ပြည်သို့ တိုက်ရိုက်ပို့ဆောင်ပေးခဲ့လျက် ကျွန်တော်တို့တပ်ဖွဲ့တွင်ပင် ပါဝင်သော အမှတ်(၁)တပ်ရင်းမှ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးအော့စ်ဘုံးနှင့် တပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီးဖြစ်သော မာရီး၏ လက်အောက်အရာရှိလည်းဖြစ်၊ ယာယီဦးစီးအရာရှိလည်းဖြစ်သော ဗိုလ်မှူးကြီးဟန်တာတို့အား မြစ်ကြီးနားစစ်မျက်နှာတွင်ပင် ဆက်လက်ထားရှိခြင်းမှာ အထက်မှ အာဏာပိုင် အသိုက်အဝန်းလူများ၏ မသမာ ညစ်ပတ်မှုသာ ဖြစ်ကြောင်း ထင်ရှားလျက်ရှိနေလေသည်။

ကျွန်တော်တို့၏ တပ်ဖွဲ့ဝင်များက မုက်,ခြင်,ယင် တို့၏ မလေးမစားပြု ခြင်းကို ခံရသော သိန္နောမြင်းကဲ့သို့ မလိုလားအပ်သော အပြုအမူများကိုခံရစဉ် ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှာမူကား ဗိုလ်ချုပ်ကလေးရာထူးမှ ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ခြင်း ခံနေရ၏။

၁၉၄၄ ခု ဩဂုတ်လ ၁ ရက်နေ့တွင် စတီးဝဲလ်သည် ဗိုလ်ချုပ်ကလေး အဆင့်မှ ဗိုလ်ချုပ်ကြီးရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရလေသည်။

တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုတွင် အထက်လူကြီးဖြစ်သူက ပို၍ကြီးမားသော ရာထူးကို လက်ခံရရှိလေသောအခါ ထက်အောက်ရှိ အကြပ်တပ်သား အရာရှိ အရာခံနှင့် ဗိုလ်များအားလုံးပင် မိမိတို့စွမ်းဆောင်မှုအလျောက် အဆင့်ဆင့် ရာထူးတိုးခဲ့သည်မှာ စစ်တပ်၏ မလွဲမှားနိုင်သော ထုံးတမ်းစဉ်လာတစ်ခုပင် ဖြစ်၏။

ကျွန်တော်တို့က ဗိုလ်ကြီးဟုခေါ်နေလင့်ကစား ရာထူးအစစ်အမှန်မှာ ဗိုလ်ချုပ်ကလေးမျှသာဖြစ်ရာ စတီးဝဲလ်က ရုံးထုံးစံအတိုင်း ဗိုလ်ချုပ်ကြီးရာထူးကို ချီးမြှင့်ခံရသောအချိန် ကျွန်တော်တို့တစ်တွေမှာလည်း လက်အောက်ငယ်သား ပုထုဇဉ်လူသားပီပီ အဆင့်အတန်းတိုးမြှင့်ခြင်း ခံရတော့မည်ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ကြ၏။

သို့ဖြစ်၍လည်း ကျွန်တော်က အမေရိကန်ရှိ မိဘများထံ ဝမ်းပမ်းတသာ ဖြင့် စာရေးခဲ့လေသည်။

"ဗိုလ်ချုပ်ကလေးရာထူးကနေပြီး ဗိုလ်ချုပ်ကြီးရာထူးကို တိုးမြှင့်ပေးလိုက် တဲ့အတွက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကလည်း ကျွန်တော်တို့ အရာရှိအရာခံ အကြပ် တပ်သားတွေကို အထိုက်အလျောက် ရာထူးတက်ပြီးပေးမှာကတော့ သေချာပါ တယ်"

"ဗိုလ်ချုပ်စတီးဝဲလ်ကို ရာထူးတိုးပေးလိုက်ပုံထောက်တော့ ကျွန်တော် တို့ တပ်ဖွဲ့ကို မဟာမိတ်စစ်ဌာနချုပ်က သဘောကျတဲ့လက္ခဏာပဲ။ ကျွန်တော် တို့တပ်ဖွဲ့ကို ထပ်ပြီးတိုးချဲ့လိမ့်မယ်လို့ မျှော်လင့်ရပါတယ်"

ကျွန်တော်တို့၏ မျှော်လင့်ထားချက်မှာ သဲထဲရေသွန်သကဲ့သို့ ဖြစ်ခဲ့ ရရုံမက မျှော်လင့်ချက်တောင်ကြီးကို ဒိုင်းနမိုက်ဖြင့် အဖျက်ခံလိုက်ရသကဲ့သို့ ရှိသော အကြောင်းအချက်တစ်ခုက ရုတ်တရက် ပေါ်ထွက်လာသည်။

နပမ်ဂါးတိုက်ပွဲတွင် ရက်ရက်စက်စက် တိုက်ခိုက်ခဲ့သူ၊ အသက်ကို

အသက်ဟူ၍ မမှတ်ခဲ့သူ၊ နှလုံးရောဂါကြောင့် အိန္ဒိယသို့ ခဏခဏနှင့် ရက်ရှည်လများ ပြန်၍ဆေးကုနေရသူ၏ နေရာတွင် လက်တွေ့တာဝန်များကို ယူခဲ့ရသူ၊ နပမ်ဂါးမှနေ၍ မြစ်ကြီးနားသို့အရောက် ရဲဘော်များကို စိတ်ဓာတ်မြှင့်တင်ပေးကာ ခေါ်ဆောင်လာခဲ့သူ၊ မြစ်ကြီးနားလေယာဉ်ကွင်းကို ပထမဆုံးစတင်သိမ်းပိုက်ခဲ့သူအား ဗိုလ်ချုပ်ကြီးစတီးဝဲလ် ရာထူးတိုးပြီးနောက် နှစ်ရက်အကြာတွင် ထမ်းဆောင်နေသော တာဝန်မှ ကျန်းမာရေးကိုအကြောင်းပြကာ ရာထူးမှ အနားယူနိုင်ခြင်းပင် ဖြစ်ပါသတည်း။

ဩဂုတ်လ ၃ ရက်နေ့တွင် 'မြို့သိမ်းတပ်များက မြစ်ကြီးနားမြို့ကို လက်ရသိမ်းယူနိုင်ခဲ့၏။

ဩဂုတ်လ ၅ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ရုံးထုံးစံအတွင်း ဗိုလ်ချုပ်ကလေးရာထူးမှ ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ပေးခြင်းခံခဲ့ရသည်။

ဩဂုတ်လ ၇ ရက်နေ့တွင် ကျွန်တော်တို့တပ်ဖွဲ့မှ ဗိုလ်မှူးကြီးဟန်တာမှာ မြစ်ကြီးနားစစ်မျက်နှာတွင် တာဝန်ထမ်းဆောင်နေရာမှ ရုတ်တရက် ချက်ချင်းအနားပေးခြင်း ခံရပါသတည်း။

ကျွန်တော်တို့ အမှတ် ၅၃၀၇ တပ်ဖွဲ့၏ တာဝန်ဝတ္တရားမှန်သမျှကို ခြေသိမ်းခေါင်းပိုက် ဆောင်ရွက်ရသည်သာမက တိုက်ပွဲတိုင်း၌ ရင်ကိုမြေကတုတ်လုပ်ကာ တိုက်ခိုက်ခဲ့သော ဗိုလ်မှူးကြီးဟန်တာမှာ မလိုသူတို့၏ ရှုတ်ချခြင်းကို ခံခဲ့ရသည်သာမကသေး အိန္ဒိယမှနေ၍ အမေရိကန်သို့အရောက်ပြန်ရာတွင် သင်္ဘောကိုစီး၍သာ ပြန်ခွင့်ရသည်အထိ ဆက်လက်အနှိမ်ခံခဲ့ရလေသည်။

ထိုအချိန်က အိန္ဒိယမှ အမေရိကန်သို့ သင်္ဘောခရီးဖြင့်ပြန်ရာ အချိန်မှာ အနည်းဆုံး တစ်လခန့်ကြာလေသည်။

မလိုတမာသူများသည် တောထဲတောင်ထဲ၌၊ မြစ်ချောင်းအင်းအိုင်များထဲ၌၊ စစ်မြေပြင်များ၌ ဗိုလ်မှူးကြီးဟန်တာအား ဒုက္ခပေးခဲ့ရုံသာမက မိမိ၏ ဇာတိဖြစ်သော အမေရိကန်ပြည်သို့ ပြန်ရာခရီး၌ပင် လိုက်၍ ဒုက္ခပေးခဲ့လေသည်တကား။

ဗိုလ်မှူးကြီးဟန်တာသည် အိန္ဒိယမှ အမေရိကန်သို့ အပြန်ခရီးတွင် သင်္ဘောကိုစီးရင်း တစ်ကြိမ်သောအခါက မိမိ၏တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးမာရီးထံမှပေးပို့လိုက်သောစာကို ဖတ်ရင်း စိတ်မသက်မသာ ဖြစ်နေမိလေသည်။

"မောင်ရင့်ဒုက္ခတွေကိုကြားရတော့ ကျုပ်ရင်ထဲမှာ နာမိတယ်။
မောင်ရင် ဘယ်လိုစွမ်းဆောင်ခဲ့တယ်၊ ဘယ်လိုတိုက်ခဲ့တယ်ဆိုတာ

ကျုပ် အသိဆုံးပဲ။

ကျုပ်တို့တပ်ဖွဲ့ နိဂုံးချုပ်ရပုံကို ကျုပ်တော့ မသက်မသာ ဖြစ်နေမိတယ်။ ကျုပ်တို့ရဲဘော်တွေအတွက်လည်း ဝမ်းနည်းနေမိတယ်။

ကျုပ်ဟာ ကျုပ်တို့ရဲ့ "ဆရာကြီး"နှင့် အတော်ပဲကြာအောင် ဆွေးနွေးပြီး အစစအရာရာ အဆင်ပြေအောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကျုပ်တို့"ဆရာကြီး"ကိုတော့ ကျေနပ်အောင် မလုပ်နိုင်ခဲ့ဘူး"

ဗိုလ်ချုပ်ကြီးမာရီး၏စာတွင် ပါရှိသော "ဆရာကြီး"မှာ ဗိုလ်ချုပ်ကြီး ဝတီးဝဲလ်ပင် ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီးဝတီးဝဲလ်အား အောင်မြင်မှုတည်းဟူသော သုဒ္ဓါဟင်းလေးအိုးကြီးကို ပေးဆက်သခဲ့သူများအနက် ဗိုလ်မှူးကြီးဟန်တာမှာလည်း တစ်ဦးတစ်ယောက်အဖြစ် ပါဝင်ခဲ့သည်ကို မည်သူမှ ငြင်းနိုင်မည်မဟုတ်။

သို့တစေ...ဗိုလ်မှူးကြီးဟန်တာသည် တိုက်ပွဲ၌ အသက်သေသွားသည်ကမှ ကောင်းလောက်အောင် အထက်လူကြီးဖြစ်သူ၏အနှိမ်ကို ခံခဲ့ရပုံမှာ အကြင်နာပွားစရာပင်ဖြစ်၏။

ထိုထက်ပို၍ အကြင်နာပွားစရာကောင်းသူ ကား ဗိုလ်ချုပ်ကြီးဝတီးဝဲလ်ကိုယ်တိုင်ပင် ဖြစ်တော့၏။

အဘယ်ကြောင့်ဆိုသော်...ဗိုလ်ချုပ်ကြီးဟန်တာ၏ ကြင်နာစရာကောင်းသော အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက် တစ်လလောက်အကြာတွင် ဗိုလ်ချုပ်ကြီးဝတီးဝဲလ်ကိုယ်တိုင်ပင် ကျန်းမာရေးကို အကြောင်းပြကာ ဗိုလ်ချုပ်ကြီးရာထူးမှ အနားယူနိုင်းခြင်း ခံခဲ့ရသောကြောင့် ဖြစ်ပါသတည်း။

ဗိုလ်မှူးကြီးဟန်တာထက် ပို၍ဆိုးသော ဗိုလ်ချုပ်ကြီးဝတီးဝဲလ်၏ အဖြစ်မှာ အမေရိကန်ပြည် ဒါးထတ်စ် လေယာဉ်ကွင်းသို့ ရောက်ရှိလာပြီးနောက် လေယာဉ်ကွင်းမှနေ၍ မည်သည့်နေရာမှ ထွက်ခွာသွားခြင်း မပြုရလေအောင် စစ်ပုလိပ် အစောင့်ချ၍ လေယာဉ်ကွင်းတွင်ပင် အကျယ်ချုပ်ခံရခြင်း ဖြစ်ပါသတည်း။

* * *

နပမ်ဂါးတိုက်ပွဲ၊ ရစ်ပုံတိုက်ပွဲ၊ ဝါလောဘွမ်တိုက်ပွဲများ၌ ဗိုလ်မှူးကြီး ဟန်တာသည် ရှေ့တန်းမှနေ၍ တိုက်ခိုက်ခဲ့၏။

ကုမုံတောင်တန်းကြီးပေါ်တွင် အမြင့်ဆုံးသော "နောင်ရာခက်"တောင် ထွတ်ကြီးပေါ်မှနေ၍ ဖြတ်ကျော်လာခဲ့၏။

ဤသို့ဖြတ်ကျော်လာရာ၌ မိမိတစ်ယောက်တည်း ဖြတ်ကျော်လာခြင်း မဟုတ်ဘဲ စစ်ပန်းနေသော၊ နာမကျန်းဖြစ်နေသော တပ်ဖွဲ့မှ ရဲဘော်များကိုပါ အတူတကွ ပါလာအောင် ခေါ်ဆောင်ချီတက်လာနိုင်ခဲ့၏။

တစ်ဦးတည်းစွန့်စားရသည်ထက် မိမိနောက်မှပါရှိသော ငယ်သားများကိုပါ မိမိနှင့်အတူ စွန့်စားလာချင်အောင် ဆွဲဆောင်ရသည့်အလုပ်မှာ ခက်ခဲလှချေ သည်။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးကြီးဟန်တာသည် ခက်ခဲသောအလုပ်တိုင်းကို စွမ်းဆောင် အောင်မြင်ခဲ့သူသာဖြစ်၏။

နော်ဘွမ်းမှနေ၍ မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်ရ မည်ဟု အမိန့်ပေးခြင်းခံရသောအခါ ဗိုလ်မှူးကြီးဟန်တာသည် ပေးသမျှအမိန့်ကို ဦးထိပ်ထက်ထွာ ရွက်ထားခဲ့၏။

ဤအချိန် ဤအခါ၌ အမှန်တကယ်အားဖြင့် တာဝန်ရှိသူမှာ ဗိုလ်ချုပ်ကြီး မာရီးသာဖြစ်သည်။

သို့သော် ဗိုလ်ချုပ်ကြီးမာရီးက နှလုံးရောဂါကြောင့် ဆေးကုရန် အိန္ဒိယသို့ ပြန်သွားရသောအခါ ဗိုလ်မှူးကြီးဟန်တာသည် မိမိ၏ အမိကတာဝန်မဟုတ်ဟု ငြင်းဆန်မနေဘဲ ကျွန်တော်တို့၏ တပ်ဖွဲ့မှ တပ်ရင်းများအား မြစ်ကြီးနားသို့ အရောက် ခေါ်ဆောင်သွားခဲ့၏။

လမ်းပမ်းခရီး သာသာယာယာတွင် ရိက္ခာအပြည့်၊ ဆေးဝါးကုသရန် ကိရိယာအပြည့်ဖြင့် ခေါ်ဆောင်သွားခြင်းမဟုတ်။ စစ်ကလည်းပန်း၊ ကျန်းမာရေး ကလည်း ခန်းနေသော ရဲဘော်များအား ပေ ၆၀၀၀၊ ၇၀၀၀ မြင့်သော တောင်စဉ်တောင်တန်း တောင်ထွတ်ကြီးများပေါ်မှနေ၍ မြစ်ကြီးနားလေယာဉ် ကွင်းသို့ အရောက်ခေါ်ဆောင်သွားရခြင်းအလုပ်မှာ မည်မျှတာဝန်ကြီးလေးသော အလုပ်ဖြစ်ကြောင်း လူတိုင်းပင် သိသာနိုင်၏။

မြစ်ကြီးနားအနီးသို့ ရောက်ပြီးသည့်အချိန်၌လည်း တာဝန်ပေးထားသည့် အတိုင်း မြစ်ကြီးနားလေယာဉ်ကွင်းကို တက်ရောက်သိမ်းပိုက်နိုင်ခဲ့၏။

ရိက္ခာနှင့် ခဲယမ်းမီးကျောက်သာ အိန္ဒိယစစ်ဌာနချုပ်က ပေးပို့လျှင် မြစ်ကြီးနားမြို့ကိုပင် တစ်ရက် နှစ်ရက်အတွင်း မြို့သိမ်းပွဲဆင်နိုင်မည်ဟု တာဝန်ယူခဲ့၏။

သို့ရာတွင် "ဘုရားဖြစ်ခါနီး မာရ်နတ်ကဖျက်သည်" ဆိုသည့်စကားအတိုင်း ဗိုလ်မှူးကြီးဟန်တာ၏ လုပ်ငန်းစဉ်မှန်သမျှကို စတီးဝဲလ်လက်အောက်ရှိ မလိုတမာနိုင်လှသော အရာရှိကြီးများက ဖျက်လိုဖျက်ဆီး လုပ်ခဲ့လေသည်။

အကယ်၍သာ ဗိုလ်မှူးကြီးဟန်တာ၏ အစီအစဉ်အတိုင်း ခဲယမ်းမီးကျောက်နှင့် ရိက္ခာများကို သက်ဆိုင်ရာဌာနများက အချိန်မီပို့ပေးနိုင်ခဲ့လျှင် မြစ်ကြီးနားတိုက်ပွဲ၌ လူတို့၏အသက်သည် များစွာလျော့နည်းကာ စတေးခဲ့ရမည်ဖြစ်၏။

ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ကိရိယာတို့ကိုလည်း များစွာလျော့နည်း၍ အသုံးပြုရမည်ဖြစ်၏။

ယခုမူ တစ်ဖက်မှ မလိုတမာနိုင်လှသောလူများ၏ လှည့်စားချက်ကြောင့် မြစ်ကြီးနားတိုက်ပွဲသည် မကြာသင့်ဘဲ ကြာကာ မသေသင့်သောအသက်များ များစွာသေကြေခဲ့ရလေသည်။

မြစ်ကြီးနားတိုက်ပွဲနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဟန်တာသည် အချီးမွမ်းမခံရသည့်ပြင် နှိမ်ချခြင်းကိုပင် ခံခဲ့ရ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှာမူကား ရုံးထုံးစံအရ ဗိုလ်ချုပ်ကလေးရာထူးမှ ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ပေးအပ်ခြင်း ခံခဲ့ရလေသည်။

သို့ရာတွင် မြစ်ကြီးနားမြို့သိမ်းပွဲပြီးနောက် တစ်လခန့်အကြာတွင် အမေရိကန်ပြည်သို့ ကျန်းမာရေးကိုအကြောင်းပြကာ ပြန်လည်ခေါ်ယူခြင်းခံလိုက်ရပြီးနောက် လေယာဉ်ပျံကွင်းတွင်ပင် စစ်ပုလိပ်တစ်ဦးကို အစောင့်ချကာ အကျယ်ချုပ်ခံလိုက်ရခြင်းမှာ...။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်အဖို့ အရှင်လတ်လတ် ကျဆုံးရခြင်းပင် ဖြစ်ပါတော့သတည်း။

တက္ကသိုလ်နန္ဒမိတ်